# ဗုဒ္ဓါနုဿတိဘာဝနာ

၁၉၅၁၃

မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ

၏

အမှတ်(၃၄)ကျမ်းစာ

# ပုဒ္ဓါနုဿတိဘာဝနာ

သဗ္ဗညုတဉာဏ်တော်နှင့်ဗုဒ္ဓလမ်းစဉ်ကို ကြည်ညိုမှန်းဆနိုင်ရန်
ဟမ္ဗဇာလသုတ်တော်နှင့် သာမညဖလသုတ်တော် မြန်မာပြန်များကိုပါ
ပူးတွဲရိုက်နှိပ်ထားသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန
သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ ဩဂုတ်လ - ၁၉၇၉

ရတနာ့ဂုဏ်ရည်

ကိုယ်ကျင့်အဘိဓမ္မာ

# ဗုဒ္ဓဘာသာသင်ခန်းစာ

အနာဂတ်သာသနာ


တဘဝသံသရာ

ဗုဒ္ဓသာသနာကို စနစ်တကျ သိလိုသူ, ကျင့်လိုသူများ
ဤ ၅-အုပ်ကို ဖတ်ရှုလေ့လာကျင့်သုံးပါ။

စတုတ္ထအကြိမ်

အုပ်ရေ - ၁၀၀၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနအတွက်
တော်ဝင်ပုံနှိပ်တိုက် ဒေါ်မြထွေး (၀၂၂၇၄)က ပုံနှိပ်၍
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်(၀၂၅၂၇)က ထုတ်ဝေသည်



# အရှင်ဇနကာဘိဝံသ၏

## တဘဝသံသရာ ဖြစ်စဉ် အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ ဆရာတော်လောင်း သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ် သရိုင်ရွာ ဦးဇောတိ-ဒေါ်အုန်းလှိုင် တို့မှ ၁၂၆၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄-ရက်၊ (၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီလ ၂၇-ရက်) အင်္ဂါနေ့ တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌ ပဌမအကြိမ် ရှင်သာမဏေပြုတော်မူသည်။

၃။ ၁၂၇၅-ခုနှစ်၌ ဒုတိယအကြိမ် ရှင်သာမဏေပြုတော်မူသည်။

၄။ ၁၂၇၉-ခုနှစ်၊ သက်တော် ၁၈-နှစ် အရွယ်တွင် ပဌမကြီးတန်း စာမေးပွဲကို အောင်မြင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ်၊ တပေါင်းလပြည့်နေ့၌ ပဌမအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၆။ ၁၂၈၁-ခုနှစ်၊ နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁-ခုနှစ်၊ တပေါင်းလပြည့်နေ့၌ တတိယအကြိမ် ရဟန်းအဖြစ် ခံယူတော်မူသည်။

၇။ ၁၂၈၇-ခုနှစ်၌ "ပဌမကျော်" အောင်မြင်တော်မူသည်။

၈။ ၁၂၈၉-ခုနှစ်၌ "သက္ကျသီဟ စာမေးပွဲ"ခေါ် "ပရိယတ္တိ သာသန ဟိတ ဓမ္မာစရိယ"ဘွဲ့ ရရှိ အောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခု၊ ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန်စစ်တပ်များ မြန်မာပြည်သို့ ဝင်ရောက် သိမ်းပိုက်မည့် နှစ်တွင် ယခုလက်ရှိ အမရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက် နေရာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ ပြောင်းရွှေ့လာခဲ့စဉ်က သံဃာတော် ငါးပါးမျှသာ ရှိ၍ ပြန်လွန်တော်မူချိန်တွင် သံဃာတော်ငါးရာကျော်မျှ သီတင်းသုံးလျက်ရှိသည်။

၁၀။ (လွတ်လပ်ရေးရရှိပြီးနောက်)၁၃၁၂-ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ (ရှေးဦးစွာ) "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော် စာသင်ကျောင်းများ၌ သင်ကြားရန် မူလတန်း ဗုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာများကို ရေးသား ခဲ့သည်။

၁၂။ ၁၃၁၅-ခုနှစ်၌(က) ဆဋ္ဌသံဂီတိ ဩဝါဒါစရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက၊
(ဃ) ဆဋ္ဌသံဂီတိ ဩသာနသော ဓေယျပတ္တပါဠက
အဖြစ် တင်မြှောက်တော်မူခြင်းကို ခံယူရသည်။

၁၃။ ၁၃၃၃-ခုနှစ်၌၊ ပဲခူးမြို့၌ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် အစည်း အဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ(ဒုတိယသာသနာပိုင်) အဖြစ် တင်မြှောက်ခြင်းကို ခံယူတော်မူရသည်။

၁၄။ ၁၂၉၁-ခု၊သက်တော်(၃၀)မှစ၍ ကျမ်းစာများကိုစတင်ပြုစုတော် မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပဌမဦးဆုံးကျမ်းစာကို ရေးသားပြီးစီး တော်မူ၍ ၁၃၃၈-ခု၊ တန်ဆောင်မုန်းလတွင် “နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ”ကျမ်းစာကို ရေးသားပြီးလျှင် ‘တဘာဝသံသရာ’အမည်ဖြင့် ထေရုပ္ပတ္တိကို ကိုယ်တိုင်ရေးတော်မူခဲ့သည်။

၁၅။ ၁၃၃၉-ခုနှစ်၊ သက်တော် (၇၈)နှစ်အရောက် နတ်တော်လပြည့် ကျော် ၂-ရက်၊ (၁၉၇၇-ခု၊ ဒီဇင်ဘာလ ၂၇-ရက်) အင်္ဂါနေ့ ညနေ(၄)နာရီ၊ မိနစ်(၃၀)တွင် တဘာဝအတွက် ငြိမ်းတော်မူပါ သည်။

# ကျမ်းဦးအမှာ

## ကျမ်းစာကို မဖတ်ရှုမီ သိသာရန်

ဗုဒ္ဓါနုဿတိဘာဝနာနှင့် ဗြဟ္မဇာလသုတ် မြန်မာပြန်၊ သာမညဖလသုတ် မြန်မာပြန် ကျမ်းစာ ၃-ခုကို ပူးပေါင်းရိုက်နှိပ်ရခြင်းမှာ စာကြည့်သူများ၏ အကျိုးပြည့်စုံအောင် ရရှိစေရန်အတွက် ဖြစ်ပါသည်။

ဆဋ္ဌသင်္ဂါယနာမတင်မီ သင်္ဂါယနာတင်ပွဲကို မည်ကဲ့သို့ လုပ်သင့်ကြောင်း ဆရာတော်အရှင်ဇနကာဘိဝံသကိုယ်တော်တိုင် ရေးသား၍ ထိုအချိန်က တာဝန်ရှိသူများသို့ တင်ပြခဲ့ပါသည်။ ထိုတင်ပြသည့်အထဲတွင် ပိဋကတ်တော်များကို မြန်မာပြန်ရာ၌ (၁) ပါဠိမှမြန်မာတောက်လျှောက်ပြန်ဆိုနည်း၊ ဥပမာ - (ကတိုးကော့နှပ် သူဌေး ဦးရွှေလေး၏ ကြိုးပမ်းမှုဖြင့် လယ်တီ - ဦးမြို့တို့ပြန်ဆိုပုံ) (၂) ပါဠိတော်များကို အဓိပ္ပါယ်အပြည့်အစုံ ပါဝင်၍ ဖတ်ရှုနားလည်အောင် မြန်မာအဓိပ္ပါယ်သို့ ပြန်ဆိုခြင်းဟု ၂-မျိုး တင်ပြပါသည်။

၂-မျိုး တင်ပြရာတွင် ဒုတိယ အဓိပ္ပါယ်ပြန်နည်းကို နှစ်သက်၍ ဆောင်ရွက်လျှင် အချိန်ကြာပါမည်။ သင်္ဂါယနာတင်ပွဲကို မမှီပါ။ ပဌမနည်းကိုပြန်ဆိုရန် သဘောတူကြလျှင်လည်း ဦးရွှေလေးနှင့် ဦးမြို့တို့ ပြန်ဆိုထားခဲ့သောမူများကို လက်ခံ၍ ချောလိုက်လျှင် ငွေကုန်သက်သာ၍ အချိန်လည်း စောစောပြီးနိုင်ကြောင်း တင်ပြခဲ့ပါသည်။

ထိုသင်္ဂါယနာပွဲ မစဉ်းစားမီကပင် သန့်ရှင်းသော ပိဋကတ်တော်မူများ ဖြစ်မြောက်၍ မြန်မာအဓိပ္ပါယ်ပြန်များ ဖြစ်မြောက်အောင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်-အမ်-ဘီ-အေ) မှနေ၍ ကျွန်တော်ကိုယ်တိုင် ဆောင်ရွက်ခဲ့ပါသည်။

ထိုအချိန်က မြန်မာတပြည်လုံးသို့ အကူအညီ တောင်းရုံသာမက ကျွန်တော်ကိုယ်တိုင် မိမိစရိတ်ဖြင့် ပိဋကတ်တတ် ပညာရှင်တဦးအား

စရိတ်ထုတ်ပေး၍ ကြိုးစားခဲ့ရာ၊ ဒီဃနိကာယနှင့် မဇ္ဈိမနိကာယ ၂-ခု ဘာသာပြန်ပြီးခဲ့ပါသည်။ နယ်အရပ်ရပ်မှ ပညာရှင် အများကလည်း ကူညီကြပါသည်။

တောင်မြို့ ဆရာတော်ဘုရား ကိုယ်တိုင်ကမူ ကျွန်တော်ကိုယ်တိုင် တောင်းပန်မှုကို ကူညီချီးမြှင့်သောအနေဖြင့် ဗြဟ္မဇာလသုတ်၊သာမညဖလသုတ်၊ အမ္ဗဋ္ဌသုတ် ၃-သုတ်ကို မြန်မာပြန်ပေးမည်ဟု အမိန့်ရှိခဲ့ပါသည်။

သို့သော် အကြောင်းမညီညွတ်သဖြင့် ဗြဟ္မဇာလသုတ်နှင့် သာမညဖလသုတ် မြန်မာပြန်များကိုသာ ပြီးစီးရရှိခဲ့ပါသည်။

ဗြဟ္မဇာလသုတ်ကို ၁၃၁၃-ခုနှစ်က တကြိမ်သာ ရိုက်ခဲ့ရ၍ သာမညဖလသုတ်ကို ၁၃၁၅-ခု နှစ်က ဝိုင်အမ်ဘီအေမှ တကြိမ်၊ ၁၃၂၄-ခုနှစ်က အမရပူရ၊ နယူးဘားမား ပိဋကတ်ပုံနှိပ်တိုက်မှ တကြိမ် ၂-ကြိမ် ရိုက်နှိပ်ခဲ့ပါသည်။

ထို သုတ်တော်မြတ်တို့မှာ ပိဋကတ်၃-ပုံတွင် ပဌမဦးဆုံး, ဒီဃနိကာယ်တွင် သုတ်သီလက္ခန် ပါဠိတော်၌ အဦးဆုံး ပဌမ၊ ဒုတိယ သုတ်တော်မြတ်တို့ ဖြစ်ပါသည်။ ၎င်းသုတ်တော်မြတ်တို့မှာ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်နှင့် ဘုရား တရား သံဃာ ရတနာ ၃-ပါး၌ ကြည်ညိုရန် အလွန်အားရှိသော သုတ်တော်များ ဖြစ်ပါသည်။

**ဗုဒ္ဓါနုဿတိဘာဝနာနှင့် တွဲရခြင်း**

ဗုဒ္ဓါနုဿတိဘာဝနာနှင့် ပူးတွဲရိုက်နှိပ်သဖြင့် စာအုပ်ဈေး အနည်းငယ်မြှင့်တင်ရောင်းရပါမည်။ သို့သော် ထိုသုတ်တော်များကို ဘာကြောင့် ဗုဒ္ဓါနုဿတိဘာဝနာနှင့် ပူးတွဲရိုက်နှိပ်သည်ကို ဆရာတော်၏ အောက်ပါ သီလက္ခန် ဘာသာဋီကာ နိဒါန်းကိုသာ ဆက်ရှု၍ မိမိကိုယ်တိုင် ဆုံးဖြတ်တော်မူကြစေလိုပါသည်။

## ဘာသာဋီကာနိဒါန်း

**စ၍လေ့လာချိန်။** ။မိမိသည် ဤ သီလက္ခန် အဋ္ဌကထာကို (အသက်) ၁၅-နှစ်ပြည့်ကာစဖြစ်သော ကျောင်းသားအရွယ် ငယ်စဉ်ကပင် မြောင်းမြဆရာတော်လောင်း သကျသီဟဇမ္ဗူစရိယအထံ၌ ကိုယ်တိုင် ဆိုဝါဖြင့် သင်ယူခဲ့ရပါသည်။ ထို့နောက် ပခုက္ကူ မဟာဝိသုတာ

ရာမတိုက်သို့ ရောက်စဉ်အခါ၌လည်း ယပ်၍ လေ့လာရုံမက သကျသီဟ ပရိယတ္တိစာမေးပွဲ မဝင်ခင်ရင်း၊ ဝင်ပြီးမှရင်း ကိုယ်တိုင်ပင် ပို့ချခဲ့ပါသည်။

**အခက်ဆုံး။** ။ထိုမျှလောက် အထပ်ထပ် လေ့လာပြီးဖြစ်ပါသော်လည်း ဤအဋ္ဌကထာ၏ ဘာသာဋီကာကို ပို့ချရင်း ရေးသားပြန်သောအခါ လွယ်မည့်အယောင်ဖြင့် ခက်ခဲသော အချက်များစွာကို တွေ့ရပါသည်။ အဋ္ဌသာလိနီအဋ္ဌကထာသည် အဘိဓမ္မာညဝါနှင့် သဘာဝဓမ္မ အခြေရပြီးသူတို့အတွက် ဤမျှလောက် မခက်လှပါ။ မူလဋီကာအတွက်သာ ခက်ခဲပါသည်။ ဤအဋ္ဌကထာကား သဗ္ဗညုတဉာဏ်တော်၏ အာရုံဖြစ်နိုင်သော တိတ္ထိတို့ဆိုင်ရာ ဘာသာဝါဒကြောင့် ရှေ့ပိုင်းသုတ်များ၌ တမျိုးပြီးတမျိုး ရှုပ်ထွေးလာသဖြင့် ခက်ပြီးရင်းခက်ရင်းဖြစ်ရကား အခက်ဆုံးအဋ္ဌကထာဟု ဆိုထိုက်ပါသည်။

## အထက်ဆုံးဉာဏ်၏ကျက်စားရာ

**ခက်မှဉာဏ်ထက်။** ။အခက်ဆုံးအာရုံသည် အထက်ဆုံးဉာဏ်၏ ကျက်စားရာဖြစ်သောကြောင့် ဤအဋ္ဌကထာအဖွင့်ကိုရေးသားရာ၌ သတိသမာဓိ စူးစိုက်စွာ အခြေအရံပါသော ထက်မြက်သောဉာဏ်ကို မဖြစ်ဖြစ်အောင် ထူထောင်ရပါသည်။ ထို့ကြောင့် ဤကျမ်းစာကို ပို့ချရေးသားချိန်ဝယ် မိမိဉာဏ်လည်း တိုးတက်၍လာသကဲ့သို့ ထင်ရပါသည်။

**တောင့်တခြင်း။** ။မိမိမှာဉာဏ်ထက်လာလေ ဘုရားအာရုံထုံမိလေဖြစ်သောကြောင့် ဤကျမ်းစာကို လေ့လာသော ပုဂ္ဂိုလ်များလည်း အလားတူ သတိသမာဓိပညာ သဒ္ဓါထက်စေလိုသောကြောင့် ဘုရားရှင်ကို နေ့စဉ်နေ့စဉ် တွေ့မြင်ဘို့ရာ ဘုရားရှေ့နှုတ်တော်ထွက် ပါဠိတော်နိဿယကိုပါ နောက်ဆက်တွဲ စီစဉ်ထားပါသည်။ ဗုဒ္ဓါနုဿတိဘာဝနာ အရသာပေါ်သည့်တိုင်အောင် လေ့လာနိုင်ကြပစေသတည်း။

အရှင်ဇနကာဘိဝံသ

သာသနာ ၂၅၁၃

အထက်ပါ ဆရာတော်၏ နိဒါန်းတွင်ပါရှိသော ဆုံးမ ဩဝါဒကို လေးစားနာယူလျက် ဗြဟ္မဇလသုတ် သာမညဖလသုတ်တော်များကိုလည်း လေးလေးစားစား ဘတ်ရှုလေ့လာ၍ ဗုဒ္ဓါနုဿတိဘာဝနာ အရသာပေါ်အောင် ကြိုးစားတော်မူကြရန် ပန်ကြားအပ်ပါသည်ခင်ဗျား။

၁၄-၁-၇၉

လူ့ဘဝ-ရဟန်းဘဝ

ရခဲသော ဒုလ္လဘဆိုတာ ဟုတ်သလား....

# ဆရာတော်အရှင်ဇနကာဘိဝံသ

# ၏

ဒုလ္လဘကထာနှင့် ရတနာ့ဂုဏ်ရည်, ကိုယ်ကျင့်အဘိဓမ္မာ, အနာဂတ် သာသနာ, ရှင်ကျင့်ဝတ်, ဘုရားဥပဒေတော်ကြီး, လူချမ်းသာ,အနာဂတ် သာသနာအတွက် ဗုဒ္ဓဘာသာ သင်ခန်းစာ, ဗုဒ္ဓါနုဿတိ ဘာဝနာ, ဗြဟ္မဇာလသုတ်, သာမညဖလသုတ်, နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ, တဘာဝ သံသရာ အစရှိသော ကျမ်းစာများကို ဖတ်ပါ၊ လေ့လာပါ၊ ကျင့်သုံးပါ၊ မိမိ၏ကိုယ်စိတ်ချမ်းသာမှုနှင့် ဘုရား တရား သံဃာနှင့် သာသနာတော်၏ အနှစ်သာရ အလီမှာ ဉာဏ်ပညာများ အဆင့်ဆင့်မြင့်လာရန် တာဝန် ယူပါလိမ့်မည်။

# ဗုဒ္ဓါနုဿတိဘာဝနာ
# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **အချီနိဒါန်း** | | ဂ |
| **ဗုဒ္ဓဘွဲ့တော်ရထိုက်သောပုဂ္ဂိုလ်** | .... | ၁ |
| မမှန်သောဘွဲ့နာမည် | .... | ၁ |
| မှန်သောဘွဲ့နာမည် | .... | ၁ |
| သီလကို အခြေခံပါ | .... | ၁ |
| သီလသည် သာမညအကျိုးမဟုတ် | .... | ၂ |
| အရသာပေါ်အောင်ကြည့် | .... | ၂ |
| **ကျက်မှတ်ရန် လင်္ကာနှင့်အဓိပ္ပါယ်** | .... | ၃ |
| လက္ခဏာတော်ကြီးငယ် | .... | ၃ |
| အရပ်အမောင်း | .... | ၃ |
| မျက်နှာတော် | .... | ၃ |
| နဖူးတော်, ဥဏ္ဏာလုံ(မွေးရှင်တော်) နှုတ်ခမ်းတော်စသည် | .... | ၄ |
| အမျက်မထွက် အဝတ်ကောင်းလှူ | .... | ၅ |
| ပိယစက္ခုဖြင့် ကြည့်ရှုခဲ့ | .... | ၆ |
| သယမ္ဘူ | .... | ၇ |
| ဉာဏ်ရင်းမဟာကရုဏာ | .... | ၈ |
| **သဗ္ဗညုတဉာဏ်တော်၏အစွမ်း၃-ပါး** | .... | ၉ |
| ၁။ သိရန်မှန်က မကျန်ရ | .... | ၉ |
| သိဘွယ်တရား | .... | ၉ |
| ဉေယျဓမ်တရားငါးပါး | .... | ၁၀ |
| ၂။ သိသည့်တရား များအပြား၌ | .... | ၁၂ |
| ၃။ ကျွတ်ထိုက်ကြပေ များဝေနေ၏ | .... | ၁၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နှိုက်ချွတ်စုံလင် အကုန်မြင် | .... | ၁၄ |
| ၄ ။ဉာဏ်တော်စွမ်းပကား ဤသုံးပါး | .... | ၁၄ |
| အများဝေနေ ကျွတ်လွတ်စေဘို့ မနေမနား | .... | ၁၄ |
| ပရိနိဗ္ဗာန် စံသည့်တိုင်အောင် | .... | ၁၄ |
| **ဘုန်းခေါ်င်ငါတို့ဘုရားတည်း** | .... | ၁၅ |
| **ဇိနဘွဲ့တော်ရထိုက်သောပုဂ္ဂိုလ်** | .... | ၁၆ |
| မာရ်ငါးပါးကို အောင်တော်မူ | .... | ၁၆ |
| ဒေဝပုတ္တမာရ် | .... | ၁၇ |
| အောင်တော်မူခြင်း | .... | ၁၇ |
| ကိလေသမာရ် | .... | ၁၇ |
| အဘိသင်္ခါရမာရ် | .... | ၁၇ |
| ခန္ဓမာရ်, မစ္စုမာရ် | .... | ၁၈ |
| **ဘဂဝါဘွဲ့တော်ရထိုက်သောပုဂ္ဂိုလ်** | .... | ၁၉ |
| ဘုန်းတော်၆-ပါး | .... | ၁၉ |
| ဣဿရိယ, ဓမ္မယသ, ဘုန်းတော် | .... | ၂၀ |
| သိရိ,ကာမ, ပယတ္တဘုန်းတော် | .... | ၂၁ |
| ဘွဲ့တော်ဘဂဝါ | .... | ၂၂ |
| **ငါတို့ဘဂဝါ** | .... | ၂၂ |
| **ဘဂဝါဘုရားရှိခိုး** | .... | ၂၃ |
| **အာဝေဏိကဂုဏ်တော် ၁၈-ပါး** | .... | ၂၄ |
| **ဉာဏ်တော်၁၀-ပါး** | .... | ၂၆ |
| ကာယဗလ | .... | ၂၆ |
| ဝိသာခါနှင့် မလ္လိကာ၏အား | .... | ၂၆ |
| ဉာဏဗလ | .... | ၂၆ |
| ၁။ ဌာန,ဌာနကောသလ္လဉာဏ်တော် | .... | ၂၆ |

အကြောင်းအရာ စာမျက်နှာ


၂။ ကမ္မဝိပါက ကောသလ္လဉာဏ်တော် .... ၃၀
၃။ သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်တော် .... ၃၁
၄။ အနေကဓာတု နာနာဓာတုဉာဏ်တော် .... ၃၂
၅။ နာနာဓိမုတ္တိကတာ ဉာဏ်တော် .... ၃၂
၆။ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော် .... ၃၃
၇။ ဈာနသံကိလေသာဒိ ဉာဏ်တော် .... ၃၄
၈။ ပုဗ္ဗေနိဝါသဉာဏ်တော် .... ၃၅
၉။ ဒိဗ္ဗစက္ခုဉာဏ်တော် .... ။
၁၀။ အာသဝက္ခယဉာဏ်တော် .... ၃၆

**ကာဠီသူဌေးသို့ဝတ္ထု** .... ၃၈
နတ်စစ်သူကြီးများ၏ရှေးအဖြစ် .... ။
အဓမ္မဝါဒီ .... ။
ဆရာတော်ကြီး ၂-ပါး ယက္ခဖြစ်ပုံနှင့် တွေ့ဆုံကြခြင်း .... ၃၉
ဘုရားဖူးခေါ်ခြင်း .... ၄၀
ဘုရားစစ်မစစ် မေးစိစစ်ကြပုံ .... ၄၀
ကာဠီသောတာပန်တည်ခြင်း .... ၄၃
မှတ်ချက် .... ၄၄
သောတာပန် ပယ်နိုင်သော အကုသိုလ်များ .... ။
ဣဿာမစ္ဆရိယမာယာသာဌေယျ .... ။
သောတာပန်ဖြစ်ခြင်း၏အကြောင်း .... ။
ကာဠီ၌ ထိုဂုဏ်များရှိပုံ .... ၄၅
သောတာပန်၏လက္ခဏာ .... ။
ကာဠီ၏ သောတာပန် လက္ခဏာ .... ၄၆
သက်ဝင်ယုံကြည်ပုံ .... ။
သုရမ္ဗဋ္ဌက၏ ယုံကြည်ပုံ .... ။
မာရ်နတ်လာ၍စမ်းပုံ .... ၄၇
အရိယာနှစ်သက်သော ငါးပါးသီလ .... ၄၇

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သောတာပန်နှင့်တူသူများ | .... | ၄၈ |
| ဗုဒ္ဓအလိုတော် | .... | ၄၉ |
| စိတ်သာရှင်စေ ဘုရားဟော | .... | ။ |
| မဟာနာမ်လျှောက်ပုံ | .... | ။ |
| ဘုရားရှင်ဖြေတော်မူပုံ | .... | ၅၀ |
| ဘုရားလက်ထက်တော် | .... | ။ |
| စတုတ္ထအကြောင်း | .... | ။ |
| ပဌမတရားပွဲ တဆယ့်ရှစ်ကုဋေ | .... | ၅၁ |
| ၇-နှစ်အရွယ် အရိယာများ | .... | ။ |
| **ဖုဿဒေဝထေရ်ဝတ္ထု** | .... | ၅၂ |
| ရဟန်းတော်စဉ်းစားခြင်း | .... | ။ |
| ရဟန္တာဖြစ်ခြင်း | .... | ။ |
| **ဗုဒ္ဓအသံတော်အင်္ဂါ ၈-ပါး** | .... | ၅၃ |
| အသန္ဓိမိတ္တာဝတ္ထု | .... | ၅၄ |
| သောတာပန်တည် | .... | ။ |
| အနာထပိဏ်သူဌေး | .... | ၅၅ |
| ဗုဒ္ဓဟူသောစကားသံနှင့် ဓာတ်ခိုက်ပုံ | .... | ။ |
| ပီတိကြောင့် ကိုယ်ရောင်ထွက်ခြင်း | .... | ၅၆ |
| ဗုဒ္ဓအထံတော်သွားခြင်း နတ်ကအားပေးပုံနှင့် ဗုဒ္ဓအထံတော် ရောက်ခြင်း | .... | ။ |
| သောတာပန်ကျောင်းဒကာဖြစ်ခြင်း | .... | ၅၇ |
| တိုက်တွန်းချက် | .... | ၅၇ |
| တရုပ်အမျိုးသမီးတယောက် | .... | ၅၈ |
| **မဟာကပ္ပိနမင်း, မိဖုရား** | .... | ၅၉ |
| တရွာလုံးကိုးကွယ်ကြခြင်း | .... | ။ |
| ကုသိုလ်တိုးပုံ | .... | ။ |

| အကြောင်းအရာ | | စာမျက်နှာ |
| --- | --- | --- |
| သူကြွယ်ကတော်ကြီး၏ စိတ်ကူး | .... | ၆၀ |
| ဤဘုရားလက်ဆက်တော် | .... | ။ |
| ဗုဒ္ဓအကြောင်းကို နားထောင်စုံစမ်းခြင်း | .... | ၆၁ |
| ဗုဒ္ဓအကြောင်းကိုကြားရခြင်း | .... | ။ |
| ဆုလာဘ်ပေး၍ နောက်ထပ်မေးပုံ | .... | ။ |
| တတိယအကြိမ် | .... | ၆၁ |
| ဗုဒ္ဓအထံတော်သွား၍ ရဟန်းပြုကြပုံ | .... | ၆၂ |
| မြစ်များကို ဖြတ်ကျော်ရပုံ | .... | ။ |
| ဗုဒ္ဓကို ဖူးရခြင်း | .... | ။ |
| ရဟန်းပြုကြခြင်း | .... | ၆၃ |
| အနောဇာဒေဝီ | .... | ။ |
| နှစ်ဆတိုး၍ ဆုလာဘ်ပေးပုံ | .... | ။ |
| အနောဇာနှင့် အမတ်ကတော်များ | .... | ၆၄ |
| ဗုဒ္ဓမြတ်စွာကို ဖူးတွေ့ရခြင်း | .... | ။ |
| တရားထူးရကြ၍ ဘိက္ခုနီပြုကြခြင်း | .... | ။ |
| မှတ်ချက် | .... | ၆၅ |
| **မနုဋ္ဌာနီဝတ္ထု** | .... | ၆၆ |
| အယူမတူသော်လည်း အတူနေနိုင် | .... | ။ |
| နမောတဿဟု မဆိုဘဲ့ရန်တားခြင်း | .... | ။ |
| မနုဋ္ဌာနီက မလိုက်လျော | .... | ။ |
| ပုဏ္ဏားလက်လျှော့ရ | .... | ၆၇ |
| ပုဏ္ဏားတွေ့ပြန်ပြေးကြပုံ | .... | ။ |
| ဘုရားကို နှိပ်ဘို့ ပုဏ္ဏားသွားခြင်း | .... | ၆၈ |
| ဗုဒ္ဓဖြေတော်မူခြင်း | .... | ။ |
| ဝတ္ထုမှတ်ချက် | .... | ၆၉ |
| **မဟာဂန္ဓာရုံဆရာတော်** | .... | ။ |
| လူအတွေ့မခံခြင်း | .... | ။ |

အကြောင်းအရာ စာမျက်နှာ


သံဃာတော်ကြီးများ တရားအားထုတ်ကြ .... ၇၀
ပြင်သစ် ဥပါသိကာမ .... ။
တရားထူးရပုံကို မှန်းဆခြင်း .... ၇၁
ပြန်လွှန်တော်မူချိန် .... ။
**ဗုဒ္ဓါနုဿတိ ဘာဝနာ၏အကျိုး** .... ၇၂
**အခွင့်ကောင်း အခါကောင်း** .... ၇၃
ဗုဒ္ဓလက်ထက်တော် .... ၇၃
ယခုလည်း ကောင်းသေး၏ .... ၇၄
နောက်၌ မှောင်ကြီးကျတော့မည် .... ။
ဗုဒ္ဓုပ္ပါဒဒုလ္လဘာ .... ။
တိုက်တွန်းချက် .... ။
**ကမ္မဋ္ဌာန်းအားထုတ်ပါ** .... ၇၅
ကမ္မဋ္ဌာန်း .... ။
ကမ္မဋ္ဌာန်း ၂-မျိုး .... ။
ကမ္မဋ္ဌာန်း အားထုတ်ပုံအစဉ် .... ၇၆
**ဆိတ်** .... ။
**တင်** .... ၇၆
ယခုခေတ် .... ။
သက်သာသလိုထိုင် .... ၇၇
မေတ္တာသုတ်တော် .... ။
**ဖြောင့်** .... ။
**ငါး** .... ၇၈
**ရှေ့မြဲ** .... ။
**ပွါးကြိုးစား** .... ။
**ဗုဒ္ဓါနုဿတိကြိုးစားနည်း** .... ၇၈
**ရတနာ၏မှန်မြတ်ပုံ** .... ၈၀
၁။ အလေးပြုအပ် .... ။

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၂။ ဘိုးမပြတ်တည်း | .... | ၁၀ |
| ၃။ နိုင်းလတ်ပြိုင်ဘွယ် မရှိကွယ်သား | .... | ၁၁ |
| ၄။ မလွယ်တွေ့ဘို | .... | ॥ |
| ၅။ ရှေးကံမို့သည့် တချို့လူသာ | .... | ॥ |
| **အတူမဲ့ဗုဒ္ဓရတနာ** | .... | ၁၂ |
| အဓိပ္ပါယ်ရှင်းလင်းချက် | .... | ၁၃ |
| အကြောင်းကိုကြည့်ပါ | .... | ၁၃ |
| အကျိုးကိုကြည့်ပါ | .... | ၁၃ |
| ဗုဒ္ဓရတနာ၏အကျိုး | .... | ၁၃ |
| ယနေ့တိုင်ဓအောင် | .... | ၁၄ |
| မင်္ဂကုဏ္ဍလီဝတ္ထု | .... | ၁၄ |
| **အတူမဲ့ဓမ္မရတနာ** | .... | ၁၅ |
| အဓိပ္ပါယ်ရှင်းလင်းချက် | .... | ၁၆ |
| ဒိဋ္ဌဓမ္မိကနိဗ္ဗာန် | .... | ၁၉ |
| သမ္ပရာယိကနိဗ္ဗာန် | .... | ၁၉ |
| သုခ ၂-မျိုး | .... | ၁၉ |
| ဝေဒယိတသုခ | .... | ၁၉ |
| သန္တိသုခ | .... | ၉၀ |
| နိရောဓသမာပတ်ကို ဝင်စားခြင်း | .... | ၉၀ |
| ထင်ရှားရှိသောနိဗ္ဗာန် | .... | ၉၀ |
| အိပ်ပျော်ခြင်းဥပမာ | .... | ၉၁ |
| မိထွေးတော်ဂေါတမီ၏ ဥဒါန်း | .... | ၉၁ |
| သုခကိုပင် ဒုက္ခထင်ကြ | .... | ၉၂ |
| အဝိဇ္ဇာနှင့် တဏှာ | .... | ၉၂ |
| အရိယာနှင့် ပုထုဇဉ် အမြင်မတူ | .... | ၉၂ |
| တရားဖြင့် ဘုရားကိုသိနိုင် | .... | ၉၃ |

အကြောင်းအရာ ... စာမျက်နှာ

**အတူမဲ့သံဃရတနာ** .... ၉၄

အဓိပ္ပါယ်ရှင်းလင်းချက် .... ၉၅
ရတနာသုံးပါး .... ၉၇
သရဏဂုံ-ပါး .... ၉၇

**ခေမာထေရီဝတ္ထု** .... ၉၈

ဆုပန်ရာကာလ .... ၉၈
ဝိပဿီဘုရားလက်ထက် .... ၉၈
ကောဏာဂုမ်ဘုရားကျောင်းအမ .... ၉၈
ကဿပဘုရားလက်ထက် .... ၉၈
ဤဘုရားလက်ထက်တော် .... ၉၉
ကျောင်းတော်သွားခြင်း .... ၁၀၀
ဗုဒ္ဓမြတ်စွာကို ဖူးရခြင်း .... ၁၀၁
အိုနာသေ၍ ပြတော်မူ .... ၁၀၁
သောတာပန်တည် .... ၁၀၂
ခေမာမိဖုရား ကန်တော့ပုံ .... ၁၀၂
ဝတ္ထုမှတ်ချက် .... ၁၀၃

**သုမေဓာထေရီဝတ္ထု** .... ၁၀၄

ကျောင်းအမဖြစ်ခဲ့ .... ၁၀၄
ဤဘုရားလက်ထက်သော် .... ၁၀၄
မိဖုရားဖြစ်ဘို့စီစဉ် .... ၁၀၄
ဘုရင်ကလေးလာပြီ .... ၁၀၅
တရားပြန်၍ဟောခြင်း .... ၁၀၅
တံခါးဖွင့်၍တရားဟော .... ၁၀၅
ဘိက္ခုနီ ပြုခွင့်ရပြီ .... ၁၀၅

အကြောင်းအရာ စာမျက်နှာ


သုမေဓာထေရီ ဥဒါန်းကျူးပုံ .... ၁၀၆
အပြောအဟောကောင်းပုံ .... ၁၀၇
အမြင်ချင်းမတူကြ .... ၁၀၈
ကျီးကန်းသားတစ် .... ၁၀၉
တောင်ပေါ်ရောက်နှင့် တောင်အောက်နေ .... ၁၀၉
တွဲ၍ခေါ် .... ၁၀၉
တွဲခေါ်နေပြီ .... ၁၁၀

ဆုတောင်းခန်း .... ၁၁၁

အပြစ်မဆိုထိုက်သောလောဘ .... ၁၁၅
အပြစ်ဆိုထိုက်သောလောဘ .... ၁၁၅
ဒေါသဖြစ်ပုံ .... ၁၁၆
ငွေကုန်လူပန်း .... ၁၁၆
သာ၍ကြောက်ဘွယ် .... ၁၁၇
ကြောင်းကျိုးမသိသောတရား .... ၁၁၇
လောဘခေတ်လိုက်ပုံ .... ၁၁၇
ဒေါသခေတ်လိုက်ပုံ .... ၁၁၇
တရားဆေးကိုမှီဝဲပါ .... ၁၁၈
ဆုတောင်းရုံဖြင့်မပြီး .... ၁၁၈

ကျွမ်းပြီးနိဂုံး .... ၁၁၉

ခပ်ရှယ်ရှယ်က ကြားခဲ့ရ .... ၁၁၉
မခံချင်ခဲ့ပါ .... ၁၁၉
စဉ်းစားထိုက်သည် .... ၁၁၉
တရားရသော ဝတ္ထုကိုပြခြင်း .... ၁၂၀

နောက်ထပ်ဖြည့်စွက်ချက် .... ၁၂၃

သရိုင်ရွာရဟန္တာသိမ်တော် .... ၁၂၃

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သိမ်တော်၏ လေးစားထိုက်ပုံ | .... | ၁၂၃ |
| ရဟန္တာသိမ်တော်ဖြစ်နိုင်ခြင်း | .... | ၁၂၃ |
| စေတီတော်ကြီး | .... | ၁၂၄ |
| ရည်မှန်းချက် | .... | ၁၂၅ |
| **အဇာတသတ် မဟာရာဇာ** | .... | ၁၂၇ |
| ဘုရားကြည်ညိုပုံ | .... | ၁၂၇ |
| ငြိမ်သက်စွာဖူးမြင်ရခြင်း | .... | ၁၂၈ |
| ဗုဒ္ဓမြတ်စွာမိန့်တော်မူခြင်း | .... | ၁၂၈ |
| ပြဿနာမေးလျှောက်ခြင်း | .... | ၁၂၉ |
| သရဏဂုံတည်ခြင်း | .... | ၁၂၉ |
| အပြစ်ကိုဝန်ချခြင်း | .... | ၁၃၀ |
| မဟာရာဇာပြန်ခြင်း | .... | ၁၃၀ |
| ဗုဒ္ဓမြတ်စွာမိန့်တော်မူခြင်း | .... | ၁၃၁ |
| အကျိုးများစွာရပုံ | .... | ၁၃၁ |
| ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံကြောင်း ကြားရပုံ | .... | ၁၃၂ |
| သံတော်ဦးတင်ကြပုံ | .... | ၁၃၂ |
| ဒုတိယ, တတိယကျင်းသို့ ရွှေ့ရပုံ | .... | ၁၃၂ |
| သရက်ဥယျာဉ်သွားခြင်း | .... | ၁၃၃ |
| ဓာတ်တော်ရဘို့ကြိုးစားခြင်း | .... | ၁၃၃ |
| ဒေါဏပါမောက္ခကြီးက သတိပေးရခြင်း | .... | ၁၃၄ |
| ဓာတ်တော်ဝေပုံ | .... | ၁၃၅ |
| မှတ်ချက် | .... | ၁၃၅ |
| လက်ျာစွယ်တော် | .... | ၁၃၆ |
| ဓာတ်တော်၏အရွယ်အဆင်းတော် | .... | ၁၃၆ |
| ဓာတ်တော်များကို ပူဇော်ကြပုံ | .... | ၁၃၆ |
| စေတီတော်များကြောင့် မင်္ဂလာရှိပုံ | .... | ၁၃၇ |
| စွယ်တော်, ဆံတော်, သွားတော်များ | .... | ၁၃၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ခါတ်တော်တိုက် | .... | ၁၃၇ |
| ခါတ်တော်များကိုသိမ်းယူပုံ | .... | ၁၃၈ |
| ခါတ်တော်သိမ်းဆည်းရာဌာန | .... | ၁၃၈ |
| ခါတ်တော်များကို သိမ်းဆည်းပုံ | .... | ၁၃၈ |
| အားရစ္စာပူဇော်ပုံ | .... | ၁၃၉ |
| အရှင်မဟာကဿပနှင့် မဟာရာဇာ | .... | ၁၃၉ |
| ကျောင်းဆောင်မှ ထွက်ခဲ့ကြခြင်း | .... | ၁၄၀ |
| အားလုံးအနိစ္စ | .... | ၁၄၀ |
| ဝိသကြုံကိုစေလွှတ်ပုံ | .... | ၁၄၀ |
| **ဓမ္မာသောကမဟာရာဇာ** | .... | ၁၄၁ |
| ဓမ္မာသောကမင်း၏ စေတီတော်များ | .... | ၁၄၁ |
| ခါတ်တော်တိုက်ဖွင့်ခြင်း | .... | ၁၄၁ |
| သာသနာပြု သားတော်သမီးတော်များ | .... | ၁၄၂ |
| ကျောက်တိုင်ကျောက်ပြားများ | .... | ၁၄၂ |
| ဘုရားကြည်ညိုမှ သာသနာပြုလိုကြ | .... | ၁၄၂ |
| ဆရာဒကာသာသနာပြု | .... | ၁၄၃ |
| **သီးလုံးဆရာတော်** | .... | ၁၄၃ |
| **ရွှေကျင်ဆရာတော်** | .... | ၁၄၃ |
| **ရွှေကျင်ဆရာတော်ကြီးနှင့်ဆင်ဖြူမရှင် မိဖုရားကြီး** | .... | ၁၄၄ |
| ဆရာတော်၏သြဝါဒ | .... | ၁၄၄ |
| **ပရဟိတဝန်ဆောင်များ** | .... | ၁၄၅ |
| ခရစ်တော် | .... | ၁၄၅ |
| ခရစ်ယာန်ဘာသာဝင်များ စည်းကမ်းရှိပုံ | .... | ၁၄၇ |
| မိမိလည်းစည်းကမ်းပေး | .... | ၁၄၇ |

အကြောင်းအရာ စာမျက်နှာ


မကြာမကြာ စဉ်းစားမိခြင်း .... ၁၄၈
ပြဿနာ ၃-ရပ်နှင့်ပြဿနာပေါ်ရခြင်း၏ အကြောင်း .... ၁၄၈
ပြဿနာ ၃-ရပ်၏အဖြေ .... ၁၄၉
ဖန်ဆင်းပုံကိုမေးခြင်း .... ၁၅၀
အဖြေမှန်ရအောင် ကြိုးစားခြင်း .... ၁၅၁
ရဟန်းဖြစ်၍ အားထုတ်ခြင်း .... ၁၅၃
ဩဝါဒ ၇-ချက် .... ၁၅၄
ဓမ္မဟောင်းတရားတော် .... ၁၅၇
ဓမ္မသစ်တရားတော် .... ၁၅၈
ကွပ်မျက်ခံရခြင်း .... ၁၅၈
ခရစ်တော်၏နောက်ဆုံးအချိန် .... ၁၅၈
ခရစ်တော်၏တရားတော်များ .... ၁၅၉
သိလိုသောအဖြေများပြည့်စုံပြီ .... ၁၆၀
ခရစ်ယာန်ဘာသာဝင်တို့ ဩဝါဒကို
လိုက်နာခြင်း၏အကြောင်း .... ၁၆၀
ဗုဒ္ဓဘာသာဝင်တို့ ဘယ်သို့နည်း .... ၁၆၁
ဗုဒ္ဓဝါဒကို ထုတ်ဖော်ကြပါစို့ .... ၁၆၁
ယဉ်ကျေးမှုအမျိုးမျိုး .... ၁၆၂
ဗုဒ္ဓတရား၌အားလုံးရှိ .... ၁၆၂
ယဉ်ကျေးမှုရှိလျှင် အထင်သေးမခံရ .... ၁၆၂
ပြင်မှဖြစ်တော့မည် .... ၁၆၃
အစိုးရတတ်နိုင်သည် .... ၁၆၃
အစမ်းပြုပြင်ခြင်း .... ၁၆၄
ရှေးနည်းအတိုင်းလိုက်ပါ .... ၁၆၄
နောက်ဆက်တွဲနိဂုံး .... ၁၆၅

# ဗြဟ္မဇာလသုတ်တော်


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **ဗြဟ္မဇာလသုတ်တော်မြန်မာပြန်** | ....၁၇၁ |
| အကျဉ်းချုပ်သိနှင့်ဘွယ် | ....၁၇၂ |
| ဤသုတ်တော်ကို ဟောရခြင်းအကြောင်း | ....၁၇၆ |
| ဗုဒ္ဓမြတ်စွာ ဩဝါဒပေးတော်မူခြင်း | ....၁၇၉ |
| စူဠသီလအခန်း | ....၁၈၂ |
| မဇ္ဈိမသီလအခန်း | ....၁၈၉ |
| မဟာသီလအခန်း | ....၁၉၉ |
| သညအဖြစ်ကိုပြခန်း | ....၂၀၇ |
| သဗ္ဗညုတဉာဏ် | ....၂၀၈ |
| **၆၂-ပါးသော မိစ္ဆာအယူများ** | |
| **ပုဗ္ဗန္တကပ္ပိကဝါဒ ၁၈-မျိုး** | ....၂၀၉ |
| သဿတဝါဒ ၄-မျိုး | ....၂၀၉ |
| (က) ဘဝသိန်းပေါင်းများစွာကိုပြန်၍ သိသဖြင့် မိစ္ဆာအယူဖြစ်ပုံ | ....၂၁၀ |
| (ခ) ဆယ်ကမ္ဘာအထိ ပြန်၍သိသူ | ....၂၁၂ |
| (ဂ) ကမ္ဘာ၄၀-အထိ ပြန်၍သိသူ | ....၂၁၂ |
| (ဃ) တက္ကီပုဂ္ဂိုလ် | ....၂၁၃ |
| သဗ္ဗညုတဉာဏ်တော်ပြခန်း | ....၂၁၄ |
| ဝေဒနာကမ္မဋ္ဌာန်း | ....၂၁၅ |
| နိဂုံး | ....၂၁၆ |
| ဧကစ္စသဿတဝါဒ ၄-မျိုး | ....၂၁၇ |
| (က) တဘဝမျှ အောက်မေ့နိုင်၍ မိစ္ဆာအယူဖြစ်ပုံ | ....၂၁၇ |
| (ခ) အပျော်များ၍ ပျက်ပြားရသောနတ်ဘဝမှ လာသူတချို့ အယူမှားပုံ | ....၂၂၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


(ဂ) ဒေါသကြီးမား၍ ပျက်ပြားရသော နတ်ဘဝမှ လာသူတချို့ အယူမှားပုံ ....၂၂၃
(ဃ) တက္ကီပုဂ္ဂိုလ် ....၂၂၄

အန္တာနန္တဝါဒ ၄-မျိုး ....၂၂၅

(က) လောကကြီးအဆုံးရှိဝါဒ ....၂၂၆
(ခ) လောကကြီးအဆုံးမရှိဝါဒ ....၂၂၇
(ဂ) အဆုံးလည်းရှိ အဆုံးလည်းမရှိဝါဒ ....၂၂၇
(ဃ) တက္ကီဝါဒ ....၂၂၈

အမရာဝိက္ခေပဝါဒ ၄-မျိုး ....၂၂၉

(က) မုသားကြောက်၍ အမရာဝါဒဖြစ်ပုံ ....၂၃၀
(ခ) ဥပါဒါန်ကြောက်၍ အမရာဝါဒဖြစ်ပုံ ....၂၃၁
(ဂ) ပညာရှိများ စစ်ဆေးမည်ကိုကြောက်၍ အမရာဝါဒဖြစ်ပုံ ....၂၃၁
(ဃ) ညံ့ဖျင်းထုံအခြင်းကြောင့် အမရာဝိက္ခေပဝါဒဖြစ်ပုံ ....၂၃၂

အဓိစ္စသမုပ္ပန္နဝါဒ ၂-မျိုး ....၂၃၄

(က) အသညသတ်ဘုံမှ စုတေခဲ့သူ ....၂၃၄
(ခ) တက္ကီဝါဒ ....၂၃၅

ပုဗ္ဗန္တကပ္ပိက ၁၈-မျိုးလုံး၏ နိဂုံး ....၂၃၅

**အပရန္တကပ္ပိကဝါဒ-၄၄** ....၂၃၆

ဥဒ္ဒမာဃာတနိကသညီဝါဒ ၁၆-ပါး ....၂၃၇
နိဂုံး ....၂၄၁
ဥဒ္ဒမာဃာတနိကအသညီဝါဒ၈-ပါး ....၂၄၂
ဥဒ္ဒမာဃာတနိက နေဝသညီနာသညီဝါဒ၈-ပါး ....၂၄၄
ဥစ္ဆေဒဝါဒ ၇-ပါး ....၂၄၅
ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-ပါး ....၂၅၀

အပရန္တကပ္ပိကဝါဒနိဂုံး ....၂၅၃

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **မိစ္ဆာဝါဒ ၆၂-ပါးလုံး၏နိဂုံး** | .... ၂၅၃ |
| သဗ္ဗညုတဉာဏ်တော်ပြခန်း | .... ၂၅၄ |
| ဝေဒနာ ကမ္မဋ္ဌာန်း | .... ၂၅၅ |
| နိဂုံး | .... ၂၅၅ |
| **မိစ္ဆာအမြင်နှင့် သမ္မာအမြင်ခွဲခြားချက်** | .... ၂၅၅ |
| အကြောင်း အဆက်ပြပုံ | .... ၂၅၆ |
| ဖဿအကြောင်းအားကောင်းပုံ | .... ၂၅၇ |
| အယူအားလုံး အကြောင်းဆက်ပြပုံ | .... ၂၅၇ |
| တရားအားထုတ်သော ရဟန်း | .... ၂၅၈ |
| ဤဒေသနာပိုက်မှ လွတ်သော မိစ္ဆာဝါဒီမရှိ | .... ၂၅၈ |
| ဒေသနာပိုက်တွင်း၌ ကိုယ်တော်မြတ်မပါဝင်ပုံ | .... ၂၅၉ |
| ဒေသနာတော်၏အမည် | .... ၂၆၀ |
| ၆၂-ပါးမိစ္ဆာအယူများ၏အချုပ်မှတ်ဘွယ် | .... ၂၆၁ |
| ဗုဒ္ဓ၏ဉာဏ်တော် | .... ၂၆၂ |

# သာမညဖလသုတ်တော်


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **သာမညဖလသုတ်တော်** | ....၂၆၇ |
| **မြန်မာပြန်နိဒါန်း** | ....၂၆၈ |
| ၁။ ပူရဏကဿပ၏ အကြိယဝါဒ | ....၂၆၈ |
| ၂။ မက္ခလိဂေါသာလ၏ အဟေတုကဝါဒ | ....၂၇၂ |
| ၃။ အဇိတဆရာကြီး၏ နတ္ထိကဝါဒ | ....၂၈၀ |
| ၄။ ပကုဓကစ္စာယနဆရာကြီး၏ အကဋဝါဒ | ....၂၈၄ |
| ၅။ နိဂဏ္ဌနာဋပုတ္တဆရာကြီး၏ စတုယာမ သံဝရဝါဒ | ....၂၈၆ |
| ၆။ သဉ္စည်းဆရာကြီး၏ အမရာဝိက္ခေပဝါဒ | ....၂၈၈ |
| ဆရာကြီးများ၏ဝါဒလွှမ်းမိုးနေပုံ | ....၂၈၈ |
| ဘုန်းကြီးငယ်စဉ် | ....၂၈၉ |
| ဘာသာရေးသန့်ရှင်းသုတ် | ....၂၉၀ |
| ရှေးဦးသိဘွယ် | ....၂၉၀ |
| **သာမညဖလသုတ်တော်မြန်မာပြန်** | ....၂၉၂ |
| မင်းနှင့်မှူးမတ်များ စည်းဝေးတိုင်ပင်ခန်း | ....၂၉၂ |
| တိတ္ထိအမတ်များ သံတော်ဦးတင်ကြပုံ | ....၂၉၃ |
| ဘုရားအထံတော်သို့ ထွက်လာခန်း | ....၂၉၆ |
| **သာမညဖလကိုမေးလျှောက်ခန်း** | ....၂၉၉ |
| တိတ္ထိဆရာကြီးများ ဖြေပုံကိုလျှောက်ထားခြင်း | ....၃၀၂ |
| သာမညဖလကို ဟောပြတော်မူခြင်း | ....၃၀၄ |
| ကျွန်ဥပမာပြု၍ ဟောပြတော်မူပုံ | ....၃၀၅ |
| လယ်သမားဥပမာဖြင့် ဟောပြတော်မူပုံ | ....၃၀၈ |
| အထက်တန်းကျသောရဟန်းပြုရကျိုးကို ဟောပြတော်မူပုံ | ....၃၀၉ |
| ဘုရားပွင့်တော်မူလာပုံ | ....၃၁၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘုရားဖြစ်ကြောင်း ဝန်ခံတော်မူပုံ | .... | ၃၁၂ |
| တရားဟောတော်မူပုံ | .... | ၃၁၂ |
| သဒ္ဓါတရားဖြစ်၍ ရဟန်းပြုပုံ | .... | ၃၁၄ |
| အရာရာစောင့်စည်းပုံ | .... | ၃၁၆ |
| သီလနှင့်ပြည့်စုံပုံ | .... | ၃၁၆ |
| ဣန္ဒြိယသံဝရသီလနှင့်ပြည့်စုံပုံ | .... | ၃၁၇ |
| သတိသမ္ပဇည‌နှင့်ပြည့်စုံပုံ | .... | ၃၂၀ |
| တင်းတိမ်ရောင့်ရဲပုံ | .... | ၃၂၁ |
| ကမ္မဋ္ဌာန်းကျောင်းဝင်ပုံ | .... | ၃၂၂ |
| ကမ္မဋ္ဌာန်းထိုင်၍ စင်ကြယ်အောင် အားထုတ်ပုံ | .... | ၃၂၃ |
| နီဝရဏငါးပါး၏ ဥပမာ၁၅-မျိုး | .... | ၃၂၆ |
| နီဝရဏ၅-ပါးကို ဥပမာ၁၅-ရပ်နှင့်ဆက်စပ်ပုံ | .... | ၃၂၉ |
| သမာဓိရပုံ | .... | ၃၃၀ |
| ပဌမဈာန်ရပုံ | .... | ၃၃၀ |
| ပဌမဈာန် ဥပမာ | .... | ၃၃၁ |
| ဒုတိယဈာန်ရပုံ | .... | ၃၃၁ |
| ဒုတိယဈာန်ဥပမာ | .... | ၃၃၂ |
| တတိယဈာန်ရပုံ | .... | ၃၃၃ |
| တတိယဈာန်ဥပမာ | .... | ၃၃၅ |
| စတုတ္ထဈာန်ရပုံ | .... | ၃၃၅ |
| စတုတ္ထဈာန်ဥပမာ | .... | ၃၃၆ |
| ဝိပဿနာဉာဏ်ရပုံ | .... | ၃၃၆ |
| မိမိကိုယ်ကို ဆင်ခြင်ပုံ | .... | ၃၃၇ |
| ဝိပဿနာဉာဏ်ဥပမာ | .... | ၃၃၉ |
| မနောမယိဒ္ဓိအဘိညာဉ်ရပုံ | .... | ၃၄၀ |
| မနောမယိဒ္ဓိဥပမာ | .... | ၃၄၂ |
| ဣဒ္ဓိဝိဓအဘိညာဉ်ရပုံ | .... | ၃၄၃ |
| ဒိဗ္ဗသောတအဘိညာဉ်ရပုံ | .... | ၃၄၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဒိဗ္ဗသောတဥပမာ | .... | ၃၄၆ |
| စေတောပရိယအဘိညာဉ်ရပုံ | .... | ၃၄၇ |
| စေတောပရိယဥပမာ | .... | ၃၅၀ |
| ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ရပုံ | .... | ၃၅၀ |
| ပုဗ္ဗေနိဝါသာနုဿတိဥပမာ | .... | ၃၅၂ |
| ဒိဗ္ဗစက္ခုအဘိညာဉ်ရပုံ | .... | ၃၅၃ |
| ဒိဗ္ဗစက္ခုဥပမာ | .... | ၃၅၅ |
| အာသဝက္ခယအဘိညာဉ်ရပုံ | .... | ၃၅၆ |
| အာသဝက္ခယဉာဏ် ဥပမာ | .... | ၃၅၈ |
| အဇာတသတ်မင်းလျှောက်ပုံ | .... | ၃၅၉ |
| အဇာတသတ်မင်း သရဏဂုံယူပုံ | .... | ၃၆၀ |
| အပြစ်ကိုဝန်ချပုံ | .... | ၃၆၀ |
| ဗုဒ္ဓမြတ်စွာမိန့်တော်မူပုံ | .... | ၃၆၁ |
| **ဘာသာပြန်နိဂုံး** | .... | ၃၆၃ |

**မာတိကာပြီး၏။**

# အချိန်ဒါနိုး

**ဗုဒ္ဓါနုဿတိဘာဝနာ။** ။ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို အဖန်ဖန် အထပ်ထပ် သတိရနေခြင်းကို ''ဗုဒ္ဓါနုဿတိ''ဟု ခေါ်၏။ ထိုသတိကို မိမိစိတ်အစဉ်၌ ဖြစ်စေခြင်း, ထိုသတိဖြင့် မိမိစိတ်ကို ထုံမွမ်းထားခြင်းကို ''ဗုဒ္ဓါနုဿတိဘာဝနာ''ဟု ခေါ်သည်။

**ဘုရားရှိခိုး။** ။ယခုအခါ၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် တနေ့လျှင် နံနက်တခါ ညဥ့်တခါအားဖြင့် အနည်းဆုံး ၂-ကြိမ်မျှ ဘုရားရှိခိုးလေ့ရှိကြ၏။ ထိုသို့ ဘုရားရှိခိုးသောအခါ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို ရွတ်ဆို၍ ရှိခိုးကြ၏။ ထိုသို့ နှုတ်ကရွတ်ဆိုသည့်အတိုင်း စိတ်ကလည်း ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို သတိရနေပါမူ ထိုအချိန်၌ ဗုဒ္ဓါနုဿတိဘာဝနာကို ပွါးများနေရာ ရောက်ပါသည်။

**လွယ်ကူသော ကမ္မဋ္ဌာန်း။** ။ထို့ကြောင့် ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းသည် နေ့စဉ် ဘုရားရှိခိုးလေ့ရှိသော ဗုဒ္ဓဘာသာဝင်တို့အတွက် လွယ်ကူသော ကမ္မဋ္ဌာန်းဖြစ်ပါသည်။ သို့ဖြစ်၍ ဤစာစောင်ကလေး၌ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သာ၍ စိတ်ရွှင်စရာ ကဗျာလင်္ကာဖြင့်၎င်း၊ ဂါထာ နိဿယဖြင့်၎င်း ဗုဒ္ဓ ဂုဏ်တော်များကို ဖွဲ့စီထားပါသည်။ ကြည့်ရှုရင်း ရွတ်ဖတ်ရင်း နားထောင်ရင်း ဗုဒ္ဓါနုဿတိဘာဝနာ ဖြစ်နေပါလိမ့်မည်။

**ဤစာစောင်ဖြစ်ရခြင်း၏အကြောင်း။** ။မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက် မဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး၏ ကျောင်းအမကြီး, (ပြန်လွန်တော်မူပြီးသော) ခေမာသီဝံ ဆရာတော်ဘုရားကြီးနှင့် မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးတို့၏ ပစ္စယဒါယိကာမ, စစ်ကိုင်းတောင်-သုဗောဓာရုံတိုက်၏ ကျောင်းအမ ရဟန်းအမကြီး ဖြစ်သော မန္တလေးမြို့ ဆိုင်းတန်းရပ် ကျောင်းအမကြီး ဒေါ်ကျင်သည် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း၌ ဆောက်လုပ်အပ်သော ၂-ထပ်ကျောင်းကြီးပြီးစီးသောအခါ ကျောင်းပူဇော်ပွဲ ရေစက်ချ အခမ်းအနားသို့ သီလရှင်များနှင့် လူဝတ်ကြောင်အချို့ကို ဖိတ်ရာဝယ် မှတ်သားဘွယ် ကောင်းသော စာအုပ်ငယ်ကလေးဖြင့် ဖိတ်ရလျှင် ကောင်းလိမ့်မည် ထင်ပါကြောင်း လျှောက်လာပါသည်။

ထိုအခါ ရှေးက ရိုက်နှိပ်အပ်ပြီးသော ဂါထာပေါင်းချုပ် စာအုပ်ကလေးကို ထပ်၍ရိုက်နှိပ်ဘို့ ပြောလိုက်ပါသည်။ ထို့နောက် စက္ကူဈေးရိုက်နှိပ်ခ, ကောင်းသောအချုပ်- အဖုံးတို့အတွက် ကုန်ကျစရာ များဘွယ်တွေကို စဉ်းစားမိ၍ အသစ်စာစောင်ကမျိုး ရေးပေးမှသာ တာဝန်ကျေပေလိမ့်မည်ဟု ယူဆမိပါသည်။ ထိုသို့ အသစ်ရေးရလျှင် "ကျောင်းတိုက်၌ ပို့ချလေ့ ဟောပြောလေ့ရှိသော ဗုဒ္ဓါနုဿတိ ဘာဝနာကို ရေးမှသာ ပြီးလည်းပြီးလွယ်, ကျောင်းရေစက်ချနှင့်လည်း သင့်လျော်ဘွယ်ရှိ၏"ဟု စဉ်းစားမိသောကြောင့် ပူအိုက်၍ စာမချဘဲ အနားယူနေစဉ်စာစောင်ကလေး စီရင်မှုကြောင့် ထွက်လာသောချွေးဖြင့် ထိုခွေ့အပူကိုအေးစေရပါသတည်း။

အရှင်ဇနကာဘိဝံသ      ၁၃၃၆

နယုန်လ

# ဗုဒ္ဓါနုဿတိဘာဝနာ

## ဗုဒ္ဓဘွဲ့တော်ရထိုက်သော ပုဂ္ဂိုလ်

**မမှန်သောဘွဲ့နာမည်။** ။"ဗုဒ္ဓ"ဟူသောပါဠိသည် သိစရာအားလုံးကို အကုန်သိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အပေါ်၌သာ တင်ထားရသော ဘွဲ့တော် နာမည်တော် ဖြစ်၏။ ထိုဘွဲ့တော် နာမည်တော်ကို နောက်လိုက် နောက်ပါ တပည့်ပရိသတ်များသော ဆရာတိုင်း၌ မတင်နိုင်။ မိမိတို့၏ တပြည့်များက မိမိတို့ဆရာကြီးကို အမွန်းတင်ကာ ဗုဒ္ဓ-ဗုဒ္ဓဟု ခေါ်နေကြ, ဆရာကြီးတို့ ကိုယ်တိုင်ကလည်း ဗုဒ္ဓဗုဒ္ဓဟု ဝန်ခံနေကြစေကာမူ ဗုဒ္ဓအစစ် မဖြစ်နိုင်ပါ။

**မှန်သောဘွဲ့နာမည်။** ။ဗုဒ္ဓအမည်တော်ကို အမှန်အတိုင်းရထိုက်သော ပုဂ္ဂိုလ်သည် လက်ာ၌ပါသော ဂုဏ်တော် အားလုံးနှင့် ပြည့်စုံရပါသည်။ ဘုန်းကြီးနှင့်တကွ ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်ကိုးစား အားထားအပ်သော ဘုရားရှင်သည် ထိုဂုဏ်တော်များနှင့် ပြည့်စုံ-မပြည့်စုံကို လေးလေး နက်နက် အာရုံပြု၍ ကြည့်တတ်ဘို့ရန် ဘုန်းကြီးရေးပြအပ်သော စကား အစဉ်ကို ကြည့်ရုံ ဖတ်ရုံမျှမကဘဲ စိတ်ထဲ၌ စွဲနေအောင် သတိစိုက်လိုက်ပါ။ မိမိစိတ်၌ ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်း (ဖြစ်မှန်းမသိ) ဖြစ်နေပါလိမ့် မည်။

**သီလကို အခြေခံပါ။** ။ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းဖြစ်သည့် တိုင်အောင် ဤစာကိုကြည့်ရင်းကြိုးစားလိုသော သူတော်စင်သည် လူဝတ် ကြောင် ဖြစ်လျှင် အနည်းဆုံး အသက်မွေးမှုနှင့်ဆိုင်သော အာဇီဝဋ္ဌမက သီလကိုစင်ကြယ်ပါစေ။ သီလရှင် ရဟန်း သာမဏေဖြစ်လျှင်လည်း ၎င်းအသက် မွေးမှု စင်ကြယ်ဘို့နှင့်တကွ မိမိသီလကို စင်ကြယ်ကြပါစေ။

**သီလအကျိုး။** ။သီလ စင်ကြယ်လျှင် စိတ်နှလုံး ကြည်ရွှင်၏။ စိတ်ကြည်ရွှင်လျှင် ဝမ်းမြောက် နှစ်သက်မှု နုသောပီတိဖြစ်၏။ နုသောပီတိဖြစ်လျှင် သာ၍ နှစ်သက်မှုဟူသော ရင့်သော ပီတိ ဖြစ်၏။ပီတိဖြစ်လောက်အောင် ဝမ်းမြောက်သောအခါ ကိုယ်စိတ် ၂-ပါး ငြိမ်းအေးလာ၏။ ချမ်းသာသုခ ဖြစ်လာ၏။ ချမ်းသာ သုခ ဖြစ်သော အခါ၌ တောင်တောင်ဣဣ မကြံစည်တော့ဘဲ စိတ်တည်ကြည်မှု သမာဓိဖြစ်၏။ ထိုသို့ စိတ်တည်နေမှသာ ဗုဒ္ဓမြတ်စွာကို ဉာဏ်ဖြင့် ထင်ထင် မြင်နိုင်ပါသည်။

**သာမည အကျိုးမဟုတ်။** ။ထို့ကြောင့် ၎ါးပါးသီလ စသော မိမိသီလစင်ကြယ်မှုကြောင့် ရနိုင်သောအကျိုးကို ''သာမည အကျိုးကလေး'' ဟု မယူဆပါနှင့်။ ဤဘဝ၌ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေနိုင်မှုမှစ၍ နောက်ဘဝ အတွက် အပါယ်လေးပါးမှ လွတ်မြောက်၍ ကောင်းရာသုဂတိသို့ ရောက်စေနိုင်လောက်သော အကျိုးကိုပင်ရစေနိုင်၏။ကမ္မဋ္ဌာန်းအားထုတ်သူဖြစ်လျှင် ဤဘဝ၌ပင် တရားပေါက်နိုင်သော အကျိုးထူးကိုရစေနိုင်ပါသည်။ ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာအထိ အကျိုးရှိအောင်ဤစာကို ကြည့်ရှုလို(သူတပါးဖတ်သည်ကို)နားထောင်လိုသော သူတော်စင်သည် မိမိထိန်းနေကျ သီလကို စင်ကြယ်အောင် ကြိုးစားပါ။ ထိုအခါစာဖတ်ရင်း စာနာရင်း ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တို့ကို အာရုံပြုနေရသည်မှာ လွန်စွာအရသာ ရှိပါလိမ့်မည်။

**အရသာ ပေါ်အောင် ကြည့်ရှုပါ။** ။ဤနေရာမှစ၍ ဗုဒ္ဓမြတ်စွာ၏ပုံတော် ဂုဏ်တော်များကို ဖူးမြော်ရကြည်ညိုရပါတော့မည်။ ကိစ္စ တစုံတခုရှိနေသော်ငြားလည်း၊ အိပ်ချင် နေသော်ငြားလည်း၊ မျက်လုံး ညောင်းနေသော်ငြားလည်း၊ ပျင်းနေသော်ငြားလည်း ဤစာကို မကြည့်ရှုသေးဘဲ ထိုကိစ္စပြီးမှ၊ သို့မဟုတ်အိပ်ချင်ပြေ၊ အညောင်းပြေ၊ အပျင်းပြေမှ ဤစာကိုကြည့်ရှုပါ။ ပေါ့ပေါ့ဆဆ ကြည့်ရှုကြားနာလျှင် အရသာပေါ်မည် မဟုတ်ပါ။

× × × ×

**ကျက်မှတ်ရန် လင်္ကာ** လက္ခဏာတော် ကြီးငယ်၊ အ သွယ် သွယ် ဖြင့်၊ သပ္ပါယ် လှ စွာ၊ ကိုယ်အင်္ဂါဝယ်၊ ပါရမီတော်အဟုန်၊ ကိုယ်လုံး ခြုံ၍၊ မွှမ်းထုံသင်းကြူ....သယမ္ဘူဟု၊ဉာဏ်တုကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ်ခပင်း၊ ကိလေရှင်းသား.... ဉာဏ်ရင်းမဟာ၊ ကရုဏာနှင့်၊ သမ္မာသမ္ဗောဓိ၊အစရှိလတ်၊ ဉာဏ်တော်မြတ်၏၊ ကိန်းဝပ် စံပျော်၊ ခန္ဓာပေါ်ဝယ်၊ ဘွဲ့တော်ဗုဒ္ဓ၊ တင်ပါရသည်....လောကထွတ်ထား မြတ်ဘုရား ။

## လင်္ကာ၏ အဓိပ္ပါယ်

**လက္ခဏာတော် ကြီးငယ်။** ။"လက္ခဏ" ဟူသော ပါဠိစကားသည် မြန်မာလို"အမှတ် အသား"ဟု အနက် အဓိပ္ပါယ်ပြ၏။ ထိုအမှတ်အသား သည် ရှေးရှေး ဘဝက ပြုအပ်ခဲ့သော ကံနှင့်ဆိုင်၏။ မျက်လုံးမျက်ခုံး လက်ခြေစသော ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့် ကိုယ်လုံးကိုယ်ပေါက်တို့ဝယ် ရှေးကံအားလျော်စွာ ကောင်း-မကောင်းသော အမှတ် လက္ခဏာများ ပါရှိကြ၏။ ထိုလက္ခဏာကို ကြည့်၍ ဗေဒင်ပညာရှိတို့သည် ယောကျ်ား ကောင်းယောကျ်ားမြတ် မိန်းမကောင်း မိန်းမမြတ်ဟု အတတ် သိနိုင်ကြ သည်။ [ထိုလက္ခဏာများကို ရတနာ့ဂုဏ်ရည် နောက်ဆက်တွဲ(နောက်ရိုက် စာအုပ်)ဝယ် ပြထားခဲ့ပါပြီ။] အချုပ်မှတ်ဘွယ်ကား ဗုဒ္ဓမြတ်စွာ၌ လက္ခဏာတော်ကြီး ၃၂-ပါး, လက္ခဏာတော်ငယ်ရှစ်ဆယ် ရှိ၏။ထိုတွင်....

**အရပ်အမောင်း။** ။ဗုဒ္ဓမြတ်စွာသည် မြင့်သော အရပ်တော်နှင့် လိုက် လျောသော ကိုယ်လုံးတော်၊ ထိုကိုယ်လုံးတော်မှ ပေါ်ထွက်သောကြောင့် "ကိုယ်ပေါက်"ဟုခေါ်ဝေါ်ရသော လက်မောင်းတော်၊ ခြေတော်၊လက် ချောင်းတော်၊ ခြေချောင်းတော်တို့ဖြင့် အင်္ဂါတိုင်းမှာ လွန်စွာ တင့်တယ် သပ္ပါယ်တော်မူ၏။ အသား အရေတော်ကား ရွှေအဆင်းကဲ့သို့ ဝါဝင်း နေ၏။

**မျက်နှာတော်။** ။မျက်နှာ တော်သည် ဖူးမြော်၍ မဝနိုင်အောင် လှပတင့်တယ် သပ္ပါယ်တော်မူ၏။ မျက်နှာတော်ဝယ် မျက်လုံးတော် အစုံသည် ညိုသင့်ရာအရပ်၌ညို၍ ဖြူသင့်ရာအရပ်၌ ဖြူနေ၏။ ထိုမျက်လုံး

တော်သည် ကြိုးကြိုး မားမား အလျားရှည်၍ ခပ်ကော့ကော့ စိရရိပေါက်နေသော မျက်မွေးများဖြင့် ထူးခြားစွာ တင့်တယ်တော်မူ၏။မျက်ခုံးတော်သည် မျက်လုံးတော်နှင့် လိုက်လျောအောင် ကြိုးကြိုးမားမား ရှည်လျား၍ မျက်ခုံး၏ အမွေးတော်များလည်း မကြမ်းတမ်းဘဲ သိမ်မွေ့လျက် ၃-ရက်လ အရေးကဲ့သို့ ညွတ်ကွေးတော်မူ၏။ နှာတံတော်သည် များစွာသော မြန်မာလူမျိုးများ၏ နှာတံကဲ့သို့ ပိပိပြားပြားမဟုတ်ဘဲ ခပ်မြင့်မြင့် တင့်တယ်တော်မူ၏။

**နဖူးတော်**။ ။လက်ျာဘက်နားတော်၏အစွန်မှစ၍ အထက်သို့ တက်သွားသော အသားပြင်သည် အထက်တက်ပြီးလျှင် နဖူးတော်အပြင်ကို ပြည့်စေလျက် လက်ဝဲနား၏အစွန်တိုင်အောင် တည်တော်မူ၏။ထို့ကြောင့် ဗုဒ္ဓမြတ်စွာ၏ နဖူးတော်သည် သင်းကျစ်ပြားဖြင့် ရစ်ပတ်ထားသကဲ့သို့ အလွန်တင့်တယ်တော်မူ၏။ ထိုနဖူးတော်ကို အတုလိုက်၍ ယခုအခါ အချို့ ဆင်းတုတော်၏ နဖူးတော်၌၎င်း၊ ရှင်ဘုရင်တို့၏ နဖူး၌၎င်း သင်းကျစ်ပြားကို ဖွဲ့ကပ်ထားကြလေသည်။

**ဥဏ္ဏာလုံ (မွေးရှင်တော်)**။ ။မျက်ခုံးတော် ၂-သွယ်၏ အလယ် ဗဟိုဝယ် နှာတံတော်၏ အဆုံးအထက်၌ ပေါ်ပေါက်၍ အထက်သို့ တက်ပြီးလျှင် နဖူးတော်၏ အလယ်မှာလဲ ဝါဂွမ်းအစုကဲ့သို့ အလွန်ဖြူဖွေးစွာ တည်နေ၏။ ထိုအမွေးတော်သည် ဆွဲ၍ဆန့်လိုက်သောအခါ လက်မောင်း တဝက်မျှ ရှည်လျား၍ လက်မှလွှတ်လိုက်သောအခါ လက်ျာရစ်လည်၍ စုသွားပြီးလျှင် အထက်သို့အဖျားလှည့်လျက် တည်နေတော်မူသောကြောင့် အသက်ရှင်နေသကဲ့သို့ ထင်ရကား "ဥဏ္ဏာလုံမွေးရှင်တော်"ဟု ခေါ်ဝေါ်ကြရသည်။ ရွှေအဆင်းရှိသော နဖူးတော်အပြင်၌ တည်သော ထိုမွေးရှင်တော်သည် ကောင်းကင်၌ အရုဏ်ရောင် လာခိုက်ဝယ် သောကြာကြယ်ကဲ့သို့ အလွန်တင့်တယ်တော်မူသည်။

**နှုတ်ခမ်းတော် စသည်**။ ။ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားအရေတော်ဖြင့် တင့်တယ်နေသော မျက်နှာတော်ဝယ် နီမြန်းသော နှုတ်ခမ်းတော်၊ နီမြန်းသော သွားဖုံးတော်၊ ဖြူစင်သော သွားတော်စွယ်တော်၊

ပြည့်သော အထက်မေး အောက်မေးတော်တို့သည် မျက်နှာတော်ကို ဖူးမြော်ချင်ဘွယ် သာ၍တင့်တယ်အောင် တန်ဆာဆင်သကဲ့သို့ ဖြစ်ကြသည်။ ဤနည်းအားဖြင့် ဦးခေါင်းတော် မျက်နှာတော်မှစ၍ ခြေဖဝါးတော်တိုင်အောင် လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်တော်မူသော ဘုရားရှင်ကို တွေ့မြင်ရသောအခါ ရုပ်လက္ခဏာ၌ကျွမ်းကျင်သော ဝေဒပါရဂူတို့သည် ဘုရားအလောင်းတော်ကို လူ့ဘောင်၌ နေလျှင် စကြာမင်း, တောထွက်တော်မူလျှင် ဗုဒ္ဓစင်စစ် ကေန်ဖြစ်မည်ဟု အဘတ်ဟောကြပါသည်။ [ဤနေရာ၌ "ပစ္ဆိမ ဖလဒါနေန" စသော ရတနာ့ဂုဏ်ရည်ဂါထာကို ရပြီးသူတို့က ရွတ်ဆို၍ အာရုံပြုကြပါလေ။]

**ပါရမီတော်အဟုန်ကိုယ်လုံးခြုံ၍။** ။ဗုဒ္ဓမြတ်စွာ၏ မျက်နှာတော် စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့၌ လေး အသင်္ချေနှင့် ကမ္ဘာတသိန်းကာလက ဖြည့်ကျင့်တော်မူအပ်ခဲ့သော ဒါနသီလစသော ပါရမီတော်တို့သည် တကိုယ်လုံး ခြုံထားသကဲ့သို့ဖြစ်၏။ ပါရမီတော် အမွှေးအကြိုင်တို့ဖြင့် တကိုယ်လုံးကို မွှမ်းထုံ၍ထားသကဲ့သို့ ဖြစ်၏။

**အမျက်မထွက် အဝတ်ကောင်းလှူ။** ။ဗုဒ္ဓမြတ်စွာသည် ပါရမီဖြည့်တော်မူစဉ်အခါဝယ် သတ္တဝါတို့အပေါ်၌ အမျက်ဒေါသ မထွက်ရအောင် မေတ္တာဖြင့် စောင့်စည်းတော်မူခဲ့၏။သိမ်မွေ့ နူးညံ့သော အဝတ်တို့ကိုလည်း ပေးလှူခဲ့၏။ ထို့ကြောင့် ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းတော်ကို ရတော်မူ၏။ ဤသို့အမျက်ဒေါသ မထွက်ရအောင် ချုပ်တည်းခဲ့သော ကောင်းမှု, နူးညံ့သောအဝတ်ကို ပေးလှူခဲ့သော ကောင်းမှုတော်အဟုန်သည် ဝါဝင်းသော အဆင်းတော်ဖြင့် တကိုယ်လုံး လွှမ်းခြုံ၍ မွှမ်းထုံထားသကဲ့သို့ ဖြစ်ပေသည်။

**ဂုဏ်နှင့်လိုက်အောင် ချီးမြှောက်။** ။ဗုဒ္ဓမြတ်စွာသည် ပါရမီဖြည့်တော်မူစဉ် အခါ၌ ချီးမြှောက်ထိုက်သူကို ချီးမြှောက်သောအခါ သူ၏ဂုဏ်နှင့်လိုက်အောင် ချီးမြှောက်လေ့ရှိ၏။ ပို၍လည်းမချီးမြှောက် လျော့၍လည်း မချီးမြှောက်။ယိုသို့ ချီးမြှောက်ခြင်းအားဖြင့် အကဲ့ရဲ့မခံရဘဲ လူ

အများကို နှစ်သိမ့်စေခဲ့၏။ ထို့ကြောင့် ဗုဒ္ဓဖြစ်မည့် ဘဝ၌ အရပ်တော် အမြင့်နှင့် ကိုယ်လုံးကိုယ်ပေါက်တို့ လိုက်လျောသော ကိုယ်တော်ကို ရတော်မူ၏။ ဤသို့ ရှေးရှေးဘဝ၌ သူ၏ဂုဏ်နှင့် လိုက်လျောအောင် ချီးမြှောက်ခဲ့သော ကောင်းမှုပါရမီတို့က အရပ်အမောင်း ကိုယ်လုံး ကိုယ်ပေါက်တို့ကို လိုက်လျောအောင် လွှမ်းခြုံ၍မွှမ်းထုံထားသကဲ့သို့ ဖြစ်ပါပေသည်။

**ပိယစက္ခုဖြင့် ကြည့်ရှုခဲ့။** ။ဗုဒ္ဓမြတ်စွာသည် ဘဝများစွာ ရှေးရှေး အခါတို့၌ သူတပါး၏ကောင်းကျိုးကိုသာ လိုလားသဖြင့် ချစ်ကြည်သော ပိယစက္ခုဖြင့် ကြည့်ရှုတော်မူလေ့ရှိ၏။ ထို့ကြောင့် ဘုရားဖြစ်မည့်ဘဝ၌ အများ၏ချစ်စရာ ကြည်ညိုစရာ ကောင်းသော မျက်လုံး, မျက်ခုံး, ကော့နေသော မျက်တောင်မွေးတော်တို့ကို ရတော်မူ၏။ ဤသို့ မေတ္တာ ရှေးရှု၍ ချစ်ကြည်သောစက္ခုဖြင့် ကြည့်ခဲ့သော ကောင်းမှုပါရမီတော်က မျက်လုံး မျက်ခုံး မျက်မွေးတော်များကို လွှမ်းခြုံ၍ မွှမ်းထုံထားသကဲ့သို့ ဖြစ်ပါပေသည်။

**ကျက်သရေရှိတော်မူခြင်း။** ။ဤ ပြအပ်ခဲ့သော နည်းအားဖြင့် ဗုဒ္ဓမြတ်စွာ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်းဝယ် ယောကျ်ားထူး ယောကျ်ားမြတ်ဖြစ်ကြောင်း သိဘို့ရာ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်တို့ဖြင့် အမှတ်တံဆိပ် ခပ်နှိပ် ပါရှိရကား ထိုလက္ခဏာတော်တို့ကိုလည်း ရှေးရှေး ကောင်းမှုပါရမီတော်တို့က တကိုယ်လုံးခြုံ၍ မွှမ်းထုံနေသကဲ့သို့ ဖြစ်သော ကြောင့် ဗုဒ္ဓမြတ်စွာသည် လူမင်း နတ်မင်း ဗြဟ္မာမင်း ပရိသတ်တို့ အလယ်၌ သီတင်းသုံး၍ တရားဓမ္မဩဝါဒ ပေးတော်မူသောအခါ အမင်း မင်းတို့ကိုလွှမ်း၍ ကျက်သရေ မင်္ဂလာဖြင့် လွန်စွာသပ္ပါယ် တင့်တယ်တော် မူပါသည်။

**စိတ်တော်အရည်အခြင်း။** ။ဗုဒ္ဓမြတ်စွာ၏ လူ့လောကဝယ် ရုပ် လက္ခဏာအားဖြင့် အသာဆုံး ယောကျ်ားမြတ်ဖြစ်ပုံကို ပြပြီးပါပြီ။ ထို့ ကြောင့် ဗုဒ္ဓမြတ်စွာဟူသည် လူ၌ဖွား၍ လူသားတယောက်ဖြစ်ကြောင်း

(ရှေးခေတ်က ကပိလဝတ်နေပြည် ယခု နီပေါပြည်လုမ္ဗိနီဥယျာဉ်ဝယ် မယ်တော်မာယာဒေဝီမှ ဖွားမြင်သော သာကီဝင်မင်းသားဖြစ်ကြောင်း) ကောင်းကောင်း သတိပြုခဲ့ပါ။ ယခုအခါ ထို လူသားဖြစ်သော ဘုရားအလောင်း၏ စိတ်ဓာတ်တော် အရည်အခြင်းကို ပြပါမည်။

**သယမ္ဘူဟူ။** ။ဗုဒ္ဓမြတ်စွာသည် လူ့ဘဝ၌ နန်းပြာသာဒ် သုံးဆောင်ဝယ် ယသော်ဓရာ အမှူးရှိသော မောင်းမမိဿံ အခြွေအရံတို့နှင့် အတူ ထုံးစံအတိုင်း စံစားတော်မူစဉ် မင်္ဂလာဥယျာဉ်သို့ ထွက်လာသော အခါ သုဒ္ဓါဝါသ ဗြဟ္မာမင်းတို့ ဆောင်ပြအပ်သော သူအို သူနာ သူသေတို့ကို မမြင်စဖူး မြင်ရသဖြင့် လူ့စည်းစိမ်၌ ငြီးငွေ့သော သံဝေဂ ဉာဏ် ဖြစ်တော်မူသည်။ ထို့နောက် အလွန်တည်ငြိမ်စွာ တရားကျင့်နေသော ရဟန်းတော်ကို မြင်ရသောအခါ ထိုရဟန်းတော်၏ ကျင့်ပုံကို နှစ်သက်၍ တောထွက်တော်မူ၏။ တောသို့ရောက်သောအခါ အခြားယောဂီပုဂ္ဂိုလ်တို့ကျင့်ဘို့ခဲယဉ်းလှသော အကျင့်ကို ၆-နှစ်ပတ်လုံး ကျင့်တော်မူ၍ အလွန်ထူးခြားသော ဉာဏ်တော်ကို ရတော်မူသည်။ ထိုဉာဏ်တော်သည် ဆရာတပါးပါး၏ နည်းပြခြင်းကြောင့် ရအပ်သောဉာဏ် မဟုတ်။ ဘုရားအလောင်းကိုယ်တိုင် ကျင့်၍ ဖြစ်ပေါ်လာသော ဉာဏ်တော် ဖြစ်၏။ ထို့ကြောင့် "သယမ္ဘူဉာဏ်" မည်၏။ [သယံ=ဆရာမရှိမိမိဘာသာ+ဘူ=ဖြစ်ပေါ်လာသောဉာဏ်တော်။]

**ဉာဏ်တူကင်းလတ် အရဟတ်။** ။ထိုဉာဏ်တော် ဖြစ်ပေါ်လာသောအခါ ရာဂစသော ကိလေသာအညစ်အကြေးဟူသမျှတို့ လုံးဝဉဿုံအကုန် ဘန့်ရှင်းသွား၏။ ထို့ကြောင့် ထိုဉာဏ်တော်ကို "အရဟတ္တမဂ်ဉာဏ်" ဟု ခေါ်၏။ မြန်မာလို "ကိလေသာတို့ကို အလုံးစုံ သတ်တတ်သော ရဟန္တာ၏ ဖြစ်ကြောင်းဉာဏ်" ဟု ဆိုလိုသည်။ အခြား ရဟန္တာတို့၏ ကိလေသာကိုပယ်ရာ၌ အထုံဝါသနာကျန်သေး၏။ ဘုရားရှင်တော်၌ကား အထုံ ဝါသနာမျှ မကျန်တော့။ ထို့ကြောင့် "ဉာဏ်တူကင်းသော အရဟတ္တမဂ်ဉာဏ်" ဟု ဆိုသည်။

**ဉာဏ်ရင်းမဟာ ကရုဏာနှင့်။** ။ဗုဒ္ဓမြတ်စွာသည် ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်းမှာပင် အရဟတ္တမဂ်ဉာဏ်ကိုရ၍ ရဟန္တာဖြစ်နိုင်ပါ၏။ သို့သော် အိုနာ သေရေး အပါယ်ဘေးတို့နှင့် ရောထွေး၍နေပါလျက် ထိုဘေးတို့ကို မတွေ့မရှုနိုင်လောက်အောင် မေ့နေကြသော သတ္တဝါတို့ကို သနားတော်မူသော မဟာကရုဏာတော်ကြောင့် ဒီပင်္ကရာ မြတ်စွာဘုရားကဲ့သို့ သတ္တဝါအများကိုပင် ကယ်နိုင်သော ဘုရားတဆူ ဖြစ်အောင် ပါရမီတော်တို့ကို ဖြည့်တော် မူခဲ့သည်။ ထို့ကြောင့် မဟာကရုဏာဉာဏ်ကို "ဉာဏ်အားလုံး၏ အရင်းခံ ဉာဏ်တော်" ဟု ခေါ်ရပေသည်။

**သမ္မာသမ္ဗောဓိ အ၎ရှိလတ်။** ။အမှန်အတိုင်းလည်းသိ, (ဆရာမရှိဘဲ) ကိုယ့်ဘာသာလည်း သိနိုင်သောဉာဏ်တော်ကို "သမ္မာသမ္ဗောဓိဉာဏ်" ဟု ခေါ်၏။ ထိုဉာဏ်သည် ပြအပ်ပြီးသော အရဟတ္တမဂ်ဉာဏ် အရင်းခံသော သဗ္ဗညုတဉာဏ်တော်ပင်တည်း။ [သမ္မာ-အမှန်+သံ- ကိုယ်တိုင်+ဗောဓိ—သိသောဉာဏ်။]

**လောကထွတ်ထား မြတ်ဘုရား။** ။ ပြအပ်ပြီးသောစကားကို ပြန်၍ စဉ်းစားပါ။ (၁)လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် အသပ္ပါယ်ဆုံး လည်း ဖြစ်ခြင်း၊ (၂)ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်း၌ ကောင်းမှုပါရမီတော်တို့က လွှမ်းခြုံ၍ မွမ်းမံထားခြင်း၊ (၃)ရာဂ ဒေါသ မောဟစသော ကိလေသာတို့ကို သတ်ဖြတ်နိုင်သော အရဟတ္တမဂ်ဉာဏ်ကို ရခြင်း၊ (၄)သတ္တဝါတို့၏ အပေါ်၌ သနားကြင်နာ ကရုဏာ ကြီးမားခြင်း၊ (၅)အလုံးစုံကို အကုန်သိနိုင်သော သဗ္ဗညုတဉာဏ်တော်ကို ရခြင်း ဤဂုဏ်တို့၏ ကိန်းဝပ်စံပျော်ရာခန္ဓာကိုယ်တော်၌သာ "ဗုဒ္ဓ" ဟု ဘွဲ့နာမည်တော်ကို တင်ထိုက်သည်။ ထိုသို့တင်ထိုက်သော ယောကျ်ားမြတ်သည်သာ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ အထွတ်အထိပ်ထားရသော ဘုရားဖြစ်ပါသည်။

**တိုက်တွန်းချက်။** ။ ပြအပ်ပြီးသော ဤအဓိပ္ပါယ်ကိုကြည့်ရှု၍ ပြီးသော အခါ သက်တော်ထင်ရှား မြတ်ဘုရားကို မှန်းနိုင်လောက်ပါပြီ။ ထိုဘုရားရှင်ကို မှန်း၍ လက်အုပ်ချီကာ "လက္ခဏာတော်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သပ္ပါယ်လှစွာ" စသောလင်္ကာကို ပြန်၍ဖတ်လိုက်ပါ။ အရသာ ပို၍ရှိပါလိမ့်မည်။

# သဗ္ဗညုတဉာဏ်တော်၏ အစွမ်း

## ကျက်မှတ်ရန် လင်္ကာ

၁။ သိရန့်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗညု ဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ များအပြားခွဲ၊ ဟောထားစဘွယ်၊ နည်းသွယ် သွယ်ကို၊ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်း တည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၄။ ဉာဏ်တော် စွမ်းပကား၊ ဤ ၃- ပါးကြောင့်၊ အများဝေနေ၊ ကျွတ်လွတ်စေဘို့၊ မနေမနား၊ သက်တော်အားဖြင့်၊ ကြီးမား လေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗ္ဗာန်၊ စံသည့်ကိုင်အောင်၊ သယ် ယူဆောင်၊ ဘုန်းခေါင် ငါတို့ဘုရားတည်း။

## လင်္ကာ၏ အဓိပ္ပါယ်

၁။ **သိရန်မှန်က မကျန်ရ။** ။“ဗုဒ္ဓ”ဟူသော ဘွဲ့နာမည်တော်ကို ရဘို့ ရန် အရင်းခံဖြစ်သော သဗ္ဗညုတဉာဏ်တော်သည်.... (၁) သိဘို့ရန် တရားမှန်သမျှကို မကျန်ရအောင် လုံးဝစုံလင် အကုန် သိမြင်နိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံတော်မူ၏။

**သိဘွယ် တရား။** ။စကြဝဠာ ကမ္ဘာလောကသည် အဆုံး မရှိအောင် မြားမြောင်လှသောကြောင့် အနန္တဖြစ်၏။ [အနန္တ=န+ အန္တ=အဆုံးမရှိ။] ထိုစကြဝဠာ အနန္တ၌ ရှိကြသော သတ္တဝါတို့ကား သာ၍ပင် အနန္တဖြစ်၏။ ထိုမျှလောက် အဆုံးမရှိအောင် မြားမြောင် သော်လည်း ထို သတ္တဝါအားလုံး၌ရှိသော တရားတို့သည် စိတ်၊ စေ တသိက်၊ ရုပ် ၃-မျိုးသာတည်း။ ထို ၃-မျိုးမှတပါး သတ္တဝါတို့၏ အတွင်း၌ မရှိသော နိဗ္ဗာန်နှင့် ပညတ်ကိုထည့်၍ သိဘို့ရန် တရားသည် အကျဉ်းချုပ်အားဖြင့် ၅-မျိုးသာ ရှိ၏။

**ဉေယျဓမ်တရားငါးပါး။** ။ထိုငါးမျိုးကို "ဉေယျဓမ်တရားငါးပါး" ဟု (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဉာဏကထာ မာတိကာအဖွင့်၌) ဆိုသည်။ [ဉေယျ=သိသင့် သိထိုက်သော +ဓမ္မ (ဓမ်) = တရား။] ထိုငါးပါးကား သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်း။ ဤငါးပါးကိုရည်ရွယ်၍ "များသင်္ခါရ၊ ဝိကာရနှင့်၊ လက္ခဏ, ပညတ်၊ နိဗ္ဗာန်ဓာတ်ဟု၊ ငါးရပ်သိရန်၊ ဉေယျဓမ်ကို၊ ဖောက်ပြန်မရှိ၊ ကိုယ်တော်တိုင်သိတော်မူသော" ဟု ရတနာ့ဂုဏ်ရည် သမ္မာသမ္ဗုဒ္ဓဂုဏ်တော် အဖွင့်၌ ပြခဲ့သည်။ [စိတ် စေတသိက်နှင့် နိပ္ဖန္နရုပ် ၁၈-ပါးကို သင်္ခါရဟုရင်း၊ အနိပ္ဖန္နရုပ် ၁၀-ပါးကို ဝိကာရ, လက္ခဏ" ဟုရင်း နာမည်တပ်သည်။]

**သက်မဲ့အရာဝတ္ထုကိုလည်း သိတော်မူ။** ။ဗုဒ္ဓမြတ်စွာသည် အသက်ရှိ သတ္တဝါတို့ကိုသာ သိတော်မူသည် မဟုတ်သေး။ အသက်မရှိသော သစ်ပင် တော တောင် မြေ ရေ လေ မီးတို့၏ အကြောင်း အရာကိုလည်း ကောင်းစွာသိတော်မူ၏။ သစ်ပင်ကို မြင်တော်မူလျှင် ဤသစ်ပင်သည် မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် ဖြူ၏။ မည်သည့် ဓာတ် လွန်ကဲသောကြောင့် နက်၏။ နီ၏။ ဝါ၏။ သစ်ခေါက် တို့သည် မည်သည့် ဓာတ် လွန်ကဲသောကြောင့် ကောက်၏။ ဖြောင့်၏။ ဆူး ရှိ၏။ ဆူးမရှိ။ နူညံ့၏။ ကြမ်း၏။ သစ်ရွက်တို့သည် မည်သည့် ဓာတ် လွန်ကဲသောကြောင့် ညို၏။ စိမ်း၏။ ဝါ၏။ ခြောက်၏။ ရွက်လှပင်၏ အရွက် တရွက်တည်း၌ပင် မည်သည့်ဓာတ် လွန်ကဲနေသောကြောင့် ဤနေရာသည် စိမ်း၏။ ထိုနေရာသည် နီ၏။ ဟိုနေရာသည် ဝါ၏။ ဤသို့ စသည်ဖြင့် သက်မဲ့ဝတ္ထုအားလုံး၏ အကြောင်းအရာကိုလည်း ကောင်းစွာသိတော်မူသည်။ [ဤ ဉာဏ်တော်ကို အနေကဓာတု နာနာဓာတုကို သိသောဉာဏ်ဟု ခေါ်၏။ သဗ္ဗညုတဉာဏ်တော်ဖြင့်လည်း သိနိုင်ပါသည်။]

**ကံနှင့်အကျိုးကိုလည်း သိတော်မူ။** ။ရှေးက ပြုလုပ်အပ်ခဲ့သော ကောင်းမှု-မကောင်းမှုကို (ထိုအမှုကို ပြုရာခဏ၌ ဖြစ်သော စေတနာကို) "ကံ"ဟု ခေါ်၏။ထိုကံ၏ သတ္တိသည် ခန္ဓာအစဉ်၌ အမြဲလိုက်ပါကြောင်း

ကိုလည်း သိတော်မူ၏။ ထိုကံ၏သတ္တိသည် နောက်နောက်ဘဝ၌ ဂတိ, ကာလ, ဥပဓိ, ပယောဂတို့၏ သမ္ပတ္တိဖြစ်မှု (ကောင်းမှု), ဝိပတ္တိဖြစ်မှု (မကောင်းမှု)ကို လိုက်၍ အကျိုးပေး၏။ဤသို့ခွဲခြား၍ သိတော်မူသည်။

**သမ္ပတ္တိ။** ။ကောင်းနေမှု ပြည့်စုံနေမှုကို "သမ္ပတ္တိ" ဟုခေါ်၏။ မိမိမှာရှိသော ကောင်းသောကံ အကျိုးပေးဘို့ရန် ထိုက်တန်သော ဘဝကို "ဂတိသမ္ပတ္တိ" ဟု ခေါ်၏။ ကောင်းသော ကံ၏ အကျိုးပေးဘို့ရန် ထိုက်တန်သော ကာလကို "ကာလသမ္ပတ္တိ" ဟု ခေါ်သည်။ ကောင်းသောအကျိုးကို ပေးဘို့ရန် ထိုက်တန်သော လှပသော ရုပ်အဆင်းကို "ဥပဓိသမ္ပတ္တိ" ဟုခေါ်၏။ ကောင်းသော အကျိုးပေးဘို့ရန် ထိုက်တန်သော ကာယပယောဂ (ကိုယ်ဖြင့်ပြုလုပ်မှု) ဝစီပယောဂ(နှုတ်ဖြင့်ပြောဆိုမှု) မနောပယောဂ (စိတ်ဖြင့် ကြံစည်မှု) တို့ကို "ပယောဂသမ္ပတ္တိ" ဟု ခေါ်၏။ ကောင်းသော ကံတို့သည် ထိုတို သမ္ပတ္တိနှင့်ကြုံမှ ကောင်းကျိုးကို ပေးနိုင်ကြသည်။

**ဝိပတ္တိ။** ။မကောင်းနေမှု ပျက်နေမှုကို "ဝိပတ္တိ" ဟု ခေါ်၏။ မိမိမှာရှိနေသော ကောင်းသောကံ၏ အကျိုးပေးဘို့ရန် မလျော်သော ဘဝ (ဂတိ), မလျော်သောကာလ, အရုပ်ဆိုးခြင်း, ကာယပယောဂ ဝစီပယောဂ မနောပယောဂတို့၏ ညံ့ဖျင်းခြင်းသည် ဝိပတ္တိ ဖြစ်၏။ ထိုဝိပတ္တိတခုခု ဖြစ်နေသောအခါ၌ ကောင်းသောကံသည် အကျိုးမပေးနိုင်။ မကောင်းသော အကုသိုလ်ကံသာ အကျိုးပေး၏။

**မှတ်ချက်။** ။သမ္ပတ္တိ ဝိပတ္တိဖြစ်မှုသည် မူသေ မဟုတ်။ လူ၏ အလုပ်လိုက်၍ အပြောင်းအလွဲရှိ၏။ ဥပမာ — လသာသောအခါသည် လူကောင်းများအတွက် သမ္ပတ္တိကာလ ဖြစ်၍, သူခိုးများအတွက် ဝိပတ္တိကာလ ဖြစ်သကဲ့သို့တည်း။

**ကံပြုတုန်းကပင်သိတော်မူ။** ။ကံကိုသိတော်မူရာ၌ ကံပြုတုန်းကပင် နောင် ပေးမည့်အကျိုးကို သိတော်မူ၏။ လူအများ စုပေါင်း၍ သူ့အသက်သတ်မှု စသော အကုသိုလ်တခုခုကို ပြုရာ၌ လူတယောက်သည်

လုံ့လဝီရိယ အလွန်ကောင်း၏။ လူတယောက်ကား သာမန်လောက်သာ
ကောင်း၏။ လူတယောက်မှာ အဖေါ်ဖြစ်သူတို့၏ ကျေနပ်ရုံ စိတ်
မပါ့တပါဖြင့် ပြု၏။ ထိုသူ ၃- ယောက် အကျိုးပေးရာ၌ ပဌမလူသည်
ငရဲသို့ကျနိုင်၏။ ဒုတိယလူသည် တိရစ္ဆာန် ဖြစ်နိုင်၏။ တတိယလူကား
တဆေ ပြိတ္တာ ဖြစ်နိုင်၏ဟု သူတို့၏စေတနာ ထက် - မထက်ကို ကြည့်၍
ကံပြုတုန်းကပင် သိတော်မူသည်။

**စုပေါင်းဒါန။** ။လူသုံးယောက် စုပေါင်း၍ ဆွမ်းဒါန စသော
ဒါနပြုရာ၌လည်း ဤသို့ စေတနာထက် - မထက်လိုက်၍ ပဌမလူသည်
ခတ္တိယမျိုး၌ ဖြစ်နိုင်၏။ ဒုတိယ လူသည် ဗြာဟ္မဏမျိုး၌ ဖြစ်နိုင်၏။
တတိယလူကား ဝေဿ (လယ်ယာ လုပ်ကိုင်သူ၊ နွားမွေးသူ၊ ကုန်
ကူးသန်းရောင်းဝယ်သူ) အမျိုး၌ ဖြစ်နိုင်၏။ ဤသို့ သိတော်မူ၏။

**တယောက်ချင်းဒါန။** ။တယောက်ချင်း အလှူဒါနပြုရာ၊ ဥပုသ်
သီတင်း ဆောက်တည်ရာ၊ ဘာဝနာပွါးများရာတို့၌လည်း ဂုဏ် ပကာ
သနကို လိုလား၍ပြုလျှင် အောက်တန်းကောင်းမှု ဖြစ်၏။ လူ နတ်
စည်းစိမ်ကို မှန်း၍ပြုလျှင် အလယ်တန်းကောင်းမှု ဖြစ်၏။ မဂ်ဖိုလ်
နိဗ္ဗာန်ကို တောင်းတ၍ပြုလျှင် ပဌမတန်း ကောင်းမှု ဖြစ်၏။

**အလောင်းတော်တို့၏ ကောင်းမှု။** ။ဘာကိုမျှ မတောင်းတဘဲ
ဆင်းရဲသူများ ချမ်းသာစေလို၍ ပြုအပ်သောဒါန၊ စိတ် စင်ကြယ်စေ
လို၍ ပြုအပ်သော သီလ ဘာဝနာတို့ကား ဘုရားအလောင်းတော်
တို့၏ ပြုလေ့ရှိသော ကောင်းမှုဖြစ်၍ အလွန်ဖြူစင်သည်။ ဤသို့ ကံပြု
စဉ်ကပင် စိတ်မနေ စိတ်ထား ကွဲပြားနေသော ထိုထို ကောင်းမှု-
မကောင်းမှု၏ အစွမ်းသတ္တိတို့ကို ဗုဒ္ဓမြတ်စွာသည် ကံပြုစဉ်ကပင် ပေး
မည့်အကျိုးကို သိတော်မူ၏။ ဤသို့လျှင် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်
တော်သည် သိရန်ဟူသမျှကို သိမြင်တော်မူပါသည်။

**၂။ သိသည့်တရား များအပြား၌။** ။သိအပ်ပြီးသော တရားတို့
သည် အလွန်များ၏။ ထိုများပြားသော တရားတို့ကို သူတပါးသိအောင်
ဟောပြတော်မူရာ၌ နည်းအမျိုးမျိုးဖြင့် ဟောတော်မူရ၏။ ထိုသို့ ဟော
ဘို့ရန် နည်းအမျိုးမျိုးကို သိတော်မူခြင်းသည် သဗ္ဗညုတ ဉာဏ်တော်၏
အစွမ်း တမျိုးပင် ဖြစ်သည်။ ထိုသို့ နည်းအမျိုးမျိုးဖြင့် လေးဆယ့်

ငါးဝါ ကာလပတ်လုံး ဟောတော်မူအပ်သောကြောင့် "ဗုဒ္ဓ မြတ်စွာ၏ တရားဓမ္မက္ခန္ဓာတော်ပေါင်း ရှစ်သောင်းလေးထောင်ရှိ၏" ဟု ရှေးဆရာ အဆက်ဆက်တို့ တွက်ပြခဲ့ကြ မှတ်သားခဲ့ကြပေသည်။ [ ဓမ္မ=တရား တော်+ခန္ဓ=အစု။ ]

**၃။ ကျွတ်ထိုက်ကြပေ ပျားဝေနေ၏။** ။ဘုရားရှင် ဟောပြော ပြသ ဆုံးမထိုက်သော သတ္တဝါကို "ဝေနေယျ" ဟု ခေါ်၏။ "သံသရာ ဝဋ္ဋဒုက္ခမှ ကျွတ်ထိုက် လွတ်ထိုက်သော သတ္တဝါများဖြစ်၍ ဘုရားရှင် ဆုံးမထိုက်သော သတ္တဝါများ" ဟု ဆိုလိုသည်။

**ဇလန္ဒြေစရိုက်။** ။ထိုသတ္တဝါများ၌ သဒ္ဓိန္ဒြေ ပညိန္ဒြေ စသော ဣန္ဒြေ တို့သည် အနုအရင့် ကွဲပြားကြ၏။ စရိုက်လည်း အမျိုးမျိုးရှိ၏။ တချို့က ရာဂစရိုက်ရှိ၏၊ ရာဂအားကြီး၏။ တချို့က ဒေါသစရိုက်ရှိ၏၊ ဒေါသ အားကြီး၏။ တချို့က မောဟစရိုက် ရှိ၏၊ မောဟ အားကြီး၏။ တချို့က ဝိတက်စရိုက်ရှိ၏၊ အကြံများ၍ အလုပ် မတွင်။ တချို့က သဒ္ဓါစရိုက်ရှိ၏၊ ရတနာ ၃-ပါးကိုင်း၊ ကံနှင့် ကံ၏ အကျိုးကိုင်း ယုံ ကြည်၏။ တချို့က ပညာစရိုက်ရှိ၏၊ အသိဉာဏ်ကြီး၏။

**သဒ္ဓါ ပညာ ညီမျှမှ အကျိုးရ။** ။သဒ္ဓါအားကြီး၍ ပညာ နည်း နေလျှင် ညာဖြန်း ဟောအပ်သော တရား အတု အယောင်ကို အမှန် ထင်တတ်၏။ "ပညာကြီး၍ သဒ္ဓါတရား မရှိလျှင် ဥပုသ်စောင့်နေတို့ မလိုပါ။ စိတ်ကောင်းရှိလျှင် ပြီးတာဘဲ။ လှူနေတို့ မလိုပါ။ သူများအလှူ ကို သာခုခေါ်လျှင် ပြီးတာဘဲ" ဟု ပရိယာယ် မာယာများနေတတ်၏။ သဒ္ဓါနှင့် ပညာ ညီမျှမှ အကျိုးရပါသည်။

**သူ့အကြိုက်။** ။သတ္တဝါတို့၌ အလို ဆန္ဒဟု ခေါ်အပ်သော အဇ္ဈာသယအကြိုက်လည်း အမျိုးမျိုးရှိ၏။ ထိုအဇ္ဈာသယကို အဓိမုတ္တိ (စွဲစွဲမြဲမြဲ သက်ဝင်ခြင်း) ဟု ခေါ်၏။ ထိုအကြိုက်သည် တချို့က အောက် တန်းကျ၏။ တချို့က အထက်တန်းကျ၏။ စိတ်နေစိတ်ထား အောက်တန်း ကျသူသည် မိမိကဲ့သို့ အောက်တန်းကျသူတို့နှင့်သာ ပေါင်းသင်းလေ့ရှိ၏။ စိတ်နေစိတ်ထား အထက်တန်းကျသူကလည်း မိမိကဲ့သို့ အထက်တန်း ကျသူတို့နှင့်သာ ပေါင်းသင်းလေ့ရှိသည်။

**နှိုက်ချွတ်စုံလင် အကုန်မြင်။** ။ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ သဒ္ဓါစသော ဣန္ဒြေအမျိုးမျိုးကိုငင်း၊ စရိုက်အမျိုးမျိုးကိုငင်း၊ အဇ္ဈာသယဟု ခေါ်အပ်သော အကြိုက် အမျိုးမျိုးကိုငင်း နှိုက်နှိုက်ချွတ်ချွတ် အစုံအလင် သိမြင်တော်မူ၏။ ထို သိမြင်တော်မူခြင်းသည် သဗ္ဗညုတဉာဏ်တော်၏ အစွမ်းတပါးပင်တည်း။

**၄။ ဉာဏ်တော်စွမ်းပကား ဤ ၃-ပါးကြောင့်။** ။သိစရာဟူသမျှကို အကုန်သိနိုင်တော်မူခြင်း၊ ဟောထိုက်သော တရားတို့၌ ဟောဘို့ရန် နည်းအမျိုးမျိုးကို သိတော်မူနိုင်ခြင်း၊ ဝေနေယျသတ္တဝါတို့၏ ဣန္ဒြေ အမျိုးမျိုး, စရိုက်အမျိုးမျိုး, အကြိုက် (အဇ္ဈာသယ) အမျိုးမျိုးကို သိတော်မူခြင်း- ဤ ၃-ပါးကို သဗ္ဗညုတဉာဏ်တော်၏ အစွမ်း ၃-ပါးဟု မှတ်ပါ။

**အများဝေနေ ကျွတ်လွတ်စေဘို့ မနေမနား။** ။သမားတော်တယောက်သည် ဆေးအမျိုးမျိုးကိုလည်း သိ၏။ ထိုဆေးများကို ဖော်စပ်ဘို့ရန် နည်းအမျိုးမျိုးကိုလည်း သိ၏။ သူနာ၏ ရောဂါအမျိုးမျိုးကို စစ်ဆေး မေးမြန်းသောအားဖြင့် ရောဂါ၏ ဖြစ်လာပုံ အကြောင်းစုံကိုလည်း သိ၏။ ထို အစွမ်း ၃-ပါးနှင့်ပြည့်စုံသော သမားတော်သည် ရောဂါ အမျိုးမျိုးကို ပျောက်အောင် ကုနိုင်၏။ ကုလို့ မရနိုင်သော ရောဂါကိုလည်း "မရနိုင်" ဟုပင် သိ၏။ ထို့အတူ ဗုဒ္ဓမြတ်စွာသည် အစွမ်း၃-ပါးနှင့်ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ကြောင့် များစွာသော သတ္တဝါတို့ကို သံသရာဝဋ်မှ လွတ်စေဘို့ရာ ၄၅-ဝါ ကာလ ပတ်လုံး ခေတ္တမျှသာ ကျိန်းစက်တော်မူ၍ တနေရာတည်း၌ နေတော်မမူဘဲ အချိန်အားယူ၍ နားလည်း နားတော်မမူဘဲ။

**ပရိနိဗ္ဗာန် စံသည့်တိုင်အောင်။** ။နောက်ထပ် ခန္ဓာတော် ဖြစ်ဘို့ရန် ပဋိသန္ဓေ နေရခြင်းမရှိဘဲ ခန္ဓာဝန်ကြီးကို ပစ်ချသောအားဖြင့် ခန္ဓာဇာတ်သိမ်း၍ ငြိမ်းတော်မူခြင်းကို "ပရိနိဗ္ဗာန်" ဟု ခေါ်၏။ ဗုဒ္ဓမြတ်စွာတို့၏ ထုံးစံမှာ အသက်တမ်းကို ၅-ပုံ ပုံ၍ တပုံ အကျန် လောက်တွင် ပရိနိဗ္ဗာန် စံတော်မူရိုးဖြစ်၏။ အလွန် အိုမင်းအောင် နေတော်မူရိုး မရှိ။ ထို့ကြောင့် ငါတို့၏ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာသည်

အသက်တမ်း၏ ၅-ပုံတွင် တပုံလောက် အကျန်ဖြစ်၍ အလွန် အိုမင်းတော်မမူခင် သက်တော်ရှစ်ဆယ် ပြည့်သောအခါ ပရိနိဗ္ဗာန် စံတော်မူပါသည်။

**သယ်ယူဆောင်။** ။ထို ပရိနိဗ္ဗာန် စံတော်မူခါနီး၌ ဝမ်းတော်လား၍ အားနည်းတော်မူလျက် သုဘဒ္ဒရသေ့ ပရိဗ္ဗိုဇ်ကို ကျွတ်လွတ်စေဘို့ရန် ပါဝါမြို့မှ ၃-ဂါဝုတ်ဝေးသော ကုသိနာရုံမြို့သို့ ကြွတော်မူခဲ့သည်။ ဤသို့ ဗုဒ္ဓမြတ်စွာသည် မမွစကြာ တရားဦးကို ဟောတော်မူသည်မှစ၍ ပရိနိဗ္ဗာန်စံခါနီး တိုင်အောင် ကျွတ်ထိုက်သော သတ္တဝါတို့ကို နိဗ္ဗာန်သို့ သယ်ယူပို့ဆောင်တော်မူပါသည်။

## ဘုန်းခေါင် ငါတို့ဘုရားတည်း

၁။ သာကီဝင်မင်းမျိုး၌ ဖွားမြင်၍ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်သော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာ ဘုရားတည်း။

၂။ လေးအသင်္ချေနှင့် ကမ္ဘာတသိန်းက ဆည်းပူးအပ်ခဲ့သော ပါရမီတော်တို့၏အဟုန်ဖြင့် တကိုယ်လုံး ခြုံ၍ ကျက်သရေ မင်္ဂလာရှိအောင် မွမ်းထုံထားအပ်သော ဘုရားသည် ငါတို့၏ကိုးကွယ်ရာ ဘုရားတည်း။

၃။ ဆရာမကူ သယမ္ဘူဖြစ်သော အတုလည်းမရှိသော အရဟတ္တမဂ်ဉာဏ်တော်ဖြင့် ရာဂဒေါသ စသော ကိလေသာ အညစ်အကြေးတို့ကိုပယ်နိုင်သောကြောင့် သန့်ရှင်းသောစိတ်အစဉ်ဖြင့် ကြည်လင်အေးမြတော်မူသောဘုရားသည် ငါတို့၏ ကိုးကွယ်ရာဘုရားတည်း။

၄။ ဒီပင်္ကရာ ဘုရားရှင်၏ ခြေတော်ရင်းမှစ၍ ကြီးမားလှသော မဟာကရုဏာ ဉာဏ်တော်ဖြင့် သတ္တဝါတို့ကို သနားတော်မူသော ဘုရားသည် ငါတို့၏ ကိုးကွယ်ရာ ဘုရားတည်း။

၅ ။ "သမ္မာသမ္ဗောဓိ" အမည်ရှိသော သဗ္ဗညုတဉာဏ်တော်၏ အရှင်ဖြစ်၍ ထိုဉာဏ်တော်၏ အစွမ်း ၃-ပါးကြောင့် မနေမနား သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သတ္တဝါတို့ကို နိဗ္ဗာန်သို့ သယ်ယူပို့ဆောင်တော်မူသော မြတ်ဘုရားသည် ငါတို့၏ထိပ်ခေါင်၌ တင်ထားအပ်သော ဘုရားပင် ဖြစ်ပါသတည်း။

# ဇိနဘွဲ့တော်ရထိုက်သောပုဂ္ဂိုလ်

## မာရ်ငါးပါး အောင်တော်မူပုံ

**ကျက်မှတ်ရန်** ဘုန်တော်ထိန်းလျှမ်း၊ ကျွန့်ထိပ်ပန်းကား- အစွမ်းနှိပ်နင်း၊
**လင်္ကာ** နယ်ပယ်တွင်းမှ၊ လွတ်ကင်းထွက်ခြား၊မာရ်နတ်သားတည်း၊
ထပ်ပွါးအသစ်၊ မဖြစ်နိုင်စေ၊ ကိလေ-ဘိသင်၊ မာရ်နှစ်အင်
လောင်း၊ အကြောင်းသမုဒယ၊ ပယ်ချပိုင်ပိုင်၊ သိနိုင်သမျှ၊ ခန်- မစ္စုဟူ၊
နှစ်ခုမာရ်နှင့်၊ ပေါင်းငါးအင်ကို၊ ပင်ဗောဓိမင်း၊ အောင်မြေတွင်း၌၊
မကြွင်းကုန်စင်၊ အောင်ပွဲယဉ်သည်....မြတ်ရှင်ဇိန-ဘွဲ့တော်ဘုရား။

## လင်္ကာ၏ အဓိပ္ပါယ်

**ဘုန်းတော် ထိန်လျှမ်း၊ ကျွန့်ထိပ်ပန်းကား။** ။ဘဂဝါဂုဏ်တော်ဖွင့်၍ ပြအပ်သော ဘုန်းတော်ခြောက်ပါးဖြင့် တောက်ပ ထိန်လျှမ်းသော ဗုဒ္ဓ မြတ်စွာသည် ဗုဒ္ဓဘာသာဝင်ဖြစ်သော အကျွန်ုပ်တို့၏ ဦးထိပ်ဝယ် ဦးဆောက်ပန်းသဘွယ် တင့်တယ်တော်မူ၏။

**မာရ်ငါးပါးကို အောင်တော်မူ။** ။"မာရ" ဟူသော ပါဠိသည် "သတ်တတ် နှိပ်စက်တတ်" ဟူသော အနက်အဓိပ္ပါယ်ကို ပြ၏။ ထိုမာရကို "မာရ်" ဟု မြန်မာပြန်ကြသည်။ ထို သတ်ဖြတ်တတ် နှိပ်စက်တတ်သောမာရ်သည် ဒေဝပုတ္တမာရ်၊ကိလေသမာရ်၊အဘိသင်္ခါရမာရ်၊ခန္ဓမာရ်၊ မစ္စုမာရ်အားဖြင့် ငါးပါးရှိ၏။ မိမိဆိုင်ရာ ရန်မာရ်တို့ကို အောင်နိုင်သော ပုဂ္ဂိုလ်သည် "ဇိန" ဟူသော အမည်တော်ကို ရ၏။ ငါတို့၏ ဗုဒ္ဓမြတ်စွာ သည် ထိုမာရ်ငါးပါးကို ဗုဒ္ဓဖြစ်တော့မည့် ညဥ့်၏ ရှေ့ပိုင်း နောက်ပိုင်း အချိန်မှာပင် ကောင်းစွာအောင်နိုင်တော်မူခဲ့သောကြောင့် "ဇိန" ဟူသော ဘွဲ့နာမည်တော်ကို ရခဲ့ပေသည်။ [ပဉ္စမာရေ-ငါးပါးသောရန်မာရ်တို့ကို+ ဇိတဝါ- အောင်တော်မူပြီး။ ဣတိ- ထို့ကြောင့်။ ဇိနော-ဇိနမည်တော် မူ၏။]

**ဒေဝပုတ္တမာရ်။** ။ဝသဝတ္တိ နတ်ပြည်၌ သူပုန်များ တန်ခိုးကြီးသကဲ့သို့ သူ့နည်းနှင့်သူ တန်ခိုးကြီးသော မာရ်နတ်ကို "ဒေဝပုတ္တ" ဟု ခေါ်၏။ ထိုမာရ်နတ်သည် ဘုရားဖြစ်တော်မူမည့် ကဆုန်လပြည့် ညဦးသို့ မရောက်ခင် နေမဝင်မီအချိန်၌ ဗောဓိပင်အောက်ဝယ် သမာဓိကြီးစွာ တရားဝင်နေသော ဗုဒ္ဓအလောင်းတော်ကို သမာဓိပျက်အောင်နှောင့်ယှက်ဘို့ရန် နတ်စစ်သည်များစွာနှင့် အတူလာ၍ လက်နက်အမျိုးမျိုးဖြင့် ပစ်ခတ်၏။ နှုတ်အားဖြင့်လည်း ဤဗောဓိပင်ဝယ် တင်ပလ္လင် ထိုင်ရာမှ ထသွားဘို့ရန် နှင်ထုတ်သည်။

**အောင်တော်မူခြင်း။** ။ဗုဒ္ဓမြတ်စွာသည် သဒ္ဓါဗိုလ် ပညာဗိုလ်စသော စစ်သည် ဗိုလ်ပါတို့ဖြင့် ခန္တီ မေတ္တာစသော ပါရမီတော် လက်နက်များကို အသုံးပြု၍ ကာကွယ်တော်မူ၏။ ထိုအခါ၌ မာရ်စသည်တို့၏ လက်နက်များသည် အစွမ်းမထက်ကြတော့သဖြင့် မာရ်နတ်၏ အစွမ်းသတ္တိကို နှိမ်နင်းပြီးဖြစ်၏။ မာရ်နတ်၏ တန်ခိုးသတ္တိသည် ကာမဘုံ၌သာ ရှိ၏။ ထိုကာမဘုံ၏ ကာမဂုဏ်အာရုံကို ခံစားလိုသော ကိလေသာစိတ် မရှိတော့သဖြင့် မာရ်နတ်၏ နယ်ပယ်ကိုလည်း လွန်မြောက်တော်မူပြီး ဖြစ်၏။ ဤသို့ မာရ်နတ်၏ အစွမ်းကို နှိပ်နင်းတော်မူခြင်း၊ မာရ်နတ်၏ နယ်ပယ်ကို လွန်တော်မူခြင်းဖြင့် အောင်တော်မူသောကြောင့် "အစွမ်း နှိပ် နင်း၊ နယ်ပယ် တွင်း မှ၊ လွတ်ကင်းထွက်ငြား၊ မာရ်နတ်သားတည်း" ဟု လင်္ကာ၌ ဆိုသည်။

**ကိလေသမာရ်။** ။ဘဝများစွာ သံသရာ၌ ခန္ဓာအစဉ်ဝယ် ကိန်းဝပ်၍ ပါနေသော လောဘ ဒေါသ မောဟ စသော ကိလေသာ တို့သည် မိမိဆိုင်ရာခန္ဓာအစဉ်ကိုပင် ဒုက္ခရောက်အောင် ညှဉ်းဆဲတတ်သောကြောင့် "ကိလေသမာရ်" ဟု ခေါ်သည်။ ထိုကိလေသမာရ်ကို ဗောဓိပင်အောက်ဝယ် ဘုရားဖြစ်ခါနီး၌ အရဟတ္တမဂ်ဖြင့် အကုန် ပယ်နိုင်သောကြောင့် အောင်တော်မူပြီး ဖြစ်၏။

**အဘိသင်္ခါရမာရ်။** ။ခန္ဓာကိုယ်၌ရှိသော ရုပ်နာမ်တို့ကို ပြုစီမံတတ်သော ရှေးရှေးကံသည် ဇာတိဒုက္ခစသည်တို့၏ အရင်းခံဖြစ်၍ ညှဉ်းဆဲတတ်သောကြောင့် "အဘိသင်္ခါရမာရ်" မည်၏။ ထိုကံဟူသော အဘိသင်္ခါရသည် အဝိဇ္ဇာ တဏှာ အဖော်ပါမှ ဘဝခန္ဓာ အကျိုးကို ဖြစ်စေနိုင်၏။ အဝိဇ္ဇာ တဏှာ အဖော်မရှိလျှင် မအောင်မြင်သော မျိုးစေ့ကဲ့သို့ ခန္ဓာအပင်ကို မပေါက်စေနိုင်။ ထို့ကြောင့် အဘိသင်္ခါရ မည်သော ကံသည်

ခန္ဓာအသစ်ကို ထပ်၍ မဖြစ်စေနိုင်ရကား ထို အဘိသင်္ခါရ မာရ်ကိုလည်း အောင်တော်မူပြီး ဖြစ်၏။ ထို့ကြောင့် "ထပ်ပွါးအသစ်၊ မဖြစ်နိုင်စေ၊ ကိလေ-ဘိသင်၊မာရ်နှစ်အင်လောင်း" ဟု လင်္ကာ၌ဆိုသည်။

**ခန္ဓမာရ် မစ္စုမာရ်။** ။ဤခန္ဓာကိုယ်သည် ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခ စသော (ဓမ္မစကြာ၌ လာသော)ဒုက္ခတို့ဖြင့် မိမိဆိုင်ရာ သတ္တဝါကို ညှဉ်းဆဲနှိပ်စက်တတ်၏။ ထို့ကြောင့်"ခန္ဓမာရ်"ဟုခေါ်ရသည်။ သေခြင်းသဘောကို "မစ္စု"ဟုခေါ်၏။ ထိုမစ္စုသည် သေခါနီး၌ မိမိ ဖြစ်ရာ သတ္တဝါကို ရောဂါ ဒဏ်ဖြင့်လည်း နှိပ်စက်တတ်၏။ လက်ရှိ သံယောဇဉ်ဖြစ်သော သက်ရှိ သက်မဲ့ ဆွေမျိုး ဥစ္စာတို့နှင့် ခွဲရမည့်အရေးကို တွေး၍ စိတ်ဆင်းရဲစေသောအားဖြင့်လည်း နှိပ်စက်၏။ ရောက်ရမည့် နောက်ဘဝက မသေချာသည့်အတွက် ကြောက်ရွံ့စေသောအားဖြင့်လည်း ပုထုဇဉ်တို့ကို နှိပ်စက်၏။ ထို့ကြောင့် သေရခြင်း သဘောကို "မစ္စုမာရ်" ဟု ခေါ်ရသည်။

**မာရ် ၂-ပါးကို အောင်တော်မူပုံ။** ။ဗုဒ္ဓ မြတ်စွာသည် ခန္ဓာကိုယ်တော် ရှိနေသေးသောကြောင့်၎င်း၊ ဤဘဝ၌ ပရိနိဗ္ဗာန်စံခြင်းဟူသော မစ္စုရှိသေးသောကြောင့်၎င်း ထို မာရ်၂-ပါးကို မုချအားဖြင့် အောင်တော်မူပြီးဟု မဆိုနိုင်ပါ။ သို့သော် နောက်နောက်ဘဝ၌ ခန္ဓာအသစ် ဖြစ်ဘို့ရန် အကြောင်းဖြစ်သော တဏှာ သမုဒယကို ပယ်နိုင်လျှင် နောက်နောက် ခန္ဓာများ ဖြစ်တော့မည် မဟုတ်။ ခန္ဓာအသစ် မဖြစ်လျှင် မစ္စု(သေခြင်း)လည်း ဖြစ်တော့မည် မဟုတ်။

ထို့ကြောင့် အကြောင်းဖြစ်သော တဏှာ သမုဒယကို ပယ်လျှင် အကျိုးဖြစ်သော ခန္ဓ မစ္စု ၂-ပါး ကို အောင်တော်မူပြီး ဖြစ်တော့၏။ ထို့ပြင်- ထိုခန္ဓ ထိုမစ္စုတို့၏ ဖြစ်ပုံအကြောင်းအရာကို ကောင်းစွာ ပိုင်ပိုင် သိနိုင်သောကြောင့်လည်း ထို ခန္ဓ-မစ္စု ၂- ပါးကို အောင်ပြီး ဖြစ်၏။ ထို့ကြောင့် "အကြောင်း သမုဒယ၊ ပယ်ချပိုင်ပိုင်၊ သိနိုင်သမှု၊ ခန်- မစ္စုဟု၊ နှစ်ခုမာရ်နှင်" ဟု လင်္ကာ၌ ဆိုသည်။

**မြတ်ရှင်ဇိန ဘွဲ့တော်ဘုရား။** ။ဤပြခဲ့သောနည်းဖြင့် မာရ်ငါးပါးကို ဗုဒ္ဓဖြစ်တော်မူရာ ဗောဓိပင် အောင်မြေ အတွင်းဝယ် အောင်မြင်တော်မူခဲ့သောကြောင့် ဗုဒ္ဓမြတ်စွာ၏ အပေါ်၌ "ဇိန" ဟူသော ဘွဲ့နာမည်တော်ကို တင်ရပါသည်။

# ဘဂဝါဒွဲတော် ရထိုက်သောပုဂ္ဂိုလ်

## ကျက်မှတ်ရန် လင်္ကာ

၁။ ကိုယ်တော်မြတ်၏၊ စိတ်ဓာတ်တော်မှ၊ စ၍ မကြွင်း၊ လူ နတ်
မင်းကို၊ ပိုင်နင်းအုပ်စိုး၊ လွှမ်းမိုးနိုင်ဘိ "ဣဿရိယ" ဘုန်းတော်....

၂။ ကိလေသာရန်၊ ပယ်ဖျက်လှန်ဘို့၊ နိဗ္ဗာန်ဖိုလ်မဂ်၊ ကိုးချက်
အပြား၊ လောကုတ္တရာတရားဟူသော "ဓမ္မ" ဘုန်းတော်....

၃။ ဟုတ်တိုင်းမှန်စွာ၊ ဖြစ်ပေါ်လာ၍၊ ကမ္ဘာတိုက်ပေါင်း၊သောင်း
လောကဓာတ်၊ ပွဲ့ဘင် ထပ်မျှ၊ နှံ့စပ် သတင်း၊ ကျော်စောခြင်း
ဟူသော "ယသ" ဘုန်းတော်....

၄။ ရွှေမျက်နှာတော်၊ လက်ခြေတော်မှ၊ စ၍ မကြွင်း၊ ပင်လုံးဝင်း
သည့်၊ ပန်မင်း အနေ၊ ကျက်သရေမင်္ဂလာ၊ စုဝေးကာဖြင့်၊
လွန်စွာတင့်တယ်၊ သပ္ပါယ်တော်မူသော "သိရီ" ဘုန်းတော်....

၅။ အလိုတော်အတိုင်း၊ တောင့်တတိုင်းပင်၊ မဆိုင်းမတွ၊ ပြီးစီး
ရသည့် "ကာမ" ဘုန်းတော်....

၆။ တလောကလုံး၊ ညွတ်ရိုးကိုယ်စား၊ အားထားဘို့ရာ၊ လွန်စွာ
ကြိုးကုတ်၊ အားထုတ်တော်မူသော "ပယတ္တ" ဘုန်းတော်....

ဤခြောက်ဖော်ဂုဏ်၊ ဘုန်းတော်ဟုန်ဖြင့်၊ သုံးဘုံ လွှမ်းကျော်၊ လွန်
ထင်ပေါ်၍၊ ဘွဲ့တော် ဘဂဝါ၊ တင်ရပါသည်၊ ကမ္ဘာထွတ်ထား မြတ်
ဘုရား။

**ဘုန်းတော် ၆-ပါး။** ဗုဒ္ဓမြတ်စွာ၌ "ဘဂဝါ" ဟူသော ဘွဲ့နာ
မည်တော်ရခြင်း၏ အကြောင်းသည် အလွန်များ၏။ ထိုအကြောင်းများ
စွာတို့တွင်ဖ ဤနေရာ၌ "ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူခြင်း"
ဟူသော အကြောင်းတမျိုးကိုသာ ပြပါမည်။ ဣဿရိယ၊ ဓမ္မ၊ ယသ၊
သိရီ၊ ကာမ၊ ပယတ္တဟူသော ဤ ၆-ပါးကို "ဘုန်းတော် ၆-ပါး"ဟု
ခေါ်ပါသည်။

**ဉာဏ်ရိယဘုန်းတော်။** ။ဗုဒ္ဓမြတ်စွာသည် မိမိ၏စိတ်တော်ကိုအလို ရှိရာ အာရုံ၌ တည်ငြိမ်အောင် ထားတော်မူနိုင်သည်။ ဤသို့ ထား တော်မူနိုင်ခြင်းသည် စိတ်တော်ကို အစိုးရခြင်းတည်း။ လူမင်း နတ်မင်း ဗြဟ္မာမင်း တို့ကိုလည်း တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော် မူကာ အကျွတ်တရားကို ရစေတော်မူနိုင်၏။ ထိုသို့ တရားရသော မင်း များကိုလည်း ဗုဒ္ဓမြတ်စွာသည် အစိုးရတော်မူ၏။ ဤသို့ စိတ်တော် ကိုငင်း၊ မင်းအများကို ပဓာနထား၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို ငင်း အစိုးရတော်မူခြင်းသည် ဉာဏ်ရိယ ဘုန်းတော်ပင် ဖြစ်သည်။ [ဉာဏ်ရိယ = အစိုးရသောပုဂ္ဂိုလ်၏ + ဉာယ= အဖြစ်။ အစိုးရခြင်း။] ထို ဉာဏ်ရိယ ဘုန်းတော်သည် အဏိမာ လဃိမာ စသော အားဖြင့် ရှစ် ပါး ပြားပြန်၏။ ထိုရှစ်ပါးကို ရှတနာ့ဂုဏ်ရည် ဘဂဝါ ဂုဏ်တော် အဖွင့်၌ ပြထားသည်။

**ဓမ္မဘုန်းတော်။** ။ဘုန်းကံ ကြီးမားသော ပုဂ္ဂိုလ်တပါး၌ ထူး ခြားသော တရားဓမ္မ ရှိရသည်။ ဗုဒ္ဓမြတ်စွာ၌ကား မဂ် ၄-ပါး ဖိုလ် ၄-ပါး နိဗ္ဗာန်တရားဟူသော ထူးခြားသော လောကုတ္တရာတရားများ ရှိပါသည်။ ထိုတရားများကြောင့် ကိလေသာ အနောက် အကျုတွေ့ ကင်းစင်ရကား ဗုဒ္ဓမြတ်စွာ၏ စိတ်တော်အစင်သည် အမြဲ ကြည်လင် အေးမြတော်မူပါသည်။

**ယသဘုန်းတော်။** ။အရပ်ရပ်တို့၌ နှံ့စပ် ကျော်စောသော ဂုဏ် တော်ကို "ယသ ဘုန်းတော်"ဟု ခေါ်၏။တချို့ ပုဂ္ဂိုလ်များ၌ နာမည် ကျော်ကြားသော်လည်း အစစ်အမှန်ရှိသော ဂုဏ်ကြောင့် ကျော် ကြားသည်မဟုတ်။အသိုင်းအဝိုင်းဖြင့် မကျော်-ကျော်အောင် ဝါဒဖြန့်မှု ကြောင့် အထိုက်အလိုက် ကျော်ကြားကြရသည်။ ထို ကျော်ကြားမှု ကလေးသည်လည်း ကြာကြာမခံပါ။ မကြာခင် မှေးမှိန်သွားတတ်၏။ ဗုဒ္ဓမြတ်စွာကား လူဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံရောက်အောင် နတ် ဗြဟ္မာတို့ အတွင်း၌ ဂုဏ်သတင်း ပျံ့မွှေးတော်မူသည်။ ဤစကြဝဠာ ကမ္ဘာ လောက၌သာ မက နတ် ဗြဟ္မာတို့က တဆင့် တဆင့် ပြောကြသော ကြောင့် စကြဝဠာ ကမ္ဘာဘသောင်းတိုင်အောင် ဂုဏ်သတင်း ပျံ့နှံ့ တော်မူပါသည်။

**သိရီဘုန်းတော်။** ။ဗုဒ္ဓမြတ်စွာ၏ ကိုယ်လုံး ကိုယ်ပေါက်နှင့်တကွ မျက်နှာတော် လက်ခြေတော် စသော ရုပ်လက္ခဏာတော်သည် (ဗုဒ္ဓဘွဲ့တော်၌ ပြခဲ့သည့်အတိုင်း) ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းသဘွယ် အလွန် တင့်တယ်တော်မူရကား ဖူး၍မဝနိုင်အောင် ကျက်သရေကို ဆောင်တော်မူပါသည်။

**ကာမဘုန်းတော်။** ။လိုလား တောင့်တတော်မူသည့်အတိုင်း ပြည့်စုံသော ဂုဏ်တော်ကို "ကာမဘုန်းတော်" ဟု ခေါ်၏။ ဗုဒ္ဓမြတ်စွာသည် သုမေဓာရသေ့ ဘဝတုန်းက ဒီပင်္ကရာ မြတ်စွာဘုရားကဲ့သို့ သတ္တဝါအများကို ကယ်တင်နိုင်ဘို့ရန် စိတ်ဖြင့် လိုလားတော်မူ၏။ "ဗုဒ္ဓေါ ဗောဓေယျံ = ငါသည့် တရားထူးကို သိလို့ ရှိလျှင် ဝေနေယျသတ္တဝါတို့ကိုလည်း သိတော်မူအံ့" ဟု နှုတ်တော်ဖြင့် တောင့်တတော်မူခဲ့၏။ ဘုရားဖြစ်သောအခါ ထိုတောင့်တသည့်အတိုင်းပြီးစီး၏။ ဓမ္မစကြာတရား ဟောတော်မူသောအခါ၌ပင် တဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့ သစ္စာ ၄-ပါးကို သိနိုင်ကြပေသည်။

**ပယတ္တဘုန်းတော်။** ။လောက၌ ဥာဏ်ပညာနှင့် လုံ့လဝီရိယရှိသူကို အများက အားကိုး၏။ ဗုဒ္ဓမြတ်စွာသည်ကား တလောကလုံး၏ အားကိုးလောက်အောင်ပင် လုံ့လဝီရိယကြီးမားတော်မူ၏။ နေ့စဉ် နေ့စဉ် ကျွတ်ထိုက်သောသတ္တဝါတို့ကို ဥာဏ်တော်ဖြန့်၍ ကြည့်တော်မူ၏။ ထိုသတ္တဝါသည် အဝေးအရပ်၌ရှိလျှင် အချိန်အားလျော်စွာ တန်ခိုးဖြင့်ကြွ၍ တရားဓမ္မကို ဟောပြတော်မူကာ တရားထူးကို ရစေတော်မူပါသည်။ ပရိနိဗ္ဗာန်စံတော်မူခါနီး၌ သုဘဒ္ဒပရိဗ္ဗိုဇ်ကို ချွတ်တော်မူလိုသောကြောင့် ဝမ်းတော်လားသဖြင့် အားနည်းတော်မူလျက်ပင် ကုသိနာရုံမြို့သို့ ကြွတော်မူသည်။ ပရိနိဗ္ဗာန် စံတော်မူပြီးနောက်၌လည်း နောက်နောက် ဗုဒ္ဓဘာသာဝင်တို့ တရားတော်ကို ကြားနာ၍ တရားကျင့်ဘို့ရန် တရားတော်ကို ထားတော်မူခဲ့၏။ အရိုးဓာတ်တော်များကိုလည်း နောက်နောက် ဗုဒ္ဓဘာသာတို့ ကိုးကွယ်ဘို့ရန် အငယ်ဆုံး မုန့်ညင်းစေ့ ပမာဏတိုင်အောင် ဓိဋ္ဌာန်တော်မူခဲ့၏။

**ဘွဲ့တော် ဘဂဝါ။** ။ လောက၌ မိမိတို့ကိုးကွယ်ရာ ပုဂ္ဂိုလ်ကို "ဘဂဝါ" ဟု ဘွဲ့နာမည်တင်ထားကြ၏။ သို့သော် ထိုဘွဲ့နာမည်သည် အစစ်အမှန် နာမည်မဟုတ်။ ဘုန်းတော် ၆-ပါးရှိသော ပုဂ္ဂိုလ်၌ တင်ထားအပ်မှသာ မှန်ကန်သော ဘွဲ့နာမည် ဖြစ်ပါသည်။

## ငါတို့ဘဂဝါ

၁။ သိရီ ဘုန်းတော်အားဖြင့် ကျက်သရေမင်္ဂလာရှိ၍ လွန်စွာတင့်တယ် သပ္ပါယ်တော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါ ဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၂။ ဣဿရိယဘုန်းတော်အားဖြင့် မိမိစိတ်တော်ကိုငင်း၊ ကျွတ်ထိုက်သော လူ နတ် ဗြဟ္မာတို့ကိုငင်း၊ အစိုးရတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၃။ ဓမ္မဘုန်းတော်ဖြင့် ကိလေသာအနောက်အကျုတို့ကို ကင်းစင်စေကာ လွန်စွာကြည်လင်သော စိတ်တော်ဖြင့် အစဉ်အေးမြတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၄။ ယသဘုန်းတော်ဖြင့် လောကသုံးဘုံ အလုံးစုံးကို လွှမ်းခြုံကျော်ကြား ထင်ရှားတော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါ ဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၅။ ကာမဘုန်းတော်ဖြင့် ကိုယ်တိုင် သိဘို့ရန်ငင်း၊ ဝေနေယျတို့ကို သိစေဘို့ရန်ငင်း တောင့်တတော်မူခဲ့၍ ထိုတောင့်တသည့်အတိုင်း ပြီးစီးအောင်မြင်တော်မူသော ဗုဒ္ဓမြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

၆။ ပယတ္တဘုန်းတော်ဖြင့် လူနတ် ပြဟ္မာ သတ္တဝါတို့၏ အားထား လောက်အောင် လုံ့လ ဝီရိယ ကြီးမားတော်မူလှသော ဗုဒ္ဓ မြတ်စွာသည် ငါတို့ကိုးကွယ်ရာဖြစ်၍ စင်စစ် ဘဂဝါဘွဲ့တော်ကို ရထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပါတကား။

## ဘဂဝါ ဘုရားရှိခိုး

ဘဂေဟိ ဆဟိ ဂုဏေဟိ၊ တိလောကမကုဋ္ဌော သုတော။

ဘဂဝါ ဘဂ္ဂမာရောသိ၊ တဿ မေ သရဏံ ဘဝ။

ဘဂဝါ၊ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်တော်ဖြင့် သုံးဘုံကျော်ကြား အို....ရှင်တော်မြတ်ဘုရား။ တွံ၊ ရှင်တော်မြတ်ဘုရားသည်။ ဆဟိ ဘဂေဟိ၊ ဣဿရိယ စသည်အပြား ဘုန်းခြောက်ပါး ဖြစ်ကုန်သော။ ဂုဏေဟိ၊ ဂုဏ်တော်အပေါင်းတို့ဖြင့်။ တိလောကမကုဋ္ဌော၊ သုံးဘုံသမိုက် လောကတိုက်ဝယ် မကိုဋ်သရဖူ ပမာတူသည်ဖြစ်၍။ သုတော၊ အလွန် ထင်ရှား ကျော်ကြားတော်မူပါပေ၏။ ဘဂ္ဂမာရော၊ ကိလေသမာရ် မာရ်နတ်ရန်ကို ဉာဏ်တော်လက်နက် အရဟတ္တမဂ်ဖြင့် ဖြိုဖျက်တော်မူပြီးသည်။ အသိ၊ ဖြစ်ပါပေ၏။ တဿမေ၊ ဘုန်းလည်းမတန် ဉာဏ်လည်းမထက် မာရ်နတ်လက်မှ မထွက်ရသေးသော ထိုတပည့်တော်၏။ သရဏံ၊ ဘုန်းလည်းထိုက်တန် ဉာဏ်လည်းထက်မြက် မာရ်နတ်လက်မှ ထွက်နိုင်ခြင်းငှါ ကိုးကွယ်ရာသည်။ ဘဝ၊ ဖြစ်တော်မူပါ အရှင်မြတ်ဘုရား။

# အာဝေဏိကဂုဏ်တော်

အပု၁။ ။ပစ္စေကဗုဒ္ဓါရဟန္တာတို့၌ မရှိနိုင်ဘဲ ဗုဒ္ဓ မြတ်စွာ၌သာ ရှိနိုင်၍ သီးခြားဖြစ်သော ဂုဏ်တော်ကို "အာဝေဏိကဂုဏ်တော်" ဟု ခေါ်၏။ ထိုဂုဏ်တော်တို့သည် တဆယ့်ရှစ်ပါးရှိ၏။ ဉာဏ်ကောင်းသူတို့ ရအောင်ကျက်၍ ဘုရားရှိခိုးကြပါလေ။

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

[အတီတံသေ၊ ရှေးရှေးဘဝ အတိတ်ကလျှင် တွေ့ရသမျှ တရားအစု၌။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော် ၆-စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေပြား မြတ်ဘုရား၏။ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင်သော ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ မောဟမှောင်ကြီး ရှေ့ကဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါတကား။]

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

[အနာဂတံသေ၊ နောက်နောက်လာလတ် အနာဂတ်ဝယ် တွေ့အပ်သမျှ တရားအစု၌။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်၆-စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံပေပြား မြတ်ဘုရား၏။ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင်သော ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ မောဟ မှောင်ကြီး ရှေ့ကဆီး၍ အပြီးကွယ်ကာ မတားမြစ်နိုင်ပါတကား။]

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

[ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန်ခဏ ခုဘဝဝယ် တွေ့ရသမျှ တရားအစု၌။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော် ၆-စုံ တန်ခိုး ဂုဏ်နှင့် ပြည့်စုံပေပြား မြတ်ဘုရား၏။ ဉာဏံ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင်အကုန်မြင်သော ဉာဏ်တော်သည်။အပ္ပဋိဟတံ၊မောဟ မှောင်ကြီး ရှေ့ကဆီး၍ အပြီးကွယ်ကာမတားမြစ်နိုင်ပါတကား။

၄။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ [တီဟိ၊အတိတ်, အနာဂတ်,ပစ္စုပ္ပန် ၃-တန်ကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဆီးတား ကွယ်ကာ မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာ- ဂတဿ၊ ပြည့်စုံ လုံလောက် အထမြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ကြီးမား မြတ်ဘုရား၏။ သဗ္ဗံ ကာယ- ကမ္မံ၊ ကိုယ်ဖြင့်ပြုရန် ကာယ ကံတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတိ တမန် အမြဲခံလျက် ဉာဏ်တော်တရား ရှေ့သွားရှိသည်ဖြစ်၍။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်ရှေ့က ဖြစ်ပြီးမှလျှင် နောက်က စိုက်စိုက် လိုက်ရပေသည် တကား။

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ [သဗ္ဗံ ဝစီကမ္မံ၊ နှုတ်ဖြင့်ပြောရန် ဝစီကံတော်သည်။ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲ ခံလျက် ဉာဏ်တော်တရားရှေ့သွားရှိသည်ဖြစ်၍။ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်ရှေ့က ဖြစ်ပြီးမှလျှင် နောက်ကစိုက်စိုက် လိုက်ရပေသည် တကား။ ]

၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ [သဗ္ဗံ မနောကမ္မံ၊ စိတ်ဖြင့်ကြံရန် မနောကံဟူသမျှသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတိတမန် အမြဲခံလျက် ဉာဏ်တော်တရား ရှေ့သွားရှိသည် ဖြစ်၍။ ဉာဏာ- နုပရိဝတ္တံ၊ ဉာဏ်တော်ရှေ့က ဖြစ်ပြီးမှလျှင် နောက်က စိုက်စိုက် လိုက်ရပေသည်တကား။ ]

၇။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ။ [ဆဟိ၊ ကာလသုံးတန် ကံလည်း၃-ပါး ဤသို့အားဖြင့် ခြောက်ပါး ကုန်သော။ ဣမေဟိ ဓမ္မေဟိ၊ ဆီးတား ကွယ်ကာ မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာ- ဂတဿ၊ ပြည့်စုံလုံလောက် အထမြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ ဘုန်းတော်ကြီးမား မြတ်ဘုရား၏။ ဆန္ဒဿ၊သတ္တဝါ ထိုထို စီးပွါးကိုလျှင် ပြုလိုသောအား ကြီးမားသောဆန္ဒတော်၏။

ဟာနိ၊ သတ္တဝါချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေ တကား။ ]

ဂ။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။ [ဓမ္မဒေသနာယ၊ တရားဓမ္မ ဩဝါဒ ကို နေ့ည ခပင်း ဟောပြတော်မူခြင်း၏။ ဟာနိ၊ သတ္တဝါချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေ တကား။

၉။ နတ္ထိ ဝီရိယဿ ဟာနိ။ [ဝီရိယဿ၊ ပရဟိတတ် ပတိပတ်၌ မပြတ် ကြိုးကုတ် အားထုတ် နိုင်သော ဝီရိယတော်၏။ ဟာနိ၊ သတ္တဝါ ချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေ တကား။ ]

၁၀။ နတ္ထိ သမာဓိဿ ဟာနိ။ [သမာဓိဿ၊ အာရုံတခု စူးစိုက်ရှု၍ စိတ်စုံမြား မြောင် တည်တံ့အောင် ထားနိုင်သော သမာဓိ တော်၏။ ဟာနိ၊ သတ္တဝါချို့ယွင်း အားကုန်ခြင်းကြောင့် မတင်း နိုင်တော့ ယုတ်လျော့ ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။

၁၁။ နတ္ထိ ပညာယ ဟာနိ။ [ပညာယ၊ သိရန်မှန်က မကျန်ရအောင် လုံးဝ စုံဘိ အကုန် သိသော ပညာ တော်၏။ ဟာနိ၊ သတ္တဝါချို့ယွင်း အားကုန် ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေ တကား။]

၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။ [ဝိမုတ္တိယာ၊ ကိလေသမာရ် သူပုန်ရန်မှ ကေန်သန့်ရှင်း လွတ်ကင်းသော အရဟတ္တဖိုလ်၏။ ဟာနိ၊ သတ္တဝါ ချို့ယွင်း အားကုန်ခြင်းကြောင့် မတင်းနိုင်တော့ ယုတ်လျော့ ခြင်းသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေ တကား။]

၁၃။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝ- တော နတ္ထိ ဒဝါ။ [ဒွါဒသဟိ၊ ကာလသုံးတန် ကံလည်းသုံးဝ ဓမ္မ

၆-ပါးဤသို့အားဖြင့်တဆယ့်နှစ်ပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဆီးတားကွယ်ကာ မရှိပါဘဲ လိုရာပြည့်စုံ ဤဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံလုံလောက် အထမြောက်တော်မူပြီးသော။ ဗုဒ္ဓဿ ဘဂဝတော၊ဘုန်းတော် ကြီးမား မြတ်ဘုရား၏။ ဒဝါ၊ အကျိုးမဖက် အပျက်အချော် အပျော်ပြုမှုသည်။ နတ္ထိ၊ဘယ်ခါ ကာလ သမယမှ ခဏအနေ မရှိပါချေတကား။ ]

**မှတ်ချက်။** ။ လောကီ လူအများတို့သည် တရံတခါ ပျော်ရရှိ ရယ်ရရှိသာဖြစ်သော သမ္ဖပ္ပလာပစကားကို လူပျက် ပျက်သလို ပြောဆို တတ်ကြ၏။ ထိုစကားမျိုးကို ဗုဒ္ဓမြတ်စွာသည် ဘယ်အခါမှ ပြောတော် မမူဟု မှတ်ပါ။

၁၄။ နတ္ထိ ရဝါ။ [ရဝါ၊ မဆင်မခြင် စိတ်၌ထင်သော် အလျင်ပြောမှု ပြုလုပ်မှုသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိ ပါချေ တကား။ ]....ဗုဒ္ဓမြတ်စွာသည် စဉ်းစားဆင်ခြင်မှု မရှိဘဲ စိတ်ထင်ရာကို ပြောဆိုပြုလုပ်လေ့ မရှိပါ။

၁၅။ နတ္ထိ အဖုဋ္ဌံ။ [အဖုဋ္ဌံ၊ ဉာဏ်တော်မပြန့် မနှံ့စပ်သော ကိစ္စသည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှခဏ အနေ မရှိပါချေတကား။] "မည်သည့် ကိစ္စ၌မဆို ဉာဏ်တော် ပျံ့နှံ့နေသည်" ဟူလို။

၁၆။ နတ္ထိ ဝေဂါယိတတ္တံ။ [ဝေဂါယိတတ္တံ၊ မြင်ရသူများ လန့်၍ သွားအောင်ပြေးလွှားသမှု အဟုန်ဖြင့် ပြုရသည်၏ အဖြစ်သည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။].... "လောက၌ အပြေး အလွှား ပြုရသောကိစ္စ ရှိတတ်၏။ ထိုသို့ ပြေးလွှားသောအခါ မြင်ရသူတို့ လန့်တတ်ကြ၏။ ဗုဒ္ဓမြတ်စွာမှာ ထိုကဲ့သို့ အဟုန်ဖြင့်ပြေး၍ ကပျာကယာပြုရသောကိစ္စ မရှိပါ" ဟူလို။

၁၇။ နတ္ထိ အဗျာဝဋမနော။ [အဗျာဝဋမနော၊ သတ္တဝါ အမျိုးမျိုး စီးပွါးတိုးအောင် အကျိုးမငဲ့ ကြောင့်ကြမဲ့စိတ်သည်။ နတ္ထိ၊ ဘယ်ခါကာလ သမယမှ ခဏအနေ မရှိပါချေတကား။]

၁၈။ နတ္ထိ အပ္ပဋိသန်္ဓါနုပေက္ခာ။ [အပ္ပဋိသန်္ဓါန+ဥပေက္ခာ၊ စဉ်းစား
သမှု ဥာဏ်မပြုဘဲ လစ်လျူရှုကာ ဥပေက္ခာသည်။ နတ္ထိ၊ ဘယ်ခါ
ကာလ သမယမှ ခဏအနေ မရှိပါချေတကား။]
ဣမေဟိ အာဝေဏိကေဟိ၊ ဂုဏေဟိ သမန္နာဂတံ။
အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ သိရသာ မဟံ။

အာဝေဏိကေဟိ၊ အများမဆန် ဘုရားမှန်မှ ရရန်စင်စစ် သီးခြား
ဖြစ်ကုန်သော။ ဣမေဟိ ဂုဏေဟိ၊ ကာလသုံးတန် ကံလည်းသုံးဝ ဓမ္မ
ခြောက်သွယ် ပြုဘွယ်ခြောက်ပါး ဤသို့အားဖြင့် များပြားဘိတိုတဆဲ့
ရှစ်ပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသုံလောက် အထ
မြောက်တော်မူထသော။ အတုလံ၊ ပြိုင်လာနိုင်းသူ အတူလည်း ရှိတော်
မမူထသော။ဓမ္မရာဇာနံ၊သုံးလူသင်းကျစ် ဓမ္မရာဇ်ထွတ်ထား ရှင်တော်မြတ်
ဘုရားကို။ အဟံ၊ဘုရား့တပည့်တော်သည်။ (ဘုရား့ တပည့်တော်မသည်။)
သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ၊ ပဏာညွတ်ကျိုး
လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

# ဉာဏ်တော်ဆယ်ပါး ဘုရားရှိနိုး

**ကာယဗလ။** ။ဗုဒ္ဓမြတ်စွာ၏ ကိုယ်တော်အားသည် ဆဒ္ဒန် ဆင်ဆယ်စီး၏အားနှင့် ညီမျှတော်မူ၏။ ထို့ကြောင့် "အားတော်ဆယ်တန်" ဟု ပြောစမှတ်ပြုကြသည်။ လောက၌ အဏုမြူအားကို လောကဓာတ်ပညာရှိတို့တွေ့ကြပြီ။ ထိုအားဟူသည် ဝါယောဓာတ်ပင်တည်း။ ဗုဒ္ဓမြတ်စွာ၏ကိုယ်တော်၌လည်း ရှေးရှေးဘဝများစွာက ပြုအပ်ခဲ့သော ကံတော်များကြောင့်ဖြစ်သော ဝါယောဓာတ်တို့သည် ထိုမျှလောက်ပင် အားစွမ်းသတ္တိ ရှိနိုင်ကြပါသည်။

**ဝိသာခါနှင့် မလ္လိကာ၏အား။** ။ကျောင်းအမ ဝိသာခါသည်၎င်း၊ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာသည်၎င်း ရိုးရိုးဆင် ငါးစီးအားနှင့် ညီမျှသောအားရှိကြ၏။ ထို့ကြောင့် ဝိသာခါသည် သားသမီး ၂-ကျိပ်ဖွားရသော်လည်း အားမပျက်။ စစ်သူကြီးကတော်မလ္လိကာသည် အမွှာမွေးသား ၃-ကျိပ် ၂-ယောက် ဖွားရသော်လည်း အားမပျက်ပါ။ ဤသို့လျှင် ကံအထူးရှိသူတို့၌ အားအစွမ်းအထူးလည်း ရှိနိုင်ရကား ဘုရားရှင်၏အားတော်၌ ယုံမှားမရှိသင့်ပါ။

**ဉာဏဗလ။** ။ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်အားလည်း ဆယ်ပါး ရှိတော်မူ၏။ ထိုဉာဏ်တော်အား၏ ထက်မြက်လှသောကြောင့် အမှားအယွင်း လုံးလုံးရှိတော်မမူရကား ထိုအားတော်နှင့်ဆိုင်သော တရားစကားကို မိန့်တော်မူသောအခါ ခြင်္သေ့ဟောက်သကဲ့သို့ မရွံ့မကြောက် ရဲရဲတောက် မိန့်တော်မူပါသည်။ ယခုအခါ ထိုဉာဏ်တော်အား ဆယ်ပါးကို ပြပါတော့မည်။

**၁။ ဌာနာဌာနကောသလ္လဉာဏ်တော်။** ။ပဋ္ဌာန်းနှစ်ဆယ့်လေးပစ္စည်းသည် ထိုထို အကျိုးတရားများဖြစ်ပေါ်ဘို့ရန် ပြသော ပစ္စည်းတရားများဖြစ်၏။ ထို အကျိုးတရားတို့ကို ဖြစ်စေဘို့ရန် အကူအညီအကြောင်းတွေ များစွာပါရသေး၏။ ထို့ကြောင့် မည်သည့်အကျိုးဖြစ်ဘို့ရန် မည်သည့် တရားတို့သည် အကြောင်းဟုတ်၏။ မည်သည့်တရားတို့ကား အကြောင်းမဟုတ်ဟု သိသောဉာဏ်တော်ကို "ဌာနာဌာနကောသလ္လဉာဏ်" ဟု ခေါ်သည်။

ယေသံ ယေသံ ဥပ္ပါဒါယ၊ ယေ ယေ အဌာန ဌာနကံ။
ဇာနန္တော ဥာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ အောင်သင့် အောင်ရာ အဖြာဖြာကို ကောင်းစွာအောင်မြင် ဘုရားရှင်သည်။ ယေ ယေ (ဓမ္မာ)၊ ပဌာန်းပစ္စည်း အနည်းနည်းနှင့် သီးသီးထွေပြား အကြင်အကြင် တရားတို့သည်။ယေသံ ယေသံ(ဓမ္မာနံ)၊ ကျိုးပစ္စယုပ္ပန် အတန်တန်ဖြင့် မှန်မှန်ဖြစ်ပွါး အကြင်အကြင် အကျိုးတရားတို့၏။ ဥပ္ပါဒါယ၊ နဂိုရ်ထင်ရှား မရှိငြားလည်း အံ့အားသင့်စရာ ဖြစ်တည်ခြင်းအကျိုးငှါ။ အဌာနံ၊ ထို ဤ ကြောင်းချုပ် ပေါင်းကာလုပ်လည်း သရုပ်ဖော်ရန် အကြောင်းမမှန်ချေ။ ဌာနကံ၊ မည်သည့်ရေးရာ ပေါင်းမိကာမှ ကောင်းစွာစင်စစ် အကြောင်းဖြစ်နိုင်ပေ၏။ ဣတိ၊ ဤသို့။ ဥာဏဗလေန၊ ဌာနာဌာန ကောသလ္လဟု မည်ရထင်ရှား ဥာဏ်တော်အားဖြင့်။ ဇာနန္တော၊ မမှားကေန် ဟုတ်တိုင်း မှန်အောင် ဖောက်ပြန်မရှိ သိတော်မူသည်ဖြစ်၍။ သီဟနာဒံ၊ မရွံမကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ့ တရားအသံတော်ကို။ နဒီ၊ ပညာရဲရင့် ပွဲလယ်တင့်သို့ ကြူးရင့်လှစ်ဘွေ မိန့်မြွက်တော်မူပေသတည်း။

**၂။ ကမ္မဝိပါကကောသလ္လဥာဏ်တော်။** ။ကံ၏အကျိုးကို သိသော ဥာဏ်တော်ကို “ကမ္မဝိပါကကောသလ္လဥာဏ်” ဟု ခေါ်ပါသည်။ လူအများတို့ တယောက်တည်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ကံပြုတုန်းကပင် ပေးမည့်အကျိုးကို သိတော်မူ၏။ အကျိုးပေးထားသူကို မြင်တော်မူလျှင်လည်း ရှေးရှေးက မည်သည့်ကံကိုပြုခဲ့၍ ယခုအခါ ဤအကျိုးကို ရနေသည်-ဟု သိတော်မူသည်။ [သဗ္ဗညုတဥာဏ်တော်အစွမ်း၌ ကာလဂတိ စသည်ကို ပြခဲ့ပါပြီ။]

သမာဒါန ကမ္မာနမ္ပိ၊ ဝိပါကံ ဌာန ဟေတုသော၊
ဇာနန္တော ဥာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ ငါးပါးမာရ်ရှိန် ဥာဏ်ဝရဇိန်ဖြင့် ချိုးနှိမ်လွယ်ကူ အောင်တော်မူငြား မြတ်ဘုရားသည်။ သမာဒါနကမ္မာနံ၊ သတ္တဝါအလီလီ ကိုယ့်ကိုယ်စီဖြင့် ဆောက်တည်ဖန်ငြား ကံအများတို့၏။ ဝိပါကမ္ပိ၊ ပစ္စုပ္ပန်ရေး

သံသာရေး၌ ပေးမည့်အချက် အကျိုးရင်း အကျိုးဆက်ကိုလည်း။ ဌာန-သော၊ ပြုပြုသမျှ ပယောဂနှင့် ကာလဂတိ ဥပဓိအပေါင်း အကူအညီ အကြောင်းအားဖြင့်ရင်း။ ဟေတုသော၊ မျိုးစေ့တမျှ အကျိုးရဘို့ မုချ အမှန် အရင်းခံ အကြောင်းအားဖြင့်ရင်း။ ဉာဏဗလေန၊ ကမ္မဝိပါက ကောသလ္လဟု မည်ရထင်ရှား ဉာဏ်တော်အားဖြင့်။ ဇာနန္တော၊ မမှား ကေန် ဟုတ်တိုင်းမှန်အောင် ဖောက်ပြန်မရှိ သိတော်မူသည်ဖြစ်၍။ သီဟ-နာဒံ၊ မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည့် တရားအသံ တော်ကို။ နဒီ၊ ပညာရဲရင့် ပွဲလယ်တင့်သို့ ကြုံးရင့်လှစ်ဘွဲ့ မိန့်မြွက် တော်မူပေသတည်း။

၃။ **သဗ္ဗတ္ထဂါမိနီ ပဋိပဒါ ဉာဏ်တော်။** ။ အပါယ်ဘုံ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံ ဟူသော ဂတိနှင့် နိဗ္ဗာန် ဟူသော အဂတိသို့ ရောက်ကြောင်း ကောင်း- မကောင်းသော အကျင့် အားလုံး တို့ကို သိသော ဉာဏ်တော်ဖြစ်သည်။

သဗ္ဗဂတိံ အဂတိံစ၊ ဂါမိနိံပိ ပဋိပဒံ၊
ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ဒေဝပုတ္တာ စသည်အပြား မာရ်ငါးပါးကို ထွားထွားညက်ညက် ချေဖျက်အောင်မြင် ဘုရားရှင်သည်။ သဗ္ဗဂတိံ ဂါမိနိံ၊ ထိုထို ဂတိ ရောက်မည့်အကြောင့် ကောင်း- မကောင်းစုံ အဖုံဖုံလည်း ဖြစ်သော။ အဂတိံ ဂါမိနိံ စ၊ ဂတိကင်းကွာ ပြည်ခေမာသို့ သေချာထုတ်ချောက် ရောက်ဘို့အကြောင်းလည်း ဖြစ်သော။ ပဋိပဒံပိ၊ ကြွင်းမဲ့ဥဿုံ အားလုံး စုံအောင် အကုန်ဆင့်ပေါင်း အကျင့်အကြောင်းကိုလည်း။ ဉာဏဗလေန၊ သဗ္ဗတ္ထဂါမိ ပဋိပဒါ သညာမည်လျှမ်း ဉာဏ်တော်စွမ်းဖြင့်။ ဇာနန္တော၊ မမှားကေန် ဟုတ်တိုင်းမှန်အောင် ဖောက်ပြန်မရှိ သိတော်မူသည်ဖြစ်၍။ သီဟနာဒံ၊ မရွံ့ မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ည့် တရား အသံတော်ကို။ နဒီ၊ ပညာရဲရင့် ပွဲလယ်တင့်သို့ ကြုံးရင့်လှစ်ဘွဲ့ မိန့်မြွက်တော် မူပေသတည်း။

× × × × ×

၄။ **အနေကဓာတု နာနာဓာတု ဉာဏ်တော်။** ။ မိမိသဘောကို ဆောင်နေသော မိမိသဘောအတိုင်း ထင်ရှားနေသော တရားတို့ကို ပါဠိလို'ဓာတု' မြန်မာလို 'ဓာတ်' ဟု ခေါ်၏။ ထိုဓာတ်သည် စက္ခုဓာတ် သောတဓာတ် စသောအားဖြင့်၎င်း၊ ကာမဓာတ် ရူပဓာတ် စသောအား ဖြင့်၎င်း အမျိုးအပြားရှိ၏။ လောက၌"ဓာတ်" တရားတွေသာ အထင် အရှား ရှိ၏။ "ပုဂ္ဂိုလ် သတ္တဝါ သူ ငါ"ဟု အထင်အရှား မရှိ။ လူတို့က "သတ္တဝါ"ဟု၎င်း၊ "သူ-ငါ"ဟု၎င်း ခေါ်ဝေါ်၍ ဖြစ်အောင် နာမည် ပညတ် တင်ထားအပ်သော်လည်း အရင်းအမြစ်မှာ ရုပ်ဓာတ် နာမ်ဓာတ်အစုသာဖြစ်၏။ ဤသို့ အနေကဓာတုနာနာ ဓာတုဉာဏ်တော် ဖြင့် ဗုဒ္ဓမြတ်စွာ သိတော်မူပါသည်။ [သဗ္ဗညုတဉာဏ် အစွမ်း၌ သက်မဲ့ ဝတ္ထုတွေကိုပါသိပုံကို ပြခဲ့ပြီ။ ]

အနေကံ နာနာဓာတုံ လောကံ၊ ခန္ဓာယတနဓာတုကံ။
ဇာနန္တော ဉာဏာပလေန၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ ဒေဝပုတ္တ ံမာရ်နတ်ရန်ကို စွမ်းအန်ပယ်ရှင်း နယ်အတွင်းမှ လွတ်ကင်းအောင်မြင် ဘုရားရှင်သည်။ အနေကံ ဓာတုံ၊ စက္ခုကာမ စသည်သတ်မှတ် များစွာသော ဓာတ်လည်း ရှိထသော။ နာနာဓာတုံ၊ ထိုဓာတ်အများ တပါးပါး ဝယ် ခြားနား အမှတ် အထူးထူးသော ဓာတ်လည်းရှိထသော။ ခန္ဓာယတနဓာတုကံ၊ ပုဂ္ဂိုလ်သတ္တဝါသူငါမန္တော ခန္ဓာ အာယတန ဓာတ်သဘောသာ ဖြစ်သော။ လောကံ၊ လူနတ်ပြဟ္မာ သတ္တဝါဟု သူငါထင်မှတ် လောကဓာတ်ကို။ ဉာဏာပလေန၊အနေကနာနာ ဓာတ်များစွာကို သေခြာခွဲခြမ်း ဉာဏ်တော်စွမ်းဖြင့်၊ ဇာနန္တော၊ မမှား ဧကန် ဟုတ်တိုင်းမှန်အောင် ဖောက်ပြန်မရှိ သိတော်မူသည် ဖြစ်၍။ သီဟနာဒံ၊ မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ့ တရားအသံ တော်ကို၊ နဒီ၊ ပညာရဲရင့် ပွဲလယ်တင့်သို့ ကြုံးရင့်လှစ်ဘွေ မိန့်မြွက်တော် မူပေသတည်း။

၅။ **နာနာဓိမုတ္တိကတာဉာဏ်တော်။** သတ္တဝါတို့သန္တာန်၌ သာမန် စွဲလန်းခြင်းမျိုးမျှ မကဘဲ လွန်လွန်ကဲကဲ စွဲမြဲသော နှလုံးသွင်းကို "အဓိမုတ္တိ"ဟု ခေါ်၏။ [အဓိ= လွန်လွန်ကဲကဲ+ မုတ္တိ=အာရုံ တခုခု၌

သက်ဝင်ခြင်း၊ စွဲလမ်းခြင်း။ ] ထို လွန်လွန် ကဲကဲ စွဲလမ်းပုံတို့ကလည်း တယောက်နှင့်တယောက် မတူကြ။ အမျိုးမျိုးရှိကြသည်။ ထို့ကြောင့် "နာနာဓိမုတ္တိ"ဟု ခေါ်ရသည်။ သတ္တဝါတို့၏ ထိုထိုအဓိမုတ္တိကို သိတော်မူသော ဉာဏ်တော်ကို "နာနာဓိမုတ္တိကတာဉာဏ်တော်" ဟု မှတ်ပါ။ [နာနာ = တယောက်နှင့် တယောက် မတူကွဲပြား ခြားနားသော+အဓိမုတ္တိက=စွဲမြဲသော နှလုံးသွင်းရှိသူ+တာ= အဖြစ်ကို +သိသောဉာဏ်။ ]

တေသံ တေသံ သတ္တာနံပိ၊ နာနတ္တ မဓိမုတ္တိကံ။
ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ ကိလေသမာရ် ကိုယ်တွင်းရန်ကို ပယ်လှန်ရာတွင် အောင်ပွဲယင် ငြား မြတ်ဘုရားသည်။ တေသံ တေသံ သတ္တာနံ၊ ထိုထိုရုပ်ရှာကပ်ကမ္ဘာ၌ နတ်ဗြဟ္မာလူ သတ္တဝါဟူသမျှတို့၏။ နာနတ္တံ၊ နဂိုရ်စရိုက်ကိုယ့်အကြိုက်ဖြင့် အလိုက်အယူ မတူကွဲပြား ခြားနားလျက် ရှိသော။ အဓိမုတ္တိကမ္ပိ၊ လိုအင်ဆန္ဒ သာမန်မျှထက် မကလွန်ကဲ စွဲမြဲသော နှလုံးသွင်းကိုလည်း။ဉာဏဗလေန၊ နာနာဓိမုတ္တာ မည်တော်သာသည့် ရောင်ဝါထိန်လျှမ်း ဉာဏ်တော်စွမ်းဖြင့်။ ဇာနန္တော၊ မမှားကေန် ဟုတ်တိုင်းမှန်အောင်ဖောက်ပြန် မရှိသိတော်မူသည်ဖြစ်၍။သီဟနာဒံ၊ မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကို။ နဒီ၊ ပညာရဲရင့် ပွဲလယ်တင့်သို့ ကြူးရင့်လှစ်တွေ့ မိန့်မြွက်တော် မူပေသတည်း။

၆။ **ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်**။ ။ သဒ္ဓိန္ဒြေ-စသော ဣန္ဒြေတို့၏ အနု အရင့် အညံ့ အထက်ကိုသိသော ဉာဏ်တော်ဖြစ်၏။ ရှေ့သဗ္ဗညုတ ဉာဏ်တော်ခန်း၌ ပြခဲ့ပြီ။

ပရေသံ ပုဂ္ဂလာနမ္ပိ၊ ဣန္ဒြိယာနံ ပရောပရံ။
ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ ခန္ဓ, မစ္စု မာရ် ၂-ခုကို သမုဒယအကြောင်း ကောင်းကောင်းပယ်နှင် အောင်ပွဲ ယင်ငြား မြတ်ဘုရားသည်။ ပရေသံ ပုဂ္ဂလာနံ၊ ကိုယ်တော်မှတပါး အစားစားဖြင့် များပြားဘိတုံ အပုံပုံသော ပုဂ္ဂိုလ်

တို့၏။ ဣန္ဒြိယာနံ၊ သဒ္ဓါဝီရိ သမာဓိနှင့် သတိပညာ ငါးဖြာသော ဣန္ဒြေတို့၏၊ ပရောပရိယံ၊ ပါရမီကံက မတူကြသဖြင့် မမျှနိမ့်မြင့် အဆင့်ဆင့် ကိုလည်း။ ဉာဏဗလေန၊ ဣန္ဒြိယ ပရောပရိ မည်တော်ရှိသည့် နှံ့သိထိမ်ကျမ်း ဉာဏ်တော်စွမ်းဖြင့်။ဇာနန္တော၊ မမှားစေကန် ဟုတ်တိုင်းမှန်အောင် ဖောက်ပြန်မရှိ သိတော်မူသည်ဖြစ်၍။ သီဟနာဒံ၊ မရွံ့မကြောက် ခြသေ့် ဟောက်သို့ ရဲရဲတောက်ညံ့ တရားအသံတော်ကို။ နဒီ၊ ပညာရဲရင့် ပွဲလယ် တင့်သို့ ကြုံးရင့်လှစ်ဘွေ့ မိန့်မြွက်တော် မူပေသတည်း။

× × × × ×

၇။ **ဈာနသံကိလေသာဒိဉာဏ်တော်။** ။ ဈာန်ရပြီးသော ပုဂ္ဂိုလ်သည် ကာမအာရုံများကြောင့် ဈာန်လျှောတတ်၏။ ခဏခဏဝင်စား၍ အထက်ဈာန် တက်ဘို့ ကြိုးစားလျှင် ဖြူစင်၏။ မည်သည့် အချိန်သို့ ရောက်လျှင် သမာပတ် ဝင်စားရာမှ ထမည်ဟု အဓိဋ္ဌာန်ပြု၍ ဝင်စား လျှင် ထိုအချိန်၌ ထနိုင်၏။ ဤသို့ သိသော ဉာဏ်တော်တည်း။

ဈာနာဒီနံ သံကိလေသ-ဝေါဒါနုဋ္ဌ ဝုဋ္ဌာနကံ။
ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ ငါးပါးမာရ်နှင့် အောင်ပွဲယင်ငြား မြတ်ဘုရားသည်။ဈာနာ-ဒီနံ၊ အောက်တန်းကာမ ကုသလထက် စစလွန်မြတ် ဈာန်သမာပတ်တို့၏။ သံကိလေသံစ၊ ဤသို့နေက လျှောကျရမည့် မုချမကောင်း ညစ်နွမ်း ကြောင်းကိုငှင်း။ ဝေါဒါနဥ္စ၊ ဤသို့နေမှ တိုးတက်ရမည့် မုချအကောင်း ဖြူစင်ကြောင်းကိုငှင်း။ ဝုဋ္ဌာနကဥ္စ၊ ရည်မှန်းသလောက် ထချိန်ရောက်က မဖောက်မယွင်းထနိုင်ခြင်း၏ အကြောင်းကိုငှင်း။ ဉာဏဗလေန၊ဈာနာ ဒိကသံကိလေသနှင့် ဝေါဒါနမည်လျှမ်း ဉာဏ်တော်စွမ်းဖြင့်။ ဇာနန္တော၊ မမှားစေကန် ဟုတ်တိုင်းမှန်အောင် ဖောက်ပြန်မရှိ သိတော်မူသည်ဖြစ်၍။ သီဟနာဒံ၊ မရွံ့မကြောက် ခြသေ့်ဟောက်သို့ ရဲရဲတောက်ညံ့ တရားအသံ တော်ကို။ နဒီ၊ ပညာရဲရင့် ပွဲလယ်တင့်သို့ ကြုံးရင့်လှစ်ဘွေ့ မိန့်မြွက် တော်မူပေသတည်း။

× × × × ×

**၈။ ပုဗ္ဗေနိဝါသဉာဏ်တော်။** ။ရှေးရှေးဘဝ၌ နေအပ်ခဲ့ဘူးသော ခန္ဓာအစဉ်ကိုလည်း၊ ထိုခန္ဓာနှင့်စပ်၍ ထိုဘဝ၌ ဖြစ်ခဲ့ရ တွေ့ခဲ့ရသော သုခ ဒုက္ခကိုလည်း၊ "မည်သည့်အရွယ်၌ သေခဲ့ရသည်" ဟု အသက် အပိုင်း အခြားကိုလည်း၊ အမျိုးအနွယ်ကိုလည်း မှတ်မိနိုင်သော ဉာဏ်တော်ဖြစ် သည်။

အနေကဝိဟိတံ ပုဗ္ဗေ- နိဝါသံ သဥဒ္ဒေသကံ။
ဇာနန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ ငါးပါးမာရ်နှင့် အောင်ပွဲယင်ဟု သုံးခွင်ကျော်ကြား မြတ် ဘုရားသည်။ အနေကဝိဟိတံ၊ ကာမရူပ အရူပဟု ဘဝယောနိ ဂတိ- စသား များသောအပြားရှိသော။ သဥဒ္ဒေသကံ၊ ပြောညွှန်ပြမှု သိခွင့် ရသည့် နာမအနွယ် အသွယ်သွယ် အဖုံဖုံ အလုံးစုံနှင့်တကွ ဖြစ်သော။ ပုဗ္ဗေနိဝါသံ၊ ရှေးရှေးအတိ ပဝေဏိက စွဲမှီနေအပ် အရပ်ရပ်သော ခန္ဓာအစဉ်ကို။ ဉာဏဗလေန၊ ပုဗ္ဗေနိဝါသ မည်တော်ရသည့် လောကကို လွှမ်း ဉာဏ်တော်စွမ်းဖြင့်။ ဇာနန္တော၊ မမှားကေန် ဟုတ်တိုင်းမှန်အောင် ဖောက်ပြန်မရှိ သိတော်မူသည်ဖြစ်၍။ သီဟနာဒံ၊ မရွံ့မကြောက် ခြင်္သေ့ ဟောက်သို့ ရဲရဲတောက်ညံ့ တရားအသံတော်ကို။ နဒီ၊ ပညာရဲရင့် ပွဲလယ် တင့်သို့ ကြုံးရင့်လှစ်တွေ့ မိန့်မြွက်တော်မူပေသတည်း။

× × × × ×

**၉။ ဒိဗ္ဗစက္ခုဉာဏ်တော်။** ။နတ်စက္ခုထက်ပင် ပို၍ အဆင်းတို့ကို မြင်နိုင်သောဉာဏ်ကို ဒိဗ္ဗစက္ခုဉာဏ်ဟု ခေါ်၏။ ထိုဉာဏ်ဖြင့် သတ္တဝါ တို့ကို ကြည့်သောအခါ စုတေခါနီးသတ္တဝါတို့ကိုလည်း မြင်တော်မူရ၏။ ပဋိသန္ဓေနေပြီးစ သတ္တဝါတို့ကိုလည်း မြင်တော်မူရ၏။ ထို့ကြောင့် စုတူပပါတဉာဏ်ဟုလည်း ခေါ်သည်။

စဝန္တေ ဥပပဇ္ဇန္တေ၊ ယထာကမ္မူ မုပါဂတေ။
ပဿန္တော ဉာဏဗလေန၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ ငါးပါးမာရ်နှိမ် မာရဇိန်ဟု ကြိမ်ကြိမ်ထိပ်ထား မြတ်ဘုရားသည်။ စဝန္တော၊ တဘဝကံရှိန် ကုန်သည့်ချိန်ဝယ် ဇီဝိန်ချုပ်ကြေ စုတေခါနီးသတ္တဝါတို့ကိုရှင်း။ ဥပပဇ္ဇန္တော၊ ဘဝအသစ် ကံအသစ်ကြောင့် အသစ်သန္ဓေ တည်ဖနေခါစ ဟူသမျှတို့ကိုရှင်း။ ယထာကမ္မံ၊ မိမိစီမံ မိမိထံ၌ အမှန်ထင်ရှား မိမိကံအားလျော်စွာ။ ဥပါဂတေ၊ ထိုထိုဘဝ ဘုံဌာန၌ ကပ်ရောက်ရတုံ အဖုံဖုံသော သတ္တဝါတို့ကို။ ဉာဏဗလေန၊ ဒိဗ္ဗစက္ခု အရှင်းပြု၍ မြင်မှုထိန်လျှမ်း ဉာဏ်တော်စွမ်းဖြင့်။ ပဿန္တော၊ မျက်နှာတော်အောက် အားလုံးရောက်သို့ မျက်မှောက်ထင်ထင် မြင်တော်မူသည်ဖြစ်၍။ သီဟနာဒံ၊ မန္တီမကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ တရားအသံတော်ကို။ နဒီ၊ ပညာရဲရင့် ပွဲလယ်တင့်သို့ ကြုံးရင့်လှစ်ဘွေ မိန့်မြွက်တော်မူပေသတည်း။

× × × × ×

**၁၀။ အာသဝက္ခယဉာဏ်တော်။** ။အာသဝေါ တရားတို့သည် ခန္ဓာကိုယ်၌ အရက်စိမ်သလို ကြာမြင့်စွာ စိမ်အပ်သော တရားများဖြစ်၏။ ထိုတရားတို့၏ တရားကိုယ်ကား တဏှာဒိဋ္ဌိနှင့် မောဟဟူသော အဝိဇ္ဇာတို့တည်း။ ထိုတရားတို့ကို ကုန်စေနိုင်သော တရားသည် အရဟတ္တမဂ်တည်း။ ထို့ကြောင့် အရဟတ္တမဂ်ကို "အာသဝက္ခယဉာဏ်" ဟု ခေါ်ရ၏။ ထိုအရဟတ္တမဂ်ကို ရသောအခါ အရဟတ္တဖိုလ်ကိုလည်း တဆက်တည်းရတော့၏။ ထိုအရဟတ္တဖိုလ်ကို ဝိမုတ္တိ (ကိလေသာတို့မှလွတ်သော) တရားဟု ခေါ်သည်။

အာသဝါနံ ခယေနေဝ၊ ဝိမုတ္တိက မနာသဝံ။
ဝိဟာရံ ဥပသမ္ပဇ္ဇ၊ သီဟနာဒံ နဒီ ဇိနော။

ဇိနော၊ ကိလေသာအားလုံး ပြုတ်ပြုတ်ပြုန်းအောင် လုံးလုံးအောင်မြင် ဘုရားရှင်သည်။ အာသဝါနံ၊ ခန္ဓာကိုယ်ဆိုး အရက်အိုး၌ အခိုးပြင်းစွာ ထုံလျက်ပါသည့် အဝိဇ္ဇာနှင့် တဏှာသဘော အာသဝေါတို့၏။ ခယေနေဝ၊ အရဟတ္တ မဂ်ခဏ၌ လုံးဝသန့်ရှင်း ကုန်ခမ်းခြင်းကြောင့် သာလျှင်။ အနာသဝံ၊ အာသဝေါအနံ့ စိမ်းဖန့်ဖန့်နှင့် မသန့်မရှင်း

အားလုံးကင်းသော။ ဝိမုတ္တိကံ၊ အရဟတ္တဖိုလ် ခေါ်ဆိုနိုင်သည့် ဝိမုတ္တိတရားကို။ ဥပသမ္ပဇ္ဇ၊ မျက်မှောက်ကာလ ခုဘဝ၌ လုံးဝကိုယ်ပိုင်ပြီးစေနိုင်လျက်။ ဝိဟရံ ဝိဟရန္တော၊ နိဗ္ဗာန်ကိုမှတ် စိတ်တော်မြတ်ဖြင့် မပြတ်မွေ့လျော် နေနိုင်တော်မူသည်ဖြစ်၍။ သီဟနာဒံ၊ မရွံ့မကြောက် ခြင်္သေ့ဟောက်သို့ ရဲရဲတောက်ညံ့ တရားအသံတော်ကို။ နဒိ၊ ပညာရဲရင့် ပွဲလယ်တင့်သို့ ကြုံးရင့်လှစ်ဘွေ့ မိန့်မြွက်တော်မူပေသတည်း။

ဧဝံ ဒသဟိ ဉာဏေဟိ၊ ဗလေဟိ သမုပါဂတံ။
လောကေ ပတ္ထဋဂုဏံ တံ၊ ဝန္ဒေ ပုရိသ မုတ္တမံ။

ဧဝံ၊ ဂါထာနှုန်းဖွဲ့ အသုံးတဲ့အောင် ထုံးနဲ့အညီ စီအပ်ပြီးသောဤနည်းအားဖြင့်။ ဉာဏေဟိ၊ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် သိမြင်နိုင်ကုန်သော။ ဒသဟိ ဗလေဟိ၊ ကိုယ်တော့်သန္တာန် အဖန်ဖန် ဖြင့် မှန်မှန်တိုးပွါး ဆယ်မျိုးသောအားတော်တို့သည်။ သမုပါဂတံ၊ အလိုရှိတိုင်း ချိန်ခါပိုင်း၍ မဆိုင်းမပြတ် ကပ်ရောက်တော်မူအပ်ထသော။ လောကေ၊ ကာမ ရူပ အရူပဟု လောကသုံးဘုံ အလုံးစုံ၌။ ပတ္ထဋဂုဏံ၊ ဘဝဂ်မဆန့် လုံးစုံပြန့်၍ နှံ့သောဂုဏ်လည်း ရှိတော်မူထသော။ ဥတ္တမံ၊ သီလ သမာဓိ ပညာပြည့်၍ မရှိစဘူး အထူးအမြတ်ဆုံးလည်း ဖြစ်တော်မူထသော။ တံပုရိသံ၊ကိုယ်အား ဉာဏ်အား စွမ်းပကားဖြင့် ယောက်ျားပီပီ ထိုအာဇာနည် အရှင်မြတ်ကို။ ဝန္ဒေ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်း၍ ချီးမွှမ်းထောမနာ ရှိခိုးပါ၏ဘုရား။

## ကာဠီသူဌေးသမီးဝတ္ထု

**သူဌေးသမီးကာဠီ။** ။ ရာဇဂြိုဟ်မြို့၌ ကိုယ်ဝန်အရင့်အမာဖြင့် ကာဠီမည်သော သူဌေးသမီးသည် ဝါဆိုလပြည့်နေ့ဝယ် အာသဠီ နက္ခတ်ပွဲသဘင် ဆင်ယင်နေသော တမြို့လုံးကို ကြည့်လို၍ သူတို့၏ပြာသာဒ်အထက်ထပ်သို့ တက်ပြီးလျှင် လေသာတံခါး၌ လေညှင်းခံလျက် မြို့၏သာယာပုံကို ကြည့်ရှုနေလေသည်။ ထိုအချိန်၌ သာတာဂိရ, ဟေမဝတမည်သော နတ်စစ်သူကြီး နှစ်ယောက်တို့သည် နောက်ပါ အခြွေအရံငါးရာစီနှင့်အတူ ထိုပြာသာဒ်၏ အထက်ကောင်းကင်ဝယ် ဆုံမိကြလေသည်။

**နတ်စစ်သူကြီးများ၏ ရှေးအဖြစ်။** ။ထိုနတ်စစ်သူကြီး နှစ်ယောက်တို့သည် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ ရဟန်းပြုကြ၍ ပိဋကကျွမ်းကျင်သော ပညာရှိ သူတော်ကောင်းကြီးများ ဖြစ်ခဲ့ကြလေသည်။ တပါးတပါးလျှင် အခြွေအရံငါးရာစီရှိ၏။ ဝိနည်းဆုံးဖြတ်မှု၌ အလွန် ကျွမ်းကျင်တော်မူကြသည်။ တနေ့သ၌ကား- အဓမ္မဝါဒီ (မတရားပြောလေ့ရှိသော) ရဟန်းတပါးသည် သူ့မှာ ရှိနေသော အမှုတခုကြောင့် ထိုဆရာတော်တို့အထံသို့လာ၍ ကပည့်ခံလေသည်။

**အဓမ္မဝါဒီကတောင်းပန်။** ။ ထိုရဟန်းသည် သူ့အမှုကို အခြားရဟန်းက တရားစွဲလျှင် သူရှုံးမည်ကိုမြင်၍ ''ထိုတရား အဆုံးအဖြတ်မပေးဘို့ရန်'' အဖန်ဖန် တောင်းပန်၏။ ဆရာတော်ကြီး ၂-ပါးလည်း ပဌမ၌ ထိုရဟန်းတောင်းပန်သည်ကို လက်မခံကြပါ။ သို့သော် ထပ်ခါထပ်ခါ တောင်းပန်သောကြောင့် တပည့်လည်းဖြစ်နေသော ထိုရဟန်းကို ငဲ့ညှာသောအားဖြင့် အခြားရဟန်းက တရားစွဲလာသောအခါ ထိုအမှုကို လက်မခံဘဲ ရှောင်လွှဲနေလိုက်ကြ၏။ ထို အဂတိလိုက်မှုကြောင့် ဓမ္မဝါဒီ ရဟန်းကောင်းကလေးသည် ''ယခုအခါမှ သာသနာတော်ကြီး ကွယ်ပါပေပြီ''ဟု ပြောဆိုငိုကြွေးရှာ၏။ ဆရာတော်ကြီး ၂-ပါးလည်း ထိုအခါကျမှ နောင်တရ၍ စိတ်မချမ်းမသာ ဖြစ်ကြလေသည်။

**ဆရာတော်ကြီး ၂-ပါးယက္ခဖြစ်။** ။အချိန်ကျ၍ ပြန်လှန်တော်မူကြသောအခါ သီလ သမာဓိ ပညာရှိပုံအတိုင်းဖြစ်ရလျှင် အထက်နတ်ပြည်၌ဖြစ်နိုင်စရာရှိ၏။ သို့သော် အဂတိလိုက်မှုကြောင့် အထက်နတ်ပြည်၌ မဖြစ်နိုင်ဘဲ ဆရာတော်တပါးသည် ဟိမဝန္တာဝယ် ဟေမဝတတောင်၌ ယက္ခအမျိုးတွင် ပါဝင်သော နတ်စစ်သူကြီးဖြစ်၏။ ဆရာတော်တပါးကား မဇ္ဈိမဒေသ၌ သာတတောင်ဝယ် သာတာဂိရမည်သော နတ်စစ်သူကြီးဖြစ်လေသည်။ သူတို့၏ တပည့်များလည်း ဆရာကြီးများအပေါ်၌ သံယောဇဉ်ရှိကြသောကြောင့် ထိုနတ်စစ်သူကြီးတို့၏ အထံ၌ အခြွေအရံ နတ်စစ်သားများ ဖြစ်ကြလေသည်။

**တွေ့ဆုံကြခြင်း။** ။ထိုနတ်စစ်သူကြီး နှစ်ယောက်တို့သည် ဟိမဝန္တာဝယ် စည်းဝေးနေကျဖြစ်သော နတ်အစည်းအဝေး၌ တွေ့ဆုံကြသောအခါ တယောက်က တယောက်ကို မှတ်မိကြသဖြင့် ကဿပဘုရားသာသနာတော်ဝယ် အနှစ် ၂-သောင်းကြာအောင် ရဟန်းဘဝ၌ တရားဖြင့် နေခဲ့ကြပါလျက် အောက်တန်းယက္ခမျိုးမှာ ဖြစ်ရပုံကို တွေးကာ ၂-ယောက်လုံး ဆွေးရှာကြလေ၏။ ထို့နောက် "မိမိနေရာဒေသ၌ အထူးအဆန်း တွေ့ရလျှင် အကြောင်းကြားကြစတမ်း" ဟု ကတိထားလျက် အချင်းချင်း ကူးလူးဆက်ဆံရင်းပင် ငါတို့ဘုရားရှင် လက်ထက်တော်သို့ ရောက်လာကြလေ၏။

**ဆုံမိခြင်း၏အကြောင်း။** ။ဘုရားရှင်သည် ဝါဆိုလပြည့်နေ့၌ မိဂဒါဝုန်တောဝယ် ဓမ္မစကြာတရားကို ဟောတော်မူ၏။ ထိုဟောတော်မူရာအရပ်သို့ ဟိမဝန္တာ၌နေသော ဟေမဝတနတ်သည် မရောက်လာ။ ဟိမဝန္တာ၌ကား အခါတိုင်းထက် ထူးခြားသော သာယာကြည်နူးဘွယ်တွေ ဖြစ်နေသောကြောင့် ဟေမဝတနတ်စစ်သူကြီးသည် ထိုကြည်နူးဘွယ်ကို မိတ်ဆွေ သာတာဂိရနတ်အား ပြလိုသည့်အတွက် နောက်ပါ အခြွေအရံများနှင့် အတူ သာတာဂိရနတ်ဆီသို့ ထွက်ခဲ့လေသည်။ သာတာဂိရနတ်လည်း ဘုရားရှင်၏ ဓမ္မစကြာတရားတော်ကို ကြားနာပြီးသောအခါ မိမိမိတ်ဆွေအား ဘုရားရှင်၏အကြောင်းကို ပြောပြလိုသည့်အတွက် ဟေမဝတနတ်

ရှိရာသို့နောက်ပါနတ်များနှင့်အတူခရီးထွက်ခဲ့လေသည်၊ထိုသို့အသီးအသီး ကိုယ့်ရည်ရွယ်ချက်ဖြင့် ခရီးထွက်လာခဲ့ကြစဉ် ကာဠီ သူဌေးသမီးနေရာ ပြသာဒ်၏ အထက် ကောင်းကင်အရပ်၌ ဆုံမိကြလေသည်။

**ဘုရားဖူးခေါ်ခြင်း။** ။တွေ့လျှင် တွေ့ခြင်း ဟေမဝတနတ်က စ၍ ဟိမဝန္တာ၌ ထူးထူးခြားခြား အံ့သြဘွယ်ဖြစ်နေသောကြောင့် မိတ်ဆွေအား မြင်စေလို၍ အခေါ်လာရကြောင်းကို ပြောသောအခါ သာတာဂိရနတ်က ပြန်၍ပြောသည်မှာ- မိတ်ဆွေ....ဟိမဝန္တာတနေရာ၌သာ ထူးထူးခြားခြားဖြစ်သည် မဟုတ်ပါ။ တကမ္ဘာလုံးပင် ထူးထူးခြားခြား အံ့သြဘွယ်တွေ ဖြစ်နေပါသည်။ လောက၌ အလုံးစုံကို အကုန်သိနိုင်သော ဗုဒ္ဓရှင်တော် ထွန်းပေါ်နေပါပြီ။ ယနေ့ ဓမ္မစကြာတရားဦး ဟောတော်မူရာ နေ့ထူးနေ့မြတ်ဖြစ်သောကြောင့် လောကဓာတ် တသောင်းလုံးဝယ် အံ့သြဘွယ် သာယာမှုတွေ ဖြစ်နေပါသည်။ အံ့သြဘွယ်တွေ ဖြစ်၍နေတုန်းဝယ် တရားနာဘို့ အကောင်းဆုံးလည်း ဖြစ်သော လပြည့်နေ့မှာ သမ္မာသမ္ဗုဒ္ဓ ဂေါတမ ဘုရားရှင်ကို ဖူးမြင်ဘို့ရာ လိုက်ခဲ့ပါ။

**ချက်ခြင်းမလိုက်။** ။ဟေမဝတနတ်သည် သာတာဂိရနတ်ထက် တန်ခိုးလည်း ကြီး၏။ ပညာလည်း ထက်၏။ ထို့ကြောင့် သာတာဂိရနတ်က ဘုရားဖူးလိုက်ဘို့ ခေါ်ပါသော်လည်း ချက်ခြင်းဝန်မခံသေး။ လောက၌ ဘုရားအတု တရားအတုတွေ များသောကြောင့် ဘုရားအတုကို ဖူးမိလျှင် မိမိပါ ရှုံ့က်စရာဖြစ်သောကြောင့် ဘုရားစစ်-မစစ်ကို သိဘို့ရန် မေးခွန်းများစွာ မေးမြန်းလေသည်။

**ဟေမဝတ မေး။** ။အိုသာတာဂိရ.... ဘယ့်နှယ်ပါလဲ။ အသင်၏ "ဗုဒ္ဓ"ဆိုသူသည် သတ္တဝါတို့ အပေါ်၌ အရင်းအဖျား မခွဲခြားဘဲ စိတ်ကောင်းနှလုံးကောင်း ထားနိုင်ပါရဲ့လား။ ကောင်းသော ဣဋ္ဌာရုံနှင့် တွေ့သောအခါ ဝမ်းသာအားရ သောမနဿ လောဘမဖြစ်ဘဲ မကောင်းသော အနိဋ္ဌာရုံနှင့် တွေ့သောအခါလည်း ဝမ်းနည်းပက်လက် မနှစ်သက်သော ဒေါမနဿ ဒေါသမဖြစ်ဘဲ မိမိ၏ ကောင်းသော အလိုအတိုင်း စိတ်ကို ထားနိုင်ပါ၏လော။

**သာတာဂိရ ဖြေ**။ ။(ဤသို့ မေးသောအခါ သာတာဂိရ နတ်သည် ဘုရားရှင်ကို ဖူးမြင်ခဲ့ရပြီးဖြစ်၍ "ဘုရားရှင်၌ ကောင်းသော ဂုဏ်များ အပြည့်အစုံရှိနိုင်သည်" ဟု ဆုံးဖြတ်ပြီးဖြစ်သောကြောင့် ရဲရဲ ဝံ့ဝံ့ ဖြေသည်။) အိုဟေမဝတ.... ကျွန်ုပ်၏ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့ အပေါ်၌ အရင်းအဖျား မခွဲခြားဘဲ စိတ်ကောင်းနှလုံးကောင်း ထား တော်မူပါသည်။ ဣဋ္ဌာရုံနှင့် တွေ့သောအခါ ဝမ်းသာအားရ လောဘ မဖြစ်ဘဲ အနိဋ္ဌာရုံနှင့် တွေ့သောအခါလည်း ဝမ်းနည်းပက်လက် မနှစ် သက်သော ဒေါသ ဒေါမနဿ ဖြစ်တော်မမူပါ။ မိမိအလိုအတိုင်း စိတ် ကို ကောင်းအောင် ထားတော်မူနိုင်ပါသည်။

**ဟေမဝတ မေး**။ ။အို သာတာဂိရ....မေးပါရစေဦး။ မိတ်ဆွေ၏ ဗုဒ္ဓဆိုသော ပုဂ္ဂိုလ်သည် သူ့ဥစ္စာကို မပေးဘဲယူခြင်းဟူသော အဒိန္နာ ဒါနမှ ရှောင်ပါ၏လော။ သတ္တဝါတို့၌ ညှဉ်းဆဲမှုမရှိအောင် စောင့် စည်းလျက် ပါဏာတိပါတမှ ရှောင်ပါ၏လော။ မိန်းမတို့နှင့် ကင်း ကွာ၍ အဗြဟ္မစရိယမှ ရှောင်ပါ၏လော။ (ကာယ ဒုစရိုက်သုံးပါးမှ ရှောင်ပါ၏လောဟု မေးသည်။) ထို ကာယဒုစရိုက်သုံးပါးမှ ဝေးစွာ ရှောင်ကြဉ်ကာ ဈာန်ဝင်စားနိုင်ပါ၏လော။

**သာတာဂိရ ဖြေ**။ ။အိုဟေမဝတ....ကျွန်ုပ်၏ဗုဒ္ဓမြတ်စွာသည် မလှူ- ဒါန်းမပေးကမ်းအပ်သော သူ့ဥစ္စာကို ယူတော်မမူဘဲ အဒိန္နာဒါနအမှုမှ စင်ကြယ်တော်မူပါသည်။ သတ္တဝါတို့ အပေါ်၌ မေတ္တာ ကရုဏာဖြင့် ညှာတာစောင့်ရှောက်တော်မူကာ ပါဏာတိပါတအမှုမှလည်း စင်ကြယ် တော်မူပါသည်။ မိန်းမတို့နှင့် ကင်းဝေးတော်မူကာ အဗြဟ္မစရိယမှ လည်း စင်ကြယ်တော်မူပါသည်။ ထိုဒုစရိုက်သုံးဖြာ ရှောင်ကြဉ်ကာဖြင့် ဘာဝနာမှန်မှန် ပွါးသောကြောင့် ဈာန်တရားမှလည်း ကင်းဝေးတော် မမူပါ။

**ဟေမဝတ မေး**။ ။အို သာတာဂိရ........မေးပါရစေဦး။ မိတ်ဆွေ၏ ဗုဒ္ဓဆိုသော ပုဂ္ဂိုလ်သည် မုသားစကားကို မပြောဘဲ ရှောင်ပါ၏လော။ သူတပါးကို နှိပ်စက်လို၍ ဆဲဆိုခြင်းဟူသော ဖရုသဝါစာမှ ရှောင်ပါ၏

လော။ ချစ်သူ ၂-ယောက် ကွဲသွားလောက်အောင် မကောင်းသော ပိသုဏဝါစာကိုလည်း မပြောဆိုဘဲ ရှောင်လွှဲပါ၏လော။ အကျိုးမရှိ အနက်အဓိပ္ပါယ်မရှိ၍ အဆန်မပါသော စပါးအပိန်အဖျင်းပမာ ပိန်ဖျင်းသော အပျက်အချော် ပျော်ရရုံဖြစ်သော သမ္ဖပ္ပလာပစကားကိုလည်း မပြောဆိုဘဲ ရှောင်လွှဲပါ၏လော။ [ဤသို့ဝစီဒုစရိုက်မှ စင်ကြယ်-မစင်ကြယ်ကို မေးသည်။]

**သာတာဂိရဖြေ။** ။အို ဟေမဝတ.... ကျွန်ုပ်၏ ဗုဒ္ဓမြတ်စွာသည် သူတပါးတို့ အထင်အမြင်မှားအောင် ဘယ်အခါမျှ မုသားမပြောပါ။ သူတပါးကို နှိပ်စက်လို၍ ဆဲဆိုသော ဖရုသဝါစာကိုလည်း မပြောပါ။ ချစ်သူ ၂-ယောက် ကွဲသွားအောင် ကုန်းတိုက်သော (ရန်တိုက်သော) စကားကိုလည်း မပြောပါ။ ကလေးသူငယ်များနှင့် လူဖျင်းလူပေါ့တို့ နားထောင်၍ကောင်းရုံသာဖြစ်သော (အနက်အဓိပ္ပါယ်မရှိ အကျိုးမရှိသော) အပျက်အချော် ပျော်ရုံသာဖြစ်သောသမ္ဖပ္ပလာပစကားကိုလည်း ဘယ်အခါမျှ ပြောတော်မမူဘဲ ဝစီဒုစရိုက်လေးပါးမှ ရှောင်တော်မူပါသည်။

**ဟေမဝတ မေး။** ။အို သာတာဂိရ.... မိတ်ဆွေ၏ ဗုဒ္ဓဆိုသော ပုဂ္ဂိုလ်သည် ငါးဖြာအာရုံ ကာမဂုဏ်၌ အဘိဇ္ဈာဖြင့် မမက်မောဘဲ ရှောင်လွှဲနိုင်ပါ၏လော။ ဒေါသဗျာပါဒကင်း၍ ကြည်လင် သန့်ရှင်းသောစိတ် ရှိပါ၏လော။ မိစ္ဆာမောဟကို ကျော်လွန်ကာ သမ္မာအယူ ရှိပါ၏လော။ သိဘွယ်မြင်ဘွယ် အသွယ်သွယ်တို့၌ ဉာဏ်စက္ခုဖြင့် ကြည့်ရှုထင်ထင် သိမြင်နိုင်ပါ၏လော။ [ဤပြဿနာဖြင့် "မနောကံသုံးပါးမှ စင်ကြယ်၍ သဗ္ဗညုတဉာဏ်ရှိပါ၏လော" ဟု မေးလိုရင်းဖြစ်သည်။]

**သာတာဂိရဖြေ။** ။အို ဟေမဝတ....ကျွန်ုပ်၏ ဗုဒ္ဓမြတ်စွာသည် နှစ်သက်ဘွယ်ရာ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ အဘိဇ္ဈာ တဏှာလောဘဖြင့် သာယာနှစ်သက် တပ်မက်ခင်မင် လိုချင်မှု မရှိပါ။ စိတ်တော်သည် ဒေါသဗျာပါဒကင်း၍ အမြဲသန့်ရှင်း ကြည်လင်နေပါ၏။ ထိုထိုအယူဝါဒ၌ မိစ္ဆာမဖြစ်နိုင်အောင် မောဟကိုလည်း လွန်တော်မူပါပြီ။ သိဘွယ်ဟူသမျှတို့၌ ဉာဏ်စက္ခုဖြင့် ကြည့်ရှုထင်ထင် မြင်တော်မူပါသည်။

**ဟေမဝတမေး။** ။(ဟေမဝတနတ်မင်းသည် ရှေး ရဟန်းဘဝ တုန်းက ဘုရားအကြောင်းအရာတို့ကို ကောင်းစွာ သိခဲ့ဘူးသူဖြစ်ရကား ဘုရားအစစ်၌ရှိထိုက်သော ဂုဏ်တော်များကို မေးမြန်းပြန်သည်။) အို သာတာဂိရ.... ထို ဗုဒ္ဓမြတ်စွာသည် ဝိဇ္ဇာနှင့်ပြည့်စုံပါ၏လော။ သန့်ရှင်း စင်ကြယ်သော အကျင့်စရဏနှင့် ပြည့်စုံပါ၏လော။ ကိလေသာ အာသ ဝေါ ကုန်ခန်းပါပြီလော။ နောက်တဖန်ဖြစ်ဘို့ရာ ဘဝရှိပါသေးသလော။

**သာတာဂိရဖြေ။** ။အို ဟေမဝတ.... ကျွန်ုပ်၏ ဗုဒ္ဓမြတ်စွာသည် ဝိဇ္ဇာဉာဏ်နှင့်လည်း ပြည့်စုံပါ၏။ အကျင့် စရဏလည်း သန့်ရှင်းစင် ကြယ်ပါ၏။ ကိလေသာအာသဝေါတို့လည်း ကုန်ပါပြီ။ နောက်ဘဝ လည်း မရှိတော့ပါ။

**သောတာပန်တည်ကြခြင်း။** ။ထိုသို့ မေးဖြေပြီးသောအခါ ဗုဒ္ဓ မြတ်စွာ၏ ကာယကံ ဝစီကံ မနောကံ သုံးပါးလုံး သန့်ရှင်းစင်ကြယ် တော်မူပုံကိုရင်း၊ ဝိဇ္ဇာစရဏနှင့် ပြည့်စုံတော်မူပုံကိုရင်း၊ ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်ပုံကိုရင်း၊ သဗ္ဗညုတဉာဏ်စက္ခုဖြင့် အရာရာကို ကြည့်ရှုထင်တင် သိမြင်တော်မူပုံကိုရင်း၊ နောက်ထပ်ဖြစ်ဘို့ရာ ဘဝအသစ် မရှိပုံကိုရင်း သိရသောကြောင့် "သည်အတိုင်းပြည့်စုံလျှင် အသင်ချီးမွမ်းတာ မှန်ပါပေတယ်" ဟု ဝန်ခံလေသည်။ ထို့နောက် ဘုရားအထံတော်သို့ သွားကြ၍ တရားနာရသောအခါ အခြွေအရံ နတ် စစ်သား တထောင်တို့နှင့်အတူ သောတာပန်တည်ကြလေသည်။ သုတ္တနိ- ပါတ်၊ ဟေမဝတသုတ် အဋ္ဌကထာ။

**ကာဠီ သောတာပန်တည်ခြင်း။** ။ကာဠီအမျိုးသမီးသည် ထို နတ် စစ်သူကြီးနှစ်ယောက်တို့၏ မေးကြဖြေကြရာဝယ် ဘုရားဂုဏ်တော်များ ကို အစအဆုံး နားစိုက်နေ၏။ ထိုသို့ နားထောင်ရင်း နားထောင်ရင်းပင် "အော်.... ဗုဒ္ဓဆိုတာ ဤမျှလောက် ထူးခြားသော ဂုဏ်တော်များနှင့် ပြည့်စုံတော်မူပါတကား" ဟု တွေးကာ လွန်စွာနှစ်သက်သော ပီတိ ဖြစ်လာ၏။ ထိုဘုရားဂုဏ်တော်ကို အာရုံပြုသော ပီတိအဟုန်ကြောင့် သောတာပန်တို့ ပယ်ထိုက်သော ကိလေသာနီဝရဏတွေ ကင်းကွာ၍ ထိုနေရာ၌ပင် သောတာပန်ဖြစ်ရပေသည်။

**မှတ်ချက်။** ။ဤ ကာဠဠိအမျိုးသမီးသည် ဘုရားရှင်ကို မမြင်ဘူးသေး။ အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုဘို့ရန် ဝိပဿနာကို သူ့ကိုယ်တိုင်ကြားနာဘို့မှာ သာ၍ ဝေးသေး၏။ သို့ပါလျက် ထိုနတ်စပ်သူကြီးတို့၏ အမေးအဖြေ စကား၌ ဘုရားရှင်၏ ဂုဏ်တော်များကို ကြားရရုံမျှဖြင့် ဗုဒ္ဓမြတ်စွာကို မှန်း၍ကြည်ညိုကာ ရှင်လန်းသော ပီတိဖြင့် ကိလေသာတချို့ကို ခွာ၍ အရိယာဥပါသိကာ ဖြစ်နိုင်သည်မှာ ထူးခြားသော မှတ်သားဘွယ် ဖြစ်ပါပေသည်။

× × × × ×

**သောတာပန် ပယ်နိုင်သော အကုသိုလ်များ။** ။ဒိဋ္ဌိ အကုသိုလ်သည် ကုသိုလ် အကုသိုလ်ကံဆိုတာ မရှိ။ ထိုကံ၏အကျိုးလည်းမရှိ။ အလုံးစုံကို သိသော ဗုဒ္ဓဆိုတာ မရှိ။ ဤသို့ စသောအားဖြင့် အရှိကို "မရှိ" ဟု ယူမှား၏။ သောတာပန်သည် ထိုဒိဋ္ဌိကို ပယ်နိုင်၏။ ဝိစိကိစ္ဆာ အကုသိုလ်သည် ဗုဒ္ဓ၌ ၎င်း၊ ဗုဒ္ဓဟောတော်မူအပ်သော တရားတော်၌၎င်း၊ အရိယာဖြစ်ပြီးသော သံဃာတော်၌၎င်း ယုံမှားသံသယ ဖြစ်နေ၏။ "ဤဘဝအပြင် နောက် နောင်ဘဝတွေ ရှိသေး၏။ ဤလူ့ဘဝအပြင် ငရဲပြိတ္တာ နတ်ဗြဟ္မာ ဘဝ တွေ ရှိသေး၏" ဟု ဆိုရာ၌လည်း ကောင်းကောင်းမယုံ။ သောတာပန် ဖြစ်သူသည် ထို ဝိစိကိစ္ဆာကိုလည်း ပယ်နိုင်ပြီ။

**ဣဿာမစ္ဆရိယ မာယာသာဌေယျ။** ။သောတာပန်သည် ကိုယ့်ထက် သာ မနာလိုသော ဣဿာနှင့် ကိုယ့်လိုကြီးပွါးမည်ကို မလိုလားသော မစ္ဆရိယကိုလည်း ပယ်နိုင်၏။ မိမိမှာရှိနေသောအပြစ်ကို "အပြစ်မရှိ" ဟု ထင်အောင် ဟန်ဆောင်တတ်သော သဘောကို "မာယာ" ဟုခေါ်၏။ မိမိမှာ မရှိသောဂုဏ်ကို ရှိဟန်ဆောင်သောသဘောကို "သာဌေယျ" ဟု ခေါ်၏။ ထို "မာယာသာဌေယျ" ဟူသော ကောက်ကျစ်စဉ်းလဲမှုကိုလည်း ပယ်နိုင်၏။ ထို့ကြောင့် သောတာပန်ဟူသမျှ ရိုးသား ဖြောင့်မတ်စွာ ဥဇုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံကြပေသည်။

**သောတာပန်ဖြစ်ခြင်း၏ အကြောင်း။** ။ဤကာဠိ အမျိုးသမီး၏ သောတာပန် ဖြစ်ပုံနှင့်စပ်၍ သောတာပန်ဖြစ်နိုင်ခြင်း၏ အကြောင်းကို လည်း သိထိုက်ပါသည်။ (၁) သူတော်ကောင်းတို့ကို ဆည်းကပ်ရခြင်း၊

[သပ္ပုရိသသံသေဝ](၂) သူတော်ကောင်း တရားတို့ကို ကြားနာရခြင်း၊ [သဒ္ဓမ္မဿဝန](၃)ကောင်းသော နှလုံးသွင်းရှိခြင်း၊ [ယောနိသော မနသိကာရ](၄)လောကုတ္တရာတရားနှင့် သင့်လျော်သော အကျင့်ကိုကျင့်ခြင်း၊ [ဓမ္မာနုဓမ္မပ္ပဋိပတ္တိ]ဤလေးပါးသည် သောတာပန်ဖြစ်ခြင်း၏အကြောင်း ဖြစ်သော ဂုဏ်အင်္ဂါများဖြစ်သည်။ [မဟာဝဂ္ဂ- သောတာပတ္တိသံယုတ်၊ ၅-သုတ်ပါဠိတော်။]

**ကာဠိ၌ ထိုဂုဏ်များရှိပုံ။** ။ကာဠိ အမျိုးသမီးသည် ထိုညဉ့်အခါဝယ် (၁)ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာကို မေး-ဖြေမည့် နတ်စစ်သူကြီးများနှင့် အဆင်သင့် ကြုံကြိုက်၏။ ထိုသို့ ကြုံကြိုက်ခြင်းသည်ပင် သူတော်ကောင်းနှင့် ပေါင်းမိခြင်းဖြစ်သည်။ (၂)ဘုရားရှင်၏ဂုဏ်တော်များကို ကြားနာရခြင်းသည် သူတော်ကောင်း တရားကို နာရခြင်းပင်တည်း။ (၃)ထိုဂုဏ်တော်ကို စိတ်စိုက်၍ နားထောင်လိုခြင်းသည် ကောင်းသော နှလုံးသွင်းခြင်းဖြစ်၏။ (၄) ထိုနှလုံးသွင်းအား လျော်စွာ ဝမ်းမြောက်ဝမ်းသာဖြင့် ရှိသေစွာ နားစိုက်နေခြင်းသည် လောကုတ္တရာ တရားနှင့် သင့်လျော်သောအကျင့်ကို ကျင့်ခြင်းဖြစ်၏။ဤသို့ သောတာပန်ဖြစ်ခြင်း၏ အကြောင်းအင်္ဂါလေးပါးနှင့် ပြည့်စုံသောကြောင့်ရင်း၊ ရှေးရှေးကလည်း ကမ္မာတသိန်းမျှ ပါရမီ ဖြည့်ခဲ့ဘူးသောကြောင့်ရင်း ကာဠိ အမျိုးသမီးသည် လွယ်ကူစွာဖြင့် သောတာပန် ဖြစ်ရပေသည်။

**သောတာပန်၏ လက္ခဏာ။** ။"သောတာပန်ဖြစ်သူ"ဟု အသိအမှတ်ပြုဘို့ရာ အင်္ဂါလက္ခဏာသည် (၁)ဘုရားရှင်၌ ဉာဏ်ဖြင့်သက်ဝင်၍ ကြည်ညိုခြင်း၊ (၂)ဘုရားရှင် ဟောတော်မူအပ်သော တရားတော်နှင့် မဂ်ဖိုလ်နိဗ္ဗာန် တရားတော်တို့၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်း၊ (၃)အရိယာဖြစ်ပြီးသော သံဃာတော်၌ ဉာဏ်ဖြင့်သက်ဝင်၍ ကြည်ညိုခြင်း၊(၄)ငါးပါးသီလ မပြတ် မကျိုး မညှိုးဘဲ သမာဓိ၏ အခြေခံဖြစ်ခြင်း- ဤ၄-ပါးသည် သောတာပန်၏ အင်္ဂါ လက္ခဏာပင်တည်း။ [မဟာဝဂ္ဂ- သောတာပတ္တိသံယုတ်ပါဠိတော်။]

**ကာဠိဳ၏ သောတာပန်လက္ခဏာ။** ။ကာဠိဳအမျိုးသမီး၌ ထိုလက္ခဏာ လေးပါးတွင် (၁)ဘုရားရှင်၌ ဉာဏ်ဖြင့်သက်ဝင်၍ ကြည်ညိုခြင်းဟူသော ပဌမ လက္ခဏာသည် ပီတိဖြစ်လောက်အောင် ကြည်ညိုခြင်းအားဖြင့် ထင်ရှား၏။ (၂)သူ့ကိုယ်တိုင် သောတာပန်ဖြစ်၍ နိဗ္ဗာန်မြင်ရသော ကြောင့် တရားတော်၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်းလည်း ထင်ရှား၏။

(၃)ထိုအချိန်၌ အရိယာသံဃာတော် မရှိသေး၍ အရိယာသံဃာကို ကြည်ညိုမှု မထင်ရှားသေးသော်လည်း အရိယာသံဃာတော်ကို ဖူးမြော် ရသောအခါ ဉာဏ်ဖြင့်သက်ဝင်၍ ကြည်ညိုမည်သာ။ သူ၏ကိုယ်ဝန်သည် ပင် ဖွားမြင်၍ ကြီးရင့်သောအခါ "အရှင်သောဏ" မည်သော ရဟန္တာ ဖြစ်ပါလိမ့်မည်။ ကာဠိဳသည် ပင်ကိုယ်အားဖြင့် ငါးပါးသီလ လုံခြုံနေ သူဖြစ်၍ သောတာပန် ဖြစ်ပြီးသောအခါ၌ကား သာ၍ပင် စင်ကြယ်မည် သာ။ ထို့ကြောင့် ကာဠိဳ၌ သောတာပန် လက္ခဏာ အပြည့်အစုံရှိပြီဟု မှတ်ပါ။

**သက်ဝင်ယုံကြည်ပုံ။** ။သောတာပန်ဖြစ်သူတို့၏ ဘုရားရှင်ကို ယုံကြည် ခြင်းသည်ရင်း၊ တရားတော် အရိယာဖြစ်ပြီးသော သံဃာတော်ကို ယုံကြည်ခြင်းသည်ရင်း အဝေပါယံသာမက ဂုဏ်တော်များ တိုင်အောင် ဉာဏ်ဖြင့်သက်ဝင်၍ ယုံကြည်ခြင်းဖြစ်၏။ ထိုသို့ ယုံကြည်မှုသည် အလွန် ခိုင်မြဲ၏။ထို့ကြောင့် "အဝေစ္စပသန္န=ဉာဏ်ဖြင့် ဂုဏ်တော်တို့ကို သက်ဝင် ၍ ယုံကြည်ခြင်း"ဟုရင်း၊ "အစလသဒ္ဓါ=သူတပါးက မယုံကြည်အောင် လုပ်သော်လည်း မလှုပ်မယိုင် မြဲခိုင်သော ယုံကြည်ခြင်း"ဟုရင်း ခေါ်ရ၏။ ထို ယုံကြည်မှုမျိုးသည် သောတာပန်အစစ်၌ ဖြစ်နိုင်၏။ဗုဒ္ဓတရားတော်ကို ကျကျနနသိနေသော ပုထုဇဉ် သူတော်ကောင်းများ၌လည်း ဖြစ်နိုင်ပါ သည်။

**သုရမ္ဗဋ္ဌက၏ယုံကြည်ပုံ။** ။သာဝတ္ထိမြို့ဝယ် သုရမ္ဗဋ္ဌက မည်သော အမျိုးသားတယောက်ရှိ၏။ မူလက တိတ္ထိဆရာကြီးများ၏ တပည့်ဒါယ ကာ ဖြစ်သူတည်း။ တနေ့သ၌ ဘုရားရှင်သည် သူ၏အိမ်ပေါက်သို့ ဆွမ်းခံ

ကြွရောက်တော်မူ၏။ သုရမ္ဗဋ္ဌကသည် ဘုရားရှင်၏ အမျိုးမြတ်ပုံ အများက ကြည်ညိုပုံကိုထောက်၍ မလှူဘဲနေလျှင် မသင့်သောကြောင့် ဘုရားရှင်၏ သပိတ်တော်ကိုယူကာ အိမ်သို့ပင့်၍ ဆွမ်းကပ်လေသည်။ ဘုရားရှင်သည် ဆွမ်းဘုန်းပေး၍ ပြီးသောအခါ သုရမ္ဗဋ္ဌကအား တရားကို ဟောတော်မူ၏။ တရားတော်၏အဆုံးတွင် သောတာပန်တည်လေသည်။ (အင်္ဂုတ္တိုရ် တေဒဂ္ဂဝဂ္ဂ အဋ္ဌကထာ)။

**မာရ်နတ်လာ၍စမ်းပုံ။** ။ဘုရားရှင် ပြန်ကြွသွားသောအခါ မာရ်နတ်သည် သုရမ္ဗဋ္ဌကကို တရားထူး ရ-မရ စုံစမ်းလို၍ ဘုရားပုံတော်သဏ္ဌာန် (တူနိုင်သမျှ တူအောင်) ဖန်ဆင်းပြီးလျှင် သုရမ္ဗဋ္ဌကအိမ်ပေါက်သို့ သွားလေ၏။ သုရမ္ဗဋ္ဌကသည် "ဘုရားရှင် ပြန်ကြွလာသည်" ဟု ကြား၍ အိမ်ပေါက်သို့ သွားကာ ကြွလာခြင်း၏အကြောင်းကို မေးလျှောက်သောအခါ "သုရမ္ဗဋ္ဌက.... တရားဟောတုန်းက အလုံးစုံသော ခန္ဓာငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ကြတယ် လို့ အမှတ်တမဲ့ ဟောလိုက်မိတယ်။ အဲဒီအတိုင်းမဟုတ်ဘူး။ တချို့ ခန္ဓာများကတော့ "နိစ္စ, ဓုဝ, သဿတ (မြဲခြင်း ခိုင်ခန့်ခြင်း အခါခပ်သိမ်း ထင်ရှားရှိခြင်း) သဘောရှိကြတယ်" ဟု ပြောလေသည်။ ထိုအခါ "ဗုဒ္ဓ ရှင်တော်သည် အမှတ်တမဲ့ ဟောတော်မမူတန်ရာ" ဟု စဉ်းစား၍ "အသင်ဟာ မာရ်နတ် မဟုတ်လား" ဟု မေးသောအခါ ဟုတ်ကြောင်းကို ဝန်ခံ၍ ကွယ်ပျောက်လေသည်။

**အရိယာနှစ်သက်အပ်သော ငါးပါးသီလ။** ။မြန်မာနိုင်ငံ၌ ရှေးရှေး လူကြီးသူမတို့ ခါးဝတ်ပုဆိုးကဲ့သို့ ဘယ်အခါမှ မကျိုးမပေါက်အောင် စောင့်အပ်ခဲ့သော ငါးပါးသီလသည် အရိယာ ဖြစ်ပြီးသော သူတော်ကောင်းတို့ နှစ်သက်အပ်သော သီလဖြစ်၏။ သောတာပန် ဖြစ်ပြီးသူသည် နောက်ဘဝသို့ရောက်၍ မိမိကိုယ်ကို သောတာပန်မှန်း မသိစေကာမူ ဤငါးပါးသီလကိုတော့ အကျိုးအပေါက် မဖြစ်ရအောင် အမြဲစောင့်ရှောက်တော့၏။

ထို့ကြောင့် ပုထုဇဉ်ပင် ဖြစ်သော်လည်း မိမိကိုယ်ကို အရိယာလို သဘောထား၍ အရာရာစောင့်စည်းနေသော အမျိုးကောင်းသား အမျိုးကောင်းသမီး ဟူသမျှတို့သည် အရိယာတို့နှစ်သက်အပ်သော ဤငါးပါးသီလကို အထူးစောင့်ထိန်းကြပါ။ သောတာပန်ဖြစ်သူတို့ အပါယ်မကျခြင်းမှာ ဤငါးပါးသီလကြောင့်သာ ဖြစ်ပါသည်။

**သောတာပန်နှင့်တူသူများ။** ။ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတချို့သည် သောတာပန်အဖြစ်သို့ မရောက်သေးသော်လည်း ဗုဒ္ဓမြတ်စွာကို ယုံကြည်မှု၌ သောတာပန်လောက် နီးနီး ခရီး ရောက်ကြပေသည်။ "အသင်၏ဗုဒ္ဓကို ဗုဒ္ဓမဟုတ်ပါဘူး" ဟု ပြောပါ။ "ပြောလျှင် အသင့်အား မည်သည့် အကျိုးကျေးဇူးကို ပေးပါမည်။ မပြောလျှင် အသင်၏ အသက်ကို သတ်မည်" ဟု အာဏာရှင်ဖြစ်သူက အတင်းခိုင်းစေကာမူ များစွာသောမြန်မာလူမျိုးတို့သည် ဘုရားရှင်တော်ကို "ဗုဒ္ဓမဟုတ်" ဟု မပြောနိုင်ကြ။ အသက်ကိုပင် အသေခံကြလိမ့်မည်။

**နဝကအင်္ဂုတ္တိုရ်။** ။အကြင် အမျိုးအိမ်၌ ရတနာ ၃-ပါးကို ယုံကြည်သောသရဏဂုံနှင့် ငါးပါးသီလတည်မြဲ၏။ စာရေးတံမဲချ၍ လှူအပ်သော သံဃိကဆွမ်းဒါန၊ တပက္ခတခါ လှူအပ်သော သံဃိကဆွမ်းဒါနလည်းရှိ၏။ [မြန်မာတို့၌ကား နေ့စဉ် သံဃိကဆွမ်းဒါနပင် ရှိနေသည်။] ဝါကျွတ်သင်္ကန်းဒါနရှိ၏။ ရေတွင်း (သို့မဟုတ်) ရေကန်ဒါနလည်း ရှိ၏။ သံဃိကကျောင်းဒါနလည်း ရှိ၏။ ထိုအမျိုးအိမ်သည် သောတာပန်နှင့်တူစွာ လားရာဂတိကောင်းတို့ သေချာ၏။ (သီဟနာဒဝဂ်၊ သဉ-ပါဒိသေသသုတ် အဋ္ဌကထာ။)

**အဓိကရုဏ်းတုန်းက ဖြစ်ခဲ့ပုံ။** ။အတော်ကြာသောအခါက ဤမြန်မာနိုင်ငံတွင် ဘာသာရေးအဓိကရုဏ်းတခု ဖြစ်ခဲ့ဘူး၏။ ထိုအခါ ဗုဒ္ဓဘာသာဝင်မဟုတ်သော ဆရာများအထံ၌ ဆေးအကုခံနေကြသော အရေဖျားရောဂါရှိသူတို့သည် "အသက် သေချင်သေပါစေ။ ဗုဒ္ဓဘာသာကိုတော့ အထိမခံနိုင်ဘူးဗျို့" ဟု ကြွေးကြော်ကာ ထိုဆေးကုဌာနမှ တစုတဝေးကြီး ထွက်ခွါ၍ ကိုယ်စီကိုယ်င တုတ်ကိုင်ရှာကြပါသတဲ့။

**ဗုဒ္ဓအလိုတော်ကိုသိပါ။** ။ဗုဒ္ဓမြတ်စွာနှင့် ဘာသာကို လေးစားကြသူ ရဟန်းရှင်လူတို့သည် ဘာသာရေးကိစ္စတိုင်း၌ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကို အတိအကျ သိသင့်ပါသည်။ (အတိအကျသိအောင် အနာဂတ် သာသနာရေးကျမ်း၌ ပြထားပါသည်။) ထိုသို့ အတိအကျသိ၍ အတိအကျလုပ်မှသာ မိမိတို့ဘာသာကို မိမိတို့ထိန်းသိမ်းနိုင်စရာ ရှိပါသည်။ ဗုဒ္ဓမြတ်စွာ၏ အလိုတော်မဟုတ်သော အပိုဒါနများကိုပြု၍ ပွဲလမ်းသဘင်များဖြင့် အပျော် ဘာသာရေးပွဲများလုပ်ကြလျှင် "သံကို သံဖျက် သံချေးတက်" ဆိုသကဲ့သို့ မိမိတို့ အလွန်ယုံကြည်ထားသော မိမိတို့ဘာသာကို မိမိတို့ပင် ဖျက်ရာရောက်ပါလိမ့်မည်။

**စိတ်သာရှင်စေဘုရားဟော။** ။ယခုခေတ် လူများသည် ရုပ်ခန္ဓာကို လှပအောင် ပြင်ကြဆင်ကြသော်လည်း စိတ်ကိုကား လူအများက မမြင်နိုင်သောကြောင့် ပြင်ဆင်လိုသူ နည်းပါးလှ၏။ အမှန်အားဖြင့် ရုပ်ချောဘို့ထက် စိတ်ချောဘို့က အရေးကြီးပါသည်။ ဘာ့ကြောင့်နည်း ဤရုပ်ခန္ဓာသည် နောက်ဘဝသို့ကူးစက်၍ မဆက်နိုင်ပါ။ စိတ်ကား ဤဘဝ၌ လောဘ ဒေါသကြီးလျှင် ထိုလောဘ ဒေါသဓာတ်သည် နောက်ဘဝသို့ ဓာတ်ဆက်၍ လောဘကြီးသူ ဒေါသကြီးသူဖြစ်နိုင်၏။ ဤဘဝ၌ ပညာကြီးလျှင် မေတ္တာများလျှင် ထိုဉာဏ်ဓာတ် မေတ္တာဓာတ်သည် နောက်ဘဝသို့ကူးစက်၍ ဉာဏ်ပညာကြီးသူ မေတ္တာ ကရုဏာကြီးသူ ဖြစ်နိုင်၏။ ထို့ကြောင့် ရုပ်ကောင်းဘို့ထက် စိတ်ကောင်း-သီလကောင်းဘို့ အရေးကြီးကြောင်း သိသာပါသည်။

**မဟာနာမ်လျှောက်ပုံ။** ။ဘုရားရှင်၏နောင်တော် မဟာနာမ်မင်းက ဘုရားရှင်အား လျှောက်ထားသည်မှာ—မြတ်စွာဘုရား........၊ ဒကာတော်သည် မြတ်စွာဘုရားကိုရှင်း၊ ရဟန်းတော်များကိုရှင်း ဖူးမြော်ပြီး၍ ညနေအခါ ကပိလဝတ်မြို့တွင်းသို့ ဝင်သွားလျှင် လမ်း၌တွေ့ရသော ဆင် မြင်း, ရထား, လှည်း, လူများကို ရှောင်ရပါသည်။ ထိုသို့ ရှောင်ရင်း တိမ်းရင်း သွားနေခိုက်မှာ ဘုရား, တရား, သံဃာတော်များကို သတိမရနိုင်ပါ။ ထိုအချိန်မျိုး၌ သေသွားရလျှင် အဘယ်ဂတိသို့ ရောက်စရာ ရှိပါသနည်း။ ဤသို့လျှောက်သည်။

**ဘုရားရှင်ဖြေတော်မူပုံ။** ။မဟာရာဇာ....မကြောက်ပါနှင့်။ မဟာရာဇာ....မကြောက်ပါနှင့်။ အသင်၏အတွက် ဆိုးဝါးသော သေခြင်းမျိုး ဖြစ်လိမ့်မည်မဟုတ်ပါ။ အသင်၏စိတ်ကို သဒ္ဓါ, သီလ, သုတ,စာဂ, ပညာတို့ဖြင့် ကြာမြင့်စွာ ထုံ၍ထားအပ်ပြီးဖြစ်သည်။ ထို့ကြောင့်အသင်၏ ရုပ်ခန္ဓာကိုယ်ကို ဤဘဝ၌ ကျီး, လင်းတ, ခွေးတို့ စားရစ်ကြလိမ့်မည်။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတို့ဖြင့် ထုံမွှန်းအပ်သော စိတ်ကား (ခုတ်ကူးစက်သော အားဖြင့်) အထက်သို့ တက်သွားပါလိမ့်မည်။ ဥပမာ— ထောပတ်အိုးတလုံးကို နက်လှစွာသော ရေ၌ နှစ်၍ခွဲလိုက်သော အခါ အိုးခြမ်းကွဲတွေ အောက်သို့ကျသွား၍ ထောပတ်တို့ကား ရေ၏ အထက်သို့ ပေါ်တက်လာသကဲ့သို့ ဖြစ်ပါလိမ့်မည်။ (မဟာဝဂ္ဂသံယုတ်၊ သရဏာနိဝဂ်)။

**ဘုရားလက်ထက်တော်။** ။သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးတွေ့ရသော ပါရမီရှင်တို့သည် လွယ် လွယ် ကူ ကူ ဖြင့် သောတာပန်စသော အရိယာများ ဖြစ်နိုင်ကြ၏။ ထိုသို့ ဖြစ်နိုင်ဘို့ရာ အကြောင်းအင်္ဂါ ၄-ပါးတို့တွင်....''သူတော်ကောင်းကို ဆည်းကပ်ရခြင်း'' ဟူသော ပဌမအကြောင်းသည် သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးမြင်ရခြင်းအားဖြင့် အလိုလိုပြီးစီး၏။ ''သူတော်ကောင်းတရားကို နာရခြင်း'' ဟူသော ဒုတိယအကြောင်းလည်း ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူသောကြောင့် အလိုလိုပြီးစီး၏။ ''ကောင်းသော နှလုံးသွင်းခြင်း'' ဟူသော တတိယအကြောင်းလည်း ဗုဒ္ဓကိုကြည်ညိုခြင်းကစ၍ အလိုလိုပြီးစီးနေပါသည်။

**စတုတ္ထအကြောင်း။** ။''လောကုတ္တရာတရားနှင့်လျော်သောအကျင့်ကို ကျင့်ခြင်း'' ဟူသော စတုတ္ထအကြောင်းကား ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် တရားနာပုဂ္ဂိုလ်၏ အလိုဆန္ဒနှင့် လိုက်လျောသော တရားတော်ကို ဟောတော်မူနေသောကြောင့် တရားတော်ကို အစဉ်လိုက်၍ စိတ်စိုက်နေခြင်းသည်ပင် ထိုတရားတော်အတိုင်း ကျင့်ခြင်းဖြစ်ပါသည်။ ဤသို့ တရားနာပုဂ္ဂိုလ်များ၌ သောတာပန်ဖြစ်ဘို့ရာ အကြောင်းအင်္ဂါ ၄-ပါးလုံး စုံနေသောကြောင့် အလွယ်တကူဖြင့် သောတာပတ္တိမဂ်ဖိုလ်စသော တရားထူးကို ရကြပါသည်။

**ပဉ္စမတရားပွဲ တဆယ့်ရှစ်ကုဋေ။** ။ဗုဒ္ဓမြတ်စွာသည် မိဂဒါဝုန်တော၌ ပဉ္စမဆုံး ဓမ္မစကြာတရားတော်ကို ဟောတော်မူ၏။ ထိုတရားတော်ကို နာဘို့ရန် (ဘုရားအလောင်းတော် ပဋိသန္ဓေနေချိန်ကစ၍) မြှော်နေကြသော နတ်ဗြဟ္မာတို့သည် တရားတော်ကို အလွန်သိလိုသော ဆန္ဒဖြင့် စိတ်အားထက်သန်စွာ နာယူနေကြ၏။ ဗုဒ္ဓမြတ်စွာသည် သစ္စာ ၄-ပါးတရားကို သရုပ်ပေါ်အောင် ထုတ်ဖော် ဟောပြတော်မူ၏။ ထို့ကြောင့် တရားတော်အဆုံး၀ယ် တဆယ့်ရှစ်ကုဋေ အရေအတွက်ရှိသော နတ်ဗြဟ္မာတို့နှင့်အတူ အရှင်ကောဏ္ဍည သောတာပန် တည်တော်မူပါသည်။ [ထိုတဆယ့်ရှစ်ကုဋေ အရေအတွက်သည် မြန်မာ, ထိုင်း (ယိုးဒယား), လာအို, ကမ္ဘောဒီးယား, သီဟိုဠ်ဟူသော ဗုဒ္ဓဘာသာနိုင်ငံ ငါးနိုင်ငံ၌ရှိကြသော လူဦးရေထက်ပင် များပါသေးသည်။]

**၇-နှစ်အရွယ် အရိယာများ။** ။ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာသော အခါ ပြအပ်ခဲ့သော အကြောင်းများကြောင့် အရိယာဖြစ်ဘို့ အလွန်လွယ်ကူရကား ကျောင်းအမဝိသာခါသည် ဗုဒ္ဓမြတ်စွာကို ပဌမ ဖူးတွေ့ရရာ ၇-နှစ်အရွယ်မှာပင် သောတာပန်အရိယာဖြစ်၏။ အရှင်ဒဗ္ဗသည် ၇-နှစ်အရွယ်၌ ရှင်ပြုဘို့ရန် ဆံပင်ချစဉ် သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်၍ နောက်ဆုံး ဆံကိုရိတ်ချသောအခါ ရဟန္တာဖြစ်သည်။ ပဏ္ဍိတသာမဏေ, သုခသာမဏေတို့သည် ၇-နှစ်အရွယ်၌ အရှင်သာရိပုတ္တရာအထံမှာ ရှင်ပြု၍တရားအားထုတ်ကြလေရာ ထိုနေ့၌ပင် ရဟန္တာဖြစ်ကြသည်။ သောပါကသာမဏေ, စူဠသုမနသာမဏေတို့သည် ၇-နှစ်အရွယ် ရဟန္တာဖြစ်ကြ၏။ အပဒါန်ပါဠိတော်၌လာသော ပဉ္စသီလသမာဒါနိယထေရ်ကား ၅-နှစ်အရွယ်ကပင် ရဟန္တာဖြစ်ခဲ့သည်။

**ဖုဿဒေဝထေရ်ဝတ္ထု။** ။ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက်၌ သီဟိုဠ်ကျွန်းဝယ် "ဖုဿဒေဝ" မထေရ်သည် စေတီယင်ပြင်တော်ကို တံမြက်လှည်းလေ့ရှိ၏။ တနေ့သ၌ တံမြက်လှည်းထား၍ သန့်ရှင်းနေသော ယင်ပြင်တော်ကို ကြည့်ကာ သက်တော်ထင်ရှား မြတ်ဘုရားကို ရည်မှန်း၍ ရွှင်လန်းသောပီတိဖြစ်နေ၏။ ထိုအခါ မာရ်နတ်သည် တောင်ပေါ်က မျောက်ညိုကြီးယောင်ဟန်ဆောင်၍ နွားချေးတွေယူကာ ယင်ပြင်တော်၌ ဖြန့်ကြဲသွား၏။ ထို့ကြောင့် ရှေ့ဆက်၍ အာရုံမပြုနိုင်ဘဲ ထပ်၍ တံမြက်လှည်းကာ ပြန်သွားရသည်။ ဒုတိယနေ့၌လည်း ထိုသို့ ဗုဒ္ဓမြတ်စွာကို အာရုံပြုနေချိန်ဝယ် မာရ်နတ်လာ၍ နွားအိုကြီးယောင်ဟန်ဆောင်ကာ နွာချေးယိုချသွား၏။ ထို့ကြောင့် တံမြက်လှည်း၍ ပြန်သွားရ၏။

**ရဟန်းတော်စဉ်းစားခြင်း။** ။တတိယနေ့၌လည်း ဗုဒ္ဓမြတ်စွာကို အာရုံပြုနေချိန်ဝယ် မာရ်နတ်သည် အလွန်အရုပ်ဆိုးသော ယောကျ်ားယောင်ဟန်ဆောင်၍ တံမြက်လှည်းထားသောနေရာ၌ ခြေဒရွတ်ဆွဲလျက်သွားပြန်၏။ ထိုအခါ ဤနေရာ၏ ပတ်ဝန်းကျင် တယူဇနာအရပ်၌ ဤမျှလောက် အရုပ်ဆိုးသူ မရှိပါ။ "မာရ်နတ်ဖြစ်လေသလား" ဟု စဉ်းစားမိ၍ "အသင်ဟာ မာရ်နတ်လား" ဟု မေးလေသည်။ ထိုအခါ မာရ်နတ်က ဟုတ်ကြောင်းကို ဝန်ခံလေသော်.... "အသင်သည် အလွန်တန်ခိုးကြီးပါသည်။ သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးလိုက်ရသောကြောင့် ထိုဘုရားရှင်၏ ပုံတော်နှင့်တူအောင် မိမိကိုယ်ကို ဖန်ဆင်းပြစမ်းပါ" ဟု တောင်းပန်လေရာ အတော်အဘန်တူအောင်တော့ ပြနိုင်ပါရဲ့" ဟု ပြော၍ ဗုဒ္ဓပုံတော်ကို စွမ်းနိုင်သမျှတူအောင် ဖန်ဆင်းပြလေသည်။

**ရဟန္တာဖြစ်ခြင်း။** ။ရဟန်းတော်သည် မာရ်နတ်ဖန်ဆင်းပြအပ်သော ဘုရားပုံတော်ကိုကြည့်ကာ "ရာဂ, ဒေါသ, မောဟမကင်းသေးသော ဤမာရ်နတ်၏ အတုပုံသည်ပင် ဤမျှလောက်တင့်တယ်သေးလျှင် ရာဂ, ဒေါသ, မောဟကင်းစင်၍ ကြည်လင်သန့်ရှင်းသောဗုဒ္ဓ၏ ရုပ်အဆင်းတော်သည် အဘယ်မှာ မသပ္ပါယ်ဘဲရှိအံ့နည်း" ဟု တွေးကာ ဗုဒ္ဓမြတ်စွာကို အာရုံမှန်းစဉ် တကိုယ်လုံးစိမ့်နေသော ပီတိတွေ ဖြစ်လာ

လေသည်။ ထိုအခါ အလွန်ထင်ရှားနေသော ပီတိကိုပင် အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာရှုလေရာ (ခါတိုင်းလည်း ဘုရားအာရုံတော်ကို ဝိပဿနာဖြင့် ထိုလေ့ရှိသောကြောင့်) ထိုနေရာ၌ပင် တရားတိုးတက်၍ အရဟတ္တမဂ်, အရဟတ္တဖိုလ်တိုင်အောင် တရားပေါက်လေသည်။ [ပရိ-ဝါရ အဋ္ဌကထာ၊ ကေုတ္တရိကနယ၊ ပဥ္စကဝါရအဖွင့်။]

**ဗုဒ္ဓအသံတော်။** ။လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်အောင် ဆည်းပူးခဲ့၍ ကောင်းမှုပါရမီ စုံညီပြည့်ဝသော ဗုဒ္ဓမြတ်စွာသည် ရုပ်အဆင်းတော်သာ တင့်တယ်တော်မူသည် မဟုတ်သေး။ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူရာဝယ် အသံတော်၏ သာယာဖုံကလည်း အလွန်နှစ်သက်ဘွယ် ကောင်းပါပေသည်။

## အသံတော် အင်္ဂါရှစ်ပါး

(၁) သလိပ်တို့ဖြင့် အသံကပ်၍မနေဘဲ ညက်ညက်ညောညော ချောချောမောမော ရှိခြင်း၊

(၂) ချိုမြိန်သော ပျားသကာကဲ့သို့ အလွန်ချိုသာခြင်း၊

(၃) သလိပ်မကပ်သဖြင့် ပြတ်ပြတ် သားသားရှိ၍ ဟောလိုရင်း အကြောင်းအရာကို ကောင်းစွာ သိလွယ်စေခြင်း၊

(၄) နာ၍မငြီးငွေ့ဘဲ နာပြီးရင်း နာချင်ရင်း ဖြစ်လောက်အောင် ကောင်းခြင်း၊

(၅) ဖရိုဖရဲနှင့် အက်ကွဲသံ မပေါ်ခြင်း၊

(၆) မအက်ကွဲသောကြောင့်ပင် လုံးလုံးစည်းစည်းရှိခြင်း၊

(၇) အသံ၏စ၍ဖြစ်ရာ နက်သောအတွင်းအရပ်မှ ထွက်ပေါ်လာသောကြောင့် လေးလေးနက်နက်ရှိခြင်း၊

(၈) ကြားစေလိုရာ ပတ်ဝန်းကျင်အရပ်သို့ပဲ့ တင်ထပ်မျှပျံ့နှံ့စေခြင်း-

ဤသို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံမျိုးကို "ဗြဟ္မဿရ=ဗြဟ္မာ၏အသံနှင့် တူသောအသံ"ဟု ခေါ်ရသည်။ ဗုဒ္ဓမြတ်စွာ၏ အသံတော်သည် အသံ၏ ဂုဏ်အားလုံးနှင့် ပြည့်စုံတော်မူရကား နားထောင်၍ (တရားနာ၍)မငြီးအောင် ပရိသတ်ကို ဆွဲဆောင်နိုင်ပါသည်။

# အသန္ဒိမိတ္တာဝတ္ထု

**အသန္ဒိမိတ္တာဒေဝီ။** ။ ဓမ္မာသောကမဟာရာဇာ၏ မိဖုရားသည် ကိုယ်လက်အင်္ဂါတို့၌ အဆက်အစပ်မထင်ရှားလောက်အောင် ပြေပြစ်ညက်ညော ချောမောသောကြောင့် ''အသန္ဒိ'' ဟုရင်း၊ အားလုံးအပေါ်၌ မေတ္တာသဘောအားဖြင့် မိတ်ဆွေလို စိတ်ထားနိုင်သောကြောင့်''မိတ္တာ'' ဟုရင်း ထင်ရှား၏။ ဤသို့ ပင်ကိုယ်အားဖြင့် ချပ်ကောင်း စိတ်ကောင်းရှိသော အသန္ဒိမိတ္တာဒေဝီသည်''ဗုဒ္ဓမြတ်စွာ၏ အသံတော်နှင့် ဆင်တူရိုးမှား သာယာသောအသံမှာ ကရဝိက်ငှက်မင်း၏ အသံပင်ဖြစ်၏'' ဟု ရဟန်းတော်များ အထံမှ ကြားသိရ၍ ကရဝိက်ငှက်မင်း၏ အသံကို နားထောင်လိုပါကြောင်း မဟာရာဇာအား သံတော်ဦး တင်လေသည်။

**သောတာပန်တည်။** ။မဟာရာဇာသည် ဟိမဝန္တာ၌ ရှိသည်ဟု သိရသောကြောင့် သူ၏အာဏာဖြင့် ရွှေချိုင့်ကို ကရဝိတ်ငှက်၏ရှေ့သို့ရောက်အောင် လွှတ်လိုက်လေသည်။ ကရဝိက် ငှက်မင်းသည် မဟာရာဇာ၏ အာဏာဖြင့်လာသောချိုင့်ဟုသိရ၍ ချိုင့်အတွင်းသို့ဝင်ကာ မဟာရာဇာ၏ နန်းတော်သို့ ရောက်လာ၏။ သို့သော် ဆွေးမျိုးများ မပါသောကြောင့် အသံမပြုသေးပါ။ ပတ်ဝန်းကျင်၌ မှန်တို့ကိုကာပေးလိုက်မှ''ငါ၏ဆွေမျိုးတွေ လာကြပြီ''ဟု မှတ်ထင်၍ ပျော်ရွှင် ဝမ်းမြောက်စွာဖြင့် အတောင်ခတ်၍ တွန်မြူးလေသည်။ ထိုအခါ ''တိရစ္ဆာန်၏ အသံသည်ပင် ဤမျှလောက် သာယာသေး၏။ ဗုဒ္ဓ၏အသံတော်မှာ မည်မျှ သာယာပေလိမ့်မည်နည်း''ဟု စဉ်းစား၍ တကိုယ်လုံးပီတိစိမ့်ကာ မောင်းမခုနှစ်ရာနှင့်အတူ သောတာပန် တည်ပါသည်။ [သုတ်မဟာဝဂ္ဂ၊ မဟာပဒါနသုတ် အဋ္ဌကထာ။]

**အနာထပိဏ်သူဌေး**။ ။သာဝတ္ထိမြို့၌နေသော အနာထပိဏ်သူဌေးနှင့် ရာဇဂြိုဟ်မြို့၌နေသော သူဌေးတို့သည် သမီးယောက်ဖဖြစ်၍ ကူးသန်းရောင်းဝယ်ရင်း အမြဲဆက်ဆံနေကြ၏။ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်မြို့၌ ပဌမအကြိမ် သီတင်းသုံးတော်မူစဉ်အနာထပိဏ်သူဌေးသည် လှည်းပေါင်းများစွာဖြင့် ကုန်ရောင်းလာ၏။ ထိုသူဌေး ၂-ယောက်တို့သည် မိမိမြို့သို့လာသောအခါ မြို့ခံသူဌေးကခရီးဦးကြို ပြုလေ့ရှိ၏။ထိုနေ့၌ကားရာဇဂြိုဟ်သူဌေးသည် ဗုဒ္ဓအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ဘို့ရန်ကိစ္စရှိ၍ ခရီးဦးကြိုမပြုနိုင်ဘဲ အသင့်အတင့် နှုတ်ဆက်ပြီးလျှင် အလုပ်သမားများကို နက်ဖန်စောစောထ၍ ချက်ပြုတ်ဘို့ရန် စီမံနေလေသည်။

**ဗုဒ္ဓဟူသော စကားသံ**။ ။ရာဇဂြိုဟ်သူဌေးသည် စီမံဘွယ်ကိစ္စများပြီးစီး၍ အတော်မိုးချုပ်မှ အနာထပိဏ် သူဌေးအထံ လာသောအခါ အနာထပိဏ်သူဌေးသည် အလုပ်ကိစ္စများရခြင်း၏ အကြောင်းကိုမေး၏။ ထိုအခါ နက်ဖန်နံနက်၌ ဗုဒ္ဓအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်ဘို့ကိစ္စရှိ၍ စီမံနေရကြောင်းကို ပြောလေသော် "ဗုဒ္ဓ"ဟူသောအသံကို ကြားရ၍ အနာထပိဏ်သူဌေး၏ တကိုယ်လုံး၌ ပီတိတွေ စိမ့်လာလေသည်။ ထို့ကြောင့် မေ့သလို ဖြစ်သွားရကား "သူဌေးကြီး.... ဗုဒ္ဓလို့ ပြောလိုက်ပါသလား"ဟု ထပ်၍မေးပြန်၏။ ဗုဒ္ဓဟူသော အဖြေစကားကြောင့် ပီတိတွေ ထပ်၍စိမ့်ရကား ၃-ကြိမ်တိုင်အောင် ထပ်၍ထပ်၍ မေးလေသည်။

**ဓါတ်ခိုက်မှု**။ ။ဤလောက၌ ဓါတ်ခိုက်မှုသည် အလွန်ဆန်းကြယ်၏။ လောကီကိစ္စ၌သော်မှ မြင်ရုံကြားရုံမျှဖြင့် ဓါတ်ခိုက်မှုကြောင့် ကြက်သီးထလောက်အောင် ပီတိဖြစ်သေး၏။ အနာထပိဏ်သူဌေးကား ဗုဒ္ဓမြတ်စွာ၏ ကျောင်းဒကာဖြစ်ဘို့ရန် ကမ္ဘာတသိန်းအထက်က ပဒုမုတ္တရဗုဒ္ဓအထံတော်ဝယ် ဆုပန်ခဲ့သော ကျောင်းဒကာ အလောင်းဖြစ်၏။ ထို့ကြောင့် "ဗုဒ္ဓ"ဟူသော အသံသည်ပင် အလွန်နာခံလို့ အရသာရှိလောက်အောင် ဓါတ်ခိုက်ရကား ပီတိအတွေ့ဖြင့် မေ့သလိုဖြစ်ကာ ၃-ကြိမ် တိုင်အောင် ထပ်၍မေးရပါသည်။

**ပီတိကြောင့်ကိုယ်ရောင်ထွက်ခြင်း။** ။ထိုဗုဒ္ဓအကြောင်းကို ကြားရ၍ ချက်ခြင်းပင် ဗုဒ္ဓအထံတော်သို့ သွားလိုပါသော်လည်း မိုးချုပ်ပြီဖြစ်၍ မသွားသင့်ကြောင်းကို ပြောသော ရာဇဂြိုဟ်သူဌေး၏ စကားကြောင့် အိပ်ရာဝင်ရလေသည်။ သို့သော် ဗုဒ္ဓအာရုံတော်က စိတ်ထဲ၌ စွဲနေသော ကြောင့် ကောင်းကောင်း အိပ်၍မပျော်သည့်အပြင် ဗုဒ္ဓကို အာရုံပြုသော ပီတိကြောင့် မိမိကိုယ်မှ အရောင်တွေ ထွက်၍လာရကား လင်းပြီဟု ထင်ကာ ၃-ကြိမ်တိုင်အောင် ထ၍ လ-ကို ကြည့်မိလေသည်။

**ဗုဒ္ဓအထံတော်သွားခြင်း။** ။နောက်ဆုံး ကြည့်ရာ၌ကား အလင်း ရောက်မည့် မိုးသောက်အချိန်ဖြစ်၍ အနည်းငယ်မှောင်သေးသော်လည်း မိမိကိုယ်ရောင်ဖြင့် "ကောင်းကောင်းလင်းပြီ"ဟုထင်ကာ နတ်တို့ဖွင့်ထား အပ်သော ဘုံ၇-ဆင့်ပြာသာဒ်၏ တံခါး၇-ပေါက်ကိုလွန်မြောက်၍ လမ်းမ သို့ ရောက်လာ၏။ ထို့နောက် အစဉ်အတိုင်းသွား၍ နတ်တို့ဖွင့်အပ်သော မြို့တံခါးမှ ထွက်လိုက်မိလျှင်ပင် ညဉ့်အချိန်သေး၍ ချက်ခြင်း မြို့ရိုးပေါ်မှ အပြင်ဘက်သို့ ပစ်ချထားသော လူသေကောင်တို့ကို တိုက်မိသောကြောင့် ကြောက်စိတ်ဝင်ကာ ပီတိရောင်တွေပျောက်၍ အမှောင်ရောက်လာလေ သည်။

**ပြန်ဦးမည်ဟု ကြံခြင်း။** ။ထိုအခါ ကြောက်သောကြောင့် ရှေ့မတိုး ဝံ့၍ "ပြန်လှည့်ဦးမည်"ဟု အကြံဖြစ်လျှင်ပင် သင်းချိုင်း၌ နေသော တရားရပြီးသောနတ်က "ဆင်တသိန်း, မြင်းတသိန်း, အဿတိုရ်မြင်း က-အပ်သော ရထားတသိန်း,ဆင်ပြင်ထားသော သတို့သမီးကညာတသိန်း ဆိုတဲ့ ရလာဘ်တွေသည် ဗုဒ္ဓကို အဖူးသွား၍ တရားရမည့် သူ့အတွက် ရအပ်သော တရားထူးလာဘ်နှင့် နှိုင်းစာလျှင် နှစ်ရာ့ငါးဆယ့်ခြောက်ပုံ ပုံ၍ တပုံလောက်မျှ အဖိုးမတန်ပါ။အိုသူဌေးကြီး....ရှေ့သို့သွားပါ။ နောက် ပြန်ဘို့ မကြံပါနှင့်"ဟု အားပေးလေသည်။

**ဗုဒ္ဓအထံတော်ရောက်ခြင်း။** ။ဤသို့ နတ်ကအားပေးလိုက်သော အခါ ကြောက်စိတ်ပျောက်၍ ဗုဒ္ဓအာရုံ ရောက်မြဲရောက်ရကား ကိုယ်၏ အရောင်လည်း တောက်မြဲတောက်လာပြန်၏။ ထို့နောက် သူသေကောင်

တွေ့ကို နင်းမိပြန်၍ ကြောက်ပြန်ရကား ကိုယ်ရောင်လည်း ပျောက်ပြန်၏။ ထိုအခါ နတ်က အားပေးပြန်သောကြောင့် အကြောက်လည်း ပျောက် ကိုယ်ရောင်လည်း တောက်ပြန်၏။ ဤသို့ ၃-ကြိမ်တိုင်အောင် ဖြစ်ပြီးမှ ဗုဒ္ဓအနီးသို့ ရောက်လေသည်။

**သောတာပန် ကျောင်းဒကာဖြစ်ခြင်း။** ။ဗုဒ္ဓမြတ်စွာ၏ မနီးမဝေးသို့ ရောက်လျှင် ''အများသိဖြစ်နေသော အနာထပိဏ် နာမည်ကိုမခေါ်ဘဲ မည်သူမျှ မသိအပ်သော ငယ်နာမည်ခေါ်လျှင် ကောင်းလေစွ'' ဟု အကြံဖြစ်တုန်းမှာပင် ဗုဒ္ဓမြတ်စွာက ''သုဒတ္တ....လာခဲ့လော့'' ဟု ခေါ်တော်မူလေရာ အလွန်ဝမ်းမြောက်စွာဖြင့် ''ဗုဒ္ဓအစစ်ပါဘဲ'' ဟု ဆုံးဖြတ်၍ ခြေတော်တို့ကို မြတ်မြတ်နိုးနိုး ရှိခိုးဦးတိုက်လေသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာသည် သူဌေးနှင့်လျော်သောတရားကို ဟောတော်မူ၍ ထိုနေရာ၌ သောတာပန်ဖြစ်ရပေသည်။ ထို့နောက် ရာဇဂြိုဟ်သူဌေးအိမ်၌ပင် ဆွမ်းဘုဉ်းပေးဘို့ပင့်ကာ ဆွမ်းဘုဉ်းပေးအပြီးမှာ သာဝတ္ထိမြို့သို့ကြွရန် ပင့်လျှောက်၍ ဇေတဝန်ကျောင်းတိုက်ကြီး တည်ဆောက်ကိုးကွယ်သော တေဒဂ်ရကျောင်းဒါယကာကြီး ဖြစ်လေသည်။

**တိုက်တွန်းချက်။** ။ဤဝတ္ထုကို သတိပြုသင့်၏။ သူဌေးကြီးစိတ်၌ ဗုဒ္ဓမြတ်စွာ ထင်လာထင်လာတိုင်း ပီတိစိမ့်ကာ သဒ္ဓါအား, ပညာအား, စိတ်အား ထက်သန်လာသလောက် ကြောက်စိတ်တွေပျောက်၍ ရဲစိတ်တွေ ပေါ်ပေါက်လာသကဲ့သို့ ဗုဒ္ဓမြတ်စွာကိုအာရုံပြု၍ ဘုရားရှိခိုးသူတို့လည်း သက်တော်ထင်ရှား မြတ်ဘုရားကို စိတ်ထဲ၌ ပေါ်လာအောင် အာရုံပြု၍ ရှိခိုးကြပါ။ ထိုသို့ ရှိခိုးလေ့ရှိသူသည် မကြာမကြာ ပီတိဖြစ်၍ အတော်ကြာလျှင် ဗုဒ္ဓအာရုံ အထုံရသဖြင့် မကြာမကြာ သက်တော်ထင်ရှား မြတ်ဘုရားကို ဖူးနေရသလို ဖြစ်ပါလိမ့်မည်။ ထိုအခါ ပီတိတွေဖြာလျက် သဒ္ဓါအား, ပညာအား, စိတ်အားတွေ တိုးသလောက် ကြောက်စိတ်တွေပျောက်ကာ ရဲစိတ်တွေ ပေါ်လာပါလိမ့်မည်။

တရုပ်အမျိုးသမီးတယောက်။ ။တရုပ်ပြည်ကြီး၌ ရှေးခေတ်က မြောက်ပိုင်းဗုဒ္ဓဘာသာဝင် အတော်များစွာ ရှိ၏။ ဒုတိယကမ္ဘာစစ်က တရုပ်ပြည်ကြီးသို့ ပြေးရသူတို့သည် ထိုမြို့၌ရှိနေသော အမျိုးသမီး တယောက်၏ ဗုဒ္ဓမြတ်စွာအား အလွန်ကြည်ညိုပုံကို တွေ့ကြရ၏။ ဘုရားအာရုံပြုသောနေရာကို (ဘုရားခန်းကို) အလွန်သန့်ရှင်းစွာ ပြင်ထား၏။ ဘုရားအာရုံပြုခါနီးဝယ် သူ၏ခါးဝတ်ကို နောက်ထပ် မကိုင်ရအောင် မြဲစွာဝတ်၍ လက်ခြေမျက်နှာတို့ကို ဆေးကြောသုတ်သင်ပြီးမှ တကိုယ်လုံးသန့်ရှင်းစွာဖြင့် ဘုရားခန်းသို့ ဝင်ပါသတဲ့။ ဘုရားခန်းသို့ ရောက်သောအခါ သူတို့၏ ထုံးစံအတိုင်းပင် ဒူးထောက်လက်အုပ်ချီ၍ သူ့စိတ်မှာ ဘုရားအာရုံထင်လာအောင် အလွန်ငြိမ်သက်စွာဖြင့် အာရုံယူနေပါသတဲ့။ ထိုအမျိုးသမီးအတွက် နောက်နောက် ဘုရားရှင်၏ သာသနာတော်ဝယ် ဆုအားလျော်စွာ ကျွတ်တမ်းဝင်ဘို့မှာ အလွန်သေချာပါသည်။

**မဟာကပ္ပိနမင်းနှင့်အနောဇာဒေဝီ။** ။ဤမင်းမိဖုရားတို့၏ ဗုဒ္ဓမြတ်စွာကို ကြည်ညိုပုံသည် အားရစရာကောင်းလှ၏။ မဟာကပ္ပိနမင်းနှင့် အနောဇာဒေဝီအလောင်းအလျာတို့သည် ဘဝတပါးဝယ် ဗာရာဏသီမြို့ အနီး အိမ်ခြေတထောင်ရှိသော ယက်ကန်းသည်ရွာ၌ အကြီးအကဲ ယက်ကန်းသည်များ ဖြစ်ကြ၏။ ဟိမဝန္တာ၌ သီတင်းသုံးတော်မူကြသော တထောင်မျှလောက်သော ပစ္စေကဗုဒ္ဓါတို့သည် မိုးအခါ၌ ဟိမဝန္တာဝယ် မိုးများသောကြောင့် မိုး၄-လပတ်လုံး မြို့ရွာ အနီးအပါး၌ သီတင်းသုံးနေထိုင်ကြဘို့ ကြွတော်မူလာကြ၏။

**တရွာလုံး ကိုးကွယ်ကြခြင်း။** ။ထိုပစ္စေကဗုဒ္ဓါ အရှင်သူမြတ်တို့ကို ယက်ကန်းသည်ကြီးဇနီးက မြင်၍ မိမိတို့ရွာ၌ နက်ဖန်နံနက် ဆွမ်းဘုဉ်း ပေးဘို့ရန် လျှောက်လိုက်၏။ နက်ဖန် ဆွမ်းဘုန်းပေးပြီးသောအခါ အိမ်ရှင်မတထောင်ကို ခေါ်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ဝပ်ချပြီးလျှင် "မိုးလပတ်လုံး ဤရွာ၌ သီတင်းသုံးကြဘို့ရန်" လျှောက်၍ "သီတင်းသုံး ကြမည်" ဟူသော ပဋိညာဉ်ကိုရသောအခါ တအိမ်လျှင် ယောကျာ်း တယောက်စီထွက်၍ သစ်ရွက်ကျောင်းတကျောင်းစီ ဆောက်ကြဘို့ရန် တိုက်တွန်းလေသည်။ ထိုတိုက်တွန်းချက်ကြောင့် အားလုံးထွက်၍ သစ် ရွက်ကျောင်းကိုယ်စီ ဆောက်လုပ်ပြီးသောအခါ မိမိတို့ကျောင်း၌ သီတင်းသုံးတော်မူသော ပစ္စေကဗုဒ္ဓါအား ထိုကျောင်း၏ ဒါယကာ ဇနီး မောင်နှံတို့က ဆွမ်းဖြင့် ပြုစုလုပ်ကျွေးကြလေသည်။ ဝါကျွတ်သော အခါ၌လည်း မိမိတို့၏ကျောင်း၌ သီးတင်းသုံးတော်မူသောအရှင်မြတ် အား သင်္ကန်းကပ်လှူကြလေသည်။

**ကုသိုလ်တိုးပုံ။** ။အချိန်ကျ၍ စုတေကြသောအခါ ထိုကောင်းမှု ကြောင့် တာဝတိံသာ၌ တစုတဝေးတည်းဖြစ်ကြ၍ကဿပဗုဒ္ဓမြတ်စွာ၏ လက်ထက်တော်သို့ ရောက်သောအခါ ဗာရာဏသီမြို့ဝယ် သူကြွယ်အမျိုး၌ ဖြစ်ကြ၏။ ရှေးက ယက်ကန်းသည်ကြီး ဇနီးမောင်နှံသည် ထိုဘဝ၌ သူကြွယ်ကြီး ဇနီးမောင်နှံ ဖြစ်ကြ၏။ ယက်ကန်းသည်အငယ်များလည်း ထိုဘဝ၌ သူကြွယ်အငယ် ဇနီးမောင်နှံများပင် ဖြစ်ကြလေ၏။ တနေ့ သောအခါဝယ် ဘုရားရှင်၏ ကျောင်းတော်သို့ (သူတို့အားလုံး တစု

တဝေး) တရားနာသွားကြသောအခါ မိုးကြီး သည်းထန်စွာရွာ၏။ သူတို့မှာ ရင်းနှီးသော ကျောင်းမရှိ၍ မည်သည့်ကျောင်းသို့မျှ မဝင်ဝံ့သောကြောင့် မိုးခိုစရာ နေရာမရခဲ့ကြ။ ထိုအဖြစ်ကို အကြောင်းပြု၍ အများစုပေါင်းပြီးလျှင် ဘုရားရှင်သီတင်းသုံးတော်မူဘို့ရာ ကြီးစွာသော ကျောင်းတိုက်ကြီးကို တည်ဆောက်ကြလေသည်။ ကျောင်းတော်ကြီး ပြီးစီးသောအခါ ၇-ရက်ပတ်လုံး ကျောင်းလှူပွဲပြုကြ၍ နှစ်သောင်းသော ရဟန်းတော်များအားလည်း သင်္ကန်းတို့ကိုလည်း လှူဒါန်းကြလေသည်။

**သူကြွယ်ကတော်ကြီး၏စိတ်ကူး။** ။သူကြွယ်ကတော်သည် အများထက်သာ၍ ပူဇော်လို၏။ ပါဠိလို "အနောဇာ" ဟု ခေါ်၍ မြန်မာလို "လိပ်ဆူးရွှေ (လိပ်သရွှေ)" ဟု ခေါ်အပ်သော ပန်းကို နှစ်သက်ရင်းစွဲရှိဟန်တူ၏။ ထို့ကြောင့် သင်္ကန်းကို လိပ်ဆူးရွှေပန်းအဆင်းရှိအောင် ဆိုး၍ ထိုသင်္ကန်းကို လိပ်ဆူးရွှေပန်းနှင့်တကွ ဘုရားရှင်အား လှူဒါန်းပြီးလျှင် "ဖြစ်လေရာဘဝ၌ တပည့်တော်မ၏ကိုယ်သည် အနောဇာပန်း အဆင်းရှိ၍ "အနောဇာ" ဟူသော နာမည်ကိုပင် ရပါရစေ" ဟု ဆုတောင်းလေသည်။

**ဤဘုရားလက်ထက်တော်။** ။ထိုဘဝမှ စုတေကြပြီးလျှင် သို့မီးခင်ပွန်း အားလုံးပင် နတ်ပြည်၌ အတူဖြစ်ကြ၍ ဤဘုရားရှင်၏ လက်ထက်တော်သို့ ရောက်သောအခါ ထိုအခါက သူကြွယ်ကြီးသည် ကုက္ကုဋဝတီမင်း နေပြည်တော် ဝယ် မင်းသားဖြစ်၍ အရွယ်ရောက်သောအခါ "မဟာကပ္ပိနမင်း"ဟု ထင်ရှားသောမင်းတပါး ဖြစ်လာ၏။ တထောင်သော သူကြွယ်တို့လည်း ထိုမြို့၌ပင် အမတ်အမျိုး၌ဖြစ်ကြ၍ အရွယ်ရောက်သောအခါ အမတ်များဖြစ်ကြလေသည်။ ထိုအချိန်က သူကြွယ်ကတော်များလည်း အမတ်အမျိုးသမီးများ ဖြစ်ကြ၍ အသီးအသီး အမတ်ကတော်များ ဖြစ်ကြလေ၏။ သူကြွယ်ကတော်ကြီးကား မဒ္ဒတိုင်း မင်းမျိုး၌ဖြစ်၍ သူဆုတောင်းခဲ့သည့် "အနောဇာ"ဟူသော နာမည်နှင့်တကွ ဝါဝင်းလှပသော ကိုယ်အဆင်းကိုရ၍ အရွယ်ရောက်သောအခါ မဟာကပ္ပိနမင်း၏ အနောဇာဒေဝီမိဖုရားကြီး ဖြစ်လာလေသည်။

**ဗုဒ္ဓအကြောင်းကို နားထောင်လေ့ရှိခြင်း။** ။မဟာကပ္ပိနမင်းသည် သူ၏ မြင်းစီးသူရဲကောင်း ၃-ယောက်ကို မြင်းလျင်တော်များကို စီး၍ ၃-ယူဇနာ တိုင်အောင်သော အရပ်သို့ ဗုဒ္ဓ, ဓမ္မ, သံဃာရတနာများ ထွန်းပေါ်-မထွန်းပေါ်ကိုစုံစမ်းဘို့ရန် နေ့စဉ်စေလွှတ်လေ့ရှိ၏။ သို့သော် ထိုသတင်းကောင်းကို တခါမျှမကြားရ၍ နေ့စဉ်အားမရသော စိတ်ဖြင့် နေရရှာလေသည်။ တနေ့သ၌ကား- အမတ်တထောင်နှင့်အတူ မြင်းကိုယ်စီ ဖြင့် ဥယျာဉ်သို့သွားစဉ် ခရီးပန်းလာပုံရသော ကုန်သည်ငါးရာ မြို့သို့ ဝင်လာသည်ကိုမြင်၍ ခေါ်စေပြီးလျှင် "အဘယ်အရပ်က လာခဲ့ကြပါ သနည်း။ အသင်တို့အရပ်၌ ဘာသတင်းထူးများ ဖြစ်ပါသနည်း" ဟု မေးလေသော်....

**ဗုဒ္ဓအကြောင်းကိုကြားရခြင်း။** ။မင်းမြတ်....သာဝတ္ထိမြို့မှ လာခဲ့ ကြပါသည်။ "ဗုဒ္ဓမြတ်စွာဖြစ်ပေါ်နေပါပြီ" ဟု သံတော်ဦးတင်ကြလေရာ "ဗုဒ္ဓ" ဟူသော စကားအသံကိုကြားရ၍ ထိုခဏ၌ပင် တကိုယ်လုံးပီတိဖြန်း လျက်ရှင်လန်းဝမ်းမြောက်လွန်းရကား "မေ့သကဲ့သို့" ဖြစ်သွားလေသည်။ သတိရ၍ "အမောင်တို့.... ဘာပြောလိုက်ကြသလဲ" ဟု မေးပြန်ရာ "မင်း မြတ်....ဗုဒ္ဓမြတ်စွာ ဖြစ်ပေါ်နေပါပြီ" ဟု ပြောပြန်လျှင် ရှေးနည်းအတိုင်း မေ့သွားပြန်၏။ ၃-ကြိမ်မြောက်မေးပြန်ရာ ရှေးနည်းအတိုင်း ပြော၍ မေ့သွားပြီးမှ စတုတ္ထအကြိမ်၌ စိတ်ကိုမေ့မသွားအောင်ထားနိုင်လေသည်။

**ဆုလာဘ်ပေး၍ နောက်ထပ်မေးပုံ။** ။အမောင်တို့ ....ဗုဒ္ဓပွင့်တော် မူကြောင်း သတင်းကောင်းကြားရသောကြောင့် ကျေးဇူးကြီးလှသော အမောင်တို့အား တသိန်းသောဆုလာဘ် ပေးပါမည်။ နောက်ထပ် ဘာ သတင်းထူးများ ဖြစ်ပါသေးသနည်း။ "မင်းမြတ်.... တရားအထူးလည်း ဖြစ်ပေါ်နေပါပြီ" ဟု သံတော်ဦးတင်ကြလေရာ ရှေ့အတိုင်းပင် ၃-ကြိမ် တိုင်အောင် ပီတိအဟုန်ဖြင့် မေ့သွားပြီးမှ ၄-ကြိမ်မြောက်၌ တရားတော် ၏ သတင်းကို ပြောပြသည့်အတွက် ကျေးဇူးတင်လှသဖြင့် အသပြာ တသိန်း ဆုလာဘ်ပေးပြန်လေသည်။

**တတိယအကြိမ်။** ။"နောက်ထပ်ဘာသတင်းထူးဖြစ်ပါသေးသနည်း" ဟု မေးသောအခါ "ထိုတရားအတိုင်း ကျင့်၍ တရားထူးရကြသော

အရိယာသံဃာတော်လည်း ဖြစ်ပေါ်နေပါပြီ''ဟု သံတော်ဦးတင်ကြပြန်ရာ ရွှေအတိုင်း ၃-ကြိမ်တိုင်အောင်မေ့၍ ၄-ကြိမ်မြောက် ကြားရာ၌ ဆုလာဘ်တသိန်း ပေးပြန်လေသည်။

**ဗုဒ္ဓအထံတော်သွား၍ ရဟန်းပြုကြပုံ။** ။ထို့နောက် အမတ်များနှင့်အတူ ဗုဒ္ဓအထံတော်သို့ သွားဘို့ရန် ဆုံးဖြတ်ကြပြီးနောက် အနောဇာဒေဝီအထံသို့ ''ဤသူတို့အား ဆုလာဘ် ၃-သိန်းပေးရန်''စာရေး၍ အနောဇာဒေဝီမေးလျှင် ရတနာသုံးပါးအကြောင်းကို သံတော်ဦးတင်သောကြောင့် ဆုလာဘ်၃- သိန်းပေးပါကြောင်း၊ ဗုဒ္ဓအထံတော်သို့ ရဟန်းပြုဘို့ရန် သွားကြပြီဖြစ်ကြောင်းတို့ကို သံတော်ဦးတင်ဘို့ရန် ပြောပြပြီးလျှင် အမတ်တထောင်နှင့်အတူ ရဟန်းပြုဘို့ရန် ဗုဒ္ဓရှိရာ ယူဇနာ တရာ့နှစ်ဆယ်ဝေးသော သာဝတ္ထိမြို့သို့ မြင်းကိုယ်စီဖြင့် ခရီးနှင်ကြလေသည်။

**မြစ်များကို ဖြတ်ကျော်ရပုံ။** ။ဤနည်းအားဖြင့် ခရီးနှင်ကြလေရာ ရှေးဦးစွာ ရေအနက် တဂါဝုတ်, အကျယ် နှစ်ဂါဝုတ်ရှိသော အပရစ္ဆာမြစ်ကိုတွေ့၍ လှေလည်းမရှိ, ဖေါင်လည်းမရှိသောကြောင့် ဗုဒ္ဓ ဂုဏ်တော်ကို အာရုံပြုကာ မြစ်အတွင်းသို့ မြင်းတို့ကိုနှင်လေရာ ခွါကိုမျှရေမစွတ်ဘဲ ဟိုဘက်ကမ်းသို့ ရောက်ကြသည်။ ထို့နောက် တယူဇနာ၏ တဝက်လောက် အနက်အကျယ်ရှိသော နီလဝါဟိနီမြစ်ကို တွေ့ပြန်ရာ တရားဂုဏ်တော်ကို အာရုံပြု၍ငင်း၊ နောက်တဖန် အနက်အကျယ် တယူဇနာရှိသော စန္ဒဘာဂါမြစ်ကိုတွေ့ပြန်ရာ အရိယသံဃာ့ဂုဏ်တော်ကိုအာရုံပြု၍ ၎င်း မြင်းများကိုနှင်ကြရာ ခွါကိုမျှရေမစွတ်ဘဲ ဟိုဘက်ကမ်းသို့ ရောက်ကြသည်။

**ဗုဒ္ဓကိုဖူးရခြင်း။** ။စန္ဒဘာဂါမြစ်ကို ကျော်လွန်သောအခါ ခပ်လှမ်းလှမ်းကပင် ပညောင်ပင်အောက်၌ သီတင်းသုံး၍ အသင့်ကြိုတော်မူနေသော ရောင်ခြည်တော်ခြောက်သွယ်ဖြင့် သပ္ပါယ်သော ဗုဒ္ဓ မြတ်စွာကိုဖူးမြင်ကြရလေသော်''ကေန်မုချ ဗုဒ္ဓရှင်တော်ဘဲ''ဟု ဆုံးဖြတ်၍ မြင်းပေါ်မှဆင်းပြီးလျှင် ကိုင်းညွတ်သောကိုယ်ဖြင့် အလွန်ရိုသေစွာ အမတ်တထောင်နှင့်အတူ ဗုဒ္ဓမြတ်စွာ၏အနီးသို့ ချည်းကပ်လေသည်။

**ရဟန်းပြုကြခြင်း။** ။ထိုအခါ အစဉ်အတိုင်းဟောတော်မူအပ်သော တရားဒေသနာတော်၏ အဆုံး၌ အမတ်များနှင့်အတူ သောတာပန်တည် ပြီးနောက် သက်န်းလှူခဲ့သောကောင်းမှုကြောင့် သပိတ် သင်္ကန်း အထူး မရှာရတော့ဘဲ "ဧထ ဘိက္ခဝေါ=ဘိက္ခုတို့ လာခဲ့ကြလော့" စသည်ဖြင့် ခေါ်တော်မူလေသော်.... သင်္ကန်းသပိတ် စုံလင်စွာဖြင့် ဝါခြောက်ဆယ် ရသော ရဟန်းတော်ကြီးများကဲ့သို့ အလွန်ကြည်ညိုဘွယ်ကို ဆောင်နိုင် သော ရဟန်းတော်များ ဖြစ်ကြလေသည်။

**အနောဇာဒေဝီ။** ။ကုန်သည်တို့သည် ရှင်ဘုရင်၏စာနှင့် နှုတ်မှာ စကားကိုယူဆောင်၍ အနောဇာဒေဝီအထံသို့ ဝင်ပြီးလျှင် ရှင်ဘုရင်၏ စာကိုပြလေရာ "အဘယ်ကျေးဇူးကို ပြုသောကြောင့် မင်းတရားက အသင်တို့အား ဆုလာဘ် ၃-သိန်းပေးသနည်း" ဟု မေး၍ သတင်း ကောင်းကို သံတော်ဦးတင်လို့ ပေးပါကြောင်းကို ပြောကြလေသည်။ "ထိုသတင်းကို သူ့အားလည်း ပြောကြပါဦး" ဟု တိုက်တွန်းသော ကြောင့် "ဗုဒ္ဓမြတ်စွာဖြစ်ပေါ်ကြောင်း" ကို သံတော်ဦးတင်ကြလေသော် အနောဇာဒေဝီလည်း ရှင်ဘုရင်ကဲ့သို့ ၃-ကြိမ်တိုင်အောင် ပီတိအဟုန် ကြောင့် မေ့သွားလေသည်။ ၄-ကြိမ်မြောက်၌ကား "ဗုဒ္ဓဟူသောသတင်း ကောင်းကိုကြားရ၍ မင်းတရားက အသင်တို့အား ဆုလာဘ် ဘယ်လောက် ပေးသနည်း" ဟု မေးပြီးလျှင် တသိန်းပေးပါကြောင်းကို သံတော်ဦး တင်ကြလေသည်။

**နှစ်ဆတိုး၍ ဆုလာဘ်ပေးပုံ။** ။မောင်တော် မင်းတရားက ဤမျှ ကောင်းသော သတင်းထူးကိုကြားရပါလျက် ဆုတော် တသိန်းမျှသာ ပေးသတဲ့လား။ ထိပ်ထားကတော့ "ဆုတော် ၃-သိန်းပေးပါမည်" ဟု ပြောပြီးလျှင် နောက်ရတနာ ၂-ပါးကို ကြားရာ၌လည်း ၃-သိန်း ၃-သိန်းစီ ပေးလေသည်။ ထို့နောက် မင်းတရားနှင့်တကွ အမတ်တထောင်လုံးပင် ဗုဒ္ဓရှိတော်မူရာ သာဝတ္ထိမြို့သို့ ရဟန်းပြုဘို့သွားကြတဲ့အကြောင်း၊ စည်းစိမ် အားလုံးကို အလိုရှိသလို သုံးစွဲရစ်ဘို့ရန် မှာ ကြား လိုက် ကြောင်းကို သံတော်ဦးတင်ကြလေသည်။

**အနေ ာဇာနှင့်အမတ်ကတော်များ။** ။အနော ဇာဒေဝီသည် အမတ်ကတော် တထောင်တို့ကိုခေါ်၍ ထိုအကြောင်းကို ပြောပြလေသည်။ အမတ်ကတော်အားလုံးပင် ယက်ကန်းသည်ရွာတုန်းက ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ကို ဆည်းကပ်ခဲ့ဘူးခြင်း, ကဿပဗုဒ္ဓ၏ လက်ထက်တော်၌လည်း အတူတကွ ကျောင်းတိုက်အမများ ဖြစ်ခဲ့ခြင်းကြောင့် မင်းနှင့် အမတ်တို့ ထွေးပစ်အပ်သော စည်းစိမ်များကို တံတွေးပေါက်သို သဘောထား၍ မောင်တော်များ သွားရာလမ်းအတိုင်း ဘိက္ခုနီပြုကြဘို့ရန် ကိုယ်စီကိုယ်င စီးနေကျ အာဇာနည် မြင်းရထားကထောင်ဖြင့် မြို့မှ ထွက်ခွါခဲ့ကြလေသည်။

**ဗုဒ္ဓမြတ်စွာကို ဖူးတွေ့ရခြင်း။** ။ဤသို့ ထွက်ခွါကြလေရာ လမ်း၌ တွေ့ရသော မြစ်၃-စင်းတို့ကိုမဟာကပ္ပိနမင်းအမတ်တို့ကဲ့သို့ရတနာ၃-ပါး၏ ဂုဏ်တော်ကိုအာရုံပြု၍ ကျော်ဖြတ်ခဲ့ကြပြီးနောက် ရောင်ခြည်တော် ၆-သွယ်ဖြင့် သပ္ပါယ်သောဗုဒ္ဓမြတ်စွာကို ဖူးမြင်ရလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် သက်နိုးဝတ်ပြီး ကတုံးကြီးနှင့်တွေ့ကြရလျှင် စိတ်မချမ်းမသာ ဖြစ်စရာရှိသောကြောင့် အမတ်များနှင့် မဟာကပ္ပိနမင်းကို တန်ခိုးတော်ဖြင့် ကွယ်ထားတော်မူသည်။

**တရားထူးရကြခြင်း။** ။အမတ်ကတော်များနှင့်အတူ မိဖုရားလည်း ဗုဒ္ဓအထံတော်သို့ ရှိသေစွာချဉ်းကပ်၍ "မဟာကပ္ပိနမင်းနှင့် အမတ်အများ ဗုဒ္ဓအထံတော်သို့ သွားကြပါသည်။ ယခု ဘယ်မှာနေကြပါသနည်း" ဟု မေးလျှောက်လေသည်။ ဗုဒ္ဓမြတ်စွာသည် "ထိုင်ကြဦး၊ ဤနေရာမှာပင် တွေ့ရလိမ့်မည်"ဟု မိန့်တော်မူ၏။ ထိုစကားတော်ကြောင့် စိတ်အေးစွာဖြင့် ထိုင်ကြသောအခါ တရားဟောတော်မူ၏။ ထိုအခါ သောတာပန်တည်ကြ၍ သောတာပန်တည်ပြီးဖြစ်သော မဟာကပ္ပိနနှင့် အမတ်ရဟန်းတော်များလည်း အရဟတ္တဖိုလ်ရ၍ ရဟန္တာများ ဖြစ်ကြလေသည်။

**ဘိက္ခုနီပြုကြခြင်း။** ။သောတာပန်ဖြစ်ပြီးသောအခါ ရဟန်းဝတ်နှင့် တွေ့ရသော်လည်း စိတ်ပျက်စရာမရှိတော့ပြီဖြစ်၍ တန်ခိုးတော်ကို ရုပ်သိမ်းတော်မူလိုက်ရာ ကောင်းစွာမြင်ကြ၍ ရှိသေစွာ ရှိခိုးဦးချကြလေသည်။ ထို့နောက် သာဝတ္ထိမြို့သို့ သွားကြ၍ ဥပ္ပလဝဏ် ထေရီမအထံ၌ ဘိက္ခုနီပြုကြလေသည်။

မှတ်ချက်။ ။ဤဝတ္ထု၌ ရှေးရှေး ဘုရားလက်ထက်တော်တုန်းက ကျောင်းလှူခြင်း- စသောကောင်းမှုဖြင့် သာသနာ ပြုခဲ့ကြသူတို့သည် နောက်နောက်ဘုရားနှင့်တွေ့သောအခါ "ဗုဒ္ဓ" ဟူသောအသံကို ကြားရရုံဖြင့် ကြက်သီးထလောက်အောင် ပီတိသောမနဿ ဖြစ်တတ်ကြောင်း၊ ထိုပီတိသောမနဿကြောင့် ဖူးရသောဗုဒ္ဓမြတ်စွာကို ရင်းနှီးစွာ ကိုးကွယ်၍ တရားထူးရသော အရိယာ၊ သို့မဟုတ် ဘိက္ခုဘိက္ခုနီပြု၍ ရဟန္တာအဖြစ်ဖြင့် ကျွတ်တမ်း ဝင်နိုင်ကြောင်းကို ကောင်းကောင်းမှတ်သား၍ ဤဘဝ၌ ဖြူစင်သောစိတ်ထားဖြင့် သာသနာပြု ဒကာ ဒကာမများဖြစ်၍ ငါးပါးသီလကို ခါးဝတ်ပမာ လွန်စွာမြဲသူများဖြစ်ကြလျှင် မိမိဆုအားလျော်စွာ နောက်နောက် ဗုဒ္ဓသာသနာတော်၌ ကျွတ်တမ်းဝင်နိုင်ကြမည်" ဟု မှတ်ခဲ့ပါ။

**မနုဿာနီဝတ္ထု။** ။ပုဏ္ဏားအမျိုးတို့တွင် မနုဿာနီအမျိုးကို အမြတ်ဆုံးဟု ပုဏ္ဏားတို့ယူဆကြ၏။ထိုအမျိုး၌ဖွားမြင်၍“မနုဿာနီ”ဟု နာမည်တွင်သော အမျိုးသမီးတယောက်သည် အပျိဘဝက သောတာပန်တည်၍ ဗုဒ္ဓမြတ်စွာ ကို သတိရတိုင်း “နမောတဿဘဂဝတော=ထိုမြတ်စွာဘုရားအား ရှိခိုး ပါ၏”ဟု ရွတ်ဆိုလေ့ရှိ၏။ အိမ်ထောင်ပြုဘက် ခင်ပွန်းသည်ပုဏ္ဏားကား ဗုဒ္ဓဘာသာဝင်မဟုတ်။ ဗြဟ္မာကို ကိုးကွယ်သော ပုဏ္ဏား အယူကိုသာ ယူသူဖြစ်သည်။

**အယူမတူသော်လည်း အတူနေနိုင်။** ။ဤသို့ အယူမတူသော်လည်း ဘန့်ကျင်ဘက်မပြုကြဘဲမနုဿာနီက ဗုဒ္ဓအမှူးရှိသောသံဃာတော်များအား ဆွမ်းကပ်မည့်နေ့သို့ ရောက်လျှင် ပုဏ္ဏားသည် စောစောကပင် အခြား အိမ်သို့ထွက်သွား၏။ ပုဏ္ဏားက သူ၏ပုဏ္ဏားတို့ကို ထမင်းကျွေးပွဲပြုရာ နေ့၌ကား မနုဿာနီသည် လင်၏အလိုသို့ လိုက်လျောသောအားဖြင့်၎င်း၊ သောတာပန်ဖြစ်၍ နှမြောဝန်တိုမှု မစ္ဆရိယမရှိသောကြောင့်၎င်း ပုဏ္ဏား တို့ကို ကောင်းမွန်စွာပြုစု၏။

**နမောတဿဟု မဆိုဘို့ရန် တားခြင်း။** ။တနေ့သ၌ကားပုဏ္ဏားသည် မနုဿာနီကိုကြိုတင်၍အသိမပေးဘဲ ပုဏ္ဏားတို့ကို ထမင်းကျွေးဘို့ ဖိတ်လာ ခဲ့ပြီးမှ မနုဿာနီအား ပြော၏။ ထိုအခါ “ထမင်းကျွေးဘို့ကိစ္စ၌ သူက ဘာများ လုပ်ပေးစေလိုပါတုန်း” ဟု မေးသည်။ “လုပ်စရာကိစ္စအားလုံး ကို အလုပ်သမားများ လုပ်ကြပါလိမ့်မယ်၊ ရှင်မရဲ့တာဝန်ကတော့ ထမင်း သုံးဆောင်လာတဲ့ ပုဏ္ဏားများလဲ စိတ်ချမ်းချမ်းသာသာစားရ, ကျုပ်နဲ့ ပုဏ္ဏားတို့နဲ့လဲ စိတ်ဝမ်း မကွဲရအောင် နက်ဖန်တရက်လောက် “နမော တဿ ဘဂဝတော”လို့ မရွတ်မိအောင် ချုပ်တည်းစမ်းပါနော် ”[ခခ ယယ တောင်းပန်သည်။ အထက်တန်းအမျိုးသမီးမို့ အာဏာနဲ့ မပြောဝံ့။]

**မနုဿာနီက မလိုက်လျော။** ။“ရှင့်မှာ ပုဏ္ဏားတွေနဲ့ စိတ်ဝမ်းကွဲကွဲ။ နတ်တွေနဲ့ စိတ်ဝမ်းကွဲကွဲ-ကွဲလေ။ဗုဒ္ဓမြတ်စွာကို သတိရတဲ့အခါ ရှိမခိုးဘဲ တော့ နေကိုမနေနိုင်ပါ” ဤသို့ ပြောလေသော်.... အလွန်စိတ်ဆိုးသည် ဖြစ်၍ သန်လျက်ကိုယူပြီးလျှင် အိမ်ခြေတရာရှိတဲ့ရွာရဲ့ တံခါးပေါက်ကြီးကို လုံအောင် ပိတ်နိုင်ပါသေးလျက် သင်က သင့်ပါးစပ်တပေါက်ကို ပုဏ္ဏား

များ ထမင်းစားချိန်ကလေးမှ မပိတ်နိုင်ဘူးလား။ နက်ဖန် ပုဏ္ဏားတို့ ထမင်းစားချိန်မှာ "နမော တဿ ဘဂဝတော"လို့ ရွတ်ဆိုလျှင်တော့ "ဟောဒီသန်လျက်နဲ့ တကိုယ်လုံးကို နုပ်နုပ်စဉ်းမယ်"ဟု ကြိမ်းဝါးလေသည်။

သို့သော် ဓဥ္စာနိက ပြန်ပြောသည်မှာ...."ကိုပုဏ္ဏား-ကျုပ်ကအမြတ်ဆုံးဖြစ်တဲ့ သြက္ကာကမင်းမျိုးမှ ဆင်းသက်လာတဲ့ ဂေါတမဗုဒ္ဓရဲ့ သွီးတော့.... သွီးသွီး၊ ဗုဒ္ဓမြတ်စွာကို သတိရတဲ့အခါ ရှိမခိုးဘဲ နေကိုမနေနိုင်ဘူး။ ရှင်က အဲဒီသန်လျက်နဲ့ ဖြတ်ချင်လဲဖြတ်။ သတ်ချင်လဲသတ်ပေါ့"။

**ပုဏ္ဏားလက်လျှော့ရ။** ။ဤသို့ပြောသောအခါ ပုဏ္ဏားသည် မယားဖြစ်သော်လည်း သူ့ထက် အဆင့်အတန်း မြင့်နေသောကြောင့် လက်ကလေးနှင့်မျှ မရိုက်နှက် မပုတ်ခတ်ဝံ့သည်ဖြစ်၍ ဟန်နဲ့ ပန်နဲ့ ကိုင်ထားသော သန်လျက်ကို ကုတင်ပေါ် သို့ပစ်တင်ကာ "လုပ်ချင်တာလုပ်ဟာ" ဟု ဆို၍ လက်လျှော့လိုက်ရလေသည်။ သို့သော် နက်ဖန်နံနက်၌ ဓနဥ္စာနီသည် လင်၏စိတ်ကို မဆင်းရဲစေလိုသောကြောင့် ပုဏ္ဏားတို့မလာခင် ခန့်ညား ကောင်းမွန်စွာ ဆင်ပြင်၍ ပုဏ္ဏားတို့လာသောအခါ သူကိုယ်တိုင် ပြုစုလုပ်ကျွေးပါသည်။

**နမော တဿ ဘဂဝတော။** ။ထိုသို့ ပြုစုလုပ်ကျွေးနေစဉ် ပုဏ္ဏားတို့၏ အစွန်ဝယ် ထမင်း စားမည်ဟု ပြင်နေသော သူ့ခင်ပွန်း ပုဏ္ဏား၏ လင်ပန်း၌ ထမင်းထည့်ဘို့ နို့ဃနာထမင်းခွက်ကို ယူလာလေရာ သစ်သားချောင်းတခုကိုနင်းမိ၍ ချော်သွားသဖြင့် ထိခိုက်မိသောကြောင့် "အသုံးစုံ ဒုက္ခချည်းဘဲ"ဟူသော ဗုဒ္ဓ၏စကားတော်ကိုရင်း၊ ဗုဒ္ဓမြတ်စွာကိုရင်း သတိရ၍ ကိုင်ထားသော နို့ဃနာခွက်ကို အသာချပြီးလျှင် ဝေဠုဝန်ကျောင်းတော်ဘက်သို့ လက်အုပ်ချီကာ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု ပီပီသသကြီး ရွတ်ဆို၍ ရှိခိုးပါတော့သတည်း။

**ပုဏ္ဏားတွေ ပြန်ပြေးကြပုံ။** ။ဗုဒ္ဓမြတ်စွာကို မကြည်ညိုသည့် အပြင် ဗုဒ္ဓနှင့်သံဃာများကြောင့် သူတို့၏ စားပေါက် စားလမ်း ပိတ်သွားသည်ဟု အယူရှိရကား၊ နဂိုရ်ကပင် ဗုဒ္ဓအပေါ်၌ အတော် မကျေမနပ် ဖြစ်နေကြသော ပုဏ္ဏားတို့သည် "နမော တဿ ဘဂဝတော"စသော အသံကို ကြား

လိုက်ရသည်နှင့်တပြိုင်နက် စားပြီး စားတုန်း ပုဏ္ဏားအားလုံးပင် စိတ်ဆိုးမာန်ဆိုးဖြင့် (လေးကိုမြင်၍ ကျီးကန်းတွေ ပျံပြေးကြသကဲ့သို့) တစုတဝေးကြီး အကုန် ထ၍ ပြန်ပြေးကြလေသည်။

**ဘုရားကိုနှိပ်ဘို့ ပုဏ္ဏားသွားခြင်း။** ။ပုဏ္ဏားလည်း "ဒီအဖြစ်မျိုးဖြစ်လိမ့်မည်ကိုမြင်လို့ မနေ့က တောင်းပန်ထားပါလျက် ဒီပါးစပ်ပေါက်ကို မပိတ်နိုင်ဘူး" ဟု ပြောကာ အမျိုးမျိုးဆဲပြီးလျှင် "နင့် ဗုဒ္ဓအပေါ် မဖြေနိုင်အောင် ပြဿနာမေး၍ အပြစ်တင်မယ်" ဟု ပြောဆိုလျက် ဗုဒ္ဓအထံတော်သို့သွား၍ စိတ်မဆိုးဟန် ဆောင်ကာ "အရှင်ဂေါတမ.... ဘယ်ဟာကိုဖြတ်၍ ဘယ်ဟာကိုသတ်လျှင် ချမ်းချမ်းသာသာ နေထိုင်ရနောင်တ တဖန် ပပူပန်ရပါသနည်း။တခုသောအဘယ်အရာကို သတ်ခြင်းကို အရှင်ဂေါတမ နှစ်သက်ပါသနည်း" ဟု မေးလေသည်။

**ပုဏ္ဏား၏ရည်ရွယ်ချက်။** ။ဗုဒ္ဓမြတ်စွာက "ပည်သည့်အရာကို သတ်ရမည်" ဟု ဖြေလျှင် "ဒီလိုဆိုလျှင်တော့ ကိုယ်မနှစ်သက်တဲ့ ရန်သူကိုလည်း သတ်ရမှာပေါ့" ဟု စကားအတွန့်တက်ကာ "ဒီလိုသာသတ်ဘို့ကိုနှစ်သက်လျှင် သမဏဟု ဝန်ခံနေလို့ ဘာအကျိုးရှိမှာလဲ၊ သမဏဆိုတာ ဒေါသငြိမ်းအေးရပါတယ်" ဟု အပြစ်ပြ၍နှိပ်မည်။ "ဘယ်ဟာကိုမျှ သတ်ခြင်းကို မနှစ်သက်ပါဘူး" ဟုဖြေပြန်လျှင် "ရာဂစသော ကိလေသာ သတ်ဘို့ကိုမျှ အလိုမရှိဘူးလား။ ဒီလိုဆိုလျှင် ကိလေသာ မငြိမ်းအေးဘဲ သမဏအမည်ခံပြီး လှည့်လည်နေဘို့မသင့်ပါ" ဟု အပြစ်ပြ၍နှိပ်မည်ဟု ရည်ရွယ်၍ မေးသည်။

**ဗုဒ္ဓ ဖြေတော်မူခြင်း။** ။"အမျက်ကောဓကို သတ်နိုင်လျှင် ချမ်းချမ်းသာသာ နေရ၏။ အမျက်ကောဓကို သတ်နိုင်လျှင် နောင်တတဖန် ပပူပန်ရ။ အမျက်ကောဓတခုကို သတ်ဘို့ရန် နှစ်သက်တော်မူသည်" ဤသို့ ဖြေတော်မူလိုက်လျှင် အမျက်ကောဓကြောင့် ဒုက္ခတွေ့ခဲ့ရသော ပုဏ္ဏားသည် အလွန်နှစ်သက် အားရသဖြင့် တရားတော်ကို အကြိမ်ကြိမ်ချီးကျူးကာ ရဟန်းပြုဘို့ ခွင့်တောင်းပြီးလျှင် ရဟန်းပြု၍ မကြာခင် ရဟန္တာကြီးတပါး ဖြစ်လေသည်။

**ဤဝတ္ထုဌ္ဌမှတ်ချက်။** ။ဤဝတ္ထု၌ သောတာပန် ဓနဉ္စာနီ၏ ဗုဒ္ဓကို သတိရတိုင်း ရှိမခိုးဘဲမနေနိုင်ပုံ၊ တနေ့တနေ့၌ အကြိမ်များစွာ သတိရပုံကို အတုယူကာ မိမိတို့လည်း နေ့စဉ်နေ့တိုင်း ရောင်းရင်း ဝယ်ရင်း ပင် ဗုဒ္ဓမြတ်စွာကို သတိရအောင် ကြိုးစားသင့်ပါသည်။ ဗုဒ္ဓ အလို တော်ကျ သီလကိုလည်း ဖြူစင်သန့်ရှင်းအောင် စောင့်ထိန်းသင့်ကြပါ သည်။ ဤသို့ နေနိုင်လျှင် မိမိတို့လည်း သောတာပန်နှင့် မခြားဘဲ အပါယ် ၄-ပါးမှလွတ်၍ လိုရာဆုများ ပြည့်စုံနိုင်ကြပါလိမ့်မည်။

**မဟာဂန္ဓာရုံဆရာတော်။** ။မဟာဂန္ဓာရုံဆရာတော်သည် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရုံတိုက်မှ စစ်ကိုင်းချောင်သို့ ချမ်းအေးဆရာတော် စသော ဆရာတော်များနှင့်အတူ တောထွက်တော်မူလာပါသည်။ ထို အချိန်သည် ၁၂၅၇-ခုနှစ်လောက်ကဖြစ်၍ စစ်ကိုင်းချောင်သည် မစည် ကားသေးပါ။ သမင် ဒရယ် ဂျီယယ် သစ်ကျုတ်တို့ သွားလာနေရာ တောကြီးပင်ဖြစ်၏။ ထိုတော၌ နေရာကျောင်းလည်း မများလှ။ ဆွမ်း ကိုလည်း စစ်ကိုင်းမြို့အထိသွား၍ ခံယူရ၏။ ထို အခြေအနေ၌ တော ထွက်လာသော မဟာဂန္ဓာရုံဆရာတော်သည် အရဟံဂုဏ်တော်ကို အခြေ ခံသော ဤ "ဗုဒ္ဓါနုဿတိဘာဝနာ"ကို အားထုတ်၍ ထို ဗုဒ္ဓါနုဿတိ ဘာဝနာဖြင့် သမာဓိရပြီးမှ ဝိပဿနာတတ်၍ အားထုတ်ပါသည်။

**လူအတွေ့မခံခြင်း။** ။ဆရာတော်သည် သူတပါးအား တရားပေးဘို့ ထက် မိမိတရားရဘို့က ပဓာနဖြစ်၍ သက်တော် ၅၀-ကျော်လောက်၌ မဟာသုခချောင်ကို လူတရပ်ကျော်လောက် ဝင်းထရံကြီးတွေကာလျက် လူအတွေ့ လုံးလုံး မခံတော့ပါ။ ဆွမ်းပို့သော ဘုန်းတော်ကြီးတပါးက သော့ခတ်ထားသော တံခါးကိုဖွင့်၍ ခြေသံကလေးမျှ မကြားရအောင် ဝင်ပြီးလျှင် ဆွမ်းဘုဉ်းပေးသောနေရာ၌ ဆွမ်းချိုင့်ကို အသာချခဲ့၍ မနေ့က ဆွမ်းချိုင့်ကိုယူကာ ထွက်ခဲ့ပြီးမှ တံခါးသော့ကိုပိတ်၍ တုံး ကလေးကို ၃-ချက်လောက် ခေါက်ခဲ့ပါသည်။ [ထိုအချိန်က မိမိသည် ကျောင်းသားအဖြစ်ဖြင့် ပလိပ်ရောဂါရှောင်ရင်း ဂန္ဓာရုံ၌ ခေတ္တနေစဉ် ဆွမ်းပို့ရာသို့ လိုက်ခဲ့ဘူးပါသည်။]

**သံဃာတော်ကြီးများ တရားအားထုတ်ကြ။** ။မန္တလေးမြို့ စိန်ပန်း ဓမ္မကာရုံတိုက်မှ ဆရာတော်ကြီးသည်ရင်း၊ ပုသိမ်မြို့မှ ပုသိမ် ဆရာတော်ကြီးသည်ရင်း ဆရာတော်ထက် ဝါတော်ကြီးကြသော်လည်း ဗုဒ္ဓါနုဿတိဘာဝနာနှင့် ဝိပဿနာဘာဝနာ အားထုတ်ဘို့ ကြွလာတော်မူကြပါသည်။ ဝါတော် ၂၀-ကျော်ရှိသော သံဃာတော်များသည် ကောသနိက် ပတ္တပိုဏ်ခုတင်ဆောင်လျက် သက်သတ်လွတ်စား၍ တရားအားထုတ်နေကြပုံ၊ အသွားအလာ ငြိမ်သက်ပုံတို့မှာ အလွန် ကြည်ညိုစရာကောင်းပါသည်။ ထိုအချိန်က ထိုတရားအားထုတ်ကြသော ဆရာတော်တို့၌ ပြောစမှတ် ဖြစ်နေသည်မှာ— ''မိမိ သွားလာနေထိုင်ရာ အရပ်သို့ဗုဒ္ဓမြတ်စွာ အမြဲပါနေသည်'' ဟုပင် ဖြစ်ပါသည်။

**ပြင်သစ် ဥပါသိကာမ။** ။အင်္ဂလိပ်လိုရေးထားသော ဗုဒ္ဓအကြောင်းအရာ၊ ဗုဒ္ဓတရားတော်များကို လေ့လာ၍ ဗုဒ္ဓဘာသာဖြစ်ပြီးသော ပြင်သစ်နိုင်ငံသူ ဥပါသိကာမ တယောက်သည် ဗုဒ္ဓဘာသာ ထွန်းကားရာကမ္ဘာ့မြောက်ပိုင်း အရှေ့ပိုင်း နိုင်ငံများသို့ အဖော်တယောက်နှင့်အတူလှည့်လည်၍ ဘာသာရေး တရားများကို လက်တွေ့လေ့လာရင်း ဤမြန်မာနိုင်ငံသို့ ရောက်သောအခါ မဟာဂန္ဓာရုံဆရာတော်၏ အထံသို့ရောက်လာပါသည်။ [ထိုအခါ၌ ဆရာတော်သည် တပါးတည်း သီတင်းသုံးရာ၌ မကျန်းမာ၍ လူအတွေ့ခံရသောအချိန် ဖြစ်ပါသည်။]

**တရားအားထုတ်ခြင်း။** ။ဆရာတော်၏ ဘာဝနာစိတ်ဖြင့် ထုံမွမ်းအပ်သော မျက်နှာတော်သည် ကြည်ညိုဘွယ် ကောင်းလှ၏။ ပြောအပ်သောစကားတိုင်း၌ တရားမကင်းသည်သာ များပါသည်၊ ထို့ကြောင့် ဆရာတော်ကို ကြည်ညိုသော ဥပါသိကာမသည် ''ခေတ္တနေ၍ တရားဆွေးနွေးလိုပါကြောင်း'' လျှောက်သောအခါ ''နေနိုင်သည်'' ဟုခွင့်ရ၍ ဗုဒ္ဓါနုဿတိဘာဝနာနှင့် ဝိပဿနာကို အားထုတ်ပါသည်။ ထိုသို့ အားထုတ်ရင်း သဘောမသက်ဝင်နိုင်သော အရာကို စကားပြန်ဖြင့် အဖန်ဖန်မေးမြန်း၍ အတော်ကြာအောင် အားထုတ်သွားပါသည်။ သူ၏ နိုင်ငံသို့ ရောက်သောအခါ မဟာဂန္ဓာရုံဆရာတော်၏အထံ၌ နည်းခံရသော တရားကို အလွန်နှစ်သက်ကြောင်း လျှောက်လိုက်ပါသတဲ့။

**တရားရကိုမှန်းဆဲခြင်း။** ။ဆရာတော်သည် လူအတွေ့ခံတော်မမူဘဲ ၃-နှစ်ခန့်မျှ တပါးတည်း တရားအားထုတ်တော်မူခြင်း၊ မျက်နှာတော်၏ ကြည်လင်ခြင်း၊ တရားအားထုတ်စဉ် ဖြစ်ပေါ်သော မှတ်တမ်းများကို လျှို့ဝှက်စွာထားရာမှ တွေ့ရခြင်းတို့ကြောင့်“တရားပေါက်ပြီး”ဟု အနီးနေ တပည့်များက ခန့်မှန်းကြပါသည်။ မိမိကား ပလိပ်ရွာ သရက်ပင်များ အုပ်ဆိုင်းနေသော တောကျောင်း၌ ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်ခါနီးဝယ် အခြားဘုန်းတော်ကြီးတပါးနှင့်အတူ အနီးအပါး၌ နေခိုက် “ခန္ဓာကိုယ်က ရောဂါများလွန်းလို့ ဒီဘဝတွင် ခန္ဓာဝန် လက်စသိမ်းဘို့ ကြိုးစားတာဘဲ၊ ဒါပေမဲ့” ဟု မိန့်တော်မူ၍ ရှေ့မဆက်တော့ပါ။ ထို့ကြောင့် “ရဟန္တာအဖြစ်သို့ မရောက်သေးဘဲ အောက်မဂ်အောက်ဖိုလ်လောက်သာ ရတော်မူဟန်တူသည်” ဟု ခန့်မှန်းရပါသည်။

**ပြန်လွန်တော်မူချိန်။** ။မိမိကို ဥပဇ္ဈာယ်ပေးပြီးသောဝါတွင်း၌ ၁၂၇၁-ခု ဝါခေါင်လဆုတ် ၇-ရက် သက်တော် ၆၂-နှစ် အရွယ်တော်ဝယ် နှစ်ပေါင်းများစွာ တရားအားထုတ်ရာဖြစ်သော မဟာသုခ ချောင်၌ပင် ပြန်လွန်တော်မူပါသည်။ ထိုညဉ့်၌ ဆရာတော်၏ ချောင်အနီးက ပုညရှင်နှင့် ဥမင်သုံးဆယ်တောင်တန်းဝယ် တောက်ပသော အရောင်တွေ ထိုဤကူးကာ သွားလာ ပျံသန်းနေသည်ကို တောင်၏ အနောက်ဘက်၌ သီတင်းသုံးနေတော်မူသော ဃောသိတာဝန် ဆရာတော်ကြီးကိုယ်တိုင် မြင်နေရသောကြောင့် ထိုအကြောင်းကို ချမ်းအေး ဆရာတော်ကြီးအားငှင်း၊ ဆရာတော် ပြန်လွန်တော်မူရာ လာကြသော သံဃာတော်များအားငှင်း ပြောပြတော်မူပါသတဲ့။

ယဿ ဇေယျော နိက္ခန္တမှိ၊ အာသိ’ယံ မိဂမာသယော။
ကိတ္တာဝါသော ကိတ္တာဟာရော၊ နိစ္စံ ဒုဋ္ဌပရက္ကမော။

ယဿ ထေရဿ၊ မဟာဂန္ဓာရုံ တိုင်းလုံးတုန်မျှ ဆန်စုန်ကျော်ဟီး အကြင်ဆရာတော်ဘုရားကြီး၏။ နိက္ခန္တမှိ၊ ဝိသုဒ္ဓါရုံ မြို့ရှေ့ဘုံမှ ရဂုံသာမောဤမြိုင်တောသို့ မနောထက်သန် ထွက်စံတော်မူစ အခါ၌။ အယံ ဇေယျော၊ ယခုအခါတွင် အများမြင်သည့် တောင်ခွင်မလပ် ချောင်စဉ်

စပ်၍ ရစ်ပတ်ဝေဆာ သေလာခေါင်ထိီး ဤဇေယျာတောင်ကြီးသည်။ မိဂမာသယောအာသိ၊သမင်ဒရယ်ဂျီငယ်သစ်ကျူတ် မြည်ဟုတ်သံညောင်း သားအပေါင်းတို့ သောင်းပြောင်းရောပြွမ်း တောစခန်းဖြင့် တောကြမ်း ကြီး ဖြစ်ခဲ့ဘူးလေပြီ။

သော လေရော၊ ထိုတောစခန်း ထိုတောတန်း၌ တောကြမ်းကိုမှီ မနောကြည့်၍ ယောဂီအလုပ် လွန်အားထုပ်လျက် စိတ်ချပ်ကြည်လင် ထိုကျေးဇူးရှင်ဆရာတော်ဘုရားသည်။ ကိစ္စာဝါသော၊ ကျောင်းတော် သစ်ပင် မြေပြင်မှေ့ ရာ သေလာကျောက်တုံး ဦးခေါင်းအုံးလျက် ထေရ် ဘုန်းစံရာ မခံသာအောင် မှန်စွာညှဉ်းဆဲ အဆင်းရဲကြီး ဆင်းရဲတော် မူပါလျက်။ ကိစ္စာဟာရော၊ ခရီးဝေးကွာ ဆွမ်းကိုရှာ၍ ရေပါမလွယ် တကယ်ထိုစဉ် ငြိုငြင်သောအာဟာရရှိပါလျက်။ နိစ္စံ၊နေ့ရောညဉ့်ပါ အခါ မစဲ အမြဲသာလျှင်၊ ဒင္ဃပရက္ကမော၊ ဘယ်သူကမှ တုမပဘဲ ခုဘဝတွင် ခန္ဓာဝန်လက်စသိမ်း၍ အေးငြိမ်းအောင် တရားကုတ်လျက် အားထုတ် ခဲ့သော အရှင်မြတ်ကြီးပါဘုရား။

**ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုး။** ။ဗုဒ္ဓါနုဿတိ ဘာဝနာကို အားထုတ်သော ပုဂ္ဂိုလ်တိုင်း၏ အကျိုးရပုံမှာ(ချွန်ရမှုမှတပါး)အခြား ဘာဝနာများထက် အနည်းငယ်မျှ မလျှော့ပါ။ ထူးခြားချက်ကား-

၁။ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကို အတော်များစွာ သိရသောကြောင့် ဗုဒ္ဓမြတ်စွာကို အလွန်ရိုသေ၍ ဗုဒ္ဓမြတ်စွာ၏စကားတော်ကို အလွန် လိုက်နာခြင်း။

၂။ ဂုဏ်တော်များစွာကို သိရသည့်အတွက် ဗုဒ္ဓမြတ်စွာ အပေါ်၌ သောတာပန်ကဲ့သို့ ဉာဏ်ဖြင့်သက်ဝင်၍ နက်နက်နဲနဲကြည်ညိုခြင်း။ [ဗုဒ္ဓအစစ်ကို ကြည်ညိုလျှင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ပြုစု လိုသောစိတ် အားပေးလိုသောစိတ် ရှိရကား သာသနာဖျက် ပုဂ္ဂိုလ်များကိုမူ ရှောင်ရှားမည်သာ။]

၃။ ဗုဒ္ဓမြတ်စွာကို မကြာမကြာ သတိရနေသောကြောင့် သတိ ကောင်းခြင်း။ [အသက်ကြီးသော်လည်း သတိမမေ့ခြင်း။]

၄။ အလွန်နက်နဲသောဗုဒ္ဓဂုဏ်တော်များကို သတိနှင့်တကွ ဉာဏ်ကျက်စားနေရသည့်အတွက် အသိဉာဏ်လည်း တိုးတက်လာခြင်း။

၅။ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တို့သည် အာရုံပြုသော သတိနှင့် စေတနာမျိုးစေ့တို့၏ စိုက်ပျိုးရာ မွန်မြတ်သော လယ်ယာမြေ ဖြစ်သောကြောင့်ထိုဘာဝနာကုသိုလ်ကောင်းမှု၏ ကြီးကျယ်မြင့်မြတ်ခြင်း။

၆။ ဂုဏ်တော်တို့ကို အာရုံပြုရာ အခါတိုင်း၌ ဝမ်းမြောက်သော ပီတိပါမောဇ္ဇဖြစ်ခြင်း။ [စိတ်၏ ချမ်းသာ ကြည်လင်ခြင်း။ စိတ်အေးမြခြင်း။တရံတခါ ကြက်သီးထလောက်အောင်ပီတိဖြစ်ခြင်း။]

၇။ ကြောက်စရာ ဘေးအန္တရာယ်နှင့် ကြုံစေကာမူ ထိုဘေးဒုက္ခကို မကြောက်မရွံ့ ရဲဝံ့စွာ ခံနိုင်ခြင်း။

၈။ ဗုဒ္ဓမြတ်စွာကို မကြာမကြာ အောက်မေ့တိုင်း ဗုဒ္ဓမြတ်စွာနှင့်အတူနေရသကဲ့သို့ဖြစ်၍ကျူးလွန်ရမည့်အပြစ်ကိုမကျူးလွန်တော့ခြင်း။

၉။ ဝိပဿနာတက်၍ မဂ်ဖိုလ်တိုင်အောင် မရနိုင်လျှင် ယခုဘဝ၏ အခြားမဲ့ နောက်ဘဝ၌ (ငါးပါးသီလ မပျက်ပါမူ) လိုရာသုဂတိဘဝကို ရတို့ သေချာခြင်း။

၁၀။ နောက်နောက် ဘုရားသာသနာတော်ကို ဧကန် ကြုံတွေ့ရမည် ဖြစ်၍ မိမိရည်မှန်းအပ်သော ဆုနှင့်ကိုက်ညီသော ဘုရားသာသနာဝယ် ဧကန်တရားထူးရနိုင်ခြင်း။....ဤကား ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးများတည်း။

## အခွင့်ကောင်း အခါကောင်း

**ဗုဒ္ဓလက်ထက်တော်**။ ။ဗုဒ္ဓမြတ်စွာ၏ သက်တော်ထင်ရှား ရှိတော်မူရာအခါသည် ထိုခေတ်က သူတော်ကောင်းများအတွက် အခွင့်ကောင်း အခါကောင်းကြီးဖြစ်၏။ ထို့ကြောင့် ထိုသူတော်ကောင်းတို့သည် လွယ်လွယ်ကူကူဖြင့် တရားထူးကို ရနိုင်ကြပေသည်။ ဥပမာ- မိဘလက်ထက်၌ သူဌေးမိဘက ပေးအပ်သော အရင်းအနှီးကိုအခြေခံ၍ လိမ်လိမ်မာမာနှင့် အချည်အခြင်းရှိသော သားသမီးတို့သည် အလွယ်တကူပင် သူဌေးဖြစ်နိုင်ကြသကဲ့သို့တည်း။

**ယခုလည်းကောင်းသေး၏။** ။ယခုလည်း ဗုဒ္ဓမြတ်စွာ၏ ကျင့်စဉ် တရားတော်များသည် ဓမ္မစကြာ အနတ္တလက္ခဏာသုတ်တော်မှစ၍ အပြည့် အစုံ ထင်ရှားရှိပါသေး၏။ ထိုတရားများကို ပိုင်ပိုင်နိုင်နိုင် သိကြသော စာချဆရာတော်များလည်း ရှိကြသေး၏။ ထိုဆရာတော်များအထံ တရား နည်းခံ၍ တရားမှန်ကို အားထုတ်သူတို့သည် ယခုဘဝ၌ပင် တရားပေါက် နိုင်၏။ ယခုဘဝမပေါက်လျှင် ပါရမီဓာတ်ခံရ၍ မဟာကပ္ပိန အနေ့ဘာ ခေမာထေရီ မနုဥ္စာနီ သုမေဓာတို့ကဲ့သို့ မိမိဆုအားလျော်စွာ နောက် နောက် သာသနာတော်၌ တရားထူးကို ရနိုင်သောကြောင့် ယခုအချိန် လည်း အခွင့်ကောင်းအခါကောင်းပင် ဖြစ်ပါသေးသည်။

**နောက်၌မှောင်ကြီးကျတော့မည်။** ။သို့သော် ရဟန်းရှင်လူ အများ သူတို့ကား ယခုပင် မတရားလှုပြီ။ နောက်နောက်ဆိုလျှင် (နောက်ဘဝ လောက် ရောက်လျှင်) သာ၍သာ၍ တရားလက်လွတ် ကြပါလိမ့်မည်။ ထိုအခါ ပိဋကတ်ကျမ်းစာများကို လေ့လာသူနည်းပါး၍ တရားစစ်တရား မှန်များ တိမ်မြုပ်ကာ မောဟမှောင်ကြီး ဖိစီးလာပါတော့မည်။

**ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာ။** ။ဗုဒ္ဓမြတ်စွာ၏ သာသနာတော် လုံးလုံးမကွယ် သေးဘဲ တရားတော် အစစ်အမှန်များ ထင်ရှား ရှိသေးရာ အခါကို "ဗုဒ္ဓုပ္ပါဒ= ဘုရားပွင့်ရာ အခါကောင်း" ဟု ခေါ်ပါသည်။ ထိုအခါကို မှီသော သူတော်ကောင်းတိုင်း အခွင့်ကောင်း ရသူချည်းဖြစ်ပါသေး သည်။ ထို့ကြောင့် ယခုရရှိနေသော လက်ကျန်အခွင့်ကောင်းကလေး ကို လက်မလွတ်စေရအောင် သူတော်ကောင်းစိတ်ရှိသူတိုင်း ကြိုးစားကြရ ပါတော့သည်။

## တိုက်တွန်းချက်

မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ သောစရေ။
အပတ္တေ ဝါယမေယျာထ၊ ခဏော ဝေါ ပတိပါဒိတော။

ဘောန္တော၊ ရဟန်းရှင်လူ မည်သူမဆို အိုလူအပေါင်း သူတော် ကောင်းတို့။....ခဏံ၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာဟု ကြုံရလင့်ကောင်း အခွင့်ကောင်း ကြီးကို။ မာ ဝိရာဓေထ၊ လောကီကိစ္စ အဝဝကြောင့် နှေးညည်းပုံသေ မချွတ်

လဲ့စေကြကုန်လင့်။ ဟိ(ယုတ္တံ)၊ ကြောင့်ကြောင့်ကျကျ သတိရအောင် နှိစ္စပုံသော တိုက်တွန်းသင့်ပေ၏။ ခဏာတီတာ၊ အခွင့်ကောင်းကို ကောင်းမှန်းမသိ သတိမမူ ကျော်လွန်၍သွားသူတို့သည်။ သောစရေ၊ သာသနာပ အခါကျလျှင် အပါယ်ဘေး တွေ့မည့်အရေးကြောင့် ပူဆွေး၍နေကြကုန်၏။ အပတ္တေ၊ မရအပ်ဘူး တရားအထူးတို့ကို။ ဝါယမေယျာထ၊ အခွင့်ကောင်းဆဲ အားကုန်လှဲ၍ အမြဲကြိုးစားလိုက်ကြကုန်လော့။ ဝေါ (တုမှာကံ)၊ သရဏဂုံ သီလစုံဖြင့် ကုံလုံပြည့်ဝ ခွင့်ကောင်းရ၍ ဗုဒ္ဓကို မြင် အသင်သူတော်ကောင်းတို့မှာ။ ခဏော၊ ဘဝဆက်ဆက် ကြုံဘို့ ခက်သည့် တသက်တခါ ကြုံလာသော အခွင့်ကောင်းသည်။ ပတိပါဒိ- တော၊ ရှေ့ရှုမျက်မှောက် ရောက်နေပြီတကား။

## ကမ္မဋ္ဌာန်းအားထုတ်ပါ

**ကမ္မဋ္ဌာန်း။** ။"ကမ္မဋ္ဌာန" ပါဠိကို မြန်မာလို "ကမ္မဋ္ဌာန်း" ဟု ခေါ်ကြ၏။ [ကမ္မ=ဘာဝနာအလုပ်၏ + ဌာန =တည်ရာ။] ကမ္မဋ္ဌာန်း အားထုတ်မှုကိုပင် "ဘာဝနာအလုပ်" ဟုလည်း ခေါ်၏။ [ဘာဝနာ= မိမိစိတ်ကို သာမန်လူများကဲ့သို့ သေးသေးသိမ်သိမ် မဖြစ်စေဘဲ ကြီးမား စေခြင်း တိုးပွါးစေခြင်း အလုပ်။] ကမ္မဋ္ဌာန်းအားထုတ်ရာ၌ အစဉ် အတိုင်း ဖြစ်နေသောစိတ်သည် ဘာဝနာအလုပ်ဖြစ်သောကြောင့် "ကမ္မ" မည်၏။ ထိုဘာဝနာကမ္မ၏ တည်ရာဖြစ်သော ဗုဒ္ဓဂုဏ်တော် - စသော အာရုံများသည် "ဌာန" မည်၏။

**ကမ္မဋ္ဌာန်း ၂-မျိုး။** ။ထိုကမ္မဋ္ဌာန်းသည် သမထကမ္မဋ္ဌာန်း ဝိပဿ- နာကမ္မဋ္ဌာန်းဟု ၂-မျိုးရှိ၏။ ထိုတွင် စိတ်တည်ကြည်၍ ကိလေသာအပူ တွေကို ငြိမ်းစေနိုင်သော သမာဓိကို "သမထ" ဟု ခေါ်၏။ ထိုသမထ ကမ္မဋ္ဌာန်းသည် ဗုဒ္ဓါနုဿတိ မေတ္တာ အသုဘ မရဏာနုဿတိ အာနာ ပါန စသောအားဖြင့် အကျယ် ၄၀-ရှိ၏။ ရုပ်နှင့် စိတ်စေတသိက်ကို "သင်္ခါရ" ဟု ခေါ်၏။ ထိုရုပ်နာမ်သင်္ခါရတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု

ရှုနေသောဉာဏ်ကို "ဝိပဿနာ"ဟု ခေါ်၏။ ထိုဝိပဿနာကမ္မဋ္ဌာန်းကား— အချုပ်အားဖြင့် အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာ-နုပဿနာဟု ၃-မျိုးသာရှိသည်။

**ကမ္မဋ္ဌာန်းအားထုတ်။** ။လောက၌ တိုးတက်ကြီးပွါးအောင် မှန်းထားအပ်သောအလုပ်ဟူသမျှသည် ကြိုးစားနိုင်သူ တချို့လူများအတွက်သာ အထမြောက်၏။ တချို့မှာ ကြိုးစားသော်လည်း အထမမြောက်ဘဲ ပျက်စီးတတ်သေး၏။ မကြိုးစာလျှင်ကား အဘယ်မှာ အကျိုးရပါတော့အံ့နည်း။ ထို့အတူ ဤကမ္မဋ္ဌာန်းအလုပ်ကိုလည်း ကြိုးကြိုးစားစား အားထုတ်နိုင်မှ တချို့ အထမြောက်၏။ မကြိုးစားလျှင်ကား အထမမြောက်နိုင်။ သို့သော် နောင်ခါအတွက် ပါရမီဓာတ်ခံလောက်တော့ ဖြစ်စရာရှိပါသေး၏။

**အားထုတ်ပုံအစဉ်။** ။"ဆိတ်-တင်-ဖြောင့်-ငါး၊ ရှေ့မြဲ-ပွါး၊ ကြိုးစားဘာဝနာ"—ဟူသော မဟာဂန္ဓာရုံ ဆရာတော်၏ လင်္ကာဆောင်ပုဒ်နှင့်အညီ....

**ဆိတ်။** ။ကမ္မဋ္ဌာန်းအလုပ်ဟူသည် ပဓာနအားဖြင့် စိတ်အလုပ်ဖြစ်၏။ ထို့ကြောင့် မျက်စိအာရုံ နားအာရုံဖြစ်သော ရဟန်းရှင်လူတွေများသောနေရာ၊ စကားပြောသံ၊ စာအံသံ၊ ဓာတ်စက်သံညံနေသောနေရာသည် ဆိတ်ငြိမ်သောနေရာ တိတ်ဆိတ်သောနေရာ မဟုတ်ပါ။ ထို့ကြောင့် လူအများကို မမြင်ရသော မတွေ့ရသော လူသံတွေမကြားရသော တိတ်ဆိတ်သော ဆိတ်ငြိမ်သောနေရာသာ ကမ္မဋ္ဌာန်းအားထုတ်ဘို့ကောင်းသောနေရာဖြစ်သည်။

**တင်။** ။ဆိတ်ငြိမ်သောနေရာကို ရပြီးသောအခါ ယောကျ်ားဖြစ်လျှင် တင်ပလ္လင်ခွေ၍ ထိုင်ပါ။ မိန်းမဖြစ်လျှင် ယခုအခါ ဘုရားရှိခိုးရာ၌ ထိုင်သလို တဝက် တင်ပလ္လင်ဖြင့် ထိုင်ပါ။ ဤနည်းကား ကျမ်းဂန်တို့၌ တွေ့ရသော ထိုင်ပုံဖြစ်သည်။

**ယခုခေတ်။** ။ယခုအခါ၌ကား တင်ပလ္လင်ခွေ၍ ကြာကြာထိုင်လျှင် အညောင်းပြေသွားတတ်သော်လည်း နေ့ရက်များသောအခါ ထုံနာ

ကျဉ်နာ-စသော ရောဂါတမျိုးမျိုး ဖြစ်လာတတ်၏။ ဘာ့ကြောင့်နည်း— ကြာကြာကွေးနေရသော ခြေသလုံး ပေါင်တို့၌ သွေး လေတို့သည် အထက်အောက် ကောင်းစွာ မလျှောက်ရသောကြောင့်တည်း။

**သက်သာသလိုထိုင်**။ ။ကမ္မဋ္ဌာန်းအလုပ်၌ သမာဓိရဘို့က ပဓာန ဖြစ်သောကြောင့် ခြေကို ဆန့်၍ထိုင်မှ သမာဓိရလျှင် ဆန့်၍ထိုင်ပါ။ ကုလားထိုင်စသော ငြိမ်သက်သော ထိုင်ခုံ၌ထိုင်မှ အနေသက်သာ၍ သမာဓိရလျှင် ထိုင်ခုံ၌ထိုင်ပါ။ ညောင်းလျှင် မတ်မတ်ရပ်လိုက်ပါ။ လမ်းလျှောက်လိုလျှင် လမ်းလျှောက်လိုက်ပါ။ သို့သော် ကမ္မဋ္ဌာန်းကို တော့ ပျောက်မသွားအောင် သတိစိုက်ထားဘို့ လိုပါသည်။ အရှင် အာနန္ဒာသည် စင်္ကြံသွားရင်း ကာယဂတာသတိကမ္မဋ္ဌာန်းကို အားထုတ် စဉ် ဝီရိယလွန်နေသောကြောင့် တရားမပေါက်ဘဲရှိရကား ကုတင်ပေါ်၌ လှဲလျောင်းလိုက်ရာ ခေါင်းအုံးပေါ်၌ ဦးခေါင်းမရောက်သေးခင် ရဟန္တာ ဖြစ်ပါသည်။

**မေတ္တာသုတ်တော်**။ ။မေတ္တာကမ္မဋ္ဌာန်းအားထုတ်ရာ၌ ''တိဋ္ဌံ စရံ နိသိန္နော ဝါ သယာနော၊ ယာဝတာဿ ဝိတမိဒ္ဓေါ။ တံ သတိံ အဓိ- ဋ္ဌေယျ=(သတ္တဝါအာရုံပေါ်၌)ရပ်နေရင်းလည်း ဤမေတ္တာသတိကို စူးစူး စိုက်စိုက် ထားရမည်။ စင်္ကြံသွားရင်းလည်း ဤမေတ္တာသတိကို စူးစူးစိုက် စိုက် ထားရမည်။ ထိုင်နေရင်းလည်း ဤမေတ္တာသတိကို စူးစူးစိုက်စိုက် ထားရမည်။ လှဲနေရင်းလည်း ဤမေတ္တာသတိကို စူးစူးစိုက်စိုက် ထားရ မည်။ ဤသို့ မေတ္တာသုတ်၌ ဟောတော်မူပါသည်။ ထို့ကြောင့် ကျမ်း စာကလည်း ထိုင်၍ချည်း အားထုတ်ရမည်ဟု မဆိုလို။ သက်သာသလို နေ၍ အားထုတ်စေလိုပါသည်။

**ဖြောင့်**။ ။ထိုင်၍ အားထုတ်သောအခါ၌ကား ခါးမှအထက် ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် (စန့်စန့်)ထားရသည်။ ဘာ့ကြောင့်နည်း-ခပ်ကုန်း ကုန်း ခပ်ကွေးကွေးထားလျှင် ကျောရိုးချင်းထိ၍ ထပ်၍နေသည့်အတွက် ကြာကြာမထိုင်နိုင်ဘဲ ဝေဒနာ အမျိုးမျိုး ဖြစ်လာတတ်သောကြောင့် တည်း။

**ငါး။** ။အဆင်း အသံ အနံ့ စားစရာ တွေ့ထိစရာဖြစ်သောရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးပါးတို့ကို စိတ်ထဲ၌ မထင်လာအောင် ဖယ်ရှားရမည်။ [နေရာသဘောအားဖြင့်လည်း ထိုအာရုံ တွေနှင့်မရောအောင် ဖယ်ရှား၍ စိတ်အားဖြင့်လည်း ထိုအာရုံများသို့ မသွားအောင် စောင့်စည်းထားရမည်။ "အကယ်၍ မြင်ရ ကြားရသော် မြင်ကာမတ္တ ကြားကာမတ္တဖြင့် စိတ်ကိုရပ်စေ၍ ရှေ့တိုးပြီး မစဉ်းစားဘဲ စောင့်စည်းထားရသည်"။]

**ရှေ့မြဲ။** ။မိမိရှေ့၌ အာရုံကို မြဲမြဲထားရပည်။ ဗုဒ္ဓါနုဿတိဘာဝနာ ကမ္မဋ္ဌာန်းကို အားထုတ်သူဖြစ်လျှင် မိမိရှေ့ မနီးမဝေး၌ ဗုဒ္ဓမြတ်စွာ ကြွရောက်လာသကဲ့သို့ ထင်မြင်အောင် မြဲမြဲထားရမည်။ အခြားကမ္မဋ္ဌာန်း ဖြစ်မူကား ထိုကမ္မဋ္ဌာန်းအားလျော်စွာ စိတ်၏ရှေ့မှောက်၌ အာရုံရောက် အောင် စိတ်ထဲ၌ မြဲမြဲ ထားရသည်။

**ပွါး ကြိုးစား။** ။စိတ်၌ ရာဂ ဒေါသ ပာန ဣဿာ မစ္ဆရိယတို့ ဖြစ်နေလျှင် "သေးသိမ်သောစိတ် "ဟု ခေါ်ရ၏။ ထိုအကုသိုလ်များ မဖြစ်ဘဲ သဒ္ဓါ ပညာ သတိ သမာဓိ ဝီရိယတို့ဖြစ်နေလျှင် "တိုးပွါး သောစိတ် ကြီးမြင့်သောစိတ်"ဟုခေါ်ရ၏။ ထိုသို့ ကြီးမြင့်တိုးပွါးသော စိတ်ဖြစ်အောင် ကြိုးစားခြင်းကို "ဘာဝနာပွါး"ဟု ခေါ်သည်။

**ဗုဒ္ဓါနုဿတိကြိုးစားနည်း။** ။"လက္ခဏာတော်ကြီးငယ် အသွယ် သွယ်ဖြင့်" စသော လင်္ကာ၌ ပါသည့်အတိုင်း....

၁။ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်သော (ဗုဒ္ဓဖြစ် တော်မူချိန်ဝယ် ၃၅-နှစ်အရွယ်မျှသာရှိသေးသော) ဗုဒ္ဓမြတ်စွာ ၏ မိမိရှေ့မှောက် မနီးမဝေး၌ ရောက်နေပုံကို အာရုံယူပါ။

၂။ ဗုဒ္ဓမြတ်၏ မျက်နှာတော် စသော ကိုယ်အင်္ဂါတိုင်း၌ ရှေးရှေး ပါရမီကောင်းမှုများက မွမ်းထုံထားသောကြောင့် ထူးထူးခြား ခြား ကြည်လင်နေပုံကို အာရုံယူပါ။

၃။ အရဟတ္တမဂ်ဖြင့် ကိလေသာ အားလုံးတို့ကို ပယ်ပြီး ဖြစ်၍ စိတ်တော်အစဉ် ကြည်လင်သန့်ရှင်းပုံကိုလည်း အာရုံယူပါ။

၄။ ထိုကြည်လင်သန့်ရှင်းသောစိတ်တော်၌ အစွမ်း၃-ပါးနှင့် ပြည့်စုံသော သဗ္ဗညုတဉာဏ်တော်ကြီး ကိန်းဝပ်တော် မူပုံကိုလည်း အာရုံယူပါ။

၅။ ထိုဘုရားရှင်က မိမိကို အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲမှ ကယ်တင်ဘို့ရာ ကြီးစွာသော မဟာကရုဏာဖြင့် ကြည့်တော်မူနေပုံကို အာရုံယူပါ။

၆။ ထိုကဲ့သို့ အာရုံယူ၍ လက်အုပ်ချီကာ "ဗုဒ္ဓေါ ဗုဒ္ဓေါ" ဟု အထပ်ထပ်ရွတ်ဆို၍ ကြက်သီးထလောက်အောင် ပီတိဖြစ်သောအခါ ထိုပီတိကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုပါ။

၇။ ပီတိမဖြစ်လျှင်လည်း ဗုဒ္ဓကို အာရုံပြုသော မိမိစိတ်အစဉ်၏ ပမြဲပုံကို သတိဖြင့်စိုက်၍ အနိစ္စ အနိစ္စ အနိစ္စဟု ရှုပါ။

၈။ ဤသို့ နေ့စဉ်မှန်မှန် ကြိုးစားသောအခါ ရာဂ ဒေါသ မာန လ္လဿ မစ္ဆရိယ မာယာ သာဌေယျ-စသော အကုသိုလ်တရားတွေ နည်းပါး၍ သဒ္ဓါ ပညာ သတိ သမာဓိ ဝီရိယဟူသော ကုသိုလ်တရားများ တိုးပွါးလာပါလိမ့်မည်။

၉။ မဟာဂန္ဓာရုံဆရာတော် မိန့်တော်မူသည်မှာ- "ထမင်းကို မှန်မှန်စားသလို ကမ္မဋ္ဌာန်းကိုလည်း မှန်မှန်ကြိုးစားရသည်။ ထမင်းစားချင်၍ စားသော်လည်း မြိန်ချင်မှ မြိန်မည်။ မစားချင်ဘဲ စားချိန်ကျ၍စားရစေကာမူစားရင်းစားရင်းမြိန်လာတတ်သည်။ ထို့အတူ စိတ်အား ထက်သန်စွာဖြင့် အားထုတ်သော်လည်း အာရုံ ထင်ချင်မှ ထင်သည်။ စိတ်မထက်သန်ဘဲ အချိန်ကျလို့ အားထုတ်သောအခါ အရသာရှိရှိ ပီတိဖြစ်လောက်အောင် အာရုံထင်လာတတ်သည်"။

၁၀။ **ရုပ်ကုစေတီတော်။** ။ဗုဒ္ဓမြတ်စွာကို အာရုံယူရာ၌ ဉာဏ်အားနည်းသေးသူတို့မှာ ရုပ်ကုရုပ်ပွါးလောက်သာ ထင်လာတတ်၏။ စေတီတော်ကို ဖူးမြော်ရာ၌လည်း စေတီတော်အတိုင်းသာ အာရုံထင်လာတတ်

၏။ ထိုအာရုံများ ထင်လာရာ၌လည်း အကျိုးမနည်းပါ။ သို့သော် ထို အာရုံများမှတဆင့် သက်တော်ထင်ရှား မြတ်ဘုရားကို အာရုံရအောင် ကြိုးစားမှသာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရာရောက် ပါသည်။

## ရတနာ၏မှန်မြတ်ပုံ

[ဆောင်] အလေးပြုအပ်၊ ဖိုးမပြတ်တည်း၊ နှိုင်းလတ်ပြိုင်ဘွယ်၊ မရှိကွယ် သား၊ မလွယ်တွေ့ဘို့၊ ရှေးကံမို့သည့်၊ တချို့လူသာ၊ သုံးနိုင် ရာသည်.... ရတနာပစ္စည်း အမှန်တည်း။

၁။ **အလေးပြုအပ်။** ။လောက၌ စိန် ရွှေ မြသား ပတ္တမြားစသော ရတနာတို့သည် အလေးဂရုပြုအပ်သော ဥစ္စာဖြစ်၍ ရိုရိုသေသေ လေး လေးစားစား သိမ်းဆည်းရ၏။ သုံးစွဲသောအခါလည်း ရိုရိုသေသေကိုင်၍ ဝတ်ဆင် သုံးစွဲကြရ၏။ ထို့အတူ ဗုဒ္ဓမြတ်စွာသည်၎င်း၊ တရားသံဃာတော် သည်၎င်း အလေးအမြတ်ပြုအပ်၏။ ဗုဒ္ဓအထံတော် သံဃာ့အထံတော်သို့ သွားကြသော နတ် လူ ဗြဟ္မာ သတ္တဝါအများသည် ပေါ့ပေါ့ ဆဆ မသွားကြ။ အလွန်ရိုသေစွာ ရှိခိုး၍ လေးလေး မြတ်မြတ် ချဉ်းကပ်ကြ၏။ ထိုသို့ ချဉ်းကပ်သောအခါ ကျက်သရေ မင်္ဂလာရှိသော ဗုဒ္ဓမြတ်စွာနှင့် တကွ ငြိမ်သက်သော သံဃာတော်များကို ဖူးမြော်ရခြင်း၊ တရားစကား တော်ကို ကြားနာရခြင်းကြောင့် စိတ်၏ အေးမြချမ်းသာမှုနှင့်တကွ အသိ ဉာဏ်၏ တိုးတက်မှုကိုလည်း ရကြသည်။ ဤသို့ ဗုဒ္ဓ ဓမ္မ သံဃရတနာ မြတ်၃-ဖြာသည် အလေးအမြတ် ပြုထိုက်လောက်အောင် ရတနာ၏ ဂုဏ် လက္ခဏာကို ဆောင်တော်မူကြပါပေသည်။

၂။ **ဖိုးမပြတ်တည်း။** ။လောကီရတနာတို့တွင် မြန်မာမင်းလက်ထက် က "ငမောက်" ဟု ခေါ်အပ်သော ပတ္တမြားသည်၎င်း၊ စကြာမင်း ပေါ်ထွန်းသော အခါ၌ ရအပ်သော ပတ္တမြား ရတနာသည်၎င်း "ဤ၍ ဤမျှ ထိုက်တန်၏" ဟု အဖိုးဖြတ်၍ မပြီးမပြတ် နိုင်သကဲ့သို့

ထို့အတူ ဗုဒ္ဓမြတ်စွာ ရတနာတော်သည်၎င်း၊ တရားသံဃာရတနာတော်သည်၎င်း ကိုးကွယ်သူတို့အား အဖိုးမဖြတ်နိုင်အောင် အကျိုးရသော ကြောင့် ဗုဒ္ဓ ဓမ္မ သံဃရတနာ မြတ်သုံးဖြာသည် "အဖိုးမဖြတ်နိုင်ခြင်း"ဟူသော ဂုဏ်လက္ခဏာကို ဆောင်တော်မူနိုင်ကြပါပေသည်။

၃။ **နှိုင်းလတ်ပြိုင်ဘွယ် မရှိကွယ်သား။** ။ငမောက်ပတ္တမြားစသော လောကီရတနာတို့သည် သူ့ခေတ်သူ့ခါ၀ယ် ပြိုင်ဘက်အတူ မရှိသကဲ့သို့ ဗုဒ္ဓမြတ်စွာနှင့် တရားသံဃာတော်များလည်း တိတ္ထိ ဆရာတပည့်တို့က တုကြပြိုင်ကြစေကာမူ သီလသမာဓိပညာစသော ဂုဏ်အားဖြင့် တန်းတူသူ မရှိသောကြောင့် "ပြိုင်တူမရှိခြင်း" ဟူသော ရတနာ၏ ဂုဏ်လက္ခဏာကို ဆောင်တော်မူကြပါပေသည်။

၄။ **မလွယ်တွေ့ဘို့။** ။ပြည်တန်သော ပတ္တမြားရတနာသည် တွေ့ကြုံဘို့ ခဲယဉ်းသကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာသည်၎င်း၊ တရားသံဃာသော်သည်၎င်း လေးအသင်္ချေနှင့်ကမ္ဘာ့တသိန်းကြာအောင် ပါရမီဖြည့်တော်မူပြီးမှ ပေါ်ထွန်းရသည့်အပြင် ထိုအချိန်၌ မိမိတို့ကိုယ်တိုင်ကလည်း လူ့ဘ၀ကိုရ၍ ဗုဒ္ဓဘာသာ၀င်ဖြစ်ကြဘို့ရန် မလွယ်ကူသောကြောင့် ဗုဒ္ဓ ဓမ္မ သံဃရတနာ မြတ် ၃-ဖြာသည် "တွေ့ဘို့မလွယ်ခြင်း" ဟူသော ရတနာ၏ ဂုဏ်လက္ခဏာကို ဆောင်တော်မူကြပါပေသည်။

၅။ **ရှေးကံမို့သည့် တချို့လူသာ။** ။ပြည်တန်သော ပတ္တမြားရတနာကို မဆိုထားဘိ၊ သာမန် စိန်ရွှေစသော ရတနာများသည်ပင် ရှေးကံမပြည့်စုံသူတို့၏ အသုံးအဆောင်မဟုတ်ကြဘဲ ရှေးကံမို့မောက်၍ စည်းစိမ်ဥစ္စာကြွယ်၀သော အချို့လူတို့သာ သုံးစွဲဘို့ရာဖြစ်သကဲ့သို့ ထို့အတူ ဗုဒ္ဓ ဓမ္မ သံဃရတနာတော်များသည်လည်း ရှေးရှေးဘ၀က ဘုန်းကံပါလာကြသူ အချို့လူတို့သာ ကိုးကွယ်ဆည်းကပ်သောအားဖြင့် သုံးစွဲနိုင်ကြသည်။ ဤသို့လျှင် ဗုဒ္ဓ ဓမ္မ သံဃရတနာ မြတ် ၃-ဖြာသည် "ရှေးကံမောက်မို့သော အချို့လူတို့၏ သုံးဘို့ရာဖြစ်ခြင်း" ဟူသော ရတနာ၏ ဂုဏ်လက္ခဏာကို ဆောင်တော်မူကြပါပေသည်။

## အတူမဲ့ဗုဒ္ဓရတနာ

ယံကိဉ္စိ ဝိတ္တံ ဣဓဝါ ဟုရံဝါ၊
သဂ္ဂေသုဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဣဓဝါ၊ လူတို့နေရာ မြို့ရွာဌာန ဤလောကဥ္စရင်း။ ဟုရံဝါ၊ နဂါးဂဠုန် ဖုံဖုံနေကြ ဟို....အောက်လောကဥ္စရင်း။ ယံကိဉ္စိ၊ သက်မဲ့သက်ရှိ များဘိဥဿုံ အလုံးစုံသော။ ဝိတ္တံစ၊ ပီတိအစွမ်း ကိုယ်စိတ်လန်း၍ ဝမ်းပန်းကြည်သာ နှစ်သက်စရာဖြစ်သော အသုံးအဆောင် ရတနာသည်ရင်း။ သဂ္ဂေသုဝါ၊ နတ်မြို့ခြောက်လီ ဗြဟ္မာ့ပြည်တို့၌လည်း။ ပဏီတံ၊အရသာရှိ စားဘွယ်၏သို့ ကြည့်၍မဝ မွန်မြတ်လှစွာသော။ ယံ ရတနံစ၊ ဘုံဗိမာန် နန်း အခန်းခန်းနှင့် ထူးဆန်းထွေလာ အကြင်ရတနာသည်ရင်း။ အတ္ထိ၊ ရွေးကံအလျှောက် ဘုန်းကံတောက်က ဝမ်းမြောက်ဘွယ်ရာ ထင်ရှား ရှိပါပေ၏။ တတ္ထ၊ ပီတိအစွမ်း လွန်ရှင်လန်းဘို့ သိန်းသန်းကုဋေ အထွေ ထွေသော ဤရတနာတို့တွင်။ တထာဂတေန၊ သုံးလူ့ထွတ်ထား မြတ် ဘုရားနှင့်။ သမံ၊ တန်းတူထား၍ ရှုစားလောက်စွာ တစုံတခုသောရတနာ သည်။ နနော အတ္ထိ (နတ္ထိဧဝ)၊ အကြောင်းကိုကြည့် အကျိုးကြည့် လည်း မရှိကေန် အမှန်ပင်ဖြစ်ပါတော့သတည်း။.... ဗုဒ္ဓေ၊ သုံးလူ့ထွတ် ထား မြတ်ဘုရား၌။ ပဏီတံ၊ လောကီဥစ္စာ ရတနာထက် ကဲသာမြတ်မွန် တုဘက်လွန်သော။ ဣဒမ္ပိ ရတနံ၊ ရတနာဖြစ်ကြောင်း ကောင်းထက် ကောင်းသည့် ဂုဏ်ပေါင်းမြင့်မော် ဤသီလ သမာဓိပညာတော်သည် လည်း။ အတ္ထိ၊ အမြဲပုံသေ ရှိပါပေ၏။ ဧတေန သစ္စေန၊ မှန်ကန်လှစွာ ဤဝစီသစ္စာကြောင့်။ ပါဏီနံ၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလိုများလူ ဗိုလ်တို့အား။ သုဝတ္ထိ၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

**အစိပ္ပါယ်ရှင်းလင်းချက်။** ။ဤလူ့ဘုံ နဂါးဂဠုန်စသော တန်ခိုးကြီးတို့၏နေရာ ဟို....အောက်ဘုံ၌၎င်း၊ အထက်နတ်ဘုံ ဗြဟ္မာ့ဘုံတို့၌၎င်း ရွှေ ငွေ စိန် ကျောက် ပုလဲ ပတ္တမြားစသော ရတနာတွေ ရှိကြပေ၏။ လူ့ဘုံမှာပင် စကြာမင်းပေါ်ထွန်းသောအခါ စကြာရတနာ၊ ဆင်ပျံတော်ရတနာ၊ မြင်းပျံတော်ရတနာ၊ မိဖုရားရတနာ၊ သားတော်ကြီးရတနာ၊ သူဌေးကြီးရတနာများ ပေါ်လာကြပေ၏။ ထို ရတနာအားလုံးသည်ပင် ပိုင်ရှင်များ၏စိတ်ကို အလွန် နှစ်သက်စေနိုင်ကြပေသည်။ သို့သော် ထိုရတနာများစွာတို့တွင် ဗုဒ္ဓမြတ်စွာနှင့်တူသော ရတနာမှာ တမျိုးမျှမရှိပါ။

**အကြောင်းကိုကြည့်ပါ။** ။စိန်ရွှေစသော ဘုံဗိမာန်စသော စကြာရတနာစသော ရတနာတို့သည် ပိုင်ရှင်ပုဂ္ဂိုလ်၏ ရှေးကံတခုကြောင့်၎င်း၊ ဤဘဝ ဥဋ္ဌာန်ဝီရိယကြောင့်၎င်း ရနိုင်သော ရတနာများ ဖြစ်ကြ၍ အကြောင်း မကြီးကျယ်လှပါ။ ဗုဒ္ဓမြတ်စွာရတနာကား--လေးအသင်္ချေနှင့် ကမ္ဘာတသိန်းတိုင်အောင် ပါရမီကောင်းမှုတို့ကို များစွာဖြည့်ပြီးမှ ဖြစ်ထွန်းပေါ်လာနိုင်သော ရတနာတော်ဖြစ်၍ အကြောင်းအားဖြင့် အတူမရှိအောင် ကြီးကျယ်ပါသည်။

**အကျိုးကိုကြည့်ပါ။** အကျိုးကိုကြည့်ပြန်လျှင် လောကီရတနာများသည် ပိုင်ရှင်ပုဂ္ဂိုလ်များနှင့် ဆွေမျိုးများ အခြွေအရံများ၏စိတ်ကို နှစ်သက်စေနိုင်, ကိုယ်စိတ် ၂-ဖြာ ချမ်းသာစေနိုင်ကြပါပေ၏။ သို့သော် တဘဝမျှသာ ချမ်းသာစေနိုင်ပါသည်။ တဘဝ ဆုံးခါနီးသောအခါ ထိုရတနာများကို စွဲလမ်းမှုရှိနေပါမူ ကေန်မုချ ပြိတ္တာဘောင်သို့ ဆောင်ပို့ပါလိမ့်မည်။ [ထိုသို့ စိတ်စွဲလမ်းမှုမရှိဘဲ ထိုရတနာများကိုအကြောင်းပြု၍ ဒါနပြုသူတို့ အတွက်ကတော့ နိဗ္ဗာန်တိုင်အောင် အကျိုးဆောင်မည့် ပါရမီများကို ဖြစ်စေနိုင်ပါသေး၏။သို့သော် ဗုဒ္ဓမပွင့်ရာ သာသနာပကာလ၌ ထိုရတနာပိုင်ရှင်မျိုးကား အလွန်နည်းပါးစွာသာ ရှိနိုင်ပါသည်။]

**ဗုဒ္ဓရတနာ၏အကျိုး။** ။ဗုဒ္ဓရတနာတော်သည်ကား တဦးတယောက်၏ အပိုင်မဟုတ်။ မိမိယုံကြည်လျှင် မိမိပိုင်ဖြစ်၏။ ဗုဒ္ဓါနုဿတိ ဘာဝနာပွါး များသော ပုဂ္ဂိုလ်၏စိတ်၌ မပြတ်မပြတ် ဗုဒ္ဓ

အာရုံပေါ်နေသောကြောင့် ထိုပုဂ္ဂိုလ်သည် ဗုဒ္ဓရတနာကို အတော်များစွာပိုင်နေ၏။ ထိုပုဂ္ဂိုလ်သည် သီလမပျက်ပါမူ အပါယ်၄-ပါးသို့မကျဘဲ သုဂတိဘဝ အဆက်ဆက်ဖြင့် နိဗ္ဗာန်တိုင်အောင် တက်နိုင်၏။ ဗုဒ္ဓမြတ်စွာ၏ ပဋ္ဌမ ဓမ္မစကြာတရားပွဲ၌ တဆယ့်ရှစ်ကုဋေသော နတ်ဗြဟ္မာတို့သည် ဗုဒ္ဓရတနာကို ကောင်းစွာပိုင်ကြသောကြောင့် သောတာပန်စသော အရိယာများဖြစ်၍ အပါယ်မှ လွတ်ကြလေပြီ။

**ယနေ့တိုင်အောင်။** ။ယနေ့အထိလည်း ဗုဒ္ဓါနုဿတိ ဘာဝနာ ပွါးများသော သူတော်ကောင်းဟူသမျှသည် ဗုဒ္ဓရတနာကို ပိုင်ကြသေး၏။ ဤဘဝကိုစွန့်ရခါနီးဝယ် စိတ်ထဲ၌ ဗုဒ္ဓရတနာထင်နေပါမူ သေချာသော သုဂတိဘဝသို့ ကေန် ရောက်ရတော့မည်။ ထို့ကြောင့် အကြောင်းကိုကြည့်၊ အကျိုးကိုကြည့်လည်း အတူမရှိသောဗုဒ္ဓရတနာကို စိတ်ထဲ၌ ထင်လာအောင် ကြိုးစားကြပါ။

**မဋ္ဌကုဏ္ဍလီဝတ္ထု။** ။သာဝတ္ထိမြို့၌ ပေးကမ်းလှူဒါန်းခြင်း မရှိသော ပုဏ္ဏားသူဌေးတယောက်မှာ မဋ္ဌကုဏ္ဍလီ အမည်ရှိသော သားကလေးတယောက်ရှိ၏။ ထိုသားကလေး မမာသောအခါ၌ ဆေးဘိုးအကုန်မခံချင်သောကြောင့် ဆေးမီးတိုဖြင့် ကုနေ၏။ရောဂါလွန်၍သေခါနီးသောအခါ အိမ်တွင်းပစ္စည်းတွေကိုမသာမေးလာသူတို့ မြင်မှာစိုး၍သားကလေးကို စမြင်ဘက်သို့ ထုတ်ထား၏။ ဗုဒ္ဓမြတ်စွာသည် ထိုကလေးအား ရောင်ခြည်တော်လွှတ်၍ မြင်လောက်သောအချပ်က ပြတော်မူ၏။ နဂိုရ်က ဗုဒ္ဓဘာသာ မဟုတ်သော ထိုကလေးသည် ဗုဒ္ဓကို ကြည်ညိုသောစိတ်ဖြင့် စုတေ၍ တာဝတိံသာနတ်ပြည်သို့ ရောက်ရပေသည်။

# အတုမဲ့ဓမ္မရတနာ

ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(သန္တံ၊ ဖြစ်ပျက်မစပ် အငြိမ်းဓာတ်ဖြင့် မပြတ်ပုံသေ အေးမြပေထသော။) ခယံ၊ ရုပ်နာမ်ဆူဆူ အပူခပ်သိမ်း ကုန်ငြိမ်း ကြောင်းလည်း ဖြစ်ပေထသော။ ဝိရာဂံ၊ ရုပ်နာမ်အဆက် အကုန်ပျက်သဖြင့် မတပ်မက် ကြောင်းလည်း ဖြစ်ပေထသော။ အမတံ၊ ဇရာမရဏ ရှာမရအောင် ကာလပုံသေ အမြဲတေလည်း ဖြစ်ပေထသော။ ပဏီတံ၊ အရသာရှိ စားဘွယ်အိဘို့ သိ၍မဝ မွန်မြတ်ပေထသော။ ယံ ဓမ္မံ၊ အသင်္ခတ နိဗ္ဗာန ဓာတ် အကြင်တရားတော်မြတ်ကို။ သမာဟိတော၊ ဘာဝနာကမ္မဋ္ဌာန်း လွန်ကြိုးပမ်းသဖြင့် စိတ်စွမ်းတည်ဘိ သမာဓိရှိတော်မူသော။ သကျမုနိ၊ သာကီနွယ်ဖွား ငါတို့ဘုရားသည်။ အဇ္ဈဂါ၊ ဗောဓိအောင်မြေ ပလ္လင်ဗွေ၌ လေးထွေသစ္စာ သိသောအခါဝယ် ကောင်းစွာလှုလှု ရတော်မူခဲ့လေပြီ။

တေန ဓမ္မေန၊ အသင်္ခတ နိဗ္ဗာနဓာတ် ထိုတရားတော်မြတ်နှင့်။ သမံ၊ တန်းတူထား၍ ရှုစားလောက်သော။ ကိဉ္စိ၊ တမျိုးတခြား တရားဆိုင်ရာ တစုံတခုသော ရတနာသည်။ န အတ္ထိ၊ လူ့ဘုံနတ်ရောက် အကုန်ပေါက် အောင် မွေနှောက်ရှာဖွေ မရှိပါချေ။ ဓမ္မေ၊ အသင်္ခတ နိဗ္ဗာနဓာတ် တရားမြတ်၌။ ပဏီတံ၊ တရားများစွာ ရတနာထက် ကဲသာမြတ်မွန်တုဘက် လွန်သော။ ဣဒမ္ပိ ရတနံ၊ ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်း သည့် ဂုဏ်ပေါင်းကိုခြုံ ဤခယဝိရာဂစသော ဂုဏ်တော်သည်။ အတ္ထိ၊ စစ်စစ်ဧကန် အမှန်မသွေ ရှိပါပေ၏။ ဧတေန သစ္စေန၊ မှန်ကန်လှစွာ

ဤဝစီသစ္စာကြောင့်။ ပါဏိနံ၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား။ သုဝတ္ထိ၊ တင့်တယ်ဘိုရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ ဟောတု၊ စစ်စစ်မသွေ ဖြစ်ပါစေသတည်း။

## အစိပ္ပါယ်ရှင်းလင်းချက်

**သန္တံ**။ ။[ဤပုဒ်သည် ဂါထာ၌မပါသော်လည်း အဓိပ္ပါယ်ကောင်းသောကြောင့် ဋီကာသုတ်မှ ယူထားအပ်သော ပုဒ်တည်း။] မိမိတို့၌ရှိနေသော ရုပ်နာမ်တရားတို့သည် အမြဲဖြစ်၍ အမြဲပျက်နေကြ၏။ ဖြစ်ပုံပျက်ပုံကလည်း အလွန်မြန်၏။ လက်ဖြောက်တချက်တီးခန့်ခဏ၌ အကြိမ်ပေါင်းကုဋေတသိန်းမက ဖြစ်ပျက်နေကြ၏။ ထို့ကြောင့် ရုပ်နာမ်တရားတို့သည် ငြိမ်ငြိမ်သက်သက် ငြိမ်းငြိမ်း အေးအေး မရှိကြ။ အမြဲ လှုပ်လှုပ် ရွရွနှင့် ဣန္ဓြေမရသကဲ့သို့ ဖြစ်ပျက်နေကြလေသည်။ နိဗ္ဗာနဓာတ် တရားမြတ်ကားအဖြစ်အပျက် မရှိသောကြောင့် အေးအေးမြမြ ဣန္ဒြေရသကဲ့သို့ ငြိမ်သက်လှပေသည်။

**ခယံ**။ ။ထိုနိဗ္ဗာနဓာတ် တရားမြတ်ကို သောတာပတ္တိမဂ်ဖြင့်မြင်လိုက်သည်နှင့်တပြိုင်နက် ရာဂစသော ကိလေသာအချို့သည်၎င်း၊ ထိုကိလေသာရှိသူတိုင်း (၇-ဘဝနောက်ရရှိမည့်) ရုပ်နာမ်တို့သည်၎င်း ကုန်ခန်းကြရတော့၏။ အထက်မဂ်များကို ရသောအခါလည်း ဤနည်းအတိုင်းကိလေသာအပူတွေ ကုန်ရပေသည်။ ထို့ကြောင့် သန္တဖြစ်သောထိုနိဗ္ဗာန်သည် ထိုနိဗ္ဗာန်ကို မြင်ရသော ပုဂ္ဂိုလ်များအတွက် ကိလေသာတို့၏၎င်း ရုပ်နာမ်တို့၏၎င်း ကုန်ခန်းကြောင်းတရား ဖြစ်ပါပေသည်။

**ဝိရာဂံ**။ ။တပ်မက်ခြင်း သဘောကို ဝါဠိလို "ရာဂ" ဟုခေါ်၏။ ထိုရာဂသည် ရုပ်နာမ်ခန္ဓာအပေါ်၌၎င်း ခန္ဓာနှင့်စပ်သော ပညတ်အပေါ်၌၎င်း ဖြစ်ရသော တရားတည်း။ ရုပ်နာမ်တို့၏ ကုန်ကြောင်းဖြစ်သောနိဗ္ဗာန်သည် ထိုရာဂနှင့် လုံးလုံးမစပ်တော့။ ထို့ကြောင့် နိဗ္ဗာန်ကို "ဝိရာဂ=ရာဂမရှိသော တရား" ဟု ခေါ်ရပါသည်။

**အမတံ။** ။''သေခြင်း'' ဆိုသည်မှာ တဘဝအတွက် နောက်ဆုံး ပျက်ခြင်းတည်း။ ထိုအပျက်ဟူသည်လည်း အဖြစ်ရှိပြီးမှ ပေါ်လာ၏။ ပျက်ဘို့ရှေးရှုနေသော (ပျက်ဘို့ပြင်နေသော) သဘောကို ''အိုခြင်း= ဆွေးမြေ့ခြင်း''ဟု ခေါ်၏။ ပါဠိလို ဇာတိ ဇရာ မရဏကို မြန်မာလို ''ဖြစ်ခြင်း ရင့်ခြင်း(အိုခြင်း) သေခြင်း(ပျက်ခြင်း)''ဟု ခေါ်၏။ထိုဇာတိ ဇရာ မရဏ သဘောသည် ရုပ်တရား နာမ်တရားတို့၏ သဘောဖြစ်၏။ ရုပ်နာမ်အားလုံး ကုန်ဆုံးပြီးသော ထိုနိဗ္ဗာန်၌ အဘယ်မှာလျှင် ဇာတိ ဇရာ မရဏရှိနိုင်ပါတော့အံ့နည်း။

**အမတေအမြုတေအမြိုက်။** ။''အမတ''ဟူ သောပါဠိအသံကို လိုက်၍ မပျက်နိုင်သော အရာဝတ္ထုကို ''အမတေ''ဟုငင်း။(သက္ကတ၌ ''အမြိတ''ဟု ရှိသောကြောင့် သက္ကတအသံကို လိုက်၍ ''အမြုတေ'' ဟုငင်း ''အမြိတ်=အမြိုက်'' ဟုငင်း သုံးစွဲကြသည်။) [မည်သည့် အကောင်ထဲက ရသော အမတေလုံးကလေး၊ မသေနိုင်သော ''အမြိုက်ဆေး'' ဆင်ကြီးထဲကရသော ''အမြုတေ''စသော အသုံး အနှုန်းများတည်း။]

**ပဏီတံ။** ။နိဗ္ဗာနဓာတ်တရားမြတ်သည် ရဟန္တာပုဂ္ဂိုလ်များအတွက် (စား၍မဝနိုင်အောင် အရသာရှိသော အစာကဲ့သို့) မကြာမကြာ အာရုံ ပြု၍ နေချင်စရာ ကောင်းလောက်အောင် အရသာရှိသော တရားတော် ဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် (ဖလသမာပတ်ကိုဝင်စားကာ) ထိုနိဗ္ဗာန်ကို အာရုံပြု၍ မကြာမကြာ သီတင်းသုံးတော်မူလေ့ရှိ၏။ တရားဟောတော် မူတုန်းမှာပင် ပရိသတ်က သာဓုခေါ်နေတဲ့အခါ ဗုဒ္ဓမြတ်စွာသည်နိဗ္ဗာန် ကိုအာရုံပြု၍ နေတော်မူ၏။ သာဓုခေါ်ပြီးမှတရားကိုဆက်၍ ဟောတော် မူ၏။ နိဗ္ဗာန်တရားတော်သည် ရဟန္တာဖြစ်ပြီးပုဂ္ဂိုလ်အတွက်ဤမျှလောက် အရသာရှိသော တရားထူး တရားမွန် ဖြစ်ပါပေသည်။

**ယဒဇ္ဈဂါ(ယံ+အဇ္ဈဂါ)။** ။ထိုနိဗ္ဗာန်တရားတော်ကို ဤသာသနာ တော်၌ ဗုဒ္ဓမြတ်စွာသည် အစဆုံးသိတော်မူ တွေ့မြင်တော်မူရ၏။ တွေ့မြင် ရာဌာနနှင့် ကာလကား ဘုရားဖြစ်ရာ ဗောဓိရိပ်သာ၌ ကဆုန်လပြည့်ညဥ့် အရုဏ်တက်တော့မည့်ဆဲဆဲ အချိန်အခါတည်း။

**နိရောဓသစ္စာ။** ။ထိုအချိန်ဝယ် ဗုဒ္ဓမြတ်စွာသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာ၄-ပါးကို ပိုင်းခြား ထင်ထင် သိမြင်တော်မူ၏။ ထိုသို့ သိမြင်တော်မူရာဝယ် "နိရောဓသစ္စာ" ဟူသည် ဤနိဗ္ဗာနဓာတ် တရားမြတ်ပင် ဖြစ်၏။ ထိုအချိန်၌ မျက်စိအောက်သို့ ရောက်နေသော အရာဝတ္ထုကို မြင်ရသကဲ့သို့ ဗုဒ္ဓမြတ်စွာသည်မဂ်ဉာဏ်ဖြင့် ခယ ဝိရာဂ အမတဂုဏ်အပေါင်းနှင့် ပြည့်စုံသော နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ထင်ထင်ရှားရှား မြင်တော်မူပါသည်။

**ဥပမာဆောင် ထင်ရှားအောင်ပြအံ့။** ။အဏုမြူဓာတ်၏ စွမ်းအားကို ရှာဖွေကြသော လောကီပညာရှင်တို့သည် အလွန်ကြိုးစားသောအခါ ထိုအဏုမြူအားကို တွေ့မြင်ကြရ၏။ ထိုတွေ့မြင်အပ်သော ထိုဓာတ်အားသည် သူတို့တွေ့မှ ဖြစ်သည်မဟုတ်။ နဂိုရှိသဘာဝအတိုင်း ရှိနေသောအား ဖြစ်သကဲ့သို့ရင်း၊ လေးနက်သောကျမ်းစာ၏ အဓိပ္ပါယ်ကို အမှန်သိအောင် စဉ်းစားကြသော စာပေပညာရှင်တို့သည် ရက်ပေါင်းများစွာ အတော်ကြိုးစားသောအခါ ထိုအဓိပ္ပါယ်ကို သိရ၏။ ထိုသိအပ်သောအကြောင်းအရာ အဓိပ္ပါယ်စာသည် ထိုအချိန်မှ ဖြစ်ရသည်မဟုတ်ဘဲ နဂိုရှိသဘာဝအတိုင်းပင် ရှိနေသကဲ့သို့ရင်း၊ တရားထူးရအောင် အားထုတ်သောယောဂီသူမွန်သည်လည်း နိဗ္ဗာန်နှင့်တကွ သစ္စာ၄-ပါးကို သိရအောင် တရားအားထုတ်သောအခါ အလွန့်အလွန်ကြိုးစားမှ ထိုတရားကို သိရ၏။ ထိုသိအပ်သော နိဗ္ဗာန်တရားသည် ထိုအချိန်မှ ဖြစ်ပေါ်လာသော တရားမဟုတ်။ သဘာဝအတိုင်းရှိနေသော သန္တိသုခ တရားသာ ဖြစ်ပါသည်။

**သမံနုတ္တိ။** ။ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ဟူသော ပရိယတ်တရား၊ ကိလေသာတို့ကို သုံနည်းသုံဟန်ဖြင့် ပယ်နိုင်သော ဈာန်တရား၊ မြေလျှိုးမိုးပျံ ပုံသဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်းစသော တန်ခိုးရှိသော အဘိညာဉ်တရား၊ ဆိုင်ရာကိလေသာကို အကြွင်းအကျန်မရှိအောင် ပယ်နိုင်သော မဂ်တရား ဖိုလ်တရားတို့သည် ဆိုင်ရာအကျိုး အမျိုးမျိုးကို ပေးနိုင်ကြသော်လည်း နိဗ္ဗာန်နှင့် တန်းတူသောတရား တမျိုးမျှ မရှိပါချေ။

**ဒိဋ္ဌဓမ္မိကနိဗ္ဗာန်။** ။ပရိနိဗ္ဗာန်စံတော်မမူမီ ဗုဒ္ဓမြတ်စွာ၏စိတ်တော်၌ မကြာမကြာ ထင်ပေါ်နေသော နိဗ္ဗာန်ကို မျက်မှောက်ဘဝ၌ အာရုံပြုရသောကြောင့် ''ဒိဋ္ဌဓမ္မိကနိဗ္ဗာန်'' ဟု ခေါ်၏။ ဝိပါက်စိတ်များနှင့် ကမ္မဇရုပ်များ ရှိစဉ်အခါ၌ အာရုံပြုရသောကြောင့် ''သဉပါဒိသေသနိဗ္ဗာန်''ဟုလည်း ခေါ်သည်။ [အရဟတ္တမဂ်ဖြင့် အဝိဇ္ဇာ တဏှာစသော ကိလေသာနှင့် ကံတို့ကို ပယ်ပြီးဖြစ်သော်လည်း အကျိုးဝိပါက်နှင့် ကမ္မဇရုပ်တရားများ ကျန်သေး၏။ ထိုကျန်တရားများ ရှိသေးခိုက်၌ အာရုံပြုရသော နိဗ္ဗာန်-ဟူလို။]

**သမ္ပရာယိကနိဗ္ဗာန်။** ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ တည်ရှိရစ်သော ထိုနိဗ္ဗာန်ကိုပင် ''သမ္ပရာယိကနိဗ္ဗာန်''ဟု ခေါ်၏။ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်ဟူသော ကမ္မဇရုပ် အကြွင်းအကျန် မရှိသောကြောင့် ''အနုပါဒိသေသနိဗ္ဗာန်'' ဟုလည်း ခေါ်သည်။ ထို့ကြောင့် ''ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူပြီးသော်လည်း ဗုဒ္ဓမြတ်စွာသိတော်မူအပ်ပြီးသော အသင်္ခတ နိဗ္ဗာနဓာတ်သည်ကား ယနေ့တိုင်အောင် တည်ရှိနေသည်''ဟု မှတ်ပါ။ [ခုဒ္ဒကဝတ္ထုအဋ္ဌကထာ၊ ဒုဝဂ်၊ နိဗ္ဗာနသုတ်အဖွင့်။]

**သုခ ၂-မျိုး။** ။သုခသည် ဝေဒယိတသုခ၊ သန္တိသုခဟု ၂-မျိုးရှိ၏။ ယခုခေတ် လူအများတို့ မြင်ရ ကြားရ နမ်းရ စားသောက်ရ တွေ့ထိရသောအခါ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းကို ''ဝေဒယိတသုခ''ဟု ခေါ်၏။ ထိုသို့ ခံစားမှုမရှိဘဲ ဒုက္ခငြိမ်းအေးခြင်း သဘောကို ''သန္တိသုခ''ဟု ခေါ်သည်။ ထို ၂-မျိုးတွင်....

**ဝေဒယိတသုခ။** ။ခံစားမှုဟူသော ဝေဒယိတသုခသည်ခံစားစံစား၍ ကုန်ကုန်သွားသည့်အတွက် အသစ်အသစ်ရအောင် ပစ္စည်းဥစ္စာ ရှာဖွေခြင်း စသော ဒုက္ခဖြင့်ထူထောင်ရ၏။ ထိုအသစ်အသစ်ရအောင် ထူထောင်ရသောဒုက္ခကား ခံစားရသောသုခနှင့် အဆမတန်ချေ။ ထိုသို့ ဒုက္ခဖြင့် ထူထောင်ပြီးနောက် ပေါ်ပေါက်ရရှိသော သုခကလေးဖြင့် တင်းမတိမ်နိုင်ကြသောကြောင့် အပိုအမိုအကြွေးယူကာ မတရား ခံစားမှုအတွက် အပါယ်သွား၍ သုခကြွေးတွေကို အတိုးနှင့်တကွ ဒုက္ခဖြင့် ဆပ်ကြရလေသည်။

**သန္တိသုခ။** ။ထိုကဲ့သို့ခံစားမှုနှင့်မရောသော သန္တိသုခသဘောကား- ရုပ်နာမ်သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အေးမြငြိမ်းချမ်းခြင်းသဘောတည်း။ ထင်ရှားစေအံ့-လောကီအာရုံ ကာမဂုဏ်တွေ ပြည့်စုံလှသော သူဌေး တယောက်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေစဉ် စံစားဘို့ အာရုံများကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသောအခါ "အအိပ်ဖျက်ရမည်လား" ဟု ကြိမ်းဝါးမောင်းမဲမည်သာ။ ထိုသူ၏ အိပ်နေစဉ်အခါ၌ ခံစားမှုအထင် အရှားမရှိ။ သို့ပါလျက် နှစ်ခြိုက်စွာ အိပ်ရမှုကိုပင် ခံစားမှု သုခထက် နှစ်သက်၍ "အိပ်ရကောင်းလိုက်တာ" ဟု အမွန်းတင်ကြသေး၏။ ရုပ်နာမ် အားလုံးကင်း၍ ငြိမ်းချမ်းခြင်း သန္တိသုခကား "မည်မျှလောက် ကောင်း လိမ့်မည်" ဟု မှန်းဆသင့်တော့သတည်း။

**နိရောဓ သမာပတ်ကို ဝင်စားခြင်း။** ။စိတ် စေတသိက်နှင့် စိတ်ကြောင့်ဖြစ်တော ရုပ်များ၏ အသစ်မဖြစ်ဘဲ ချုပ်ငြိမ်းနေအောင် ပြုနိုင်သော သမာပတ်ကို "နိရောဓသမာပတ်" ဟု ခေါ်၏။ အနာဂါမ် ရဟန္တာဖြစ်ပြီး စျာန်အကုန်ရပြီးပုဂ္ဂိုလ်သာ ထိုသမာပတ်ကို ဝင်စား နိုင်၏။ အနာဂါမ် ရဟန္တာ အရှင်မြတ်တို့သည် ရုပ်နာမ် ခန္ဓာကြီးကို လေးလံလှစွာသော ဝန်ထုပ်ကြီးကဲ့သို့ မှတ်ထင်တော်မူကြကုန်၏။ ထို့ ကြောင့် ရုပ်နာမ်ခန္ဓာမှ ကင်းနိုင်သမျှ ကင်းဘို့ရာ နိရောဓ သမာပတ်ကို ဝင်စားတော်မူကြ၏။ ထိုသမာပတ်အတွင်း၌ ခံစားမှု လုံးဝမရှိ။ နာမ် တရားနှင့် အချို့ရုပ်များ အသစ်မဖြစ်ဘဲ ရပ်စဲနေခြင်းသာတည်း။ ထို ရပ်စဲခြင်းသည်ပင် ချမ်းသာသေးလျှင် ရုပ်နာမ်အားလုံး ချုပ်ငြိမ်းနေ သော နိဗ္ဗာန်သည် အဘယ်မှာ မချမ်းသာဘဲ ရှိအံ့နည်း။

**ထင်ရှားရှိသော နိဗ္ဗာန်။** ။ထို သန္တိသုခ နိဗ္ဗာနဓါတ် တရားမြတ် ဘည် ဘာမျှမရှိသော (အဘာဝ) ပညတ် မဟုတ်ပါ၊ အများဆိုင် ဘုံ ပစ္စည်းကဲ့သို့ တပါးတည်းလည်း မဟုတ်ပါ။ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အသီး အသီး ရှိကြပါသည်။ ထို့ကြောင့်ပင် ရဟန္တာ အရှင်မြတ်တို့သည် ခန္ဓာ ကိုယ် ထင်ရှားရှိစဉ် မိမိသိအပ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ဖလ သမာပတ် ဝင်စား၍ နေလေ့ရှိကြပါသည်။ ထိုသမာပတ် ဝင်စားခိုက်၌ နိဗ္ဗာန်ကို အာရုံပြု၍ နေရသည်မှာ အလွန် သုခ ရှိပါသည်တဲ့။

**အိပ်ပျော်ခြင်း ဥပမာ။** ။အခြားစိတ်တွေ မဖြစ်စေဘဲ ဖိုလ်စိတ်တွေချည်း ဆက်ကာဆက်ကာ ဖြစ်နေခြင်းကို ''ဖလသမာပတ် ဝင်စားသည်''ဟု ခေါ်၏။ ထိုအချိန်၌ နိဗ္ဗာန်အာရုံမှတပါး အခြား ဘာအကျိုးမျှ မရှိသောကြောင့် စိတ်အလွန်ချမ်းသာ အလွန်အေးမြသည်။ အခြားခံစားမှုကား လုံးလုံးမရှိပါ။ ဥပမာ-မည်သည့် အာရုံမျှ စိတ်ထဲ၌မပေါ်လာဘဲ ဘဝင်စိတ်တွေချည်းသာ ဆက်ကာ ဆက်ကာ ဖြစ်နေခြင်းကိုပင် ''အိပ်ပျော်သည်''ဟု ခေါ်ရသကဲ့သို့တည်း။ ထို့ကြောင့်ပင် ထေရာထေရီ အလီလီတို့ ရွှေပြည်နိဗ္ဗာန် ဝင်စံခါနီးဝယ် ဥဒါန်းကြူးကာ ရုပ်နာမ် ခန္ဓာဝန်ကြီးကို အပြီးသတ် ပစ်ချတော်မူကြပါသည်။

## မိထွေးတော်ဓဂေါတမီ၏ ဥဒါန်း

ယံ န ဒိဋ္ဌံ ပုရာဏေဟိ, တိတ္ထိကာစရိယေဟိပိ။
တံ ပဒံ သုကုမာရီဘိ, သတ္တဝဿာဟိ ဝေဒိတံ။

ပုရာဏေဟိ-ဘုရားမပွင့်ခင် ရှေးအစဉ်က လူတွင်ထင်ပေါ် အကျော်အမော် ဖြစ်ကြကုန်သော၊ တိတ္ထိကာစရိယေဟိပိ- အယူဝါဒ ကိုယ်တိုင်စ၍, ဂဏဦးစီး ဆရာကြီးတို့သော်မှလည်း၊ ယံ ပဒံ- ရောက်သင့်ရောက်ထိုက် ဥာဏ်အမြင်ဆိုက်မှ တိုက်ရိုက်သိရန် အကြင် နိဗ္ဗာန်ကို။ န ဒိဋ္ဌံ တွေးလိုက် ကြံလိုက် အမှန်ဆိုက်အောင် တိုက်ရိုက်ထင်ထင် မတွေ့ မမြင်နိုင်ခဲ့ချေ။ တံ ပဒံ-ကမ္ဘာ့ထိပ်သီး ဆရာကြီးတို့ ရှုနည်းမပိုင် မမြင်နိုင်သော ထိုနိဗ္ဗာန်ကို၊ သတ္တဝဿာ ဟိ- မိဘကိုချစ် နွဲ့တုန်းဖြစ်၍ ခုနစ်နှစ်အရွယ် ငယ်ရှာကြကုန်သေးသော၊ သုကုမာရီဘိ-ရှေးဘုန်းရှေးကံ ကံတန်ရင့်ပြီး အမျိုးသမီးတို့သော်မှလည်း၊ ဝေဒိတံ-ရှင်တော်ဘုရား မိန့်တရားကြောင့် မျက်ဝါးထင်ထင် သိမြင်နိုင်ပေသည်တကား။ [၇-နှစ်သမီး ဝိသာခါ သောတာပန်တည်ပုံကို သတိပြုပါ။]

**အမှာ။** ။ဤဂါထာသည် မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန် စံခါနီး၌ ပူဆွေးနေသော အရှင် အာနန္ဒာအား မပူဆွေးဘို့ရန်- သားတော်က လျှောက်ပေးလို့ ဘိက္ခုနီ ပြုခွင့်ရသဖြင့် မာတုဂါမတွေ အကျိုးရပုံကို လျှောက်သော ဂါထာဖြစ်သည်။

## သုခကိုပင် ဒုက္ခထင်ကြ

သဒေဝကဿ လောကဿ၊ ဧတေ ဝေါ သုခသမ္မတာ။
ယတ္ထ စေ တေ နိရုဇ္ဈန္တိ၊ တံ တေသံ ဒုက္ခသမ္မတံ။

သဒေဝကဿ၊ ဗြဟ္မာ သိကြား နတ်အများနှင့်တကွ ဖြစ်သော။ လောကဿ၊ ပုထုဇဉ်ဟု ဉာဏ်မြင်ပေတုံး တလောကလုံးသည်။ ဧတေ၊ ရူပ သဒ္ဒ စသည့် အာရုံ ဤကာမဂုဏ်တို့ကို။ သုခသမ္မတာ၊ ချမ်းသာဘွယ်တောင်း အကောင်းဟု သမုတ်အပ်ကုန်ပြီ။ ယတ္ထ (နိဗ္ဗာနေ)၊ အရိယာအများ လွန်လေးစားသည့် တရားမျက်ရှင် အကြင်သို့သော နိဗ္ဗာန်၌။ ဧတေ၊ ရူပ သဒ္ဒ စသည့်အာရုံ ဤ ကာမဂုဏ်တို့သည်။ နိရုဇ္ဈန္တိ၊ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းကြရလေကုန်၏။ တံ(နိဗ္ဗာနံ)၊ ကာမဂုဏ်အားလုံး ပြုတ်ပြုတ်ပြုန်းလျက် ဆုံးကြောင်းအမှန် ထိုနိဗ္ဗာန်ကိုကား။ တေသံ၊ ထို ဉာဏ်မြင်ပေတုံး ပုထုဇဉ် အားလုံးတို့သည်။ ဒုက္ခသမ္မတံ၊ ခံစားဘွယ်အချက် ကင်းသည့်တွက်ကြောင့် သက်သက် ရှုတ်ချ၍ ဒုက္ခဟု သမုတ်အပ်လေသတည်း။

**အဝိဇ္ဇာနှင့်တဏှာ။** ။ဤ ရုပ်နာမ်ခန္ဓာကြီး၏ အရင်းအမြစ်သည် အဝိဇ္ဇာနှင့်တဏှာဖြစ်၏။ အဝိဇ္ဇာသည် ဘဝ သံသရာ၏ ဒုက္ခ အပြစ်တွေကို ဒုက္ခဟု မသိအောင် ဖုံးထား၏။ ထိုသို့ အဝိဇ္ဇာက ဖုံးထားသည့်အတွက် အပြစ် မမြင်နိုင်တော့ဘဲ တဏှာက ဤ ခန္ဓာကြီးကိုရင်း၊ ခန္ဓာနှင့်ဆိုင်ရာ အဖြာဖြာတို့ကိုရင်း စွဲမက်၍ နေရကား ပုထုဇဉ်တို့သည် ရုပ်နာမ်ချုပ်ရာ နိဗ္ဗာန်ကို အဘယ်မှာ အကောင်း ထင်နိုင်တော့အံ့နည်း။

## အရိယာနှင့် ပုထုဇဉ် အမြင်မတူ

သုခံ ဒိဋ္ဌ မရိယေဘိ၊ သက္ကာယဿ နိရောဓနံ။
ပစ္စနီက မိဒံ ဟောတိ၊ သဗ္ဗလောကေန ပဿတံ။

သက္ကာယဿ၊ ပရမတ္ထအားဖြင့် ထင်ရှားဘိတောင်း ခန္ဓာ ငါးပါးအပေါင်း၏။ နိရောဓနံ၊ ကင်းပျောက် ချုပ်ငြိမ်း ရုပ်သိမ်းကြောင်း

ဖြစ်သော။ သုခံ၊ နိဗ္ဗာနဓါတ် ချမ်းသာမြတ်ကို။ အရိယေဘိ၊ များ ကိလေသာ ဖြူစင်ပါသည့် အရိယာအရှင် သူတော်စင်တို့သည်။ ဒိဋ္ဌံ၊ ဉာဏ်စက္ခုဖြင့် စေ့ငုထင်ထင် သိမြင်အပ်ပေပြီ။ ဣဒံ (နိဗ္ဗာနံ)၊ များ ပုထုဇဉ် ဉာဏ်အမြင်ဖြင့် မမြင်နိုင်တန် ဤ နိဗ္ဗာန်ကို။ ပဿတံ၊ တပ်အပ်ထင်ထင် ကိုယ်တိုင်မြင်သည့် အရှင်အပေါင်း သူတော်ကောင်း တို့မှာ။ သဗ္ဗလောကေန၊ အဝိဇ္ဇာဖုံး တဏှာတုံးဟု အားလုံးလောက ဟူသမျှနှင့်။ ပစ္စနီကံ ဟောတိ၊ ကျောချင်းကပ်ယှဉ် ပြေးကြအင်သို့ အစဉ်ဆက်ဆက် ဆန့်ကျင်ဘက်အနေ ဖြစ်ရလေသတည်း။ (သဠာယတန သံယုတ် ဒေဝဒဟဝဂ်။)

**တရားဖြင့် ဘုရားကိုသိနိုင်။** ။အလွန်လေးနက်သော နိဗ္ဗာန် တရား တော်ကို ကိုယ်တိုင် သိတော်မူပြီး၍ ဝေနေယျ တို့အားလည်း သိစေ တော်မူနိုင်သော ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော်သည် သဗ္ဗညုတ ဉာဏ်တော် ကြီးပေတည်း။ ထို့ကြောင့် နိဗ္ဗာန် အကြောင်းအရာကို မိမိဉာဏ်ဖြင့် မှန်းမြော်နိုင်သလောက် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတ ဉာဏ်တော်ကိုလည်း မှန်းမြော်နိုင်ဘို့ရာ ဗုဒ္ဓါနုဿတိ ဘာဝနာ အခန်း၌ နိဗ္ဗာန်အကြောင်း အရာကို အနည်းငယ်မျှ ပြလိုက်ပါသည်။

## အဲတူမဲ့ သံဃရတနာ

ခီဏံ ပုရာဏံ နဝ နတ္ထိသမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရုဠ္ဟိ ဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ယေသံ ဓီရာနံ၊ အာသဝေါ ၄-တန် ကုန်ရာမှန်သည့်, နိဗ္ဗာန်မြင်သိ အကြင် ရဟန္တာ ပညာရှိတို့၏။ ပုရာဏံ၊ ဘဝါဘဝ သံသာရက ပြုခဲ့သမျှ အတန်တန် အဟောင်းဖြစ်သော ကုသိုလ် အကုသိုလ်ကံသည်။ ခီဏံ၊ အစေးတဏှာ ကင်းစင်ကွာသဖြင့် ကောင်းစွာ ပျက်ပြုန်း ကုန်ဆုံးခဲ့လေပြီ။ နဝံ၊ ရဟန္တာ ဖြစ်မှ အသစ်ရသည့် ပုညကောင်းမှု။ အစုစုသည်လည်း။ နတ္ထိသမ္ဘဝံ-သတ္တိအနှစ် မကျန်ရစ်ဘဲ ဖြစ်ကာမတ္တ ဖြစ်ရုံမျှသာ ရှိတော့၏။ အာယတိကေ၊ နောက်နောင်အခါ ပေါ်လာမည်ဖြစ်သော။ ဘဝသ္မိံ၊ ဘဝဖန်ခါ သံသရာ၌။ဝိရတ္တစိတ္တာ တပ်မက်ခင်မင် လိုချင်သောအား စိတ်ထား မရှိကြတော့ကုန်။ တေ ဓီရာ အာသဝေါကုန်းခန်း ရဟန္တာထိုထို ပညာရှိ ပုဂ္ဂိုလ်တို့သည်။ ခီဏဗီဇာ ကုန်ခန်းခြောက်သွေ့ မျိုးစေ့သန္ဓေ တည်နေခြင်း မရှိကြကုန်သည်။ အဝိရုဠ္ဟိဆန္ဒာ ဘဝထိုထို စည်ပင်လိုဘိ အာသာဆန္ဒ မရှိကြကုန်သည်၊ (ဟုတ္ဂာ ဖြစ်၍၊) အယံ ပဒီပေါ တောက်ပလျှံညီး ဤဆီမီးသည်။ (နိဗ္ဗုတော) ယထာ ထိုဤမရောက် ငြိမ်းပြီးနောက်ဝယ် ကင်းပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရသကဲ့သို့။ နိဗ္ဗန္တိ ထိုဤဘဝ မရောက်ကြဘဲ အေးမြပုံသေ ငြိမ်းကြပေတော့သတည်း။.... သံဃေ အရိယာများတွင် ထိပ်တန်းတင်ဘို့ အရှင်ရဟန္တာ သံဃာတော်မြတ်၌။ ပဏီတံ အောက်အရိယာ များသံဃာထက် ကဲသာမြတ်မွန် တုဘက်လွန်သော။ ဣဒမ္ပိ ရတနံ ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်းကိုခြုံ

ကံ ဟူသမျှ ကုန်ရခြင်းစသော ဂုဏ်သည်။ အတ္ထိ စင်စစ် ဧကန် အမှန် မသွေ ရှိပါပေ၏။ ဧတေနသစ္စေန မှန်ကန်လှစွာ ဤဝစီသစ္စာကြောင့်။ ပါဏီနံ ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား။ သုဝတ္ထိ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။ ဟောတု စင်စစ်မသွေ ဖြစ်ပါစေသတည်း။

## အဓိပ္ပါယ် ရှင်းလင်းချက်

**ခီဏံ ပုရာဏံ**။ ။သူသူငါငါ သတ္တဝါတို့ သန္တာန်၌ ရှိနေသော တဏှာသည် စိုစိုဖပ်ဖပ် စေးကပ်ခြင်းသဘော ရှိ၏။ ယခုဘဝ၌ ရူပ သဒ္ဒ စသည့်အာရုံ ကာမဂုဏ်တို့သို့ ကပ်၍ကပ်၍ နေကြခြင်းသည် ဤတဏှာ အစေးကြောင့်ပင် ဖြစ်၏။ တဘဝ ကုန်ခါနီးဝယ် ပြတ်၍ မသွားအောင် နောက်ဘဝသို့ ကပ်ငြိခြင်းမှာလည်း ဤ တဏှာ သဘောပင်တည်း။ ပြုခဲ့သမျှ ကုသိုလ်ကံ အကုသိုလ်ကံသည် ထိုတဏှာ ငြိကပ်ရာသို့ လိုက်၍ အကျိုးပေးရ၏။ အကုသိုလ်ကံ သော်မှလည်း သေခါနီး၌ ထင်လာသော မကောင်းအာရုံကို အကောင်းထင်၍ တဏှာဖြင့် ငြိကပ်တတ်သေး၏။ ဥပမာ-ပင်လယ်ထဲ၌ ရေနစ်ရာဝယ် အပေါ်သို့ပေါ်လာခိုက် တွေ့ရသော မိကျောင်းကိုပင် အားကိုးဘွယ်ထင်၍ ဖက်ထားသကဲ့သို့တည်း။ ထို့ကြောင့် အကုသိုလ်ကံကလည်း တဏှာငြိကပ်ရာဘဝသို့လိုက်၍ အကျိုးပေး ရသည်။ ရဟန္တာဖြစ်သောအခါ ထိုတဏှာအစေး ကုန်သောကြောင့် ဘဝများစွာက ပြုအပ်ခဲ့သော ကံတို့သည်လည်း ကပ်ငြိစရာ တဏှာ အဖေါ် မပါသဖြင့် အကျိုးမပေးနိုင်ရကား "ကုန်သွားပြီ"ဟု ဆိုရ တော့သည်။

**နဝံ နတ္ထိသမ္ဘဝံ**။ ။ရဟန္တာ ပုဂ္ဂိုလ်တို့၌ ဘုရားရှင်ကို ပူဇော်မှု၊ တရားဟောမှု၊ ကျမ်းစာပို့ချမှု၊ ဂိလာနကို ပြုစုမှုစသော အသစ်ဖြစ်သော ကောင်းမှုတွေ ရှိပါပေ၏။ ရဟန္တာဖြစ်မှ ပြုအပ်သော ထိုကောင်းမှုများ လည်း တဏှာအစေးမပါသဖြင့် ကပ်စရာအာရုံ ကပ်စရာဘဝ မရှိသော ကြောင့် ရဟန္တာတို့သန္တာန်ဝယ် ကမ္မသတ္တိ မကျန်တော့ရကား ထင်ရှား ရှိသည်ဟု မဆိုရ။ ဖြစ်ကာမတ္တ ဖြစ်ရုံမျှဖြင့် ကိစ္စပြီးရတော့သည်။ [အကျိုး မပေးတော့-ဟူလို။]

**ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။** ။ရဟန္တာပုဂ္ဂိုလ်တို့သည် ထိုတဏှာ အစေး မရှိသောကြောင့် နောက်ဘဝ၌ ငြိကပ်သောစိတ် တပ်မက်သော စိတ် နောက်ဘဝကို လိုချင်သောစိတ် မရှိကြတော့။

**တေ ခီဏဗီဇာ။** ။မျိုးအဖြစ်ဖြင့် ထားအပ်သော သစ်စေ့တို့သည် မပျက်မစီးမှ အပင်ကိုဖြစ်စေနိုင်ကြ၊ အသီးအပွင့်ကို သီးပွင့်စေနိုင်ကြ၏။ ထိုမျိုးစေ့ကို ပြုတ်၍ဖြစ်စေ မီးဖုတ်၍ဖြစ်စေ ပျက်စီးလိုက်သောအခါ အပင်ကို မပေါက်စေနိုင်။ ထို့အတူ တဘဝ ဆုံးပြီးနောက် ပဋိသန္ဓေ ဝိညာဉ်စိတ်သည် ထိုဘဝ၌ ခန္ဓာသစ်ပင်ပေါက်ဘို့ရာ မျိုးစေ့နှင့်တူ၏။ ကံက ကုန်ပြီးဖြစ်သောကြောင့် ထိုပဋိသန္ဓေ မျိုးစေ့လည်း မကျန်တော့ချေ။ ပဋိသန္ဓေမျိုးစေ့ မကျန်သောကြောင့် ဘဝတည်းဟူသော သစ်ပင်လည်း မပေါက်နိုင်တော့။

**အဝိရုဠှိဆန္ဒာ။** ။ရဟန္တာ မဖြစ်သေးသော ပုဂ္ဂိုလ်တို့သည် ဘဝ အသစ်ဝယ် ခန္ဓာအသစ်ရဘို့ရာ တဏှာဆန္ဒ ပြင်းပျကြ၏။ ကောင်းရာ သုဂတိသို့ ရောက်ဘို့ရန် စိတ်ညွှတ်ကြ၏။ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်စေကာမူ ဘဝအသစ် စည်ပင်ဘို့ရာ အာသာဆန္ဒရှိကြသေး၏။ ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ်တို့ကား တဏှာကုန်ခန်းပြီး ဖြစ်သောကြောင့် ဘဝအသစ်နောက်ထပ်ဖြစ်၍စည်ပင်လိုသောအာသာဆန္ဒမရှိကြတော့ချေ။

**နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။** ။ ထိုသို့ ဘဝအသစ်ဖြစ်၍ စည်ပင်ဘို့ရန် ဆန္ဒမရှိသောကြောင့် လက်ရှိဘဝ၏ နောက်ဆုံး စုတိစိတ်ချုပ်သောအခါ ရုပ်နာမ်ခပ်သိမ်း ကုန်ငြိမ်းရုံသာရှိတော့၏။ ဥပမာ- တောက်နေသော ဆီမီးရောင်သည် ငြိမ်းသွားသောအခါ နောက်ထပ်ဘယ်နေရာ၌ ရောက်နေသည်-ဟု မဆိုရသကဲ့သို့၊ ထို့အတူ ရဟန္တာပုဂ္ဂိုလ်များပရိနိဗ္ဗာန်စံတော်မူပြီးနောက်လည်း ရုပ်နာမ်အနေအားဖြင့် မည်သည့်နေရာအရပ်သို့ ရောက်နေသည်ဟု မဆိုရတော့ပါ။

**မှတ်ချက်။** ။ဤဂါထာကို ဟောတော်မူချိန်၌ ထွန်းထားအပ်သော ဆီမီးတပွင့်သည် ငြိမ်းသွား၏။ ထို့ကြောင့် ထိုဆီမီးငြိမ်းပုံကို ဥပမာပြု၍ ရဟန္တာများ၏ ပရိနိဗ္ဗာန်စံခြင်းဟူသော ငြိမ်းအေးပုံကို ဟောပြတော်မူ၏။

သို့သော် ဆီမီးငြိမ်းရာ၌ အဆက်အစပ် မကျန်တော့ဘဲ လုံးဝငြိမ်းသွားသော်လည်း ရဟန္တာများ ပရိနိဗ္ဗာန် စံရာ၌ကား ရုပ်နာမ်ခန္ဓာသာ ငြိမ်း၍ သမ္မုတိယကနိဗ္ဗာနဓာတ်ကား ကျန်ရစ်ပါသေးသည်။

**အမှာ။** ။ဤသံဃရတနာတော်သည် ဗုဒ္ဓမြတ်စွာ၏ မှန်ကန်သော တရားရတနာကြောင့် ပေါ်လာ၏။ ထို့ကြောင့် ဗုဒ္ဓရတနာကို ပြရာ ဗုဒ္ဓါနုဿတိဘာဝနာ အခန်း၌ ဗုဒ္ဓ၏ ဉာဏ်တော်အစွမ်းကို မှန်းဆဘို့ရာ သံဃရတနာကိုလည်း ပြလိုက်ရပါသည်။

**ရတနာ ၃-ပါး။** ။ကောင်းကင်၌ လမင်းသည် အရောင်ထွက်သော ကြောင့်သာ ထင်ရှား၏။ ဗုဒ္ဓမြတ်စွာ ရတနာလမင်းလည်း တရားရောင် ခြည် အလီလီကြောင့်သာ ထင်ရှားတော်မူ၏။ လမင်းသည် ကြယ်တာရာ တွေ ဝန်းရံနေသောအခါ သာ၍ တင့်တယ်သကဲ့သို့ ဗုဒ္ဓမြတ်စွာ ရတနာ လမင်းလည်း အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန် အရှင်မဟာကဿပ စသော အရိယာသံဃာရတနာကြယ်တွေ ဝန်းရံနေသောကြောင့် သာ၍ ပင် တင့်တယ်ပါသည်။ ဤအဓိပ္ပါယ်ကို ပေါ်လွင်အောင် ရတနသုတ် တော်၌ လာသော ၃-ဂါထာကို ဖော်ပြထားပါသည်။

**သရဏ ၃-ပါး။** ။ဗုဒ္ဓဘာသာဝင်တို့သည် အရိယာသံဃာတည်း ဟူသော ကြယ်ပေါင်းခသည့် ဗုဒ္ဓလမင်း၏ တရားတည်းဟူသော လရောင် တွင် အစဉ်မပြတ် ပျော်မွေ့နေကြရသောကြောင့် ထိုကိုးကွယ်ရာ ရတနာ ၃-သွယ်သည် ငါ၏စိတ်ဝယ် အမြဲစံပယ်နေပါတကားဟု အားရပါးရ ဝမ်းမြောက်ကြပါလော့။

[ဆောင်] ဘုရားလမင်း၊ တရားလင်း၍၊ ခပင်းရံကာ၊ ကြယ်သံဃာဖြင့် လွန်စွာတင့်တယ်၊ ငါ့စိတ်ဝယ်၊ စံပယ်တည်ရှိသည်။

# ခေမာထေရီဝတ္ထုအကျဉ်း

အမှာ။ ။ဗုဒ္ဓါနုဿတိဘာဝနာ မဟုတ်သော်လည်း မှတ်သားဘွယ် ကောင်းသောကြောင့်၎င်း၊ ဂါထာများက ဂီတိများဖြစ်သော ကြောင့်၎င်း ခေမာဇထေရီဝတ္ထုကို ထည့်လိုက်ပါသည်။

**ဆုပန်ရာကာလ**။ ။ဤကမ္ဘာမှ ပြန်၍ရေတွက်သည်ရှိသော် ကမ္ဘာ တသိန်းအထက်၌ ပဒုမုတ္တရဘုရား ပွင့်တော်မူခဲ့ပြီ။ ထိုအခါ၌ ခေမာထေရီ အလောင်းသည် သူဌေးသမီးဖြစ်၍ ပညာဘက်၌ ဧတဒဂ်ရသော ဘိက္ခုနီ မတပါးကို သဘောကျသောကြောင့် ဘုရားအမှူးရှိသော သံဃာတော် များကို ၇-ရက်ပတ်လုံး ဆွမ်းကပ်ပြီးသောအခါ ပညာဧတဒဂ်ရသော ဘိက္ခုနီဖြစ်ရပါလိုကြောင်းကို ဆုတောင်းခဲ့လေသည်။

**ဝိပဿီဘုရားလက်ထက် ဘိက္ခုနီပြု**။ ။လူ့ပြည်နတ်ပြည်၌ကျင်လည် ပြီးလျှင် ဝိပဿီဘုရားရှင်၏ လက်ထက်တော်၌ တရားတော်ကို နာရ၍ ဘိက္ခုနီပြုလုပ်သောအခါ ဗဟုဿုတရှိ၍ တရားကိုလည်း ကျင့်သော ဓမ္မကထိက ဖြစ်ခဲ့သည်။

**ကောဏာဂုမ်ဘုရား၏ကျောင်းအမ**။ ။ဤကမ္ဘာဝယ်ကောဏာဂုမ် ဘုရားရှင်၏ လက်ထက်တော်သို့ ရောက်သောအခါကြွယ်ဝသောအမျိုး၌ ဖြစ်၍ ဓနဉ္ဇာနီ, သုမေဓာမည်သော မိတ်ဆွေအဖော်မတို့နှင့်အတူ သံဃိက ကျောင်းကို လှူခဲ့ကြသည်။ [ဓနဉ္ဇာနီဝတ္ထုက ရှေ့ဗုဒ္ဓါနုဿတိအခန်း၌ ပြခဲ့ပြီ။ သုမေဓာဝတ္ထုကိုလည်း နောက်၌ပြထားပါသည်။]

**ကဿပဘုရားလက်ထက်တော်**။ ။ကဿပ မြတ်စွာဘုရား၏ လက် ထက်တော်သို့ ရောက်သောအခါ ကိကီရှင်ဘုရင်၏ သမီးတော်၇-ယောက် တို့တွင် အကြီးဆုံးသမီးတော်ဖြစ်သည်။ ဘိက္ခုနီပြုဘို့ရန် သမီးတော်အားလုံး

ခွင့်ပန်ကြသော်လည်း ခမည်းတော်က ခွင့်မပြုသောကြောင့် အပျိုဘဝဖြင့် "ကောမာရိဗြဟ္မစရိယ" အကျင့်ကို ကျင့်ခဲ့ကြသည်။ [အဗြဟ္မစရိယ သိက္ခာပုဒ်ကို ထိန်းရသော ငါးပါးသီလကို "ကောမာရိ+ဗြဟ္မစရိယ"ဟု ခေါ်သည်။]

**ဤဘုရားလက်ထက်တော်။** ။ဤဘုရားရှင်၏ လက်ထက်သို့ ရောက်သောအခါ မဒ္ဒတိုင်း၌ ရှင်ဘုရင်၏ "ခေမာ"မည်သော သမီးတော်ဖြစ်၍ အရွယ်ရောက်သောအခါ ဗိမ္ဗိသာရမင်း၏ မိဖုရားတပါး ဖြစ်လာ၏။ ရုပ်အဆင်း အလွန်လှ၏။ လှသလောက် ရုပ်ကိုသာယာနေသောကြောင့် ရုပ်အပြစ်ကို ဟောတော်မူသော ဘုရားအထံတော်သို့ တခါမျှ မသွားခဲ့ချေ။ ထိုအခါ ဘုရားကျောင်းဒကာလည်းဖြစ်၊ သောတာပန်လည်းဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် ကျောင်းတော်သို့ သွားချင်လာအောင် ဂီတအရေးကောင်သူတို့ကို ရေးစေ၍ အဆိုတော်များကို မိဖုရားကြားအောင် သီဆိုစေရသည်။

ရမ္မံ ဝေဠုဝနံ ယေန၊ န ဒိဋ္ဌံ သုဂတာလယံ။
န တေန နန္ဒနံ ဒိဋ္ဌံ၊ ဣတိ မညာမသေ မယံ။

ယေန၊ လူ့ဘုံ၌ာန လူလောက၌ နေရသသူ အကြင်လူသည်။သုဂတာလယံ၊ သုံးလူ့မှန်ကင်း တရားမင်း၏ သီတင်းသုံးတော်မူရာလည်းဖြစ်ပေထသော။ ရမ္မံ၊ စိတ်နှလုံးကို ယူကျုံးသည့်နှယ် မွေ့လျော်ဘွယ်ကောင်းထသော။ ဝေဠုဝနံ၊ ပျားပိတုန်းတို့စားသုံးရန်အသင့် ပန်းစုံပွင့်၍ လွန်တင့်သာမွန် ဝေဠုဝန်ခေါ် ကျောင်းတိုက်တော်ကြီးကို။ န ဒိဋ္ဌံ၊ အဆင့်ဆင့်မှား ခွင့်မအားသဖြင့် မျက်ဝါးထင်ထင် မတွေ့မမြင်အပ်ဘူးချေ။ တေန၊ ဝေဠုဝန်ခေါ် ကျောင်းတိုက်တော်ကို ဖူးမြော်ဘို့ရန် မကောင်းကံဆိုးထိုလူမျိုးသည်။ နန္ဒနံ၊ နတ်တို့စံရာ ဝတိံသာဝယ် သာယာမြတ်မွန်နန္ဒဝန်ဥယျာဉ်ကြီးကို။ န ဒိဋ္ဌံ၊ မမြင်အပ်ငြား ပမာထား၍ မခြားတမူအလားတူပင်ဖြစ်ပါတော့၏။ မယံ၊ ကျောင်းတိုက်တော်ဂုဏ် အဖုံဖုံဝယ်တော်ရုံဖော်ထုတ် အကျဉ်းနှုတ်ပ်တို့သည်။ ဣတိ မညာမသေ၊ ဤကဲ့သို့ပင် စိတ်အစဉ်၌ထင်မြင်၍သာ နေကြပါကုန်သတည်း။

ဝိဟာယ နန္ဒနံ ဒေဝါ၊ ဩတရိတွာ မဟီတလံ။
ရမ္မံ ဝေဠုဝနံ ဒိသွာ၊ န တပ္ပန္တိ သုဝိမှိတာ။

ဒေဝါ၊ ဝတိံစံစား နတ်အမျိုးတို့သည်၊ နန္ဒနံ၊ နတ်တိုင်းမောင်မယ် ပျော်မွေ့ဘွယ်ဖြင့် တင့်တယ်သာမွန် နန္ဒဝန်ဥယျာဉ်ကြီးကို။ ဝိဟာယ၊ တရံတခါ ပယ်စွန့်ခွါ၍။ မဟီတလံ၊ ဗုဒ္ဓမြတ်စွာ သာသနာ၏ ရောင်ဝါ လျှံထွန်း ဇမ္ဗူကျွန်းသို့။ ဩတရိတွာ၊ ဘုရားဖူးတရားနာ ကုသိုလ်ရှာဘို့ ရံခါခဏ ဆင်းလာကြကုန်သည်ရှိသော်။ ရမ္မံ၊ စိတ်နှလုံးကို ယူကျုံးသည့် နယ်မွေ့လျော်ဘွယ်ကောင်းသော၊ ဝေဠုဝနံ၊ အရိယာအပေါင်း သံဃာ ကောင်းတို့ ကိန်းအောင်းစံပျော် ဝေဠုဝန် ကျောင်းတိုက်တော်ကြီးကို၊ ဒိသွာ၊ မျက်ဝါးထင်ထင် တွေ့မြင်ရသည်ဖြစ်၍။ သုဝိမှိတာ၊ တအံ့တဩ ပြော၍မပြီး ချီးမွမ်းကြကုန်လျက်။ န တပ္ပန္တိ၊ ပူပန်ခပင်း သောကကင်း သဖြင့် နေရင်းနတ်ထံ မပြန်လိုဘဲ ရှိကြကုန်တော့သတည်း။

ရာဇပုညေန နိဗ္ဗတ္တံ၊ ဗုဒ္ဓပုညေန ဘူသိတံ။
ကော ဝတ္တာ တဿ နိဿေသံ၊ ဝနဿ ဂုဏသဉ္စယံ။

ရာဇပုညေန၊ ဘုရင်မင်းမြတ် သမ္ဘာနတ်၏ မပြတ်လှူ့ဆော် ဘုန်းကံ တော်ကြောင့်။ နိဗ္ဗတ္တံ၊ ရှေးဦးမဆွ ပဌမက စ၍ကောင်းစွာ ဖြစ်ပေါ်၍ လာထသော။ ဗုဒ္ဓပုညေန၊ သုံးလူထွတ်ထား မြတ်ဘုရား၏ ကြီးမား မြင့်မော် ဘုန်းကံတော်ဖြင့်။ ဘူသိတံ၊ ထပ်၍ပြုပြင် တန်ဆာဆင်အပ်ထ သော။ တဿ ဝနဿ၊ ဘုန်းကံအဆက်ဆက် ဥာဏ်တော်စွက်၍ တုဘက် ကဲလွန် ထိုဝေဠုဝန် ကျောင်းတိုက်တော်ကြီး၏။ ဂုဏသဉ္စယံ၊ ရှိသမျှ စုဆောင်း ဂုဏ်တော်အပေါင်းကို။ နိဿေသံ၊ တစိုးတစိ အကြွင်းမရှိ အောင်။ ကော၊ နတ်နှင့်လူဝယ် ဘယ်သူတယောက်သည်။ ဝတ္တာ၊ တကယ်ဖြစ်သမျှ စနစ်ကျအောင် လှစ်ဟပိုင်ပိုင် ပြောပြနိုင်ပါတော့အံ့ နည်း။

**ကျောင်းတော်သွားခြင်း။** ။ခေမာမိဖုရားသည် ဤဂီတတို့ကို ကြား ရသောအခါ ဝေဠုဝန်ကျောင်းတော်သို့ သွားလိုသောဆန္ဒ ပြင်းပြ သဖြင့် ဗိမ္ဗိသာရမင်းထံ ခွင့်ပန်လေသော် ဗိမ္ဗိသာရမင်း၏ ခွင့်ပြုချက်ကို

ရသဖြင့် အခြေအရံများနှင့်အတူ ကျောင်းတော်သို့သွား၍ လှည့်ပတ်ကြည့်ရှု ရလျှင်ပင် တိတ်ဆိတ်ငြိမ်သက်၍ တရားကျင့်နေသော သံဃာတော်များ ဖြင့် တင့်တယ်သော ကျောင်းတိုက်တော်ကြီးကို မြင်ရသောအခါ ကျောင်းဒေ့မဖြစ်ခဲ့ဘူးသော မိဖုရားမှာ လွန်စွာ ဓာတ်ခိုက်သွားလေ သည်။ ဤမျက်လုံးဖြင့် ဒီလိုကျောင်းတော်ကို ဖူးမြင်ရသည်မှာ အလွန် အကျိုးရှိပါပေသည်ဟု မျက်လုံးကိုပင် ကျေးဇူးတင်လေသည်။

**ဗုဒ္ဓမြတ်စွာကိုဖူးရခြင်း။** ။ထိုသို့ လှည့်လည်ကြည့်ရှုပြီးနောက် ဤ ဆွမ်းခံချိန်၌ ဗုဒ္ဓမြတ်စွာရှိတော်မမူဟုထင်၍ ဂန္ဓကုဋီသို့ ဝင်လေလျှင် အနီးအပါး၌ ယပ်ခတ်ပေးနေသော (ဘုရားရှင်ဖန်ဆင်းအပ်သော)နိမ္မိတ သတို့သမီးနှင့် ဘုရားရှင်ကို တွေ့မြင်၍ သူ့ထက်လှသော အမျိုးသမီးကို နှစ်နှစ်သက်သက် ကြည့်ရှုမိလေသည်။

**အိုနာသေ၍ ပြတော်မူ။** ။ဗုဒ္ဓမြတ်စွာသည် နိမ္မိတအမျိုးသမီး ကလေးအပေါ်ကို ချစ်ခင်နေသော မိဖုရားအား (ရုပ်ရှင်ပြသကဲ့သို့) ထိုသတို့သမီးကလေး၏ တဖြေးဖြေး အရွယ်ရင့်ကာ အိုမင်းလာပုံကို ပြတော်မူ၏။ သွားကျိုးလာပုံ၊ ဆံဖြူလာပုံ၊ အသားအရေရွတ်တွလာပုံ အလုံးစုံကိုပြ၍ တုတ်ကလေး ထောက်ကာထောက်ကာဖြင့် အမယ်အိုသွား သွားပုံကိုပါ ပြတော်မူပြီးလျှင် ထိုနေရာတွင် ဟောဟဲ ဟောဟဲ လဲနေပုံ ကို ပြတော်မူ၏။ ထိုအခါ ခေမာမိဖုရားမှာ ရုပ်အဆင်းအပေါ်၌အလွန် ငြီးငွေ့သော သံဝေဂဖြစ်နေတုန်းဝယ် အောက်ပါဂါထာကို ဟောပြ တော်မူသည်။

အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

ခေမေ၊ ခေမာ။ အာတုရံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ လွန်စွာခံခက် နှိပ်စက်အပ်ထသော။ အသုစိံ၊ အမြဲနေ့စဉ် ဆေးသုတ် သင်လည်း မစင်မကြယ် ရွံ့ဘွယ်ကောင်းထသော။ ပူတိံ၊ ဆေးကြော သုတ်သင် တန်ဆာဆင်လည်း အမြင်သာဟုတ် အတွင်းပုပ်၍နေထသော။ ဥဂ္ဃရန္တံ၊ မျက်စိနားနှာ အင်္ဂါရှိတိုင်း အထက်ပိုင်းဝယ် ရွံ့ဘွယ်သိုးပုပ်

အန်ထုတ်၍ နေထသော။ ပဋ္ဌာရန္တံ၊ ကျင်ကြီးကျင်ငယ် အသွယ်သွယ်ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာနေ့ည ယိုချ၍ နေထသော။ ဗာလာနံ၊ ဘဝါဘဝ သံသာရက ရာဂစရိုက်ပွါး ငမိုက်သားတို့သည်။ အဘိပတ္တိတံ၊ ရှိရင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်လေးမြတ် တောင့်တအပ်ထသော။ သမုဿယံ၊ သုံးဆယ့်နှစ်ဝ ကောဋ္ဌာသတို့ လုံးဝခိုမှီး ဤကိုယ်ကြီးကို။ ပဿ၊ ဥာဏ်ရောင်လင်းသလောက် အတွင်းရောက်အောင် ထွင်းဖောက်စေ့ငု ကြည့်ရှုစမ်းပါလော့။

**သောတာပန်တည်။** ။ဤဂါထာနှင့်တကွ ထပ်၍ ဟောပြတော်မူအပ်သော တရားတော်ကိုနာရ၍ သောတာပန်တည်သည်။ ထိုအခါ ဗုဒ္ဓအထံတော်သို့ စောစောကမလာမိသည့်အတွက် မိမိမှာအပြစ်ရှိသည်ဟု ယူဆ၍ အောက်ပါဂါထာဖြင့် ကန်တော့သည်။ ထို့နောက် နန်းတော်သို့ပြန်၍ ရှင်ဘုရင့်ထံ ဘိက္ခုနီပြုဘို့ရန် ခွင့်ပန်လေသည်။ ဘိက္ခုနီဖြစ်၍ တလခွဲကြာသောအခါ ရဟန္တာဖြစ်၍ ပညာတေဒဂ်ရဘိက္ခုနီဟု ထင်ရှားလေသည်။

### ခေမာမိဖုရားကန်တော့ဂါထာ

နမော တေ သဗ္ဗဒဿာဝိ၊ နမော တေ ကရုဏာကရ။
နမော တေ တိဏ္ဏသံသာရ၊ နမော တေ အမတံ ဒဒ။

သဗ္ဗဒဿာဝိ၊ ကြွင်းမဲ့ဉဿုံ အလုံးစုံကို အကုန်သိမြင် ရှင်တော်မြတ်ဘုရား။ တေ တပ၊ ဥာဏ်တော်ကြီးသလောက် ကရုဏာရောက်၍ စောင့်ရှောက်ကယ်တင် အရှင်မြတ်ဘုရားအား။ နမော၊ မိမိရုပ်တွင် စိတ်ကြီးဝင်၍ အထင်လွဲလေ အပြစ်တွေကို ကျေစေဘို့ရာ ရှိခိုးကန်တော့ပါ၏ဘုရား။

ကရုဏာကရ၊ သနားကြင်နာ ကရုဏာ၏ တည်ရာစင်စစ် ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား။ တေ တဝ၊ ကရုဏာကြီးသလောက် ဥာဏ်ရောင်တောက်၍ မျက်မှောက်သိမြင် အရှင်မြတ်ဘုရားအား။ နမော၊ အမှန်သိရ ယခုမှပင် ကျနမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

တိဏ္ဏာသံသာရ၊ သံသရာပြင်ကျယ် ရေပင်လယ်ကို အလွယ်လွန်မြောက် ကမ်းသို့ရောက်၍ ဝမ်းမြောက်ကြည်လင် ရှင်တော်မြတ်ဘုရား။ တေ တဝ၊ ကရုဏာကြီးမား မေတ္တာပွါး၍ သနားကယ်တင် အရှင်မြတ်ဘုရားအား။ နမော၊ ကယ်တင်ရာတွင် ကိုယ်ပါဝင်သဖြင့် အစဉ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

အမတံ ဒဒ၊ မအို မသေ အမြဲနေရန် အေးနိဗ္ဗာန်ကို ကေန်ပေးတတ် ရှင်တော်မြတ်ဘုရား။.... တေ တဝ၊ မအို မသေ အမြဲနေကြောင်း တရားကောင်းကို ကောင်းကောင်းသိပြင် အရှင်မြတ်ဘုရားအား။ နမော၊ နိဗ္ဗာန်ကိုပင် ကိုယ်တိုင်မြင်သဖြင့် ကြည်လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ဘုရား။

**ဝတ္ထုမှတ်ချက်။** ။ဤဝတ္ထု၌ ခေမာထေရီအလောင်းသည် ရှေးဘုရားလေးဆူ၏ လက်ထက်တော်၌ ဘုရားရှင်တို့ကို ဆည်းကပ်ခဲ့ရုံမက ဘိက္ခုနီလည်းဖြစ်ခဲ့၊ ကျောင်းအမလည်း ဖြစ်ခဲ့ပါသည်။ သို့ပါလျက် နောက်ဆုံးဘဝ၌ အဆင်းကို သာယာနေသောကြောင့် ဘုရားအထံ မသွားပုံ၊ ဗိမ္ဗိသာရမင်းသူတော်ကောင်းနှင့် ပေါင်းရ၍ ဘုရားအထံ ရောက်ရပုံ၊ တရားရပုံကို သတိပြုပါ။

# သုမေဓာထေရီဝတ္ထု

**အမှာ။** ။ဗုဒ္ဓါနုဿတိဘာဝနာနှင့် မဆိုင်သော်လည်း ကျောင်းတရားနှင့် ဆိုင်သောကြောင့် ထည့်လိုက်ပါသည်။

**ကျောင်းအမဖြစ်ခဲ့။** ။ကောဏာဂုမ်မြတ်စွာဘုရား ပွင့်တော်မူရာအခါ၌ ဤသုမေဓာထေရီအလောင်းဖြစ်သော အမျိုးသမီးသည် စည်းစိမ်ဥစ္စာကြွယ်ဝသော အမျိုး၌ဖြစ်၍ ဓနဉ္စာနီအလောင်း ခေမာထေရီအလောင်းတို့နှင့်အတူ သံဃိကကျောင်း လှူခဲ့ဘူးလေပြီ။ ထိုကောင်းမှုကြောင့် လူ့ပြည်နတ်ပြည် အစုန်အဆန် လှည့်လည်ခဲ့ရပြီ။ [ပုဂ္ဂလိကကျောင်း မဟုတ်သည်ကို သတိပြုခဲ့ပါ။]

**ဤဘုရားလက်ထက်တော်။** ။ဤဘုရားလက်ထက်တော်သို့ ရောက်သောအခါ မန္တာဝတီမြို့ဝယ် ကောဉ္စမင်း၏ မိဖုရားခေါင်ကြီးမှ ဖွားမြင်သော မင်းသမီးဖြစ်၍ ရှေးဝါသနာအလျောက် ဘိက္ခုနီတို့နှင့် အကျွမ်းတဝင်နေထိုင်ကာ သူတော်ကောင်းတရားကို နာယူလေ့ရှိ၏။ ထို့ကြောင့် မင်းသမီးသည် ကိုယ်တိုင် လူ့သိလနှင့်ပြည့်စုံ၍ အခြားအမျိုးသမီးတို့အားလည်း ကာမဂုဏ်အပြစ်ကို ညွှန်ပြလျက် ဆန်းဆန်းပြားပြား တရားဟောလေ့ရှိသည်။

**မိဖုရားဖြစ်ဘို့စီစဉ်။** ။မယ်တော်ခမည်းတော်တို့သည် ဝါရဏဝတီမြို့၌ အနိကရတ္တ ရှင်ဘုရင်ကလေး၏ မိဖုရားဖြစ်ဘို့ရန် စီမံပြီးဖြစ်၏။ သို့သော် ထိုမျှလောက် တရားသိ၍ ကာမဂုဏ်၏ အပြစ်ကို နှစ်နှစ်ကာကာ နားလည်နေသော မင်းသမီးသည် မယ်တော်ခမည်းတော်တို့၏စကားကို လက်မခံဘဲ "သ္မီးတော်စောင့်ထားတဲ့ အဗြဟ္မစရိယမှ ရှောင်ကြဉ်ရသောသီလကို တသက်လုံး အပျက်မခံနိုင်ပါ။ လူဝတ်ကြောင်ဘဝနှင့်တော့ အစာမစားဘဲ အသေခံပါတော့မည်"ဟု သံတော်ဦးတင်လေသည်။

**ဘုရင်ကလေးလာပြီ။** ။စိမ့်ထားသော လက်ထပ်ချိန်နီးသောအခါ မင်းကလေးလာနေပြီဟု ကြားရသော သုမေဓာမင်းသမီးသည် သူ၏ ဆံပင်ကို သန်လျက်ဖြင့်ဖြတ်၍ ပြာသာဒ်တံခါးကို ပိတ်ထားပြီးလျှင် စျာန်ဝင်စားသလို တရားရှု၍ နေလေသည်။ ရှင်ဘုရင်ကလေးသည် ပြာသာဒ်ပေါ်သို့တက်၍ တံခါးပြင်ဘက်မှ "တိုင်းပြည်အာဏာနှင့် စည်းစိမ်အားလုံးကို အပ်ပါမည်"ဟု အမျိုးမျိုးချော့မော့ပြောဆိုရှာလေသည်။

**တရားပြန်၍ဟောခြင်း။** ။သုမေဓာသည် အတွင်း၌နေ၍ "လေးကျွန်းလုံးကို အစိုးရတဲ့ မန္ဓာတ်စကြာမင်းသော်မှ လောကီအာရုံ ကာမဂုဏ်တို့ကို ခံစား၍ မတင်းတိမ်နိုင်ဘဲ သေမင်းနိုင်ငံသို့ လိုက်ရပါတယ်။ အမဲရိုးကို မလွှတ်နိုင်သော ခွေးငတ်ကလေးကဲ့သို့ ပုထုဇဉ်အငတ်ကလေးတွေသာ ကာမဂုဏ်အမဲရိုးကို မလွှတ်နိုင်ဘဲ ကိုက်၍နေရှာကြပါတယ်။ မိမိဦးခေါင်း မီးလောင်သူဟာ ထိုမီးငြိမ်းဘို့ရာ အရေးတကြီးလိုအပ်သကဲ့သို့ ရာဂမီး ဒေါသမီး မောဟမီး ဇာတိမီး ဇရာမီး မရဏမီးတွေ အလောင်ခံနေရသော မိမိမှာတော့ ထိုမီးတွေငြိမ်းဘို့က အရေးကြီးပါတယ်" ဤသို့ပြောပြီးလျှင်....

**တံခါးဖွင့်၍တရားဟော။** ။တံခါးကိုဖွင့်၍ ကြည့်လိုက်သောအခါ မယ်တော် ခမည်းတော်နှင့် အနိကရတ္တ ရှင်ဘုရင်ကလေးပါ ပြာသာဒ်မြေပြင်၌ ထိုင်လျက် မျက်ရည်စက်လက် ဖြစ်နေကြသည်ကို မြင်ရလေသော် ......တရားမသိသူတို့အတွက် တငိုထဲ ငို၍နေရာ သံသရာကြီးသည် အလွန်ရှည်လျားခဲ့ပါပြီ။ မျက်ရည်တွေ အမိ၏နို့ရည်တွေ သတ်ကြဖြတ်ကြလို့ ဖြစ်ရသော သွေးတွေဖြင့် ပင်လယ်ဝေနေသော သံသရာတလျှောက်ကြီးကို သတိရကြစမ်းပါ။ ဤသို့စသည်ဖြင့် သံသရာအပြစ်မြင်စရာ တရားတို့ကို ဟောပါလေသည်။

**ဘိက္ခုနီပြုခွင့်ရပြီ။** ။ဤသို့ မိဖုရားလောင်း၏တရားဟောင်းကို ကြားနာရသော ရှင်ဘုရင်ကလေးသည် သူ့ကိုယ်တိုင် ကျေနပ်၍ မင်းသမီးအား ဘိက္ခုနီပြုခွင့်ပေးပါရန် ယောက္ခမလောင်းမင်းကြီးကို တောင်းပန်သောကြောင့် အားလုံးကျေနပ်စွာ ဘိက္ခုနီပြုခွင့် ရလေသည်။ ထို့

နောက် တရားအားထုတ်လေရာ လောကီအဘိညာဉ်နှင့်တကွ ရဟန္တာဘိက္ခုနီဖြစ်၍ အောက်ပါဥဒါန်းဂါထာကို ကြူးရင့်ပါသတည်း။ [ရွှတ်ကောင်းအောင် တချို့ကို ပြင်ထားပါသည်။]

ကာလေ ကောဏာဂမနဿ၊ သဒ္ဓိံ သခီဟိ မေ ကတံ။
ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။

ကောဏာဂမနဿ၊ ကောဏာဂုမ်ဟု သုံးဘုံဘင်ရှား မြတ်ဘုရား၏။ ကာလေ၊ ပွင့်တော်မူရာ လက်ထက်တော်အခါ၌။ သခီဟိ၊ ဓနဉ္စာနီ, ခေမာထေရ်ဟု ဂုဏ်ရည်ထွန်းတောက် အဖော် ၂-ယောက်တို့နှင့်။ သဒ္ဓိံ၊ စိတ်ရောကိုယ်ပါ မကွာမကွဲ အမြဲအတူသာလျှင်။ အဂ္ဂံ၊ ရှိလေသမျှ လှူဒါနထက် ခေါင်ကလွှမ်းဖုံး အသာဆုံးဟူ၍။ ဗုဒ္ဓေန၊ ဆူဆူထွတ်ထား မြတ်ဘုရားသည်။ ဝဏ္ဏိတံ၊ မပြတ်ထုတ်ဖော် ချီးမွမ်းတော်မူအပ်သော။ သံဃဿ၊ အရပ်ဆယ်ဖြာ ပို့မေတ္တာဖြင့် ကောင်းစွာမွေ့လျော် နေတော်မူသော သံဃာအပေါင်းအား။ ဝိဟာရဒါနံ၊ တရားဖြင့်ပျော် မွေ့လျော်ဘို့ရည်ရော်ငဲ့စောင်း ကျောင်းအလှူကို။ မေ (မယာ)။ သုမေဓာဟု ခုခါထင်ပေါ် တပည့်တော်သည်။ ကတံ၊ အသိအလိမ္မာ ဥာဏ်ပညာဖြင့် သဒ္ဓါဖွေးဖြူ ပေးလှူအပ်ခဲ့ပြီတကား။

တံ မူလံ တံ သမေဓာနံ၊ သာ ဧဝ ခန္တိ သာသနေ။
တမေဝ ပစ္ဆိမေ ကာလေ၊ ခေမံ ဓမ္မရတာယ မေ။

တံ ဝိဟာရဒါနံ၊ ကောဏာဂုမ်ဟု သုံးဘုံထင်ပေါ် လက်ထက်တော်ဝယ် ပျော်ပျော်အတူ ထိုကျောင်းအလှူသည်။ မူလံ၊ လူနတ်စည်းစိမ် အကြိမ်ကြိမ်ဟု ရိပ်ငြိမ်ရရန် အကြောင်းရင်းအခြေခံပါတကား။ — တံ (ဝိဟာရဒါနံ)၊ အဖော်သုံးယောက် ကောင်းစွာဆောက်၍ ဝမ်းမြောက်ကြည်ဖြူ ထိုကျောင်းအလှူသည်။ သမောဓာနံ၊ ဗုဒ္ဓမြတ်စွာ သာသနာနှင့်မကွာတွေ့ကြုံ ပေါင်းဆုံရကြောင်း ကောင်းသောအလှူပါတကား။

သာ ဧဝ၊ သံဃာတော်အများ ဘာဝနာပွါး၍ တရားငဲ့စောင်း နေဘို့ကောင်းသည့် ထိုကျောင်းအလှူသည်ပင်။ သာသနေ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ် အရပ်ရပ်၌။ ခန္တိ၊ ယုံကြည်ရုံမျှ မကတိုးတက်ဥာဏ်ရောင်ထွက်၍ နှစ်သက်ဘို့ရာ အကြောင်းရင်းပါတကား။ တမေဝ၊ သဒ္ဓါ

တရား ခါခါပွါး၍ တရားကိုယူ ထိုကျောင်းအလှူသည်ပင်။ ပစ္ဆိမေ ကာ-လေ၊ ယခုကြုံရာ နောက်ဆုံးအခါ၌။ ဓမ္မရတာယ၊ သူတော်သူမြတ် တရားဓာတ်ဖြင့် မပြတ်မွေ့လျော် ပျော်၍နေသော။ မေ (မမ)၊ သုမေဓာဟု ခုခါထင်ပေါ် တပည့်တော်၏။ ခေမံ၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာအမှန် အေးနိဗ္ဗာန်ကြီးပါတကား။

**မှတ်ချက်။** ။သုမေဓာနှင့် ဓနဉ္စာနီ ခေမာထေရီတို့သည် ကောဏာဂုမ်မြတ်စွာဘုရား၏ လက်ထက်တော်၌ သံဃိက ကျောင်း လှူသော (ပုဂ္ဂလိက မဟုတ်သော) ကျောင်းဒါယိကာမများ ဖြစ်ခဲ့ကြ၏။

**တံ မူလံ။** ။ထိုကျောင်းအလှူသည် လောကီစည်းစိမ် အကြိမ်ကြိမ်ရဘို့ရန် အရင်းခံအကြောင်းလည်း ဖြစ်၏။

**တံ သဓမာဝါနံ။** ။ထိုကျောင်းအလှူသည် ယခုအခါ ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် တွေ့ကြုံမိဘို့ရာ (တွေ့ဆုံကာမတ္တ မဟုတ်ဘဲ) သာ-သနာပြုသူဖြစ်ဘို့ရန် အကြောင်းရင်း အခြေခံ ဖြစ်၏။

**သာ ဧဝ ခန္တိ။** ။ထိုကျောင်းအလှူသည် သာသနာတော်နှင့် တွေ့ရာအခါ၌ ပုံ့ကြည်ရုံသာမက၊ သာသနာတော်၏ အဆုံးအမကို နှစ်သက်သော အသိဉာဏ်ဖြစ်ဘို့ရန် အကြောင်းမှန်လည်း ဖြစ်၏။

**တမေဝ ခေမံ။** ။သာသနာတော်၏ အဆုံးအမကို နှစ်သက်လှန်းလှ၍ တရားဖြင့်ပျော်မွေ့နေရာ ယခုအခါ၌ကား ထိုကျောင်းအလှူကြီးသည် နိဗ္ဗာန်ကြီးဖြစ်လာပြီတကား။ ဤသို့ အားရပါးရ ဥဒါန်းကြူးရင့်ပါသည်။

**အပြောအဟောကောင်းပုံ။** ။သုမေဓာထေရီသည် ရှေးပါရမီကောင်းသည့်အားလျော်စွာ ယခုဘဝ၌ ဘုရင်၏ သမီးတော်ဖြစ်သော်လည်း မိဖုရားစိတ်မဖြစ်ဘဲ ငယ်စဉ်ကစ၍ ဘိက္ခုနီတို့နှင့် အပေါင်းများသောကြောင့် တရားစိတ် အရည်ဝနေရကား ရှေးကလှူအပ်ခဲ့သော ကျောင်းအတွက် ရအပ်သောနိဗ္ဗာန်ကိုပင် ''ရှေးကကျောင်းအလှူကြီးသည် ယခုအခါ နိဗ္ဗာန်ကြီးဖြစ်လာပါပကော''ဟု ဝမ်းမြောက်ဝမ်းသာ ပြောလေသည်။

ကရောန္တေဝံ သဒ္ဒဟန္တိ၊ ယေ သန္တာ သန္တသာသနံ။
နိဗ္ဗိန္ဒန္တိ ဘဝဂတေ၊ နိဗ္ဗိန္ဒန္တာ ဝိရဇ္ဇရေ။

ယေ သန္တာ၊ သူမြတ်ဖြစ်ရန် ရုပ်နှင့်နာမ်ဝယ် ဓာတ်ခံကိန်းအောင်း အကြပ်သူတော်ကောင်းတို့သည်။ သန္တသာသနံ၊ အေးအေးမြမြ ငြိမ်သက်လှသည့် ဗုဒ္ဓဟောဖော် အဆုံးအမတော်ကြီးကို။ သဒ္ဒဟန္တိ၊ ကြောင်းကျိုး ၂-တန် ခွဲဝေဖန်၍ အမှန်လုံးစုံ ယုံကြည်ကြပေကုန်၏။ တေ သန္တာ၊ တရားဓမ္မ ဩဝါဒကို ကျနသိမြင် ထိုသူတော်စင်တို့သည်။ ဧဝံ ကရောန္တိ၊ သံသရာမှ မြန်စွာလွတ်ကြောင်း ငဲ့စောင်းမယုတ် ဤသို့သာ ပြုလုပ်ကြကုန်၏။

ဝါဘေ သန္တာ၊ သံသရာဘေး လာမည့်အရေးကို တွေး၍ကြောက်တတ် ထိုသူမြတ်တို့သည်။ ဘဝဂတေ၊ ဘဝဖန်ခါ သံသရာဝယ် ခန္ဓာနှင့်စပ် အရပ်ရပ်၌။ နိဗ္ဗိန္ဒန္တိ၊ ဝိပဿနာဉာဏ် အမြင်သန်သဖြင့် အမှန်ကိုယ်တွေ့ ငြီးငွေ့ကြကုန်၏။ နိဗ္ဗိန္ဒန္တာ၊ ဝိပဿနာဉာဏ် အမြင်သန်သဖြင့် အမှန်ကိုယ်တွေ့ ငြီးငွေ့ကြကုန်သည်ရှိသော်။ ဝိရဇ္ဇရေ၊ မဂ်ဉာဏ်သို့ဆက် တရားတက်၍ တပ်မက်ခင်မင် လိုချင်မှုမရှိကြတော့သတည်း။

**ဆိုလိုရင်း။** ။ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတော်ဖြစ်သော သာသနာတော်သည် အလွန်ငြိမ်သက်၏။ ရှေးဘုရားသာသနာတော်၌ ငြိမ်သက်မှု အထုံပါသော သူတော်ကောင်းတို့သည် တရားဟောကို ယုံကြည်၍ ဝိပဿနာဉာဏ်ဖြင့်ရှုကာ ဘဝခန္ဓာကြီးကို ငြီးငွေ့ကြကုန်၏။ထိုငြီးငွေ့မှုမှ ဆက်၍ တိုးတက်သောအခါ တပ်မက်မှုကင်းကွာလျက် မဂ်ဉာဏ်သို့ တက်ကြရသည်-ဟူလို။

**အမြင်ချင်းမတူကြ။** ။ဤ သုမေဓာထေရီ ဝတ္ထု၌ မင်းသမီးနှင့် ပယ်တော် ခမည်းတော် မင်းကလေးတို့၏ အမြင်ချင်း မတူပုံကို သတိပြုပါ။ ပင်းသမီးသည် ပိဖုရားအဖြစ်ဖြင့် ခံစားရပည့် စည်းစိမ်ကြီးကို "ခွေးငတ်ကလေး မလွှတ်နိုင်သော အမဲရိုးကဲ့သို့ မြင်နေ၏။ ခွေးငတ်ကလေးသည် သွားရေတမြားမြားဖြင့် အမဲရိုးကို ကိုက်နေသော်လည်း အမဲရိုးမှ အသား မထွက်လာတော့ အမဲရိုး ကိုက်ရင်း ကိုက်ရင်းဖြင့်

ပင်ပန်းနေရသကဲ့သို့ ကာမဂုဏ် စည်းစိမ်တွေလည်း ခံစားရင်း ခံစားရင်း ခံစားဘို့ရှာရသော ဒုက္ခ မင်းပြစ်မင်းဒဏ်ခံရသော ဒုက္ခတို့ဖြင့် ကိုယ်ပန်း စိတ်ပန်း ပန်း၍နေရတော့၏၊ သို့ပါလျက် ထိုကာမစည်းစိမ်ကို မယ်တော် ခမည်းတော်နှင့် ဘုရင်လေးတို့က ရောမ စည်းစိမ်ကြီးဟု ယူဆနေကြ လေသည်။

**ကျီးကန်းသားတစ်။** ။ကျီးကန်းအများတွင် ကျီးတကောင်သည် အမဲသားတစ်ကို ရ-ထား၏။ ထို အမဲသားတစ်ရသော ကျီးကန်းကို အခြား ကျီးတို့က ဝိုင်း၍ ထိုးကြ၏။ ထို့အတူ ကာမစည်းစိမ်ရနေသူကို မရသူတို့က အတင်းပြောကာ နှုတ်ဖြင့်လည်း ထိုးကြ၏။ သူခိုးဒမြတို့က လည်း ရိုက်နှက်ခိုးယူကြ, လုယက်ကြ၏။ ထို့ကြောင့် သုမေဓာမင်းသမီး သည် မိဖုရားစည်းစိမ်ကို အမဲသားတစ်လို မြင်၏။ မယ်တော် ခမည်း တော် မင်းကလေးတို့ကား စား၍ ပကုန်နိုင်အောင် ကြီးကျယ်သော စည်းစိမ်ကြီးဟု မြင်နေကြသည်။

**တောင်ပေါ်ရောက်နှင့် တောင်အောက်နေ။** ။မိတ်ဆွေ ၂-ယောက် သည် အညောင်းပြေအောင် လမ်းလျှောက်ရင်း အလွန် မြင့်သော တောင်အနီးသို့ ရောက်သွားကြလေရာ တယောက်လူသည် မောသော ကြောင့် တောင်ခြေ၌ နားနေ၏။ တယောက်ကား မမောသောကြောင့် တောင်ပေါ်သို့ တက်သွား၏။ တောင်ပေါ်သို့ရောက်သောအခါ ပတ်ဝန်း ကျင် ရှုမျှော်ခင်းသည် အလွန်သာယာ၏။ ထိုသို့ သာယာကြောင်းကို တောင်အောက် မိတ်ဆွေအား လှမ်း၍ပြော၏။ တောင်အောက် မိတ်ဆွေ က "သူမတက်နိုင်သောကြောင့် ညာတာပါကွာ၊ ဘာထူးပြီး သာယာ ဦးမှာလဲ"ဟု ငြင်းသည်။ တောင်ပေါ်က ထပ်ပြော၏။ တောင်အောက် က ငြင်းသည်။

**တွဲ၍ခေါ်။** ။ထိုသို့ ငြင်းနေသည်ကို တောင်ပေါ်လူက မခံချင်၍ ဆင်းလာပြီးလျှင် "လာပါကွာ၊ တွဲခေါ်ပါမယ်"ဟု ပြော၍ တောင်ထိပ် ရောက်အောင် တွဲခေါ်သွား၏။ တောင်ထိပ်ရောက်သောအခါ နဂို

မယုံသော မိတ်ဆွေက "ဟာ–ဟုတ်သားဘဲ တယ် ရှုခင်း သာယာပါ လား"ဟု ဝန်ခံ၏။ "ခုတွင်ကတော့ ငါသြာတယ်ဆို"ဟုပြောသောအခါ "အဲသည်တုန်းကတော့ ငါက ဒီအပေါ်မှ မရောက်သေးဘဲကိုး ကွ"ဟု ပြောလေသည်။

**တွဲခေါ်နေပြီ။** ။ဤနည်းအတိုင်းပင် အပေါ်ကနေ၍ တရားဖြင့် မြင်နေသူက ဟောပြော ဆုံးမသော်လည်း တရားမသိဘဲ အောက်က နေသူသည် ကောင်းစွာ မလိုက်ချင်ဘဲ (နှုတ်ဖြင့် မငြင်းသော်လည်း) စိတ်ထဲက ငြင်းနေ၏။ ယခုအခါ ဤ"ဗုဒ္ဓါနုဿတိ ဘာဝနာ"စာစောင် ကလေးက လောကီအာရုံ ကာမဂုဏ်တွေဖြင့် မောနေသော အသင်တို့ အား တောင်ထိပ်ကဲ့သို့မြင့်သော အသိဉာဏ်ရဘို့ရန် တွဲ၍ ခေါ်နေပြီ မဟုတ်ပါလော။

# ဆုတောင်းခန်း

**အမှာစကား**။ ။ပြုအပ်ခဲ့သော ဝတ္တုများ၌ နောက်နောက် ဘုရားသာသနာတော်ဝယ် မည်သည့် ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်ရပါလို၏၊ ဤသို့စသည်ဖြင့် ဆုတောင်းကြပုံကို တွေ့ရ၏။ ယခုအခါ မြန်မာများ ဆုတောင်းသလို ဆုတောင်းပုံကိုငင်း၊ မြန်မာများ ရေစက်ချသလို "ရေတစက်တစက်" ချသော ရေစက်ချကိုငင်း မတွေ့ရပါ။ အကိတ္တိဇာတ် ဝေဿန္တရာဇာတ် စသော ဇာတ်တော်များ၌ငင်း၊ ပစ္စေကဗုဒ္ဓါအား လှူဒါန်းရာ၌ငင်း မိမိအလိုရှိအပ်သောဆုကို တောင်းကြသည်ကို တွေ့ရ၏။ ထို့ကြောင့် အကိတ္တိဇာတ်တော်ကို နည်းမှီ၍ "ရတနာ့ဂုဏ်ရည်"၌ ရေးသားအပ်ပြီးသော ဆုတောင်းခန်းကို (အနည်းငယ်ဖြည့်စွက်၍) ဤ၌ ပြပါဦးမည်။

**[ဆောင်]** ခတ်မရိုက်ခင် ကောင်းစွာပြင်မှ ပုံတွင်ကျန ရုပ်သွင်လှသို့
မုချမှန်စွာ သံသရာဟု ကမ္ဘာရုပ်ခွင် ခတ်အပြင်၌ စိတ်
စဉ်ကျန ရုပ်သွင်လှ၍ ခေမမြို့နန်း အရောက်မြန်းဘို့
ပြင်စမ်းစေချင် ဆုပန်းစင်ကို ပန်ဆင်လေကွဲ့-နေ့စဉ်တဲ့။

၁။ ပုညေနာ’ နေန စညေန၊ သိဝံ ပတ္တေ တဒန္တရေ။
မိရံ ပဿေ သုဏေ မိရံ၊ မိရေန သဟ သံဝသေ။

အနေန ပုညေန၊ ယခုခဏ ပြုစုံရသည့် သုခအကျိုး ကောင်းမှုမျိုးကြောင့်ငင်း။ အညေနစ၊ ရှေးရှေးကပြု ကောင်းမှုထိုထို ကုသိုလ်မူလဟူသမျှကြောင့်ငင်း။ သိဝံ၊ အရိယာအပေါင်း သူတော်ကောင်းတို့ ပျော်အောင်းရာမှန် အေးနိဗ္ဗာန်ကို၊ ပတ္တေ=ပတ္တေယျာမိ၊ ရည်ရွယ်လိုအင် ဆုထူးဆင်လျက် ဆောလျင်မြန်စွာ ဆုတောင်းပါ၏။ တဒန္တရေ၊ ဆုထူးဂုဏ်အင် မစုံလင်၍ ကြုံတင်နေရာ သံသရာ၌။ မိရံ၊ ရိုးသားထက်မြက် အချက်ချက်၌ သွက်လက်ဘိတောင်း ပညာရှိသူတော်ကောင်းကို။ ပဿေ ပဿေယျာမိ၊ ထို့ကြ၍ ဘုံခလေ့ ကြုံသရွေ့ပင် တွေ့မြင်ရပါလို၏။ မိရံ၊

ပညာရှိမျာ း ဆိုစကား ကို။ သုဏော=သုဏောယျာမိ၊ နှစ်သက်ကြည်ညို နာ ယူရပါလို၏။ ဓီရေန၊ ရိုးသားထက်မြက် အချက်ချက်၌ သွက်လက်ဘိ တော ်င်း ပညာရှိ သူတော်ကောင်းနှင့်။ သဟ သံဝသေ၊ ရေစက်ဟောင်း ချင်း အကြောင်းရင်းကြောင့် ပေါင်းသင်း နေထိုင်ရပါလို၏။

**မှတ်ချက်။** ။ပညာရှိသူတော်ကောင်း ပညာရှိသူယုတ်မာဟု ၂-မျိုး ရှိရာ (၁)နိဗ္ဗာန်ကို လိုအပ်သောဆုဖြင့် ရဘို့ရန်၊ (၂) ပညာရှိ သူတော် ကောင်းကို တွေ့မြင်ဘို့ရန်။ (၃) ထိုသူ၏ ဆုံမစကားကို နာယူဘို့ရန်၊ (၄) ထိုပညာရှိ သူတော်ကောင်းနှင့် ပေါင်းသင်းမိဘို့ရန် ဆုတောင်း သည်။ မရိုးမသား ဆိုးဝါးသော ပညာရှိကား သူယုတ်မာထက် ကြောက်စရာကောင်းသေး၏။

၂။ ဓီရော အဿံ သယံ စာပိ၊ ဝီရော ကုသလကရဏော။
ဥစ္စော အစ္စော စ အခဏ္ဍ-ပဉ္စသီလောဝ ဇာတိယာ။

သယံ့ စာပိ၊ မိမိကိုယ်တိုင်ကလည်း။ ဓီရော၊ ရိုးသား ထက်မြက် အချက်ချက်၌ သွက်လက်ဘိတောင်း ပညာရှိ သူတော်ကောင်းသည်။ အဿံ၊ စင်စစ်မကွာ ဖြစ်ရပါလို၏။ ကုသလကရဏော၊ ကုသိုလ်ပြုရန် ပေါ်ပေါက်ပြန်သည်ရှိသော်။ ဝီရော၊ မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲဝံ့ သတ္တိ လုံ့လရှိသည်ဖြစ်၍။ ဇာတိယာ၊ မီးရှူးသန့်စင် ဖွားမြင်ခါစ ကလေး အရွယ်မှစ၍။ အခဏ္ဍပဉ္စသီလောဝ၊ ကိုယ်ဝတ်သတ္တယ် မကွယ်မပ ငါးဝ ပဉ္စသီ အစဉ်တည်လျက်သာလျှင်။ ဥစ္စော၊ဂုဏ်သိန်မောက်မိုး မြင့်မြတ် သော အမျိုး၌ရင်း။ အစ္စော၊ ဥစ္စာပြည့်ဖြိုး ကြွယ်ဝသော အမျိုး၌ရင်း။ အဿ၊ တမြင့်ထဲမြင့် ဆင့်ကဲတင့်ဘို့ အသင့်မကွာ ဖြစ်ရပါလို၏။

**မှတ်ချက်။** ။ပညာရှိသူတော်ကောင်းနှင့် ပေါင်းရသော်လည်းမိမိက သူတော်ကောင်းပညာရှိ မဟုတ်လျှင် အကျိုးမများပါ။ ထို့ကြောင့်.... (၁)ကိုယ်တိုင်လည်း ပညာရှိသူတော်ကောင်း ဖြစ်ဘို့ရန်၊ (၂)ကုသိုလ် ကောင်းမှုပြုစုရေး၌ တွန့်ဆုတ်တွန့်ဆုတ်မဖြစ်ဘဲ ရဲရင့်ဘို့ရန်၊ (၃)မြင့်မြတ်

သော အမျိုး၌ဖွင်း၊ (၄) ကြွယ်ဝသောအမျိုး၌ဖွင်း ဖြစ်ဘို့ရန်၊ (၅) ငယ်စဉ်က စ၍ ငါးပါးသီလကို ဝတ်အပ်သော အဝတ်ကဲ့သို့ အမြဲတည်ဘို့ရန် ဆုတောင်းသည်။ [အမျိုးမသန့်လျှင် စိတ်လည်း ညံ့တတ်၏။]

၃။ ဒဒတော မေ န ခီယေထ၊ ဒတွာ နာနုတပေယျှံ ဟံ။
ဒဒံ စိတ္တံ ပသာဒေယံျ၊ အဒိန္နံ န ဗလံ ဟရေ။

မေ၊ တပည့်တော်၏။ ခနံ၊ စည်းစိမ်ဥစ္စာ ရတနာသည်။ ဒဒတော၊ စွန့်ကြဲပေးကမ်း လှူဒါန်းပါသော်လည်း။ န ခီယေထ၊ မကုန်နိုင်ပါစေသတည်း။ ဒတွာစ၊စွန့်ကြဲပေးကမ်း လှူဒါန်းပြီး၍လည်း။ နာနုတပေယံျ၊ နောင်တတဖန် မပူပန်ရပါလို။ အဟံ၊ တပည့်တော်သည်။ ဒဒံ၊ စွန့်ကြဲပေးကမ်း လှူဒါန်းတုန်း အခိုက်မှာလည်း။ စိတ္တံ၊ မိမိစိတ်ကို။ ပသာဒေယံျ၊ ကြည်လင်ရွှင်လန်း ဝမ်းမြောက်စေနိုင်ရပါလို၏။ အဒိန္နံ၊ ကိုယ်ထိလက်ရောက် မျက်မှောက်ကြည်ဖြူ မလှူမပေးအပ်သောပစ္စည်းကို၊ န ဗလံ ဟရေ၊ အနိုင်အထက် နှိပ်စက်ကလူ မယူမဖျက် မခိုးဝှက်နိုင်ပါစေသတည်း။

**မှတ်ချက်။** ။(၁)စွန့်ကြဲ လှူဒါန်း၍ မကုန်နိုင် မခန်းနိုင်ဘို့ရန် (၂)စွန့်ကြဲပေးကမ်းလှူဒါန်းပြီးနောက် "လှူဒါန်းပေးကမ်းမိတာ မှားလေခြင်း" ဟု နောင်တမရဘို့ရန်၊ (၃)လှူဒါန်းပေးကမ်းတုန်း အခိုက်မှာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ဘို့ခန်။ (၄)ကြည်ကြည် ပျူပျူမပေးဘဲ ရန်သူမျိုးများ မဖျက်ဆီးနိုင်ဘို့ရန် ဆုတောင်းသည်။

၄။ ဖုသိတေ လောကဓမ္မေဟိ၊ ယထာကမ္မံ ဘဝါဘဝေ။
ယေန စိတ္တေန ကမ္ပေတ္ထိ၊ တံ စိတ္တံ န မယိ ဝသေ။

ဘဝါဘဝေ၊ ဘဝငယ် ဘဝကြီး အသီးအသီး၌။ ယထာကမ္မံ၊ရှေးရှေးကဖန် အကြောင်းကံအားလျော်စွာ။ လောကဓမ္မေဟိ၊ ဖြစ်ကပျက်တုံ တွေ့ကြုံရရိုး လောကဓမ်တရားမျိုးတို့သည်။ ဖုသိတေ၊ တနေ့မထိ တနေ့ထိဖြင့် တွေ့ထိနှိပ်စက်အပ်သည်ရှိသော်၊ ယေန စိတ္တေန၊ မတည်တံ့နိုင် မခံ့ခိုင်လတ် အကြင်သို့သော စိတ်ဓာတ်ကြောင့်။ ကမ္ပေတ္ထိ၊တရားမမြင် နား

မဝင်ဘဲ အားအင်ရှိနွမ်း ပင်ပန်း တုန်လှုပ်ရကုန်၏။တာံ စိတ္တံ၊ ကောင်းဆိုး ၂-တန် လောကဓမ်ကြောင့် ဖောက်ပြန်ကြရိုး ထိုစိတ်မျိုးသည်။ မယိ၊ တပည့်တော်၏ သန္တာန်၌။ နဝသေ၊ တရံတဆစ်မျှ မဖြစ်ရပါစေသတည်း။

**မှတ်ချက်။** ။များစွာသောလူတို့သည် အကောင်း လောကဓမ်နှင့် တွေ့သောအခါ စိတ်တမျိုးပြောင်းကာ တကြွကြွ တရွရွ ဖြစ်တတ်၏။ မကောင်းလောကဓမ်နှင့် တွေ့ကြုံရသောအခါ စိတ်အနေလည်းအောက်ကျ ၍ မရွှင်မပျ ညှိုးငယ်နေတတ်ကြ၏။ ဤဂါထာဖြင့် ပစ္စည်းတိုးတက် ခြင်း-စသော အကောင်းလောကဓမ် ဆွေမျိုးညာတိ စည်းစိမ် ဥစ္စာတို့၏ ပျက်စီးခြင်း-စသော မကောင်းလောကဓမ်နှင့် တွေ့ကြုံလျှင် ဣန္ဒြေပျက် အောင် မတုန်လှုပ်ဘို့ ဆုတောင်းသည်။

၅။ အဘိဇ္ဈာ ဣဿာ မစ္ဆေရ- မိစ္ဆာဒိဋ္ဌိဘိ ပါပတော။
မာနကောဓာ ကာမလောလာ၊ ယာပျရောဂါ ဂတော သဒါ။

ပါပတော၊ အပါယ်လေးတန် ရောက်ဘို့ရန်ဖြင့် ကေန်ညစ်ကျု မကောင်းမှုဖြစ်သော။ အဘိဇ္ဈာစ၊ သူများစည်းစိမ်ကို မတရားလိုချင်တတ် သော လောဘမှလည်း။ ဣဿာစ၊ သူများဂုဏ်သိန် သူ့စည်းစိမ်ကို မမြိန် နိုင်တောင်း စောင်းမြောင်းငြူစူတတ်သော ဣဿာမှလည်း။ မစ္ဆေရမိစ္ဆာ ဒိဋ္ဌိဘိစ၊ ကိုယ့်စည်းစိမ်ကို ဝန်တိုတတ်ခြင်း မှားယွင်းသော မိစ္ဆာအယူ တို့မှလည်း။မာနကောဓာ၊ မောက်မာတက်ကြွ မာန်မာနနှင့် ဒေါသထန်ပြင်း ကြမ်းတမ်းခြင်းမှလည်း။ကာမလောလာ၊ ကာမဂုဏ်ဗွက်အာရုံတွက်ကြောင့် ရောက်ရက်ခတ်ပျော် လျှပ်ပေါ် လော်လီခြင်းမှလည်း။ ယာပျရောဂါ၊ကုစား ဖေးမ မအေးရအောင် ဘေးဘယစုံ အဖုံဖုံသောရောဂါမျိုးမှလည်း။ သဒါ ဂတော၊ပိန်းကြာဖက်ပြင် ရေမတင်သို့ ကင်းစင်လွင့်ပျောက် မကပ်ရောက် ပါစေသတည်း။

**မှတ်ချက်။** ။ဤဂါထာဖြင့် အဘိဇ္ဈာ ဣဿာ မစ္ဆရိယ မိစ္ဆာဒိဋ္ဌိ မာန ဒေါသ တို့မှလည်း၊ ကာမဂုဏ်အတွက် လျှပ်ပေါ် လော်လီခြင်း မှလည်း၊ အမြဲဆေးကုနေရသော အနာရောဂါမှလည်း ကင်းလွတ်ဘို့ရန် ဆုတောင်းသည်။

၆။ ယေန ပုတ္တေ စ ဒါရေ စ ခနမညံ ပိယာနိစ။
လဒ္ဓါ နညာနိ တပ္ပေန္တိ၊ သော လောဘော န မယိ ဝသေ။

ယေန လောဘေန၊ လိုချင်မက်မောအကြင်လောဘဇောကြောင့်။ ပုတ္တေ စ၊ ချစ်၍မငြီး သားသွီးတို့ကိုရှင်း။ ဒါရေ စ၊ ချစ်မငြီးဘွယ် ဇနီး သယ်တို့ကိုရှင်း။ ခနမညံ၊ ဥစ္စာစပါး အစားစားဖြင့် မြားပြားဘိတုံ အဖုံဖုံကိုရှင်း။ အညာနိ၊ ဆိုပြီးကိုထား အများအပြား ဖြစ်ကုန်သော။ ပိယာနိ စ၊ ဝတ်စားတန်ဆာ ဘဏ္ဍာ-စသည် အလီလီသော နှစ်သက်ဘွယ်တို့ကိုရှင်း။ လဒ္ဓါ၊ လိုသေးမရှိ ပြည့်ပြည့်စုံစုံ ကုံလုံခိုင်ဖြိုး ပိုင်ပြီးဖြစ်ပါလျက်။ န တပ္ပေန္တိ၊ တော်လောက်ပြီ အောင့်အဲ၍ ရောင့်ရဲတင်းတိမ်မှု မရှိကြကုန်။ သော လောဘော၊ မီးခိုးမဆုံး မိုးမဆုံးမျှ ရလေလိုလေ အနေ ညစ်ဆိုး ထိုလောဘမျိုးသည်၊ မယိ၊ နိဗ္ဗာန်ရွှေပြည် ရဘို့ရည်၍ အတည် မိဋ္ဌာန် ငါသန္တာန်၌။ န ဝသေ၊ ထို၍ထုံးအရ နှလုံးလှအောင် လုံးဝ ပုံသေ မဖြစ်နိုင်ပါစေသတည်း။

**အပြစ်မဆိုထိုက်သော လောဘ။** ။များစွာသော လူတို့၌ ဖြစ်ရိုးဖြစ်စဉ်အားဖြင့် သား လင် ခင်ပွန်းတို့၌ ချစ်ခင်သောလောဘ၊ နေထိုင်စားသောက်ဘို့ရာ အိမ်ယာ လယ်မြေ ဆန်ရေစပါး ဝတ်စားတန်ဆာတို့ကို လိုချင်သော လောဘ၊ ခေတ်အလိုက် လိုချင်စရာတို့ကို လိုချင်သော လောဘ၊ ဤလောဘရိုးရိုးကို အပြစ်မဆိုထိုက်ပါ။

**အပြစ်ဆိုထိုက်သော လောဘ။** ။ထိုလိုချင်စရာအားလုံး ခေတ်အလိုက် ပြည့်စုံနေပါလျက် မတင်းတိမ်နိုင်ကြဘဲ မီးခိုးမဆုံး မိုးမဆုံးအောင် ရလေလိုလေ လောဘမျိုးကား အပြစ်တင်ထိုက်ရုံမက ထိုလောဘကြောင့် ယခုဘဝ၌ မတရားစီးပွါးရှာမိ၍ မင်းပြစ်မင်းဒဏ်ခံရ, သေခါနီး၌ ကိုယ့်ပစ္စည်းဥစ္စာနှင့် သား သမီး ဇနီး ခင်ပွန်းစသော သံယောဇဉ်တို့ကို စွဲလမ်းမှုကြောင့် တစ္ဆေ ပြိတ္တာ ဖြစ်ရ၏။ ထိုလောဘမျိုးကား အပြစ်တင်ထိုက်ပါသည်။ ထို့ကြောင့် ဘုရားအလောင်း အကိတ္တိအရှင်ရသေ့သည် မိမိ၌ ထိုလောဘအကြီးစားမျိုး မဖြစ်ဘို့ရန် ဆုတောင်းသည်။

၇။ ခေတ္တံ ဝတ္ထုံ ဟိရညဉ္စ၊ ဂဝဿံ ဒါသပေါရိသံ။
ယေန ဇာတေန ဇီယန္တိ၊ သော ဒေါသော န မယိ ဝသေ။

ဇာတေန၊ အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော။ ယေန ဒေါသေန၊ အကြင်ရှန့်ကြမ်း ဒေါသစွမ်းကြောင့်။ ခေတ္တံ၊ မိမေ့ ဘမေ့ အထွေထွေသော လယ်သည်ငှင်း၊ ဝတ္ထုံ၊ မိဘာဘက်မှ ဆင်းသက်၍လာ အချိုးမျိုးသော ယာသည်ငှင်း၊ ဟိရညဉ္စ၊ စိန်ကျောက် ရွှေငွေ အထွေထွေသည်ငှင်း၊ ဂဝဿံ၊ နွား မြင်းစသည် အလီလီသည်ငှင်း၊ ဒါသပေါ-ရိသံ၊ ကျေးကျွန်ပေါက်ဖွား ယောကျ်ားအပေါင်းသည်ငှင်း၊ ဇီယန္တိ ရန်သူလက်နက် ကိုယ့်လက်ချက်ကြောင့် ပျောက်ပျက်ဆုံးပါးကြရလေကုန်၏။ သော ဒေါသော၊ ထိုသို့ပျက်ပြား ဆုံးပါးရကြောင်း မကောင်း ရှန့်ကြမ်း ဒေါသစွမ်းသည်။ မယိ၊ သံသရာရေး အမြဲအေးဘို့ မြှော်တွေးစိတ်ကြံ ငါ့သန္တာန်၌။ န ဝသေ၊ တရံဘဆစ်မျှ မဖြစ်ရပါစေသတည်း။

**ဒေါသဖြစ်ပုံ။** ။စိတ်ညစ်ခြင်း စိတ်ကောက်ခြင်း စိတ်ဆိုးခြင်း စိတ်အားငယ်ခြင်း စိတ်ညှိုးနွမ်းခြင်း ကြမ်းကြမ်းတမ်းတမ်းလုပ်ခြင်း ငိုခြင်း ဆဲဆိုခြင်း ငေါက်ငန်းခြင်း သူတပါးကို ရိုက်နှက်သတ်ပုတ်ခြင်း ကိုယ့်ကိုယ်ကိုဆုခြင်း ရိုက်ခြင်း စိတ်ပေါက်၍အဆိပ်သောက်ခြင်း ကြိုးဆွဲချခြင်း ဤအားလုံးသည် ဒေါသဓာတ်ခံရှိသူ၌ ဖြစ်တတ်သော ကြမ်းတမ်းမှုများတည်း။

**ငွေကုန်လူပန်း။** ။ထိုဒေါသကြောင့် သူတပါးကို ရိုက်နှက်သတ်ပုတ် မိလျှင် အပြစ်အားလျော်စွာ ငွေကုန်ရ၏။ ထိုအခါ ရှိသမျှငွေနှင့် စိန် ရွှေ လက်ဝတ်လက်စားများကိုပါ ရောင်း၍ ကုန်သင့်က ကုန်ရ၏။ သူ တပါးကို သတ်မိလျှင် ရှိသမျှပစ္စည်း ကုန်အောင်ပင် ငွေ့ထိုးရ၏။ သို့ မဟုတ် သေစားသေရသောကြောင့် ရှိရှိသမျှ သက်ရှိ သက်မဲ့တွေနှင့် ကွဲရ၏။ ကိုယ့်ကိုယ်ကို အဆိပ်သောက်၍ ဖြစ်စေ၊ ကြိုးဆွဲချ၍ဖြစ်စေ သေလျှင်လည်း ထို့အတူ ရှိသမျှနှင့် ကွဲရတော့၏။

**သာ၍ကြောက်ဘွယ်။** ။သာ၍ကြောက်စရာကောင်းသည်ကား ထိုဒေါသကြောင့် အပြစ်ကျူးလွန်မိသူသည် သေခါနီး ကျူးလွန်မိလျှင် ငရဲ ပြိတ္တာ တစ္ဆေ သရဲ တမျိုးမျိုးဖြစ်ဘို့ သေချာ၏။ မသေမီက ကျူးလွန်၍ သေခါနီးမှ သတိရလျှင်လည်း ထိုအတိုင်းပင်တည်း။ ထို့ကြောင့် ထိုဒေါသသည် သာ၍ ကြောက်ဘွယ်ကောင်း၏။

**ကြောင်းကျိုးမသိသောတရား။** ။လောဘ ဒေါသ ၂-မျိုးလုံးပင် အပြင်းအထန် ဖြစ်သောအခါ အကြောင်းမှန်ကိုလည်း မသိတော့၊ အကျိုးမှန်ကိုလည်း မမြင်တော့။ အမှောင်ခန်းထဲ ရောက်နေသူသည် ဘာကိုမျှ မမြင်ရသကဲ့သို့ ဘာကိုမျှ စဉ်းစားဆင်ခြင်နိုင်သောဉာဏ် မရှိတော့။ ထို့ကြောင့် တဏှာ ရာဂ လောဘအတွက် မှားကြသူတွေ ဒေါသအတွက် လက်လွန် ခြေလွန် ဖြစ်ကြသူတွေ နေ့စဉ်နေ့စဉ် တွေ့မြင်ရလေသည်။

**လောဘခေတ်လိုက်ပုံ။** ။ထိုသို့ ကြီးသောလောဘသည် ယခုဘဝရောက်မှ ဖြစ်ရသည်မဟုတ်။ ရှေးရှေးဘဝများစွာကပင် လောဘကြီးသူ၏ စိတ်အစဉ်၌ လောဘ၏ ခေတ်သတ္တိတွေ လိုက်ပါနေ၏။ ထို့ကြောင့်ပင် တချို့လူများ၌ ငယ်ရွယ်စဉ်ကပင် လောဘကြီးပုံ ထင်ရှား၏။ အရွယ်ရောက်သောအခါ တဏှာရာဂကြီးပုံ ထင်ရှား၏။ ထို တဏှာရာဂကြောင့် ဉာဏ်စက္ခု အလင်းမရတော့ဘဲ အမှားမှားအယွင်းယွင်းတွေ ဖြစ်ရလေသည်။

**ဒေါသခေတ်လိုက်ပုံ။** ။ထိုသို့ ကြီးမားသော ဒေါသလည်း ယခုဘဝကျမှ ဖြစ်ရသည်မဟုတ်။ ရှေးရှေးဘဝများစွာကပင် ဒေါသကြီးသူ၏ စိတ်အစဉ်၌ ဒေါသ၏ ခေတ်သတ္တိတွေ လိုက်ပါနေ၏။ ထို့ကြောင့်ပင် တချို့လူများ၌ ငယ်ရွယ်စဉ်ကပင် ဒေါသကြီးမားပုံ ထင်ရှား၏။ (ရောဂါမရှိဘဲလည်း) စိတ်ကောက်တတ်၏၊ ငိုတတ်၏။ တော်တော်ကြီးသောအခါ သူတပါးနှင့် စကားပြောရာ၌ ဖြစ်စေ၊ ရောင်းဝယ်ရာ၌ ဖြစ်စေ သူတပါးနှင့် ဆန့်ကျင်ဘက် ဖြစ်နေတတ်၏။ ဆန့်ကျင်ဘက် ဖြစ်၍ ကိုယ့်စိတ်ကို မချုပ်တည်းနိုင်လျှင် အမှားမှားအယွင်းယွင်း

ပြောဆိုပြုလုပ်၍ သူများအမှားသည်ပင် ကိုယ့်အမှားဖြစ်ရတတ်၏။ ဤလောဘဒေါသ ၂-မျိုးလုံးသည် ဓာတ်ခံပျောက်အောင် မဖျောက်နိုင်ပါမူ နောက်နောက်ဘဝသို့လည်း ဓာတ်လိုက်နေဦးမည်သာ။

**တရားဆေးကိုမှီဝဲပါ။** ။ထိုတဏှာရာဂ လောဘနှင့် ဒေါသ ၂-မျိုးလုံးပင် စိတ်အစဉ်မှာ အနာရောဂါနှင့် တူ၏။ ဗုဒ္ဓမြတ်စွာသည် တဏှာရာဂ လောဘရောဂါကို ကုစားဘို့ရာ အသုဘ ဘာဝနာဆေးကို ပေးတော်မူ၏။ ဒေါသရောဂါကို ကုစားဘို့ရာ မေတ္တာကရုဏာဆေးကို ပေးတော်မူ၏။ ထို့ကြောင့် တဏှာလောဘရောဂါပျောက်ဘို့ရာ လှသူတွေကို သူတို့၏ ခန္ဓာကိုယ်အတွင်းရောက်အောင် ဉာဏ်ဖြင့်တွင်းဖောက်၍ (ခေမာမိဖုရားရှုသလို) အသုဘဟု ရှုပါလော့။ စိတ်ဆိုးစရာ မုန်းစရာ သတ္တဝါ မရှိအောင် သတ္တဝါတိုင်းကို ''ကျန်းမာပါစေ, ချမ်းသာပါစေ''ဟု မေတ္တာစက္ခု ကရုဏာစက္ခုဖြင့် ကြည့်ရှုပါလော့။ ထိုသို့ရှုနိုင်လျှင် လောဘ ဒေါသဓာတ်ခံပျောက်၍ နောက်ဘဝ၌ လောဘနည်းသူ ဒေါသနည်းသူဖြစ်နိုင်ပါသည်။

**ဆုတောင်းရုံဖြင့် မပြီးပါ။** ။ဆုတောင်းနေရုံမျှဖြင့်ကား ဘုရားရှင်နှင့် မတွေ့သမျှ ထိုလောဘ ဒေါသ-စသော ကိလေသာရောဂါတွေ ပျောက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ''မိမိကိုယ်တိုင် ပညာရှိ သူတော်ကောင်း ဖြစ်ရပါလို၏။ ဘဝတိုင်း ပညာရှိသူတော်ကောင်းနှင့် ပေါင်းရပါလို၏''ဟု ဆုလည်းတောင်းပါ။ ဆုတောင်းနှင့်ညီအောင် တဏှာရာဂ လောဘ ဒေါသ မကြီးဘို့ရန် ဘုရားရှိခိုးချိန်မှစ၍ အချိန်ရသမျှ စူးစူးစိုက်စိုက် ဘုရားကိုလည်း အာရုံပြုပါ။ မေတ္တာလည်းပို့ပါ။ ထိုသို့ အလုပ်မလုပ်ဘဲ ဆုတောင်းနေရုံဖြင့်ကား ဆုခပြည့်ဘဲ မိမိမှာရှိနေသော လောဘဒေါသတို့က ပညာရှိသူတော်ကောင်းတို့နှင့် မကွဲ-ကွဲအောင်ခွဲ၍ ဒုက္ခတွေ ပင်လယ်ဝေနေသော သံသရာထဲမှ မထွက်နိုင်ဘဲ ရှိပါလိမ့်မည်။

**ဆုတောင်းခန်းပြီး၏။**

# ကျမ်းပြီးနိဂုံး

**ခပ်ရှယ်ရှယ်က ကြားခဲ့ရ။** ။သက်တော်ထင်ရှား ဘုရားအစစ် အမှန်ကို ရုပ်ပွါးတော် ဆင်းတုတော် စေတီတော်များက ကွယ်နေ၏။ ဘုရားရှင်၏ နှုတ်တော်မှ ထုတ်ဖော် ညွှန်ပြအပ်သော တရားစစ် တရားမှန်ကို အချို့ ဓမ္မကထိက ပုဂ္ဂိုလ်တို့၏ ဟောတရားနှင့် တရားစာအုပ်များက ကွယ်နေ၏။ အရိယာဖြစ်ပြီးသော သံဃာစစ် သံဃာမှန်ကို ဘုန်းကြီးများက ကွယ်နေ၏။....ဤသို့ ရှေးဆရာတော်ကြီးများ၏ စကားကို ခပ်ရှယ်ရှယ်ကပင် ကြားခဲ့ရဘူးပါသည်။

**မခံချင်ခဲ့ပါ။** ။ထိုစကားကို ကြားရစဉ်က မိမိဉာဏ်၌ သဘောမသက်ဝင်ခဲ့ဘဲ "ဆင်းတုတော် စေတီတော်နှင့် ဟောတရားတွေ တရားစာတွေ ဘုန်းကြီးတွေကို အထင်သေးလေခြင်း"ဟု မခံချင်စိတ်ပင်ဖြစ်ခဲ့ဘူးပါသည်။ သို့သော် ယခု အသက်ကြီးရင့်သောအခါ များစွာသော ဗုဒ္ဓဘာသာဝင်တို့၏ ရတနာ ၃-ပါး ကိုးကွယ်ကြပုံမှာ ထိုစကားအတိုင်း ဖြစ်နေကြသည်သာ များနေပါသည်။

**စဉ်းစား ထိုက်သည်။** ။ယခုအခါ ထို ဆရာတော်ကြီးများ၏ စကားကို စဉ်းစားထိုက်ပါသည်။ ဗုဒ္ဓဘာသာဝင် အများတို့သည် ဆင်းတုတော် စေတီတော်၏ အနီးသို့ သွားရှိဖြစ်စေ၊ အိမ်မှာဖြစ်စေ ဘုရားရှိခိုးကြရာ၌ သက်တော်ထင်ရှား မြတ်စွာဘုရား တိုင်အောင် အာရုံမပြုနိုင်ဘဲ ဆင်းတုတော် စေတီတော်ကို လက်အုပ်ချီကာ မိမိတို့ နှုတ်တက်ရသော ဘုရားရှိခိုးကို ရွတ်ဆိုကြသူကသာ များနေသည် မဟုတ်ပါလော။ တရားနာရာ၌လည်း တရားသဘော တိုင်အောင် မစူးစိုက်ဘဲ ဓမ္မကထိကတို့၏ အရွတ် အဆို ကောင်းပုံကို အာရုံပြုနေကြသည်မဟုတ်ပါလော။ သံဃာကို ကိုးကွယ်ရာ၌လည်း အရိယာ သံဃာများတိုင်အောင် စိတ်မရောက်နိုင်ဘဲ

လက်ရှိ ဘုန်းတော်ကြီးများကို ရှိခိုးရုံ လှူဒါန်းရုံမျှဖြင့် ပြီးနေကြသည် သာမက အကယ်၍ ဘုန်းကြီးချင်း ရန်ဖြစ်ကြလျှင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ မိမိတို့ ဘုန်းကြီးဘက်က ပါဝင်ကြသည် မဟုတ်လော၊ ထိုသူတို့၏ ကိုးကွယ်မှုသည် အဘယ်မှာ ဘုရားစစ်, တရားစစ်, သံဃာစစ် ထိအောင် စိတ်ရောက်နိုင်ပါတော့ မည်နည်း။

**တရားရသော ဝတ္ထုကို ပြရခြင်း။** ။ထို့ကြောင့် ဤကျမ်းစာ ကလေးကို ရေးသားရာ၌ သက်တော်ထင်ရှား မြတ်ဘုရားကို မဖူးရဘဲ ဘုရားအစစ်တိုင်အောင် အာရုံရောက်၍ တရားထူး ပေါက်ကြသော ကာဠီ သူဌေးကတော်၏ ဝတ္ထုကိုရင်း၊ စေတီတော်ကို ဖူးမြော်စဉ် မာရ်နတ် ဖန်ဆင်းအပ်သော ပုံတော်ကို ဖူးရ၍ တရားပေါက်သော ဖုဿဒေဝ မထေရ်၏ ဝတ္ထုကိုရင်း၊ ကရဝိက်ငှက်၏ အသံကို ကြားရ၍ သက်တော် ထင်ရှား မြတ်စွာဘုရားကို သတိရသဖြင့် တရားပေါက်ကြသော အသန္ဓိမိတ္တာ မိဖုရားနှင့် မောင်းမခုနစ်ရာ၏ ဝတ္ထုကိုရင်း ပြထားပါသည်။ ထို့ကြောင့် မိမိတို့လည်း သက်တော် ထင်ရှား မြတ်ဘုရားကို မဖူးရစေကာမူ ဘုရားရှိခိုးတိုင်း သက်တော်ထင်ရှား မြတ်ဘုရားကို ထင်မြင်လာအောင် ကြိုးစားကြပါ။

ဥုံ နမော တေ ဝိဇေတုံ မေ၊
ဇယတော ဒဒတော ဇယံ။
နဋ္ဌထမ္ဘံ သဗ္ဗသန္တံ၊
ကရ မေ ဇယမင်္ဂလံ။

ဥုံ၊ အန္တရာယ်ကင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းစဉ်ကာ မယှဉ်သာ အောင် မင်္ဂလာကြီး ဖြစ်ပါစေသတည်း။....နဋ္ဌထမ္ဘံ၊ ထောင်မှုံ့မည့်လူ ကျူးသိမည့်နတ် ရံပတ် ဝဲယာ ဗြဟ္မာလည်း မရှိပါဘဲ။ သဗ္ဗသန္တံ၊ ကိုယ်နေ ရှိန်ခပျက် တသိန်ထွက်ဘို့ ငြိမ်သက်ဖွေးဖြူ အေးအေးလူလူသာလျှင်။ ဇယတော၊ ပါရမီစက်ဟုန် လက်နက်စုံဖြင့် ချက်ကုန်မသွဲ ပွဲဘိုင်းမရှောင် နွှဲတိုင်းပင် အောင်တော်မူထသော။ ဇယံ ဒဒတော၊ အောင်ရာစည်းကမ်း


အောင်နည်းလမ်း၌ မှီးငြမ်းမလစ် အသစ်အဆန်း တစ်ဂဏန်းက မှန်းဆ၍မြွက် ပန်းရအောင်လည်း လမ်းပြ ပေးသနားတော်မူထသော။ တေတ၀၊ မကိုင်ရှောင်လျှံ သျှောင်ပုံမှာ အောင်လံစွင့်စွင့် လွင့်တလူလူ အောင်တော်မူ အရှင်မြတ်အား။ မေ(မမ)၊ မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မြွက် တပည့်တော်၏။ ဝိဇေတုံ၊ မရှောင်ခပင်း အခေါင်နင်း၍ အောင်ခြင်းကြီး အောင်ပါရခြင်း အကျိုးငှါ။ နမော၊ အောင်ခဲ့သည့် တန်ခိုးဂုဏ်ကို အမျိုးစုံ မှန်းဆ၍ တမ်းတ ရှိခိုးပါ၏ ဘုရား။ မေ(မမ)၊ မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မြွက် တပည့်တော်အား။ ဇယမင်္ဂလံ၊ အောင်ရန်အတိတ် အောင်နိမိတ်ဖြင့် အောင်ဘိသိက်သွင်း အောင်ဟိတ်ကျင်း၍ အောင်ခြင်းဆင်ကာ မင်္ဂလာကို။ ကရ၊ သပြေအနု ငွေခရုဖြင့် ဇေယတုပုံ မေရုတုန်အောင် အဖုံဖုံ အမှုအေးဘို့ ပြုပေးတော်မူပါ....အောင်တော်မူ အရှင်မြတ်ဘုရား။


ဗုဒ္ဓါနုဿတိဘာဝနာ ပြီးပြီ။




အရုဏ်ဆွမ်းစားပြီး ဆရာတော် ဩဝါဒပေးတော်မူနေပုံ

စေတီတော်အား မပြင်မီက ဖူးမျှော်ရပုံ






ရဟန္တာသိမ်တော်နှင့် စေတီတော်အား မပြုပြင်
မီကတွေ့မြင် ဖူးမျှော်ရပုံ




ရဟန္တာသိမ်တော်နှင့် ရွှေဘုံသာဘုရား ပြုပြင်ပြီးနောက် ရန်ကုန်မှ ဧည့်သည်များနှင့်
သရိုင်မှ ဆရာတော်၏ ဆွေမျိုးများ



သရိုင်ရွာ-ပင်းကျောင်းတိုက်၌ မြောင်းမြဆရာတော်ဘုရားကြီး
သီတင်းသုံးတော်မူသော ထန်းရွက်တဲအတွင်း ဆွမ်းဘုဉ်းပေးနေပုံ



တောင်မြို့ဆရာတော် အရှင်ဇနကာဘိဝံသ
သရိုင်ရွာ တဲဦးကျောင်းပေါ်၌ ဆွမ်းဘုဉ်းပေးတော်မူနေပုံ



သရိုင်ရွာအဝင်ဝသို့ သံဃာတော်အများနှင့်
ဆရာတော် အရှင်ဇနကာဘိဝံသ-ကြွရောက်လာတော်မူပုံ

[illegible]
[illegible]





ရဟန္တာသိမ်တော်အနီးရှိ ပြန်လည်တည်ပြီးသော စေတီတော်နှင့်
ရန်ကုန်မှ လိုက်လာကြသော ကုသိုလ်ရှင်များနှင့် သရိုင်မှဆရာတော်၏ ဆွေမျိုးကုသိုလ်ရှင်များ



သရိုင်ရွာပင်းကျောင်း၌ သံဃာတော်များနှင့်
တောင်မြို့ ဆရာတော်ဘုရား (အရှင်ဇနကာဘိဝံသ) အတူ ရိုက်ထားပုံ



တောင်မြို့ဆရာတော် (အရှင်ဇနကာဘိဝံသ) ငယ်စဉ်က စာကျက်သော
သစ်ပင်ကြီးအောက်တွင်ဆရာတော်မတ်တပ်ရပ်၍အမှတ်တရ ရိုက်ထားသောပုံ

## နောက်ထပ်ဖြည့်စွက်ချက်

**သရိုင်ရွာ ရဟန္တာသိမ်တော်** ၁၃၃၅-ခုနှစ် သီတင်းကျွတ်လက မရောက်သည့်မှာ အတော်ကြာနေသော မွေးဇာတိ သရိုင်ရွာသို့ ဒါယကာ‌းများ၏ ပင့်လျှောက်ချက်အရ သံဃာတရာနှင့်အတူ သွားခဲ့ပါသည်။ ထိုအခါ ဒကာထိန်ဝင်းလည်း ပါလာပါသည်။ ထိုအချိန်ဝယ် စေတီလှဘုရားဝိုင်းအတွင်း၌ ပဌမ ရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ဒုတိယ ရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရဟန်းပြုရာ (ရဟန္တာသမုတ်အပ်သော သိမ်တော်-ဟု ထင်ရှားသော) ရှေးသိမ်တော်ကို တွေ့ရသောကြောင့် ဒကာထိန်ဝင်း၌ အဖိုးတန်သော ရှေးဟောင်းပစ္စည်းကို ထိန်းသိမ်းလိုသောဆန္ဒ ပြင်းပြသွားပါသည်။

**သိမ်တော်၏ လေးစားထိုက်ပုံ** အခြား မြို့ ရွာ တို့ ၌ "ရဟန္တာ သမုတ်အပ်သော သိမ်တော်"ဟု ကျော်စောသော သိမ်တော်များကို တွေ့ရသော်လည်း ထိုသိမ်တော်များ၌ ထင်ရှားသော မည်သည့်ပုဂ္ဂိုလ်များကံပြုဘူးကြောင်းကို မညွှန်ပြနိုင်ကြပါ။ ဤသိမ်တော်၌ကား ထင်ရှားသော ပဌမ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးနှင့် ဒုတိယရွှေကျင်သာသနာပိုင် ဆရာတော်ကြီးများ ကံပြုရာဌာန ဖြစ်သောကြောင့် အလွန်အလေးပြုထိုက်ပါသည်" ဟု ဒကာထိန်ဝင်းက လျှောက်ပါသည်။

**ရဟန္တာသိမ်တော် ဖြစ်နိုင်ခြင်း** ထိုသိမ်၏ ရဟန္တာသမုတ်အပ်သော သိမ်တော်ဖြစ်နိုင်ဘို့ အကြောင်းမှာလည်း ထိုသိမ်တော်၏ အနီး၌ မောင်ရင်စျာန်ရ တည်သွားအပ်သော လေးကျွန်းမြေ စေတီတော်ငယ်တဆူ ရှိခဲ့ဘူးခြင်း၊ (ယခုပြင်ထားသည်။)ရွှေညောင်ရွာ ဘုရားဝိုင်းအတွင်း၌ မောင်ရင်စျာန်ရ၏ စျာန်ကြွသောအခါ တက်ရာ

အထိမ်းအမှတ် အုတ်ပလ္လင်သည် ယနေ့အထိ ရှိနေသေးခြင်း၊ သရိုင်ရွာနှင့် နီးသော မှက်ထိရွာဝယ် အဘိညာဉ်ရ ရဟန္တာဖြစ်သော အရှင်သုမေဓာ၏ သိတင်းသုံးဘူးခြင်း- ဤအကြောင်းများကြောင့် ရဟန္တာ သမုတ်အပ်သော သိမ်တော်ဖြစ်နိုင်ပါသည်။ [မှက်ထိရွာကို ရှေးက သရိုင်နှင့်တွဲ၍ "မှက်ထိသရိုင်" ဟု ရာဇဝင်၌ တဆက်တည်း ခေါ်ထားသည်။ ထိုမှက်ထိ၌ ယခုဘိုင်အောင် "သုမေဓာဘုရား" ဟု ထင်ရှားသော စေတီတော်တဆူ ရှိပါသေးသည်။ ထိုစေတီတော်ကို ဘုန်းကြီး၏ဘိုးနှင့် ညီအစ်ကိုတော်သော ဘိုးစံပေါက ပြင်ထားသည်-ဟု သိရပါသည်။၊ ဘုန်းကြီးလည်း ကလေးတုန်းက ထိုဘုရားပွဲကို လှည်းဖြင့် တပျော်တပါး လိုက်သွားဘူးပါသည်။]

**စေတီတော်ကြီး** သရိုင်ရွာသို့ သံဃာတရာနှင့်အတူ ပဌမအခေါက် ရောက်စဉ်က သရိုင်ရွာဝယ် ရဟန္တာသိမ်တော် အနီးအပါး၌ ပြိုပျက်နေသော စေတီတော်ကြီးတဆူကို တွေ့ရပါသည်။ အခြားစေတီတန်ဆောင်းများကို ဆိုင်ရာအမွေခံဆွေမျိုးများကပြုပြင်ထားသောကြောင့် ကြည်ညိုဘွယ်ကောင်းသလောက် ထိုစေတီတော်ကြီးမှာ မျက်နှာငယ်သလို ဖြစ်နေရကား သံဃာများ ဆွမ်းစားသွားစဉ် ကျောင်းဝိုင်းအဘွင်း တပါးတည်းလမ်းလျှောက်ရင်းပင် စေတီတော်ကြီးကို လှမ်း၍မြော်ကာ မိမိ၏ ဒါယကာ ဒါယိကာမတို့ စုပေါင်း၍ ပြုပြင်လိုသောဆန္ဒဖြစ်နေပါသည်။[မိမိသည် စေတီရှိပြီးနေရာ၌ အသစ်တည်ခြင်းကို မလိုလားသော်လည်းအဟောင်းပြုပ်ခြင်းကိုကား လိုလားပါသည်။]

ထိုအကြောင်းကို ဒကာထိန်ဝင်းသိသောကြောင့် "သိမ်တော်ရှေ စေတီတော်ကြီးပါ သူနှင့်နှမ-မလှတို့က ပြုပြင်ပါမည်" ဟု တာဝန်ယူပါသည်။ ယခု ၁၃၃၆-ခု ဝါတွင်းမှာ ရွှေတိဂုံစေတီတော်နှင့် တူအောင် ပြုပြင်အပ်သော စေတီတော်ကြီးလည်း ပြီးစီးပြီဖြစ်၍ သိတင်းကျွတ်သော အခါ ရေစက်ချ ပူဇော်ပွဲအတွက် ဤဗုဒ္ဓါနုဿတိဘာဝနာ ကျမ်းစာအုပ်ကလေးကို ထပ်မံဖြည့်စွက်သောအားဖြင့် သိမ်တော်နှင့် စေတီတော်ကြီးကို ပူဇော်ရပါသတည်း။

**ရည်မှန်းချက်။** ။ဒကာထိန်ဝင်းနှင့် နှမ-ဒေါ်လှတို့သည် ပြုပြင်ဘို့ ရန် ၂-သောင်း(မ)တည်၍ မဟာဂန္ဓာရုံကျောင်းတိုက်မိုးကုတ်သိမ်ဒကာ ဦးညီညီ- ဒေါ်လှမေတို့က တသောင်းငင်း။ ဦးမောင်ကြီး နဝကမ္မမှ ငါးထောင်ငင်း၊ ဒု-ဗိုလ်မှူးကြီးဟောင်းရွှေတိဂုံဂေါပကလူကြီးဦးအောင် သိန်း-ဒေါ်ညွန့်မေတို့က ၃-သောင်ငင်း၊ ရန်ကုန်-မဟာဗောဓိကျောင်း ဒကာ ဦးကိုကိုလေးမောင်နှမတို့က တထောင်ငင်း၊ အခြား ဒကာဒကာမ တို့က တတ်အားသမျှငင်း ပါဝင်သောအလှူတော်ငွေများကို လက်ခံလျှက် ရပ်ရွာဒကာဒကာမတို့၏ အကူအညီဖြင့် ပြုပြင်ခဲ့ရာ ယခုအခါ ပြီးမြောက် ပြီးသော သိမ်တော်နှင့် စေတီတော်သည် နယ်သူနယ်သား လူအများကို သုဂတိဘဝနှင့် နိဗ္ဗာန်ရသည့်အထိ ကယ်တင်တော်မူပါစေသတည်း။

အရှင် ဇနကာဘိဝံသ ၁၃၃၆-ခု

ပဥ္စမ ဝါဆိုလ။

# အဇာတသတ် မဟာရာဇာ

**ပါဝင်သောအကြောင်း အရာများ** ဤနောက်ထပ် ဖြည့်စွက်ချက်၌ ပါဝင်သော အကြောင်းအရာ များကား.... (၁) အဇာတသတ် မဟာရာဇာ၊ (၂) ဓမ္မာသောက မဟာရာဇာ၊ (၃) သီးလုံးဆရာတော်၊ (၄) ရွှေကျင်ဆရာတော်၊ (၅) ဆင်ဖြူမရှင် မိဖုရားကြီး၊ (၆) ခရစ်ယာန် သာသနာပိုင်၊ (၇) ခရစ်ယာန် ဘာသာဝင်များ၊ (၈) အရှင် အရိယဓမ္မ၊ (၉)ခရစ်တော်-ဤ အကြောင်းအရာတို့တွင် အဇာတသတ် မဟာရာဇာမှ စ၍ မိဖုရားကြီးတိုင်အောင် ဗုဒ္ဓမြတ်စွာကို အလွန်အမင်း ကြည်ညိုကြပုံ၊ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များကို ထိန်းသိမ်းစောင့်ရှောက်ကြ-ဖြန့်ကြပုံ ပါသောကြောင့် ဤကျမ်းနှင့် လျော်ရကား ထည့်သွင်းရပါသည်။ ခရစ်တော်နှင့် ဆိုင်သော အကြောင်းအရာတို့ကိုကား ခရစ်တော်သည်ပင် ဗုဒ္ဓမြတ်စွာ၏ မဟာယာနဂိုဏ်း၌ တရားကျင့်ခဲ့၍ ဗုဒ္ဓအလိုတော်ကျ မိမိသာဝကတို့ကို ဩဝါဒပေးနိုင်သော ပုဂ္ဂိုလ်ထူး ဖြစ်သောကြောင့် ထည့်သွင်းလိုက်ရပါသည်။

## အဇာတသတ် မဟာရာဇာ

### ဘုရားကြည်ညိုပုံ

**ဗုဒ္ဓအထံ မသွားဝံ့-သွားဝံ့** အဇာတသတ်မင်းသည် ဗုဒ္ဓမြတ်စွာ၏ သာသနာပြု ကျောင်းဒကာလည်းဖြစ်, သောတာပန်လည်းဖြစ်သော ခမည်းတော် ဗိမ္ဗိသာရမင်းကို လုပ်ကြံမိခြင်း, ရှင်ဒေဝဒတ်၏ ဗုဒ္ဓမြတ်စွာကို လုပ်ကြံရာတွင် အထမမြောက်သော်လည်း အားပေး အားမြှောက် ပြုမိခြင်းတို့ဖြင့် ဗုဒ္ဓမြတ်စွာ အပေါ်၌ ကြီးစွာသော အပြစ်များကို ပြုမိခဲ့လေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာ အထံသို့ မချဉ်းကပ်ခင် ဘုရားအမည်ခံနေကြသော တိတ္ထိဆရာကြီးတို့ အထံသို့ သွား၍ မိမိသိလိုသော ပြဿနာများကို မေးလျှောက်ဘူးလေသည်။

သို့သော် သဲကို ဆီပွတ်၍ ဆီ မရသကဲ့သို့ နဂိုရ်က အဆီအနှစ် မရှိသော တိတ္ထိဆရာကြီးတို့အထံ၌ အဆီအနှစ်ကို မရသောကြောင့် တန်ဆောင်မုန်းလပြည့် ညဉ့်အခါ၌ အဘယမင်းသား၏ သားတော်ဖြစ်၍ မိမိနှင့်ငယ်သူငယ်ချင်းဖြစ်သော ဘုရားကျောင်းဒါယကာ သမားတော် ဇီဝကကို အဖော်ပြုကာ မသွားဝံ့-သွားဝံ့ဖြင့် ဇီဝက၏ သရက်ဥယျာဉ်ကျောင်းတိုက်ဝယ် သီတင်းသုံးတော်မူသော ဗုဒ္ဓမြတ်စွာ၏ အထံတော်သို့ မြို့သူမြို့သားများ မှူးမတ်အများ ခြံရံလျက် အဖူးမြော် ရောက်လေသည်။

**ငြိမ်သက်စွာ ဖူးမြင်ရခြင်း** ထိုအချိန်ဝယ် ဗုဒ္ဓမြတ်စွာသည် တထောင့်နှစ်ရာ ငါးဆယ်သော ရဟန်းများနှင့်အတူ စည်းဝေးရာ တန်ဆောင်း၌ သီတင်းသုံးတော်မူ၏။ ထိုတထောင်ကျော်ရဟန်းတော်တို့သည် ချောင်းဆိုးသံ, ချီသံကိုမျှ မပြုကြဘဲ တိတ်ဆိတ်စွာရင်း၊ လက်လှုပ် ခြေလှုပ် မရှိစေဘဲ ငြိမ်သက်စွာရင်း ထိုင်နေကြသောကြောင့် လှိုင်းလေကင်းစင်၍ ကြည်လင်နေသော ရေကန်ကြီးသည် ကြာမျိုးငါးပါးဖြင့် တင့်တယ်သကဲ့သို့ အလွန် တင့်တယ်ပေသည်။ အဇာတသတ်မင်းသည် ကြယ်ပေါင်းခသော လဝန်းကဲ့သို့ ထိုသံဃာတော်များအလယ်၌ တင့်တယ်တော်မူသော ဗုဒ္ဓမြတ်စွာကို ဖူးမြင်ရသောအခါ မထိုင်သေးဘဲ မိမိ၏ အချစ်ဆုံး သားတော်ကလေးကို ဤသံဃာများကဲ့သို့ ငြိမ်းသက်စေလိုသော ဆန္ဒပင် ဖြပ်ပေါ်၍ လာရုံမျှ မကဘဲ ဥဒါန်းကျူးသလို နှုတ်ကထွက်၍ ရုတ်တရက် ပြောဆိုမိလေသည်။ [ထူးခြား ကောင်းမွန်သောအရာကို မြင်ရ ကြားရ စားရသောအခါတို့၌ ချစ်သူကို သတိ ရတတ်သည်မှာ လောကထုံးစံပင် ဖြစ်သည်။]

**ဗုဒ္ဓမြတ်စွာ မိန့်တော်မူခြင်း** ရှင်ဘုရင့်စကား၏ အခြားမဲ့၌ပင် ဘုရားရှင်တော်သည် ''မဟာရာဇာ.... မိမိချစ်သော သားတော်သို့ စိတ်ရောက်သွားတယ်ကိုး''ဟု မိန့်တော်မူသည်၊ [ဗုဒ္ဓမြတ်စွာသည် ရှင်ဘုရင်၏နှုတ်က အသံမထွက်မီပင် ''ဤ မဟာရာဇာသည် ငါဘုရားက စတင်၍ စကားမပြောလျှင် ဘာစကားကိုမျှ စ၍ လျှောက်ဝံ့မည်မဟုတ်၊

ထို့ကြောင့် ရဟန်း သံဃာကိုကြည့်၍ သားတော်အပေါ်၌ စိတ်ရောက်သွားသည်၊ ငါဘုရားကစ၍ စကားပြောလိုက်မှ သူလျှောက်လိုသောအချက်ကို လျှောက်ဝံ့တော့မည်''ဟု စဉ်းစားတော်မူပြီး ဖြစ်သောကြောင့် ရှင်ဘုရင်က နှုတ်မြွက်၍ ဥဒါန်းစကားကို ပြောဆိုပြီးလျှင် ပြီးခြင်း ဘုရားရှင်က စကင်၍ မိန့်တော်မူသည်] ထိုသို့ မိန့်တော်မူလိုက်သော အခါကျမှ လွန်စွာ ဝမ်းမြောက်သောကြောင့် ရှိသေစွာထိုင်၍ ဝပ်ချလေသည်။

**ပြဿနာ မေးလျှောက်ခြင်း** ထိုင်ပြီးသောအခါ ''ဗုဒ္ဓမြတ်စွာသည် ပြဿနာမေးဘို့ရန် ခွင့်ပြုတော်မူပါလျှင် ပြဿနာတရပ်ကို မေးလျှောက်လိုပါသည်''ဟု လျှောက်၍ ဘုရားရှင်က ခွင့်ပြုတော်မူသောအခါ တိတ္ထိဆရာကြီးတို့၏ အထံ၌ မေးခဲ့သော ပြဿနာကိုပင် မေးလျှောက်လေသည်၊ ထိုပြဿနာကား ''ထိုထို အတတ်ရှင်တို့သည် မိမိတို့ အတတ်ကိုမှီ၍ ချမ်းသာစွာ အသက် မွေးနိုင်သောကြောင့် အတတ်၏ လက်တွေ့အကျိုးကို ခံစားရသကဲ့သို့ ရသေ့ ရဟန်းပြုလုပ်ခြင်း၌ ထိုကဲ့သို့ လက်တွေ့မျက်မြင် အကျိုးကို ပြနိုင်ပါသလော'' ဟူသော အမေးပင် ဖြစ်သည်၊ [နောက်ဘဝရောက်မှ ရမည်ဆိုသော အကျိုးသည် လက်တွေ့မဟုတ်သောကြောင့် လက်တွေ့အကျိုးကိုသာ မေးခြင်းတည်း]

**အမှာ။** ။ထို ပြဿနာတို့၏ အဖြေများကို သာမညဖလသုတ် မြန်မာပြန်၌ ကြည့်ပါ။

**မဟာရာဇာ သရဏဂုံတည်ခြင်း** မဟာရာဇာသည် တဆင့်ထက်တဆင့် သာလွန်မွန်မြတ်သော (ရဟန်း ပြုရခြင်း၏) အကျိုးများကို ကြားနာရသောအခါ ပြဿနာ အဖြေတို့၏ အဆုံးအဆုံး၌ သာဓု သာဓုခေါ်၍ ဗုဒ္ဓအထံတော်သို့ စောစောမရောက်မိဘဲ သမဏ ဗြာဟ္မဏ အမည်ခံနေကြသော တိတ္ထိဆရာကြီးတို့အထံဝယ် ဤပြဿနာတို့ကို မေးနေမိခြင်းအားဖြင့် အချိန်ဖြုန်းခဲ့မိသည့်အတွက် နောင်တ ရရှာလေသည်။ ထို့ကြောင့် ဤပြဿနာအဖြေများပြီးဆုံးသောအခါ ''မြတ်စွာဘုရား အလွန်နှစ်သက်ဘွယ် ကောင်းပါ

ပေသည်၊ ဥပမာအားဖြင့် လျှောက်ထားရပါလျှင်.... မှောက်ထားသော အိုးကို လှန်လိုက်သကဲ့သို့၎င်း၊ ဖုံးထားအပ်သော အရာဝတ္ထုကို ဖွင့်ပြလိုက်သကဲ့သို့၎င်း၊ မှောင်နေသော တိုက်ခန်းအတွင်း၌ ဘာကိုမျှ မမြင်ရသူအား မီးထွန်း၍ ပြလိုက်သကဲ့သို့၎င်း၊ ဗုဒ္ဓမြတ်စွာသည် ရဟန်းပြုရခြင်း၏ လက်တွေ့ ဒိဋ္ဌအကျိုးကို မမြင်နိုင်သော ဒကာတော်အား နည်းပရိယာယ်အမျိုးမျိုးဖြင့် ရဟန်းပြုရခြင်း၏ လက်တွေ့ ဒိဋ္ဌအကျိုးကို ပြတော်မူသည်မှာ အလွန် နှစ်သက်ဘွယ် ကောင်းပါပေသည်။ ဒကာတော်သည် ဗုဒ္ဓမြတ်စွာကို အသက်အပ်၍ ဆည်းကပ်ကိုးကွယ်ပါ၏။ ဗုဒ္ဓမြတ်စွာ၏ တရားတော်ကိုလည်း အသက်အပ်၍ ဆည်းကပ် ကိုးကွယ်ပါ၏။ အရိယာသံဃာတော်ကိုလည်း အသက်အပ်၍ ဆည်းကပ်ကိုးကွယ်ပါ၏၊ ယနေ့မှစ၍ ဒကာတော်ကို ဥပါသကာဟု မှတ်တော်မူပါ'' ဤသို့ လျှောက်ပြီးလျှင်....

**အပြစ်ကိုဝန်ချခြင်း** ''မြတ်စွာဘုရား.... မင်းအဖြစ်ကို ရလိုခြင်းကြောင့် တရားမင်းဖြစ်သော ခမည်းတော်ကို လုပ်ကြံခဲ့မိသော ဒကာတော်မှာ မိုက်သည့်အလျှောက် မလိမ္မာသည့်အလျှောက် တွေဝေသည့်အလျှောက် အပြစ် လွန်ခဲ့ပါပြီ။ ဒကာတော်၏ ထိုအပြစ်ကို နောင်အခါ စောင့်စည်း ဘို့ရာ အပြစ်အဖြစ်ဖြင့် လက်ခံတော်မူပါ'' ဤသို့ လျှောက်သောအခါ ဗုဒ္ဓမြတ်စွာကလည်း ''အသင်မဟာရာဇာမှာ အပြစ်လွန်လာခဲ့ပြီ၊ ထိုပြစ်ကိုနောင်ခါ စောင့်စည်းဘို့ရာ အပြစ်အဖြစ်အားဖြင့် ငါတို့ လက်ခံကြကုန်၏။ ဤသို့ အပြစ်ကို အပြစ်ဟု သိ၍ တောင်းပန်ဝန်ချခြင်း, နောက်နောင်အခါ ဤအပြစ်မျိုးမဖြစ်ရအောင် စောင့်စည်းခြင်းသည် ဗုဒ္ဓမြတ်စွာတို့၏ အဆုံးအမဖြစ်သော သာသနာတော်၌ ကြီးပွါးကြောင်းပင် ဖြစ်ပေသည်''ဟု မိန့်တော်မူသည်။

**မဟာရာဇာ ပြန်ခြင်း** ဤသို့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူသောအခါ လွန်စွာ စိတ်ချမ်းသာ၍ မြတ်စွာဘုရားအား ပြန်လိုကြောင်း ခွင့်တောင်း

ပြီးလျှင် မြတ်စွာဘုရားဘက်သို့ လက်အုပ်ချီကာနောက်ဆုတ် နောက်ဆုတ် သွားလျက် ဗုဒ္ဓမြတ်စွာကို မမြင်လောက်သော နေရာရောက်မှ ရှိသေစွာ ဝပ်ချ၍ပြန်သွားလေသည်။

**ဗုဒ္ဓမြတ်စွာ မိန့်တော်မူခြင်း** အဇာတသတ်မဟာရာဇာ ပြန်သွားသောအခါ ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား မိန့်တော်မူသည်မှာ—

ဘိက္ခုတို့.... ဤမဟာရာဇာမှာ သောတာပန် ဖြစ်လောက်သော ကုသိုလ်အမြစ် (ကောင်းမှုပါရမီ) ပါခဲ့ပေ၏၊ သို့သော် ခမည်းတော်ကို လုပ်ကြံမိသော အကုသိုလ်က ထိုကုသိုလ် အမြစ်ကို ဖြတ်ပစ်လိုက်ပြီ၊ အကယ်၍ ခမည်းတော်ကို မလုပ်ကြံမိလျှင် ဤ တရားနာရာ အရပ်၌ပင် သောတာပန် ဖြစ်လောက်ပါပေသည်။ ယခုသော် ယုတ်မာသော မိတ်ဆွေနှင့် ပေါင်းမိ၍ ခမည်းတော်ကို လုပ်ကြံမိသောကြောင့် သောတာပန် မဖြစ်ရရှာတော့ချေ။ ဤသို့ မိန့်တော်မူပြီ။

**မဟာရာဇာ၌ အကျိုးများစွာရပုံ** မဟာရာဇာသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို နာရသော အခါ သောတာပန် ဖြစ်လောက်အောင်ပင် ယုံကြည်မှုကို ရရှိသောကြောင့် သောတာပန် မဖြစ်ရသော်လည်း များစွာအကျိုးရပါသည်။ ခမည်းတော်ကို လုပ်ကြံပြီးသည်ကစ၍ ကောင်းစွာအိပ်မပျော်သော မဟာရာဇာသည် တရားတော်ကို နာရ၊ သရဏဂုံတည်ရသောကြောင့် အလွန် စိတ်ချမ်းမြေ့ရကား အိပ်ပျော်ခြင်း အကျိုးကိုလည်း ရပါသည်။ နဂိုရ်က အဝီစိငရဲကြီး၌ ကျရမည်ဖြစ်သော်လည်း အဝီစိ၏ အခြံအရံဖြစ်သော ဥဿဒငရဲငယ်၌သာ ခံရပါတော့မည်၊ အနှစ်ခြောက်သောင်းကြာ၍ ထိုငရဲမှ လွတ်လာသောအခါ "ဝိဇိတာဝီ"အမည်ရှိသော ပစ္စေကဗုဒ္ဓါ ဖြစ်ရပါလိမ့်မည်၊ ထိုသို့ ပစ္စေကဗုဒ္ဓါ အလောင်းအလျာ ဖြစ်လောက်အောင်ပင် ထိုဘဝ၌ သာသနာပြုကိစ္စကို အားသွန်ခွန်စိုက် ကြိုးစားပါသည်၊ ပုထုဇဉ်ဘဝဖြင့် ဗုဒ္ဓမြတ်စွာကို ကြည်ညိုသော ဥပါသကာတို့တွင် အဇာတသတ် မဟာရာဇာကို 'အသာဆုံး ဥပါသကာ''ဟု ကျမ်းစာ၌ ဆိုပါသည်။

**ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံကြောင်း ကြားရပုံ**

ဗုဒ္ဓမြတ်စွာသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံကြောင်းကို ရာဇဂြိုဟ်ပြည်၌ အမတ်များသည် မဟာရာဇာ၏အလျင် ကြားရသောအခါအမတ်တို့ စဉ်းစားကြသည်မှာ— မဟာရာဇာသည် ဗုဒ္ဓမြတ်စွာကို အတူမရှိအောင် ကြည်ညိုရကား ရိုးရာနေထိုင်ပုံဖြင့် ကြားရလျှင် နှလုံးကွဲလောက်အောင် စိတ်ထည်း၌ ပူလောင်ပေလိမ့်မည်။ ထို့ကြောင့် တမျိုးတမည်ကြံ၍ သံတော်ဦးတင်မှ သက်သာရာရဘွယ်ရှိသည်။ ဤသို့ စဉ်းစားမိသောကြောင့် မဟာရာဇာအား "အိပ်မက်မကောင်းသဖြင့် ယတြာချေမှ ဘေးကင်းစရာ ရှိပါသည်"ဟု လျှောက်ပတ်၍ သံတော်ဦးတင်ကာ "စတုမဓုဖြင့်ပြည့်သော လှေလောင်းစကျင်း၌ ခေတ္တလျောင်းနေတို့" အကြံပေးကြလေသည်။ ထိုအခါ အကျိုးလိုလားသော အမတ်များဖြစ်၍ "ထိုအတိုင်း ပြုလုပ်တာပေါ့"ဟု ခွင့်ပြုလေသည်။

**သံတော်ဦးတင်ကြပုံ**

စတုမဓုဖြင့် ပြည့်သော စကျင်းထဲ၌ ဘွဲ့ဖြူကို နှာခေါင်းပေါ်ရုံမျှ အိပ်စေပြီးမှ လိမ္မာပါးနပ်သော အမတ်တယောက်သည် ဆံပင်တို့ကို ဖားလျားချပြီးလျှင် ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံပြည်ဘက်သို့ လက်အုပ်ချီ၍.... အရှင်မဟာရာဇာ.... သေခြင်းမှ လွတ်ကင်းနိုင်သောပုဂ္ဂိုလ် မရှိပါ။ ကျွန်တော်မျိုးတို့ ကိုးကွယ်ရာဖြစ်တော်မူသော ကောင်းမှုမျိုးစေ့တို့ စိုက်ပျိုးရာလယ်ယာမြေကောင်း ဖြစ်တော်မူသော ဘိသိက်ရေစင်ကို ဦးထိပ်၍ သွန်းလောင်းလိုက်သကဲ့သို့ စိတ်နှလုံးကို အေးမြစေနိုင်သော ဗုဒ္ဓမြတ်စွာသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူပါပြီ။ ဤသို့ သံတော်ဦး တင်လိုက်သောအခါ မဟာရာဇာသည် အမှတ်သညာမရှိတော့ဘဲ မေ့သွား၏။ အိပ်နေရာ စတုမဓုကျင်း၌ရှိသော စတုမဓုများပင် အပူငွေ့ထွက်လောက်အောင် တကိုယ်လုံးပူလာလေသည်။

**ဒုတိယ တတိယကျင်းသို့ ရွှေ့ရပုံ**

ထိုအခါ အမတ်တို့သည် မဟာရာဇာကို ဒုတိယစတုမဓုကျင်းသို့ ပြောင်းရွှေ့၍ အပူသက်သာမှ သတိရသဖြင့် "အဘတို့.... ဘာစကားပြောလိုက်ကြပါသလဲ" ဟု မေးနိုင်

လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူကြောင်းကို သံတော်ဦးတင်ကြပြန်သော် ရှေ့အတိုင်း သညာကင်း၍ မေ့သွားလေရာ တကိုယ်လုံးပူကာ ဇုတုမစ္စူမှ အငွေ့ထလာလျှင် တတိယစတုမစ္စူကျင်းသို့ ပြောင်းရွှေ့ကြရပြန်သည်။ သက်သာရာရ၍ ထပ်မေးသောအခါ ထိုအတိုင်းသံတော်ဦးတင်ကြလေလျှင် ထပ်၍ မေ့မျောသွားလေသည်။ ထိုအခါ အပူငွေ့ထနေသော တတိယစတုမစ္စူကျင်းမှ ဆယ်ယူကြပြီးလျှင် ရေဖြင့် စင်ကြယ်စေ၍ အေးမြနေသော ရေအိုးတို့ဖြင့် လောင်းပေးကြရလေသည်။

**သရက်ဥယျာဉ် သွားခြင်း**

မဟာရာဇာသည် သတိရသောအခါ ဆံပင်တို့ကို ကျောပေါ်သို့ဖြန့်၍ ရင်ကို ဖိထားပြီးလျှင် ငိုကြွေးလျက် လမ်းမဘက်သို့ ထွက်သွားလေရာ မောင်းမအများပင် နောက်က လိုက်သွားကြလေသည်။ မဟာရာဇာသည် မြို့မှထွက်၍ ဇီဝက၏ သရက်ဥယျာဉ်သို့ သွားပြီးလျှင် ပဌမဆုံး တရားနာရသောအရပ်ကို တစိမ့်စိမ့်ကြည့်လျက် "အလုံးစုံကို အကုန်မြင်သော ရှင်တော်မြတ်ဘုရား ... ဤနေရာ၌ ထိုင်တော်မူ၍ တရားဟောတော်မူကာ ဒကာတော်၏ သောကငြောင့်ကို နှုတ်တော်မူခဲ့သည်မဟုတ်ပါလားဘုရား။ ဒကာတော်သည် ရှင်တော်မြတ်ဘုရားကို အသက်အပ်၍ ဆည်းကပ်ခဲ့သည်မဟုတ်ပါလားဘုရား။ ယခုတော့ လျှောက်ထားသမျှကို ပြန်၍မျှ မိန့်တော်မမူတော့ပါလားဘုရား" ဤသို့ ဘုရားရှင်၏ဂုဏ်တော်ကို ပြောဆိုကာ ငိုကြွေးရှာလေသည်။

**ဓာတ်တော်ရဘို့ ကြိုးစားခြင်း**

ဤသို့ငိုကြွေးရင်းပင် စဉ်းစားမိသည်မှာ - ငါသည် ငိုနေရုံဖြင့် ကိစ္စပြီးမည်မဟုတ်။ အရိုးဓာတ်တော်များကို ရဘို့ အရေးကြီးသည်။ ဤသို့ သတိရ၍ ကုသိနာရုံပြည် မလ္လာမင်းတို့၏အထံသို့ ဓာတ်တော်များကို မိမိအဘို့ ရလိုကြောင်း, မိမိလည်း ဓာတ်တော်များကို ဌာပနာရာ ပုထိုးတော်တည်၍ ကိုးကွယ်ပူဇော်လိုကြောင်းကို တမန်လွှတ်၍ အကြောင်းကြားလေသည်။ ထိုသို့ အကြောင်းကြား

ပြီးသော်လည်း "ကျေကျေနပ်နပ် ဝေငှ၍ပေးလျှင် ကိစ္စအေးနိုင်၏။ ကျေကျေနပ်နပ် ဝေငှ၍မပေးလျှင် ရနိုင်သောနည်းလမ်းဖြင့် အရယူမည်"ဟု စိတ်ကိုဆုံးဖြတ်လျက် စစ်တပ်နှင့်တကွ မိမိကိုယ်တိုင် ကုသိနာရုံပြည်သို့ ထွက်သွားလေသည်။

**အခြားမင်းများ**

အဇာတသတ်မင်းကဲ့သို့ ထိုစဉ်က ဗုဒ္ဓဘာသာဖြစ်နေကြသော ဝေသာလီပြည့်ရှင် လိစ္ဆဝီမင်းတို့သည်၎င်း၊ ကပိလဝတ်ပြည့်ရှင် သာကီဝင်မင်းတို့သည်၎င်း၊ အလ္လကပ္ပတိုင်း၏ မင်းတို့သည်၎င်း၊ ရာမရွာစား ကောဠိယမင်းတို့သည်၎င်း၊ ဝေဌဒီပကပုဏ္ဏားသည်၎င်း၊ ပါဝါတိုင်းရှင် မလ္လာမင်းတို့သည်၎င်း အသီးသီး ဓာတ်တော်တို့ကို ရဘို့ရန် တမန်စေလွှတ်၍ ကိုယ်တိုင်လည်း စစ်တပ်ဖြင့် ထွက်လာကြလေသည်။

**ဒေါဏပါမောက္ခကြီးက သတိပေးရခြင်း**

ကုသိနာရုံပြည်သို့ ရောက်လာကြသော ခုနှစ်ပြည်ထောင်မင်းတို့က ဓာတ်တော် ဝေငှဘို့ရန် ရာဇသံပေးကြသော်လည်း ကုသိနာရုံပြည် မလ္လာမင်းတို့ကမူ "နမယံ ဒဿာမ ဘဂဝတော သရီရာနံ ဘာဂံ=ငါတို့သည် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များကို ဝေငှ၍မပေးနိုင်"ဟု အပြင်းအထန် ငြင်းဆန်နေရကား ဓာတ်တော်များအတွက် စစ်တိုက်ကြရတော့မည်ကဲ့သို့ဖြစ်လေသည်။ ထိုအခါ များစွာသော ဇမ္ဗူဒိပ်မင်းတို့၏ ဆရာဖြစ်ဘူးသော ဒေါဏပြာဟ္မဏပါမောက္ခသည် မြင့်သောအရပ်သို့တက်၍ အားလုံးကြားအောင် ပြောသော်လည်း အသီးအသီး ကြုံးဝါးနေကြသော အသံဖြင့် ဆူညံနေကြသောကြောင့် ပဌမအကြိမ်၌ မည်သူမျှ မကြားရ။ ဒုတိယ ထပ်မံ ပြောဆိုပြီးခါနီးသောအခါ အနည်းငယ်ကြားရ၍ "ဆရာ့ အသံနှင့်တူတယ်"ဟု ပြောကြပြီးလျှင် အားလုံးတိတ်ဆိတ်သွားကြလေသည်။ ထိုအခါပါမောက္ခဆရာကြီးသည် အောက်ပါစကားကို ပြောပြလေသည်။

> အမောင်တို့ ဆရာ့စကားကို နားစိုက်ကြစမ်းပါ။ ဆရာတို့၏ ဗုဒ္ဓမြတ်စွာသည် ခန္တီဝါဒ (သည်းခံခြင်းကို ဟောတော်မူလေ့) ရှိတော်မူကြောင်းကို အားလုံးအသိ ဖြစ်ပါတယ်။ အမြတ်ဆုံး

ဖြစ်တော်မူသော ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များကို ဝေစုရဘို့ အတွက် သတ်ကြဖြတ်ကြ စစ်ဖြစ်ရတယ်- ဆိုတာ ကြားလို့မှ မတော်ပါ။

အမောင်တို့အားလုံး ဝမ်းသာရွှင်ပျ ညီညွတ်ကြပါ။ ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်တို့သည် စေတီ ပုထိုးတော်၌ ဌာပနာ၍ အားသုံး ကိုးကွယ်ကြဘို့ရာ အရပ်တိုင်း၌ ပျံ့နှံ့တော် မူစေချင်ပါတယ်။ ဗုဒ္ဓ မြတ်စွာကို နိုင်ငံ အနှံ့အပြား လူအများက ကြည်ညိုကြပါတယ်။ ထို့ကြောင့် ဓာတ်တော်တို့ကို အညီအမျှ ဝေငှဘို့ရာ ရှစ်ပုံပုံကြ ပါစို့။ [ဒေါဏပါဏ်မကြီးသည် အနာဂါမ် တည်ပြီးသော အရိယာပုဂ္ဂိုလ်ဟု စတုက္ကင်္ဂုတ္တရ၊ ပဥ္စမပံ၊ ဒေါဏသုတ်၌ ဆိုသည်။

**ဓာတ်တော်ဝေပုံ** ဤစကားကို ပြောပြပြီးသောအခါ အားလုံး မင်းများသည် ထိုအတိုင်း သဘောတူကြသောကြောင့် ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်များတည်ရာ ရွှေခေါင်းတော်၏ အနီးသို့ရောက် လာကြ၍ ဓာတ်တော်များကို မြင်ရသောအခါ ပြေမဆည်နိုင် တဖွိုင်ဖွိုင် ကျလာသော မျက်ရည်များဖြင့် "အို....သဗ္ဗညုတဘုရား....ရှေးကာလက္ခဏာ တော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပါယ်သော ကိုယ်တော်ကို ဖူးမြင်ရ သလို ယခု မမြင်ရတော့ဘဲ အရိုးဓာတ်တော် များကိုသာ ဖူးမြင်ရပါပေါ့ ဘုရား" ဟု တ-သ ငိုကြွေးရှာသည်။

**မှတ်ချက်။** ။ဗုဒ္ဓမြတ်စွာ၏ အရိုးတော်များကို ပထဝီ အာပေါစသော ဓာတ်ကြီးများ အစုအဝေးဖြစ်သောကြောင့် "ဓာတ်တော်" ဟု ကျမ်းဂန်တို့၌ သုံးစွဲထား၏။ ထို အရိုးတော်များတွင် စွယ်တော် ၄-ဆူ ညှပ်ရိုးတော် ၂-ဆူ နဖူးသင်းကျစ်တော် ၁-ဆူ ဤ ခုနစ်ဆူသာ ပင်ကိုယ်အတိုင်း တည်၍ ကြွင်းအရိုး တို့မှာ အစိတ်စိတ် အမွှာမွှာ ဖြစ်ကြသည်တဲ့။ လူနတ်အများ ကိုးကွယ်နိုင်အောင် ဘုရားရှင် ကိုယ်တော်တိုင် ဓိဋ္ဌာန်တော် မူခဲ့သောကြောင့်တည်း။

**လက်ျာစွယ်တော်** ထိုသို့ အမှတ်တမဲ့ ငိုကြွေးနေခိုက်၌ ဒေါဏပါမောက္ခကြီးသည် လက်ျာစွယ်တော်ကို ကောက်ယူ၍ သူ၏ ဦးရစ်ခေါင်းပေါင်း အတွင်းသို့ တင်သွင်းလိုက်၏။ ထို့နောက် ဓာတ်တော်ဝေနေခိုက်မှာ သိကြားမင်းက "ဒေါဏ ပါမောက္ခကြီးသည် လက်ျာစွယ်တော်နှင့် လျော်အောင် ခမ်းခမ်းနားနား ပူဇော်နိုင်မည် မဟုတ်"ဟု သိ၍ ထိုဦးရစ်ခေါင်းပေါင်း အတွင်းမှ တာဝတိံသာသို့ ပင့်ပြီးလျှင် စူဠာမဏိ စေတီတော်၌ တည်စေလေသည်။ ဒေါဏပါမောက္ခကြီးလည်း ဓာတ်တော်တို့ကို ဝေပြီးမှ သူ၏ စွယ်တော်ကို မတွေ့ရ၍ ဓာတ်တော်ခြင့်သော ခွက်ကိုသာ ပူဇော်ရရှာတော့သည်။

**ဓာတ်တော်၏အရွယ် အဆင်းတော်** အရိုး ဓာတ်တော်တို့တွင် အငယ်ဆုံး ဓာတ်တော်သည် မုံညင်းစေ့ ပမာဏရှိ၍ အဆင်းအားဖြင့် မြလေးပန်းငုံ အဆင်းရှိ၏။ အလတ်စားဓာတ်တော်သည် အလယ်၌ ချိုးအပ်သော ဆန်ကျိုးပမာဏရှိ၍ အဆင်းအားဖြင့် ပုလဲအဆင်းရှိ၏။ အကြီးဆုံး ဓာတ်တော်သည် အလယ်၌ ခွဲအပ်သော ပဲနောက်စေ့ ပမာဏရှိ၍ အဆင်းအားဖြင့် ရွှေအဆင်းရှိ၏-ဟု မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာနှင့် ဗုဒ္ဓဝင်ပါဠိတော်၌ မိန့်သည်။

**ဓာတ်တော်များကို ပူဇော်ကြပုံ** ပြအပ်ခဲ့သော မင်းတို့သည် အသီးအသီး ဝေစုရသောဓာတ်တော်တို့ကိုမိမိနေပြည်တော်သို့ ဆောင်ယူ၍ စေတီ-ပုထိုးတော် တည်ကြပြီးလျှင် ထိုစေတီ-ပုထိုးတော်အတွင်းသို့ သွင်းကာ ပူဇော်ကြလေသည်။ အဇာတသတ်မင်းကား ကုသိနာရုံပြည်မှ ၂၅-ယူဇနာဝေးသော ရာဇဂြိုဟ်ပြည်တိုင်အောင် ဓာတ်တော်တို့ကို ပူဇော်ရင်း ခုနစ်နှစ် ခုနစ်လ ခုနစ်ရက် ကြာသောအခါ မိစ္ဆာအယူရှိသူတို့က ကဲ့ရဲ့ကြသောကြောင့် (ထိုသူတို့အား အပြစ်မများစေခြင်းငှါ)ရဟန္တာများ၏ မေတ္တာရပ်ခံချက်ဖြင့် ရာဇဂြိုဟ်မြို့သို့ရောက်အောင် ပင့်ဆောင်ရလေသည်။ ထို့နောက် ဓာတ်တော်တို့ကို ဌာပနာဘို့ရာ စေတီ-ပုထိုးတော်ကိုတည်၍ အမြဲပူဇော်မှုကို ပြုလေသည်။ ပိပ္ပလိဝန အရပ်၌

နေကြသော မောရိယမင်းတို့ကား ဓာတ်တော်ဝေပြီးမှ ရောက်လာ၍ မီးသင်္ဂြိုဟ်ရာဌာနမှ မီးကျီး(မီးသွေး)ကိုသာ ရကြသောကြောင့် ထိုမီးကျီး (မီးသွေး)များကိုပင် စေတီတည်၍ ပူဇော်ကြရသည်။

**စေတီတော်များကြောင့် မင်္ဂလာရှိပုံ** ဤနည်းအားဖြင့် ဗုဒ္ဓမြတ်စွာ၏ဓာတ်တော် ဌာပနာရာ စေတီ- ပုထိုးတော်သည် ဇမ္ဗူဒိပ်မြေ အပြင်၌ ပြည်ရွာပေါင်း ဆယ်ဌာနဝယ် ပူဇော်ဘွယ် အဖြစ်ဖြင့် တည်နေရကား ထိုစေတီတော်များကို ပူဇော် နေရသော တိုင်းသူပြည်သားတို့မှာ အမြဲကုသိုလ်တိုးပွါးနေသောကြောင့် စေတီတော်များသည် ဇမ္ဗူဒိပ်မြေအပြင်ကို ကျက်သရေ မင်္ဂလာရှိအောင် တန်ဆာဆင်ထားသကဲ့သို့ ဖြစ်ပါပေသည်။ "ထိုကဲ့သို့ မြင့်မြတ်သော စေတီ-ပုထိုးများကို အမြဲပူဇော်နေကြရသော သူတော်ကောင်းမိဘတို့၌ မိဘစကားကို နားထောင်သော အရာရာပြည့်စုံ၍ လိမ္မာသော ပညာရှိ သားကောင်း ထွန်းကားနိုင်သည်"ဟု ဟိတောပဒေသ၌ဆိုသည်။

**စွယ်တော်ဆံတော် သွားတော်များ** ဗုဒ္ဓမြတ်စွာ၏ စွယ်တော်၄-ဆူတွင် လကျ်ာ စွယ်တော်တဆူကို သိကြားမင်းပင့်၍တာဝတိံသာနတ်ပြည်၌ နတ်အများပူဇော်ကြရသည်။ တဆူကား ဂန္ဓာရပြည်၌ အပူဇော်ခံတော်မူရသည်။ တဆူကို ကာလိင်္ဂမင်း၏ နေပြည်၌ အပူဇော် ခံတော်မူရသည်။ တဆူကို ကာလိင်္ဂမင်း၏ နေပြည်၌ နဂါးမင်းဆောင်ယူ၍ ပူဇော်လေသည်။ သွားတော်၄၀-နှင့် ဆံတော် မွေးညှင်းတော်တို့ကို နတ်အများတို့သည် စကြဝဠာအရပ်ရပ်သို့ ပင့်ဆောင်၍ ပူဇော်ကြလေ သည်။

**ဓာတ်တော်တိုက်** ဤပြအပ်ပြီးသော အစီအစဉ်ဖြင့် ဓာတ်တော် တို့ကို ထည့်သွင်း ဌာပနာရာဖြစ်သော စေတီ တော်များကို အရပ်ရပ်၌ တည်ပြီး၍ ကာလအတော်ကြာလေသော် အရှင် မဟာကဿပသည် အနာဂတ်ကာလ၌ဗုဒ္ဓဘာသာဝင်မဟုတ်သေးသော မင်းများ၏ လက်ထက်ဝယ် ဓာတ်တော်တို့မှာ အန္တရာယ်ဖြစ်မည့်အရေးကို တွေးမြင်တော်မူ၍ အဇာတသတ် မဟာရာဇာနှင့် တိုင်ပင်ပြီးလျှင် ဓာတ်

တော်များကို သိမ်းဆည်းထားဘို့ရန် စီစဉ်ရတော့၏။ ထို့ကြောင့် မဟာရာဇာသည် ဓာတ်တော်တို့ကို မြှုပ်နှံသိမ်းထားဘို့ရန် ဓာတ်တော်တိုက်ကို စီမံလေသည်။

**ဓာတ်တော်များကို သိမ်းယူပုံ** အရှင်မဟာကဿပ မထေရ်မြတ်သည် ထိုထိုမြို့ရွာ စေတီတော်များ၌ ဌာပနာ အပ်သော ဓာတ်တော်များ၏ အနာဂတ်အန္တရာယ်ကို ဆိုင်ရာမင်းတို့အား ပြောပြလေသော် ထိုမင်းတို့၏ သဘောတူညီချက်ဖြင့် ထိုမင်းတို့လက်၌ ပူဇော်ဘို့မျှ အနည်းငယ်စီကို ချန်ထား၍အားလုံးဓာတ်တော်များကို ရာဇဂြိုဟ်မြို့သို့ ပင့်ခဲ့ရလေသည်။ [ရာမရွာ၌ ဓာတ်တော်တို့ကို နဂါးတို့က ပူဇော်စောင့်ရှောက် ထားသောကြောင့် အန္တရာယ်မရှိနိုင်၍ ချန်ခဲ့သည်။ ထိုဓာတ်တော်တို့ကို သီဟိုဠ်ကျွန်း၌ သာသနာထွန်းသောအခါ မဟာစေတီ၌ ဌာပနာလိမ့်မည်။]

**ဓာတ်တော် သိမ်းဆည်းရာဌာန** အရှင် မဟာကဿပမထေရ်သည် ရာဇဂြိုဟ်မြို့၏ အရှေ့တောင်တောင့်အရပ်၌ ရပ်တော်မူ၍ "ဤအရပ်မြေအတွင်း ရှိရှိသမျှ ကျောက်ခဲကျောက်တုံးတို့သည် ကွယ်ပစေ ကုန်သတည်း။ မြေသည် သန့်ရှင်းစင်ကြယ်ပါစေသတည်း" ဤသို့ ဓိဋ္ဌာန်တော်မူ၏။ မဟာရာဇာသည် ထိုအရပ်၌ အတောင်ရှစ်ဆယ်နက်အောင် တူးစေ၍ ရသမျှမြေတို့ကို အုတ်ဖုတ်စေပြီးလျှင် ရှစ်ကျိပ်သော မဟာသာဝကတို့၏ စေတီများကိုတည်စေ၏။ လူအများက "မဟာရာဇာသည် မဟာသာဝကတို့၏ စေတီတော်များကို တည်စေ၏"ဟု မှတ်ထင်ကြလေသည်။

**ဓာတ်တော်များကို သိမ်းဆည်းပုံ** အတောင်ရှစ်ဆယ်နက်သောအခါ ထိုမြေပြင်၌ သံပြားတို့ကိုခင်းစေ၍ သီဟိုဠ်ကျွန်း၌ ထူပါရုံ စေတီတော်မျှ ပမာဏရှိသော ကြေးနီကျောင်းဆောင်ကို ဟည်စေ၏။ ထို့နောက် အဆင့်ဆင့် အပြင်ဘက်က ငုံနိုင်လောက်သော ရှစ်မျိုးရှစ်မျိုးစီသော စန္ဒကူးအစရှိသော နံ့သာရတနာကြုတ်တို့ကို ငုံနိုင်လောက်သော စန္ဒကူးနီစေတီတော် အစရှိသော ရှစ်ဆူရှစ်ဆူသော စေတီ-ပုထိုးတော်တို့ကို ပြုလုပ်စေ၏။ ထိုသို့ ပြုအပ်ပြီးသော ကြုတ်တို့တွင် ပဋမ

ကြုတ်၌ ဓာတ်တော်တို့ကိုသွင်း၍ အဆင့်ဆင့်ငုံနိုင်သော ခုနစ်လုံးသော ကြုတ်တို့အတွင်းသို့ သွင်းပြီးမှ ထိုကြုတ်တို့ကိုပဌမစေတီတော်သို့သွင်းစေ၏။ ထိုနောက် ဒုတိယ တတိယစသော စေတီတော်အတွင်း၌ စေတီငယ်များပါ အဆင့်ဆင့်သွင်းစေ၏။ ဤနည်းအားဖြင့် စန္ဒကူးနီကြုတ်, စန္ဒကူးနီ စေတီတော်စသည်ဖြင့် ဆင့်ကာဆင့်ကာ သွင်း၍ နောက်ဆုံး၌ ဖလ်စေတီတော်သို့ သွင်းလေသည်။ ထို ဖလ်စေတီတော်သည် သီဟိုဠ်ကျွန်း၌ ထူပါရုံစေတီတော်မျှ ပမာဏရှိ၏။ ထိုစေတီ၏ အထက်၌ရတနာကျောင်းဆောင်ကိုရင်း၊ ထိုကျောင်း၏ အထက်အထက်၌ ရွှေကျောင်းဆောင်, ငွေကျောင်းဆောင်, ကြေးနီကျောင်းဆောင်တို့ကိုရင်း အဆင့်ဆင့် ဖုံးအုပ်မိုးကာစေသည်။

**အားရစွာပူဇော်ပုံ** အထက်ဆုံး ကြေးနီကျောင်းဆောင် ပေါ်၌ ကား ရတနာ သဲမှုန်တို့ကို ဖြန့်ကြဲစေပြီးလျှင် ရေပန်း ကုန်းပန်း အမျိုးမျိုးဖြင့် ပူဇော်ထား၏။ ငါးရာငါးဆယ်ဇာတ်နိပါတ်အရုပ်၊ သုဒ္ဓေါဒနမဟာရာဇာနှင့် မယ်တော်မာယာအရုပ်၊ ဖွားဘက်တော် ၇-ယောက်အရုပ်စသော ရုပ်တုများကို ထုလုပ်ပူဇော်၏။ ရေဖြင့်ပြည့်သော ရွှေရေအိုးငါးရာ, ငွေရေအိုးငါးရာကိုလည်း ပူဇော်ထား၏။ ငါးရာသော တံခွန်တို့ကိုလည်း စိုက်ထူ၏။ နံ့သာဆီဖြင့်ပြည့်သော ဘဲ့ဖူးအဝတ်မီးစာလည်းပါသော ရွှေဆီးမီးခွက်, ငွေဆီမီးခွက် ငါးရာဆီတို့ဖြင့်လည်း ပူဇော်လေကည်။

**အရှင်မဟာကဿပနှင့် မဟာရာဇာ**

အရှင်မဟာကဿပမထေရ်သည် ''ပန်းတို့သည် မညှိုးမနွမ်းပါစေကုန်သတည်း။ နံ့သာတို့သည် ရနံ့မပြယ်ပါစေကုန်သတည်း။ ဆီမီးတို့သည် မငြိမ်းပါစေကုန်သတည်း'' ဤသို့ ဓိဋ္ဌာန်ပြီးလျှင် ''အနာဂတ်ကာလ၌ ပိယဒဿိ (ပိယဒါသ) အမည်ရသော မင်းသားသည် ထီးဖြူကို စိုက်ထူ၍ အသောကဓမ္မရာဇာ ဖြစ်လိမ့်မည်။ ထိုတရားမင်းသည် ဤသိမ်းဆည်းအပ်ပြီးသော ဓာတ်တော်တို့ကို အရပ်ရပ်ပျံ့နှံ့အောင် ပြုလိမ့်မည်''ဟု စာလုံးတို့ကို ထွင်းစေတော်မူသည်။

**ကျောင်းဆောင်မှ ထွက်ခဲ့ကြခြင်း**

အဇာတသတ်မဟာရာဇာလည်း စေတီတော် ကျောင်းဆောင်တို့ကို အစဆုံး ကျောင်းဆောင်မှစ၍ တံခါးပိတ်လျက် ထွက်ခဲ့ရာ နောက်ဆုံး ကြေးနီကျောင်းဆောင်မှ ထွက်သောအခါ (ရှေးက "တံခါးရွက်ကို ဆွဲ၍ပိတ်ရသော နေရာဝယ် ထားအပ်သော ကြိုး၌) သံကောက်နှင့် မင်းတုတ်ကိုတပ်ပြီးလျှင်.... ထိုနေရာ၌ ပင် ကြီးစွာသော ပတ္တမြားတုံးကိုထား၍ အနာဂတ်ကာလ၌ ဆင်းရဲသောပင်းသည် ဤပတ္တမြားတုံးကိုယူ၍ ဓာတ်တော်တို့ကို ပူဇော်ပါလေ" ဟု အက္ခရာစာသုံးကို ထွင်းထား (ရေးသား) စေလေသည်။

**အားလုံး အနိစ္စ အနိစ္စ အနိစ္စ**

ဤသို့ အရှင်မဟာကဿပနှင့် အဇာတသတ်မဟာရာဇာတို့သည် ဓာတ်တော်တို့ကို သိမ်းဆည်း၍ ဌာပနာသောအားဖြင့် ကိုယ်စီကိုယ်င သာသနာ့တာဝန်ကို ဆောင်ကြပြီးလျှင် အရှင်မဟာကဿပမထေရ်မြတ်သည် သက်တော် တရာ့နှစ်ဆယ် အရွယ်တော် ရောက်သောအခါ ပရိနိဗ္ဗာန်စံတော်မူ၍ အဇာတသတ်မဟာရာဇာလည်း ကံအားလျော်စွာ ကွယ်လွန်ရလေသည်။ အားလုံး အနိစ္စ, အနိစ္စ, အနိစ္စ တို့ပါတကား။

**သိကြားမင်းက ဝိသကြုံကို စေလွှတ်ပုံ**

အဇာတသတ်မဟာရာဇာနှင့် အရှင်မဟာကဿပတို့၏ ဓာတ်တော်သိမ်းဆည်းမှု ပြီးစီးသောအခါ သိကြားမင်းသည် ထိုဓာတ်တော်သိမ်းဆည်းရာဌာန အရပ်၌ အစောင့်အရှောက်ထားဘို့ရန် ဝိသကြုံနတ်သားကို စေခိုင်းလေသည်။ ဝိသကြုံနတ်သားသည် ထိုအရပ်သို့သွား၍ ဓာတ်တော်သိမ်းထားရာ တိုက်ခန်းအတွင်း၌ ဖလ်ရောင်တောက်နေသော သန်လျက်တို့ကို စွဲကိုင်ထားသော ယန္တရားစက်ရုပ်တို့ကို လေအဟုန်ကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် ပတ်ပတ်လည်လှည့်နေအောင် တပ်ဆင်ထားပြီးလျှင် ပတ်ဝန်းကျင်၌ အုတ်တိုက်ကဲ့သို့သော ကျောက်တိုက်အကာအရံကိုပြု၍ အပေါ်၌

ကျောက်ချပ်ဖြင့် ပိတ်ပြီးလျှင် မြေမှုန့်တွေကိုထည့်၍ မြေကို အညီအမျှ ပြုပြီးနောက် အပေါ်က ကျောက်စေတီတော်ကို တည်ထားလေသည်။

**ဓမ္မာသောကမင်း၏ စေတီတော်များ**

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီး၍ အနှစ် ၂၁၈-နှစ်မြောက်၌ "ပိယဒဿီ" မည်သော မင်းသားသည် ညီတော်နောင်တော်များကို လှိမ်းမိုး၍ အဘိသိက်ခံ မဟာရာဇာ ဖြစ်လာလေသည်။ ထိုမဟာရာဇာသည် ရှေးဦးစွာ ဗြာဟ္မဏ တို့ကို ရိုးရာအတိုင်း ကိုးကွယ်သော်လည်း နိဂြောဓသာမဏေကို တွေ့ မြင်ရသည်မှစ၍ သာသနာတော်ကို ကြည်ညိုလာသောအခါ ဗုဒ္ဓမြတ်စွာ၏ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ကြည်ညိုလှ၍ ၉၆-ကုဋေသော ဥစ္စာတို့ကို စွန့်လှူကာ ရှစ်သောင်း လေးထောင်သော စေတီတော်များနှင့်တကွ ရှစ်သောင်းလေးထောင်သော ကျောင်းတိုက် တို့ကို တည်ဆောက်လေသည်။

**ဓာတ်တော်တိုက် ဖွင့်ခြင်း**

ထိုအခါ စေတီများ၌ ဌာပနာရန် ဓာတ်တော် တို့ကို စုံစမ်းသောအခါ ထိုနေရာကိုတွေ့၍ အစဉ် အတိုင်း ဓာတ်တော်တိုက်ကို ဖွင့်လေသည်။ "အနာ ဂတ်အခါ၌ ဆင်းရဲသောမင်းသည် ဤပတ္တမြား တုံးကိုယူ၍ ပူဇော်ရစ်စေသတည်း" ဟူသော စာတမ်းကိုတွေ့ရသောအခါ မိမိကဲ့သို့မင်းကို "ဆင်းရဲသောမင်းဟု ဆိုရသလား" ဟု တွေးကာ မခံချင် စိတ် ဖြစ်ပါသော်လည်း ထပ်၍ဖွင့်သောအခါ "အနာဂတ်ကာလ၌ အသောကဓမ္မရာဇာသည် ဤဓာတ်တော်တို့ကို ပျံ့နှံ့အောင် ပြုရစ်လိမ့် မည်" ဟူသော အရှင်မဟာကဿပ၏ စာတမ်းကို တွေ့ရသဖြင့် လက် ခမောင်းခတ်၍ အားတက်သရောဖြစ်ကာ လွန်စွာ ဝမ်းမြောက်လေ၏။ ထို့နောက် ဓာတ်တော်တို့ကို အနည်းငယ်သာ ထိုနေရာ၌ ချန်ထား၍ များစွာသော ဓာတ်တော်တို့ကို ဇမ္ဗူဒိပ် (မဇ္ဈိမဒေသ) ၌ အနှံ့အပြား တည်ထားသော စေတီတော်များဝယ် ဌာပနာသောအားဖြင့် လူများ၏ ကိုးကွယ်ဘို့ရာ ဖြစ်စေလေသည်။

**သာသနာပြု သားတော် သမီးတော်များ**

ဓမ္မာသောက မဟာရာဇာသည် ရှစ်သောင်း လေးထောင်သော စေတီတော်များကို တည်ရုံဖြင့် အားမရသေးဘဲ သာသနာတော်နှင့် ဆွေမျိုးညာတိ တော်စပ်လိုသောကြောင့် အိမ်ရှေ့မင်းလောင်းဖြစ်သော သားတော် မဟိန္ဒကို သာသနာတော်တွင်းသို့ သွင်းကာ ရဟန်းပြုစေ၍ သမီးတော်သံဃမိတ္တာကို ဘိက္ခုနီပြုစေလေသည်။ ထိုသားတော်သမီးတော်များသည် သီဟိုဠ်ကျွန်း၌ သာသနာတော်ကို တည်စေ၍ သာသနာတော်ကိုထွန်းလင်းအောင်၎င်း၊ တည်တံ့အောင်၎င်း ဆောင်ခဲ့ကြပေသည်။

**ကျောက်တိုင် ကျောက်ပြားများ**

ဓမ္မာသောကမဟာရာဇာသည် ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတရားတော်တို့ကို ကျောက်တိုင် ကျောက်ပြားပေါ်၌ ထွင်းစေ၍ လူအများ မြင်လောက်သော နေရာအနှံ့အပြား၌ စိုက်ထူကာ ဩဝါဒတရားတော်များကို တတိုင်းပြည်လုံးလိုက်နာအောင် ကြိုးစားခဲ့ပေသည်။ ထိုမဟာရာဇာ၏ ကြိုးစားမှုကြောင့် ဗုဒ္ဓဩဝါဒတော်ကို လိုက်နာသူတွေ အိန္ဒိယနိုင်ငံ၌ များပြားလာရကား တိုင်းပြည်အုပ်ချုပ်ရာ၌လည်း ငြိမ်ဝပ်ပိပြားဘို့ရာ ဗုဒ္ဓဩဝါဒတော်များသည် အထောက်အကူ ဖြစ်လာပါသတဲ့။ [ထိုမဟာရာဇာလက်ထက်၌ တတိယသံဂါယနာတင်ရပုံကို အနာဂတ်သာသနာရေးကျမ်းစာ၌ ပြထားပြီ။]

**ဘုရားကြည်ညိုမှ သာသနာတော်ကို ပြုလိုကြ**

ပြအပ်ပြီးသော အဇာတသတ် မဟာရာဇာနှင့် အသောကမဟာရာဇာတို့သည် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်တို့ကို ကောင်းစွာသိမြင်ကြ၏။ ထို့ကြောင့် "ဗုဒ္ဓမြတ်စွာ၏ဓာတ်တော်နှင့် အရိယာသံဃာတော်များသည် ဗုဒ္ဓမြတ်စွာ၏ဂုဏ်တော်ကို ထိန်းသိမ်းနိုင်ကြပေသည်"ဟု ယူဆ၍ ဓာတ်တော်တို့ကို၎င်း၊ အရိယာသံဃာတော်တို့ကို၎င်း ပူဇော် ထောက်ပံ့ခဲ့ကြပေ

သည်။ မှန်၏-ဗုဒ္ဓမြတ်စွာ၏သာသနာ ကွယ်ပလျှင်ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များလည်း ကွယ်ပရမည်သာ ဖြစ်၏။ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များနှင့် အဆုံးအမ သာသနာတော်ကို မကွယ်ပအောင် ဆောင်နေသော ပုဂ္ဂိုလ်များကား ပိဋကတ်ကို သင်ယူပို့ချတော်မူကြသော ဆရာ အဆက်ဆက်နှင့် တရားတော်အတိုင်း နေထိုင်ကြသော သံဃာများသာဖြစ်သည်။

**ဆရာ ဒကာ သာသနာပြု** လူဝတ်ကြောင်ဖြစ်လျှင် ထို သာသနာတော် ထို သံဃာတော်များ တည်မြဲခိုင်ခံ့အောင် သာသနာပြု ပုဂ္ဂိုလ်များကို ကူညီ ထောက်ပံ့သောအားဖြင့် အားပေးကြရသည်။ ဆရာသမား သံဃာတော်များ ဖြစ်လျှင်လည်း ကိုယ်တိုင် ကျင့်သောအားဖြင့်ရင်း၊ တပည့်သံဃာ ဒကာ ဒကာမတို့ကို တရားသိအောင် စာပေပို့ချခြင်း, ဟောပြခြင်းအားဖြင့်ရင်း သာသနာ့ တာဝန်ကို စွမ်းဆောင်နိုင်သည့်ဘက်က အားသွန်ကြိုးပမ်း ထမ်းတော်မူကြပေသည်။ မြန်မာပင်းနှင့်မြန်မာမင်းများ လက်ထက်၌ သာသနာပြုတော်မူကြသော ဆရာတော် များစွာကို လက်လှမ်းမှီသမျှ မှန်း၍ကြည့်ပါ။

**သီလုံးဆရာတော်** ဟန်းမော်ဆရာတော် သဂ်ဇာဆရာတော် ရွှေကျင်ဆရာတော်စသောရှေးဆရာတော်ကြီးများ၏ ဆရာဖြစ်တော်မူသောသီလုံး ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာကို လွန်စွာ ကြည်ညိုသော ဆရာတော်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်ကိုလည်း အထူးကောင်းမွန်အောင် ဆောင်တော်မူ၏။ စာရေးတော်မူသောအခါ ဗုဒ္ဓမြတ်စွာ၏ ဆင်းတုတော်ကို အနီးအပါး၌ ပူဇော်၍ ဗုဒ္ဓမြတ်စွာကို အမြဲသတိရအောင် ကြိုးစားတော်မူပါသည်တဲ့။ မိမိ အထံ နည်းခံဘို့လာသောရဟန်းတော်များကိုလည်း ကျောင်းတိုက် အပြင် စရပ်၌ နေစေပြီး အကျင့်စာရိတ္တကို ကျေနပ်တော်မူမှ ကျောင်းတိုက်အတွင်း၌ နေခွင့်ပေးတော်မူပါသည်တဲ့။ ဤမျှလောက် သာသနာတော် သန့်ရှင်းရေးကို အလေးပေးတော်မူပါသည်။

**ရွှေကျင်ဆရာတော်** ထို ဆရာတော်ကြီးမှ နည်းရတော်မူသော ရွှေကျင်ဆရာတော် ဘုရားကြီးသည် ရဟန်းငယ်ဘဝ (၁၂-ဝါလောက်)အချိန်က သစ်ဆိမ့်ကြီးရွာ ရွှေပိန်းကြီး ဘုရားတိုက်အတွင်း၌

ရွှေသာလျောင်း ရုပ်ပွါးတော်ကို ဖူးမြော်နေစဉ် သက်တော်ထင်ရှား မြတ်ဘုရား ထင်မြင်လာသောကြောင့် ဝမ်းနည်း လွမ်းဆွတ်သလိုဖြစ်ကာ မျက်ရည်ကျသဖြင့် သက်တော်ထင်ရှား မြတ်ဘုရားကို နှိပ်နယ်သလို နှိပ်နယ်၍ ဝတ်ပြုခဲ့ပါသတဲ့။ ထိုမျှလောက် ကြည်ညိုသောကြောင့် ဗုဒ္ဓ မြတ်စွာကို ကျေးဇူးဆပ်သောအားဖြင့် သာသနာတော်ကိုလည်း သန့်ရှင်းသည်ထက် သန့်ရှင်းအောင် ကြိုးစားတော်မူခဲ့ပါသည်။

**ရွှေကျင်ဆရာတော်ကြီးနှင့် မိဖုရားကြီး** မယ်တော် ဆင်ဖြူမရှင် မိဖုရားကြီးသည် ရွှေကျင်ဆရာတော်ဘုရားကြီးကို အထူးကြည်ညိုဟန် တူပါသည်။ ထို့ကြောင့် သီပေါမင်း ပါတော်မူရမည့်နှစ်ဖြစ်သော ၁၂၄၇-ခု၊ ပဌမဝါဆိုလပြည့်ကျော် ၅-ရက်နေ့၌ မင်းကွန်း ငွေတောင်တောရဝယ် သီတင်းသုံးတော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီးအထံသို့ နောက်ပါ လူဘယောက်နှင့်တကွ "ငရွှန်း" အမည်ရှိသော မင်းခယောကျ်ား တယောက်ကို ပိတ်သင်္ကန်း စသော လှူဘွယ်ဝတ္ထုများထို လှူဒါန်းဘို့ရန် စေလွှတ်၍ ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုလည်း မှတ်သားခဲ့ဘို့ရန် မှာလိုက်လေသည်။ ထိုဒါယကာ လာ၍ အကျိုးအကြောင်းကို လျှောက်ထားသော အခါ အောက်ပါ ဩဝါဒကို မိန့်တော်မူပါသည်။

**ဆရာတော်၏ ဩဝါဒ** "ယခုလို အိုမင်းမစွမ်းအရွယ်သို့ရောက်လာသော ဒါယိကာမကြီးမှာ ဤဘဝ အတွက် စားရန် ဝတ်ရန် အိပ်နေရန်များ၌ စိတ်ဆင်းရဲဘွယ်မရှိ၊ နောက်ဘဝအတွက်သာ စိစစ်ဘို့ရန် လိုတော့သည်။ နောက်ဘဝ အတွက်သာ သေလမ်းကောင်းအောင် အထူးပြုပြင်ချိန်တန်ပြီ။ ထို့ကြောင့် တရားစာလည်းရ, ဘုရားရှိခိုးလည်း ရသော ဗုဒ္ဓပဏာမ (ဘုရားရှိခိုး) သုံးဂါထာကို နှုတ်တက်ရအောင် ကျက်၍ နေ့စဉ်မပြတ် ဘုရားကို အာရုံပြုရမည်"ဟု ဩဝါဒစကားကို ရေးသားပြီးလျှင် ဗုဒ္ဓါနုဿတိ ဘာဝနာဖြစ်သော ဝိစိတြဝဏ္ဏနာကျမ်း၌ပါသော ပဏာမ ၃-ဂါထာကို ရေးပေးတော်မူပါသည်တဲ့။ [ထို ဂါထာများသည် ထိုဘုရားရှိခိုးစာအုပ်၌၎င်း၊ ရှေးရိုး ရတနာ့ဂုဏ်ရည်၌၎င်း ပါသည်။]

**ပရဟိတ ဝန်ဆောင်မျှား** ဗုဒ္ဓမြတ်စွာသည် ဒီပင်္ကရာ မြတ်စွာဘုရား လက်ထက်တော်မှစ၍ သူတပါး၏ စီးပွါးချမ်းသာကို ဆောင်တော်မူလိုသောကြောင့် ဗုဒ္ဓဖြစ်အောင် ကြိုးစားတော်မူခဲ့သည်။ ကြိုးစားသည့်အားလျော်စွာ ဗုဒ္ဓ ဖြစ်တော်မူသောအခါ ၄၅ ဝါတိုင်အောင် လူ နတ် ဗြဟ္မာ သတ္တဝါအများ၏ စီးပွါး ချမ်းသာကို ဆောင်တော်မူ၏။ ထိုသို့ ဆောင်တော်မူသောကြောင့် ယခုတိုင်အောင် သူတော်ကောင်း အဆက်ဆက် မကုန်ပျက်သေးဘဲ ဗုဒ္ဓသာသနာတော်ဝယ် ဆရာအဖြစ် ဒကာအဖြစ် ထင်ရှားကာ အနာဂတ်၌ ကျွတ်တမ်းဝင်ဘို့ ရှေးရှုကြသော ပရဟိတဝန်ဆောင်စစ်စစ် သာသနာပြုများ ဖြစ်နေကြပါသည်။

**ခရစ်တော်** ဗုဒ္ဓါနုဿတိဘာဝနာကို ကောင်းစွာ ပွါးများသော ပုဂ္ဂိုလ်သည် ဗုဒ္ဓမြတ်စွာကို ပါရမီဖြည့်စဉ်က စ၍ ကြည်ညိုလှသောကြောင့် ဗုဒ္ဓမြတ်စွာ၏ နည်းစဉ်အခါကဲ့သို့ ပရဟိတဆောင်နေသော ပုဂ္ဂိုလ်များကို မြင်ရ ကြားရသောအခါ ရဟန်း သံဃာဖြစ်လျှင် ဂိုဏ်းဂဏ မရွေးဘဲ လေးစားသောစိတ် ဖြစ်နိုင်၏။ လူဝတ်ကြောင်ဖြစ်လျှင်လည်း အမျိုးဘာသာမရွေး ပုဂ္ဂိုလ်မရွေးဘဲ လေးစား ကြည်ညိုနိုင်ပါသည်။ ထို့ကြောင့် မိမိသည် မျှားစွာသော လူတို့အပေါ်၌ မေတ္တာတရား ကရုဏာတရား သစ္စာတရား ခန္တီတရားတို့ကို ပျံ့နှံ့အောင် ဩဝါဒပေးနိုင်၍ မိမိကိုယ်ကို အနစ်နာခံသွားသော ခရစ်တော်ကို နှစ်နှစ်ကာကာ လေးစားသောကြောင့် ခရစ်တော်၏သာဝကများနှင့်ဆက်ဆံရာ၌လွန်စွာ ပြေပြစ်ပါသည်။

**သာသနာပိုင်နှင့် တွေ့ရပုံ** အတော်ကြာသော အခါတုန်းက မိမိအထံသို့ အဝတ်အစား ထူးခြားသော ပုဂ္ဂိုလ်တဦးရောက်လာပါသည်။ နောက်ပါ ပုဂ္ဂိုလ်တို့က "မြန်မာလူမျိုးဖြစ်သော ခရစ်ယာန် သာသနာပိုင်ပါ"ဟု ပြောသောကြောင့် "အား....ဒီလိုဆိုလျှင် ဟိုဘက်နားမှာရှိသော ကုလားထိုင်ကိုယူပါ"ဟု နောက်ပါ လူမျှားကို ပြော၍ မိမိထိုင်နေသော ကုလားထိုင်မျိုး၌ ထိုင်စေပါသည်။ (နောက်ပါ လူမျှားသည် "ဂိုဏ်းအုပ် ဂိုဏ်းထောက်မျှား"ဟု နောက်မှ သိရပါသည်။)

သူတို့သာသနာပိုင်ကို မိမိကအရေးပေးပုံကိုကြည့်၍ အားလုံးက ပီတိဖြစ်နေကြဟန် တူပါသည်။ မိမိအထံသို့ လာရခြင်းမှာ ဆရာကြီး ဦးဖေမောင်တင်က မြန်မာဘုန်းတော်ကြီးများနှင့် ရင်းနှီးလိုလျှင် (မိမိ၏အကြောင်းကို ပြောပြ၍) မန္တလေးရောက်တဲ့အခါ အဲဒီဘုန်းကြီးအထံ ဝင်ကြပါ-ဟု ညွှန်ပြသောကြောင့် ဝင်လာရကြောင်းကို သိရပါသည်။ ထို့နောက် ကျောင်းတိုက်ကို လှည့်ပတ်ကြည့်ရှု၍ ကျောင်းတိုက်၏ သာယာပုံကို ချီးကျူးကာ အတော်ကြာကြာနေပြီးမှ ပြန်ကြပါသည်။

**ဦးဖေမောင်တင်**

ဆရာကြီးသည် တနေ့သ၌ (ယခုအခါ မြန်မာစာပါမောက္ခဖြစ်နေသော) ဆရာဦးတင်အေးအိမ်သို့ သွားရာဝယ် မိမိဟောအပ်သော တရားတိတ်ခွေကို နာနေခိုက်နှင့် ကြုံကြိုက်ပါသည်တဲ့။ ထိုတရားသည် အနတ္တလက္ခဏာနှင့် ဆိုင်သောတရား ဖြစ်ဟန်တူ၏။ ဆရာကြီး ရောက်လာသောအခါ ဦးတင်အေးတို့က တရားတိတ်ခွေကိုရပ်ဘို့ပြုလုပ်စဉ် ဆရာကြီးက မရပ်ပါနှင့်ဟု တား၍ ထိုတရားကို နာယူနေပါသည်တဲ့။

**မိမိထံလာခြင်း**

ဆရာကြီးသည် မန္တလေးသို့ ရောက်သောအခါ တပည့်များကို မိမိထံသို့ အပို့ခိုင်း၍ တက္ကသိုလ်မှ တပည့်များနှင့်အတူ ရောက်လာပါသည်။ ရောက်လျှင်ရောက်ခြင်းပင် "အမေရိကသို့ တရားဟောဘို့ရန်သွားစဉ်က အနတ္တအကြောင်းကို ဝိုင်း၍မေးကြပါသည်။ မိမိသည် ကျေနပ်အောင် မဖြေနိုင်ခဲ့ပါ"ဟု စကားချီ၍ အနတ္တအကြောင်းကို မေးပါသည်။ မိမိလည်း ရှင်းပြလိုက်ပါသည်။

**နောက်တကြိမ်**

ဆရာကြီးသည် တနှစ်ခြားပြီးနောက် မန္တလေးသို့ ရောက်လာပြန်၏။ ထိုအကြိမ်၌လည်း အနတ္တအကြောင်းကိုပင် ဆွေးနွေးပါသည်။ ထိုသို့ ဆွေးနွေးနေစဉ် နေ့လည်လဘက်ရည်သောက်ချိန်ကျ၍ လဘက်ရည်သောက်ဘို့ လာခေါ်သောအခါ "ဆရာတော်နှင့်ဆွေးနွေးရတာ စကား

ပြတ်ရေ့မယ်၊ ငါတို့ ဒီယူခဲ့ကြ''ဟု ပြော၍ လဘက်ရည်သောက်ရင်း ဆွေးနွေးမှု အပြတ်မခံခဲ့ပါ။ ထိုတခေါက်၌ကား ရင်းနှီးပြီးဖြစ်သော ကြောင့် အနတ္တလက္ခဏာကို ဆရာကြီးကျေနပ်သည့်အထိ ဆွေးနွေး သွားပါသည်။ ဤမျှလောက်ပင် မိမိကို ယုံကြည်သောကြောင့် ခရစ် ယာန်သာသနာပိုင်ကြီးကို မန္တလေးရောက်သောအခါ မိမိအထံဝင်ဘို့ ညွှန်ကြားဟန်တူပါသည်။

**ခရစ်ယာန်ဘာသာဝင်များ စည်းကမ်းရှိပုံ**

ခရစ်တော်၏ အယူဝါဒကို လိုက်နာကြသော ဘာသာဝင်တို့သည် များသောအားဖြင့် အရာရာ၌ စည်းကမ်းရှိကြ၏။ အိမ်တွင်းနေထိုင်ပုံ၊ မိမိ တို့ အ ချင်းချင်း ပေါင်းသင်းဆက်ဆံပုံ၊ သွားလာဝတ်စားပုံ၊ ဘုရားကျောင်း၌ ဝတ်ပြုပုံ၊ ဆိုင်ရာတာဝန်ကို ဆောင်ကြပုံ၊ (ရှေးခေတ်က) တပည့်တို့အား ပညာ သင်ပေးပုံ၊ ကိစ္စအားလျော်စွာ စည်းဝေးကြပုံ၊ နောက်ဆုံး၌ အသုဘပို့ ဆောင်ပုံတိုင်အောင် ငွေကုန်မများစေဘဲ ကုန်သမျှလည်း အရာထင် အောင် စည်းကမ်းသေဝပ်ကြပုံကို တွေ့ရ၏။ ထိုသို့ အရာရာ၌ စည်းကမ်း သေဝပ်ကြသောကြောင့်ပင် ဗုဒ္ဓဘာသာဝင်မိဘတို့၏ သားသမီးတချို့ လည်း ခရစ်တော်၏ သာဝက အဖြစ်သို့ ရောက်သွားကြလေသည်။

**မိမိလည်း စည်းကမ်း ပေးပါ၏**

စည်းကမ်း လိုက်နာမှု၊ စည်းကမ်း သေဝပ်မှုသည် မည်မျှအရေးပါ၍ အရာရောက်ပါသနည်း။ ထို့ကြောင့်ပင် မိမိကျောင်းတိုက်၌ သံဃာများအား ဗုဒ္ဓမြတ်စွာ၏ ကောင်းမြတ်သော စည်းကမ်းကို လိုက်နာကြအောင် နေ့စဉ် နံနက်တိုင်း ဩဝါဒ ပေးနေရပါသည်။ မိမိ၏ ရင်းနှီးသူ ဒကာဒကာမများကိုလည်း ဘာ သာရေးကိစ္စတို့၌ အကုန်အကျမများအောင် ကုန်ကျသမျှ အကျိုးရှိ အောင် စပ်မိတိုင်း ဩဝါဒပေးနေပါသည်။ သို့ပါလျက်လည်း ကြိုး စားသလောက် အထမမြောက်ပါ။

**မကြာမကြာ စဉ်းစားမိခြင်း**

"ယခုအချိန်တိုင်အောင် နိုင်ငံအများ၌ ဘာသာဝင်အများ တည်ရှိစေနိုင်သော ခရစ်တော်သည် အဘယ်သို့သော ဩဝါဒများကို ပေးသွားပါသနည်း"ဟု မကြာမကြာ စဉ်းစားမိပါသည်။ ထိုသို့စဉ်းစားသောအခါ မေတ္တာကရုဏာကိုသာ ပဓာနထား၍ ပေးသွားသော ဩဝါဒများကို သိရပါသည်။ "ထိုကဲ့သို့ လူအများတို့အား ကောင်းမွန်သော ဩဝါဒကို ပေးနိုင်သော ခရစ်တော်သည် ငယ်ရွယ်စဉ်က နှစ်ပေါင်းအတော်ကြာအောင် မိမိနေရပ်မှ ပျောက်ကွယ်နေသည်"ဟုလည်း သိရပါသည်။ "ထိုသို့ ဩဝါဒမွန်များကို ပေးနိုင်သော ခရစ်တော်သည် နောက်ဆုံး၌ မသမာသူလူအချို့၏ လုပ်ကြံခြင်းကို ခံရရှာသည်"ဟုငင်း၊ "ထိုသို့ လုပ်ကြံခံရရာ လက်ဝါးကပ်တိုင်မှာလည်း ဒေါသမထွက် သည်းခံလျက်သာ ခန္တီမေတ္တာဩဝါဒကို ပေးရှာသည်"ဟုငင်း သိရပါသည်။

**ပြဿနာ ၃-ရပ်**

"ခရစ်တော်၏ အတ္တုပ္ပတ္တိဝယ် ပျောက်ကွယ်နေရာ နှစ်ပေါင်းအတော်များစွာ၌ ခရစ်တော်သည် ဘယ်နေရာသို့ ရောက်နေပါသနည်း" ဟူသော ပြဿနာသည်ငင်း၊ "ထိုဩဝါဒတရားမွန်များကို ခရစ်တော်သည် အဘယ်မှ ရခဲ့ပါသနည်း"ဟုငင်း၊ "ထိုဩဝါဒမွန်များကို ပေးစွမ်းနိုင်သော မေတ္တာကရုဏာရှင် ခရစ်တော်ကို အဘယ်အကြောင်းကြောင့် အဘယ်ကဲ့သို့သော မနာလိုသူများက ထိုကဲ့သို့ ရက်ရက်စက်စက် ဖျောက်ဖျက်ရပါသနည်း"ဟုငင်း ဤပြဿနာ ၃-ရပ်သည် မိမိစိတ်မှာ တခါတခါ ပေါ်လာပါသည်။

**ပြဿနာပေါ်ရခြင်း၏ အကြောင်း**

အဘယ့်ကြောင့် ပြဿနာ ၃-ရပ်သည် မကြာမကြာ ပေါ်လာရသနည်း-ဟု မေးလျှင် မိမိလည်း မိမိနိုင်ငံအတွက် ဘာသာမရွေး သာသနာမရွေး ဂိုဏ်းဂဏမရွေး ကောင်းစေလိုသော ဆန္ဒဖြင့် ကြိုးစားနေရာဝယ် မကြာမကြာ မနာလိုသူများကို တွေ့ရ၏။ အနှောင့်အယှက်ကို ခံခဲ့ရ၏။ ထိုအခါ

မိမိနှင့်ရင်းနှီးသူတို့၏ အကူအညီကိုငှင်း၊ မိမိ၏ အလုပ်ကို အကောင်းဟု ယူဆကြသော ပုဂ္ဂိုလ်အများ၏ (နှုတ်ဖြင့်မျှ) ကူညီခြင်းကိုငှင်း လိုလောက်အောင်မရသည့်အတွက် ခရစ်တော်၏ဖြစ်ပုံကို ကိုယ်ချင်းစာမိသောကြောင့် ဖြစ်ပါသည်။

**ပြဿနာ ၃-ရပ်၏ အဖြေ**

ထိုသို့ တခါတခါ ပေါ်လာသော ပြဿနာ ၃-ရပ်၏ အဖြေကို မကြာမီက ဖတ်ရသော "ဗုဒ္ဓဝါဒပြဿနာများ"ဟူသော စာအုပ်၌ တွေ့ရပါသည်။ ထိုစာအုပ်ကား အိန္ဒိယ တရား ဝန် ကြီး ချုပ် ဟောင်း ဒေါက်တာဘေကာ အမျိုးရှိသော ထိပ်တန်း ပရိသတ်ဝယ် ခရစ်ယာန်ဘုန်းတော်ကြီး ဂျေဝစ်ဆလင် အယ်(မ်)အေ အင်္ဂလိပ်ဘာသာပါမောက္ခက မေး၍ နိုင်ငံခြားသားဖြစ်သော အိန္ဒိယဘုံတိုင်မြို့ ဗုဒ္ဓဝိဟာရကျောင်းနေ အရှင် အရိယဓမ္မ(ဘီအေ)က ဖြေဆိုအပ်သော အကြောင်းအရာတို့ကို ဖော်ပြသော ကျမ်းစာအုပ် ဖြစ်ပါသည်။ ထိုပြဿနာ ၃-ရပ်၏ အဖြေကို မေးခွန်း အမှတ် ၁၂-၌ တွေ့ရပါသည်။

**အရှင် အရိယဓမ္မ** "အရှင်အရိယဓမ္မ"ဆိုသော ပုဂ္ဂိုလ်သည် သူကိုယ်တိုင် ခရစ်ယာန်အယူကို ယူပြီးမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသော ခေတ်ပညာတတ် ပုဂ္ဂိုလ်ဖြစ်ရုံသာမက ကမ္ဘာပေါ်၌ရှိသော ဘာသာ အယူဝါဒပေါင်း ၂၉-မျိုးကို ၂၂-နှစ်ကျော် လေ့လာပြီး ပုဂ္ဂိုလ်လည်း ဖြစ်သည်။ အမေရိက၌ ဘာသာရေး တရားဟောဘို့ကြွ၍ ထိုအမေရိကမှာပင် ပြန်လွန်တော်မူပါသည်။ ထို အမေး အဖြေများသည် မူလက အင်္ဂလိပ်လို ရှိသော်လည်း ဦးကိုကိုကြီး (တောင်တွင်းကြီး)က မြန်မာပြန်၍ ရန်ကုန်မှ ဦးတင်မောင်က ရိုက်နှိပ်ဖြန့်ချီသောကြောင့် ဘုန်းကြီးတို့ ကြည့်ရှုခွင့်ရသည့်အတွက် ကျေးဇူးတင်ပါသည်။

**ခရစ်တော်၏** ထူးခြားသော လူတို့ဝယ် ယေယ်ကတည်းက အသိဉာဏ် **၁၂-နှစ်အရွယ်** ပါလာတတ်၏။ ထို အသိဉာဏ်ကြောင့် လူအများကဲ့သို့ နှမော်နမဲ့ မနေတတ်, ပြောတိုင်းလည်း မယုံတတ်ဘဲ အရာရာ၌ စဉ်းစား

တတ်၏။ မိမိမသိသောအရာကို မေးချင် မြန်းချင်တတ်၏။ လူအများ၏ အလုပ်ကို ဝေဘန်နိုင်၏။ ဤကား ဉာဏ်ထူးပါသူ လူအချို့၏ ထုံးစံပင် တည်း။ ခရစ်တော်၏ အလောင်းအလျာဖြစ်သော သူငယ်သည် တဆဲ့ နှစ်နှစ်အရွယ်သို့ ရောက်သောအခါ ရေဟူဒီလူမျိုးတို့၏ ထုံးစံအရ နေ့ဦး ရာသီ ပွဲတော်အတွင်း ဝယ် ရေဟူဒီဘုန်းတော်ကြီးကျောင်းသို့ အဖိုးဖြစ်သူ နှင့်အတူ လိုက်သွားလေသည်။ ထိုကျောင်း၌ ရေဟူဒီ ဆရာတော်များ သည် ထာဝရဘုရားသခင်၏ ဖန်ဆင်းခြင်းစသော တရားတို့ကို ဆွေးနွေး ကြ၏။ ထိုအခါ ခရစ်တော်အလောင်း သူငယ်သည် ထိုဘုန်းတော်ကြီး များထံ မေးမြန်းခွင့်တောင်းရာ သူ့အဖိုး၏ အရှိန်အဝါကြောင့် မေး မြန်းခွင့် ရလေသည်။

**ဖန်ဆင်းပုံကို မေးခြင်း** (ထာဝရဘုရားသခင်ကိုပင် "ယေဟိုးဝါ"ဟု သုံးစွဲထား သည်။) ယေဟိုးဝါသည် အချို့ကို လူချမ်းသာ၊အချို့ ကို လူဆင်းရဲ၊ အချို့ကိုပညာရှိ၊အချို့ကို ပညာမဲ့၊အချို့ ကို လူကောင်း၊အချို့ကို လူယုတ်မာ၊ အချို့ကိုလူချောလူလှ၊အချို့ကို အရုပ်ဆိုး၊အကျည်းတန်၊ အချို့ကို အသက်ရှည်၊ အချို့ကို အသက်တို၊ အချို့ကို မျက်စိကောင်း၊အချို့ကို မျက်မမြင်၊ အချို့ကိုအားအင်ပြည့်၊ အချို့ကိုအားအင်နဲ၊အချို့ကို ကျန်းကျန်းမာမာ၊ အချို့ကို ရောဂါသည် ဤသို့စသည်ဖြင့် လူချင်းမတူအောင် အဘယ့်ကြောင့် ဖန်ဆင်းပါသနည်း။

**ဘုန်းတော်ကြီးများ** ကလေး၏ အမေးကို ကြားရသော ရေဟူဒီ ဘုန်း တော်ကြီးများသည် မဖြေနိုင်။ ပရိသတ် အားလုံး လည်း အံ့အားသင့်သွားကြသည်။ ထို့ကြောင့် ဘုန်းတော်ကြီးများက ထိုအဖြေကို "ထာဝရဘုရားသခင် ယေဟိုးဝါသာလျှင် သိနိုင်စရာရှိပါ သည်"ဟု ပြောကြလေသည်။

**နောက်ထပ် မေးဖြေပုံ** "ယေဟိုးဝါသည် အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူ၍ ၃-ပါးသော ကာလကို သိပါလျက် အဘယ့်ကြောင့် ငရဲဘုံကိုဖန်ဆင်းခဲ့ပါသနည်း"ဟု ထပ်မံမေးသောအခါ "ယုတ်မာညစ် ညမ်းသူတို့ကို အပြစ်ပေးဘို့ရန် ယေဟိုးဝါသည်ငရဲဘုံကို ဖန်ဆင်းခဲ့သည်" ဟု ဖြေကြသည်။

**ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ခြင်း** ''ယေဟိုးဝါသည် သူ၏ ဖန်ဆင်းမှုဆိုင်ရာ အနာဂတ်ကာလ၏ သဘောကို ကြိုတင်၍ သိပါလျက် ဘာ့ကြောင့် ယုတ်မာညစ်ညမ်း ဆိုးသွမ်းမည့်သူတို့ကို ဖန်ဆင်းလိုက်ပါသနည်း''ဟု ထပ်၍မေးသောအခါ ရေဟူဒီ ဘုန်းတော်ကြီးများသည် မည်သို့မျှ မဖြေနိုင်ကြတော့ဘဲ ထိုမျှလောက် စဉ်းစားဥာဏ် ကြီးမားနေသော သူငယ်ကို ဂိုဏ်းချုပ်အဖြစ်သို့ တင်မြှောက်ကြလေသည်။

**အဖြေမှန်ရအောင် ကြိုးစားခြင်း** ခရစ်တော်ဖြစ်မည့် ထိုသူငယ်သည် ကြီးကျယ်သော ဂိုဏ်းချုပ်ရာထူးကို ရသော်လည်း ထိုရာထူးဖြင့် တင်းတိမ်အားရမနေဘဲ မိမိမေးအပ်သော ပြဿနာတို့၏ အဖြေမှန်ကိုရှာကြံမည်ဟု သန္နိဋ္ဌာန်ချလိုက်၏။ ထို့နောက် ဘုရားရှိခိုးကျောင်းမှ ထွက်ခဲ့၍ မြို့တော်မှထွက်လာပြီးလျှင် ငါးမိုင်ခြောက်မိုင်ကျော်ခန့်လျှောက်မိသော အခါ ခရီးသွားကုန်သည်တစုနှင့်တွေ့၍ တိုင်းတပါးမှလာသော ကုန်သည်များဟု သတိပြုမိ၏။ ထို့ကြောင့် ခေါင်းဆောင်ကုန်သည်ကြီးထံ ချဉ်းကပ်၍ ''မည်သည့်တိုင်းပြည်မှ မည်သည့်ကိစ္စဖြင့်လာကြပါသနည်း'' ဟု မေးမြန်းလေသည်။

**တိဘက်ပြည်မှ ကုန်သည်များ** ထိုအခါ ခေါင်းဆောင်က တိဘက်ပြည်မှဖြစ်ကြောင်း မိမိတို့တိုင်းပြည်မှ သားရေဦးချိုများကို ဂျေရုဆလင်မြို့မှ ရွှေငွေကျောက်သံပတ္တမြား အခြားအဖိုးတန်ဆေးဝါးများဖြင့်လဲလှယ်ယူဘို့ရန် လာကြကြောင်းကို ပြောပြလေသည်။ ထိုခေါင်းဆောင်နှင့် စပ်မိစပ်ရာစကားများကို ပြောရင်းပင် ခေါင်းဆောင်၏ စိတ်နေစိတ်ထား ဗဟုသုတများကို သဘောကျသောကြောင့်''လောက၌ လူအချို့က ဆင်းရဲ၊ လူအချို့က ချမ်းသာ၊ လူအချို့က အဆင်းလှ၊ လူအချို့က အရုပ်ဆိုး-ဤသို့စသည် ကွဲပြားကြခြင်း၏ အကြောင်းကို(ရေဟူဒီဘုန်းကြီးများ ပဌမဆုံး မေးအပ်သည့်အတိုင်း) မေးလေသည်။

**ခေါင်းဆောင်၏အဖြေ** အို ချစ်စရာကောင်းသောသူငယ်....ဤသို့လူတယောက်နှင့် တယောက်တို့ မတူကြခြင်း၏ အကြောင်းမှာ ရှေးရှေးဘဝတို့က ပြုအပ်ခဲ့သော ကာယကံ,ဝစီကံ,မနော

ကံဟူသော ကံချင်းမတူကြခြင်းပင် ဖြစ်ပါသည်။ [ဤတရားတော်သည် ဥပရိပဏ္ဏာသ၊ ကမ္မဝိဘင်ဝဂ္ဂ၊ စူဠကမ္မဝိဘင်သုတ်၌ ပါ၏။] ထိုအဖြေကို ကြားရသောအခါ "မိမိပြုအပ်သော ကံ၏အကျိုးကို မိမိပင်ရသည်"ဟု သဘောပေါက်သွားဟန်တူ၏။ ထို့ကြောင့် ခေါင်းဆောင်ဖြစ်သူအား "မည်သူဟောကြားအပ်သည့် တရားတို့ကို လိုက်နာပါသနည်း"ဟု မေးလေသည်။

**ဗုဒ္ဓအကြောင်းကို ကြားရခြင်း** အို ချစ်ဘွယ်ကောင်းသောသူငယ်........ကျွန်ုပ်သည် ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သောတရားတော်ကို လိုက်နာကျင့်သုံးသူ ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသည် အသုံးစုံကို အကုန်သိမြင်နိုင်သော သဗ္ဗညုတ ဉာဏ်တော်၏ အရှင်ဖြစ်ပါသည်။ ထိုဉာဏ်တော်ဖြင့် ကြောင်းကျိုးဆက်စပ်သော သစ္စာလေးပါးတရား, ပဋိစ္စသမုပ္ပါဒ်တရားစသော တရားတော်များကိုဟောတော်မူခဲ့သည်။ ဤသို့ ဗုဒ္ဓအကြောင်းကို ကြားရသောအခါ ထိုဘုရားတော်ကို သိလိုလှသောကြောင့် "မိမိကို တိဘက်ပြည်သို့ ခေါ်ဆောင်၍ ဆရာတော်ကြီးတပါးအထံ အပ်နှံပေးဘို့ရန် တောင်းပန်လေသည်။ ထိုအခါ သူငယ်က အုပ်ထိန်းသူ မကင်းသေးသောအရွယ်ဖြစ်၍ အလွန်ငယ်သောကြောင့် မိဘတို့က ကျေကျေနပ်နပ် မအပ်နှံဘဲ ခေါ်၍မသွားနိုင်ကြောင်းကို ငြင်းပယ်လေသည်။

**ခေါ်သွားဘို့ သဘောတူရခြင်း** အို ကုန်သည်ခေါင်းဆောင်ကြီး... ကျွန်ုပ်သည် အံသက်အရွယ် ငယ်သော်လည်း အသိဉာဏ်အားဖြင့် မနုနယ်ပါ။ ရာထူးဌာနန္တရအားဖြင့် မြင့်မားသူဖြစ်ပါသည်။ ကျွန်ုပ်၏ ခန္ဓာထယ်ဝါသော ဝတ်စုံနှင့် ဤအထိမ်းအမှတ်လက်စွပ်ကို ကြည့်ပါ။ ကျွန်ုပ်သည် "ရာထူးနှင့်ထိုက်တန်၍ မှန်ကန်သောတရားကို မတွေ့တွေ့အောင် ရှာမည်"ဟူသော သန္နိဋ္ဌာန်ဖြင့် ကျွန်ုပ်၏ကျောင်းကို စွန့်ခွာခဲ့သူဖြစ်ပါသည်။ ကျွန်ုပ်သည် အသင်နှင့် တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ ခေါ်သွားသည်ဖြစ်စေ၊ ခေါ်မသွားသည်ဖြစ်စေ အမှန်တရားကိုရှာဘို့ရန် ဤမြို့ဤဒေသမှ အမှန်မုချ ထွက်ခွာရမည်ဖြစ်ပါသည်။

ဤသို့ ပြောသောအခါ သူငယ်၏ ပြင်းထန်သော ဆုံးဖြတ်ချက်ကိုကြား ရသော ကုန်သည်ခေါင်းဆောင်ကြီးသည် တိဘက်ပြည်သို့ ခေါ်သွားဘို့ ရန်နှင့် ဆရာတော်ကြီးတပါးထံ အပ်နှံပေးဘို့ရန် သဘောတူလေသည်။

**တိဘက်ပြည်သို့ လိုက်ရခြင်း** ကုန်သည်တို့သည် ထိုနေ့၌ပင် တိဘက်ပြည်သို့ ပြန်ကြရန် စီစဉ်ပြီး ဖြစ်သောကြောင့် သူငယ်သည် ချက်ခြင်းပင် ထိုကုန်သည်တို့နှင့်အတူ တိဘက်ပြည်သို့ လိုက်သွားခွင့်ရ၏။ ၄-လကြာမျှ အလွန် ပြင်းပြင်းထန်ထန် ခရီးသွားရပြီး နောက် တိဘက်ပြည်သို့ရောက်၍ တောင်ပိုင်း မွန်ဆရာတော်ကြီး အရှင် အရိယပုတ္တမထေရ်၏ အထံ၌ အပ်နှံလေရာ ဆရာတော်ကြီးသည် အစမ်း သဘောအားဖြင့် လက်ခံတော်မူ၍ ပညာသင်ပေးတော်မူ၏။ ၆-လကြာ သောအခါ ဆရာတော်သည် သူငယ်၏ ထက်သန်သောဆန္ဒကို သိတော်မူ သောကြောင့်သံဃာ ၃၀-ကျော်နှင့် အလွန်ကြီးမားသောပရိသတ်အလယ် မှာ သာမဏေအဖြစ်ဖြင့် ချီးမြှောက်၍ "ဇီဝကီရိတ"ဟူသော ဘွဲ့နာမည် ကိုပေးလေသည်။ [ထိုနာမည်ကို ဟေဗြဲဘာသာအားဖြင့် "ယေရှုခရစ်" ဟု ခေါ်ပါသတဲ့။ ပါဠိစကားအလိုအားဖြင့် "ဇီဝ = အသက်ရှိသော+ ကီရိတ=မကိုဋ်သရဖူ"ဟု ဖြစ်၏။]

**ရဟန်းဖြစ်၍ အားထုတ်ခြင်း** သာမဏေ ဇီဝကီရိတသည် ၇-နှစ်နှင့် ခြောက်လတိုင် တိုင် သာမဏေများကျင့်ရသော သိက္ခာကို ကျကျနန ထိန်းသိမ်း ခဲ့သောကြောင့် အသက် ၂၀- အရွယ်သို့ ရောက်သောအခါ ဘိက္ခု(ရဟန်း)အဖြစ်ရောက်အောင် ဆရာတော်ကြီးက ချီးမြှောက်တော်မူသည်။ ရဟန်းတော်ဇီဝကီရိတသည် ဗုဒ္ဓတရားတော်ကို အလွန် နှစ်သက်သောကြောင့် တချိန်၌ တရားတော်များကို သင်ယူလေ့ ကျက်၍ တချိန်၌ သမထကမ္မဋ္ဌာန်းကို အားထုတ်လေရာ ပိဋကတရားကျမ်း စာတို့ကိုလည်း တတ်မြောက်၍ ဈာန်အဘိဉာဏ်ကိုလည်း ပေါက်ရောက် ပါသည်တဲ့။ ဆရာဖြစ်သော ဆရာတော်ကြီးကလည်း ဈာန်အဘိညာဉ် ရသော ရဟန္တာတပါးဖြစ်သောကြောင့် ရဟန်းတော် ဇီဝကီရိတ၏ အနာဂတ်အရေးကို တွေးတော်မူပြီးဖြစ်သည်။

**ပြန်ဘိုရန် ခွင့်မပြုလို**

ရဟန်းတော်အရှင်ဇီဝကီရိတသည် ဗုဒ္ဓမြတ်စွာ၏ တရားတော်များကို ကိုယ်တိုင်သိရသောအခါ မိမိ၏ ဆွေမျိုးသားချင်းဖြစ်ကြသော ရေဟူဒီ (ဣသရေလ) လူမျိုးတို့အား သူသိသလို သိစေချင်သောဆန္ဒသည် အလွန်ပြင်းပြနေ၏။ ထို့ကြောင့် ရဟန်းဖြစ်၍ ဆယ်နှစ်လောက်ကြာသောအခါ (ရဟန်းဝါ ဆယ်ဝါရသောအခါ) သူ၏ မွေးဖွားရာနိုင်ငံသို့ ပြန်၍ ဗုဒ္ဓတရားများကို ဟောလိုပါကြောင်း ဆရာတော်ထံ ခွင့်တောင်းလေသည်။ သို့သော် ဆရာတော်သည် သူ၏ အနာဂတ်အရေးကို တွေးပြီးဖြစ်၍ သူထင်သလို သူ့လူမျိုးတို့က လိုက်နာကြမည် မဟုတ်သည့်အပြင် အချို့က သူ့ကိုပင် ဘေးရန်ပြုကြမည့်အကြောင်းကို ကြိုတင်၍ မြင်ထားသောကြောင့် ပဌမအကြိမ် ခွင့်တောင်းသောအခါ ပြန်ခွင့်မပြုချေ။

**သြဝါဒ ၇-ချက်ကို ညွှန်ပြ၍ ပြန်ခွင့်ပြုရခြင်း**

ပဌမတကြိမ် ခွင့်မပြုသော်လည်း ရဟန်းတော်ဇီဝကီရိတသည် သူ၏ သားချင်းဆွေမျိုးတို့အား သူသိအပ်သော တရားမှန်ကို ဟောပြလိုသောဆန္ဒ၏ ပြင်းပြမှုကြောင့် အကြိမ်ကြိမ်ခွင့်တောင်းလေရာ အောက်ပါသြဝါဒ ၇-ချက်ကို ညွှန်ပြ၍ "ထိုအတိုင်းလိုက်နာလျှင်သွားခွင့်ပြုမည်"ဟု အမိန့်ရှိကာ သြဝါဒ ၇-ချက်ကို ပြောပြလေသည်။

၁။ အကယ်၍ရေဟူဒီလူမျိုးများ (သို့မဟုတ်) ဣသရေလ လူမျိုးများက တံတွေးများထွေး၍ ဖြစ်စေ၊ ခဲများဖြင့် ပေါက်၍ဖြစ်စေ၊ ဆဲရေး၍ဖြစ်စေ အသင့်ကို ဆန့်ကျင်ဘက်ပြုအံ့၊ ဤသို့ပြုသည့်တိုင်အောင် အသင်က ဈာန်အဘိညာဉ်တန်ခိုးကို အသုံးပြု၍ မတုံ့ပြန်ပါနှင့်။

၂။ အကယ်၍ တစုံတယောက်က မဟုတ်မမှန် လုပ်ကြံ၍စွပ်စွဲအံ့၊အသင်က ပကတိ တည်ငြိမ်သောသဘောဖြင့် သည်းခံရမည်။

၃။ အကယ်၍ တစုံတယောက်က အသင်၏ မျက်မှောက်မှာပင် ဗုဒ္ဓမြတ်စွာကိုဖြစ်စေ၊ တရားတော်ကိုဖြစ်စေ၊ ဗုဒ္ဓမြတ်စွာ၏ (အရိယာဖြစ်ပြီးသော) သာဝကသံဃာတော်ကို ဖြစ်စေ မတရားသဖြင့် ပြောဆိုစွပ်စွဲသည်ဖြစ်အံ့၊ နည်းပရိယာယ်ကိုသုံးလျက် သူတို့ အမှန်သိအောင် ပြောဆိုညွှန်ပြရမည်။ ဘာ့ကြောင့်နည်း.... သူတို့သည် ဗုဒ္ဓ ဓမ္မ သံဃအစစ်၏ အကြောင်းကို ကောင်းကောင်းမသိကြ၍ ပြောဆိုပြုမူကြသည့်အတွက် သူတို့ကို အပြစ်မှ ခွင့်လွှတ်ရမည်ဖြစ်သောကြောင့်တည်း။

၄။ အကယ်၍ တစုံတယောက်ကအမှားကိုပင်အမှန်ထင်နေသည်ဖြစ်အံ့၊ နားလည်လာသည့်တိုင်အောင် ဥပမာပုံဆောင်၍ ထိုသူအား ရှင်းလင်းဟောပြောရမည်။

၅။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ သင့်ကို ဆန့်ကျင်ဘက် ပြုလုပ်နေသော ရန်သူအားမုန်းတီးခြင်း ဒေါသဖြစ်ခြင်း စသောလက္ခဏာကို အရိပ်အမြွက်မျှ မပြပါနှင့်။

၆။ အသင်သည် အခါမလပ် မမေ့မလျော့သောစိတ်ဓာတ်ဖြင့် မေတ္တာကရုဏာ ကမ္မဋ္ဌာန်းကိုပွါးများလျက် ကမ္ဘာလောက တဝှမ်းလုံးကို အသင်၏မေတ္တာ ကရုဏာတို့ဖြင့် လွှမ်းဖုံးနိုင်ပါစေ။

၇။ တစုံတယောက်ကဖြစ်စေ၊ လူတစုကဖြစ်စေ၊ သင့်ကိုရိုက်နှက်သတ်ဖြတ်စေကာမူ အသိတရားကင်းမဲ့သူတို့အပေါ် ဝယ် မေတ္တာကရုဏာပွါးများကာ ဗုဒ္ဓမြတ်စွာ၏ ခန္တီဂုဏ်တော်ကို အောက်မေ့လျက် သေသည့် အချိန်အထိ သည်းခံပါလေ။ [ခရစ်တော်၌ ဖြစ်မည့်အန္တရာယ်ကိုမြင်၍ ဤသြဝါဒများကို ပေးလိုက်ဟန်တူပါသည်။]

**နောက်ဆုံး သြဝါဒပေးခြင်း**

"ငါ့ရှင်ဇီဝကီရိတ.... အသင်သည် ရေဟူဒီ လူမျိုးများကို မည်သည့်နည်းနှင့်မျှ မပြုပြင် မပြောင်းလဲနိုင်" ဟု အမှန်ကို သိပါသော်လည်း ပြန်ခွင့်ပေးရချေတော့မည်။ အသင်

သည့် ဗုဒ္ဓလူမျိုးများကို မပြုပြင်နိုင်သော်လည်း သင် ကွယ်လွန်ပြီးသောအခါ သူတို့သည် သင်ဟောပြအပ်သော တရားထဲမှ ချစ်ခင်မှု မေတ္တာ၊ သနားကြင်နာမှု ကရုဏာ၊ အချင်းချင်းလေးစားမှု၊ (တချို့ ဟောပြော၍ မရသူတို့၌) ဥပေက္ခာပြု၍လျစ်လျူရှုမှု၊ သည်းခံမှုခန္တီ၊ အပြစ်မှခွင့်လွှတ်မှု၊ ကြိုးစားအားထုတ်မှု ဤ ၇-ခုသောတရားများကို သာ လိုက်နာ၍ "သင်၏နာမည်ဖြင့် ဘာသာအယူဝါဒတရပ်ကိုထူထောင် ကြလိမ့်မည်" ဟု မိန့်တော်မူလေသည်။ အရှင်ဇီဝကီရိတသည်လည်း "ဆရာတော်၏ဩဝါဒများကို သေသည့်အထိလိုက်နာပါမည်" ဟု ကတိပြုကာ မိမိနေရာဌာနသို့ ပြန်လာခဲ့လေသည်။

**အတ္တုပ္ပတ္တိရေး၍ ကျေးဇူးဆပ်ခဲ့ခြင်း**

အရှင်ဇီဝကီရိတမည်သော ခရစ်တော်သည် မိမိကိုယ်တိုင် တဆဲ့ရှစ်နှစ်အတွင်း တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို စာရွက်ပေါင်း (၁၀၀)ပေါ်၌ မှတ်တမ်းတင်ပြီးလျှင် ကြိုးဖြင့် ကျကျနန ဖွဲ့ချည်၍ သူ့အား တရားမမှ ဟောပြော သင်ပြသော ကျေးဇူးတော်ကို ဆပ်သောအားဖြင့် ဆရာတော် အရှင် အရိယပုတ္တကို ကန်တော့ခဲ့လေသည်။

**ပါမောက္ခ ဂိုးရစ် (ခ်)**

ခရစ်တော်၏ ၁၈-နှစ်လုံးလုံး ပျောက်ကွယ်နေသောအကြောင်းကို ခရစ်ယာန် ဘာသာဝင်တို့ သိကြသော်လည်း ထူးထူးထွေထွေ သုတေသန မပြုကြသောကြောင့် "မည်သည့်နေရာ၌ ရောက်နေသည်" ဟု သိသူ မရှိကြ။ သို့သော် အမေရိကတိုက် ချီကာဂိုမြို့က ဂိုးရစ် (ခ်) မည်သောပါမောက္ခသည်ကား ခရစ်တော်ကို အလွန်ကြည်ညိုလှသောကြောင့် ထို ၁၈-နှစ်လုံးလုံး ခရစ်တော်၏ မြုပ်ကွယ်နေသော အကြောင်းကို အမှန်အတိုင်းသိလိုသောဆန္ဒ ပြင်းပျနေ၏။ ထို့ကြောင့် အမေရိက၌ရှိကြသော ခရစ်ယာန်ဂိုဏ်းချုပ်-ဂိုဏ်းအုပ်များကို မေးကြည့်လေရာ မည်သူမျှကျေနပ်လောက်အောင် မဖြေနိုင်ကြ။ ထို့ကြောင့် သူ့ကိုယ်တိုင် သုတေသနပြုလုပ်ဘို့ရာ ဘက်သလီဟန် ဂျေရုဆလင် ကိုင်ရို

တူရကီ အိန္ဒိယနိုင်ငံတို့၌ စုံစမ်းသော်လည်း အကြောင်းမှန်ကို မသိခဲ့ရ။ တိဘက်ပြည်သို့ ရောက်သောအခါ ခရစ်တော်၏ ဆရာဖြစ်သော ဆရာတော်ကြီး၏အထံ၌ ခရစ်တော်ပြန်ခါနီး ဆက်ကပ်သွားသော မှတ်တမ်းကို တွေ့ရသောကြောင့် ထိုမှတ်တမ်းကို ဂိုးရစ် (ခ်) က "အများမသိသေးသော ခရစ်တော်၏ ဟောပြောချက်များ" ဆိုတဲ့ နာမည်ဖြင့် ၁၉၂၅-ခုနှစ်က စာအုပ်ထုတ်ဝေခဲ့ပါသည်တဲ့။

**တရားပွဲတို့၌ အနှောင့်အယှက်ခံရ** ခရစ်တော်သည် မိမိနေရပ်ရောက်၍ ယုဒယာမြို့၌ တရားဟောသောအခါ "သူဟောတဲ့ တရားတွေဟာ ယေဟိုးဝါ(ဘုရားသခင်)ရဲ့ တရားတော်များမဟုတ်ဘူး" ဟုပြော၍ တံတွေး-အထွေးခံရ၏။ ဂျေရုဆလင်နှင့် ဘသာလိဟန်မြို့တွေမှာ ဟောတော့လဲ ဒီအတိုင်းဖြစ်ပြန်၏။ ဟောတဲ့တရားက ဘယ်လောက်ကောင်းကောင်း တနည်းနည်းနှင့် တိုက်ဖျက်ကြပုတ်ခတ်ကြသတဲ့။ ဒီလိုအဖြစ်အပျက်နှင့် တွေ့ရတဲ့အခါ အရိယပုတ္တဆရာတော်က "ပရိယာယ်သုံးတန် သုံးရတယ်" ဆိုတဲ့ စကားကို သတိရ၍ "သူဟောတဲ့တရားများဟာ ယေဟိုးဝါ (ထာဝရဘုရားသခင်)ရဲ့ တရားများဖြစ်ကြောင်း သူဟာ ယေဟိုးဝါရဲ့ သားတော်ဖြစ်ကြောင်းကို" ပရိယာယ်ဖြင့်(တင်စား၍)ပြောလိုက်ပါသည်တဲ့။

**ဓမ္မဟောင်းတရားတော်** ဤသို့တင်စား၍ ပရိယာယ်ဖြင့် ပြောလိုက်သော်လည်း ဓမ္မဟောင်း၌ "သင်၏မျက်လုံးကို တစုံတယောက်က ထိုးဖောက်၍ယူသည်ရှိသော် သင်ကလည်း ထိုသူ၏မျက်လုံးကို ထိုးဖောက်၍ ယူပါလေ။ တစုံတယောက်က သင်၏နှာခေါင်းကို လှီးဖြတ်သည်ရှိသော် သင်ကလည်း ထိုသူ၏နှာခေါင်းကို လှီးဖြတ်ပါလေ။ တစုံတယောက်က သင်၏အသက်ကို သတ်ဘို့ရန်ကြိုးပမ်း အားထုတ်သည်ရှိသော် သင်ကလည်း သူ၏အသက်ကိုသတ်ဘို့ရန် ကြိုးပမ်းအားထုတ်ပါလေ။ ငါသည်သင့်အား လက်စားချေရေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်"ဟု အလေးအနက် ပြထား၏။

**ဓမ္မသစ်တရားတော်** မေတ္တာ ကရုဏာတရားကို ပွါးများလေ့ရှိသော ခရစ်တော်ကား .... ''တစုံ တယောက်က သင်၏ ခြုံစောင်ကို ယူသွားသည်ရှိသော် သင်၏အင်္ကျီကိုပါ ချွတ်၍ လှူဒါန်းပေးကမ်းပါလေ။ တစုံတယောက်က သင်၏လက်ျာဘက်ပါးကို ရိုက်သည်ရှိသော် ထိုသူအား သင်၏ လက်ဝဲဘက်ပါးကို ရိုက်ပါစေ။ အစစအရာရာ သည်းခံပါ။ သည်းခံခြင်းသည်သာ ကုသိုလ်တရားကို တိုးပွါးစေနိုင်ပါသည်။ သင်၏ အိမ်နီးချင်းများကို ကိုယ့်ကိုယ်ကို ချစ်ခင်သကဲ့သို့ချစ်ခင်ပါ။ မည်သည့်သက်ရှိသတ္တဝါကိုမျှ အန္တရာယ်မပြုပါနှင့်'' ဤသို့ သူ၏ နောက်လိုက်များကို ဟောပြသည်။ [သက်ရှိဟူရာ၌ တိရစ္ဆာန်များလည်း ပါဝင်၏။]

**ကွပ်မျက်ခံရခြင်း** ခရစ်တော်၏တရားတော်ကို အထူးမကျေနပ်ကြသူတို့မှာ ရေဟူဒီ ဘုန်းကြီးများတည်း။ ထိုဘုန်းကြီး တို့က ''ဘသာလီဟန်မြို့မှ မေရီ၏သား အင်နာယေရှုခရစ်၏မြေးသည် ယေဟိုဝါ(ဘုရားသခင်)၏ အယူဝါဒကို မထီမဲ့မြင် သေးသိမ် ယုတ်ညံ့အောင် ပြုလုပ်လျက်ရှိသည်''ဟု တရားစွဲဆိုကြ၏။ ထိုအခါ ရောမလူမျိုး ရှင်ဘုရင်သည် ရောမလူမျိုးတို့၏ ဥပဒေအရ အပြစ်ပေးသောကြောင့် ရာဇဝတ်ကောင်များကို ကားတင်၍ ကွပ်မျက်နေကျဖြစ်သော ဆီနိုင်တောင်ထိပ်၌ လက်ဝါးကပ်တိုင်မှာတင်၍ ကွပ်မျက်ခြင်းကို ခံရရှာပါသည်။ ထို့နောက် ခရစ်တော်သည် တန်ခိုးပြဋ္ဌိဟာကို ပြနိုင်သူဖြစ်သောကြောင့် တန်ခိုးဖြင့် ပြန်၍ရှင်ကာ သူ့အားတန်ပြန်မည်ကိုစိုးရိမ်၏။ ထို့ကြောင့် ခရစ်တော်၏ အလောင်းကို ကျောက်ဂူထဲ၌မြှုပ်၍ အလွန်ကြီးသော ကျောက်တုံးကြီးများကိုတင်ထားပြီးလျှင် ရောမစစ်သည်တော် ၅၀-ကိုလည်းအစောင့်ချထားပါသည်တဲ့။

**ခရစ်တော်၏ နောက်ဆုံးအချိန်** ခရစ်တော်သည် မသမာသူတို့၏ စွပ်စွဲမှုကြောင့် ကွယ်လွန်ရသော်လည်း ထိုနောက်ဆုံး အချိန်ထိအောင်မသမာသူတို့၏ အပေါ်၌ ဒေါသဖြစ်သော လက္ခဏာအမူအရာကိုမျှမပြဘဲ ခန္တီတရားကို လက်ကိုင်ထား၍ ''မသမာ

သူတို့သည် သူတို့ကိုယ်သူတို့ မည်သည့်အပြစ်ကို ပြုကြသည်ဟု မသိသောကြောင့်သာ ပြုမိကြရှာသည်”ဟု ခွင့်လွှတ်သော အနေအားဖြင့်မေတ္တာမပျက် ကရုဏာမပျက်ဘဲ ငြိမ်သက်စွာ ဒုက္ခကို ခံသွားရှာပါသည်။ ထိုအချိန်၌ တိဘက်က အရိယပုတ္တဆရာတော်ကြီး၏ ဩဝါဒကို လုံးဝလိုက်နာနေဟန်တူပါသည်။

**ခရစ်တော်၏ တရားတော်များ** ခရစ်တော်၏ မေတ္တာ ကရုဏာ သစ္စာ ခန္တီ-စသော တရားများသည် ကမ္ဘာသူ ကမ္ဘာသား လူအများ လိုက်နာရမည့် တရားမှန်များဖြစ်၏။ ထိုတရားမှန်များကို တိဘက်အရိယပုတ္တဆရာတော်ထံမှ ရခဲ့သောကြောင့် မိမိ၏ အမျိုးသား အမျိုးသမီးတို့အား ဟောပြောခဲ့သည်။ ထိုမျှလောက် တရားတော်ကိုပင် ခရစ်ယာန်ဘာသာဝင် အများစုတို့တရိုတသေ လိုက်နာကျင့်သုံး၍ နေကြသည်မှာလည်း ချီးကျူးစရာ ကောင်းလှပါပေသည်။ ထိုသို့ လိုက်နာကြသောကြောင့်ပင် အနေအထိုင် အသွားအလာ အဝတ်အစား စည်းကမ်းသေဝပ်ကြ၍ အချင်းချင်းယိုင်းပင်းကူညီကာ မေတ္တာကရုဏာထားကြပုံမှာ ချီးကျူးစရာ ဖြစ်ပါပေသည်။

**ကျန်သင့်သေးသော တရားတော်များ** သို့သော် ခရစ်တော်သည် ၁၂-နှစ်အရွယ်မှ စ၍ အသက် ၃၀-တိုင်အောင် ၁၈-နှစ် ကာလမျှ ဆည်းပူး၍ ရအပ်သော တရားတော်များသည် မည်မျှလောက် များပြားဘွယ်ရှိသည်ဟုကား မစဉ်းစားဘဲ မနေထိုက်ပါ။ ခရစ်တော်ဟောပြောအပ်သော တရားစာသည် နံပါတ်၆၀၀မျှရှိသည်ဟုလည်း တွေ့ရပါသည်။ ထိုတရားတို့တွင် သစ္စာ၄-ပါး ပဋိစ္စသမုပ္ပါဒ်တရား ဗောဓိပက္ခိယတရား စသောတရားမှန်တို့သည် ကျေန်ပါမည်သာဖြစ်၏။ထိုတရားမှန်တို့ကား (အဘိဓမ္မာကို အခြေခံကစ၍ လေ့လာခွင့်မရသူတိုင်း) သဘောမပေါက်နိုင်ကြပါ။ ထို့ကြောင့် ခရစ်တော်ကွယ်လွန်သောအခါ ထိုတရားမှန်များလည်း တပါတည်း ကွယ်လွန်ခဲ့ဟန်တူပါသည်။ [ယခု မြန်မာနိုင်ငံနှင့်တကွ ထေရဝါဒဗုဒ္ဓဘာသာဝင် အများစုလည်း ထိုတရား

မှန်များ၌ သဘောပေါက်သူ နည်းပါးလှ၏။ ထို့ကြောင့် ထိုတရားတော်များသည် ဗုဒ္ဓဘာသာဝင်တို့အတွင်း၌ မကွယ်စေကာမူ သင်စာကျက်စာအဖြစ်ဖြင့်သာ ထင်ရှားနေပါတော့သည်။]

**သိလိုသောအဖြေများ ပြည့်စုံပြီ**

ခရစ်တော်နှင့် စပ်၍ (၁)ခရစ်တော်သည် ၁၈-နှစ်လုံးလုံး ဘယ်အရပ်သို့ ရောက်နေပါသနည်း။ (၂) ထို ဩဝါဒမှန်များကို အဘယ်မှ ရခဲ့သနည်း။ (၃) ထိုမေတ္တာရှင် ကရုဏာရှင် ခရစ်တော်ကို အဘယ့်ကြောင့် ရက်စက်စွာ ပြုလုပ်ကြပါသနည်းဟူသော ပြဿနာ ၃-ရပ်အတွက် (၁) ခရစ်တော်သည် ၁၈-နှစ် ကာလပတ်လုံး တိဗက်ပြည်တောင်ပိုင်း ဆရာတော်ကြီး အရိယပုတ္တမထေရ်မြတ်ထံ ရောက်နေပါသည်။ (၂) ထိုဩဝါဒမှန်များကို ထိုဆရာတော်၏အထံမှ ရခဲ့ပါသည်။ (၃) တိဗက်ပြည်မှပြန်လာ၍ မေတ္တာ ကရုဏာ သစ္စာ ခန္တီစသောတရားမှန်များကို ဟောသောအခါ "ယေဟိုးဝါ (ထာဝရဘုရားသခင်)၏ အယူဝါဒနှင့် မတူသောကြောင့် ထာဝရဘုရားသခင်ကို သေးသိမ်အောင် ဟောသည်"ဟု ယူဆကြသော ရေဟူဒီဘုန်းကြီးများ၏ တရားစွဲဆိုချက်အရ "ရောမလူမျိုးတို့၏ ဥပဒေဖြင့် လက်ဝါးကပ်တိုင်၌ ကားစင်တင်၍ ကွပ်မျက်လိုက်ကြသည်"ဟူသော အဖြေ ၃-ရပ် ထွက်လာပါသည်။

**ခရစ်ယာန်ဘာသာဝင်တို့ ဩဝါဒကိုလိုက်နာခြင်း၏ အကြောင်း**

ထိုသို့ ခရစ်တော်၏ မတရားအနှိပ်စက်ခံရသည်ကိုသိလျက်နှင့် ခံနေကြရသော ခရစ်ယာန်ဘာသာဝင်တို့သည် လွန်စွာ အသဲနာကြသော်လည်း ရှင်ဘုရင်ကို မတုပနိုင်သောကြောင့် အချင်းချင်းပို၍ မေတ္တာသက်ဝင်ကာ ခရစ်တော်၏ မေတ္တာ ကရုဏာ သစ္စာ ခန္တ တရားတို့ကို လက်တွေ့လိုက်နာခဲ့ကြပါလိမ့်မည်။ ထိုသို့ ရှေးဘာသာဝင်တို့က လိုက်နာကြ၍ ဂိုဏ်းအုပ် ဂိုဏ်းချုပ်ဆရာကြီးတို့ကလည်း လက်ဆင့်ကမ်းသကဲ့သို့ ခရစ်တော်၏

ဖြစ်ပုံကို အဆက်ဆက်ဟောပြောခဲ့ကြသောကြောင့် ယနေ့အထိ ခရစ်ယာန်ဘာသာဝင်တို့သည် စည်းကမ်းသေဝပ်စွာ ခရစ်တော်ကို ကိုးကွယ်ဆည်းကပ်သောအားဖြင့် ဘုရားရှိခိုးကျောင်းသို့သွား၍ ဩဝါဒတရားကို နာယူနိုင်ကြဟန်တူပါသည်။

**ဗုဒ္ဓဘာသာဝင်တို့ ဘယ်သို့နည်း**

ခရစ်တော်၏မှန်မြတ်သောဩဝါဒကို မည်သည့်ပုဂ္ဂိုလ်ထံမှရခဲ့သည်ဟု သိကြရပြီ။ ထိုဩဝါဒကို ဟောပြောမှုကြောင့် ကွပ်မျက် ခံရသော်လည်း ခရစ်ယာန် ဘာသာဝင်တို့က ကောင်းမွန်စွာ လိုက်နာရစ်ကြသောကြောင့် ခရစ်တော်၏ ဒုက္ခခံရခြင်းသည် အကျိုးရှိသောခံရခြင်းဟု ယူဆ၍ စိတ်ကိုဖြေမည်ဆိုလျှင် ခရစ်ယာန်ဘာသာဝင်တို့ ဖြေနိုင်စရာရှိပါသေး၏။ မိမိတို့ ဗုဒ္ဓရှင်တော်ကား ပါရမီ ၁၀-ပါးကို ကမ္ဘာပေါင်းများစွာ ဖြည့်ကျင့်တော်မူခဲ့စဉ်က အသက်ပေါင်းများစွာကို စွန့်ခဲ့ရသည်အားလျော်စွာ ဗုဒ္ဓလက်ထက်တော်၌ရင်း၊ ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အတော်ကြာအောင် မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်များနှင့်တကွ မိမိတို့၏ ထေရဝါဒီဗုဒ္ဓဘာသာဝင်တို့ပါ ဩဝါဒကိုလိုက်နာခဲ့ကြသော်လည်း ယခုအခါ ဗုဒ္ဓမြတ်စွာ၏မှန်မြတ်သော စည်းကမ်းဥပဒေတော်တို့ကို တစတစ လိုက်နာသူ နည်း၍နည်း၍လာရကား သိပ်မကြာသော ကာလဝယ် ဗုဒ္ဓ၏ဩဝါဒတော်များကို ထိန်းသိမ်းရသော ရဟန်းတော်များပင် လူ့ဘာမဝင်သလောက် အောက်ကျနောက်ကျ ဖြစ်ရမည့်အရေးကို တွေးမိပါသည်။

**ဗုဒ္ဓဝါဒတော်ကို ထုတ်ဖော်ကြပါစို့**

ထို့ကြောင့် ယခုအချိန်က ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတော်ကို အများသိအောင် ပြန်၍ ထုတ်ဖော်ဘို့ရန် အချိန်တန်ပြီဟု ထင်ပါသည်။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ယခုဘဝအကျိုး နောင်သံသရာအကျိုး ၂-မျိုးလုံး မလွတ်ရအောင် ဝိနည်း သုတ္တန် အဘိဓမ္မာဟူသော ပိဋကတရားတော်များကို ထုတ်ဖော် ဟောတော်မူခဲ့၏။ မြန်မာလူမျိုးများ၏ ယဉ်ကျေးမှု၌ ဗုဒ္ဓမြတ်စွာ၏ ဩဝါဒတော်သည် အများဆုံး အခြေခံဖြစ်၏။ ထို့ကြောင့် ဝိနည်းတရားတော်

သည် ရဟန်းသာမဏေများကို ကိုယ်နှုတ်ယဉ်ကျေးအောင် ဆုံးမသော တရားတော်ဖြစ်သော်လည်း အချို့ ယဉ်ကျေးမှုများကို ဗုဒ္ဓဝါဒီလူဝတ်ကြောင်များလည်း လိုက်နာကျင့်သုံးခဲ့ကြပါသည်။

**ယဉ်ကျေးမှု အမျိုးမျိုး**

အဝတ်ယဉ်ကျေးမှု၊ အစားယဉ်ကျေးမှု၊ အသွားအလာ ယဉ်ကျေးမှု၊ အနေအထိုင် ယဉ်ကျေးမှု၊ အပြောအဆို ယဉ်ကျေးမှု၊ ဆရာတပည့် ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ ဆရာနှင့်ဒကာ ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ ဟောပြောရာ၌ ယဉ်ကျေးမှု၊ အကြည့်အရှုယဉ်ကျေးမှု၊ ရဟန်းသာမဏေ အချင်းချင်း ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ ဂိလာနနှင့် ဂိလာနပြုစုသူတို့ ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ သိမ်းခင်ပွန်း ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ မိဘနှင့် သားသမီးတို့ ဆက်ဆံရာ၌ ယဉ်ကျေးမှု၊ မိတ်ဆွေသူငယ်ချင်းဆက်ဆံရာ၌ ယဉ်ကျေးမှု၊ ရေချိုးရာ၌ယဉ်ကျေးမှု၊ ကျင်ကြီး (အိမ်သာ) တက်ရာ၌ယဉ်ကျေးမှု၊ စိတ်နေစိတ်ထား ယဉ်ကျေးမှု စသောအားဖြင့် ယဉ်ကျေးမှု အမျိုးမျိုးရှိ၏။

**ဗုဒ္ဓတရား၌ အားလုံးပါရှိ၏**

ဤအားလုံးသော ယဉ်ကျေးမှုများကို ဝိနည်းတော် (အထူးအားဖြင့်) သေခိယသိက္ခာပုဒ်များ၌၎င်း၊သုတ္တန်တရားတော် (အထူးအားဖြင့်) သိင်္ဂါလောဝါဒသုတ်, မင်္ဂလသုတ်တို့၌၎င်း၊ စိတ်နှင့်ဆိုင်ရာ များစွာသောသုတ္တန်တို့၌၎င်း အစုံအလင်ဟောတော်မူ, ပညတ်တော်မူထားပါသည်။ ထိုအားလုံးအတွက် ရေးရလျှင် ကျမ်းစာအုပ်တအုပ်ဖြစ်သော်လည်း ပြည့်စုံဦးမည်မဟုတ်ပါ။ [အဘိဓမ္မာတရားတော်ကား ရုပ်နာမ်ကို အသေးစိတ် ဖော်ပြထားသော တရားတော်ဖြစ်ပါသည်။ သိထိုက်သမျှ အဘိဓမ္မာအချို့ကိုလည်း သုတ္တန် တရားတော်၌ ပါပြီးဖြစ်ပါသည်။]

**ယဉ်ကျေးမှုရှိလျှင် အထင်သေးမခံရ**

ရဟန်းရှင်လူ မည်သူမဆို ထိုယဉ်ကျေးမှုများကို သူ့နေရာနှင့်သူ အသုံးပြုနေပါလျှင် သာသနာတော်လည်း မကွယ်ပနိုင်။ လူမျိုးလည်း အထင်သေးမခံရ။ သာသနာတော်လည်း အထင်သေးမခံရ။ လူမျိုးလည်း အောက်တန်းမကျနိုင်။ယခုသော်

ကား သာသနာ့ဝန်ထမ်း ရဟန်းသာမဏေဖြစ်သူတို့က မိမိအကျိုးလည်း ရှိမည့် ယဉ်ကျေးမှုကို အသုံးပြုနည်းပါးသောကြောင့် သာသနာတော်ကို လူအများက အထင်မကြီးတော့ဘဲ တဖြည်းဖြည်း အထင်သေးလာကြပါသည်။ "တိုင်းသူပြည်သား လူအများကိုလည်း တိုင်းတပါးသားတို့က အထင်ကြီးမှုနည်းနေသည်"ဟု ထင်ပါသည်။ ထို့ကြောင့် "တိုင်းပြည်အကျိုး သာသနာတော်အကျိုးကို အဖက်ဖက်က တိုးစေနိုင်သော ကိုယ်နှုတ်စိတ်ယဉ်ကျေးမှုများကို သူ့နေရာနှင့်သူ အသုံးပြုတတ်ဘို့ရန် ပြန်၍ ထုတ်ဖော်သင့်သည်"ဟု ယူဆပါသည်။

**ပြင်မှ ဖြစ်တော့မည်**

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ပျောက်ကွယ်သွားအောင် လုပ်လို့ကား ဖြစ်နိုင်မည် မဟုတ်ပါ။ တိုင်းပြည်၌ အကျိုးရှိအောင် ပြင်ဘို့သာ လွယ်ကူပါမည်။ မှန်ပါသည်— ဝိနည်းတော်နှင့် လျော်ညီစွာ အကျိုးရှိသော သာသနာတော်ကို ဆရာတော်ကြီးများလည်း လိုလားတော်မူကြပါသည်။ ထိုထိုတိုက်ပိုင် ကျောင်းပိုင် ပုဂ္ဂိုလ်များကလည်း နှစ်သက်ကြပါသည်။ ဝိနည်းကို နားလည်သော လူဝတ်ကြောင် ဒါယကာ ဒါယိကာမများကလည်း ဝတ်ကျေတမ်းကျေ လှူဒါန်း နေရစေကာမူ စေတနာ မထက်သန်ကြသောကြောင့် အကျင့်ကောင်းသော လယ်ယာမြေကောင်းဝယ် ဒါနမျိုးစေ့ကို စိုက်ပျိုးလိုကြပါသည်။ တိုင်းပြည်အုပ်ချုပ်သော မင်းတို့ကလည်း အများစုက ဗုဒ္ဓဘာသာ မိဘမှ ဆင်းသက်လာကြသောကြောင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လိုကြပါ၏။ သို့သော်....ဘုန်းတော်ကြီးများက ဘာသာရေး၌သာ ရှင်းရှင်း မနေကြဘဲ နိုင်ငံရေးကိုဝင်စွက်ခဲ့ကြသောရှေးဖြစ်ပုံကိုတွေးကာနောင်ရေးအတွက် စိတ်မအေးအောင် ဖြစ်ပြီးလျှင် ပြုပြင်ရမည့် နည်းကောင်းကို မမြင်နိုင်ကြပါ။

**အစိုးရတတ်နိုင် ပါသည်**

ဘုန်းကြီးကား လွတ်လပ်ရေးမရခင်ကပင် သာသနာရေးကို ပြုပြင်လိုသော ဆရာသမားများအထံမှ ရအပ်သော ဩဝါဒဖြင့် အနာဂတ်သာသနာရေးကို ရေးခဲ့ပါသည်။ မိမိအလိုကျ ဘာနိုင်ငံလုံးကို ပြုပြင်ခွင့်မရသော်လည်း မိမိအုပ်ချုပ်

ရာ ကျောင်းတိုက်ကို တမျိုးပြီးတမျိုး ပြုပြင်၍လာခဲ့ရာ အုပ်ချုပ်သော အစိုးရမပါလျှင် အရာရာ၌ မလွယ်ကူကြောင်းကို ကောင်းကောင်းသိမြင်ပါသည်။ ထို့ကြောင့် အစိုးရကိုယ်တိုင် တာဝန်ယူ၍ ပြုပြင်သင့်ပါသည်။ အစိုးရပါလျှင် သာသနာတော် ပြုပြင်လိုသော ဆရာတော် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမ အများပင် သဘောတူကြပါလိမ့်မည်။

**အစမ်းပြုပြင်ခြင်း** မိမိကျောင်းတိုက်၌ ယခုအခါ အစမ်းပြုပြင်နေပါပြီ။ ကျောင်းတိုက်၌နေလိုလျှင် ဂုဏ်ကိုရင်း၊ လာဘ်ကိုရင်း၊ မမြော်ကိုးဘဲ ရိုးရိုးစာသင်၍ ဝိနည်းကိုသိအောင်လည်း သင်၊ သိသလောက်လည်းကျင့်ဘို့ရန် အထူးတိုက်တွန်းပါသည်။ ငွေဖြင့်ကိုယ်တိုင်ဝယ်ထားသော နိဿဂ္ဂိပစ္စည်းများ မရှိရအောင် စင်ကြယ်ဘို့ အထူးညွှန်ပြပါသည်။ နေ့၌သာ စာအံစာချ၍ ညဥ့်အခါ ဘုရားဝတ်ပြုချိန်မှစ၍ စာမချ စာမအံရတော့ဘဲ အားလုံးတရားထိုင်စေပါသည်။

**ရှေးနည်းအတိုင်း လိုက်ပါ** စည်းကမ်းအသစ်ဖြင့် သာသနာတော်သို့ရောက်လာသော ပုဂ္ဂိုလ်တိုင်း၌ ယခုခေတ်အတိုင်း စာသင်ရုံ စာချရုံမျှဖြင့် လောဘ ဒေါသ ဣဿာ မစ္ဆရိယ မာန်မာန နည်းပါး၍ သဒ္ဓါဘရားတိုးပွါးအောင် မတတ်နိုင်ကြောင်းကို လက်တွေ့ အဖြစ်အပျက်က သက်သေပြလျက် ရှိပါသည်။ ထို့ကြောင့် မြန်မာပြည်ရှေးခေတ်ကလဇ္ဇီသူမွန်သီလဝန်မထေရ်မြတ်တို့သည် နေ့အဘို့၌ပရိယတ်ကို သင်ယူပို့ချ၍ ညဥ့်အဘို့၌ ပဋိပတ်ကို ကျင့်ကြသကဲ့သို့ရင်း၊ ခရစ်တော်သည်လည်း တိဘက်ပြည်၌ သာမဏေအဖြစ်- ရဟန်းအဖြစ်ဖြင့် နေစဥ်က တချိန်၌ ပရိယတ်, တချိန်၌ ပဋိပတ်ဖြင့်နေခဲ့သကဲ့သို့ရင်း၊ ထိုသို့ နေရခြင်းကိုပင် ရှေးဆရာတော်ကြီးများကလည်း ကျေနပ်တော်မူကြပါသည်။ ထို့ကြောင့် ထိုနည်းကိုပင် ယခုအချိန်ကစ၍ လိုက်နာနိုင်အောင် ကြိုးစားသင့်ကြပါသတည်း။

~~~~
~~~~

## နောက်ဆက်တွဲနိဂုံး

**ဤစာရေးချိန်၌ သရိုင်အပင့်** ဤစာရေးရာအချိန်အခါသည် သရိုင်ရွာ၌ ပြင်နေသောသိမ်တော်နှင့် စေတီတော်ကြီးပါ အားလုံးပြီးစီး၍ တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့၌ သံဃာတော်များနှင့်အတူ (သံဃာများကို လိုသလောက် များများပါစေ၍)ကြွလာဘို့ရန် နယ်သံဃာများပါဝင်သော အစည်းအဝေးက စေလွှတ်ခံရသော ဒါယကာများ၏ ပင့်လျှောက်ချိန်နှင့် ကြုံကြိုက်နေပါသည်။

**အဖူးအမြော်သွားမည်** ထိုသို့ ပင့်လျှောက်ချက်အရ ပြီးစီးပြီးသော သိမ်တော်စေတီတော်ကို အဖူးအမြော်သွားရင်း နယ်သံဃာများနှင့် ဒကာ ဒကာမများ၏ ဆန္ဒကိုပြည့်ဝစေရန် ရည်သန်လျက် ရန်ကုန်က စေတီတော် ဆိုင်ရာ ဒကာများလည်း လာဘို့ရန် အကြောင်းကြားစေရပါတော့သည်။

**သွားဘို့အစီအစဉ်** မနှစ်က သံဃာတရာနှင့်အတူ သွားခဲ့ရာဝယ် ပရိတ်တရားနာလိုကြသော ပတ်ဝန်းကျင် ရပ်ရွာများသို့ အစုခွဲ၍ ကြွသောအခါ သံဃာနည်းနေရကား ယခုအခေါက်၌ သံဃာတရာ့ငါးဆယ်နှင့်အတူ သွားဘို့ရန် စီစဉ်ရပါသည်။ မနှစ်က ဝက်လက်ရောက်ချိန်မှာ နေ့ဆွမ်းအတွက် အချိန်မှီရောက်ဘို့မသေချာသောကြောင့် အသွားအပြန် ရန်အောင်မန်း ကားကြီး ၃-စီး, (မြောင်းမြ ဆရာတော်ပါသည့်အတွက်) လင့်ရှိဘာ ၂-စီးဖြင့် သွားခဲ့ရ၏။ ဤအခေါက်၌ကား ဝက်လက်၌ နေ့ဆွမ်းမှီဘို့ အချိန်ရှိသောကြောင့် အသွား၌ တွဲလုံးယူထားသော မီးရထား ၃-တွဲဖြင့်သွား၍ အပြန်ကျမှ ကားကြီး ၄-စင်းလောက်ဖြင့် ပြန်ဘို့ရန် စီစဉ်ရပါသည်။

**နံနက်ဆွမ်း** ထိုသို့သွားရာ၌ နံနက်စောစော ရထားလည်းမှီအောင် သံဃာများလည်း အဆာပြေရုံ ဆွမ်းစား နိုင်အောင် ကျောင်းတိုက်ကို ဂရုစိုက်နေသော ဘူတာအနီးက ဒကာငြိမ်၏ အိမ်၌

ဆွမ်းစားဘို့ စီစဉ်ရပါသည်။ နံနက်ဆွမ်းလည်းစားအပြီး၊ မေတ္တာသုတ် ပရိတ်လည်း ရွတ်အပြီးနှင့် ရထားလာချိန် အဆင်သင့်အောင် စီစဉ်ရာ အားလုံးအသင့်ပင် ဖြစ်ပါသည်။

**အင်းကြီးကို လှေဖြင့်ကူး**

ဝက်လက်နှင့်သရိုင် အလယ်လောက်တွင် (အလျား အားဖြင့် ရွှေဘိုအထက် ဆည်ကြီးများနှင့် ဆက်မိ၍) အနံ ၂-မိုင်ခန့်ကျယ်သော အင်းကြီးရှိ၏။ အင်း၏ အလယ်၌ လှည်းသွားနိုင်သော တာရိုးရှိသော်လည်း လှည်းမစီးသော သံဃာများအတွက် လှေဖြင့်သွားရခြင်းက သက်သာ၏။ ကားဖြင့်သွားဘို့ လမ်းလည်းမကောင်းလှ။ ထို့ကြောင့် မနှစ်ကလို လှေဖြင့်သွားဘို့ စီစဉ်ရ ၏။ လှေဖြင့်သွားသောအခါ ပတ်ဝန်းကျင်ရွာများနှင့် ရေသတ္တဝါတွေ ကို မေတ္တာဖြန့်သည့်အနေအားဖြင့် မေတ္တာသုတ် ရတနသုတ် မဟာသမယ သုတ်တို့ကို မနှစ်ကလို သံပြိုင်ညီညီ ရွတ်ဆိုကြဘို့လည်း စီစဉ်ရပါသည်။ သို့သော် မနှစ်က မြင်တော်ရွာ၌ ကြိုဆိုကြသော ပရိသတ်ဝယ်ဩဝါဒ ပေးပြီး၍ ဖောင်သို့ဆင်းသောအခါ ဖောင်ကမခိုင်သောကြောင့် ဤနှစ်၌ လှေကို ၂-စင်းစီ ၂-စင်းစီ (ပူးတွဲခြင်းမျိုးမဟုတ်ဘဲ) ဦးချင်းညီရုံ ဆက်၍ အလယ်ပေါ၌ အသံချဲ့စက်ထားပြီးလျှင် သာသာယာယာရွတ်ဆိုသွားကြ ရပါသည်။

**သရိုင်နေ့ခိုက်**

မနှစ်က သရိုင်၌ ၃-ရက်နေခဲ့သလို ဤနှစ်၌လည်း ၃-ရက်နေ၍ စေတီတော်ကြီးနှင့် သိမ်တော်ကို ညဥ့် အခါ၌ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်တော်ကို သံပြိုင်ညီညီ ရွတ်ဆိုပူဇော်ကြပါသည်။ တချို့ညဥ့်ဝယ် သရိုင်နှင့် ပတ် ဝန်းကျင်ရွာများ၌ မေတ္တာသုတ်စသော သုတ်တော်များကို ရွတ်ဆိုကြပါ သည်။ ရပ်သူနယ်သားအားလုံးပင် ဗုဒ္ဓမြတ်စွာကို သက်တော်ထင်ရှား ထင်မြင်လာသည့်အထိ တဖြေးဖြေး အာရုံပြုတတ်အောင် ဟောပြော ခဲ့ပါသည်။ ဒါနကို အနည်းငယ်စီသာ မှန်မှန်ပြုဘို့နှင့် ကိုယ်ကျင့်ကောင်း အောင် သီလကိုသာ ရှေးကထက် ကြိုးစားကြဘို့၊ တအိမ်နှင့်တအိမ် တရွာ နှင့်တရွာ မေတ္တာပို့ကြဘို့၊ လူမှုကိစ္စရှိလျှင် ခင်ခင်မင်မင် ကူညီကြဘို့ တိုက်တွန်းခဲ့ပါသည်။

**စားရေးသောက်ရေး** စားရေး သောက်ရေးမှာ မနှစ်ကလိုပင် ဆွမ်းကပ်ရာ၌ မေတ္တာဘာဝနာနှင့်လည်း လိုက်လျော အောင်ရင်း၊ သား ငါးမစား-နတ်သုဓာကိုသာစားသော အထက်နတ်များနှင့်လည်း လိုက်လျော၍ ရပ်ရွာ နယ်ပယ်ကို စောင့်ရှောက်လိုသောဆန္ဒများ ဖြစ်ပေါ်လာအောင်ရင်း၊ အကုန်အကျမများအောင်ရင်း သားစိမ်း ငါးစိမ်း သားကြီး ငါးကြီးများ မစီမံကြဘို့ရန်နှင့် မုန့်ပဲသွားရည်စာကို မြို့အစာများ မပါစေဘဲ ရပ်ရွာ၌ဖြစ်သော မုန့်ပဲ လဘက်ရည်ကြမ်းကိုသာ ကပ်ကြဘို့ရန် မနှစ်က ညွှန်ပြသလို ဤနှစ်၌လည်း ညွှန်ရပါသည်။

**ဟံလင်းမြို့ဟောင်း** ဤ ဒုတိယအကြိမ် သွားရာ၌ လိုက်ပါလာသော သံဃာများကို ဗဟုသုတရစေဘို့ရန် ဟံလင်းမြို့ဟောင်းသို့ရေပူချိုးဘို့ပို့ရပါသည်။ထိုသို့ပို့သောအခါ နေ့ဆွမ်းအတွက် သရိုင်ဇာတိ (ညီဝမ်းကွဲတော်သူက) တာဝန်ယူဘို့ရန် အကြောင်းကြားထားသော်လည်း “ထိုအကြောင်းကို ကြားရသော ဒါယကာ (သူကြီးဟောင်း) က သူလည်း ဆွမ်းကပ်ပါရစေ” ဟု ဝက်လက်ရောက်လျှင်ရောက်ခြင်း လျှောက်သောကြောင့် ၇၅-ပါးစီခွဲ၍ ဆွမ်းကပ်စေရတော့သည်။

**ရေမချိုးခဲ့ရ** သရိုင်ရွာမှ ညောင်ပင်တွင်းသို့ သွား၍ လှေဖြင့် ဆားတောင်ကြီးရွာသို့ သွားပြီးမှ ဟံလင်းသို့ သွားရ၏။ ရောက်လျှင်ရောက်ချင်း အချိန်ပိုမရ၍ ဆွမ်းခံ ဆွမ်းစားရသောကြောင့်ရင်း၊ ဆွမ်းစားပြီး ဆွမ်းဆန်စိမ်း လောင်းလိုကြသောကြောင့်ရင်း သူတို့ဆန္ဒကို ပြည့်စေရသည့်အပြင် အချိန်မှီပြန်၍ စမွန်းရွာ ညောင်ပင်တွင်းရွာတို့၌ ပရိတ်ရွတ်ကြရသောကြောင့် ရေချိုးခွင့် မရခဲ့ကြပေ။ [နောက်တကြိမ်၌ ဟံလင်းကြီးဝယ် ညအိပ်ဘို့လျှောက်ပါသည်။] ဟံလင်းမြို့ဟောင်းသွားရာ၌ ကိုယ်တိုင် လိုက်-မသွားသော်လည်း ဆွမ်းဆန်စိမ်းလောင်းသောအခါ ရဟန်းတော်တပါးအတွက် လူဝတ်ကြောင်ကပ္ပိယတယောက် တောင်းဖြင့် လိုက်ပါဘို့ရန် ခေါင်းဆောင် စာချဘုန်းကြီးက စီမံပါသည်တဲ့။

**မင်းရှာနှင့် ကျည်းပင့်ကန်**

ဤဒုတိယအခေါက်၌ မင်းရှာနှင့် ကျည်းပင်ကန်ရွာ တို့မှ ပရိတ်ရွတ်ပင့်ကြ, ဆွမ်းကပ်လိုကြသောကြောင့် သူတို့အလိုကိုလည်း ပြည့်စေဘို့ရန် ပြန်ခါနီးနောက်ဆုံးညဥ့်၌ ငါးဆယ်စီခွဲ၍ ပို့ရသောကြောင့် ဝက်လက်၌ သံဃာငါးဆယ်သာ ညဥ့်အခါ၌ ပရိတ်ရွတ်-မိမိက_တရားစကားပြော၍ ထိုခရီးအတွက် အများအလိုပြည့်အောင် စီစဉ်ရပါသည်။

**သံသရာခရီး** အိုသူတော်ကောင်းတို့....အသွားအပြန်ငါးရက်မျှသာ ကြာမည့်ခရီးအတွက် အတူပါလာသူများ မခေါင်းရဲဘို့ရန် ရထားတွဲလုံးရအောင် စီစဉ်ရ,ပါလာသူတို့လေမထအောင် ရသားပစီးခင် ဖြစ်သလို နံနက်ဆွမ်းစားဘို့ စီစဉ်ရ, အပြန်ခရီးအတွက် ကားကြီးများရအောင် စီစဉ်ရ, သရိုင်ရွာနေခိုက် နေရေး စားရေးကို ကြိုတင်၍ စီစဉ်ရခြင်းအားဖြင့် အတော်ကလေး ကိစ္စများပုံတို့ကို သိမြင်ကြသော မိမိ၏ သံဃာများနှင့် ဒါယကာ ဒါယိကာမများသည် နိဗ္ဗာန်အထိ ရှည်လျားသော သံသရာခရီးအတွက် မည်၍မည်မျှ တင်ကြို၍ စီမံထားသင့်ကြောင်းကို သဘောပေါက်လောက်ပါပြီ။

**ပြုပြင်နိုင်ကြပါစေ သတည်း** ထိုသို့ သဘောပေါက်ကြလျှင် ငါးပါးသီလ လုံခြုံစွာဖြင့် ဤစာအုပ်ကလေးကို ကြည့်၍ကြည့်၍ ဗုဒ္ဓါနုဿတိဘာဝနာကို အထူးလေ့လာကြပါ။ မေတ္တာဘာဝနာကို နေ့စဉ်မှန်မှန် (အချိန်အနည်းငယ်ဖြစ်စေ) ပွါးများကြပါ။ မိမိစိတ်၌ အဘိဇ္ဈာ ဣဿာ မစ္ဆရိယ မာန ဒေါသနှင့် ကာမဂုဏ်၌ လျှပ်ပေါ်လော်လီမှုမရှိအောင် အထူးသတိထားကြပါ။ ဗုဒ္ဓသာသနာတော်ကို လှူဒါန်းထောက်ပံ့ရာ၌ရင်း၊ ကိုယ်တိုင်သာသနာ့ဝန်ထမ်းရဟန်းပြုရာ၌ရင်း၊ အမျိုးဘာသာ သာသနာတော်ကို ဖျက်ရာမရောက်အောင် စည်းကမ်းသေဝပ်စွာပြုတတ်ဘို့ရန် ဤကျမ်းစာ၌ ညွှန်ပြသည်ကိုလိုက်နာ၍ သံသရာခရီးအတွက် လူကောင်းသူကောင်းများ ဖြစ်ကြပါစေသတည်း။

နိဂုံးချုပ်။ ဗုဒ္ဓါနုဿတိ၊ ဘာဝနာရှိမှ၊ မိမိဘာသာ၊ သာသနာကို၊ ကောင်းစွာသိမြင်၊ စောင့်ရှောက်ချင်၏။

စောင့်ချင်လာသော်၊ ကြောင်းကျိုးမြော်က၊ ခုပေါ်ကာလ၊ ပကာသနနှင့်၊ ဒါနစုစု၊ ကုန်ကျမှုတို့၊ အပြုဘက်မှာ၊ မရောက်လာဘဲ၊ ဖျက်ရာသို့ပင်၊ အများဝင်၏။

သို့စင်သာသနာ၊ ပြုလိုပါမူ၊ ပကာသန၊ မပါကြဘဲ၊ ဒါနစုစု၊ ကောင်းအောင်ပြုလော့၊ တခုဒါန၊ ပါရုံမျှဖြင့်၊ သံသာရကြီး၊ လမ်းခရီးကား၊ ဘယ်နည်းနှင့်မျှ၊ မဖြောင့်ကြဘူး။

သီလအကျင့်၊ လုံအောင်ကျင့်လျက်၊ အသင့်မေတ္တာ၊ ကရုဏာနှင့်၊ သစ္စာခန္တီ၊ စိတ်သည်းရှည်၍၊ ကိုယ်စီစိတ်မူ၊ ဖြောင့်အောင်ပြုမှ၊ ယခုလည်းကောင်း၊ နောင်လည်းကောင်းလိမ့်။

အကောင်းဖုံဖုံ၊ အကုန်စုံလျှင်၊ ပြည်ဘုံအမတ၊ နိဗ္ဗာနကို၊ ရဘို့အကြောင်း၊ ဆုမတောင်းလည်း၊ သူကောင်းစံဘို့၊ ခေမာမြို့ကား၊ ငါတို့တွက်တာ၊ အနီးမှာတည်း။

မှန်စွာလမ်းစဉ်၊ ဤသို့မြင်၍၊ လူရှင်များစု၊ သာသနာပြုဘို့၊ ယခုနောက်နှောင်း၊ အချိန်ကောင်းသဖြင့်၊ စုပေါင်းသေချာ၊ စီရင်ပါသည်.... ဗုဒ္ဓါနုဿတိ-နုဿတိ။

**ဗုဒ္ဓါနုဿတိဘာဝနာ**

**နောက်ဆက်တွဲပါပြီးပြီ။**

ဆရာတော်အရှင်ဇနကာဘိဝံသ

၏

# မြဟ္မဇာလသုတ်တော်

# မြန်မာပြန်

ဗုဒ္ဓါနုဿတိဘာဝနာကို လေ့လာကျင့်သုံးနေသူသည် ဗုဒ္ဓမြတ်စွာ၏ သဗ္ဗညုတဉာဏ်တော်ကို နှလုံးသွင်းနိုင်ရန် ဤဗြဟ္မဇာလသုတ်တော်ကို လေ့လာကြည့်ရှုသင့်ပါသည်။

ဤသုတ်တော်ကို လေ့လာသူသည် လွဲမှားသောအယူဝါဒတို့ကို ကုန်စင်အောင် သိလာပြီးလျှင် ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို မိမိဉာဏ်ဖြင့် မှန်းဆ ကြည်ညိုနိုင်ခွင့်ရပါလိမ့်မည်။

ဤသုတ်တော်သည် သာသနာ့ပြုရဟန္တာမထေရ်မြတ်ကြီးများ မြန်မာပြည်သို့ စတင်ရောက်ရှိ၍ ဗုဒ္ဓ၏ သာသနာမျိုးစေ့ချခဲ့ရာ၌ ဦးစွာပဌမဟောတော်မူသော ဝါဒအမျိုးမျိုးကိုဖြေရှင်း၍ သဗ္ဗညုဘုရားရှင်၏ အယူဝါဒကို ထင်ရှားအောင် ဖော်ထုတ်ခဲ့သော တရားတော်မြတ်ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓါနုဿတိဘာဝနာလည်းဖြစ်၍ သမ္မာဒိဋ္ဌိအယူမှန်လည်း ဖြစ်နိုင်ပြီးလျှင် ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးကို ဉာဏ်မီသမျှ ကြည်ညိုနိုင်ရန် မြန်မာပြည် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး၏ အဦးအစ ပင်မ စတင်စိုက်ပျိုးတော်မူခဲ့သော ဤဗြဟ္မဇာလသုတ်တော်ကြီးကို မြတ်စွာဘုရားနှင့်တကွ မြန်မာပြည်တွင် စကင်ဟောကြားတော်မူသော "သောဏထေရ်, ဥတ္တရထေရ် အမှူးပြုသော ရဟန္တာ မထေရ်မြတ်ကြီးများအားလည်း ပူဇော်သောအားဖြင့် ကြိုးစားမှတ်သား နှလုံးသွင်းအားထုတ်ကြစေလို၍ ဗုဒ္ဓါနုဿတိဘာဝနာနှင့် ပူးတွဲထားပါသည်။

# မြဟ္မဇာလသုတ်၌

## အကျဉ်းချုပ် သိနှင့်ဘွယ်

၁။ ရတနာသုံးပါးကို သုပ္ပိယပရိဗိုဇ်သည် ကဲ့ရဲ့၏။ ဗြဟ္မဒတ် လုလင်သည် ချီးမွမ်း၏။ ထိုအကြောင်းကို ဗုဒ္ဓမြတ်စွာသိတော်မူ၍ "ကဲ့ရဲ့ ခံရသော်လည်း စိတ်မဆိုးကြနှင့်။ ချီးမွမ်းခံရသော်လည်း ဝမ်းသာ အားရ စိတ်မကြွကြနှင့်"ဟု ဩဝါဒ ပေးတော်မူသည်။

၂။ "ဗုဒ္ဓမြတ်စွာကို ပုထုဇဉ်က ချီးမွမ်းသော်လည်း သူ့ဉာဏ်မှီသမျှ အောက်တန်းကျသော သီလဂုဏ်ဖြင့်သာ ချီးမွမ်းနိုင်မည်။ အထက်တန်း ဖြစ်သော သမာဓိဂုဏ်, ပညာဂုဏ်ဖြင့် မချီးမွမ်းနိုင်"ဟု မိန့်တော်မူကာ သီလသုံးမျိုး (စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ)ကို ပြတော်မူသည်။ (ဤပြတော်မူခြင်းကား ဗြဟ္မဒတ် လုလင်၏ ချီးမွမ်းမှုနှင့်စပ်၍ စကား အဆင်သင့်သောကြောင့် ဖြစ်သည်။)

၃။ "ပုထုဇဉ်တို့ ဉာဏ်မမှီနိုင်သော သဗ္ဗညုတဉာဏ ဂုဏ်တော်ကြီး ရှိသေး၏။ ထိုဂုဏ်ဖြင့် ချီးမွမ်းနိုင်မှ ဗုဒ္ဓကို အမှန်ချီးမွမ်းရာ ရောက်မည်" ဟု မိန့်တော်မူ၍ သဗ္ဗညုတဉာဏ်တော်ကို မှန်းပြော်နိုင်ဘို့ရာ မိစ္ဆာအယူ ၆၂-ပါးကို ခွဲခြားပြတော်မူပြန်သည်။ ထိုမိစ္ဆာ အယူဝါဒတို့၌ အတ္တ စွဲလမ်းမှုသည် အချုပ်အချာဖြစ်၏။ ထို့ကြောင့် ထိုမိစ္ဆာဝါဒီတို့၏ အယူ ဝါဒကို နားလည်လိုလျှင် အတ္တစွဲလမ်းပုံကို ပဌမဆုံး နားလည်ဘို့ အရေး ကြီးပေသည်။

၄။ ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာတရားတော်ကို အတော်အတန် လိုက်စား မိသူတို့သည် "ထိုထိုအာရုံ၌ ဖဿဖြင့် ခတ်ခိုက်မိ၏။ ထိုသို့ ခတ်ခိုက် သည်နှင့် တပြိုင်နက် စိတ်က သိ၏။ ဝေဒနာက ခံစား၏။ သညာက မှတ်သား၏။ စေတနာက လှုံ့ဆော်၏" ဤသို့ စသည်ဖြင့် နားလည်ကြ သောကြောင့် "ထိုစိတ် ဖဿ ဝေဒနာ သညာ စေတနာ စသည်ကို ဖယ်ထား၍ 'အတ္တ' ဟူသော အကောင်အထည် တမျိုးမရှိတော့"ဟု

နားလည်ကြ၏။ ရုပ် နာမ် စိတ် ဖဿ ဝေဒနာ စသော အသံကိုမျှ မကြား ရသော သာသနာပ ကာလ၌ကား အာရုံတခုကို သိ တွေ့ ခံစား မှတ် သားကြရာ၌ "အတ္တသည် သိ၏။ အတ္တသည် ထိ၏။ အတ္တသည် အကောင်း အဆိုး သုခ-ဒုက္ခ ၂-မျိုးကို ခံစား၏။ အတ္တသည် မှတ်သား၏။ အတ္တ သည် ကိုယ်ဖြင့်ပြု၏။ နှုတ်ဖြင့် ပြော၏။ အတ္တသည် ကြံ၏"ဟု နေရာ တိုင်း၌ အတ္တကို အသုံးပြုကာ 'အတ္တရှိ၏'ဟုပင် မှတ်ထင် စွဲလမ်းကြလေ တော့သည်။

(ဤစာကြည့်သူပင် ဗုဒ္ဓဘာသာတရားတော်ကို လုံးဝ မကြားဘူးလျှင် မည်ကဲ့သို့ ယူဆမှတ်ထင်လိမ့်မည်နည်း။)

၅။ ထိုကဲ့သို့ အတ္တရှိ၏ဟု စွဲလမ်းမှတ်တင် ကြရာဝယ် တဦးနှင့်တဦး မတူကြချေ။ တချို့ဆရာတို့က "အတ္တသည် လူတို့မျက်စိဖြင့် ကြည့်၍ မမြင်နိုင်လောက်အောင် အလွန့်အလွန် သေးငယ်၏။ ပရမာဏုမြူခေါ် အသေးဆုံး မြူမှုန်လောက်သာရှိ၏"ဟု ယူဆကြ၏။ ဂျိန်းဆရာတို့ကား အတ္တသည် ခန္ဓာကိုယ် တခုလုံး၌ ပျံ့နှံ့ တည်နေရကား ခန္ဓာကိုယ် ကြီးသလောက် အတ္တသည် ကြီး၏"ဟု ယူဆကြ၏။ ဝေဒန္တ ကျမ်းဆရာ တို့ကမူ "အတ္တ ဟူသည် ကမ္ဘာကြီးကို ဖန်ဆင်းသော ဗြဟ္မာ၏ အစိတ် အပိုင်း ဖြစ်သောကြောင့် ဗြဟ္မာတန်ခိုးကြီးသလို တန်ခိုးကြီး၏။ ကြီးမား သင့်သည့်အခါ ကြီးမား၏။ ခန္ဓာဟောင်းကို စွန့်၍ (သေ၍) ခန္ဓာသစ်ကို ရှာနေခိုက်၌ အလွန်သေးငယ်၏"ဟု ဆိုကြသည်။

၆။ ထိုအတ္တသည် ခန္ဓာအိမ်တခုလုံးကို အုပ်စိုးနေ၏။ အိမ်ကိုအုပ်ချုပ် သော အိမ်ရှင်သည် မိမိအိမ်ကို မိမိအလိုရှိသလို ပြုပြင်နိုင်သကဲ့သို့ မိမိ ခန္ဓာအိမ်ကိုလည်း အတ္တသည် အလိုရှိသလို ပြုပြင်နိုင်၏။ (အတ္တက စား ချင်လျှင် ခန္ဓာအိမ် အစိတ်အပိုင်းက စားပေးရ၏။ အိပ်ချင်လျှင် အိပ်ပေး ရ၏- စသည်တည်း။) အိမ်တလုံးဟောင်းနွမ်းလျှင် အိမ်အသစ် ဆောက် သကဲ့သို့ အတ္တလည်း လက်ရှိ ခန္ဓာအိမ် အိုမင်းပျက်စီးလျှင် ခန္ဓာအိမ် အသစ်ကို တည်ထောင်၏။ (ထိုသို့ တည်ထောင်ရာ၌ အတ္တပြုထားသော ကောင်းမှု မကောင်းမှု ကံအားလျော်စွာ ခန္ဓာအိမ် အကောင်းအဆိုးကို

ရရှိလေသည်။) ထိုအတ္တသည် ပြုဘွယ်ကိစ္စဟူသမျှကို ပြု၏။ ပြော၏။ ကြံ၏။ ထိုသို့ ပြုလုပ်ပြောဆိုရာ၌ လက်ခြေအင်္ဂါ ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့သည် အတ္တအလိုကျအောင် မြောက်ပင့်ရ ကွေရ ချရ ခုတ်ရလေသည်။ ထိုအတ္တသည် ကောင်းသော အရသာ ဆိုးသော အရသာကိုလည်း ခံစား၏။ မျက်စိဖြင့် မြင်ရာ၌ အတ္တသည် မြင်၏။ နားဖြင့် ကြားရာ၌ အတ္တသည် ကြား၏။ ဤသို့စသည်ဖြင့် လောက၌ ရှိသမျှကိစ္စတွေကို အတ္တ၏ အလုပ်ကိစ္စဟုချည်း မှတ်ထင်ကြလေ၏။ (ဤစာကြည့်သူကိုယ်တိုင်လည်း ရုပ်-နာမ် သဘောကိုမသိဘဲ လောကဖြစ်ပုံကို စဉ်းစားကြည့်ပါမူ အတ္တ၏ ကိစ္စတွေချည်းဟုပင် ထင်မြင်ပေလိမ့်မည်။)

၇။ ထိုကဲ့သို့ "အတ္တ"ရှိ၏ဟု မှတ်ယူ စွဲလမ်းသော အမြင်တမျိုးကို "ဒိဋ္ဌိ"ဟု ခေါ်၏။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့၏ ကိစ္စကို အတ္တ၏ ကိစ္စဟု ထင်မှားနေရကား ရုပ်စသော ခန္ဓာငါးပါးကိုပင် အတ္တဟု စွဲလမ်း မှတ်ထင်နေခြင်း ဖြစ်သည်။ ဤသို့ ခန္ဓာငါးပါးအပေါ်၌ အတ္တဟု စွဲလမ်းခြင်းဖြစ်သောကြောင့် ထိုဒိဋ္ဌိကို"သက္ကာယဒိဋ္ဌိ"ဟုလည်း ခေါ်သည်။ [သန္တ+ကာယ=သက္ကာယ၊ သန္တ=အထင်အရှား ရှိသော+ကာယ=ခန္ဓာငါးပါး အပေါင်း၊ သက္ကာယေ=အထင်အရှားရှိသော ခန္ဓာငါးပါးအပေါင်း၌+ဒိဋ္ဌိ=ဖြစ်သော အယူ။]

၈။ (က)ရုပ်ကို အတ္တဟု မှတ်ထင်မှု၊ (ခ) အတ္တသည် ရုပ်ရှိ၏ဟု မှတ်ထင်မှု၊ (ဂ) အတ္တ၌ ရုပ်ရှိ၏ဟု မှတ်ထင်မှု၊ (ဃ) ရုပ်၌ အတ္တရှိ၏ဟု မှတ်ထင်မှု၊ ဤသို့ ရုပ်နှင့်စပ်၍ အတ္တ စွဲလမ်းမှု လေးချက်ရှိ၏။ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်နှင့်စပ်၍လည်း လေးချက်စီရှိ၏။ "ဝေဒနာကို အတ္တဟု မှတ်ထင်မှု"စသည်ဖြင့် ရုပ်နေရာ၌ ဝေဒနာ-စသည်ကို သွင်း၍ ရေတွက်ပါ။ ဤသို့ ခန္ဓာငါးပါးအပေါ်၌ အတ္တစွဲလမ်းမှု လေးမျိုးစီ ရှိရကား အားလုံး ၂၀-ရှိ၏။ ထို ၂၀-ကိုပင် သက္ကာယဒိဋ္ဌိ ၂၀-ဟု ခေါ်ကြသည်။

၉။ ရုပ်နှင့်စပ်၍ အတ္တစွဲလေးမျိုးတွင် ရုပ်ကိုပင် အတ္တဟုစွဲလမ်းသော (က)အစွဲသည် ရုပ်နှင့်အတ္တကို မခွဲခြားဘဲ တခုထဲဟု စွဲလမ်းခြင်းတည်း။ ဥပမာ-မီးတောက်ကို အရောင်အလင်းဟု မှတ်ထင်ရာ၌ မီးတောက်နှင့်

အဆင်း (အလင်း) သည် မကွဲမပြားဟု ယူဆသကဲ့သို့တည်း။ (ခ) (ဂ) (ဃ) အစွဲတို့ကား ရုပ်တခြား အတ္တတခြားဟု ခွဲခြား၍ စွဲလမ်းခြင်းတည်း။ ထိုတွင် (ခ) အစွဲသည် "အရိပ်ရှိသော သစ်ပင်" ဟူရာ၌ အရိပ်တခြား သစ်ပင်တခြား ဖြစ်သကဲ့သို့တည်း။ (ဂ) အစွဲသည် "ပန်း၌အနံ့ရှိ၏" ဟူရာ၌ ပန်းသည် အနံ့၏တည်ရာဖြစ်သကဲ့သို့ အတ္တသည် ရုပ်၏တည်ရာဖြစ်၏ဟု စွဲခြင်းတည်း။ (ဃ) အစွဲသည် "ပတ္တမြားကြုတ်၌ ပတ္တမြားရှိ၏" ဟူရာဝယ် ကြုတ်သည် ပတ္တမြား၏တည်ရာ ဖြစ်သကဲ့သို့ "ရုပ်သည် အတ္တ၏ တည်ရာဖြစ်၏" ဟု စွဲခြင်းတည်း။ ဤ (ခ) (ဂ) (ဃ) စွဲလမ်းခြင်းများ၌ ရုပ် နာမ် နှစ်ရပ် ပေါင်းစပ်နေသော ခန္ဓာကိုယ်ဝယ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် နာမ်တရားတို့ကို အတ္တဟု စွဲလမ်းမှုများ ဖြစ်သည်။ (ဝေဒနာကို အတ္တဟုစွဲလမ်းမှုစသော နောက်သက္ကာယဒိဋ္ဌိတို့၌လည်း ဤနည်းမှီး၍ စိစစ်ပါလေ။)

၁၀။ ဤသက္ကာယဒိဋ္ဌိခေါ် အတ္တစွဲလမ်းမှု မပျောက်သမျှ မဂ်ဖိုလ်ကို မထိရောက်နိုင်ကြ။ မြန်မာလူမျိုးတွင်လည်း "လူသေလျှင် အသက်ထွက်သွား၏" ဟု ယူဆလျက် စိတ်ဝိညာဉ်ကို အသက် လိပ်ပြာ အတ္တဟု မှတ်ထင်သူ အများရှိသေး၏။ ထိုသူတို့ မှတ်ထင်အပ်သော "အသက်" ဟူသည် ဤသက္ကာယဒိဋ္ဌိ အတ္တစွဲလမ်းမှုပင်တည်း။

ဗြဟ္မဇာလသုတ်၌ ဟောတော်မူအပ်သော ၆၂-ပါး မိစ္ဆာအယူဝါဒများသည် ဤသက္ကာယဒိဋ္ဌိခေါ် အတ္တစွဲလမ်းမှုမှ ပြန့်ကျယ်ပေါက်ပွါးသော အယူများတည်း။ ထို့ကြောင့် ထို ၆၂-ပါး မိစ္ဆာအယူများကို လွယ်ကူစွာ နားလည်ဘို့ရာ အတ္တစွဲလမ်းပုံကို မှတ်သားနှင့်ကြပါကုန်။

ဒီဃနိကာယ်

သီလက္ခန္ဓဝဂ်

# ဗြဟ္မဇာလသုတ်တော်

# မြန်မာပြန်

## ၁။ ဤသုတ်ကို ဟောရခြင်း၏အကြောင်း

ဆရာတပည့် ဆန့်ကျင်ဘက် ပြောကြပုံ

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်နှင့် နာဠန္ဒမြို့ အကြား၌ဝယ် ရဟန်း ငါးရာနှင့်အတူ ဒေသစာရီ(၁) ကြွချီတော် မူလေသည်။ ထိုအခါ သုပ္ပိယပရိဗိုဇ် လည်း တပည့်ဗြဟ္မဒတ္တ လုလင်နှင့်(၂) ထိုခရီးလမ်းကို ပင် သွားလေရာ မမြော်လင့်ဘဲ ဗုဒ္ဓမြတ်စွာနှင့် ကြုံ ကြိုက်နေသောကြောင့် ခတ်လှမ်းလှမ်း နောက်မှ လိုက်သွားလေသည်။ ထိုဆရာတပည့် နှစ်ယောက်တွင် သုပ္ပိယပရိဗိုဇ်သည် (နဂိုကပင် ဗုဒ္ဓ မြတ်စွာကို ငြူစူနေသူဖြစ်သောကြောင့်) ဗုဒ္ဓရှေ့ရှု ကြွတော်မူသော သံဃာတော်များနှင့် ဗုဒ္ဓမြတ်စွာကို လှမ်းမျှော်ကြည့်ရှုမိလေရာ (သာ၍ ဣဿာ(၃) ဖြစ်လေရကား) အတွင်း၌ မျိုသိပ်၍ မထားနိုင်တော့ဘဲ ရတနာသုံးပါး၏ မဟုတ်မမှန်အပြစ်များကို အမျိုးမျိုး ပြောဆိုလေ သည်။ ဗြဟ္မဒတ္တလုလင်ကမူ ဆရာပြောသမျှကို ကန့်ကွက်မြစ်တား၍ ဂုဏ်ကျေးဇူးစကားကိုသာ ပြောလေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည် နာဠန္ဒမြို့သို့ မရောက်မီ နေဝင်ခါနီးသောကြောင့် "အမ္ဗလဋ္ဌိကာ"မည်

---

(၁) ဒေသ = အရပ်တပါးသို့၊ စာရီ = လှည့်လည်သည်။

(၂) ဗြဟ္မဒတ္တ လုလင်သာမက ပရိဗိုဇ်အများလည်း ပါသေး၏။

(၃) ဣဿာ = ကိုယ့်ထက်သာ မနာလိုမှု၊ ငြူစူဘတ် စောင်းချိတ် ပြောဆိုတတ်သောတရား။

သော ဥယျာဉ်သို့ဝင်၍ မင်းကွန်းစံအိမ်တော်ဝယ်[၁] တညဉ့်မျှ တည်းခို တော်မူသည်။ သုပ္ပိယ ပရိဗိုဇ်လည်း နောက်လိုက်များနှင့်အတူ ဝင် ရောက် တည်းခိုပြီးလျှင် ညဉ့်အချိန်မှာလည်း ရှေးနည်းအတိုင်းပင် ဆရာက အပြစ်ပြော၍ တပည့်က ဂုဏ်ကျေးဇူးကိုသာ ပြောဆိုလေသည်။

**ရဟန်းများ ဂုဏ်တော်ကိုပြောပုံ** ဗုဒ္ဓမြတ်စွာ၏ နောက်တော်ပါ သံဃာတော်များ သည် (ရတနာသုံးပါးနှင့် စပ်လျဉ်း၍ ထိုဆရာ တပည့်တို့အယူအဆမတူကြပုံကို ကြားရသဖြင့်) နံနက်စောစော အိပ်ရာမှ ထသည့်အခါ တန် ဆောင်းဝိုင်းတခု၌ ပေါင်းစုနေထိုင်ကြပြီးလျှင် ဗုဒ္ဓမြတ်စွာ၏ ဉာဏ်တော် ကြီးမားပုံကို ပြောဆိုကြသည်မှာ "အရှင်ဘုရားတို့.... ဗုဒ္ဓမြတ်စွာ၏ နာနာဓိမုတ္တိကတာဉာဏ်တော်သည်[၂] အံ့ဩဘွယ်ကောင်းပါပေစွ။ ရှေးက မဖြစ်ဘူးသေးသော အထူးအဆန်း ဉာဏ်တော် ဖြစ်ပေါ်လာပါပေသည်။ အလိုဆန္ဒချင်းမတူကြသော ဆရာတပည့် နှစ်ယောက်တို့တွင် ဆရာဖြစ်သူ သုပ္ပိယ ပရိဗိုဇ်သည် (ယုတ်ညံ့သော အလိုဆန္ဒရှိသူ ဖြစ်သောကြောင့်) ရတနာသုံးပါး၏ မဟုတ်မမှန် အပြစ်များကို ပြောဆို၏။ တပည့်ဖြစ်သူ ဗြဟ္မဒတ္တ လုလင်ကမူ(ကောင်းမွန်သော အလိုဆန္ဒရှိသူ ဖြစ်သောကြောင့်) ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးနှင့် စပ်သောစကားကို ပြောဆို ပေသည်။"

---

(၁) တရံတခါ မင်းများသာ၍ ခဲတ္တနေဘို့ရာ ဆောက်ထားသော အိမ် တော်ကို "မင်းကွန်း"ဟု ခေါ်သည်။ နတ်စင်ကို "နတ်ကွန်း" ခေါ်သကဲ့ သို့တည်း။

(၂) တယောက်နှင့်တယောက် အလိုဆန္ဒ (နှလုံးသွင်းစိတ်ထား) မတူ ကြခြင်းကို "နာနာဓိမုတ္တိ"ဟု ခေါ်၏။ (နာနာ = မတူ ကွဲပြားသော၊ အဓိ မုတ္တိ = နှလုံးသွင်း, အလိုဆန္ဒ၊) ထိုသို့ အလိုဆန္ဒခြင်း မတူပုံကို သိသော ဉာဏ်ကို "နာနာဓိမုတ္တိကတာဉာဏ်"ဟု ခေါ်၏။ ဗုဒ္ဓမြတ်စွာသည် ထိုဉာဏ် တော်ဖြင့် သတ္တဝါအချင်းချင်း အလိုဆန္ဒ မတူကြပုံကို သိ၍ ဟောတော်မူဘူး၏။ ထိုဘုရားတော်ကား နိဒါနဝဂ္ဂ ဓာတုသံယုတ်၌ လာ၏။

ဤသို့ ဗုဒ္ဓမြတ်စွာ၏ နာနာဝိမုတ္တိကတာ ဉာဏ်တော်ကို အကြောင်း ပြု၍ ရဟန်းတော်များ စကားစမြည် ပြောဆိုကြလေသည်။ (ဤသို့ ရတနာသုံးပါးကို သုပ္ပိယက အပြစ်ပြောခြင်း, ဗြဟ္မဒတ္တက ဂုဏ်ကျေးဇူး ပြောခြင်း, ရဟန်းတော်များက "နာနာဝိမုတ္တိကတာဉာဏ်"ဟု ခေါ်ရ သော သဗ္ဗညုတဉာဏ်တော်ကို ချီးမွမ်းကြခြင်းသည် ဤ ဗြဟ္မဇာလ သုတ်တော် ဖြစ်ပေါ်လာခြင်း၏ အကြောင်းရင်းပေတည်း။)

## ၂။ ဗုဒ္ဓမြတ်စွာ ဩဝါဒပေးတော်မူခြင်း

**ဗုဒ္ဓ ကြွလာခြင်း** ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့၏ စကားကို ကြားသိတော်မူ၍ တန်ဆောင်းဝိုင်းသို့ ကြွလာတော်မူပြီးလျှင် "ယခုအခါ အဘယ်စကားကိုပြောဆိုနေထိုင်ကြသနည်း"ဟု(သိကော်မူပါလျက် စကားလက်စရအောင်) မေးတော်မူလေရာ သုပ္ပိယနှင့်ဗြဟ္မဒတ္တတို့၏ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းကို အထောက်အထားပြု၍ တယောက်နှင့်တယောက် အလိုဆန္ဒ မတူကြပုံကို သိတော်မူသော ဉာဏ်တော်၏ အကြောင်းကို ပြောဆို နေကြပါကြောင်း လျှောက်ထားကြလေသော်.... ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းနှင့်စပ်၍ ဩဝါဒ ပေးတော်မူသည်မှာ–

ဘိက္ခုတို့.... ဆန့်ကျင်ဘက်ကို လိုလားသူတို့သည် ငါဘုရား၏ အပြစ်၊ သို့မဟုတ် တရား၏ အပြစ်၊ သို့မဟုတ် သံဃာ၏ အပြစ်ကို ပြောကြလျှင် ထိုပြောသူတို့ အပေါ်၌ အာဃာတ[၁] မထားကြနှင့်။ မနှစ်သက်[၂] မကျေနပ်သော အမူအရာကို မပြုကြနှင့်။ စိတ်မပျက်ကြနှင့်[၃]။

ဘိက္ခုတို့....ထိုအပြစ်ပြောသူတို့အပေါ်၌ သင်တို့ အာဃာတ ထားကြ, မနှစ်သက် မကျေနပ်ကြ, စိတ်ပျက်နေကြလျှင် ထိုဒေါသ ဒေါမနဿ ဖြစ်နေမှုကြောင့် သင်တို့မှာသာ ဈာန် မဂ် ဖိုလ်တရား၏ အန္တရာယ် ဖြစ်ဘွယ်ရှိသည်။ (ဒေါသ-ဒေါမနဿ ဖြစ်နေမှုကြောင့် တရားအား ထုတ်၍ မရနိုင် ဟူလို။)

ဘိက္ခုတို့.... ထို အပြစ် ပြောသူတို့အပေါ်၌ သင်တို့တ ဒေါသ ဒေါမနဿ ဖြစ်နေကြလျှင် စကားကောင်း စကားဆိုးကို ခွဲခြား၍ သိနိုင်ကြဦးမည်လော။ (မိမိက ဒေါသ ဒေါမနဿ ဖြစ်နေလျှင် သူ့စကားကို စဉ်းစဉ်းစားစား ဝေဘန်နိုင်ဦးမှာလား''ဟု မေးတော်မူသည်။ ရဟန်း

---

(၁) မကျေနပ်နိုင်လောက်အောင် စိတ်ဆိုးသော ရန်ငြိုးဖွဲ့သော ဒေါသ။
(၂) စိတ် မချမ်းသာသော ဒေါမနဿ။
(၃) စိတ်ပျက်နေသော ဒေါသ။

များကလည်း''ဒေါသ ဒေါမနဿ လွှမ်းနေလျှင် သူ့စကားကို မစေ့ဘန်နိုင်တော့ပါဘုရား''ဟု လျှောက်ကြသည်။)

ဘိက္ခုတို့.. ထိုသို့ အပြစ်ပြောရာ၌ မဟုတ်ကြောင်း မမှန်ကြောင်း သူတို့ပြောအပ်သော အပြစ် မရှိကြောင်း ဖြေရှင်းကြရမည်။ ("မဖြေရှင်းဘဲ ငုံ့ခံနေလျှင် ဟုတ်လို့သာ ခံနေတာဘဲ''ဟု ယူဆဘွယ် ရှိသောကြောင့် စိတ်မဆိုးဘဲ ပြန်၍ ဖြေရှင်းရမည်ဟူလို။ သင်ဟာ ခွေးဘဲ နွားကြီးဘဲ စသည်ဖြင့် ဆဲရာ၌မူ ကား ဖြေရှင်းနေဘွယ်မလို။သည်းခံရမည်သာ။)

ဘိက္ခုတို့ ... ရဟနာသုံးပါးကို ကြည်ညိုသော နတ်လူတို့သည် ဘုရား တရား သံဃာတို့၏ ဂုဏ်ကျေးဇူးကို ပြောကြလျှင် ထိုပြောခြင်းကြောင့် သင်တို့သည် နှစ်သက်ရွှင်ပျသောအမူအရာကို[၁] မပြုကြနှင့်။ ဝမ်းသာအားရသော လက္ခဏာကို[၂] မပြကြနှင့်။ စိတ်တကြွကြွ[၃] တရွရွဖြစ်ကာ (ရေပေါ်မှာ ဗူးပေါ်သလို) မပေါ်လွင်ချင်ကြနှင့်။

ဘိက္ခုတို့.... သူတပါးတို့က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောခြင်းကြောင့် သင်တို့သည် နှစ်သက်ရွှင်ပျ ဝမ်းမြောက်လှ၍ တကြွကြွဖြစ်နေလျှင် သင်တို့မှာသာ ဈာန် မဂ် ဖိုလ်၏ အန္တရာယ်ဖြစ်ဘွယ် ရှိသည်။ (သာယာ နှစ်သက်မှု လောဘနှင့်ယှဉ်သော ပီတိ သောမနဿသည် အကုသိုလ်ဖြစ်ရကား ထိုအကုသိုလ် ဖြစ်နေလျှင် တရားထူးထုတ်၍ မရနိုင် ဟူလို။)

*ဘိက္ခုတို့.... သူတပါးတို့က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောခြင်းကြောင့် သင်တို့သည် နှစ်သက်ရွှင်ပျ ဝမ်းမြောက်လှ၍ တကြွကြွဖြစ်နေလျှင် စကားကောင်း စကားဆိုးကိုပင် ခွဲခြား၍ သိနိုင်ကြဦးမည်လော''.... "မသိနိုင်ပါဘုရား''

---

(၁) နှစ်သက်မှု ပီတိ။

(၂) စိတ်ချမ်းသာမှု သောမနဿ။

(၃) ကလေးများပျော်သလို စိတ်ကြွနေသော ပီတိချိုး။

* ဤစကားစုကား ပါဠိတော်၌ မပါ။ ရသင့်၍ အဋ္ဌကထာပြသော စကားသာတည်း။ ရလည်းရသင့်ပေ၏။ ကိုယ့်ဂုဏ်ကို အပြောခံရ၍ တကြွကြွဖြစ်နေလျှင် ထိုစကားအပေါ်၌ "အရိုးပြောလား အဆန်းပြောလား''ဟု မခွဲခြားနိုင်။

ဘိက္ခုတို့.... သူတပါးတို့က ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးစကားကို ပြောကြလျှင် ဟုတ်မှန်ကြောင်းကိုကား ထောက်ခံပြောပြရမည်။ (ကိုယ့်ဂုဏ်ကို ပြောလာလျှင်လည်း ဟုတ်မှန်လျှင် ဟုတ်မှန်ကြောင်း၊မဟုတ်လျှင် မဟုတ်ကြောင်း အတိအလင်း ပြောရမည်။ မဟုတ်ဘဲနှင့်ကား ငြိမ်၍ မနေရ။)

ဤမျှသော စကားအစဉ်ဖြင့် အပြစ်ပြောခံရ, ဂုဏ်ပြောခံရသည့်အခါ ပြုကျင့်ရမည့် ဩဝါဒတော်များ ပြီးပြီ။

# ၃။ စူဠသီလ အခန်း

ဘိက္ခုတို့.... ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတ⁽¹⁾ ဂုဏ်ကို အစွမ်းကုန် ပြောဆိုချီးမွမ်းလျှင် သီလဂုဏ်လောက်ဖြင့်သာ ပြောဆို ချီးမွမ်းနိုင်စရာ ရှိ၏။ ပုထုဇဉ်တို့ ပြောဆိုချီးမွမ်းနိုင်သော သီလဂုဏ် ဟူသည် အဘယ်နည်း။

၁။ ရဟန်းဂေါတမသည် ပါဏာတိပါတ (သူ့အသက်သတ်ခြင်း) မှ ရှောင်ကြဉ်တော်မူ၏။ သူ့ထပါးကို ညှဉ်းဆဲဘို့ တုတ်ဓား စသော လက်နက်ကို ကိုင်ဆောင်လေ့ ရှိတော်မမူ။ မကောင်းမှုပြုရမည်မှ ရှက်တော်မူ၏။ သတ္တဝါတို့အပေါ်၌ မေတ္တာစိတ် ရှိတော်မူ၏။ အားလုံးသော သတ္တဝါတို့၏ စီးပွါးကို လိုလားသော စိတ်ဖြင့်သာ အမြဲနေတော်မူပါပေသည်။ ဤသို့လျှင် ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတ၏ ဂုဏ်တော်ကို အစွမ်းကုန် ချီးမွမ်းလျှင် "ဤ ပါဏာတိပါတ ဝိရတိသီလ" ဂုဏ်ဖြင့် သော်လည်း ချီးမွမ်းနိုင်စရာရှိသည်။

၂။ ရဟန်းဂေါတမသည် အဒိန္နာဒါနမှ ရှောင်တော်မူ၏။ ဥစ္စာရှင်တို့ ပေးအပ်သော ပစ္စည်းကိုသာ ယူလေ့ရှိတော်မူ၏။ ဥစ္စာရှင်တို့ ပေးလှူအပ်သော ပစ္စည်းကိုသာ စိတ်ဖြင့် လိုလားတော်မူ၏။ ခိုးဝှက်မှုကင်း၍ သန့်ရှင်းသော ကိုယ်ဖြင့်သာ နေတော်မူပါပေသည်.... ဤ သို့သော်လည်း ချီးမွမ်း ပြောဆိုနိုင်ရာ၏။

၃။ ရဟန်းဂေါတမသည် ဗြဟ္မစရိယ၏ (မြတ်သော အကျင့်၏) ဆန့်ကျင်ဘက် ဖြစ်သော မေထုန်အကျင့်ကို ပယ်စွန့်၍ "မေထုန်မှရှောင်မှု"

---

(၁) ဗုဒ္ဓမြတ်စွာသည် ဂုဏ်တော်ကို ပြခန်း၌ ကိုယ်တော်ကို "အဟံငါ" ဟု သုံးစွဲလေ့မရှိ။ "တထာဂတ"ဟုသာ သုံးစွဲတော်မူလေ့ရှိ၏။ ဤသီလ ဂုဏ်တော်များကိုလည်း ဗြဟ္မဒတ္တလုလင်၏ ဂုဏ်ကျေးဇူး ပြောမှုနှင့်စပ်၍ ဟော တော်မူသည်။ ပုထုဇဉ်က ဘုရားဂုဏ်ကိုချီးမွမ်းလျှင် ဤသီလဂုဏ်ဖြင့်သာ ချီးမွမ်း နိုင်သည်။ အထက်တန်းကျသော သမာဓိဂုဏ် ပညာဂုဏ်ဖြင့်ကား မချီးမွမ်းနိုင် ဟူလို။

ဟူသော မြတ်သော အကျင့်ကိုသာ ကျင့်တော်မူလေ့ရှိ၏။ ရွာသူရွာသား တို့၏ အကျင့်ဖြစ်သော မေထုန်မှ[၁] ဝေးစွာ ကျင့်တော် မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်း ပြောဆိုနိုင်ရာ၏။

၄။ ရဟန်းဂေါတမသည် မုသာဝါဒကို ပယ်စွန့်၍ မုသားပြော ခြင်းမှ ရှောင်တော်မူ၏။ မှန်သောစကားကိုသာ ပြောတော်မူ၏။(အကြား အကြား၌ မုသားမညှပ်ဘဲ) သစ္စာ စကားခြင်း ဆက်စပ်စေတော်မူ၏။ တည်တန့်သော စကား ရှိတော်မူ၏။ အရာရာ၌ ယုံကြည်စိတ်ချထိုက်တော် မူ၏။ လောကကို (လူအများကို) ချွတ်ချော်တိမ်းပါးခြင်း ရှိတော်မမူ။ (ယခုခေတ်၌ အထက်တန်းရောက်နေသူ လူတချို့သည် တိုင်းသူပြည်သား အား လမ်းမှားကို ညွှန်ပြနေသကဲ့သို့ ဗုဒ္ဓမြတ်စွာသည် သယ်အခါမှ လမ်းမှားကို ညွှန်ပြတော်မမူဟူလို) ဤသို့သော်လည်း ချီးမွမ်းပြောဆို နိုင်ရာ၏။

၅။ ရဟန်းဂေါတမသည် ပိသုဏဝါစာကို[၂] ပယ်စွန့်၍ ချောပစ် ကုန်းတိုက်စကားကို ပြောဆိုခြင်းမှ ရှောင်တော်မူ၏။ ဤသူတို့၏ (ထိုသူ တို့နှင့်) ကွဲပြားဘို့ရာ ဤသူတို့အထံမှ ကြားရသောစကားကို ထိုသူ တို့အား ပြောတော်မမူ။ (ထိုသူတို့၏ ဤသူတို့နှင့်) ကွဲပြားဘို့ရာ ထိုသူတို့ အထံ၌ ကြားရသော စကားကိုလည်း ဤသူတို့အား ပြောတော်မမူ။ ဤ နည်းအားဖြင့် ကွဲပြား နေသူတို့ကိုလည်း စေ့စပ်ပေးတော်မူ၏။စေ့စပ်ပြီး သူတို့ကိုသည်း (သာ၍ စေ့စပ်အောင်) အားပေးတော်မူ၏။ ညီညွတ် သူသာ မွေ့လျော်ရာရှိ၍ ညီညွတ်သူတို့၌သာ မွေ့လျော်တော်မူ၏။ ညီညွတ် နေသည်ကို မြင်ရ ကြားရလျှင် အားရနှစ်သက်တော်မူ၏။ ညီညွတ်အောင် ပြုနိုင်သော စကားကိုသာ ပြောဟောလေ့ ရှိတော်မူပေသည်။ ဤ သို့သော်လည်း ချီးမွမ်း ပြောဆိုရာ၏။

---

(၁) မာတုဂါမ၏ လက်ခြေဆုတ်နယ်မှုစသော မေထုန်ငယ် ၇-ပါး ရှိ သေး၏။ ထိုအားလုံးမှ ရှောင်သောကြောင့် "ဝေးစွာ"ဟုဆိုသည်၊ ပါဠိတော်၌ "အနာစာရီ" ရှိသည်ကို "အာရာစာရီ"ဟု ပြင်သည်။

(၂) တယောက်နှင့်တယောက် ရန်တိုက်ပေးသော စကားကို "ချောပစ် ကုန်းတိုက် = ကတုန်းကတိုက်"ဟု ခေါ်၏။ ပါဠိလို ပိသုဏဝါစာဟု ခေါ်သည်။

၆။ ရဟန်းဂေါတမသည် ဖရုသဝါစာကို ပယ်စွန့်၍ ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်တော်မူ၏။ ဒေါသတည်းဟူသော အပြစ် အနာအဆာ မရှိသောစကား, နားဝင်ချိုသောစကား, နှစ်သက်ဘွယ်စကား, နှလုံးအသည်း စွဲလောက်သောစကား, မြို့သုံးပြသုံးဖြစ်၍ ယဉ်ကျေးသော စကားအသုံးအနှုန်းနှင့် အားလုံး နှစ်သက်ဘွယ် စကားကိုသာ ပြောဟောလေ့ ရှိပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၇။ ရဟန်းဂေါတမသည် သမ္ဖပ္ပလာပကို ပယ်စွန့်၍ ပြိန်ဖျင်းသော စကားကို[၁] ပြောဆိုခြင်းမှ ရှောင်တော်မူ၏။ အခါကာလလိုက်၍ ထိုက်တန်သောစကားကို ပြောဟောတော်မူ၏။ (အသုဘ အိမ်၌ မင်္ဂလာတရား, လက်ထပ်ပွဲ၌ အသုဘ စကားကို ပြောဟောတော်မမူ-ဟူလို)။ ဟုတ်မှန်သော စကားကိုသာ ပြောဟောတော်မူ၏။ (အခါကာလအလိုက် ဟောပြန်သော်လည်း မမှန်တာကို မဟောဟူလို။) အကျိုးရှိသော စကားကိုသာ ဟောတော်မူ၏။ (မှန်စေကာမူ အကျိုးမရှိလျှင် မဟောဟူလို) အစစ်အမှန် သဘာဝကျသော တရားကိုသာ[၂] ဟောတော်မူ၏။ ဝိနည်းကိုလည်း ဟောတော်မူ၏။ သင့်လျော်သော အချိန်အခါဝယ်[၃]

---

(၁) စပါးဗိန် စပါးဖျင်းသည် အနှစ်အဆန် မရှိသကဲ့သို့ အနက်အဓိပ္ပါယ် မရှိသော ရယ်ဘွယ်ဖြစ်သော ဒဏ္ဍာရီဇာတ်ဝတ္ထုမျိုးကို "ပြိန်ဖျင်းသောစကား" ဟု ခေါ်၏။ ပါဠိလို "သမ္ဖပ္ပလာပ"ဟု ခေါ်သည်။ သံ = စီးပွားချမ်းသာကို ဖ = ဖျက်ဆီးတတ်သော စကား၊ (ထိုစကားကို နားထောင်သူမှာ အကျိုးစီးပွား မများဘဲ အချိန်ဖြုန်းကာ စီးပွားပျက်ဘို့ရာသာဖြစ်သော စကား) ပလာပ = ပြောဆိုကြောင်းစေတနာ။

(၂) အဋ္ဌကထာ၌"လောကုတ္တရာကိုးပါးကို မှီသော တရားကို ဟောတော်မူ၏"ဟု ဖွင့်၏။ စဉ်းစားပါ။

(၃) တချို့တရားဟောရာ၌ အချိန်ကို မသိတတ်ဘဲ မပြီးနိုင် မဆုံးနိုင် ဟောတတ်ကြ၏။ ဗုဒ္ဓကား ထိုသို့မဟုတ်။ ပြန်ချိန်နှင့် ကိုက်အောင် အဆုံးအပိုင်းအခြားထား၍ ဟောတော်မူ၏။

ဥပမာ အကြောင်းပြနှင့်တကွ အဆုံး အပိုင်းအခြားရှိသော ဆိုလိုရင်း အကျိုးနှင့်စပ်သော (ကျယ်ဝန်းသော အနက်အဓိပ္ပါယ်နှင့် စပ်သော) စိတ်ထဲ၌ အမြဲသိမ်းထား၍ မှတ်သားဘွယ်ကောင်းသော စကားကိုသာ ပြောဟောတော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၈။ ရဟန်းဂေါတမသည် ဗီဇဂါမ် ဘူတဂါမ်တို့ကို ဖျက်ဆီးခြင်းမှ ရှောင်တော်မူ၏။ [မျိုးစေ့ကို "ဗီဇဂါမ်" ပေါက်ပြီး သစ်ပင်ကို "ဘူတဂါမ်"ဟုခေါ်၏။ မြက်သစ်ပင် ခုတ်ဖြတ်သတ်ခြင်းကို လူတို့က မနှစ်သက်ကြ။ သစ်ပင်၌ အသက်ရှိသည်ဟု အထင်ရှိနေကြသည်။]

၉။ ရဟန်း ဂေါတမသည် နံနက်စာ တထပ်ကိုသာ စား၍ ညဉ့်စာ စားခြင်းမှ ရှောင်တော်မူ၏။ နေလွဲသည့်အခါ စားခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၁၀။ ရဟန်းဂေါတမသည် ကိုယ်တိုင်ကခြင်း[၁] သူတပါးကို အကခိုင်းခြင်း, ကိုယ်တိုင်သီချင်းဆိုခြင်း, သူတပါးကို အဆိုခိုင်းခြင်း, ကိုယ်တိုင်တီးမှုတ်ခြင်း, သူတပါးကိုတီးမှုတ်ခိုင်းခြင်း, သူတို့ဘာသာ က-ဆို-တီးမှုတ်နေသည်ကို (သူတော်ကောင်းတရားနှင့် ကန့်လန့်ဖြစ်သော) ကြည့်ရှုနားထောင်ခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

---

(၁) ရှစ်ပါးသီလတွင်ပါသော နစ္စ-ဂီတ-ဝါဒိတ-ဝိသူကဒဿနပုဒ်တည်း။ နစ္စ=ကိုယ်တိုင်ကခြင်း။ သူများကိုအကခိုင်းခြင်း။ ဂီတ=ကိုယ်တိုင် သီချင်းဆိုခြင်း။ သူများကို အဆိုခိုင်းခြင်း။ ဝါဒိတ္တ=ကိုယ်တိုင်တီးမှုတ်ခြင်း။ သူများကို တီးမှုတ်ခိုင်းခြင်း။ ဝိသုကဒဿန=(သူတို့ဘာသာ ကခုန်သီဆို တီးမှုတ်နေသည်။) ဝိသုက=တရားတော်နှင့် ကန့်လန့်ဖြစ်သော+ဒဿန= ကြည့်ရှုနားထောင်ခြင်း။ (အဋ္ဌကထာ၌ သာသနာတော်နှင့် ကန့်လန့်ဖြစ်သော ပြောင့်တန်ကျင် သဘွယ်ဖြစ်၍ ဆန့်ကျင်ဘက်ဖြစ်သော-ဟုဖွင့်သည်။)

၁၁။ ရဟန်းဂေါတမသည် ကိလေသာ တိုးပွါးခြင်း၏[၁] အကြောင်းဖြစ်သော ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, အရောင်တင်ဆေး ရေမွှေးစသည်ကို သာယာခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၁၂။ ရဟန်းဂေါတမသည် မြင့်သောနေရာ မြတ်သော (ကြီးကျယ်ခမ်းနားသော)နေရာ၌ နေထိုင် (အိပ်)ခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။ [ဥစ္စာသယန မဟာသယန သိက္ခာပုဒ်ဖြစ်သည်။ မဇ္ဈိမသီလအခန်း၌ ဤနေရာများ ကျယ်ဝန်းစွာလာလိမ့်ဦးမည်။]

၁၃။ ရဟန်းဂေါတမသည် ရွှေငွေကို ကိုယ်တိုင်ခံယူခြင်း စသည်မှ[၂] ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၁၄။ ရဟန်းဂေါတမသည် စပါးစိမ်းကို ခံယူခြင်း စသည်မှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။ [စပါးစိမ်းဟူရာ၌ စိုစိမ်းနေသည်ကိုမဆိုလို။ ဆန်မဖြစ်သေးသည်ကို "အစိမ်း"ဟု ဆိုလိုသည်။ "စပါးဟူရာ၌လည်း ဂျုံ ပြောင်း စသည်တို့ပါယူ။]

၁၅။ ရဟန်းဂေါတမသည် (မကျက်သေးသော) သားစိမ်းငါးစိမ်းတို့ကို....(၁၆)မိန်းမအို မိန်းမပျိုတို့ကို (၁၇)ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို(၁၈)ဆိတ် သိုးတို့ကို(၁၉)ကြက် ဝက်တို့ကို (၂၀)ဆင် နွား မြင်း

(၁)မာလာဂန္ဓ သိက္ခာပုဒ်တည်း။ မာလာ, ဂန္ဓ, ဝိလေပန သုံးပုဒ်ကို ဓာရဏ, မဏ္ဍန, ဝိဘူသန သုံးပုဒ်နှင့်တွဲ။ မာလာဓာရဏ=ပန်းမျိုးစုံဆောင်ခြင်း (ပန်ခြင်း) + ဂန္ဓမဏ္ဍန=ကျောက်ပေါက်ရာစသော နိမ့်သောအရပ်ကို သနပ်ခါးစသော နံ့သာပြစ်တို့ဖြင့် ဖို့သိမ်ခြင်း + ဝိလေပနဝိဘူသန= အနံ့မွှေးအောင် အသားအရေ ကြည်လင်လှပအောင် ရေမွှေး အရောင်တင်ဆေး မျက်နှာချေမှုန့် စသည်ဖြင့် ကိုယ်ကိုခြယ်လှယ်ခြင်း+ ဌာန=ကိလေသာတိုးပွါးကြောင်း။

(၂)ခံယူခိုင်းခြင်း, လှူသည်ကို မပယ်မြစ်ဘဲ စိတ်ဖြင့် သာယာခြင်းတို့ကိုပါ ယူစေလို၍ "ခံယူခြင်းစသည်မှ"ဟုဆိုသည်။

မြည်းတို့ကို(၂၁)လယ်ယာတို့ကို ခံယူခြင်း စသည်မှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂၂။ ရဟန်းဂေါတမသည် လူတို့၏အမှာစာ နှုတ်မှာစကားကို ယူ၍ ထိုထိုအရပ်သို့ ခရီးရှည်သွားခြင်း, လူတို့စေခိုင်းအပ်သည်ဖြစ်၍ တအိမ်မှ သည်တအိမ်သို့ ခရီးတိုသွားခြင်းဟူသော စေတမန်အလုပ်ကို အားထုတ်ခြင်း ပြုလုပ်ခြင်းမှ ရှောင်တော်မူပါပေသည်။ (လူများ၏ အစေအပါး မခံဟူလို) ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂၃။ ရဟန်းဂေါတမသည် ရောင်းခြင်းဝယ်ခြင်းမှ (၂၄)ချိန်ခွင်ဖြင့် လိမ်လည်လှည့်စားခြင်း, ရွှေခုက်ဖြင့် လိမ်လည်လှည့်စားခြင်း, တင်းတောင်း ချင့်ခွက် တိုင်းတာကြိုးတို့ဖြင့် လိမ်လည် လှည့်စားခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂၅။ ရဟန်းဂေါတမသည် မတရားပြုလုပ်ဘို့ရန်တံစိုးလက်ဆောင်ယူခြင်း(လာဘ်စားခြင်း),နည်းပရိယာယ် အသွယ်သွယ်ဖြင့် လှည့်စားခြင်း,² ဂါထာမန္တန်ဖြင့် ဖြစ်စေ မျက်လှည့်အတတ်ဖြင့် ဖြစ်စေ လှည့်ပတ်ခြင်းဟူသော ကောက်ကျစ်စဉ်းလဲမှုကို အားထုတ်ခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂၆။ ရဟန်းဂေါတမသည် သူတပါး၏လက်ခြေစသည်ကိုဖြတ်ခြင်း, တုတ်ဓားစသည်ဖြင့် ညှဉ်းဆဲနှိပ်စက်ခြင်း, ကြိုးစသည်ဖြင့်ဖွဲ့တုပ်ချည်နှောင်ခြင်း, ဆီးနှင်း ချုံ ပိတ်ပေါင်းစသည် ထူထပ်ရှုပ်ထွေးရာအရပ်၌ ပုန်းကွယ်၍ ခရီးသွားသူတို့ကို လုယူခြင်း, ရွာနိဂုံးစသည်ကို လုယက်ခြင်း, တအိမ်

---

(၁) ချိန်ခွင်ကို အမျိုးမျိုးကိုင်၍ ချိန်ခြင်း အလေးခိုးခြင်းများသည် ချိန်ခွင်ဖြင့် လှည့်စားခြင်းတည်း။ ရွှေခွက်အစစ်နှင့် အတုကို ရောနှော၍ ပြသည့်အခါ အစစ်ပြလျက် ရောင်းသည့်အခါ အတုကိုပေးခဲ့ခြင်းသည် ရွှေခွက်ဖြင့် လှည့်စားခြင်းမည်၏။ စပါးဆီစသည်ချင့်ရာ၌ နည်းအမျိုးမျိုးဖြင့် မိမိဘက်၌ သာအောင်ချင့်ခြင်းသည် ချင့်ခွက်ဖြင့် လှည့်စားခြင်း လိမ်ယူခြင်းမည်၏။

(၂) ဂါထာမန္တန် မျက်လှည့်စွမ်းမပါဘဲ လူကဲခတ်၍ သင့်တော်သလို လှည့်စားခြင်းကို နည်းပရိယာယ်ဖြင့် လှည့်စားခြင်းဟုဆိုသည်။

အိမ်သို့ဝင်၍ အနုကြမ်းစီးခြင်းမှ ရှောင်တော်မူပါပေသည်။ ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတ၏ဂုဏ်တော်ကို အစွမ်းကုန်ပြောဆိုမည်ဟု ကြိုးစားပြောဆိုပါသော်လည်း ဤကဲ့သို့သော သီလလောက်ဖြင့်သာ ပြောဆိုနိုင်ရာ၏။

## စူဠသီလ[၁]ခန်းပြီးပြီ။

---

(၁) အကျယ်ချဲ့၍ ပြောခြင်းမဟုတ်ဘဲ (အကျဉ်းမျှသာ ပြောနိုင်သူတို့အတွက်) ထိုအကျဉ်းပြောအပ်သောသီလကို ''စူဠသီလ=သီလငယ်''ဟု နာမည်တပ်၍ ကန့်သတ်ခွဲခြားထားသည်။

## ၄။ မဇ္ဈိမသီလအခန်း

၁။ ချီးမွမ်းပုံတမျိုးကား--အရှင်ကောင်း အရှင်မြတ် ဖြစ်ကုန်သော သမဏဗြာဟ္မဏာ[၁] တချို့တို့သည်(လူတို့က) သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းများကို သုံးစွဲကြပြီးလျှင် သူတို့သည် (အမြစ်မျိုးစေ့ - ထိုမျိုးစေ့မှဖြစ်သောသစ်ပင်၊ ပင်စည်မျိုးစေ့-ထိုမျိုးစေ့မှဖြစ်သော သစ်ပင်၊ အဆစ်မျိုးစေ့-ထိုမျိုးစေ့မှဖြစ်သော သစ်ပင်၊ အညွန့်မျိုးစေ့-ထိုမျိုးစေ့မှဖြစ်သော သစ်ပင်၊ ပဉ္စမမြောက် အစေ့မျိုးစေ့[၂] ထိုမျိုးစေ့မှဖြစ်သောသစ်ပင်) ဤသို့သဘောရှိသော မျိုးစေ့အပေါင်း, သစ်ပင်အပေါင်းကို ခုတ်ဖြတ်ဖျက်ဆီးမှု၌ အားထုတ်နေကြသကဲ့သို့ ထို့အတူ ရဟန်းဂေါတမသည် ဤသို့ သဘောရှိသော ဖျက်ဆီးခြင်းမှ ရှောင်တော်မူပါပေသည်။ ပုထုဇဉ်ပုဂ္ဂိုလ်သည် တထာဂတ၏ဂုဏ်ကို အစွမ်းကုန် ပြောဆိုစေကာမူ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

---

(၁) ရသေ့ရဟန်းဝတ်နေသူကို သမဏ, ထိုသို့မဟုတ်ဘဲ ဆရာသမားကြီး လုပ်၍ ဝေဒကျမ်းစာများကို ရွတ်အံပို့ချလျက် အပူဇော်ခံနေကြသော ပုဏ္ဏားတို့ကို ဗြာဟ္မဏာ ဟု ခေါ်၏။ သူတို့သည် လူတို့က ပေးလှူပူဇော်ထားသော ပစ္စည်းလေးပါးကို သုံးစွဲ၍ အေးချမ်းငြိမ်သက်စွာ ကိုယ့်တရားနှင့်ကိုယ်နေထိုင်ပါလျက် မနေကြဘဲ မျိုးစေ့သစ်ပင်များကို ဖျက်ဆီးနေကြသည်ဟု ကဲ့ရဲ့၍ ထိုသို့ မဖျက်ဆီးသော ဗုဒ္ဓကို ချီးမွမ်းသည်။ စူဠသီလခန်း၌ ဤသီလမျိုး နံပါတ် (ဂ) အဖြစ်ဖြင့် ပါခဲ့ပြီ။ ထို၌ အကျဉ်းမျှ ချီးမွမ်းသူအတွက်လာ၍ ဤ၌ အကျယ် ချီးမွမ်းသူအတွက် ထပ်ပါနေခြင်း ဖြစ်သည်။

(၂) နန္ဒင်း ချင်းစသည်တို့သည် အမြစ်မျိုးစေ့မှ ပေါက်၏။ ညောင်ဗုဒ္ဓေဟ ပညောင် စသည်တို့သည် ပင်စည်မျိုးစေ့မှ ပေါက်၏။ တချို့လည်း အစေ့မှပေါက်၏။ ကြံ ကျူ ဝါးတို့သည် အဆစ်မျိုးစေ့မှ ပေါက်၏။ ကညို့ စသည်တို့ကား အညွန့်မျိုးစေ့မှ ပေါက်၏။ ကောက်ပဲ စသည်မှာ အစေ့မျိုးစေ့မှ ပေါက်သည်။

၂။ ချီးမွမ်းပုံဘမျိုးကား — အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ပြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် လှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် သိုလှောင်သိမ်းထားအပ်သော ပစ္စည်းများကို သုံးစွဲလျက် နေထိုင်ကြကုန်၏။ (ဘယ်အရာများကို သိုလှောင်သိမ်းထားကြသနည်း။) စားဘွယ် သောက်ဘွယ်၊ အဝတ်၊ ယာဉ် (ဘိနပ်ကို ဆိုလိုသည်)၊ အိပ်ရာနေရာအပို၊ နံ့သာ၊ နှမ်း, ဆန်, ပဲစသော ကြွင်းသမျှပစ္စည်းစု။ ဤသို့သော ပစ္စည်းများကို သိုလှောင်သိမ်းထား၍ သုံးစွဲနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့ သိုလှောင်သိမ်းထား၍ သုံးစွဲခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၃။ ချီးမွမ်းပုံတမျိုးကား — အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ပြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် လှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် သူတော်ကောင်း တရားနှင့် ဆန့်ကျင်ဘက် . ကန့်လန့်ဖြစ်သော ကြည့်ရှုနားထောင်မှုကို အားထုတ်နေထိုင်ကြကုန်၏။ (ဘယ်အရာများကိုကြည့်ရှုနားထောင်နေကြသနည်း။) ကခြင်း, သီချင်းဆိုခြင်း, တီးမှုတ်ခြင်း, ကြည့်ရှုဘွက်ရာ ကြီးကျယ်စွာသော ကပွဲသဘင်, ကွက်စိပ်ဆရာများကဲ့သို့ လေ့ကျင့်ပြီး ပုဂ္ဂိုလ်တို့ ပြောဆိုအပ်သော ဘာရတညီနောင် ရာမမင်းတို့ စစ်တိုက်ခန်း စသောစကား, လက်ခုတ်တီးသံ (တနည်း - လက်ဖြင့်တီးအပ်သော လင်း ကွင်း တီး သံ), "ဃန" မည်သော တူရိယာတီးသံ (အထဲ၌အခေါင်းမပါသော "ခွက်ခွင်း" ခေါ် သစ်သားချပ် "ကြေးနင်း-ကြေးနောင်" ခေါ် မောင်းတီးသံ), အိုးစည်တီးသံ, မကပြမီ နတ်တင်သောအားဖြင့် တင့်တယ်အောင်ပြုခြင်း, (တနည်း-မင်းသမီးမင်းသားတွဲ၍ ကခြင်းစသော တင့်တယ်ဖွယ်ရာအောင်ပြုခြင်း), ကျန်းမာသန်စွမ်းအောင် သံလုံးကစားခြင်း,

---

(၂) လူတို့က လှူဒါန်းနေသောကြောင့် အပိုအမို သိမ်းထားဘွယ်မလို။ ယခုလို အပိုအမိုသိမ်းထား၍ သုံးစွဲနေကြခြင်းသည် ကိစ္စကြောင့်ကြများပါရ များလှသဖြင့် သမဏ ပြာဟ္မဏဘို့ အလုပ်မဟုတ်-ဟု ယူဆ၍ သိုလှောင်သိမ်းထားသူတို့ကို အပြစ်ဘင်ကာ သိုလှောင်မှု သိမ်းထားမှု မရှိသော ဗုဒ္ဓကို ချီးမွမ်းကြသည်။

(တနည်း-စဏ္ဍာလတို့၏ ပိုက်ဆံလျှော်တို့ကို ရေဆွတ်၍ အချင်းချင်းရိုက်တမ်းပုတ်တမ်းကစားခြင်း), ဝါးလုံးဖြင့် ကစားခြင်း (ဝါးလုံးစိုက်၍ ချောတိုင်တက်သော ကစားခြင်းကို ဆိုလိုဟန်တူသည်။), အရိုးဆေး၍ ကစားခြင်း (သေသူဆွေမျိုး၏အရိုးကို နံ့သာဖြင့်သုတ်လိမ်း၍ နက္ခတ်ကောင်းသည့်အခါ သောက်ကြ, စားကြ, ငိုကြသော ကစားပွဲတမျိုး), ဆင်တိုက်ပွဲ, မြင်းတိုက်ပွဲ, ကျွဲတိုက်ပွဲ, နွားလားဥသဘတိုက်ပွဲ, ဆိတ်တိုက်ပွဲ, သိုးတိုက်ပွဲ, ကြက်တိုက်ပွဲ, ငုံးတိုက်ပွဲ, တုတ်ရိုက်ပွဲ, လက်ဝှေ့ပွဲ, စစ်တိုက်ပွဲ, စစ်သည်ဗိုလ်ပါတို့ကို ရေတွက်ရာအရပ်, စစ်ဆင်ရာအရပ်, စစ်တပ်တို့ကို ကြည့်ရှုခြင်း။ ဤသို့သော ကြည့်ရှုနားထောင်ခြင်းကို အားထုတ်နေကြကုန်သကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော ကြည့်ရှုနားထောင်ခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၄။ ချီးမွမ်းပုံတမျိုးကား — အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့ သဘောရှိသော မေ့လျော့ခြင်း၏ တည်ရာအကြောင်း အလောင်းအစား ကစားမှုကို အားထုတ်နေကြကုန်၏။ (အဘယ် ကစားမျိုးများနည်း ) ရှစ်ကွက်ကျား ကစားခြင်း၊ ဆယ်ကွက်ကျားကစားခြင်း (စစ်တုရင် ထိုးခြင်းနှင့်လည်း ဆိုင်သည်)၊ ကောင်းကင်၌ကစားခြင်း (အကွက်မရေးသားဘဲ ရှစ်ကွက် ဆယ်ကွက် စိတ်မှန်းထား၍ မည်သည့်အကွက်သို့ (ဇယ်, ကြွေအန်, ကျား) ရွှေ့လိုက်ပြီဟု နှုတ်ဖြင့်သာပြော၍ ကစားခြင်း၊ ကြွေ (ဇယ်) လမ်းတို့ကိုရေးသား၍ မထိအောင် ရှောင်ရှားကစားခြင်း (ပရွက်ဆိတ်ကြောင်း လိုက်တမ်းကစားခြင်းဟု ဆိုကြ၏။ သို့သော် ထိုကစားမျိုး၌ ဇယ်မပါသောကြောင့် စဉ်းစားသင့်၏။)၊ ဇယ်ကောက်တမ်း ဇယ်တောက်တမ်း ကစားခြင်း၊ အန်ပျဉ်ချပ်ပေါ်၌ အန်စာချ၍ကစားခြင်း (ကြွေပစ်ခြင်းမျိုး ဖြစ်ဟန်တူသည်)၊ ကျီးသားရိုက်ဘမ်းကစားခြင်း၊ ထန်းမြှင်အစည်း (တံမြက်စည်း) စသည်တို့ကို ချိတ်ရည် စသည်ဖြင့် ဆွတ်၍ ဆင်ချပ် မြင်းရုပ် စသည်သင်အောင် မြေကြီးနံရံတို့၌ ရိုက်၍ ကစားခြင်း၊

ဂေါလီလုံး စသည်ကို ကစားခြင်း၊ ထန်းရွက်စသည်ကို ပီပီလုပ်၍ (နှဲသဏ္ဌာန်လုပ်၍) မှုတ်တမ်းကစားခြင်း၊ ထွန်ငယ်ဖြင့်ကစားခြင်း၊ ဂွမ်းကစားခြင်း (တနည်း-ဘားကစားခြင်း)၊ ထန်းရွက် စသည်ဖြင့် စကြာလုပ်၍ ကစားခြင်း၊ သစ်ရွက် ပြည်တောင်းဖြင့် သဲစသည်ကို ချင့်၍ကစားခြင်း၊ ရထားငယ်ဖြင့် ကစားခြင်း၊ လေးငယ်ဖြင့် ကစားခြင်း၊အက္ခရာဖော်တမ်း ကစားခြင်း (ကောင်းကင်မှာဖြစ်စေ၊ အမေးခံရသူ၏ ကျောကုန်းမှာဖြစ်စေ စာရေး၍ ထိုစာကိုသိလျှင် ဖော်စမ်းဟု မေးမြန်းသောကစားနည်း)၊ စိတ်အကြံကို ဖော်တမ်းကစားခြင်း (ယခုခေတ်၌ ပုဏ္ဏားထိုင်မေးတမ်းကစားခြင်းမျိုးလည်း ဖြစ်သင့်၏)၊ ကန်းဟန် ကောက်ဟန် ကုန်းဟန် စသည်ဖြင့် အပြစ်တမျိုးမျိုးကို ဟန်ဆောင်၍ ပြတမ်းကစားခြင်း။ ဤသို့သောကစားခြင်းမျိုးကို (အရှုံးအနိုင် အလောင်းအစားလုပ်လျက်) အားထုတ်နေကြကုန်သကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သောကစားခြင်းမျိုးမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

၅။ ချီးမွမ်းပုံ၀မျိုးကား — အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့ သဘောရှိသော မြင့်သောနေရာ မြတ်သော ကြီးကျယ် ခမ်းနားသော နေရာတို့၌ (အိပ်စက်နေထိုင်ဘို့ရာ) အားထုတ် နေကြကုန်၏။ (အဘယ်နေရာများနည်း) လက်ရှစ်သစ်ထက် ပိုလွန် ရှည်လျားသော အခြေ (ခြေထောက်) တပ်သော ညောင်စောင်း အင်းပျဉ် (ခုတင်ထိုင်ခုံ)၊ [ဤ တခုသာ "ဥစ္စာသယန" ခေါ် မြင့်သောနေရာတည်း။ နောက်၌ လာမည့် ပလ္လင်စသည်တို့ကား "မဟာသယန" ခေါ် မြတ်သော နေရာများတည်း။] ခြင်္သေ့ ကျား စသော ရဲရင့်သောသားကောင်တို့၏ ရုပ်ပုံကိုဖော်၍ ပြုလုပ်သော ပလ္လင် (ထိုင်ခုံ)၊ လက်လေးသစ်ထက် ပိုလွန်ရှည်လျား အမွေးဖားသော ကောဇောကြီး၊ အကွက်အပြောက်ဖော်ကာ ဆန်းကြယ်စွာ ရက်အပ် ချုပ်အပ်သော သားမွေးအခင်း၊ အဖြူထည် သက်သက် သားမွေးဖြင့် ရက်အပ်သောအခင်း၊ ပန်းပြောက်ပြည့်နှက် သားမွေးဖြင့် ရက်

အပ်သော အခင်း၊ လဲ(မှို့) သွင်းထားအပ်သော အခင်း၊ ခြင်္သေ့ရုပ် ကျားရုပ် စသည်တို့ဖြင့် ထူးဆန်းစွာ ရက်လုပ်အပ်သော သားမွေးအခင်း၊ အတွင်း အပြင် နှစ်ဘက်လုံး၌ ပေါ်တက်သော အမွေးရှိသော (နှစ်ဘက်ချော) သားမွေးအခင်း၊ တဘက်၌သာ အမွေးပါသော (တဘက်ချော) သားမွေးအခင်း၊ ရတနာရွှေချည် ငွေချည်တို့ဖြင့် ချုပ်အပ်သော ပိုးချည် အချောအခင်း၊ (ရတနာချည်ဖြင့် မချုပ်အပ်သော ရိုးရိုးပိုးအခင်းကား ခုတင် စသည်၌ ခင်းကောင်း၏။) တကျိပ် ခြောက်ယောက်သော ကချေသည် မိန်းမတို့ ကလောက်သော သားမွေးအခင်းကြီး၊ ဆင်မြင်းတို့၏ ကျောကုန်းပေါ်၌ ခင်းအပ်သော ခမ်းနား ကြီးကျယ်သော အခင်း၊ ရထားပေါ်၌ ခင်းအပ်သော အခင်း၊ အထပ်ထပ် ချုပ်အပ်သော သစ်နက်ရေ (သမင်ရေ) အခင်း၊ ဝံပိုင့်ရေဖြင့် ပြုအပ်သော မြတ်သောအခင်း၊ ညောင်စောင်း (ခုတင်) အထက်၌ အမိုး မျက်နှာကြက်နီနှင့်တကွဖြစ်သော အခင်း၊ ("အနီ" ဟူရာ၌ ပိန္နဲနီ ညောင်နီမျိုးကား အပ်၏။ ဝတ်ပန်းနီမျိုးသာ မအပ်"ဟု ဆို၏။) နီသောအဆင်းရှိသောခြေအုံးခေါင်းအုံးနှစ်လုံး။ (တလုံးတည်းအနီဖြစ်လျှင်ငင်း၊ ဝတ်ပန်းနီစသောအနီရောင်မဟုတ်သော နှစ်လုံးဖြစ်လျှင်ငင်း အပ်၏။) ဤသို့အလားတူ ဥစ္စာသယနမဟာသယနတို့၌ အိပ်စက်နေထိုင်ဘို့ရာ အားထုတ်ကြကုန်သကဲ့သို့ ရဟန်းဂေါတမသည် ဤကဲ့သို့သော ဥစ္စာသယနမဟာသယနမျိုးမှ[1] ရှောင်တော်မူပါပေသည်။ ဤ သို့သော်လည်း ချီးမွမ်းပြောဆိုနိုင်ရာ၏။

---

(၁) (ဥစ္စာ= မြင့်သော + သယန = နေထိုင်အိပ်စက်ရာ၊ မဟာ= မြတ်သော ကြီးကျယ်ခမ်းနားသော + သယန = အိပ်ရာနေရာ၊) လက်ရှစ်သစ်ထက်ပိုသော ဥစ္စာသယနကို မပိုအောင် ဖြတ်၍ ပလ္လင်မှ ခြင်္သေ့ရုပ် ကျားရုပ်တို့ကို ဖျက်၍ လဲ(မှို့)ပါသော အိပ်ရာ မွေ့ရာများကို လဲမှို့ ထုတ်ပစ်၍ သုံးစွဲရမည်။ ထိုမှကြွင်းသမျှ ခမ်းနားသော အခင်းတို့ကို ခုတင်ထိုင်ခုံပေါ်၌ မခင်းဘဲ ကြမ်းပြင်မြေပြင် ဖျာပေါ်စသည်၌သာ ခင်း၍သုံးစွဲရမည်။ ဥပုသ်သည်တို့လည်း ရဟန်းတော်များကဲ့သို့ ရှောင်ရမည်။ တရားဟော ပလ္လင်စသည်၌ လူတို့က အထူးတလည် ခင်းပေးလျှင် (လဲမှို့အခင်းမှတပါး) အခြားအခင်းများ ထိုင်ရုံထိုင်ကောင်း၏။ အိပ်ကား မအိပ်ကောင်း။ သားမွေးအခင်းကိုသာ [illegible]ရကား သားမွေး မဟုတ်သော ချည်ကော်ဇော ပိုးကော်ဇောများမှာ ခုတင် ပေါ်၌ ခင်း၍ အိပ်ကောင်း၏ ဟု ယူကြသည်။

၆။ ချီးမွမ်းပုံတမျိုးကား — အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် အကုသိုလ်တိုးပွါးခြင်း၏ အကြောင်းဖြစ်သော တန်းဆာဆင်ခြင်း, နံ့သာ (အမွှေးအကြိုင်) သုံး စွဲ သာ ယာ ခြင်းကို အားထုတ်နေကြကုန်၏။ (အဘယ်အရာများနည်း။) ကိုယ်နံ့ကောင်းအောင် နံ့သာမှုန့်စသည်တို့ဖြင့် ပွတ်တိုက်ခြင်း၊ ကိုယ်နေသဏ္ဍာန် ပုံဟန်ကြော့ရှင်းအောင် (အဆက်အလက်ပြေပြစ်အောင်) ဆုပ်နယ်ခြင်း၊ နံ့သာရည်တို့ဖြင့် ရေချိုးခြင်း၊ လက်ဝှေ့သည်တို့ကဲ့သို့ လက်ရုံးလက်မောင်း အားကောင်း တိုးတက်အောင် (လက်ရိုက် စသည်တို့ဖြင့်) ထုရိုက်ခြင်း၊ မှန်ကို ဆောင်ခြင်း၊ (မှန်ကြည့်ခြင်း)၊ မျက်ရေးကွင်းစရာ မျက်စဉ်းကို ဆောင်ခြင်း (မျက်ရေးကွင်းခြင်း)၊ ပန်း နံ့သာ အရောင်တင်ဆေးတို့ကို ဆောင်ခြင်း၊ မျက်နှာ၏အသွေးကို ကြည်လင်စေတတ်သော မြေညက်မှုန့် မုန်ညင်းမှုန့် နှမ်းမှုန့် နနွင်းမှုန့် ဟူသော မျက်နှာချေမှုန့်တို့ကို ဆောင်ခြင်း၊ မျက်နှာ၌ လိမ်းကျံအပ်သော သနပ်ခါး စသည်တို့ကို ဆောင်ခြင်း(လိမ်းခြင်း)၊ လက်၌ဆင်အပ်သော တန်းဆာအမျိုးမျိုးကို ဆောင်ခြင်း (ဆင်ခြင်း)၊ ဦးစွန်းထုံးခြင်း (ထုံးပြီးကိုလည်းတန်းဆာဆင်ခြင်း)၊ တုတ်ကောက် စသည်ကိုကိုင်ခြင်း၊ မိန်းမယောကျ်ား အရုပ်များဖြင့် ဆန်းကြယ်သော ဆေးကျည်တောက်ကို ဆောင်ခြင်း၊ သံလျက်ကို ဆောင်ခြင်း၊ ဆန်းကြယ်သော ထီးကို ဆောင်ခြင်း၊ ဆန်းကြယ်သော ဘိနပ်ကို စီးခြင်း၊ နဖူး၌သင်းကျစ်များကို ဖွဲ့ထားခြင်း၊ မကိုဋ်၌ အထွတ်တပ်သော ကျောက်မျက်ရတနာကို ဆောင်ခြင်း၊ စာမရီသားမြီးယပ်ကို ဆောင်ခြင်း၊ ဖြူကုန် ရှည်ကုန်သော အမြိတ်အဆာ ရှိကုန်သော အဝတ်တို့ကို ဆောင်ခြင်း။ ဤသို့သော အကုသိုလ် တိုးပွါးကြောင်းဖြစ်သော တန်းဆာဆင်မှု အမွှေးအကြိုင် သာယာမှုတို့ကို အားထုတ်နေကြကုန်သကဲ့သို့ ရဟန်းဂေါတမသည် ထိုကဲ့သို့သော အလုပ်တို့ကို အားထုတ်ခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၇။ ချီးမွမ်းပုံတမျိုးကား — အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် လှူအပ်ကုန်

သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့ သဘောရှိသော နတ်ပြည် နိဗ္ဗာန်လမ်းကြောင်းတို့၏ ဖီလာကန့်လန့် စကားကို ပြောဆို အားထုတ်နေကြကုန်၏။ (အဘယ်စကားများနည်း။) .... မင်းနှင့် စပ်သော စကား[၁]၊ သူပုန် ဒမြ ခိုးသူတို့နှင့် စပ်သောစကား၊ အမတ်ကြီးနှင့် စပ်သော စကား၊ စစ်တပ်နှင့်စပ်သောစကား၊ ဘေး, စစ်တိုက်ပုံ, စား ဘွယ်, သောက်ဘွယ်, အဝတ်, အိပ်ရာနေရာ, ပန်း, နံ့သာ, ဆွေမျိုး, ယာဉ် (ရထား), ရွာ, နိဂုံး, မြို့, ဇနပုဒ်, မိန်းမ, ယောကျ်ား, သူရဲ ကောင်း, လမ်း (လမ်း၌နေကြသူများ), ရေဆိပ် (အိုးထိန်းကျွန်မ), ရှေးက သေလွန်ကြသော ဆွေမျိုးများနှင့်စပ်သော စကား၊ ရှေ့နောက် စကားတို့မှ ကြွင်းကျန်သော အမျိုးမျိုးသော စကား၊ လောကနှင့် စပ်သော စကား ("ဤလောကကို မည်သူဖန်ဆင်း ထားသနည်း" စသော စကား)၊ သမုဒ္ဒရာနှင့် စပ်သောစကား (သမုဒ္ဒရာကို ဘာ့ကြောင့် သာဂရဟု ခေါ်သနည်း" စသောစကား)၊ "ဤနည်းဖြင့် ကြီးပွါး နိုင်၏။ ဤနည်းဖြင့် ဆုတ်ယုတ်ပျက်စီးတတ်၏" စသော စကား။ ဤသို့ လျှင် အကျိုးမများသော ရောက်တတ်ရာရာ စကားတို့ကို ပြောဆိုနေကြ ကုန်သကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော စကားမျိုးကို ပြောဆို ခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆို ရာ၏။

၈။ ချီးမွမ်းပုံတမျိုးကား — အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန် သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ် ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိ သော ဆန့်ကျင်ဘက်စကားကို အားထုတ် ပြောဆိုနေကြကုန်၏။

---

(၁) မင်းစကား စသည်ကို ပြောဆိုရာ၌ သူတို့၏ ကြီးကျယ်ကြောင်း ခမ်းနားကြောင်းစသော လောကီသက်သက်ကိုသာ မပြောဆိုကောင်း။ မည်သည့်မင်းသည် သဒ္ဓါတရားကောင်း၏ စသည်ဖြင့်ငှင်း၊ "ဤသို့ ကြီးကျယ် သော မင်းသည်သည်း သေချသေး၏။" စသည်ဖြင့် ငှင်း တရားသဘော သံဝေဂသဘောပေါ်အောင် ပြောလျှင်ကား ပြောကောင်း၏။

(အဘယ်စကားနည်း။) သင်သည် ဤဓမ္မဝိနယကို[၁] နားမလည်။ ငါသာ နားလည်၏။ သင်သည် (သင်လို လူစားသည်) ဤဓမ္မဝိနယကို အဘယ်မှာ နားလည်နိုင်လိမ့်မည်နည်း (ဘယ်မှာ နားလည်နိုင်မှာလဲ)။ သင်သည် အမှားကျင့်နေသူတည်း။ ငါကား အမှန်ကျင့်နေသူတည်း။ ငါ၏စကားသည် ရှေ့နောက်ညီလျက် ညက်ညော၏။ သင်၏စကားသည်ကား ရှေ့နောက်မညီ။ သင်သည် အလျင်ပြောရမည့်စကားကို နောက်မှပြော, နောက်မှ ပြောရမည့် စကားကို အလျင်ပြော၏။ သင်၏ ကာလရှည်စွာ လေ့လာအပ်သော စကားသည် ငါ၏ စကား တခွန်းကြောင့် ဖောက်ပြန်ပျက်ပြား၍ အလကားဖြစ်တော့၏။ သင်၏ အယူဝါဒ၌ ငါသည် (မည်သည့်) အပြစ်ကို တင်အပ်ပြီ (တင်လိုက်ပြီ)။ သင့်ကို ငါက နှိပ်အပ်ပြီ (နှိပ်လိုက်ပြီ)။ ငါတင်အပ်သော အပြစ်မှ လွတ်ဘို့ရာ ထိုထိုဤဤ လှည့်လည် သင်ယူချေဦးလော့။ ဖြေနိုင်လျှင်လည်း ယခု လက်ငင်း ဖြေရှင်းလော့။ ဤသို့ အလားတူဖြစ်သော ဆန့်ကျင်ဘက်စကား (ရန်စကား)တို့ကို ပြောဆို အားထုတ်နေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော ဆန့်ကျင်ဘက်စကားမျိုးကို ပြောဆိုခြင်းမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၉။ ချီးမွမ်းပုံတမျိုးကား -- အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော သဝဏ်စာလွှာ နှုတ်မှာစကားကို ယူဆောင်၍ တရွာမှတရွာ တမြို့မှတမြို့သို့ ပို့ဆောင်ခြင်းဟူသော တမန်သည်တို့၏ အလုပ်, တအိမ်မှ တအိမ်သို့ စေခိုင်းအပ်သည်ဖြစ်၍ သွားခြင်းဟူသော အစေခံအလုပ်ကို အားထုတ်နေကြကုန်၏။ (အဘယ်သို့နည်း။) ရှင်ဘုရင်, အမတ်ကြီး, (သမ္မတ-ဝန်ကြီး၊) မင်းမျိုးမင်းနွယ်, ဗြာဟ္မဏမျိုးနွယ်, သူကြွယ်မျိုး

---

(၁) မိမိတို့ဆိုင်ရာ ဟောထားသောတရားများကို ဓမ္မ, မပြုလုပ်ရ ဟု တားမြစ်ခြင်းကို ဝိနယ ဟု ခေါ်၏။ ထိုဓမ္မဝိနယဖြင့် တည်ထောင်ထားသော သာသနာကိုလည်း "ဓမ္မဝိနယ" ဟု ခေါ်နိုင်၏။

နွယ်ရှိသူ၊ သတို့သားစသူတို့၏ ''မည်သည့်အရပ်သို့ သွားပေးစမ်းပါ ထိုအရပ်မှ မည်သည့်အရပ်သို့ လာခဲ့ပါ။ သည်ဟာကို ဆောင်ယူသွားပါ။ ထိုအရပ်က မည်သည့်ဥစ္စာကို ဆောင်ယူခဲ့ပါ'' ဤသို့စသော စေခိုင်းမှုကို ခံနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော တမန်လုပ်မှု၊ အစေအခိုင်းခံမှုမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်း ပြောဆိုရာ၏။

၁၀။ ချီးမွမ်းပုံတမျိုးကား — အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏတို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် လောကကို အံ့ဩလာအောင်[၁] ချီးမွမ်းအောင် ပြုလုပ်တတ်ကြကုန်၏။ မိမိကို လှူချင်လာအောင် ဒါယကာ ဒါယိကာမတို့ကို မြှောက်၍ဖြစ်စေ၊ မိမိဂုဏ်ကို ဖော်၍ ဖြစ်စေ ပြောတတ်ကြကုန်၏။ ပစ္စည်းကို မလှူ-လှူအောင် အရိပ်နိမိတ်ကိုလည်း ပြုတတ်ကြကုန်၏။ မလှူဘဲ မနေနိုင်အောင် ဆဲဆို ရှုတ်ချတတ်

---

(၁) ဆွမ်းသက်န်းစသောပစ္စည်းများကို အကောင်းအမွန် လှူသော်လည်း (နောက်မှ များများကောင်းကောင်း ရအောင်) ယခု အလှူမခံသေးဘဲ ခေါင်းပါးစွာ အညံ့စားပစ္စည်းများကိုသာ အလှူခံခြင်း သုံးစွဲခြင်းအားဖြင့် လူအများက ''တယ်တော်တဲ့ ကိုယ်တော်ဘဲ'' ဟု အထင်ကြီးလာအောင် ချီးမွမ်းအောင် ပြုခြင်း။ ဤသို့ပြုမှုကို ''ပစ္စယပဋိသေဝန = ပစ္စည်းလေးပါး သုံးစွဲမှုဖြင့် အံ့ဩအောင်ပြုခြင်း'' ဟု ခေါ်သည်။ တချို့ကား သူ့ကို အရိယာထင်အောင် ''ဒီလိုဝတ်စားသွားလာတဲ့ ပုဂ္ဂိုလ်ဟာ တန်ခိုးကြီးသော ပုဂ္ဂိုလ်များသာ ဖြစ်တယ်''ဟု ပြောဆို၏။ ဤသို့ပြောဆိုခြင်းကို ''သာမန္တဇပ္ပန= မဂ်ဖိုလ်တရား၏ အနီး၌ ပြောခြင်း'' ဟုခေါ်၏။ တချို့ကား အထင်ကြီးအောင် ဣန္ဒြေလုပ်၍ သွား၏။ ဣန္ဒြေလုပ် စားသောက်နေထိုင်၏။ ဤသို့ပြုမှုကို '' ဣရိယာပထသန္နိဿိတ= ဣရိယာပုထ်ကိုမှီခြင်း'' ဟု ခေါ်၏။ ဤသုံးမျိုးလုံးသည် အလုပ်ကောင်းဖြစ်ပါလျက် အထင်ကြီးအောင် အချီးမွမ်းခံရအောင် ပစ္စည်းများများ လှူချင်အောင် လုပ်မှုကြောင့်သာ မကောင်း ဖြစ်ရလေသည်။ အထင် ကြီးစေလိုသော စိတ်မထားဘဲ စိတ်ရိုးစိတ်ကောင်းဖြင့် ပြုလုပ်လျှင် ထိုသုံးမျိုးလုံးအပြစ်မရှိ။အကောင်းချည်း ဖြစ်ပေသည်။

ကြကုန်၏ [''သဒ္ဓါတရား အင်မတန်နည်းတဲ့လူ'' စသည်ဖြင့် ပြောတတ်ကြကုန်၏]။ တအိမ်မှ ရသောလာဘ်ဖြင့် တအိမ်မှလာဘ်ကို ရှာတတ်ကြကုန်၏။[၁] ရဟန်းဂေါတမသည် ဤနည်းများကို မပြုလုပ်ဘဲ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

**မဇ္ဈိမသီလခန်းပြီးပြီ။**

---

(၁) တအိမ်မှ ရသော လာဘ်ကို အခြားတအိမ်၌ ကလေးစသူတို့အား ပေး၏။ ထိုအိမ်က အလိုက်သိစွာ သူပေးတာထက်ကောင်းသော ပစ္စည်းကို လှူရတော့၏။ ဤနည်းအားဖြင့် နောက်ဆုံးအိမ်မှ အကောင်းဆုံး လာဘ်ရအောင် ရှာသည်။

## ၅။ မဟာသီလအခန်း

၁။ ချီးမွမ်းပုံ တမျိုးကား -- အရှင်ကောင် အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာနဝိဇ္ဇာဖြင့်[1] လမ်းရိုး လမ်းမှန် မဟုတ်သော အသက်မွေးဝမ်းကျောင်းမှုကို ပြုနေကြကုန်၏။ အဘယ် အတတ်မျိုးနည်း။....လက်ခြေ စသော ကိုယ်အင်္ဂါကို ကြည့်၍ အကျိုးအပြစ်ကိုသိသော အင်္ဂကျမ်းအတတ်၊ သေးငယ်သော အရိပ်နိမိတ် အမှတ်အသားကို ကြည့်၍ (နားထောင်၍) မိမိအလိုရှိအပ်သော အရာကို သိနိုင်သော နိမိတ္တကျမ်းအတတ်၊ မိုးကြိုးကျခြင်း (ဥပါပ်ျ-တော်လဲခြင်း) စသော တိတ်ကြီးနိမိတ်ကြီးများကိုကြည့်၍ ဖြစ်လတ္တံ့သော အကျိုးအပြစ်ကိုညွှန်ပြနိုင်သော ဥပ္ပါတ ကျမ်းအတတ်၊ အိပ်မက်ကျမ်းအတတ်၊ အင်္ဂါကြီးငယ်၏ အသေးစိတ်လက္ခဏာ(အမှတ်အသား) ကိုကြည့်၍ (မင်းဖြစ်မည်၊အိမ်ရှေ့မင်းဖြစ်မည် စသည်ဖြင့်) သိသော လက္ခဏာကျမ်းအတတ်၊ ကြွက်ကိုက်ခြင်း၏ အကျိုးအပြစ်ကို သိသောအတတ်၊ "မည်သည့်ထင်းဖြင့် မည်ကဲ့သို့ မီးပူ

---

(၁) တိရစ္ဆာန = နတ်ပြည်လမ်း, နိဗ္ဗာန်လမ်းတို့၏ ဖီလာ ကန့်လန့်ဖြစ်သော+ဝိဇ္ဇာ=အတတ်။ ထိုအတတ်မျိုးကို တတ်၍ အသုံးချခြင်းဖြင့် နတ်ပြည်လည်းမရောက် နိဗ္ဗာန်လည်းမရောက် နိုင်သော အတတ်မျိုးတည်း။ ထိုအတတ်မျိုးကိုတတ်ခြင်း၊ တတ်အောင်သင်ခြင်းကား အပြစ်မရှိပါ။ထိုအတတ်ကိုတတ်၍ ထိုအတတ်ဖြင့် ဟောပြောအသက်မွေးသော ရဟန်းများသာ အပြစ်ရှိပါသည်။ ထိုအတတ်ဖြင့် အသက်မွေးမှုကိုလည်း "မိစ္ဆာဇီဝ" ဟု ခေါ်၏။ (မိစ္ဆာ= ရဟန်းများအတွက် လမ်းရိုးလမ်းမှန် မဟုတ်သော+အာဇီဝ=အသက်မွေးမှု။)

ဇော်လျှင် မည်သို့သော အကျိုးကိုရ၏'' ဟု သိသော အင်္ဂဟောမ အတတ်၊ ''မည်သည့်ယောက်မဖြင့်မွှေ၍ ပူဇော်လျှင် မည်သည့် အကျိုး ကိုရ၏'' ဟု သိသော ဒဗ္ဗိဟောမအတတ်၊ ''မည်သည့် ဆန်ကွဲဖြင့် မီးပူ ဇော်လျှင် မည်သည့် အကျိုးရ၏'' ဟု သိသော ကဏဟောမအတတ်၊ ထို့အတူ ဆန်, ထောပတ်, ဆီတို့ဖြင့် မီးပူဇော်ခြင်း၏ အကျိုးအပြစ်ကို သိသော အတတ်၊ မုန်ညင်းစေ့ စသည်ကို ပါးစပ်ဖြင့်ယူ၍ မီး၌ထည့် ခြင်း (ပါးစပ်ဖြင့် မန္တန်စုတ်၍ ပူဇော်ခြင်း) ဟူသော မုခဟောမအတတ်၊ လကျာ်ညှပ်ရိုး, ဒူး, ပဆစ် စသည်တို့၏ သွေးဖြင့် ပူဇော်ခြင်း ဟူသော လောဟိတ ဟောမအတတ်၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ကြည့်၍ ဂါထာ မန္တန်စုတ်ပြီးနောက် ထိုသူ၏ အကျိုး အပြစ်ကို သိသော အင်္ဂဝိဇ္ဇာအတတ်၊ အိမ်နေရာ ဝင်းခြံနေရာ စသည်တို့၏ အကျိုးအပြစ် ကို သိသော ဝတ္ထုဝိဇ္ဇာအတတ်၊ အဗ္ဗေယျကျမ်း မာသုရက္ခကျမ်း ရာဇ သတ်ကျမ်း စသော လောကစီးပွါးကိုသာပြသော ခတ္တဝိဇ္ဇာအတတ်[၁]၊ သုသာန်သင်းချိုင်းသို့သွား၍ ဘေးဥပဒ် ကင်းငြိမ်းအောင် ပြုနည်းကို ပြသော သိဝဝိဇ္ဇာအတတ်၊ ဘုတ် (တစ္ဆေ)တို့ကို မိမိအလိုပါအောင် ပြု သော ဘူတဝိဇ္ဇာအတတ်၊ မြေအိမ်၌နေ၍ သင်ယူအပ်သော (တနည်း- ကောက်ပင်တို့၏ တိုးပွါးနည်းကို ပြသော) ဘူရိဝိဇ္ဇာအတတ်၊ မြွေကိုက် သည်ကိုကုတတ်, မြွေကို ခေါ်ယူတတ်သော အဟိဝိဇ္ဇာအတတ်၊ အဆိပ် ချနိုင်, အဆိပ်မတက်အောင် စောင့်ရှောက်နိုင်သော ဝိသဝိဇ္ဇာအတတ်၊ ကင်းမြီးကောက်ကိုက်နာကို ကုနိုင်သော ဝိစ္ဆိကဝိဇ္ဇာအတတ်၊ ကြွက် ကိုက်နာကို ကုနိုင်သော မူသိကဝိဇ္ဇာအတတ်၊ သတ္တဝါ အမျိုးမျိုးတို့၏ ပြောဆိုမြည်တွန်သံ, သွားလာဟန်တို့၏ အကောင်းအဆိုးကို သိသော သကုဏဝိဇ္ဇာအတတ်၊ ကျီးမြည်သံကို သိသော ဝါယသဝိဇ္ဇာအတတ်၊ [သကုဏဝိဇ္ဇာအပြင် ဝါယသဝိဇ္ဇာကျမ်းလည်း ထင်ရှားသော ကျမ်း

---

(၁) ဤ ပါဠိအဋ္ဌကထာ၌ ''ခေတ္တဝိဇ္ဇာ'' ဟု ရှိ၏။ မောမိဇာတ်, သုတ သောမဇာတ်တို့၌ ''ခတ္တဝိဇ္ဇာ, ခတ္တဓမ္မ'' ဟု တွေ့ရသည်။ ထိုကျမ်း၌ ကိစ္စ တစုံတခုရာ ကြုံလာလျှင် (အကျိုးရှိမည်ထင်လျှင်) မိဘကိုပင် သတ်နိုင်၏-ဟု ဆိုသပဲ့။

တကျမ်း ဖြစ်သတဲ့။] ကြီးရင့်ပြီးသောအရွယ်ကို ထောက်၍ နောက်ရှည် ဦးမည့်အသက်ကို ဟောပြောနိုင်သော ပက္ကဇ္ဈာနအတတ်၊ မြားကို ကာကွယ် စောင့်ရှောက်နိုင်သော သရပရိတ္တာဏအတတ်၊ ငှက်မျိုး သားကောင်မျိုး အားလုံးတို့၏ မြည်တွန်သံကို သိသော မိဂစက္ကအတတ်။ ဤသို့သော အတတ်မျိုးဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးဝမ်းကျောင်းမှုကို ပြုကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အတတ်မျိုးဖြင့် အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၂။ ချီးမွမ်းပုံတမျိုးကား — အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာနဝိဇ္ဇာဖြင့် အသက်မွေးဝမ်းကျောင်းမှုကို ပြုနေကြကုန်၏။ အဘယ်အတတ်မျိုးနည်း။ ပိုင်ဆိုင်သော ဥစ္စာရှင်မှာ ဖြစ်လာတတ်သော အကျိုးအပြစ်ကိုပြသော ပတ္တမြားလက္ခဏာကျမ်း၊ အဝတ်၊ တုတ်၊ ဓား၊ သံလျက်၊ မြား၊ လေး [ဆိုပြီး လက်နက်များမှကြွင်းသော] လက်နက်အမျိုးမျိုး၏ လက္ခဏာကျမ်း၊ နေထိုင်ရာအမျိုး၏ တိုးပွါးခြင်း ဆုတ်ယုတ်ခြင်းကို ပြသော မိန်းမလက္ခဏာကျမ်း၊ ယောကျ်ားလက္ခဏာကျမ်း၊ သတို့သားလက္ခဏာကျမ်း၊သတို့သမီးလက္ခဏာကျမ်း၊ကျွန်၊ကျွန်မ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားလား၊ နွားရိုးရိုး လက္ခဏာကျမ်း၊ စားသူတို့မှာ ဖြစ်လာတတ်သော အကျိုးအပြစ်ကို ပြသော ဆိတ်လက္ခဏာကျမ်း၊ သိုး၊ ကြက်၊ ငုံး၊ ဖွတ် လက္ခဏာကျမ်း၊ [အိမ်စသည်၌ ဖွက်ရုပ်ရှိလျှင်လည်း အကျိုးအပြစ်ကို ဤကျမ်းက ပြသေး၏။] တန်ဆာအထွတ်၊ အိမ်အထွတ်တို့၏ လက္ခဏာကျမ်း၊ လိပ်လက္ခဏာကျမ်း၊ ကြွင်းသမျှသော သားကောင်တို့၏ လက္ခဏာကျမ်း။ ဤသို့သော ကျမ်းအတတ်ဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၃။ ချီးမွမ်းပုံတမျိုးကား— အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်

သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့ သဘောရှိသော တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြကုန်၏။ အဘယ်အတတ်မျိုးနည်း။ မည်သည့်နေ့ မည်သည့်နက္ခတ်ဖြင့် မင်းတို့၏ စစ်မြေပြင်သို့ထွက်ခြင်းဖြစ်လိမ့်မည်။ မည်သည့်နေ့ မည်သည့်နက္ခတ်ဖြင့် မင်းတို့၏ ပြန်လာခြင်းဖြစ်လိမ့်မည်။ မည်သည့်နေ့ မည်သည့်နက္ခတ်ဖြင့် ငါတို့ပြည်တွင်းကမင်းတို့၏ ပြည်ပမင်းထံ (စစ်တိုက်ရန်) ချဉ်းကပ်လိမ့်မည်။ ပြည်ပမင်းတို့ ဆုတ်ခွာလိမ့်မည်။ ပြည်ပမင်းတို့က ပြည်တွင်းမင်းထံ ချဉ်းကပ်လိမ့်မည်။ ပြည်တွင်းမင်းတို့က ဆုတ်ခွာရလိမ့်မည်။ ပြည်တွင်းမင်းတို့နိုင်လိမ့်မည်။ ပြည်ပမင်းတို့ရှုံးလိမ့်မည်။ ပြည်ပမင်းတို့နိုင်လိမ့်မည်။ ပြည်တွင်းမင်းတို့ ရှုံးလိမ့်မည်။ ဤသို့လျှင် "မည်သူကနိုင်၍ မည်သူက ရှုံးလိမ့်မည်" စသည်ဖြင့် ဟောပြောကာ တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အသက်မွေးမှုမှ ရှောင်ကြဉ်တော် မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၄။ ချီးမွမ်းပုံတမျိုးကား—အရှင်ကောင်းအရှင်မြတ်ဖြစ်ကြကုန်သော သမဏဗြာဟ္မဏအချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သောပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြကုန်၏။ အဘယ်အတတ်မျိုးနည်း။ — လကြတ်လိမ့်မည်။ နေကြတ်လိမ့်မည်။ နက္ခတ် ကြတ်လိမ့်မည်။ လ-နေတို့ လမ်းမှန်သွားလိမ့်မည်။ လ-နေတို့ လမ်းလွဲ၍ သွားလိမ့်မည်။ နက္ခတ်တို့ လမ်းမှန်သွားလိမ့်မည်။ နက္ခတ်တို့ လမ်းလွဲ၍သွားလိမ့်မည်။ ဥက္ကာကျလိမ့်မည်။ [လေထုချင်းတိုက်မိ၍ မီးရောင်ကဲ့သို့ အရောင်ဖြစ်ပြီးလျှင် ကောင်းကင်မှ ကျခြင်းကို ဥက္ကာကျခြင်းဟု ခေါ်၏။ မြန်မာတို့က "ဥက္ကာပျံသည်"ဟု ခေါ်ကြသည်။] အရပ်မျက်နှာတို့၌ မီးလောင်သကဲ့သို့ မီးလျှံ အခိုးလျှံ ပေါ်ထွက်လိမ့်မည်။ မြေ(ငလျင်)လှုပ်လိမ့်မည်။ ကောင်းကင်၌ ခြိမ်းဟိန်းသံကြီးဖြစ်လိမ့်မည်။ [ကောင်းကင်၌ လေထု၏ ပြင်းစွာ တိုက်ခိုက်မှုကြောင့် အသံမြည်ခြင်းတည်း။ "တော်လဲခြင်း"ဟု ခေါ်ကြသည်။] လ-နေတို့၏ လမ်းမှန်သွားခြင်းစသည်ကြောင့် မည်သည့်

ကောင်းကျိုးဖြစ်၍, လမ်းလွဲသွားခြင်း စသည်ကြောင့် မည်သည့်ဆိုးကျိုး ဖြစ်လိမ့်မည်။ လ, နေ, နက္ခတ် တို့၏ မည်သည့်ရာသီသို့ တက်ခြင်း, သက်ခြင်းသည် မည်သည့်အကျိုးရှိလိမ့်မည်။ လ, နေ, နက္ခတ်တို့ မသန့် မရှင်းဖြစ်လိမ့်မည်။ သန့်သန့်ရှင်းရှင်းဖြစ်လိမ့်မည်။ ဤသို့ဟောပြောကာ တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြသကဲ့ သို့ ရဟန်းဂေါတမသည် ဤသို့သော အသက်မွေးမှုမှ ရှောင်ကြဉ်တော် မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၅။ ချီးမွမ်းပုံတမျိုးကား—အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန် သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန် သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့သဘောရှိသော တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြကုန်၏။ အဘယ် အတတ် မျိုးနည်း။ မိုးကောင်း လိမ့်မည်။ မိုးခေါင် လိမ့်မည်။ သာယာဝပြောလိမ့်မည်။ ဝတ်မွတ်လိမ့်မည်။ ဘေးကင်းလိမ့်မည်။ ဘေး ဖြစ်လိမ့်မည်။ ရောဂါဖြစ်လိမ့်မည်။ ရောဂါကင်းလိမ့်မည်။ လက်ချိုး၍ ရေတွက်နည်း။ တစ်နှစ်စသော ဂဏန်းစဉ်အတိုင်းရေတွက်နည်း။အပေါင်း အနုတ် အမြောက်အစားရေတွက်နည်း။ ကဗျာဖွဲ့နည်း။ လောကာယတ ကျမ်းအတတ်[၁]- ဤသို့သော အတတ်မျိုးဖြင့် ဟောပြောလျက် လမ်းမှန် မဟုတ်သော အသက်မွေးမှုကို ပြုနေကြကုန်သကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၆။ ချီးမွမ်းပုံတမျိုးကား —အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန် သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်

---

(၁) လောကာယတ (လောက+အာယတ) = ပညာမဲ့လူ့လောက၏+ အားတက်သရော ရှိစရာဖြစ်သော စီးပွါးရေး ကုသိုလ်ရေးနှစ်မျိုးလုံး မပါဘဲ တယောက်နှင့်တယောက် အငြင်းအခုံဖြစ်စေသောအတတ်။ ဥပမာ-တယောက် က ''ကျီးကန်းသည်မဲ၏''ဟု ဆိုသျှင် တယောက်က ''ဖြူတယ်ကွ'' (ဘာ့ကြောင့် လဲ) ''အရိုးကဖြူလို့''ဤသို့စသော အတတ်မျိုးတည်း။

သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့ သဘောရှိသော တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြကုန်၏။ အဘယ်အတတ်မျိုးနည်း။ သတို့သမီးဆောင်ယူခြင်းမင်္ဂလာကို ပြုပေးခြင်း၊ သတို့သမီးပေးပို့ခြင်းမင်္ဂလာကို ပြုပေးခြင်း (အခါပေးခြင်း)၊ကွဲပြီး သူတို့ကို (သို့မီးခင်ပွန်းကို) ပြန်၍ပေါင်းမိအောင် ပြုပေးခြင်း၊ ကွာရှင်းပေးခြင်း၊ လယ်စု ယာစု ကြွေးမြီစုကို စုရုံး သိမ်းဆည်းဘို့ရာ အခါပေးခြင်း၊ အရပ်တပါး၌ ရောင်းဘို့ရာ အတိုးချဘို့ရာ အခါပေးခြင်း၊ တင့်တယ်အောင် ဘုန်းကျက်သရေတိုးအောင် ပြုပေးခြင်း၊ (ရန်သူတို့အား) မတင့်တယ်အောင် ကျက်သရေမရှိအောင်ပြုပေးခြင်း၊ မတည်သောကိုယ်ဝန်ကို (နောက်တကြိမ်၌) တည်အောင် ပြုပေးခြင်း (ကိုယ်ဝန်တည်ဆေးပေးခြင်း)၊ မန္တန်ဖြင့် လျှာခိုင်နေအောင် (စကားမပြောနိုင်အောင်) ပြုခြင်း၊ မန္တန်ဖြင့် မေးခိုင်အောင်ပြုခြင်း၊ မိမိအား ပုတ်ခတ်မည့်သူကို လက်ပြန်ဖြစ်အောင် မန္တန်စုတ်ခြင်း၊ ပြောအပ်သမျှ စကားကို မကြားအောင် မန္တန်စုတ်ခြင်း၊ [တရားရုံး၌ မိမိပြောစကားကို တရားတွေ့ဘက်တို့ မကြားအောင် လုပ်နည်း။] မှန်၌ နတ်ကို သွင်းချ၍ ပြဿနာမေးခြင်း၊ သတို့သမီးကိုယ်၌ နတ်ကိုသွင်းချ၍ ပြဿနာမေးခြင်း၊ ကျွန်မကိုယ်၌ နတ်ကိုသွင်းချ၍ ပြဿနာမေးခြင်း၊ အသက်မွေးဝမ်းကျောင်းအတွက် နေကို ပူဇော်လုပ်ကျွေးခြင်း၊ [နွယ်သာကီ၊ သို့မဟုတ် ရာသီပန်းတို့ဖြင့် ပူဇော်၍ တနေ့လုံး နေဘက်မျက်နှာပြုနေခြင်းကို နေကိုလုပ်ကျွေးခြင်းဟု ခေါ်သည်။] အသက်မွေးဝမ်းကျောင်းအတွက် မဟာဗြဟ္မာကို ပူဇော်လုပ်ကျွေးခြင်း၊ မန္တန်စွမ်းဖြင့် ခံတွင်းမှ မီးလျှံကို ထုတ်ပြခြင်း၊ ကျက်သရေကိုခေါ်ခြင်း [“အိုး- ကျက်သရေ.... လာပါလော့။ ငါ၏ကိုယ်၌ တည်ပါလော့” ဟု ဦးခေါင်းဖြင့် ကျက်သရေကိုခေါ်ယူခြင်း]။ ဤသို့သော အတတ်မျိုးဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အတတ်မျိုးဖြင့် အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်းပြောဆိုရာ၏။

၇။ ချီးမွမ်းပုံတမျိုးကား— အရှင်ကောင်း အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏ တချို့တို့သည် သဒ္ဓါတရားဖြင့် ပေးလှူအပ်ကုန်သော ပစ္စည်းတို့ကို သုံးစွဲကြပြီးလျှင် သူတို့သည် ဤသို့ သဘောရှိသော

တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြကုန်၏။ အဘယ်အတတ်မျိုးနည်း။....လိုရာဆုကိုတောင်း၍ ထိုဆုပြည့်စုံသည့်အခါ မန္တန်စုတ်၍ ပူဇော်ပသပါမည်ဟု ဝန်ခံမှု (အာမခံမှု) ကို ပြုခြင်း၊ လိုရာဆု ပြည့်စုံသည့်အခါ ဝန်ခံထားသည့်အတိုင်း ပူဇော်ပသခြင်း၊ [ဤနည်းများကို သူတပါးအတွက် ပြုလုပ်ပေး၍ အလှူအတန်းအခရခြင်းသည် ရဟန်းများအတွက် မိစ္ဆာဇီဝမည်၏။] သူသေကောင်၌ ဘုတ်ဝင်အောင်ပြုမှု [''ဘူတကမ္မံ'' ဟု ပါဠိရှိ၏။ အဋ္ဌကထာ၌ မတွေ့ရ။]၊ မြေအိမ်၌နေ၍ သင်ယူအပ်သော မန္တန်၏ ဥပစာခေါ် ဆိုင်ရာကိစ္စကိုပြုလုပ်မှု၊ နပုံးပဏ္ဍုက်ကို ဆေးဖြင့် ယောကျ်ားဖြစ်အောင် ပြုပေးမှု၊ ယောကျ်ားကို နပုံးပဏ္ဍုက်ဖြစ်အောင်ပြုမှု[ဆေးပေးခြင်း၊ဌွေးစေ့ထုတ်ခြင်းဖြင့်ပြုသည်။] အိမ်ရာအသစ်၌ အိမ်တည်ဆောက်မှု၊ အိမ်ရာသစ်၌ (ဘေးရန်ကင်းအောင်, စီးပွါးတိုးအောင်) ပူဇော်ပသမှု၊ မန္တန်စုတ်လျက် ရေဖြင့် ခံတွင်းစင်ကြယ်အောင်ပြုမှု၊ သူတပါးတို့ကို ရေချိုးပေးမှု၊ သူတပါးအတွက် မီးပူဇော်ပေးမှု၊ ပျို့အန်အောင် ဆေးပေးမှု၊ ဝမ်းလျှောဆေးပေးမှု၊ အထက်၌ သလိပ်စသော အပြစ်ဒေါသတို့ကိုအန်ထွက်စေမှု၊ အောက်၌ သလိပ်စသော အပြစ် ဒေါသတို့ကို လျှောသက်စေမှု၊ ဦးခေါင်း၌ သလိပ်စသော အပြစ် ဒေါသတို့ကို ကင်းရှင်းစေမှု၊ နားအတွက် ဆေးဆီချက်မှု၊ မျက်စဉ်းဆီချက်မှု၊ ဆီနှင့် ရောစပ်၍ နှာနှပ်မှု၊မျက်လွှာ ၂-လွှာ ၃-လွှာတို့ကို ပယ်ရှားနိုင်သော ငန်သောမျက်စဉ်းဖော်စပ်မှု၊ မျက်စိအေးသောမျက်စဉ်းဖော်စပ်မှု၊ မျက်စိရောဂါတိမ်သလာကို ဆေးကုမှု၊ စူးဝင်သောငြောင့်ကို ထွက်အောင် ဆေးကုမှု၊ သူငယ်နာဆေးကုမှု၊ အရင်းမူလပဓာနဆေးတို့ကိုပေးမှု (တနည်း-အရင်းမူလရောဂါဆေးတို့ကိုပေးမှု)၊ အသားနုတက်သည့်အခါ ထို အရင်းမူလဆေးတို့ကို ပယ်ရှားမှု။ ဤသို့သော တိရစ္ဆာနဝိဇ္ဇာဖြင့် လမ်းမှန်မဟုတ်သော အသက်မွေးမှုကို ပြုနေကြသကဲ့သို့ ရဟန်းဂေါတမသည် ဤသို့သော အတတ်မျိုးဖြင့် အသက်မွေးမှုမှ ရှောင်တော်မူပါပေသည်။ ဤသို့သော်လည်း ချီးမွမ်း ပြောဆိုရာ၏။

[ဤပြခဲ့သော ဆေးအတတ်များလည်း တတ်ခြင်း, တတ်အောင်သင်ခြင်းကြောင့် အပြစ်မရှိပါ။ ဝိနည်းမဟာဝါ ဘေသဇ္ဇက္ခန္ဓက၌ ဆေး

နည်းများကို ဟောတော်မူ၍ စိဝရက္ခန္ဓကဥ် ဂိလာနပြုစုသူများ၏ ဂုဏ် အင်္ဂါတွင် "ဆေးဖော်စပ်နည်း သိရမည်" ဟုလည်း မိန့်တော်မူပါသည်။ ထိုကဲ့သို့ ဆေးအတတ်ကို တက်၍ လူတို့အား ဆေးကုမှုကြောင့် ကျေးဇူး တင်စွာ လှူကြသောပစ္စည်းဖြင့် အသက်မွေးမှုကိုသာ "မိစ္ဆာဇီဝ" ဟု ခေါ်သည်။]

**မဟာသီလခန်းပြီး၏။**

## ၆။ သုညအဖြစ်ကို ပြခန်း။

[ဤအခန်း၌ ၆၂-ပါးသော မိစ္ဆာအယူများကို ပြထား၏။ ထိုမိစ္ဆာအယူရှိသူတို့သည် "အတ္တရှိ၏၊ မြဲ၏၊ သို့မဟုတ် ပြတ်စဲ၏" ဟု မှတ်ယူထားကြ၏။ သူတို့ မှတ်ယူသည့်အတိုင်း အတ္တမရှိ၊ မြဲလည်းမမြဲ၊ သို့မဟုတ် အဆက်မရှိသောနည်းဖြင့် ပြတ်စဲ၍လည်းမသွား။ သူတို့ မှတ်ယူထားသည့်အတိုင်း "ဘာမျှမဟုတ်၊ ဘာမျှမရှိ၊ သုညချည်းဖြစ်၏" ဟု ပြသောကြောင့် ဤအခန်းကို "သုညတာပကာသန = သုညအဖြစ်ပြခန်း" ဟု ခေါ်ရသည်။]

## သဗ္ဗညုတဉာဏ်ကို ပြခန်း

[ထိုကဲ့သို့ မိစ္ဆာအယူဝါဒအတိုင်း မဟုတ်နိုင်၊ မရှိနိုင်ဘဲ သုညချည်းဖြစ်နေကြောင်းကိုလည်း သဗ္ဗညုတဉာဏ်တော်ဖြင့်သာ သိရသောကြောင့် မိစ္ဆာအယူဝါဒတို့၏ သုညဖြစ်ပုံကို ပြလိုက်လျှင် သဗ္ဗညုတဉာဏ်တော်ကိုလည်း ပြပြီးဖြစ်ရကား ဤအခန်းကို သဗ္ဗညုတဉာဏ်တော် ပြသောအခန်းဟုလည်း ခေါ်သင့်သည်။ သဗ္ဗ= သိစရာအားလုံးကို + ညုတာ= သိနိုင်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဉာဏ်။ ဤစကားစဉ်အရ ဤအခန်း၌ ၆၂-ပါးသော မိစ္ဆာအယူတို့ကိုရင်း၊ သဗ္ဗညုတဉာဏ်တော်ကိုရင်း သိကြရတော့မည်ဟု မြှော်လင့်ကာ ရိုသေလေးစားစွာဖြင့် ကြည့်ရှုကြပါကုန်။]

**သဗ္ဗညုတဉာဏ်**

ဘိက္ခုတို့ ... ပြအပ်ပြီးသော ဂုဏ်တို့မှ တမျိုးတခြား ဖြစ်ကုန်, နက်နဲကုန်, မြင်ဘို့ရန် ခက်ခဲကုန်, သိဘို့ရန် မလွယ်ကုန်, ငြိမ်းအေးကုန်, မွန်မြတ်ကုန်, ကြံစည်တွေးဆခြင်းဖြင့် မသက်ဝင်နိုင်ကုန်, သိမ်မွေ့ကုန်, ပညာရှိတို့သာ သိနိုင်ကုန်သော ဂုဏ်တော်တို့သည် (ငါဘုရားမှာ)

---

(၁) နက်နဲခြင်းစသော ဂုဏ်တို့သည် သဗ္ဗညုတဉာဏ်တော်၏ ဂုဏ်တော်များချည်းတည်း။ ဗုဒ္ဓသန္တာန်တော်၌ရှိနေသော ထိုဉာဏ်တော်ကို အခြားသူတို့ မှန်းမြော်ကြည့်သော်လည်း အတိအကျ မသိနိုင်။ ဥပမာ – သမုဒ္ဒရာအလယ် ခေါင်ဝယ် ကြိုးချ၍ တိုင်းကြည့်သူသည် မိမိကြိုးက သမုဒ္ဒရာနက်သလောက် မရှိသောကြောင့် သမုဒ္ဒရာနက်မှန်းကိုသာ သိရ၏။ မည်မျှနက်သည်-ဟုကား အတိအကျ မသိနိုင်သကဲ့သို့ ဗုဒ္ဓ၏ ဉာဏ်တော်ကို အရှင် သာရိပုတြာကဲ့သို့ ထိပ်တန်းဉာဏ်ဖြင့် မှန်းမြော်ကြည့်သော်လည်း ထိုဉာဏ်တော်နက်နဲသလောက် မိမိဉာဏ်လိုက်၍ မရှိသောကြောင့် မည်မျှ နက်သည်ဟု အတိအကျ မသိရ။ အလွန့်အလွန် နက်နဲသည်ဟုသာ မှန်းဆ၍ သိရပေမည်။ ဗုဒ္ဓကိုယ်တော်တိုင်သာ မိမိဉာဏ်တော် မည်မျှနက်နဲကြောင်း သိတော်မူသည်။

မှန်၏–လောက၌ အတော်ဉာဏ်ကြီးသူများကို ဉာဏ်နည်းသူတို့က မှန်းဆ၍ ကြည့်သော်လည်း ဟုတ်မှန်တိုင်း မသိကြ။ ဉာဏ်ကြီးသူတို့ ကိုယ်တိုင်သာ၊ သို့မဟုတ် အလားတူ ဉာဏ်ကြီးသူကသာ ထိုဉာဏ်၏ ကြီးကျယ်ကြောင်းကို သိနိုင်သကဲ့သို့တည်း။

ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်သန္တာန်၌ ထိုနက်နဲသော ဉာဏ်တော်ကြီး ရှိနေကြောင်းကို သိတော်မူသောကြောင့်သာ "ငါသည် ဗုဒ္ဓဖြစ်ပြီ"ဟု ဝန်ခံတော်မူပါသည်။ ထိုဉာဏ်တော်ဖြင့် သစ္စာလေးပါးစသော တရားတူးများကို ဟောတော်မူပါသည်။ ဗုဒ္ဓဂုဏ်တော်ကို အပြည့်အစုံပြောမည်ဆိုလျှင် ထိုဉာဏ်တော်ဖြင့် ပြောမှသာ အမှန်အတိုင်း ပြောရာရောက်ပေမည်။ ရှေး၌ ပြခဲ့သော "ရဟန်းဂေါတမသည် သူ့အသက်ကို မသတ်။ မိစ္ဆာစာဝမှုကို မပြု" စသော ဂုဏ်ကလေးများကား သဗ္ဗညုတဉာဏ်တော်ကို ထောက်လျှင် အလွန်အောက်ကျသော ကိုယ်ကျင့် သီလကလေးမျှသာ ဖြစ်ပါသေးသည်။ ထိုဂုဏ်ကလေးများဖြင့် ဗုဒ္ဓကို ချီးမွမ်းနေခြင်းကား သာသနာ့အပြင်ဘက်က ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့၏ အမြင်ဖြင့် အပေါ်ယံချီးမွမ်းခြင်းသာ ဖြစ်လေသည်။

ရှိကုန်သေး၏။ မြတ်စွာဘုရားသည် ယင်းဂုဏ်တော်တို့ကို ကိုယ်တော်တိုင် (ဆရာမရှိဘဲ) ထူးခြားသော အရဟတ္တမဂ်ဉာဏ်ကြောင့် (တနည်း-ပစ္စဝေက္ခဏာဉာဏ်ဖြင့်) မျက်မှောက်ပြု၍ သစ္စာ လေးပါးစသော တရားတို့ကို (သတ္တဝါတို့အား) သိစေတော်မူနိုင်၊ ငါဘုရားဟု ဝန်ခံတော်မူနိုင်ပေသည်။ မြတ်စွာဘုရား၏ ဂုဏ်တို့ကို ပြောလိုသူတို့သည် ယင်းသဗ္ဗညုတဉာဏ်တော်ဂုဏ်တို့ဖြင့်ပြောမှသာဟုတ်တိုင်းမှန်စွာပြောကြရာရောက်မည်။

ထို သဗ္ဗညုတ ဉာဏ်တော် ဂုဏ်တော်တို့ ဟူသည် အဘယ်နည်း။[မိစ္ဆာအယူများကို ရှင်းလင်း ပြခြင်းဖြင့် ဤအမေးကို ဖြေပြီး ဖြစ်လိမ့်မည်။]

## ၆၂-ပါးသော မိစ္ဆာအယူများ

***ပုဗ္ဗန္တကပ္ပိက ဝါဒ ၁၈-မျိုး။** ဘိက္ခုတို့....ရှေးအတိတ်က အကြောင်းအရာစုကို ကြံစည်တတ်ကြကုန်၊ ရှေးအတိတ်က အကြောင်းအရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကြ ကုန်သော သမဏ ဗြာဟ္မဏ တချို့ ရှိကုန်၏။ သူတို့သည် ရှေးအကြောင်းအရာစုကို အာရုံပြု၍ (စိတ်ဖြင့် စဉ်းစား၍) အမျိုးမျိုးသော မိစ္ဆာအယူဖြစ်ဘို့ရန် အခြေခံစကားတို့ကို အကြောင်းပြ ၁၈-မျိုးတို့ဖြင့် "ငါတို့ အယူသာ အမှန်၊ အခြားအယူတွေအမှား"ဟု စွဲမြဲစွာ ပြောဆိုကြလေသည်။ "သူတို့သည် ဘယ်အချက်ကိုစွဲ၍ ပြောဆိုကြသနည်း"ဟု မေးဘွယ်ရှိ၏။

**‡သဿတဝါဒ လေးမျိုး။** ဘိက္ခုတို့....သဿတ အယူရှိသော သမဏ ဗြာဟ္မဏ တချို့ ရှိကြ၏။ သူတို့သည် အကြောင်းပြ လေးမျိုးတို့ဖြင့် အတ္တကိုရင်း၊ လောကကိုရင်း မြဲ၏ဟု ပညတ်ကြ

---

*ပုဗ္ဗ+အန္တ=ရှေးအတိတ်က ဖြစ်ခဲ့သောတရားစု (အကြောင်းအရာ)ကို+ကပ္ပိက=ကြံစည် စဉ်းစားသူတို့၏+ဝါဒ=အပြောအဆို အယူအဆ။ ယခုအခါ ထို ၁၈-မျိုးသော အယူဝါဒကို ပြမည်။ ၁၈-မျိုးတွင်လည်း သဿတဝါဒ ၄-မျိုးကို ရှေးဦးစွာ ပြလိမ့်မည်။

‡ သဿတ=သတ္တဝါတို့ သန္တာန်၌ အတ္တရှိ၏။ ထိုအတ္တသည် ဘယ်အခါမှ မပျက်စီးဘဲ မြဲ၏ဟု ယူသောအယူဝါဒ။

(ပြောဆိုကြ) လေသည်။ "သူတို့လည်း ဘယ်အချက်ကို စွဲ၍ ပြောဆို ပညတ်ကြကုန်သနည်း"ဟု မေးဘွယ်ရှိ၏။

**(က)ဘဝသိန်းပေါင်း များစွာကို ပြန်၍သိ သဖြင့် မိစ္ဆာအယူဖြစ်ပုံ**

ဘိက္ခုတို့....ဤလောက၌ တချို့သော သမဏ၊ သို့မဟုတ် ဗြာဟ္မဏသည် ကိလေသာတို့ကို နှိပ်စက်တတ်သော ဝီရိယ၊ လွန်စွာ ကြိုးစားသော ဝီရိယ၊ အထပ်ထပ် ကြိုးစားသော ဝီရိယ-ဤ ဝီရိယ[၁] သုံးမျိုးကိုဎင်း၊ မမေ့မလျော့သော သတိကိုဎင်း၊ လမ်းဖြောင့် လမ်းမှန် ကမ္မဋ္ဌာန်း နှလုံးသွင်းသော ဉာဏ်ကိုဎင်း စွဲမှီ၍ များပြား စွာသော ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော စိတ်တည်ကြည်မှု သမာဓိကို ရ၏။ "ဘယ့်လောက် များပြားစွာသော ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သနည်း"ဟုဆိုလျှင် လွန်ခဲ့ပြီးစ တဘဝ၌ ဖြစ်ခဲ့သမျှကို လည်း အောက်မေ့နိုင်၏။ ၂-ဘဝ ၃-ဘဝမှစ၍ ဘဝသိန်းပေါင်း များစွာတို့၌ ဖြစ်ခဲ့ တွေ့ကြုံခဲ့သမျှတို့ကိုလည်း အောက်မေ့နိုင်၏။ [ပြန်၍ မှတ်မိသည်ကို "အောက်မေ့"ဟု ခေါ်သည်။]

အောက်မေ့နိုင်ပုံကား-မည်သည့်ဘဝ၌ ငါ့နာမည်ကို ဘယ်လိုခေါ်၏။ ငါ့အနွယ်ကား မည်သည့် အနွယ်တည်း။ ငါ့အဆင်းသည် မည်သည့်

---

(၁) ဝီရိယသုံးမျိုးတွင် ပဌမဝီရိယဖြင့် မိမိစိတ်အစဉ်မှာ ကိလေသာ အနောက်အယှက်မရှိအောင် ကြိုးစား၏။ ထိုကြိုးစားမှုကြောင့် ဈာန်၏ အနီး ဉပစာလောက်ရောက်အောင် သမာဓိရသည်။ ဒုတိယဝီရိယဖြင့် ဆက်လက် ကြိုးစားပြန်ရာ ပဌမဈာန်မှစ၍ စတုတ္ထဈာန်အထိ ရ၏၊ တတိယ ဝီရိယဖြင့်ဆက် လက်ကြိုးစားပြန်ရာ "ပုဗ္ဗေနိဝါသာနုဿတိခေါ်" ရှေးဖြစ်ဟောင်းကို အောက် မေ့နိုင်သော အဘိညာဉ်ကို ရလေသည်။ ထိုကဲ့သို့ ဝီရိယသုံးမျိုးဖြင့် ကြိုးစား ရာငယ် ကမ္မဋ္ဌာန်းအာရုံ ပျောက်မသွားအောင် အမြဲစိတ်စိုက်ထားသော သတိ တရားလည်း ရှိရ၏။ ကမ္မဋ္ဌာန်းလမ်းမလွဲရအောင် နားလည်သော ဉာဏ်လည်း ပါဝင်ရ၏။ ဤသို့လျှင် အလွန်ကြီးမားသော ဝီရိယ, သတိ, ဉာဏ်တို့ကို အခြေ ခံပြီးမှ ပုဗ္ဗေနိဝါသဉာဏ်ကို ရရှိလေသည်။ ဤစကားအရ ယခုပြသည့် မိစ္ဆာ အယူကို မှားယူသူသည် သာမည ပုဂ္ဂိုလ်မဟုတ်၊ ဉာဏ်ဝီရိယနှင့် သတိ ကြီး မားသော သမဏ (ဗြာဟ္မဏ) တပါးဖြစ်ပေသည်။ သို့သော် လမ်းမှန်ကို ဟောပြမည့် ဗုဒ္ဓရှင်တော်ကို မတွေ့ရသဖြင့် မိစ္ဆာဝါဒကို ယူမှားရှာရတော့ သည်ဟု သတိပြုလိုက်ပါ။

အဆင်းတည်း။ မည်သည့်အစာကို ငါစားခဲ့ရ၏။ ဘယ်ပုံချမ်းသာခဲ့၊ သို့မဟုတ် ဆင်းရဲခဲ့သည်။ မည်မျှ အသက် ရှည်ခဲ့သည်။ ထိုဘဝမှ စုတေ ပြီးနောက် မည်သည့်ဘဝမှာ ဖြစ်ရသည်။ ဤသို့ တဘဝမှ တဘဝ သို့ဆက်ကာ ဆက်ကာ ဖြစ်ခဲ့လေရာ နောက်ဆုံးဘဝမှ စုတေပြီးနောက် ဤလူ့ဘဝ၌ ဖြစ်လာရသည်။ ဤသို့လျှင် အမည် အနွယ် အဆင်း အစာ ချမ်းသာ ဆင်းရဲ အသက် အပိုင်းအခြားနှင့်တကွ ဘဝသိန်း ပေါင်းများစွာ၌ ဖြစ်ခဲ့သမျှ အကြောင်းအရာကို အောက်မေ့ နိုင် လေသည်။ ထိုသို့ အောက်မေ့နိုင်သော သမဏ ဗြာဟ္မဏသည် (သူ တပါးအား) ပြောပြသည်မှာ[၁]— အတ္တ[၂]သည်ငှင်း၊ လောကသည်ငှင်း မြဲ၏။ အမြုံမနှင့် တူ၏။ တောင်၏ အထွတ်ကဲ့သို့ တည်တန့်၏။ ခိုင်မြဲစွာ စိုက်ထားအပ်သော တံခါးတိုင်ကဲ့သို့ တည်တန့်၏။ ထိုသတ္တဝါတို့ သည်ကား တဘဝမှတဘဝသို့ ပြေးသွားကျင်လည်ကြရ, စုတေကြရ, ပဋိသန္ဓေနေကြရသည်။ မြေကြီး မြင်းမိုရ်တောင် လ နေတို့နှင့် တူစွာ အခါခပ်သိမ်း ထင်ရှားရှိသော အတ္တကား အမှန်ရှိပေသည်သာ[၃]။

---

(၁) ဘဝပေါင်းများစွာ ဆက်ကာ ဆက်ကာ ဖြစ်ရာဝယ် ခန္ဓာအိမ်သာ တမျိုးပြီးတမျိုး ပြောင်းလွဲရ၏။ အတ္တ (ငါ) ကား မပြောင်းလွဲ၊ ခန္ဓာအိမ်၌ မပျက်မစဲ အမြဲတည်သော အတ္တသည် ကောင်နှိ၏။ ဤသို့ ယူဆ၍ ထိုအယူ ဝါဒ ပြန့်အောင် သူတပါးအား ဟောပြောသည်။

(၂) ခန္ဓာ ငါးပါးတွင် တပါးပါးကို အတ္တ (ငါ) ဟု စွဲလမ်း၏။ လောကဟုလည်း မှတ်ထင်၏။ (ရှုံ) အတ္တာ စေဝ လောကော စ သဿ— တော စာတိ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ=ရူပက္ခန္ဓာသည် အတ္တလည်း ဟုတ်၏၊ လောကလည်း ဟုတ်၏၊ မြဲလည်းမြဲ၏ဟု အတ္တကိုငှင်း၊ လောက ကိုငှင်း ပညတ်ကြသည်။ မြုံသော မိန်းမသည် အခြားကိုယ်တမျိုးကို မဖြစ် စေနိုင်သကဲ့သို့ ထို အတ္တသည်လည်း အခြားအတ္တတမျိုးကို မဖြစ်စေတော့။ တောင်ထွတ်သည် ခိုင်မြဲစွာ တည်သကဲ့သို့ အတ္တလည်းခိုင်မြဲစွာတည်၏။ ခိုင် မြဲစွာ စိုက်ထားအပ်သော တံခါးတိုင်သည် လေမုန်တိုင်း စသည်တို့ကြောင့် မတုန်လှုပ်သကဲ့သို့ အတ္တလည်း တစုံတရာဆန့်ကျင်ဘက်ကြောင့် ပြောင်းလွဲခြင်း မရှိ။ သတ်ချင်တိုင်းသတ် ဖြတ်ချင်တိုင်းဖြတ်သော်လည်း အတ္တကား မပျက်စီး နိုင်-ဟူလို။

(၃) ခန္ဓာအိမ် အပြောင်းအလွဲကိုကြည့်၍ ထိုသတ္တဝါတို့သည် တဘဝမှ တဘဝသို့ ပြေးသွားကြရ, ကျင်လည်ကြရ, စုတေ (သေ) ကြရ, ပဋိသန္ဓေ

"ဘာ့ကြောင့် ဤသို့ပြောနိုင်သနည်း" ဆိုလျှင် .... ငါသည် ဝီရိယ သတိနှင့် ဉာဏ်ကို စွဲမှီ၍ ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော သမာဓိကိုရ၏။ (ဤသို့ စသည်ဖြင့် သူအောက်မေ့နိုင်ပုံတွေကို စုံလင်စွာ ပြောပြသည်။) ဤသို့ ငါကိုယ်တိုင် ရှေးဖြစ်ဟောင်းကို အောက်မေ့ နိုင်သောကြောင့် "အတ္တလောကသည် မြဲ၏" ဟု ငါသိရပေသည်။ ဤသို့ သူတပါးအား ပြောပြလေသည်။ သဿတဝါဒ ဖြစ်ပေါ်လာ ဘို့ရန် အကြောင်းလေးမျိုး ရှိရာဝယ် ဤသို့ ဘဝသိန်းပေါင်းများစွာ ကို ပြန်၍ အောက်မေ့နိုင်ခြင်းသည် ပဌမအကြောင်း တမျိုးပေတည်း။

**(ခ) ဆယ်ကမ္ဘာအထိ ပြန်၍ သိသူ** (သဿတအယူဖြစ်ဘို့ရန်အကြောင်းလေးမျိုး ရှိသည်တွင်) ဒုတိယ အကြောင်း၌ တဘဝ နှစ်ဘဝမှစ၍ ဘဝကုဋေများစွာကို ကမ္ဘာဖွဲ့ ပြီးလျှင် ထိုကမ္ဘာပေါင်း ဆယ်ကမ္ဘာအထိ ပြန်၍အောက်မေ့နိုင်ခြင်း သာ ပဌမ အယူဝါဒမှ ထူးခြားတော့သည်။

**(ဂ) ကမ္ဘာ၄၀-အထိ ပြန်၍သိသူ** သဿတ အယူဖြစ်ဘို့ရန် အကြောင်းလေးမျိုး ရှိသည်တွင် တတိယအကြောင်း၌ တကမ္ဘာ နှစ်ကမ္ဘာမှစ၍ ကမ္ဘာ ၄၀-အထိ ပြန်၍ အောက်မေ့နိုင်ခြင်းသာ ထူးတော့သည်။

---

နေကြရ၏ဟု ခေါ်ဝေါ်ရသည်။ မြေကြီးစသည်တို့သည် အထင်အရှားရှိနေသလို အတ္တသည်ကား မပျက်ပြားဘဲ အထင်အရှားပင် ရှိပါသည်။ အနှစ် အမတေ ကဲ့သို့ တည်နေသော ထိုအတ္တကား သေလည်းမသေ။ အသစ်ဖြစ်သောအားဖြင့် ပဋိသန္ဓေလည်း မနေရပါ-ဟူလို။

(၁) ဘဝသိန်းပေါင်းများစွာကို ပြန်၍ စဉ်းစားသည့်အခါ ခန္ဓာအိမ် တမျိုးပြီးတမျိုး ပြောင်းသော်လည်း "အတ္တ" ခေါ် ငါကားမပြောင်း။ သိန်း ပေါင်းများစွာသော ဘဝဝယ် ငါတယောက်တည်းသာဖြစ်၏။ ထို ကြောင့် ငါ ဟူသော အတ္တ, ငါ ဟူသော လောကသည် "မပျက်မခဲ မြဲ၏" ဟု ယူမှားသော ဝါဒကို "သဿတဒိဋ္ဌိ=မြဲ၏ဟု ယူမှားမှု" ဟု ခေါ်သည်။ ထိုသို့ ယူရာ၌ သူထင်နေသော "အတ္တ"ကား စိတ်ဝိညာဉ်သော်လည်း ဖြစ်လိမ့်မည်။ သို့မဟုတ် ဝေဒနာစသော ခန္ဓာလေးပါးတို့တွင် တပါးပါးသော်လည်း ဖြစ်ပေ လိမ့်မည်။

(ဂ) မှတ်ချက်။ ။သာသနာပကာလ၌ ဉာဏ်အထက်ဆုံး မိစ္ဆာအယူ ရှိသူသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရလျှင် ကမ္ဘာ လေးဆယ်အထိသာ

**(ဃ) တက္ကီ ပုဂ္ဂိုလ်** စတုတ္ထအကြောင်း၌ အရှင်ဂေါတမ အရှင်မြတ် ဖြစ်ကြကုန်သော သမဏ ဗြာဟ္မဏတို့သည် အဘယ် အချက်ကို စွဲ၍ သဿတဝါဒ ရှိကြကုန်လျက် အတ္တကိုငင်း၊ လောကကိုငင်း မြဲ၏ဟု ပညတ်ကြကုန်သနည်း-ဟု မေးဘွယ်ရှိ၏။ ဘိက္ခုတို့.... ... ဤလောက၌ အချို့သော သမဏ၊ သို့မဟုတ် ဗြာဟ္မဏ သည် ကြံစည်လေ့ စဉ်းစားနိုင်းချိန်လေ့ရှိ၏။ သူသည် ကြံစည်အပ် စဉ်းစားနှိုင်းချိန်အပ်သော မိမိထင်မြင်ချက်ကို ဤသို့ ပြောပြ၏။ (ပြောပြပုံကား)— အတ္တသည်ငင်း၊ လောကသည်ငင်း မြဲ၏။ အမြဲ့မနှင့် တူ၏။ တောင်

---

ပြန်၍သိနိုင်သတဲ့။ ကမ္ဘာလေးဆယ်၏ ဟိုဘက် သူသည် မဖြစ်ခဲ့ဘဲ ကမ္ဘာလေးဆယ်လောက်ကမှ စ၍ ဖြစ်ခဲ့သည်။ ထိုသို့ဖြစ်ရာ၌လည်း ဘာအကြောင်းမျှ မရှိဘဲ အကြောင်းမဲ့ သက်သက် ဖြစ်ခဲ့ရသည်-ဟု "အဓိစ္စသမုပ္ပန္နိက" ခေါ် မိစ္ဆာအယူတမျိုး ဖြစ်တတ်သေး၏။ "ထို ကမ္ဘာလေးဆယ်ကစ၍ဖြစ်ခဲ့သောငါသည် ယခုလည်းငါပင် ဖြစ်ရကား မပျက်မစဲ မြဲ၏" ဟူသော သဿတဒိဋ္ဌိ ဖြစ်လေသည်။ ဉာဏ် အလတ်စား ပုဂ္ဂိုလ်သည် ဆယ်ကမ္ဘာ အထိသာ အောက်မေ့နိုင်၍ ဉာဏ်နုံ့သော ပုဂ္ဂိုလ်ကား ဘဝသိန်းပေါင်းများစွာကိုသာ အောက်မေ့နိုင်၏။ ထို့ကြောင့် ပုဗ္ဗေနိဝါသဉာဏ်ရသူကို သုံးမျိုးခွဲခြား၍ ထို ဉာဏ်ကို အရင်းခံ၍ဖြစ်သော သဿတဒိဋ္ဌိကိုလည်း သုံးမျိုးပင် ဟောတော်မူသည်။ ဆယ်ကမ္ဘာအထိ အောက်မေ့နိုင်သူ သည် သူ့ကိုယ်သူ ဆယ်ကမ္ဘာ လောက်ကမှစ၍ ဖြစ်၏ဟု ယူဆ၏။ ဘဝသိန်းပေါင်းများစွာ အောက်မေ့နိုင်သူကလည်း သူစ၍ ဖြစ်ခဲ့သည်မှာ ဘဝအသိန်းလောက်သာ ကြာသေး၏ဟု ယူဆလေသည်။ (တေ တတ္ထ ဌတွာ တ္တောကမေဝ ဇာတော ပရံ နတ္ထိတိ ဒိဋ္ဌိ ဂဏှန္တိ=ထို ပုဗ္ဗေနိဝါသဉာဏ်ရသော တိတ္ထိတို့သည် သူတို့မမြင်နိုင်ရာအရပ်၌ တည်၍ "သည့်လောက်သာ, သည့်ပြင်ဘက်မှာ မရှိတော့" ဟု အဓိစ္စသမုပ္ပန္နိက ဒိဋ္ဌိ (အကြောင်းမရှိဘဲ ဖြစ်၏ဟူသော အယူ)ကို ယူကြလေသည်။ (သုတ်မဟာဝါ အဋ္ဌကထာ)

(ဃ) (တက္ကီ=ကြံစည်လေ့ရှိသူ၊) ဤစတုတ္ထသဿတ အယူရှိသူကား ရှေးပုဂ္ဂိုလ်များကဲ့သို့ ကမ္မဋ္ဌာန်းကြိုးစား၍ တရားထူးရသူ မဟုတ်။ ကြံစည် စဉ်းစား နှိုင်းချိန်မှုကြောင့် သဿတအယူဝါဒရှိသူတည်း။ ထိုတက္ကီ ပုဂ္ဂိုလ်လည်း လေးမျိုးရှိပြန်၏။ (၁) ဇာတ်တော်များကို ကြားနာ ကြည့်ရှုသည့်အခါ "ဝေဿန္တရာမင်းသည် ဘုရားဖြစ်လာ၏" စသောစကားကို ကောက်

ထွတ်ကဲ့သို့ တည်တန့်၏။ ခိုင်မြဲစွာ စိုက်ထားအပ်သော တံခါးတိုင်ကဲ့သို့ တည်တန့်၏။ ထိုသတ္တဝါတို့သည်ကား တဘဝမှ တဘဝသို့ ပြေးသွား ကျင်လည်ကြရ, စုတေကြရ, ပဋိသန္ဓေ နေကြရသည်။ မြေကြီး မြင်းမိုရ် တောင် လ နေတို့နှင့် တူစွာ အခါခပ်သိမ်း ထင်ရှားရှိသော အတ္တကား အမှန်ရှိပေသည်။ ဤသို့ ပြောပြလေသည်။ ... ဘိက္ခုတို့.... ဤသို့ ကြံစည် နိုင်းချိန်ခြင်းသည် သဿတ အယူဝါဒ ဖြစ်ဘို့ရန် အကြောင်း ၁မျိုးပင်တည်း။ ဘိက္ခုတို့........ သဿတ အယူဝါဒ ရှိသူတို့သည် ဤပြခဲ့သော အကြောင်း လေး မျိုး တို့ ဖြင့် အတ္တကိုရင်း၊ လောက ကိုရင်း မြဲ၏ဟု ပညတ်ကြလေသည်။ ဘိက္ခုတို့.... သဿတ အယူဝါဒ ရှိကြသော သမဏ ဗြာဟ္မဏ ဟူသမျှတို့သည် ဤလေးမျိုးလုံးသော အကြောင်းတို့ဖြင့် ဖြစ်စေ၊ (လေးမျိုးထဲတွင်) တမျိုး နှစ်မျိုး သုံးမျိုး သော အကြောင်းတို့ဖြင့် ဖြစ်စေ သဿတ အယူဝါဒကို ပညတ်ထားကြ လေသည်။ ထိုအကြောင်းလေးမျိုးအပြင် (သဿတ ဝါဒ ဖြစ်ပေါ်လာ ဘို့ရန်) အကြောင်းတမျိုး မရှိတော့ချေ။

**သဗ္ဗညုတဉာဏ်တော် ပြခန်း** ဘိက္ခုတို့....မြတ်စွာဘုရားသည် ထိုလေးမျိုးသော မိစ္ဆာ အယူကို အမျိုးမျိုး အစားစား သိတော်မူ၏။ (သိတော်မူပုံကား)—ဤမိစ္ဆာအယူတို့သည် "အတ္တ,လောကသည် မြဲ၏"ဟု ဤသို့ယူထားလျှင် ဤသို့အဖန်ဖန်သုံးသပ်

---

ချက်ချ၍ "ဝေဿန္တရာ၏ ခန္ဓာကိုယ်ကြီး ပျက်စီးခဲ့သော်လည်း အတ္တကား မပျက်စီးဘဲ ဘုရားဖြစ်ရသည်"ဟု ကြံစည်နှိုင်းချိန်၍ "အတ္တသည်မြဲ၏"ဟု ယူဆလေသည်။ (၂) ကံအားလျော်စွာ နှစ်ဘဝ သုံးဘဝလောက်ကို ပြန်၍ သိနိုင်သူလည်းထိုအတိုင်းကြံစည်၍ သဿတ အတ္တကို ယူ၏။ (၃) ယခု ဘဝ၌ သုခဒုက္ခကိုခံစားရသူလည်း "ရှေးတုန်းကလဲ ဒီလိုဘဲခံစားရ,နောက်လဲ ဒီလိုခံစားရမှာဘဲ"ဟု ကြံစည်၍ သဿတအတ္တကို ယူ၏။ (၄) အတ္တသည် မြဲသောကြောင့်သာ မိမိပြုသော ကံ၏ အကျိုးကို မိမိခံစားရသည်။ မမြဲလျှင် ကံပြုသူကတခြား ခံစားသူကတခြား ဖြစ်မှာဘဲဟု ကြံစည်နှိုင်းချိန်ခြင်းကြောင့် လည်း သဿတအတ္တဝါဒ ဖြစ်ပေါ်လာရသည်။ ဤသို့ တက္ကီပုဂ္ဂိုလ်လေးမျိုး ကွဲပြားပြန်လေသည်။

ထားလျှင် "(ငရဲ တိရစ္ဆာန် ပြိတ္တာဂတိတို့တွင်) ဤမည်သော ဂတိသို့ ရောက်ကြရလိမ့်မည်။ ဤမည်သော တမလွန်ဘဝ ရှိကြလိမ့်မည်"ဟု သိတော်မူသည်။ [ထိုမိစ္ဆာအယူကို သည်လိုယူလျှင် ငရဲကျမည်။ သည်လို ယူလျှင် တိရစ္ဆာန်ဖြစ်မည်။ သည်လိုယူလျှင် ပြိတ္တာဖြစ်မည်ဟု ယူပုံနှင့် ဆက်စပ်၍ ရောက်ရမည့်ဘဝကို သိတော်မူသည်-ဟူလို။] မြတ်စွာဘုရား သည် အကြောင်းနှင့်တကွ လားရာဂတိနှင့်တကွသော ထိုမိစ္ဆာအယူကို လည်း သိတော်မူ၏။ ထို့ထက်အလွန်ဖြစ်သော သီလ သမာဓိ သဗ္ဗညုတ ဉာဏ်ပညာကိုလည်း သိတော်မူ၏။ ထိုသီလ သမာဓိ သဗ္ဗညုတ ဉာဏ် ပညာ တရားထူးကို သိပါသော်လည်း (ထိုအသိကိုပင်) တဏှာ မာန ဒိဋ္ဌိ အားဖြင့် အမှားသုံးသပ်တော်မမူ။[၁] ထိုသို့ အမှား သုံးသပ်တော် မမူခြင်း ကြောင့်လည်း ထို အမှားသုံးသပ်တတ်သော တဏှာ မာန ဒိဋ္ဌိ ကိလေ သာတို့၏ (ကိုယ်တော့် သန္တာန်၌)ငြိမ်းအေးမှု နိဗ္ဗာန်ကို ကိုယ်တော်တိုင် ပင် သိရပေသည်။ [မိစ္ဆာအယူဖြစ်ဘို့ရန် အကြောင်းလေးမျိုးကို သိနိုင် ခြင်း, မိစ္ဆာအယူရှိသူတို့၏ လားရာဂတိကို သိနိုင်ခြင်း, ထို့ထက်အလွန် သီလ သမာဓိ ပညာတို့ကို သိတော်မူနိုင်ခြင်းသည် သဗ္ဗညုတဉာဏ်တော် စွမ်းချည်းတည်း။]

**ဝေဒနာ ကမ္မဋ္ဌာန်း** ဘိက္ခုတို့.... မြတ်စွာဘုရားသည် ဝေဒနာတို့၏[၂] ဖြစ် ကြောင်း, ဖြစ်ခြင်းကိုရင်း၊ ချုပ်ကြောင်း, ချုပ်ခြင်းကို ရင်း၊ သာယာအပ်သော အရသာကိုရင်း၊ အပြစ်ကိုရင်း၊

---

(၁) ငါ၏ အသိဉာဏ်ကလေးဟု စွဲလမ်းမှုကို တဏှာဖြင့် သုံးသပ်ခြင်းဟု ခေါ်၏။ "ငါသိနိုင်သည်"ဟု အထင်ကြီးမှုကို မာနဖြင့် သုံးသပ်ခြင်းဟု ခေါ်၏။ ထိုအသိသည်ပင်"ငါ=အတ္တ"ဟု စွဲလမ်းမှုကို ဒိဋ္ဌိဖြင့် သုံးသပ်ခြင်းဟု ခေါ်သည်။ (ထိုတရားမျိုး ထင်ကာ ထင်ကာ ဖြစ်ခြင်းကို "သုံးသပ်ခြင်း"ဟု ခေါ်သည်။) ဗုဒ္ဓရှင်တော်ကား ထိုထူးခြားသော သီလ သမာဓိ သဗ္ဗညုတ ဉာဏ်တော်ကို သိတော်မူသည့်အတွက် တဏှာ, မာန,ဒိဋ္ဌိ သုံးမျိုးလုံး ဖြစ်လိုက်ပါလျက် ဖြစ် တော်မမူ-ဟူလို။

(၂) အမှားသုံးသပ်တတ်သော တဏှာ, မာန,ဒိဋ္ဌိတို့၏ ချုပ်ငြိမ်းကြောင်း ကမ္မဋ္ဌာန်းအမျိုးမျိုးရှိရာဝယ် တိတ္ထိတို့သည် ခံစားမှုဝေဒနာကို လွန်စွာနှစ်သက်

လွတ်မြောက်ခြင်းကိုငှင်း ဟုတ်တိုင်းမှန်စွာ သိတော်မူ၍ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ (ကိလေသာတို့မှ) လွတ်တော်မူပြီ။

နိဂုံး¹ ဘိက္ခုတို့....နက်နဲကုန်, မြင်ဘို့ရန်ခဲယဉ်းကုန်, သိဘို့ရန် မလွယ်ကုန်,ငြိမ်းအေးကုန်,မွန်မြတ်ကုန်, ကြံစည် တွေးဆခြင်းဖြင့် မသက်ဝင်နိုင်ကုန်,သိမ်မွေ့ကုန်, ပညာရှိတို့သာ သိနိုင်ကုန်သော ထိုဂုဏ်တို့ဟူသည် ဤပြခဲ့သော သဗ္ဗညုတ ဉာဏ်တော်ဂုဏ်တို့တည်း။ ယင်းဂုဏ်တို့ကို မြတ်စွာဘုရားသည် ကိုယ်တော်တိုင် (ဆရာမရှိဘဲ)ထူးခြားသော အရဟတ္တမဂ်ဉာဏ်ကြောင့် (ပစ္စဝေက္ခဏာဉာဏ်ဖြင့်) မျက်မှောက်ပြု၍ သတ္တဝါတို့အား သစ္စာလေးပါးစသော တရားကို သိစေတော်မူနိုင်, ငါဘုရားဖြစ်ပြီဟု

---

ကြရကား ထိုဝေဒနာနှင့် စပ်သော ကမ္မဋ္ဌာန်းကိုပင် တဏှာ, မာန, ဒိဋ္ဌိတို့၏ ချုပ်ငြိမ်းကြောင်း အနေအားဖြင့် ပြတော်မူသည်။ ဝေဒနာ၏ ဖြစ်ကြောင်းဟူသည် အဝိဇ္ဇာ, တဏှာ, ကံ, ဖဿဘည်း။

ဝေဒနာ၏ ဖြစ်ခြင်းကား ဇာတိခေါ်သော ဥပါဒ်တည်း။အဝိဇ္ဇာ စသည်တို့ ချုပ်ခြင်းသည် ဝေဒနာ၏ ချုပ်ကြောင်းတည်း။ ဝေဒနာ၏ ပျက်ခြင်း (ဘင်) သည် ဝေဒနာ၏ ချုပ်ခြင်းတည်း။ ခံစားဘူးသော ဝေဒနာကို မှန်း၍ သုခဖြစ်ခြင်း, ဝမ်းမြောက်ခြင်းသည် ဝေဒနာ၏ သာယာအပ်သော အရသာတည်း။ ဝေဒနာ၏ မမြဲခြင်း, ဆင်းရဲခြင်း, သုခသဘောမှ ပြောင်းလွဲ ဖောက်ပြန်ခြင်းသည် ဝေဒနာ၏ အပြစ်တည်း။ ထိုဝေဒနာကို တပ်မက်မှု နှစ်သက်မှု မရှိတော့ခြင်းသည် ဝေဒနာမှ လွတ်မြောက်ခြင်းတည်း။ ဤအားလုံးကို ဗုဒ္ဓမြတ်စွာသည် ပိုင်နိုင်စွာ သိတော်မူသောကြောင့် ဝေဒနာနှင့်တကွ မည်သည့်လောကီတရားစုကိုမျှ မစွဲလမ်းတော့, မနှစ်သက်တော့, မသာယာတော့ဘဲ ကိလေသာ အားလုံးမှ လွတ်မြောက်တော် မူရလေသည်။

(၁) မူလအခြေခံစကားကိုပြ၍ ထိုစကားနှင့်ဆိုင်ရာကို အကျယ်ချဲ့ပြီးနောက် မူလအခြေခံစကားကိုပင် ပြန်၍ဖိုးသောစကားကို နိဂုံးဟုခေါ်သည်။ သုညအဖြစ်ကို ပြဿနာအစပြု သဗ္ဗညုတဉာဏ်ကို အခြေခံခဲ့၍၊ ယခုလည်း ထိုသဗ္ဗညုတ ဉာဏ်ကိုပင် ပြန်၍ဖိုးထားသည်။

ဝန်ခံတော် မူနိုင်ပေသည်။ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ပြောလိုသူတို့သည် ယင်းသင်္ချာဥာဏ်–ဂုဏ်တို့ဖြင့် ပြောမှသာ ဟုတ်တိုင်းမှန်စွာ ပြောကြရာရောက်မည်။

ဤကား ပဌမ ဘာဏဝါရ။[၁]

**ကေစ္စသဿတ ဝါဒလေးမျိုး** ဘိက္ခုတို့.... ကေစ္စ သဿတ အယူရှိကုန်, ကေစ္စ အသဿတ အယူရှိကုန်သော သမဏ ဗြာဟ္မဏတို့ ရှိကြ၏။ သူတို့သည် အကြောင်းပြ လေးမျိုးတို့ဖြင့် အတ္တကိုငှင်း၊ လောကကိုငှင်း "တချို့မြဲ၏။ တချို့မမြဲ"ဟု ပညတ်ကြ (ပြောဆိုကြ)လေသည်။ "သူတို့လည်း အဘယ်အချက်ကိုစွဲ၍ ပြောဆို ပညတ်ကြသနည်း"ဟု မေးဘွယ်ရှိ၏။ [ကေစ္စ=တချို့+သဿတ=မြဲ၏။ ကေစ္စအသဿတ=တချို့မမြဲ။]

## (က) ဗြဟ္မာ တဘဝမျှ အောက်မေ့နိုင်၍ မိစ္ဆာအယူဖြစ်ပုံ

**ကမ္ဘာပျက်ချိန်** ကာလ အလွန် ကြာမြင့်သော အခါဝယ် သတ္တဝါတို့ နေရာ ဤ ကမ္ဘာလောကကြီး ပျက်စီးချိန် ရောက်လာ၏။ ကမ္ဘာလောကကြီး ပျက်စီးခါနီးသော်[၂] (တချို့ တချို့သတ္တဝါတို့သည် တတိယဈာန် စတုတ္ထဈာန် ဗြဟ္မာ့ဘုံသို့ငှင်း၊ အရူပဗြဟ္မာ့ဘုံ

---

၁။ (ဘာဏ = ရွတ်ဆိုအပ်သော+ ဝါရ=အကြိမ်) တကြိမ်ရွတ်ဆိုလောက်သော စကားတရပ်ကို "ဘာဏဝါရ"ဟု ခေါ်သည်။ ဂါထာချည်းဖြစ်လျှင် ၂၅၀-ရှိ၍ အက္ခရာ အရေအတွက်အားဖြင့်ကား ၈၀၀၀ (ရှစ်ထောင်) ရှိသော စကားတရပ်ကို တစ်ဘာဏဝါရဟု ခေါ်သတဲ့။

(၂) ကမ္ဘာပျက်ပုံ တည်ပုံစသော သိဘွယ်များကို အခြားကျမ်းတို့၌ သီးခြားကြည့်ရှုကြပါလေ။

သို့ရင်း၊ ကမ္ဘာ မပျက်သော အခြား ကမ္ဘာသို့ရင်း ရောက်ကြ၏။) များသောအားဖြင့်ကား ဒုတိယ ဗြဟ္မာ့ဘုံဖြစ်သော အာဘဿရဘုံသို့ ရောက်ကြလေသည်။ ထိုဗြဟ္မာတို့သည် ထိုဘုံ၌ စျာန်စိတ်ကြောင့် ဖြစ်ကြရသည်။ ပီတိသာလျှင် အစာရှိကြကုန်၏။ [အစာ အထူးမစားရဘဲ ရရှိသော တန်ခိုးအကျိုးများကို အားရနှစ်သက်မှု ပီတိဖြင့်သာ နေနိုင်ကြသည်။ ယခု ကာလ၌လည်း တစုံတခုကို အကြောင်းပြု၍ ပီတိဖြစ်နေသည့်အခါ အစာမစားဘဲ နေနိုင်သကဲ့သို့တည်း။] မိမိ ကိုယ်ရောင်သာလျှင် အရောင်အဝါ ရှိကုန်၏။ (နေ လ စသော အရောင်များ မလိုတော့-ဟူလို) ကောင်းကင်၌ လှည့်လည် သွားလာ နိုင်ကုန်၏။ တင့်တယ်သော ဗိမာန် ဥယျာဉ် စသည်တို့၌ တည်နေကြရကုန်၏။ အလွန်ကြာမြင့်စွာ ထိုဘုံ၌ တည်နေကြရသည်။ [မဟာကပ် ရှစ်ကပ်လောက် ကြာအောင် တည်နေ နိုင်ကြသည်။]

**ကမ္ဘာတည်ချိန်** ကာလ အလွန်ကြာမြင့်ပြန်သော အခါဝယ် ဤကမ္ဘာလောကကြီး အသစ်တည်ချိန် ရောက်လာပြန်၏။ကမ္ဘာလောကကြီး တည်သည့်အခါ ဗြဟ္မာမရှိသေးသော ဗြဟ္မာ့ဘုံများ (ပဌမစျာန်ဘုံ ဌာန၌) တည်ကြလေ၏။ [နတ်ဘုံနှင့် လူ့ပြည်စသော အောက် လောကလည်း တည်သည်ပင်။ ထိုဘုံ ထိုလောကတို့သည် မည်သူမျှ ဖန်ဆင်းရသည် မဟုတ်။ ဖြစ်လတ္တံ့သော သတ္တဝါတို့၏ ကံကို အရင်းခံ၍ ဥတုကြောင့် ဖြစ်ပေါ်လာသော ရုပ်တရားများသာတည်း။] ထိုအခါ သတ္တဝါ (ဗြဟ္မာ)တယောက်သည် (အသက်တမ်းစေ့သဖြင့်) အသက်ကုန်သောကြောင့်ဖြစ်စေ၊ ကုသိုလ်ကံ ကုန်သောကြောင့်ဖြစ်စေ အာဘဿရ ဗြဟ္မာ့ဘုံမှ စုတေ၍ (ပဌမစျာန်ဘုံဝယ်) ပိုင်ရှင် မရှိသေးသော ဗြဟ္မာ့ဘုံ၌ ဖြစ်လာ၏။ ထိုဗြဟ္မာသည် ထိုဘုံ၌ စျာန်စိတ်ကြောင့် ဖြစ်ရ၏။ ပီတိသာလျှင် အစာရှိ၏။ မိမိကိုယ်ရောင်သာ အရောင်ရှိ၏။ ကောင်းကင်၌ လှည့်လည်သွားလာနိုင်၏။ တင့်တယ်သော ဗိမာန် ဥယျာဉ် စသည်၌ တည်နေရ၏။ ကြာမြင့်စွာလည်း (မစုတေဘဲ) တည်နေရသည်။ ထိုဗြဟ္မာ့ဘုံ၌ တယောက်တည်း ကြာမြင့်စွာ နေရသည့်အတွက် ထိုဗြဟ္မာကြီးမှာ "အခြား သတ္တဝါတွေ ဤဘုံသို့ ရောက်လာကြလျှင် ကောင်း

မှာဘဲ''ဟု တောင့်တမှု ဖြစ်လေသည်။ ထိုသို့ တောင့်တ နေခိုက်မှာပင် (ထန်းသီးကြွေခိုက် ကျိုးနင်းခိုက် ဆိုသလို) အခြား ဗြဟ္မာတို့သည် အသက်တမ်း ကုန်သောကြောင့်ဖြစ်စေ၊ ကောင်းမှု ကုန်သောကြောင့် ဖြစ်စေ အာဘဿရ ဗြဟ္မာ့ဘုံမှ စုတေ၍ ပဌမ ရောက်နေသော ဗြဟ္မာကြီး၏ အဖော်အပေါင်း ဖြစ်လာကြလေသည်။ နောက်မှ ရောက်လာသော ထိုဗြဟ္မာတို့လည်း ဈာန်စိတ်ကြောင့် ဖြစ်ကြရ, ပီတိသာလျှင် အစာရှိကြ, မိမိတို့ ကိုယ်ရောင်သာလျှင် အရောင်ရှိကြ, ကောင်းကင်၌ လှည့်လည်သွားလာနိုင်ကြ, တင့်တယ်သော ဗိမာန်စသည်၌ တည်နေကြ, ကြာမြင့်စွာလည်း တည်နေနိုင်ကြသည်။

**ပဌမ ဗြဟ္မာကြီး အထင်ကြီးပုံ** ဘိက္ခုတို့....ထိုဗြဟ္မာတို့တွင် ပဌမ ဖြစ်နှင့်သောဗြဟ္မာကြီး အထင်ကြီးလာသည်မှာ--ငါသည် မဟာဗြဟ္မာ(ဗြဟ္မာကြီး=ဗြဟ္မာမင်း)ဖြစ်သော ဗြဟ္မာတည်း။ သူတပါးကို လွှမ်းမိုးနိုင်သူ,အခြားသူတို့၏အလွှမ်းအမိုး မခံရသူတည်း။စင်စစ်အားဖြင့် အားလုံးကို သိမြင်နိုင်သူ, သတ္တဝါအများကို မိမိအလိုသို့ လိုက်စေနိုင်သူ, အစိုးရသူ(၁), လောကကို ပြုလုပ် ဖန်ဆင်းတတ်သူ, လောကထက် မြတ်သူ, (သင်သည် ခတ္တိယဖြစ်စေ၊ သင်ကား ဗြာဟ္မဏဖြစ်စေ စသည်ဖြင့်) စီမံနိုင်သူ, အစွမ်းသတ္တိရှိသူ, ဖြစ်ပြီး ဖြစ်နေဆဲ သတ္တဝါတို့၏အဘ ဖြစ်သူပေတည်း။ ဤသတ္တဝါတို့ကို ငါဖန်ဆင်းထားသည်။ (ဘာ့ကြောင့် ဤသို့ ဆိုနိုင်သနည်းဟု မေးလျှင်) ''အခြား သတ္တဝါတွေ ဤဘုံသို့ ရောက်လာလျှင် ကောင်းမှာဘဲ-ဟုလဲ ငါက တောင့်တ လိုက် ရော ဤသတ္တဝါတွေလဲ ရောက်လာရော''။ ထို့ကြောင့် ''ဤသတ္တဝါတွေကို ငါဖန်ဆင်းထားသည်''ဟု ဆိုနိုင်သည်။

---

(၁) အစိုးရသူကို ပါဠိလို''ဣဿရ''ဟု ခေါ်၏။ ဖန်ဆင်းမှုကို ''နိမ္မာန'' ဟု ခေါ်၏။ ကမ္ဘာဦးကာလ ထိုဗြဟ္မာကြီးကစ၍ ''ဣဿရ နိမ္မာန=အစိုးရသူ တစုံတယောက်က လောကကြီးကို ဖန်ဆင်းထားသည်''ဟူသော ဝါဒ ပေါ် လာခဲ့သည်။

**ဗြဟ္မာငယ်တို့က ထင်မှတ်ပုံ** နောက်မှ ဖြစ်ရသော ဗြဟ္မာတို့ မှတ်ထင်ပုံကား—ဤ အရှင် ဗြဟ္မာသည် မဟာဗြဟ္မာပေတည်း။ ငါတို့ကို လွှမ်းမိုးနိုင်သူတည်း။ (ဤသို့ စသည်ဖြင့် ဗြဟ္မာကြီးက သူ့ကိုယ်သူ ထင်နေသလို ထင်ကြလေသည်။) ငါတို့ကို ဤဗြဟ္မာကြီး သည် ဖန်ဆင်းထား၏။ (ဘာ့ကြောင့် ဤသို့ ဆိုနိုင်သနည်း။)ငါတို့သည် ဤဗြဟ္မာကြီးကို ပဌမ ဖြစ်နေသည်ကို တွေ့ကြရ၍ ငါတို့က နောက်မှ ဖြစ်ကြရသည်။ ထို့ကြောင့် "ငါတို့ကို ဤဗြဟ္မာကြီးက ဖန်ဆင်းထား သည်"ဟု ဆိုနိုင်သည်။ ဘိက္ခုတို့.... ထိုဗြဟ္မာတို့တွင် ပဌမ ဖြစ်နှင့်သော ဗြဟ္မာသည် အသက်လည်း ပို၍ ရှည်၏။ အဆင်းလည်း ပို၍လှ၏။ တန်ခိုး လည်း ပို၍ ကြီး၏။ နောက်မှဖြစ်သော ဗြဟ္မာတို့ကား အသက်တိုကြ၏။ အဆင်းလည်း ထိုဗြဟ္မာလောက် မလှကြ။ တန်ခိုးလည်း ထို့လောက် မကြီးကြချေ။ [ထို့ကြောင့် နောက်ရောက်သော ဗြဟ္မာတို့က ပဌမ ဗြဟ္မာကို အထင်ကြီးခြင်းမှာ ဖြစ်သင့်ပါပေသည်-ဟူလို။]

**လူ့ဘုံရောက် ရသေ့လုပ်သူ** (ထို အသက် တိုကြသော ဗြဟ္မာငယ်များစွာတို့ ဗြဟ္မာ မင်းကြီး၏ အလျင် စုတေကြရာတွင် တချို့ အထက်ဘုံ, တချို့အောက်ဘုံ၌ ဖြစ်ကြလေရာ) တယောက်တလေ ဗြဟ္မာသည် ထိုဘုံမှစုတေ၍ လူ့ပြည်သို့ ရောက်လာဘို့ရာ အကြောင်း ရှိ၏။ လူ့ပြည် ရောက်ပြီးနောက် (ကမ္ဘာ၏ ရှေ့ပိုင်းကာလ သာသနာပ ဝယ်) ရသေ့လုပ်ဘို့ရာ အကြောင်းရှိ၏။ (ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်ရောက်သူ အများတွင်လည်း တယောက်တလေ ရသေ့လုပ်ဘို့ရာ အကြောင်းရှိသည်-ဟူလို။) ထိုသူသည် ရသေ့လုပ်ပြီးနောက် ကိလေ သာတို့ကို နှိပ်စက်တတ်သော ဝီရိယ၊ လွန်စွာ ကြိုးစားသော ဝီရိယ၊ အထပ်ထပ် ကြိုးစားသော ဝီရိယ—ဤ ဝီရိယ သုံးမျိုးကိုဎင်း၊ မမေ့မလျော့ သော သတိကိုဎင်း၊ လမ်းဖြောင့်လမ်းမှန် ကမ္မဋ္ဌာန်းနှလုံးသွင်းသော ဉာဏ် ကိုဎင်း စွဲမှီ၍ လွန်ခဲ့ပြီးသော တဘဝလောက်ကို အောက်မေ့နိုင်, ထို တဘဝထက် လွန်၍လည်း မအောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်ကို ရဘို့ရာ အကြောင်းရှိသည်။

**မိမိတို့မမြဲဟု ယူပုံ**

ဗြဟ္မာကြီးမြဲ၏ (သူသည် ရှေးဘဝကို စဉ်းစားသည့်အခါ ဗြဟ္မာမင်း ကြီးသည် ယခုတိုင်အောင် ရှိသေး၍ မစုတေဘဲနေပုံ၊ မိမိတို့တတွေကား ဗြဟ္မာကြီးနောက်မှ ဖြစ်ပါလျက် အလျင် စုတေခဲ့ရပုံကို တွေးဆ၍ ဗြဟ္မာကြီးသည် မြဲသော သဿတတည်း။ မိမိတို့ကား အသဿတတည်းဟူ အယူဝါဒ ဖြစ်ပေါ်လာသဖြင့်) ထိုဝါဒကို သူတပါးအား ပြောပြသည်မှာ-အကြင် အရှင်ဘုရားသည် ဗြဟ္မာမင်းကြီးဖြစ်၍ သူတပါးကို လွှမ်းမိုးနိုင်သူ၊ သူတပါး၏ အလွှမ်းမိုးကို မခံရသူဖြစ်၏။စင်စစ်အားဖြင့် အရာရာအားလုံးကို သိနိုင်၊ မြင်နိုင်၏။သတ္တဝါများကို မိမိအလိုသို့ လိုက်စေနိုင်၏။ အစိုးရသူ၊ လောကကို ပြုလုပ်ဖန်ဆင်းနိုင်သူ၊ လောကထက်မြတ်သူ၊ လောကကိုစီမံ နိုင်သူဖြစ်၏။စွမ်းရည်သတ္တိရှိသူလည်းဖြစ်၏။ ဖြစ်ပြီးဖြစ်ဆဲ သတ္တဝါတို့၏ ဘခင်ကြီးလည်း ဖြစ်၏။ ယင်း ဗြဟ္မာမင်းကြီးသည်ပင် ငါတို့ကို ဖန်ဆင်း ထား၏။ထိုဗြဟ္မာမင်းကြီးကား[၁] နိစ္စ (ထာဝရ)ဖြစ်၍ မသေမပျောက်ဘဲ မြဲ၏။အခါခပ်သိမ်း ထင်ရှားရှိ၏။ အိုမင်းမှု ဇရာ သဘောအားဖြင့်လည်း ဖောက်ပြန်ခြင်းမရှိ။ မြေကြီး၊ မြင်းမိုရ်တောင်၊ လ၊ နေတို့နှင့် တူစွာ ခိုင်မြဲ တည်တန့်လိမ့်မည်။ ထိုဗြဟ္မာကြီး ဖန်ဆင်းလိုက်သော ငါတို့ကား မမြဲကြ၊ မခိုင်ခံ့ကြ၊ အသက်တိုကြ၊ စုတေကြရကုန်သည်ဖြစ်၍ ဤလူ့ပြည်သို့ ရောက်လာကြရသည်ဟု ပြောပြလေသည်။ ဤသို့ လွန်ခဲ့ပြီးသော ဗြဟ္မာ ဘဝ-တဘဝမျှကို အောက်မေ့ နိုင်ခြင်းသည် ဧကစ္စသဿတ-ဧကစ္စ အသဿတ[၂] ယူခြင်း၏ ပဌမအကြောင်းတည်း။

---

(၁) ဤစကားကိုစွဲ၍ မဟာဗြဟ္မာကြီးကို ထာဝရဘုရားသခင်ဟု ယူဆ ပြီးလျှင် ဤဝါဒအရ "ထာဝရဘုရားသခင် ဖန်ဆင်းလိုက်သည်" ဟူသော အယူအဆ ပျံ့နှံ့သွားသည်။

(၂) ဗြဟ္မာမင်းကြီးနှင့် ဗြဟ္မာမင်းကဲ့သို့ တန်ခိုးကြီးသော သတ္တဝါ သင်္ခါရတချို့ကို မြဲ၏ဟုယူ၍ မိမိနှင့်တကွ မိမိတို့ကဲ့သို့ တန်ခိုး နည်းပါးသော သတ္တဝါ သင်္ခါရ တချို့ကို မမြဲဟု ယူဆသည်။

# (ခ) အပျော်များ၍ ပျက်ပြားရသော နတ်ဘဝမှလာသူတချို့အယူမှားပုံ

ကေစွသဿတ အယူဖြစ်ဘို့ရန် အကြောင်းလေးမျိုး ရှိသည်တွင် ဒုတိယအကြောင်း၌ အရှင်ကောင်းဖြစ်ကြသော သမဏ ဗြာဟ္မဏတို့သည် အဘယ်အချက်ကိုစွဲ၍ "အချို့ အတ္တကိုငှင်း၊ လောကကိုငှင်း မြဲ၏။ အချို့အတ္တ, လောကကို မမြဲ" ဟု ယူကြ,ပညတ်ကြသနည်းဟု မေးဘွယ် ရှိ၏။

**အပျော်များသော နတ်သား** ဘိက္ခုတို့.... ခိဍ္ဍာပဒေါသိက မည်သော နတ်တို့ရှိကုန်၏။ သူတို့သည် အလွန် ကြာမြင့်စွာ ကာမဂုဏ်၌ (၁) မြူးတူး ပျော်ပါး ခံစား နေထိုင်ကြလေသော ကြောင့် အစာစားဘို့ရန် မေ့နေကြလေသည်။ ထိုသို့ မေ့ခြင်းကြောင့် (စားချိန်လွန်မှ သတိရ၍ အစာ စားကြသော်လည်း ခန္ဓာကိုယ် အပျက် လွန်ပြီး အသက် မဆက်နိုင်တော့ဘဲ) စုတေကြရတော့သည်။ ထိုသို့ စုတေရသော နတ်အများရှိရာဝယ် တယောက်တလေသည် ဤလူ့ဘုံသို့ ရောက်လာဘို့ရန် အကြောင်းရှိ၏။ ရောက်ပြီးနောက် ရသေ့ ရဟန်း ပြုဘို့ရန် အကြောင်းလည်း ရှိ၏။ ထိုသို့ ရသေ့ ရဟန်းပြုပြီးနောက် ဝီရိယ သုံးမျိုးနှင့် သတိဉာဏ်ကို အခြေခံကာ လွန်ခဲ့သော နတ်ဘဝ-တဘဝမျှကို အောက်မေ့နိုင် (ထို့ထက် အလွန် မအောက်မေ့နိုင်) သော ပုဗ္ဗေနိဝါသဉာဏ်ကို ရဘို့ရန် အကြောင်းလည်းရှိ၏။ (လူ့ပြည် သို့ ရောက်လာ၍ ရသေ့ရဟန်းပြုပြီးနောက် လွန်ခဲ့သော တဘဝမျှကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်ရပြီ-ဟု ဆိုကြပါစို့။)

---

(၁) နတ်ကာမဂုဏ် အာရုံတို့သည် အလွန်သာယာဘွယ် ကောင်းရကား ပျော်ပါးစံစား၍ အားမရနိုင်အောင်ရှိ၏။ ထို့ကြောင့် သတိမထားသော နတ်သားတို့သည် (န္တားတော်ရေကျသလို) အပျော်လွန်သွားတတ်၏။ နတ်တို့၏ ခန္ဓာကိုယ်ကလည်း ဇလွန်နုနယ်၏။ စားချိန်တန်လျှင် နတ်သုဓာကို မှန်မှန် စားရမှ တည်တန့်နိုင်၏။ အပျော်လိုက်စား များလွန်းသဖြင့် အစာစားချိန် မစား

**သူ့အယူအဆ ပြောပြပုံ** (သူသည် အပျော်အပါး မများသော နတ်တို့ မစုတေ ရဘဲ ယခုတိုင် ရှိနေပုံကိုမြင်၍ ထိုနတ်တို့ကို မြဲ၏ဟုရင်း၊ မိမိတို့လို အပျော်အပါးများ၍ ပျက်စီးရသော နတ်တို့ကို မမြဲဟုရင်း ယူဆ၍) သူတပါးတို့အား ပြောပြသည်မှာ— ခိဍ္ဍာပဒေါသိက မဟုတ်သော နတ်တို့သည် ကြာမြင့်စွာ ပျော်ပါးခံစားမှုဖြင့် မနေကြသောကြောင့် အစာစားချိန်ကို မမေ့ရကား မစုတေကြရကုန်။ နိစ္စ (မြဲကုန်) ဓုဝ (ခိုင်ခန့်ကုန်) သဿတ (အခါခပ်သိမ်း ထင်ရှားရှိကုန်) အဝိပရိဏာမဓမ္မ (ဇရာဖြင့် ဖောက်ပြန်မှုမရှိကုန်သည်) ဖြစ်၍ မြေကြီး, မြင်းမိုရ်တောင်, လ, နေတို့နှင့်တူစွာ တည်တန့်ကြလိမ့်မည်။ ငါတို့ကား အပျော်အပါးများ၍ အစာစားချိန်ကို သတိမရဘဲ ပျက်စီးခဲ့ကြရကုန်, အနိစ္စ, အဓုဝ, ဝိပရိဏာမဓမ္မ ဖြစ်ကုန်၍ ဤလူ့ဘုံသို့ ရောက်လာကြရကုန်သည်ဟု ပြောပြလေသည်။ ဤသို့ လွန်ခဲ့ပြီးသော ခိဍ္ဍာပဒေါသိက နတ်ဘဝ-တဘဝမျှကို အောက်မေ့နိုင်ခြင်းသည် ဧကစ္စသဿတ-ဧကစ္စအသဿတ-အယူ ဖြစ်ဘို့ရန် ဒုတိယ အကြောင်းတည်း။

## (ဂ) ဒေါသကြီးမား၍ ပျက်ပြားရသော နတ်ဘဝမှလာသူတချို့ အယူမှားပုံ

ဧကစ္စသဿတ အယူဖြစ်ဘို့ရန် အကြောင်းလေးမျိုး ရှိသည်တွင် တတိယ အကြောင်း၌လည်း အရှင်ကောင်း ဖြစ်ကြသော သမဏဗြာဟ္မဏတို့သည် အဘယ်အချက်ကို စွဲ၍ "အချို့ အတ္တ,လောကကို မြဲ၏။ အချို့ အတ္တ,လောကကို မမြဲ" ဟု ပညတ်ကြသနည်း-ဟု မေးဘွယ်ရှိ၏။

---

မိလျှင် အားအင်ကုန်ခန်း၍ ညှိုးနွမ်းတော့ရကား အချိန်လွန်မှစားသော်လည်း အားမပြည့်တော့ဘဲ စုတေကြရသည်။ ထိုသို့ စုတေရသော နတ်များကို "ခိဍ္ဍာပဒေါသိက" နတ်ဟု ခေါ်သည်။ (ခိဍ္ဍာ=မြူးတူးပျော်ပါးမှုများသဖြင့်+ပဒေါသ=ပျက်စီးရသောနတ်။)

**အချင်းချင်းဒေါသ ထွက်သောနတ်များ** ဘိက္ခုတို့.... မနောပဒေါသိကမည်သော ° နတ်တို့ ရှိကြ၏။ သူတို့သည် အတော်ကြာမြင့်စွာ အချင်းချင်း စူးစိုက်၍ ကြည့်ရှုကြကုန်၏။ ထိုသို့ ကြည့်ရှုသဖြင့် စိတ်ဆိုးကြ (ဒေါသထွက်ကြ) ကုန်၏။ ထိုသို့ အချင်းချင်း ဒေါသဖြစ်၍ ကိုယ်ပန်း စိတ်ပန်း ဖြစ်လျက် ထိုနတ်ဘဝမှ စုတေကြရလေသည်။ ဤသို့ စုတေကြရသော နတ်အများရှိရာဝယ် တချို့တလေသည် လူ့ဘုံရောက်လာ၍ ထိုရောက်လာသူအများတွင် တချို့တလေသည် ရသေ့ရဟန်းပြု၍ ထို ရသေ့ရဟန်းအများတွင် တယောက်တလေသည် ဝီရိယသုံးမျိုး သတိဥာဏ်ကို အခြေခံ၍ လွန်ခဲ့သော နတ်ဘဝ-တဘဝမျှကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသ ဥာဏ်ကို ရဘို့ရန် အကြောင်းရှိလေသည်။ ဤမှ နောက်၌ မိစ္ဆာအယူဖြစ်ပုံမှာ ခိဍ္ဍာပဒေါသိက နတ်ဘဝမှ လာခဲ့သူအတိုင်း ပင်တည်း။ ဤသို့ လွန်ခဲ့ပြီးသော မနောပဒေါသိက နတ်ဘဝ-တဘဝမျှကို အောက်မေ့နိုင်ခြင်းသည် "ဧကစ္စသဿတ-ဧကစ္စအသဿတ" အယူဖြစ်ခြင်း၏ တတိယအကြောင်း တည်း။

**(ဃ) တက္ကီ ပုဂ္ဂိုလ်** ဧကစ္စသဿတ အယူဖြစ်ဘို့ရန် အကြောင်းလေးမျိုးရှိသည်တွင် စတုတ္ထ အကြောင်း၌ သမဏ ဗြာဟ္မဏတို့ ပြောဆို ပညတ်ကြပုံကား -- ဘိက္ခုတို့.... ဤလောက၌

---

(၁) ဥယျာဉ်ကစား ထွက်သွားရာ စသည်၌ အခြားနတ်တယောက်၏ စည်းစိမ်ကို ပြုံးစူသော ဣဿာဖြင့် ကြည့်ရှု၍ အလကား သက်သက် အမျက်ထွက်နေ၏။ ထိုအကြောင်းကို ပြုံးစူခံရသော နတ်က သိသဖြင့် ပြန်၍ ဒေါသထွက်လျှင် တယောက်တခွန်း စကားများကြ၏။ ထိုအခါ ဒေါသမီး အရှိန်သည် လွန်စွာပြင်းပြရကား အလွန်နုနယ်သော နတ်တို့၏ ခန္ဓာကိုယ်ကို တခဏခြင်း လောင်လေတော့၏။ ထို့ကြောင့် ထိုနတ်များကို "မနောပဒေါသိက" နတ်ဟု ခေါ်ရသည်။ (မန=ဒေါသစိတ်ကြောင့် + ပဒေါသ = စုတေပျက်စီးရသူ။)

(ဃ) တက္ကီ= ကြံစည်လေ့ရှိသူ၊ ဤတက္ကီပုဂ္ဂိုလ်သည် စက္ခုပသာဒ (မျက်စိအကြည်ဓာတ်) စသော ရုပ်နှင့် စိတ်ဝိညာဉ်ကို အတ္တဟုယူ၍ စက္ခုစသော ရုပ်တရား၏ ပျက်စီးမှုမှာ အထင်အရှားမြင်ရသောကြောင့် စက္ခု

အချို့ သမဏ ဗြာဟ္မဏသည် ကြံစည်လေ့, စဉ်းစားနိုင်းချိန်လေ့ရှိ၏။ သူသည် ကြံစည်အပ်, စဉ်းစားနိုင်းချိန်အပ်သော မိမိ ထင်မြင်ချက်ကို ဤသို့ ပြောပြ၏။ (ပြောပြပုံကား) -- စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဟု ခေါ်ဝေါ်အပ်သော ဤအတ္တသည် အနိစ္စ, အဓုဝ, အသဿတ, ဝိပရိဏာမဓမ္မဖြစ်၏။ စိတ်ဟုရင်း၊ မနောဟုရင်း၊ ဝိညာဉ်ဟုရင်း ခေါ်ဝေါ်အပ်သော ဤ အတ္တကား နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမဓမ္မဖြစ်၍ အခါခပ်သိမ်းထင်ရှားရှိသော မြေကြီး, မြင်းမိုရ်တောင်, လ, နေတို့နှင့် တူစွာ တည်တန့်လိမ့်မည်ဟု ပြောပြလေသည်။ ဤသို့ သူ့ဘာသာ ကြံစည် နိုင်းချိန်ခြင်းသည် ဧကစ္စ သဿတ-ဧကစ္စ အသဿတ အယူဖြစ်ဘို့ရန် စတုတ္ထအကြောင်းတည်း။ ဤလေးမျိုးသော အကြောင်းတို့ဖြင့်သာ ဧကစ္စသဿတ-ဧကစ္စအသဿတအယူကို ပြောဆို ပညတ်ကြသည်။ ဤလေးမျိုးမှတပါး အခြားအကြောင်း မရှိတော့ချေ။ [ဤမှနောက်၌ သဗ္ဗညုတဉာဏ်ကိုပြသော စကား, ဝေဒနာကမ္မဋ္ဌာန်း တရားနှင့် နိဂုံးချုပ်ပုံများမှာ သဿတဒိဋ္ဌိ၏ နောက်ပိုင်းစကားများနှင့် တူပြီ။]

**အန္တာနန္တ ဝါဒလေးမျိုး** ဘိက္ခုတို့....အန္တာနန္တ အယူရှိသော သမဏ ဗြာဟ္မဏ တချို့ ရှိကြသေး၏။ သူတို့သည် အကြောင်းလေးမျိုးတို့ဖြင့် (၁)လောကကို အဆုံးရှိ၏ဟုရင်း၊ (၂)အဆုံးမရှိဟုရင်း၊ (၃) အထက်အောက်၌ အဆုံးရှိ၍ ဘေးပတ်ဝန်းကျင်၌

---

စသော ရုပ်အတ္တကို အသဿတ (မမြဲ) ဟု ယူ၏။ စိတ်၏ ပျက်မှုကို သူ မမြင်သောကြောင့် စိတ်ဝိညာဉ်အတ္တဟူသော အသက်သည် ရုပ်ခန္ဓာအိမ်တခု ဟောင်းနွမ်းဆွေးမြေ့လျှင် (သေလျှင်) ရုပ်ခန္ဓာအိမ်အသစ်သို့ ပြောင်းရွှေ့၏။ ထို စိတ်ဝိညာဉ် အတ္တ(အသက်)ကား ဘယ်အခါမှ မပျက်တော့ဟု ကြံစည်စဉ်းစားကာ ဧကစ္စသဿတ (စိတ်ဟူသော အတ္တတချို့သည် မြဲ၏။) ဧကစ္စ-အသဿတ (ရုပ်ဟူသော အတ္တ တချို့သည် မမြဲ) ဟု မိစ္ဆာအယူ ဖြစ်လေသည်။ ဤအယူကား ယခု မြန်မာလူမျိုးများ၌လည်း ဖြစ်တတ်ပေသည်။

**မှတ်ချက်။** ။အန္တာနန္တ=သမဏဖြစ်စေ၊ ဗြာဟ္မဏဖြစ်စေ တစုံတယောက်သည် မြေကသိုဏ်းဝန်းကို ကြည့်၍ ကမ္မဋ္ဌာန်းအားထုတ်လျှင် အတော် သမာဓိကောင်းလာသည့်အခါ ထိုကသိုဏ်းဝန်းနှင့်တူသော ကသိုဏ်းတချိုး စိတ်ထဲမှာ ထင်လာ၏။ ထိုထင်လာသော ကသိုဏ်းကို ''ပဋိဘာဂနိမိတ်''ဟု ခေါ်

အဆုံးမရှိဟုရင်း၊ (၄) အဆုံးရှိသည်လည်းမဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်ဟုရင်း ပြောဆို ပညတ် ကြလေသည်။ သူတို့သည်လည်း ဘယ် အချက်ကို စွဲ၍ ပြောဆို ပညတ်ကြသနည်း-ဟု မေးဘွယ်ရှိ၏။

**(ဂ) လောကကြီး အဆုံးရှိဝါဒ** ဘိက္ခုတို့....ဤလောက၌ တချို့ သမဏ ဗြာဟ္မဏသည် ဝီရိယနှင့် သတိဉာဏ်ကို အခြေခံ၍ ကြိုးစား အား ထုတ်လေရာ စိတ်၏ တည်ကြည်မှု သမာဓိ (ဈာန်)ကို ရလေသည်။ ယင်း သမာဓိဖြင့် စိတ်တည်ကြည်လျက် (သမာဓိ၏ အာရုံ ဖြစ်သော ပဋိဘာဂ နိမိတ်ကို အဆုံးရှိအောင် ချဲ့၍ ထိုပဋိဘာဂနိမိတ် ကိုပင် လောကဟု ယူပြီးလျှင်) လောကကြီး၌ အဆုံးရှိ၏ဟု မှတ်ထင် နေလေသည်။ ထိုသို့ မှတ်ထင်သည့်အတိုင်း သူတပါးအား ပြောပြသည်

၏။ (ပဋိဘာဂ = မူလကသိဏ်းဝန်းနှင့် တူသော+နိမိတ္တ=အာရုံ) ထိုပဋိဘာဂ နိမိတ်ကား အလွန်ကြည်လင် သန့်ရှင်း၏။ နဂို ကသိဏ်းဝန်းက အိုးခွက် အဖုံးမျှသာရှိ၍ သေးငယ်လျှင် ပဋိဘာဂနိမိတ်လည်း သေးငယ်၏။ နဂိုက ကောက်စပါးတလင်းမျှ ကြီးလျှင်လည်း ထိုမျှလောက်ပင် ထင်လာ၏။ထို့နောက် ဆက်လက်ကြိုးစားလျှင် ဈာန် (သမာဓိ) ရတတ်၏။ ဈာန် မရမီဖြစ်စေ၊ ဈာန် ရပြီးမှဖြစ်စေ ထိုပဋိဘာဂနိမိတ်ကို စိတ်ကူးဖြင့် တဖြေးဖြေး ချဲ့ပေးရာ၏။ ထိုသို့ ချဲ့ရာ၌ (၁) ပတ်ဝန်းကျင်မှာ အဆုံးမြင်ရသောချဲ့နည်း၊ (၂) ပတ်ဝန်းကျင်၌ အဆုံးမမြင်ရသောချဲ့နည်း၊ (၃) အထက်အောက်၌ အဆုံးမြင်ရ၍ ဘေး ပတ်ဝန်းကျင်၌ အဆုံးမမြင်ရသော ချဲ့နည်းဟု သုံးမျိုးရှိ၏။

ထိုသို့ ချဲ့ထားသော ပဋိဘာဂနိမိတ်ကိုပင် ထိုဈာန်ရပုဂ္ဂိုလ်သည် "လော က"ဟု ထင်မှတ်၏။ ထို့ကြောင့် (၁) အဆုံးမြင်ရအောင် ချဲ့ထားသော ပဋိ ဘာဂနိမိတ် အရှင်သည် လောကကြီး အဆုံးရှိ၏ဟု ယူ၍၊ (၂) အဆုံးမရှိ အောင် ချဲ့ထားသော ပဋိဘာဂနိမိတ် အရှင်က လောကကြီး အဆုံးမရှိဟု ယူ၏။ (၃) အထက်အောက်၌ အဆုံးရှိ၍ ဘေးပတ်ဝန်းကျင်၌ အဆုံး မရှိ အောင် ချဲ့ထားသော ပဋိဘာဂနိမိတ် အရှင်ကမူ လောကကြီးသည် အဆုံး လည်းရှိ, အဆုံးလည်းမရှိဟု ယူဆလေသည်။

စတုတ္ထပုဂ္ဂိုလ်ကား ထိုသို့ ဈာန်မရဘဲ သက်သက် သူ့အထင်ဖြင့် ပြောဆို သော ပုဂ္ဂိုလ်တည်း။ ဤသို့လျှင် (၁) အန္တဝါဒ=လောကကြီး အဆုံးရှိ၏ ဟူသောအယူ၊ (၂) အနန္တဝါဒ=လောကကြီး အဆုံးမရှိဟူသော အယူ၊ (၃) အန္တာနန္တဝါဒ=လောကကြီး အဆုံးလည်းရှိ, အဆုံးလည်းမရှိဟူသော

မှာ–ဤလောကသည် အဆုံး (ထက်ဝန်းကျင်၌ အပိုင်းအခြား အကန့်အသတ်)ရှိ၏။ ထက်ဝန်းကျင် လုံးဝိုင်း၏။ ဘာ့ကြောင့် သိနိုင်သနည်းဆိုလျှင် ငါကိုယ်တိုင် ဝီရိယနှင့် သတိဉာဏ်ကို အရင်းခံ၍ ကြိုးစားခြင်းကြောင့် လောကကို အဆုံးရှိ၏ဟု သိနိုင်လောက်သော သမာဓိကို ရ၏။ ထို့ကြောင့် လောကကြီး အဆုံးရှိကြောင်း, လုံးဝိုင်းကြောင်းကို ငါသိရ၏ဟု ပြောပြလေသည်။ ဤသို့ (ပဋိဘာဂနိမိတ်ကို အလွန် မကျယ်ပြန့်စေဘဲ အဆုံးရှိအောင် ချဲ့၍ ထိုပဋိဘာဂနိမိတ်) လောကကို အဆုံးရှိ၏ဟု မှတ်ထင်နေခြင်းသည် အန္တာနန္တိကဖြစ်ဘို့ရာ ပဌမအကြောင်းတည်း။

**(ခ) လောကကြီး အဆုံးမရှိဝါဒ** ဒုတိယ အယူဖြစ်ပုံကား– ဘိက္ခုတို့.... လောက၌ တချို့ သမဏ ဗြာဟ္မဏသည် ဝီရိယနှင့် သတိ,ဉာဏ်ကို အခြေခံ၍ ကြိုးစားအားထုတ်လေရာ စိတ်တည်ကြည်မှု သမာဓိကိုရလေသည်။ ယင်း သမာဓိဖြင့် စိတ်တည်ကြည်လျက် (သမာဓိ၏ အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို အဆုံး အကန့်အသတ်မရှိ ချဲ့ပြီးလျှင် ထိုပဋိဘာဂနိမိတ်) လောကကို အဆုံးမရှိဟု မှတ်ထင်နေလေသည်။ ထိုသို့ မှတ်ထင်သည့်အတိုင်း သူတပါးအား ပြောပြသည်မှာ– လောကသည် အဆုံးမရှိ။ အပိုင်းအခြား အကန့်အသတ်မရှိ။ "အဆုံးရှိ၏။ ထက်ဝန်းကျင် လုံးဝိုင်း၏"ဟု ပြောကြသော သမဏ ဗြာဟ္မဏတို့၏ စကားသည် မှား၏။ ဤလောကကား အမှန်ပင် အဆုံးမရှိချေ။ ဘာ့ကြောင့် ဤသို့ သိနိုင်သနည်း-ဟု မေးလျှင် ငါကိုယ်တိုင် ကြိုးစား၍ သမာဓိရသောကြောင့် ဤအကြောင်းကို သိနိုင်၏ဟု ပြောပြလေသည်။ ဤသို့ ပဋိဘာဂနိမိတ်ကို အဆုံးမရှိအောင် ချဲ့၍ ထိုနိမိတ်ကိုပင် အဆုံးမရှိသော လောကဟု မှတ်ထင် နေခြင်းသည် အန္တာနန္တဝါဒ ဖြစ်ဘို့ရာ ဒုတိယ အကြောင်းတည်း။

**(ဂ) အဆုံးလည်းရှိ အဆုံးလည်းမရှိဝါဒ** တတိယအယူ ဖြစ်ပုံကား– ဘိက္ခုတို့.... ဤလောက၌ တချို့ သမဏ ဗြာဟ္မဏသည် ဝီရိယနှင့် သတိဉာဏ်ကို အခြေခံ၍ ကြိုးစား

---

အယူ၊ (၄) နေဝအန္တနာနန္တဝါဒ=လောကကြီး အဆုံးရှိလည်းမဟုတ်, အဆုံးမရှိလည်း မဟုတ်ဟူသော အယူဟု လေးမျိုးရှိရာ ဤလေးမျိုးကို "အန္တာနန္တဝါဒ"ဟု ပေါင်း၍ စကားသုံးထားသည်။

အားထုတ်လေရာ စိတ်တည်ကြည်မှု သမာဓိကို ရလေသည်။ ယင်း သမာဓိဖြင့် စိတ်တည်ကြည်လျက် (သမာဓိ၏ အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို အထက်အောက်၌ အဆုံးအပိုင်းအခြား အကန့်အသတ်ရှိအောင် ချဲ့၍ ဘေးပတ်ဝန်းကျင်၌ အကန့်အသတ်မရှိအောင် ချဲ့ပြီးလျှင် ထိုပဋိဘာဂနိမိတ်) လောကကို အဆုံးလည်းရှိ, အဆုံးလည်းမရှိဟု မှတ်ထင်နေလေသည်။ ထိုသို့ မှတ်ထင်သည့်အတိုင်း သူတပါးအား ပြောပြသည်မှာ— ဤလောကသည် အဆုံးလည်းရှိ၏။ အဆုံးလည်းမရှိ။ "ဤလောကသည် အဆုံးရှိ၏။ ထက်ဝန်းကျင် လုံး၏"ဟု ပြောကြသော သမဏ ဗြာဟ္မဏတို့၏ စကားသည် မှား၏။ "ဤလောကသည် အဆုံးမရှိ။ အပိုင်းအခြား အကန့်အသတ်မရှိ"ဟု ပြောကြသော သမဏ ဗြာဟ္မဏတို့၏ စကားလည်း မှား၏။ ဤလောကကား အမှန်ပင် အဆုံးလည်းရှိ, အဆုံးလည်း မရှိ ဖြစ်သည်။ "အဘယ့်ကြောင့် သိနိုင် သနည်း"ဟု မေးလျှင် ငါကိုယ်တိုင် ကြိုးစား၍ သမာဓိ ရသောကြောင့် ဤအကြောင်းကို သိနိုင်၏ဟု ပြောပြလေသည်။ ဤသို့ ပဋိဘာဂနိမိတ်ကို အထက်အောက်၌ အဆုံးအပိုင်းအခြားရှိအောင်ချဲ့၍ ဘေးပတ်ဝန်းကျင်၌ အဆုံးမရှိအောင် ချဲ့ပြီးလျှင် ထိုနိမိတ်ကိုပင် အဆုံးလည်းရှိ, အဆုံးလည်းမရှိသော လောကဟု မှတ်ထင်နေခြင်းသည် အန္တာနန္တဝါဒဖြစ်ဘို့ရာ တတိယအကြောင်းတည်း။

(ဿ) **တက္ကီဝါဒ** စတုတ္ထ အယူ ဖြစ်ပုံကား —ဘိက္ခုတို့....ဤလောက၌ တချို့သမဏ ဗြာဟ္မဏသည် ကြံစည်လေ့, စဉ်းစား နှိုင်းချိန်လေ့ရှိ၏။ သူသည် ကြံစည်အပ်, စဉ်းစား နှိုင်းချိန်အပ်သော မိမိထင်မြင်ချက်ကို ဤသို့ပြောပြ၏။ (ပြောပြပုံကား)- ဤလောကသည်

---

(ဿ) တက္ကီ=ဤပုဂ္ဂိုလ်ကား သူကိုယ်တိုင် ဈာန်သမာဓိ မရဘဲ သူများထံမှ တဆင့်ကြား၍ စဉ်းစား၏။ စဉ်းစားပုံကား—ဈာန်ရသူက သူတို့ကိုယ်တိုင် အဆုံးမရှိအောင် ပွါးများထားသော ပဋိဘာဂနိမိတ် လောကကို "အနန္တ"ဟု ပြော၏။ ထိုစကားကို ကြား၍ သည်လိုဆိုလျှင် "အဆုံးရှိတယ်" ဆိုသည့်စကားသည် မှားတာဘဲ။ လောကကြီးသည် အဆုံးရှိတာ မဟုတ်ဘူးဟု စဉ်းစားမိ၏။ အဆုံးရှိအောင် ပွါးများထားသူတို့၏ စကားကိုကြားသောအခါလည်း သည်လိုဆိုလျှင် "လောကကြီးအဆုံးမရှိ"ဟု ဆိုသောစကားလည်း မှားပြန်တာဘဲ။အဆုံး

အဆုံးရှိသည်လည်းမဟုတ်။ အဆုံးမရှိသည်လည်းမဟုတ်။ ''ဤလောကသည် အဆုံးရှိ၏။ ထက်ဝန်းကျင်လုံးဝိုင်း၏''ဟု ပြောကြသော သမဏ ဗြာဟ္မဏတို့၏ စကားသည် မှား၏။ ''ဤလောကသည် အဆုံးမရှိ။ အပိုင်းအခြားမရှိ'' ဟု ပြောကြသော သမဏ ဗြာဟ္မဏတို့၏ စကားလည်း မှား၏။ ''ဤလောကသည် အဆုံးလည်းရှိ၏။ အဆုံးလည်းမရှိ''ဟု ပြောကြသော သမဏဗြာဟ္မဏတို့၏ စကားလည်း မှား၏။ ဤလောကသည်(အမှန်အားဖြင့်) အဆုံးရှိလည်း မဟုတ်။ အဆုံးမရှိလည်း မဟုတ်ဟု ပြောကြလေသည်။ ဤသို့ ကြံစည်စဉ်းစားခြင်းသည် အန္တာနန္တဝါဒ ဖြစ်ဘို့ရာ စတုတ္ထအကြောင်းတည်း။ ဤလေးမျိုးသော အကြောင်းတို့ဖြင့် အန္တာနန္တ အယူဝါဒကို ပြောဆို ပညတ်ကြလေသည်။ ဤလေးမျိုးမှ တပါး အခြား အကြောင်းမရှိတော့ချေ။ [ဤမှ နောက်၌ သဗ္ဗညုတဉာဏ်တော်ပြပုံ, ဝေဒနာ ကမ္မဋ္ဌာန်း ဟောတော်မူပုံနှင့် နိဂုံးချုပ်ပုံများမှာ သဿတဝါဒအတိုင်းပင်တည်း။]

**အမရာဝိက္ခေပ ဝါဒလေးမျိုး** ဘိက္ခုတို့.... အမရာအယူဝါဒဖြင့် ဖယ်ရှား ရှောင်လွှဲတတ်ကုန်သော သမဏ ဗြာဟ္မဏတချို့ ရှိကြ၏။ သူတို့သည် ထိုထိုအရာ၌ ပြဿနာ အမေးခံကြရသော် လေးမျိုးသော အကြောင်းတို့ဖြင့် (စကားအမျိုးမျိုး ပြောဆိုကာ) ဖယ်ရှား ရှောင်တိမ်းတတ်ကြလေသည်။ [တနည်း-အမရာမည်သောငါး၏ ရှောင်

---

မရှိလဲ မဟုတ်ဘူးပေါ့-ဟု စဉ်းစားပြန်၏။ သူများထံမှ မကြားရဘဲ သူ့ဘာသာ စဉ်းစားသူလည်းရှိ၏။ ဤအန္တာနန္တဝါဒလေးမျိုးလုံးပင် မိမိထင်မြင်ပြီး အရာကို စွဲလမ်းယူမှားကြသောကြောင့် ပုဗ္ဗန္တကပ္ပိက (ရှေ့အဘို့ကိုကြံစည်သူတို့၏) မိစ္ဆာဝါဒတွင် ပါဝင်ကြရလေသည်။

အမရာဝိက္ခေပ = မပြီးပြတ်နိုင်သော အယူ၊ စိတ်ထဲ၌ ထို အယူရှိသည့်အတိုင်း ပြောအပ်သော စကားကို''အမရာ''ဟု ခေါ်၏။ ဝိက္ခေပ= ဝိ+ ခေပ= အမျိုးမျိုး အဖုံဖုံပြော၍ ဖယ်ရှားရှောင်တိမ်းခြင်း။ တနည်း= အမရာမည်သော ငါးတမျိုး ရှိ၏။ ထိုငါးသည် ငုပ်လိုက် ဖော်လိုက်နှင့် ပြေးသွားကာ အရှောင်အတိမ်း ကောင်းလှသောကြောင့် ဖမ်း၍မမိနိုင်။ ထိုငါးနှင့်တူသော အယူစကားတို့ကိုလည်း''အမရာဝိက္ခေပ''ဟုခေါ်၍ထိုအယူဝါဒရှိသူများကို''အမရာဝိက္ခေပိက'' ဟု ခေါ်သည်။

တိမ်းပုံမျိုးကဲ့သို့ ရှောင်တိမ်းကြလေသည်။] သူတို့သည် ဘယ်အချက်ကို စွဲ၍ အမရာဝိက္ခေပ အယူဝါဒရှိကြသနည်းဟု မေးဘွယ်ရှိ၏။

**(က) မုသားကြောက်၍ အမရာဝါဒဖြစ်ပုံ** ဘိက္ခုတို့.... ဤလောက၌ တချို့သမဏပြာဟ္မဏသည် ကုသိုလ်တရား အကုသိုလ်တရားကို ဟုတ်တိုင်းမှန်စွာ မသိ။ ထိုသို့ မသိခြင်းကြောင့် သူ စဉ်းစားမိသည်မှာ—ငါသည် ကုသိုလ်, အကုသိုလ်ကို အမှန်မသိပါဘဲ သူများမေးလာသည့်အခါ အရမ်းဖြေလိုက်လျှင် ငါ့မှာ မုသားဖြစ်သွားရာ၏။ ထိုမုသားဖြစ်ခြင်းသည် ("ငါသည် မုသား ပြောမိပေါ့"ဟု နှလုံးမသာယာမှုကြောင့်) ငါ့မှာ ကိုယ်ဆင်းရဲခြင်းဖြစ်ရာ၏။ထိုသို့ ကိုယ်ဆင်းရဲနေရခြင်းသည် ငါ့မှာ နတ်ပြည်, မဂ်, ဖိုလ်၏ အန္တရာယ်ဖြစ်ရာ၏-ဟု စဉ်းစားမိလေသည်။ ဤသို့လျှင် သူသည် မုသားဖြစ်မှာစိုးခြင်း, မုသားဖြစ်မည်ကို ရွံမုန်းခြင်းကြောင့် ကုသိုလ်ဟုလည်းမဖြေ, အကုသိုလ်ဟုလည်း မဖြေဘဲ ထိုထိုအရာ၌ အမေးခံရလျှင် အမရာဝိက္ခေပခေါ် စကားဖြင့် ဖယ်ရှား ရှောင်လွှဲ နေလေတော့၏။ ရှောင်လွှဲပုံကား--ဒီလို ငါ့မှာ အယူမရှိပါ။ ဟိုလိုလဲ ငါ့မှာအယူမရှိပါ။ ဒီလိုဟိုလိုမှ တခြားလို့လဲ ငါ့မှာ အယူမရှိပါ။ ဒီလိုဟိုလိုမှ တခြား မဟုတ်လို့လဲ ငါ့မှာအယူမရှိပါ။ ဒီလိုဟိုလိုမှ တခြားမဟုတ်ဘူးဆိုတာ မဟုတ်လို့လဲ ငါ့မှာ အယူမရှိပါ။ [ဥပမာ- ("ဒီအလုပ်သည် ကုသိုလ်ပါလား"ဟု မေးလျှင်) ကုသိုလ်လို့ ငါမဆိုလိုပါ။ ("အကုသိုလ်လို့ ဆိုလိုပါသလား"ဟု ထပ်မေးလျှင်) အကုသိုလ်လို့လဲ ငါမဆိုလိုပါ။ ("ကုသိုလ်, အကုသိုလ်မှ တခြားလား" ဟု ဆင့်မေးပြန်လျှင်) ကုသိုလ်, အကုသိုလ်မှ တခြားလို့လဲ ငါမဆိုလိုပါ။ ("ကုသိုလ် အကုသိုလ်မှ တခြားမဟုတ်ဘူးပေါ့" ဟု ထပ်ဆင့်၍ မေးပြန်လျှင်) ကုသိုလ် အကုသိုလ်မှ တခြား မဟုတ်ဘူးလို့လဲ ငါမဆိုလိုပါ။ ("ဒါဖြင့် ကုသိုလ်, အကုသိုလ်မှ တခြားမဟုတ်ထာ မဟုတ်ဘူးပေါ့" ဟု တဆင့်တိုး၍ မေးပြန်လျှင်) ကုသိုလ်အကုသိုလ်မှ တခြား မဟုတ်ထာ မဟုတ်ဘူးလို့လဲ ငါမဆိုလိုပါ။] ဤသို့ မပြီးနိုင်, မပြတ်နိုင်, ဘမ်း၍မမိနိုင်အောင် စကားဖြင့် ဖယ်ရှားရှောင်တိမ်းလေသည်။ ဤသို့ မုသားဖြစ်မည်စိုးခြင်းသည် အမရာဝိက္ခေပအယူဖြစ်ဘို့ရာ ပဌမအကြောင်းတည်း။

**(ခ)ဥပါဒါန်ကြောင့်၍ အမရာဝါဒဖြစ်ပုံ** ဒုတိယအကြောင်း၌ အမရာဝါဒဖြစ်ပုံကား- ဘိက္ခုတို့ .... ဤလောက၌ တချို့ သမဏ ဗြာဟ္မဏသည် ကုသိုလ်တရား အကုသိုလ်တရားကို ဟုတ်တိုင်းမှန်စွာမသိ။ ထိုသို့မသိခြင်းကြောင့် သူ စဉ်းစားမိသည်မှာ- ငါသည် ကုသိုလ် အကုသိုလ်ကို အမှန် မသိပါဘဲ အရမ်းဖြေလိုက်အံ့။ (အခြားပညာရှိများကို မေးသည့်အခါ ထိုအဖြေမှန်ကြောင်းကို အကယ်၍ ပြောဆိုငြားအံ့။) ထိုသို့ အမှန်ဖြေဆိုမိရာ၌ ငါ့မှာ ဆန္ဒသော်၎င်း၊ ရာဂသော်၎င်း ဖြစ်ရာ၏။ [အနည်းငယ်နှစ်သက်မှုကို 'ဆန္ဒ', အားကြီးနှစ်သက်မှုကို 'ရာဂ' ဟု ခေါ်သည်။] (ထိုအဖြေကို အခြား ပညာရှိများက မှားသည်ဟု ပြောပြန်လျှင်) ထိုသို့ အမှား ဖြေဆိုမိရာ၌ ငါ့မှာ ဒေါသသော်၎င်း၊ ပဋိဃသော်၎င်း ဖြစ်ရာ၏။ [ဒါလောက်ကိုမျှ - ငါ မသိတတ်လေခြင်းဟု ကိုယ့်ကိုယ်ကို အနည်းငယ်စိတ်ဆိုးမှုသည် 'ဒေါသ' အားကြီး စိတ်ဆိုးမှုသည် 'ပဋိဃ'။] ထို ဆန္ဒ ရာဂနှင့် ဒေါသ ပဋိဃသည် ငါ့မှာ ဥပါဒါန် ခေါ် အစွဲအလမ်းကြီး ဖြစ်နေရာ၏။ ထိုသို့ အစွဲအလမ်း ဖြစ်နေခြင်းသည် ငါ့မှာ ကိုယ်ဆင်းရဲမှု ဖြစ်ရာ၏။ ထိုသို့ ကိုယ်ဆင်းရဲနေရခြင်းသည် ငါ့မှာ နတ်ပြည်, မဂ်,ဖိုလ်၏ အန္တရာယ် ဖြစ်ရာ၏-ဟု စဉ်းစားမိလေသည်။ ဤသို့လျှင် သူသည် ဥပါဒါန် (စွဲလမ်းမှု) ဖြစ်မှာစိုးခြင်း, ဥပါဒါန် ဖြစ်မည်ကို ရွံမုန်းခြင်းကြောင့် ကုသိုလ်ဟုလည်း မဖြေ, အကုသိုလ်ဟုလည်း မဖြေဘဲ ထိုထိုအရာ၌ အမေးခံရလျှင် အမရာဝိက္ခေပခေါ် စကားဖြင့် ဖယ်ရှားရှောင်လွှဲနေလေတော့၏။ [ရှောင်လွှဲပုံမှာ ပဌမဝါဒအတိုင်းပင်။] ဤသို့ ဥပါဒါန်ဖြစ်မည် စိုးခြင်းသည် အမရာဝိက္ခေပအယူ ဖြစ်ခြင်း၏ ဒုတိယအကြောင်းတည်း။

**(ဂ) ပညာရှိများ စစ်ဆေးမည်ကို ကြောက်၍ အမရာဝါဒဖြစ်ပုံ** တတိယအကြောင်း၌ အမရာဝါဒ ဖြစ်ပုံကား-- ဘိက္ခုတို့.... ဤလောက၌ တချို့ သမဏ ဗြာဟ္မဏသည် ကုသိုလ်တရား အကုသိုလ်တရားကို ဟုတ်တိုင်းမှန်စွာ မသိ။ ထိုသို့ မသိခြင်းကြောင့် သူစဉ်းစားမိသည်မှာ - ငါသည် ကုသိုလ်, အကုသိုလ်ကို မသိပါဘဲ အရမ်းပြောဆိုလိုက်အံ့။ ပညာရှိကုန်, နက်နဲစူးရှကုန်, သူတပါးတို့ဝါဒကို နားလည်၍ သူတပါးတို့နှင့် ဝါဒပြိုင်ဘို့ရာ ကျင့်သား

ရနေကုန်, သားမြီးဖျားကို မှန်အောင် ပစ်နိုင်သော လေးသမားတို့နှင့် အလားတူကုန်သော သမဏ ဗြာဟ္မဏအများပင် ထင်ရှားရှိကြပေသည်။ သူတို့သည် ပညာစွမ်းဖြင့် သူတပါး၏ အယူဝါဒတို့ကို ပစ်ဖောက်ခွဲစိတ်ကုန်သကဲ့သို့ လှည့်လည်ကြကုန်၏။ သူတို့သည် ငါ့ကို ထိုအရမ်းဖြေဆိုချက်၌ (ကုသိုလ်လား, အကုသိုလ်လားဟု) အယူအဆကို မေးကြကုန်ရာ၏။ (ငါက ကုသိုလ်ဟုဖြစ်စေ၊ အကုသိုလ်ဟုဖြစ်စေ ပြောလျှင် ဘာ့ကြောင့်ဆိုနိုင်သနည်း-ဟု) အကြောင်းကို မေးကုန်ရာ၏။ (မည်သည့်အကြောင်းကြောင့် ကုသိုလ်၊ သို့မဟုတ် အကုသိုလ်ဟု ယူဆကြောင်း ပြောလျှင် ငါပြသော အကြောင်းတွင် အပြစ်တင်၍ "သင်နားမလည်သေး။ သည်လို မယူရဘူး။ ဟိုလိုယူရတယ်" ဟု) သွန်သင် ဆုံးမကုန်ရာ၏။ သူတို့အား အပြည့်အစုံ ပြန်၍ မချေပနိုင်လျှင် ငါ့မှာ ကိုယ်ဆင်းရဲမှုဖြစ်ရာ၏။ ကိုယ်ဆင်းရဲမှုဖြစ်လျှင် ငါ့မှာ နတ်ပြည်, မဂ်,ဖိုလ်၏ အန္တရာယ်ဖြစ်ရာ၏ဟု - စဉ်းစားမိလေသည်။ ဤသို့လျှင် ပညာရှိတို့က စစ်ဆေးမည်ကို စိုးရိမ်ခြင်း, စစ်ဆေးမည်ကို ရွံမုန်းခြင်းကြောင့် ကုသိုလ်ဟုလည်း မဖြေ, အကုသိုလ်ဟုလည်း မဖြေဘဲ ထိုထိုအရာ၌ အမေးခံရလျှင် အမရာဝိက္ခေပခေါ် စကားဖြင့် ဖယ်ရှား ရှောင်လွှဲ နေလေတော့၏။ [ရှောင်လွှဲပုံမှာ ပဌမဝါဒအတိုင်းပင်။] ဤသို့ အခြားပညာရှိများက စစ်ဆေးမည်ကို စိုးခြင်းသည် အမရာဝိက္ခေပ အယူဖြစ်ဘို့ရာ တတိယအကြောင်းတည်း။

**(ဿ) ညံ့ဖျင်းထုံအခြင်းကြောင့် အမရာဝိက္ခေပဖြစ်ရပုံ** စတုတ္ထ အကြောင်း၌ အမရာဝါဒဖြစ်ပုံကား- ဘိက္ခုတို့....ဤလောက၌ တချို့ သမဏ ဗြာဟ္မဏသည် မန္ဒ (ညံ့ဖျင်း၏) မောမူဟ (ထုံအ၏) ဖြစ်၏။ သူသည် ညံ့ဖျင်း, ထုံအခြင်းကြောင့် ထိုထိုအရာ၌ အမေးခံရလျှင် အမရာဝိက္ခေပခေါ် စကားဖြင့် ဖယ်ရှားရှောင်လွှဲလေတော့၏။ ရှောင်လွှဲပုံကား —အတ္ထိ ပရော လောကော="လူ့လောကမှ တခြားလောက ရှိသေးသလား" ဟု အကယ်၍ မေးအံ့၊ "တခြားလောက ရှိသေး၏" ဟု ငါ့မှာ ယူ ရှိထားလျှင် တခြားလောက ရှိသေး၏ဟုသူတို့အား ဖြေဆိုရာ၍။ ငါ့မှာ ဒီလိုလဲ အယူမရှိ။ ဟိုလိုလဲ (မရှိဘူးလို့လဲ) ငါ့မှာ အယူမရှိ။ ရှိ-မရှိ နှစ်မျိုးမှ

တခြားလို့လဲ ငါ့မှာ အယူမရှိ။ ရှိ-မရှိ နှစ်မျိုးမှ တခြားမဟုတ်ဘူးလို့လဲ ငါ့မှာ အယူမရှိ။ ရှိ-မရှိ နှစ်မျိုးမှ တခြားမဟုတ်ဆိုတာ မဟုတ်ဘူးလို့လဲ ငါ့မှာ အယူမရှိ။ ဤသို့ ဖယ်ရှားရှောင်လွှဲနေလေသည်။

"နတ္ထိ ပရော လောကော= လူ့လောကမှ တခြားလောက မရှိဘူးလား" ဟု မေးရာ၌ငင်း၊ "တခြားလောက ရှိလဲရှိ၊ မရှိလဲမရှိလား" ဟု မေးရာ၌ငင်း၊ "တခြားလောက ရှိတာလဲမဟုတ်၊ မရှိတာလဲ မဟုတ်လား" ဟု မေးရာ၌ငင်း၊ "ဥပပတ်ပဋိသန္ဓေနေသော နတ် ဗြဟ္မာစသူတို့ ရှိသလား, မရှိဘူးလား, ရှိလဲရှိ မရှိလဲမရှိလား, ရှိတာလဲမဟုတ်၊ မရှိတာလဲမဟုတ်လား" ဟု မေးရာ၌ငင်း၊ "ကောင်းစွာ ပြုအပ်သော ကုသိုလ်ကံ, မကောင်းသဖြင့် ပြုအပ်သော အကုသိုလ်ကံတို့၏ အကျိုးရှိသလား, မရှိဘူးလား, ရှိလဲရှိ မရှိလဲမရှိလား, ရှိတာလဲမဟုတ်၊ မရှိတာလဲ မဟုတ်လား" ဟု မေးရာ၌ငင်း၊ "သတ္တဝါသည် သေပြီးနောက် ရှိသေးသလား, မရှိတော့ဘူးလား, ရှိလဲရှိ မရှိလဲမရှိလား, ရှိတာလဲ မဟုတ်၊ မရှိတာလဲမဟုတ်လား" ဟု မေးရာ၌ငင်း ထိုအတိုင်းပင် ဖယ်ရှားရှောင်လွှဲနေလေသည်။ ဤသို့ ညွှန်ဖျင်း, ထိုအခြင်းသည် အမရာဝိဒ ဖြစ်ဘို့ရာ စတုတ္ထအကြောင်းတည်း။

ဘိက္ခုတို့.... * အမရာဝိက္ခေပဝါဒ ရှိသူတို့သည် ဤလေးမျိုးသော အကြောင်းတို့ဖြင့် မပြီးပြတ်နိုင်, ဖမ်း၍ မမိနိုင်သော အယူစကားဖြင့် ဖယ်ရှားရှောင်လွှဲကြလေသည်။ ဘိက္ခုတို့.... အမရာအယူဝါဒ ရှိကြသော သမဏ ဗြာဟ္မဏဟူသမျှတို့သည် ဤလေးမျိုးသော အကြောင်းတို့ဖြင့် ဖြစ်စေ၊ (တမျိုး ၂-မျိုး ၃-မျိုးသော အကြောင်းတို့ဖြင့်

---

*မှတ်ချက်။ ။အမရာဝိက္ခေပ လေးမျိုးလုံး၌ သူတပါးက မေးသည်ကို မသိ၍ ရှောင်လွှဲနေခြင်းသာ ဖြစ်ရကား — အဘယ်နည်းဖြင့် မိစ္ဆာအယူဖြစ်နိုင်သနည်းဟု မေးဘွယ်ရှိ၏။ အဖြေကား — ရှောင်လွှဲနေရုံမျှဖြင့် မိစ္ဆာဒိဋ္ဌိ ဖြစ်သည်ဟု မဆိုလိုပါ။ ထို အမရာအယူဝါဒရှိသူ၌ "ငါ့မှာ မုသားဖြစ်လိမ့်မည်။ ငါ့မှာ ဥပါဒါန်ဖြစ်လိမ့်မည်။ ငါ့ကို စစ်ဆေးကြလိမ့်မည်" ဟု ငါ-ဟူသော အတ္တစွဲ ရှိနေ၏။ ထိုသို့ အတ္တစွဲ အရင်းခံ၍ ဖြစ်ပေါ်လာသော အယူဝါဒ ဖြစ်သောကြောင့် ၎င်းပုဂ္ဂိုလ်သုံးမျိုးကို မိစ္ဆာဒိဋ္ဌိအယူ ရှိသူဟု ဆိုရသည်။ ထို

ဖြစ်စေ) အမရာဝိက္ခေပမည်သော စကားဖြင့် ဖယ်ရှားရှောင်လွှဲကြလေသည်။ ဤလေးမျိုးအပြင် (အမရာဝါဒ ဖြစ်ဘို့ရန်) အကြောင်းတမျိုး မရှိတော့ချေ။ [ဤမှနောက်၌ သဗ္ဗညုတဉာဏ်, ဝေဒနာကမ္မဋ္ဌာန်းနှင့် နိဂုံးစကားတို့မှာ သဿတဝါဒ အဆုံးအတိုင်းပင်တည်း။]

*** အဓိစ္စသမုပ္ပန္န ဝါဒ ၂-မျိုး** ဘိက္ခုတို့...အဓိစ္စသမုပ္ပန္န အယူ ရှိကြသော သမဏဗြာဟ္မဏ တချို့ ရှိကြ၏။ သူတို့သည် အကြောင်းပြ နှစ်မျိုး တို့ဖြင့် အတ္တကိုရင်း၊ လောကကိုရင်း အကြောင်းမရှိဘဲဖြစ်၏ဟု ပြောဆို ပညတ်ကြလေသည်။ သူတို့သည်လည်း ဘယ်အချက်ကို စွဲ၍ ပြောဆို ပညတ်ကြသနည်းဟု မေးဘွယ်ရှိ၏။

**(က) အသညသတ် ဘုံမှ စုတေခဲ့သူ** ဘိက္ခုတို့...အသညသတ်[၁] မည်သော ဗြဟ္မာတမျိုး ရှိ၏။ သူတို့သည် သညာဖြစ်ပေါ်လာလျှင် ထိုဗြဟ္မာဘဝမှ စုတေကြရကုန်၏။ ထိုသို့ စုတေ၍

---

အတ္တသည်လည်း ခိုင်မြဲ၏ဟု ယူဆသောကြောင့် သဿတဒိဋ္ဌိမျိုးတွင် ပါဝင်ရသည်။ စတုတ္ထပုဂ္ဂိုလ်ကား မောဟအားကြီးသဖြင့် ကုသိုလ်, အကုသိုလ်မှန်းလုံးဝမသိ။ ထိုသို့ မသိသည်ကို မသိရိုးရိုးမနေဘဲ ရှောင်လွှဲ၍ ဖြေဆိုမှုကိုပင် အကောင်းဟု စွဲစွဲမြဲမြဲ သဘောကျသော အယူတမျိုးဖြစ်နေ၏။ ထိုအယူကိုပင် မှားသောအယူ (မိစ္ဆာဒိဋ္ဌိ) တမျိုးဟု ဆိုရသည်။ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ ၂-မျိုးတွင်ကား အဆက်မပြတ် ထပ်ကာထပ်ကာ ဖြစ်လာသော ကုသိုလ် အကုသိုလ်စသည်တို့ကို အာရုံပြု၍ ဖြစ်သော အယူဝါဒဖြစ်သောကြောင့် ထိုအယူလည်း အဆက်မပြတ်ရကား သဿတဘက်တွင် ယိမ်းယိုင်ပါဝင်လျက်ရှိလေသည်။

* အဓိစ္စသမုပ္ပန္န—အဓိစ္စ=အကြောင်း တစုံတရာကို မစွဲမှီဘဲ (အကြောင်းမရှိဘဲ) +သမုပ္ပန္န=ဖြစ်သည်။ "အတ္တသည် ဘာ့ကြောင့်မှ ဖြစ်လာသည်မဟုတ်။ သူဖြစ်ချင်လို့ ဖြစ်သည်" ဟူသော အယူကို "အဓိစ္စသမုပ္ပန္န" ဟု ခေါ်သည်။

၁။ အသည=သညာမရှိ (စိတ်, စေတသိက်, နာမ်တရားအားလုံး မရှိ။ ရုပ်ခန္ဓာသာ ရှိ) သော+သတ္တ=သတ္တဝါ (သတ်)။ လူ့ပြည်၌ စတုတ္ထဈာန်ရိုးရိုးရပြီးနောက် စိတ်, စေတသိက် အမှတ်သညာ ရှိသောကြောင့်သာ ဒုက္ခဖြစ်ကြရ၏။ အမှတ်သညာမရှိလျှင် စားချင်, သောက်ချင်မှု မှစ၍ ထိုထို ဒုက္ခမဖြစ်ဟု

လူ့ပြည်ရောက်သူ, လူ့ပြည်ရောက်ပြီးနောက် ရသေ့ရဟန်းပြုသူ, ရသေ့ရဟန်းပြုပြီး၍ ဝီရိယ သုံးမျိုးနှင့် သတိဉာဏ်ကို အခြေခံကာ ဈာန်အဘိညာဉ်ကိုရသူ, ယင်း အဘိညာဉ်ဖြင့် ဤဘဝ၌ သညာစ၍ ဖြစ်ပုံကိုသာ အောက်မေ့နိုင်၍ ထို့ထက်အလွန် မအောက်မေ့နိုင်သူ တယောက်တလေရှိရာ၏။ သူသည် ဤသို့ပြော၏။ ပြောပုံကား--အတ္တသည်ရင်း၊ လောကသည်ရင်း အကြောင်းမရှိဘဲ ဖြစ်၏။(ဘာ့ကြောင့် သိနိုင်သနည်းဟု မေးလျှင်) ငါသည် ရှေးတုန်းက မဖြစ်ခဲ့ဘဲ ယခုဘဝမှစ၍ အထင်အရှားဖြစ်ဘိုရာ[၁] ညွတ်ကိုင်းခဲ့ရပေသည်။ ထို့ကြောင့် အတ္တ,လောကသည် အကြောင်းမရှိဘဲ ဖြစ်ကြောင်း သိနိုင်၏ဟု ပြောပြလေသည်။ ဤသို့ အသညသတ်ဘုံမှ လာ၍ ဤဘဝ၌ သညာဖြစ်ပုံကိုသာ သိနိုင်ခြင်း, တို့ထက်လွန်၍ မသိနိုင်ခြင်းသည် အဓိစ္စသမုပ္ပန္န အယူဖြစ်ဘိုရာ ပဌမ အကြောင်းတည်း။

(ခ) **တက္ကီဝါဒ** ဒုတိယ အကြောင်း၌ အဓိစ္စသမုပ္ပန္နဝါဒ ဖြစ်ပုံကား--

ဘိက္ခုတို့....ဤလောက၌ တချို့ သမဏ ဗြာဟ္မဏသည် ကြံစည်လေ့, စဉ်းစားနိုင်းချိန်လေ့ရှိ၏။ သူသည် ကြံစည်အပ်, စဉ်းစားနိုင်းချိန်အပ်သော မိမိ ထင်မြင်ချက်ကို ဤသို့ ပြောပြ၏။ (ပြောပြ

---

ယူဆလျက် စိတ်,စေတသိက် သညာစုကို အပြစ်မြင်ကာ ဘာဝနာပွါးများလေရာ ထိုရပြီးသော စတုတ္ထဈာန် (တချို့လည်း ပဉ္စမဈာန်) မှာ သညာဝိရာဂ ခေါ် သညာနှင့်တကွ နာမ်တရား အားလုံးပေါ်မှာ ရွံမုန်းသော သတ္တိထူး ပါဝင်လာလေ၏။ ထိုသူ စုတေ၍ ဗြဟ္မာ့ဘုံ၌ဖြစ်သည့်အခါ နာမ်တရားမပါ ရုပ်ခန္ဓာချည်းသာ တည်နေရသော "အသညသတ္တ ခေါ်" ဗြဟ္မာတမျိုး ဖြစ်ရလေသည်။ ဈာန်အရှိန် ကံအရှိန် ကုန်သည့်အခါ နောက်ဆက်၍ဖြစ်ရမည့် ကာမဘုံ၌ (ရှေးကံစွမ်းကြောင့်) ပဋိသန္ဓေစိတ်ဟူသော သညာပေါ်လာ၏။ ထိုသညာ ပေါ်လာလျှင် ထိုဗြဟ္မာ့ပြည်၌ ရုပ်ခန္ဓာလည်း စုတေကွယ်ပျောက်ပြီး ဖြစ်တော့သည်။

၁။ "သန္တဘာဝါယ"ဟူသော အဋ္ဌကထာကို "ထင်ရှားသူ၏အဖြစ်ဟူသော အကျိုးငှါ (=ထင်အရှား ဖြစ်ဘိုရာ)"ဟု အနက်ပေးလို၏။ ဋီကာ၌- "နိဗ္ဗာနတ္ထာယ" ဖွင့်သည်ကို စဉ်းစားပါ။

ပုံကား)--အတ္တသည်၎င်း၊ လောကသည်၎င်း အကြောင်းမရှိဘဲ ဖြစ်၏။ ဤသို့ ပြောပြလေသည်။ ဘိက္ခုတို့....ဤသို့ ကြံစည် နှိုင်းချိန်ခြင်းသည် အဓိစ္စသမုပ္ပန္န အယူဖြစ်ဘို့ရာ ဒုတိယအကြောင်းတည်း။

ဘိက္ခုတို့....အဓိစ္စသမုပ္ပန္နအယူရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ဤ ၂-မျိုးလုံးသော အကြောင်းတို့ဖြင့် ဖြစ်စေ၊ တမျိုးမျိုးသော အကြောင်းဖြင့် ဖြစ်စေ အတ္တ,လောကကို အကြောင်းမဲ့သက်သက် (သူ ဖြစ်ချင်လို့)ဖြစ်၏ဟု ပြောဆို, ပညတ်ကြလေသည်။ ဤအကြောင်း ၂-မျိုးမှတပါး အဓိစ္စသမုပ္ပန္န အယူဖြစ်ဘို့ရာ အကြောင်းတမျိုးမရှိတော့ပြီ။ [ဤမှနောက်၌ သဗ္ဗညုတဉာဏ်တော်ပြခန်း စသည်တို့မှာ သဿတ ဝါဒနှင့် အလုံးစုံ အဆုံးနှင့်တူပြီ။]

* **ပုဗ္ဗန္တကပ္ပိက** နိဂုံး ဘိက္ခုတို့....ရှေးအတိတ် အကြောင်းအရာစုကို ကြံစည် ၁၈-မျိုးလုံး၏ တတ်ကုန်, ရှေးအတိတ် အကြောင်းအရာစုသို့ အစဉ် လိုက်၍ မိစ္ဆာအယူကို ယူတတ်ကြကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ရှေးအတိတ် အကြောင်းအရာစုကို အာရုံပြု၍ မိစ္ဆာအယူ ဖြစ်ဘို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သောအကြောင်း ၁၈-မျိုးတို့ဖြင့်စွဲမြဲစွာ ပြောဆိုကြလေသည်။ဤ ၁၈-ပါးမှတပါး အကြောင်း တမျိုး မရှိတော့ပြီ။ [ဤမှ နောက်၌လည်း သဗ္ဗညုတဉာဏ်တော်နှင့် ဝေဒနာကမ္မဋ္ဌာန်း, နိဂုံးများကို ရှေးအတိုင်း ဟောတော်မူသေး၏။]

ပုဗ္ဗန္တကပ္ပိက အယူ ၁၈-ပြီးပြီ။

* **အပရန္တ ကပ္ပိက** ဝါဒ-၄၄ ဘိက္ခုတို့....နောက် အနာဂတ် အကြောင်းအရာ စုကို ကြံစည်တတ်ကြကုန်, အနာဂတ် အကြောင်း အရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကြ

---

* သဿတအယူ-၄၊ ဧကစ္စသဿတအယူ-၄၊ အန္တာနန္တအယူ-၄၊ အမရာဝိက္ခေပအယူ-၄၊ အဓိစ္စသမုပ္ပန္နအယူ-၂ ပေါင်း ၁၈-ပါးတည်း။

* အပရန္တကပ္ပိက=အပရ+အန္တ=နောက်အနာဂတ်+တရား အစုကို+ကပ္ပိက=ကြံစည်လေ့ စဉ်းစားလေ့ တွေးတောလေ့ ရှိသူ။ ဤ အပရန္တကပ္ပိက ၄၄-တွင် ရှေးဦးစွာ ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆-ပါးကိုပြမည်။ [အာဃာတန=သေခြင်း (သေရာကာလ)+ဥဒ္ဓံ=အထက် (နောက်)၊ သေပြီးနောက်၌

ကုန်သော သမဏ ဗြာဟ္မဏ တချို့ ရှိကုန်၏။ သူတို့သည် နောက် အနာဂတ် အကြောင်းအရာစုကို အာရုံပြု၍ (စိတ်ဖြင့် စဉ်းစား၍) မိစ္ဆာအယူဖြစ်ဘို့ရန် အမျိုးမျိုးသော အခြေခံစကားတို့ကို အကြောင်းပြ လေးဆယ့်လေးမျိုးတို့ဖြင့် (ငါတို့ အယူသာအမှန်။ အခြားအယူတွေ အမှားဟု) စွဲမြဲစွာ ပြောဆိုကြလေ၏။ သူတို့သည် ဘယ်အချက်ကိုစွဲ၍ ပြောဆိုကြသနည်း-ဟု မေးဘွယ်ရှိ၏။

**ဥဒ္ဓမာဃာတနိက သညီဝါဒ-၁၆**

ဘိက္ခုတို့.... ဥဒ္ဓမာဃာတနိက သညီဝါဒ ရှိကြကုန်သော သမဏ ဗြာဟ္မဏ တချို့ ရှိကြ၏။ သူတို့သည် တဆယ့်ခြောက်ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီးနောက်၌ သညာရှိ၏ဟု ပြောဆို ပညတ်ကြလေသည်။ သူတို့သည်လည်း ဘယ်အချက်ကိုစွဲ၍ ပြောဆို ပညတ်ကြသနည်း-ဟု မေးဘွယ်ရှိ၏။ [ထိုအမေး၏ အဖြေကို အစဉ်အတိုင်း ၁၆-ပါး လုံးပြလိမ့်မည်။]

(က) အတ္တသည် အပြောင်းအလွဲ သဘောရှိ၏။ (တနည်း-ရုပ်သဘောရှိ၏။) သေပြီးနောက်၌ ပျက်စီးခြင်းမရှိ (အနာရောဂါမရှိ)။ သညာလည်းရှိ၏ဟု ထိုအတ္တကို တချို့က ပြောဆို ပညတ်ကြသည်။ [ဤဝါဒ၌ ရူပဈာန်ရ ပုဂ္ဂိုလ်သည် ဈာန်၏အာရုံဖြစ်သော ပဋိဘာဂ နိမိတ်ကို "အတ္တ"ဟု ယူဆ၏။ ထိုပဋိဘာဂနိမိတ်သည် ကျယ်ပြန့်အောင် မချဲ့မီ ကျဉ်းငယ်၍ ကျယ်ပြန့်အောင် ချဲ့ထားသည့်အခါ ကြီးကျယ်သောကြောင့် "ရူပီ = အပြောင်းအလွဲအားဖြင့် ဖောက်ပြန်ခြင်း သဘောရှိ၏"ဟု ယူဆ၏။ တနည်း-မူလ ကသိုဏ်းဝန်းရုပ်နှင့် အလားတူသောကြောင့် "ရူပီ = ရုပ်သဘောရှိ၏"ဟု ယူဆသည်။ ထိုပဋိဘာဂ နိမိတ်ကို အာရုံပြုနေသော ဈာန်တရားကို "သညာ"ဟု ယူ၍ ထို ပဋိဘာဂနိမိတ်အတ္တမှာ သညာရှိ၏-ဟု ယူဆကြလေသည်။ ဈာန်မရသော ပုဂ္ဂိုလ်ကလည်း သူ၏အတွေးအဆဖြင့် အတ္တသည် "ရူပီ= ရုပ်သဘော

---

အတ္တ အကြောင်းအရာကို ပြောဆိုလေ့ ရှိသူများကို "ဥဒ္ဓမာဃာတနိက"ဟု ခေါ်၏။] ထိုသို့ ပြောဆိုရာ၌ ထိုအတ္တမှာ သညာရှိ၏ဟု ပြောလေ့ရှိသူတို့၏ ဝါဒကို "သညီဝါဒ"ဟု ခေါ်၏။ ထို သညီဝါဒသည် ၁၆-မျိုး ရှိ၏။

ရှိ၏။ သညာရှိ၏'' ဟု ယူဆ၏။ ထိုစျာန်ရ, စျာန်မရ ပုဂ္ဂိုလ်နှစ်မျိုးလုံး ကပင် အတ္တသည် (ထုံးစံအတိုင်း ဤဘဝမှ သေပြီးနောက်) အရောဂေါ=ပျက်စီးခြင်း ပြောင်းလဲခြင်းမရှိ။ (တနည်း-အရောဂေါ = အနာရောဂါတောင်မရှိ၊ ပျက်စီးဘို့မှာ သာ၍ဝေးသေး၏။) ထို့ကြောင့် အခါခပ်သိမ်းတည်ရှိ၏ (သဿတ) ဟု ယူကြလေသည်။]

(ခ) အတ္တသည် ရုပ်သဘောမရှိ။ သေပြီးနောက်၌ ပျက်စီးခြင်းသဘောမရှိ (မြဲ၏)။ တနည်း-အနာရောဂါမရှိ။ သညာလည်းရှိ၏-ဟု ထိုအတ္တကို ပြောဆို, ပညတ်ကြသည်။ [ဤဝါဒ၌ အရူပစျာန်၏ အာရုံဖြစ်သော ကောင်းကင်ပညတ် စသည်ကို အတ္တဟု ယူဆ၏။ ထိုကောင်းကင် ပညတ်စသည်ကား ရုပ်သဘောမရှိ။ ထိုအာရုံကို အာရုံပြုသော အရူပစျာန်သညာဖြင့် သညာရှိ၏ဟုရင်း၊ သေပြီးနောက်၌ မပျက်ဘဲမြဲ၏ ဟုရင်း (တနည်း-ပျက်စီးဘို့ကို မဆိုထားဘိ ရောဂါမျှမရှိဟုရင်း) ယူဆကြလေသည်။]

(ဂ) အတ္တသည် ရုပ်သဘောအရှိလည်း ဟုတ်၏။ ရုပ်သဘောမရှိလည်း ဟုတ်၏။ သေပြီးနောက်၌ ပျက်စီးခြင်းမရှိ (ရောဂါမရှိ)။ သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား ရူပစျာန်လည်းရ, အရူပစျာန်ကိုလည်းရသောကြောင့် ရူပစျာန်၏ အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို ''ရူပီအတ္တ=အတ္တသည် ရုပ်ရှိ၏''ဟု ထင်ပြီးလျှင် တိုးတက်အားထုတ်၍ အရူပစျာန်ကို ရပြန်သည့်အခါ အရူပစျာန်၏ အာရုံကို ''အရူပီအတ္တ = အတ္တသည် ရုပ်မရှိ'' ဟု တမျိုးထင်ပြန်လေသည်။]

(ဃ) အတ္တသည် ရုပ်သဘောရှိသည်လည်း မဟုတ်။ ရုပ်သဘော မရှိလည်း မဟုတ်။ သေပြီးနောက်၌ ပျက်စီးခြင်းမရှိ (ရောဂါမရှိ)။ သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ်ကြ၏။ [ဤပုဂ္ဂိုလ်ကား သူများထံမှ ကြားရ၍ဖြစ်စေ၊ သူ့ဘာသာ ကြံစည်စဉ်းစား၍ဖြစ်စေ ပြောဆိုသော ပုဂ္ဂိုလ်တည်း။]

(င) အတ္တသည် အဆုံးအပိုင်းအခြား ရှိ၏။ သေပြီးနောက်၌ ပျက်စီးခြင်းမရှိ(မြဲ၏)။ သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား အန္တာနန္တဝါဒ၌ ပြခဲ့သည့်အတိုင်း ပဋိဘာဂနိမိတ်ကို

အဆုံးအပိုင်းအခြားရှိအောင် ချွဲ၍ ထိုနိမိတ်ကိုပင် အတ္တဟု စွဲလမ်းသူ တည်း။ အန္တာနန္တဝါဒ၌ ပြခဲ့သော ပုဂ္ဂိုလ်သည် အတိတ်အကြောင်းစုကို ကြံစည်၍ ဤပုဂ္ဂိုလ်ကား အနာဂတ်အကြောင်းကို ကြံစည်ခြင်းသာ ထူး၏။ နောက်လာမည့် (၈,၁၀,၉) ပုဂ္ဂိုလ်သုံးမျိုး၏ အယူအဆကိုလည်း အန္တာနန္တဝါဒ၌ ပြခဲ့သည်ကို နည်းမှီ၍ သိပါလေ။]

(၈) အတ္တသည် အဆုံး အပိုင်းအခြားမရှိ။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။

(၁၀) အတ္တသည် အဆုံးရှိလည်း ဟုတ်။ အဆုံးမရှိလည်း ဟုတ်၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏) ဟု ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။

(၉) အတ္တသည် အဆုံးရှိလည်းမဟုတ်။ အဆုံးမရှိလည်း မဟုတ်။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာရှိ၏ဟု ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။

(၁၂) အတ္တသည် တမျိုးတည်းသော သညာရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာရှိ၏ဟု-ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား ဈာန်သမာပတ်ကို ဝင်စားနေသူတည်း။ သူသည် ဈာန်သမာပတ်ဝင်စားခိုက် စိတ်အစဉ်ကို အတ္တဟု ယူ၍ ထိုအတ္တသည် ဈာန်၏ အာရုံ တခုတည်းကိုသာ အာရုံပြုနေသောကြောင့် အမှတ်သညာ တမျိုးတည်းသာ ရှိ၏ဟု ယူဆလေသည်။]

(၁၃) အတ္တသည် အမျိုးမျိုးသညာရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာရှိ၏ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား ဈာန်သမာပတ် ဝင်စားသူမဟုတ်။ ဈာန်သမာပတ် မဝင်စားသည့်အခါ အာရုံအမျိုးမျိုးကို သိမြင်နေရသောကြောင့် အတ္တမှာ အမှတ်သညာအမျိုးမျိုးရှိနေ၏-ဟု ယူဆလေသည်။]

(၁၄) အတ္တသည် သေးငယ်သော သညာရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာရှိ၏-ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်သည် ဈာန်ရ ပုဂ္ဂိုလ်ပင်တည်း။ အကျယ်မချဲ့သဖြင့်

ကျဉ်းငယ်နေသော ကသိုဏ်းပဋိဘာဂနိမိတ်ကို ထိုစျာန်သညာက အာရုံ ပြုရသောကြောင့် (စျာန်စိတ်ကို ဖြစ်စေ၊ သညာကို ဖြစ်စေ အတ္တဟု ယူပြီး လျှင်) အတ္တသည် သေးငယ်သော သညာရှိ၏ဟု ယူဆလေသည်။ တနည်း-တချို့ဆရာများက အတ္တသည် လက်မလောက်, မုယောစပါး လောက်, အဏုမြူလောက် သေးငယ်၏ဟု ယူဆပြီးလျှင် အတ္တသည် သေးငယ်သော သညာရှိ၏ဟု ယူဆကြလေသည်။]

(၄) အတ္တသည် အတိုင်းအရှည် မရှိလောက်အောင် ကြီးကျယ် သော သညာရှိ၏။ သေပြီးနောက် ရောဂါမရှိ (မြဲ၏)။ သညာရှိ၏-ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား အကျယ်ချဲ့ ထားသော ကသိုဏ်းပဋိဘာဂနိမိတ်ကို စျာန်သညာဖြင့် အာရုံပြုရသော ကြောင့်] အတ္တသည် ကြီးကျယ်သော သညာရှိ၏ဟု ယူဆလေသည်။ တနည်း-ဆရာတချို့ကား အတ္တသည် သက်ရှိသက်မဲ့ အရာတိုင်းမှာ ရှိ၏။ ထို့ကြောင့် အတ္တသည် အတိုင်းအရှည် ပမာဏ မပြနိုင်လောက်အောင် များးမြောင်သော သညာရှိ၏-ဟု ယူဆလေသည်။]

(၃) အတ္တသည် စင်စစ် သုခရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာရှိ၏-ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤ ပုဂ္ဂိုလ်ကား ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရ၍ ထိုအဘိညာဉ်ဖြင့် အောက် အောက်ဖြစ်သော ရူပဘုံသုံးဆင့်၌ စျာန်ဝင်စားကာ သုခဝေဒနာခံစား နေကြသူတို့ကို မြင်၍ အတ္တသည် ကေန်စင်စစ် ယခုလည်း သုခရှိ, နောင်ခါလည်း သုခရှိကြပေလိမ့်မည်-ဟု ယူဆလေသည်။]

(၆) အတ္တသည် စင်စစ်ဒုက္ခရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာရှိ၏-ဟု ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤ ပုဂ္ဂိုလ်ကား ဒိဗ္ဗစက္ခုဖြင့် ငရဲသားတို့ကိုမြင်၍ အတ္တသည် ကေန်စင်စစ် ယခုလည်း ဒုက္ခခံရ, နောင်ခါလည်း ဒုက္ခခံရလိမ့်မည်-ဟု ယူဆလေ သည်။]

(၈) အတ္တသည် သုခ, ဒုက္ခ ၂-မျိုးလုံးရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာရှိ၏-ဟု ထိုအတ္တကို ပြောဆိုပညတ်ကြလေ သည်။ [ဤသူကား လူ့လောက၌ သတ္တဝါတို့ကိုမြင်၍ ပြောသူတည်း။]

(တ) အတ္တသည် အဒုက္ခမသုခါ (ဥပေက္ခာ) ရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာရှိ၏-ဟု ထိုအတ္တကို ပြောဆို ပညတ်လေသည်။ [ဤသူကား ဒိဗ္ဗစက္ခုဖြင့် ဥပေက္ခာစျာန် ဝင်စားလေ့ရှိသော ဝေဟပ္ဖိုလ် ဗြဟ္မာများကိုမြင်၍ ပြောသူတည်း။]

## နိဂုံး

ဘိက္ခုတို့ ... ဥဒ္ဓမာဃာတန အယူရှိကုန်, သညီဝါဒရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ဤတဆယ့်ခြောက်ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီးနောက်၌ သညာရှိ၏-ဟု ပြောဆို ပညတ်ကြလေသည်။ ဥဒ္ဓမာဃာတနိက သညီဝါဒရှိသူဟူသမျှတို့သည် ဤ တဆယ့်ခြောက်ပါးသော အကြောင်းတို့ဖြင့် ဖြစ်စေ၊ ဤ တဆယ့်ခြောက်ပါးတွင် တပါးပါးသော အကြောင်းဖြင့်ဖြစ်စေ သေပြီးနောက်၌ အတ္တကို သညာရှိ၏ဟု ပညတ်ကြလေသည်။ ဤ တဆယ့်ခြောက်ပါး မှတပါး ဥဒ္ဓမာဃာတနသညီဝါဒ ပညတ်ဘို့ရန် အကြောင်းမရှိတော့ပြီ။ [ဤမှနောက်၌ သဗ္ဗညုတဉာဏ်တော် ပြခန်း, ဝေဒနာကမ္မဋ္ဌာန်နှင့် နိဂုံးချုပ်များမှာ ရှေးသဿတဝါဒအတိုင်းပင်တည်း။]

ဒုတိယ ဘာဏဝါရပြီး၏။

---

(ဥဒ္ဓမာဃာတနိက သညီဝါဒ ၁၆-၏ မှတ်ချက်)

အကြောင်းပြ တဆယ့်ခြောက်မျိုး—ဟူရာ၌ ပါဠိတော်ဝယ် အကြောင်းပြစကားကို ယခုစာအုပ်များ၌ မတွေ့ရ။ စကားချုံးထားဟန်တူ၏။ အကြောင်းပြပုံ ထင်ရှားအောင် "သူသည် ဤသို့ ပြောဆို၏" (အဘယ်သို့ ပြောဆိုသနည်း။) အတ္တသည် ရုပ်သဘောရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ။ သညာလည်းရှိ၏။ ဘာ့ကြောင့် သိနိုင်သနည်း–ငါသည် ဝီရိယနှင့် သတိဉာဏ်ကို အခြေခံ၍ကြိုးစားလေရာ (ပဋိဘာဂနိမိတ်ရုပ်ကို သိသော) ဈာန်ကိုရသည်။ ထိုကြောင့် အတ္တသည် ရုပ်သဘောရှိ၏ဟု ငါသိနိုင်ပေသည်။" ဟူသော စကားကို (က-မှစ၍)

**ဥဒ္ဓမာဃာတနိက အသညီဝါဒ ၈-ပါး**

ဘိက္ခုတို့....ဥဒ္ဓမာဃာတနိက အသညီဝါဒ ရှိကြကုန်သော သမဏ ဗြာဟ္မဏ တချို့ ရှိကြ၏။ သူတို့သည် ရှစ်ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီးနောက်၌ သညာမရှိဟု ပြောဆို ပညတ်ကြလေသည်။ သူတို့သည်လည်း ဘယ်အချက်ကို စွဲ၍ ပြောဆို ပညတ်ကြသနည်း-ဟု မေးဘွယ်ရှိ၏။ [ထိုအမေး၏အဖြေကို အစဉ်အတိုင်း ရှစ်ပါးလုံးပြလိမ့်မည်။]

(က)အတ္တသည် အပြောင်းအလွဲ သဘောရှိ၏။ တနည်း-ရုပ်သဘော ရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာကားမရှိ။ ဤသို့ ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤဝါဒ၌ ဈာန်၏အာရုံဖြစ်သော ပဋိဘာဂနိမိတ်ကို အတ္တဟုယူ၍ ထိုအတ္တ၏ အပြောင်းအလွဲရှိပုံ (ရုပ်သဘောရှိပုံ),မြဲပုံမှာ ရှေးသညီဝါဒ(က) အတိုင်းသာတည်း။သေပြီးနောက်၌ကား အသညသတ်ဘုံသို့ ရောက်နေသူကိုမြင်ရ၍ ထိုရှေးဘဝက အတ္တသည် သေပြီးနောက်၌ သညာမရှိတော့ဟု ယူဆလေသည်။]

(ခ) အတ္တသည် ရုပ်သဘောမရှိ။ သေပြီးနောက်၌ ရောဂါမရှိ(မြဲ၏)။ သညာကားမရှိ။ ဤသို့ ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား ခန္ဓာငါးပါးတွင် သညာက္ခန္ဓာကို အတ္တဟု ယူသော ပုဂ္ဂိုလ်တည်း။ ထိုသညာ (သညာက္ခန္ဓာ)မှာ အခြား သညာတမျိုး မရှိသောကြောင့် သေပြီးနောက်၌ သညာမရှိဟု ယူသည်။]

(ဂ) အတ္တသည် ရုပ်သဘောအရှိလည်း ဟုတ်၏။ ရုပ်သဘောမရှိလည်း ဟုတ်၏။ သေပြီးနောက်၌ ရောဂါမရှိ (မြဲ၏)။ သညာကားမရှိ။ ဤသို့ ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤပုဂ္ဂိုလ်ကား သညာနှင့်တကွ ရုပ်, နာမ် အားလုံးကို အတ္တဟုယူ၍ ထိုအတ္တမှာ အခြားသညာတခု အပိုမရှိသောကြောင့် သေပြီးနောက်၌ သညာမရှိဟုယူသည်။ သေပြီး

---

ဝါဒတိုင်း ထည့်သွင်းပြမှ သူ၏ယူဆချက်၌ အကြောင်း ပေါ်လာနိုင်မည်။ ဤဥဒ္ဓမာဃာတနသညီဝါဒ၌ ရုပ်ရှိ-မရှိနှင့်စပ်၍-၄၊ အဆုံးရှိ- မရှိနှင့်စပ်၍- ၄၊ သညာ၏တခု,အများ,အငယ်, အကြီးနှင့်စပ်၍ -၄၊ သုခဒုက္ခနှင့်စပ်၍ ၄-ပေါင်း တဆယ့်ခြောက်ပါးဖြစ်သည်။

နောက်သာမဟုတ်။ မသေခင်လည်း အခြားသညာ အပိုမရှိ။ သို့သော် နောက် အနာဂတ် အကြောင်းကို တွေးဆသော ပုဂ္ဂိုလ်ဖြစ်၍ "သေပြီး နောက်၌" ဟု နေရာတိုင်းပါနေသည်။]

(ဃ) အတ္တသည် ရုပ်သဘော ရှိသည်လည်း မဟုတ်။ ရုပ်သဘော မရှိလည်း မဟုတ်။ သေပြီးနောက်၌ ရောဂါမရှိ(မြဲ၏)။ သညာကားမရှိ။ ဤသို့ ထို အတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤသူကား တက္ကီ ပုဂ္ဂိုလ်တည်း။ သူတပါးထံမှ ကြား၍ဖြစ်စေ၊ မိမိဘာသာ စဉ်းစား၍ ဖြစ်စေ ဤဝါဒကို ယူထားလေသည်။]

(င) အတ္တသည် အဆုံးအပိုင်းအခြားရှိ၏။ သေပြီးနောက်၌ ရောဂါ မရှိ(မြဲ၏)။ သညာကားမရှိ။ ဤသို့ ထို အတ္တကို ပြောဆို ပညတ်ကြလေ သည်။ [ဤသူကား အကျယ်မချဲ့အပ်သော ကသိုဏ်းရုပ်ကို အတ္တဟု ယူ၍ ထိုကသိုဏ်းရုပ်မှာ မှတ်သားတတ်သော သညာ သဘောမရှိသောကြောင့် "အသညီ=သညာမရှိ"ဟု ယူလေသည်။ နောက်၃-ဝါဒ၌ အဆုံးမရှိပုံ စသည်ကိုလည်း ရှေးအန္တာနန္တဝါဒနည်းမှီ၍ သိလေ။]

(စ) အတ္တသည် အဆုံးအပိုင်း အခြားမရှိ။

(ဆ) အတ္တသည် အဆုံးလည်းရှိ၊ အဆုံးလည်းမရှိ။

(ဇ) အတ္တသည် အဆုံးရှိလည်း မဟုတ်။ အဆုံးမရှိလည်း မဟုတ်။ သေပြီးနောက် ရောဂါမရှိ(မြဲ၏)။ သညာကားမရှိ။ ဤသို့ ထိုအတ္တကို ပြောဆိုပညတ်ကြလေသည်။

ဘိက္ခုတို့.... ဥဒ္ဓမာဃာတနိက အသညီဝါဒ ရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ဤ ၈-ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီး နောက်၌ သညာမရှိဟု ပြောဆို ပညတ်ကြလေသည်။ ဥဒ္ဓမာဃာတနိက အသညီဝါဒ ရှိသူ ဟူသမျှတို့သည် ဤ၈-ပါးသော အကြောင်းတို့ဖြင့် ဖြစ်စေ၊ ဤ၈-ပါးတွင် တပါးပါးသော အကြောင်းဖြင့် ဖြစ်စေ အတ္တကို

---

မှတ်ချက်။ ။ဤ ဥဒ္ဓမာဃာတနိက အသညီဝါဒ၌ ရုပ်ရှိ-မရှိနှင့်စပ်၍-၄၊ အဆုံးရှိ-မရှိနှင့်စပ်၍ -၄ ပေါင်း ၈-ပါးတည်း။

သေပြီးနောက်၌ သညာမရှိဟု ပြောဆို ပညတ်ကြလေသည်။ ဤ၈-ပါးမှ တပါး (ဥဒ္ဓမာဃာတန အသညီဝါဒ ပညတ်ဘို့ရန်) အကြောင်းမရှိတော့ပြီ။ (ဤမှနောက်၌သဗ္ဗညုတဉာဏ်ခန်းစသည်မှာရှေးအတိုင်းသာတည်း။)

**ဥဒ္ဓမာဃာတနိက နေဝသညိနာသညီ ဝါဒ ၈-ပါး**

ဘိက္ခုတို့.... ဥဒ္ဓမာဃာတနိက နေဝသညီ နာသညီ ဝါဒ ရှိကုန်သော သမဏ ဗြာဟ္မဏ တချို့ ရှိကြကုန်၏။ သူတို့သည် ရှစ်ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီးနောက်၌ သညာရှိလည်း မဟုတ်။ သညာမရှိလည်းမဟုတ်ဟူ၍ ပြောဆိုပညတ်ကြလေသည်။ သူတို့သည်လည်း အဘယ်အချက်ကို စွဲ၍ ပြောဆို ပညတ်ကြသနည်း-ဟု မေးဘွယ်ရှိ၏။ [ထိုအမေး၏ အဖြေကို အစဉ်အတိုင်း ပြလိမ့်မည်။]

(က) အတ္တသည် အပြောင်းအလဲသဘောရှိ၏။ တနည်း-ရုပ်သဘော ရှိ၏။ သေပြီးနောက်၌ ရောဂါမရှိ။ သညာရှိလည်း မဟုတ်။ သညာမရှိလည်းမဟုတ်။ဤသို့ ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။ [ဤသူကား သေနေတုန်းအခါ, သေပြီးနောက် ပဋိသန္ဓေနေတုန်းအခါ၌ အမှတ်သညာသည် ပကတိ ရိုးရာအခါကဲ့သို့ မထင်ရှားဘဲ အားသေးလှသောကြောင့် အတ္တမှာ သညာရှိတယ်ဟုပင် မဆိုလောက်ရကား "နေဝသညီ=သညာ ရှိလည်းမဟုတ်"ဟူ၍ သညာလုံးဝမရှိလည်း မဟုတ် (သိမ်သိမ်မွေ့မွေ့ ကား ရှိနေသေး) သောကြောင့် "နာသညီ (န+အသညီ) =သညာမရှိ လည်း မဟုတ်"ဟု ပြောဆိုလေသည်။]

(ခ) အတ္တသည် ရုပ်သဘောမရှိ။

(ဂ) အတ္တသည် ရုပ်သဘောလည်း ရှိ၏။ ရုပ်သဘောလည်း မရှိ။

(ဃ) အတ္တသည် ရုပ်သဘော အရှိလည်း မဟုတ်။ ရုပ်သဘော မရှိ လည်း မဟုတ်။

(င) အတ္တသည် အဆုံးအပိုင်းအခြား ရှိ၏။

(စ) အတ္တသည် အဆုံးအပိုင်းအခြား မရှိ။

(ဆ) အတ္တသည် အဆုံးလည်းရှိ၊ အဆုံးလည်းမရှိ။

(ဇ) အတ္တသည် အဆုံးရှိလည်းမဟုတ်။ အဆုံးမရှိလည်း မဟုတ်။

သေပြီးနောက်၌ ရောဂါမရှိ။ သညာရှိလည်း မဟုတ်။ သညာမရှိ လည်း မဟုတ်။ ဤသို့ ထိုအတ္တကို ပြောဆို ပညတ်ကြလေသည်။

[ဤဝါဒများ၏ အခ်ိပ္ပါယ်ကို ရှေးသညီဝါဒကို နည်းမှီ၍ သိပါလေ။] ဘိက္ခုတို့.... ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒရှိကုန်သော ထိုသမဏ ဗြာဟ္မဏတို့သည် ဤ ၈-ပါးသော အကြောင်းပြတို့ဖြင့် အတ္တကို သေပြီးနောက်၌ သညာရှိလည်း မဟုတ်။ သညာ မရှိလည်း မဟုတ်ဟု ပြောဆို ပညတ်ကြလေသည်။ ဥဒ္ဓမာဃာတနိက နေဝသညီနာသညီဝါဒ ရှိသူ ဟူသမျှတို့သည် ဤအကြောင်းပြ ရှစ်ပါးတို့ဖြင့် ဖြစ်စေ၊ ဤရှစ်ပါးတွင် တပါးပါးဖြင့် ဖြစ်စေ အတ္တကို သေပြီးနောက်၌ သညာရှိလည်း မဟုတ်။ သညာမရှိလည်း မဟုတ်ဟု ပြောဆို ပညတ်ကြလေသည်။ ဤ ၈-ပါးမှတပါး (ဥဒ္ဓမာဃာတန နေဝသညီ နာသညီဝါဒ ပညတ်ဘို့ရန်) အကြောင်းတမျိုး မရှိတော့ပြီ။ [ဤမှ နောက်၌ သဗ္ဗညုတဉာဏ်ခန်း စသည်မှာ ရှေးအတိုင်းသာတည်း။]

---

*ဥစ္ဆေဒဝါဒ ၇-ပါး

ဘိက္ခုတို့.... ဥစ္ဆေဒအယူရှိကုန်သော သမဏဗြာဟ္မဏ တချို့ရှိကြ၏။ သူတို့သည် ၇-မျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားသော သတ္တဝါ၏ ပြတ်စဲခြင်း, ပျက်စီးခြင်း ကင်းပျောက်ခြင်းကို ပြောဆို ပညတ်ကြ၏။ သူတို့သည်လည်း ဘယ်အချက်ကို စွဲ၍ ပညတ်ကြသနည်း-ဟု မေးဘွယ်ရှိ၏။

(က) ဘိက္ခုတို့ ဤလောက၌ တချို့သမဏ ဗြာဟ္မဏသည် ဤသို့ ပြောလေ့ရှိ၏။ ဤသို့ အယူရှိ၏။ [ရှိပုံကား) — အရှင်တို့ .... အကြင် အကြောင်းကြောင့် ဤအတ္တသည် ရုပ်ရှိ၏။ မဟာဘုတ်လေးပါး အစုအဝေးသာတည်း။ မိဘတို့ သုက်သွေးကြောင့် ဖြစ်ရ၏။ ထိုသို့ မဟာ

---

* ဥစ္ဆေဒ= "သတ္တဝါသည် သေလျှင်အဆက်မရှိ ပြတ်စဲတော့၏" ဟူသော အယူကို "ဥစ္ဆေဒဝါဒ" ဟု ခေါ်သည်။ "ဒီဘဝ လုပ်ချင်တာကိုလုပ်။ သေလျှင်ပြီးဘာဘဲ" ဟု ပြောသူတို့သည် ဥစ္ဆေဒဝါဒရှိသူ ဖြစ်ပေလိမ့်မည်။

(က) ဤသူသည် ခန္ဓာကိုယ် ရုပ်တရားကို အရင်းခံ၍ တကိုယ်လုံးကို အတ္တဟု ယူဆထား၏။ ထိုအတ္တ၏ အကြောင်းရင်းမှာ မိဘတို့ သုက်သွေးတည်း။ (သူ့အလိုအားဖြင့် ကံတရားသည် အရင်းခံမဟုတ်။ ကံဘာရားလည်း မဆိုင်။ ဗုဒ္ဓတရားတော် အလိုကား ကံတရားသည် အရင်းခံဖြစ်၏။ မိဘ သုက်

ဘုတ်လေးပါး အစုအဝေးဖြစ်၍ မိဘတို့ သုက်သွေးကြောင့် ဖြစ်ရသော ရုပ်ရှိ သတ္တဝါဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်ပျက်စီးလျှင် (အတ္တလည်း) ပြတ်စဲပျောက်ပျက်တော့၏။ သေပြီးနောက် ဘာမျှ မဖြစ်တော့ချေ။ ဤသို့လျှင် တချို့ သမဏ ဗြာဟ္မဏတို့သည် ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲခြင်း ပျက်စီးခြင်း ကင်းပျောက်ခြင်းကို ပြောဆို ပညတ်ကြလေသည်။

(ခ) လူ့ဘဝ-တဘဝမျှဖြင့် ပြတ်စဲ၏ဟု ပြောလေ့ရှိသော ထိုသူကို အခြားသူက ဤသို့ပြောပြန်၏။ (ပြောပုံကား) အရှင်.... သင်ပြောအပ်သော (လူ့တဘဝဆုံးလျှင် ပြတ်စဲသော) အတ္တသည် ရှိပါပေ၏။ မရှိနိုင်ဟု ငါမပြောလိုပါ။ သို့ရာတွင် ဤလူ့ဘဝ - တဘဝမျှဖြင့် ဤအတ္တသည် ကောင်းကောင်း မပြတ်စဲသေး။ နတ်ပြည်၌ဖြစ်သော ရုပ်လည်းရှိသော ကာမာဝစရနတ်ပြည်တွင် ပါဝင်သော နတ်သုဓာအာဟာရကို စားသော အတ္တတမျိုးရှိသေး၏။ ထိုအတ္တကို သင်မသိ။ သင်မမြင်။ ငါသိ၏။ ငါမြင်၏။ ထိုနတ်ဘဝ အတ္တသည် သေပြီးနောက် အဆက်မရှိ ပြတ်စဲတော့၏။ ဘာမျှထပ်၍ မဖြစ်တော့။ ဤအခါကျမှ အတ္တသည် ကောင်းကောင်း ပြတ်စဲ၏-ဟု ပြောဆိုလေသည်။

(ဂ) နတ်ဘဝဆုံးမှ အတ္တသည် အပြီးသတ်ပြတ်စဲ၏ဟု ပြောလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ—အရှင်....သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏။ မရှိနိုင်-ဟု ငါမဆိုလိုပါ။ သို့ရာတွင် ဤနတ်ဘဝဆုံးရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်း မပြတ်စဲသေး။ အရှင် .. ဗြဟ္မာ့ပြည်၌ဖြစ်သော ရုပ်လည်းရှိသော ဈာန်စိတ်ကြောင့်ဖြစ်

---

သွေးကား အထောက်အပံ့သာ။ ဥပမာ - သစ်ပင်ပေါက်ရာ၌ မျိုးစေ့သည် အရင်းခံ။ မြေရေကား အထောက် အပံ့သာ ဖြစ်သကဲ့သို့တည်း။) မိဘတို့ သုက်သွေးကို အရင်းခံ၍ ဖြစ်လာသော ထိုရုပ်ခန္ဓာသည် ပထဝီ, အာပေါ, တေဇော, ဝါယော (မြေဓာတ် - ရေဓာတ် - အငွေ့ဓာတ်နှင့်လေဓာတ်) အစု အဝေးသာဖြစ်၏။ ထို့ကြောင့် ထိုကိုယ်ခန္ဓာ ရုပ်အစုအဝေးသည် သေလျှင် ပြတ်စဲ၏။ အဆက်မရှိတော့-ဟု ယူဆလေသည်။ ကံတရားကိုထည့်၍ မစဉ်းစားလျှင် ထိုအယူဝါဒကို သဘောကျသူ များပေလိမ့်မည်။

သော အင်္ဂါကြီးငယ်အားလုံးနှင့် ပြည့်စုံသော စက္ခု, သောတ စသော ဣန္ဒြေတို့ ပယုတ်လျော့သော (မျက်စိ, နား, နှာ, လျှာ, ကိုယ်နှင့်တကွ အင်္ဂါကြီးငယ် အပြည့်အစုံပါသော) အတ္တတမျိုး ရှိသေး၏။ ထိုအတ္တကို သင် မသိမမြင်။ ငါသာ သိမြင်၏။ အရှင်.... ထိုအတ္တသည် ခန္ဓာကိုယ် ပျက်စီးပြီးနောက် အဆက်မရှိ ပြတ်စဲတော့၏။ ဘာမျှထပ်၍မဖြစ်တော့။ ဤအခါကျမှ အတ္တသည် ကောင်းကောင်းပြတ်စဲ၏ဟု ပြောပြလေသည်။

(ဃ) ဗြဟ္မာ့ဘဝ အဆုံးကျမှ အတ္တသည် အပြီးသတ် ပြတ်စဲ၏ဟု ပြောလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ — အရှင် ... သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏။ မရှိနိုင်ဟု ငါမဆိုလိုပါ။ သို့ရာတွင် ဤဗြဟ္မာ့ဘဝဆုံးရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်း မပြတ်စဲသေး။အရှင်-ရူပသညာ[၁]တို့ကိုအကုန်အစင်လွန်မြောက်ခြင်း,ပဋိဃသညာ[၂] တို့၏ ချုပ်ခြင်း, နာနတ္တသညာတို့ကို[၃] နှလုံး မသွင်းခြင်းကြောင့် ကောင်းကင်သည် အဆုံး အပိုင်းအခြား မရှိဟု အာရုံပြုကာ (အရူပ လေးဘုံတွင် ပဌမဖြစ်သော) အာကာသာနဉ္စာယတနဘုံသို့ ရောက်သော အတ္တတမျိုး ရှိသေး၏။ ထိုအတ္တကို သင်သည် မသိမြင်။ ငါသာသိမြင်၏။

---

၁။ အရူပဈာန် ၄-ပါးတွင် ပဌမဖြစ်သော အာကာသာနဉ္စာယတန ဈာန်ကိုရအောင် အားထုတ်သည်။ ရူပဈာန်ကိုငင်း၊ ရူပဈာန်၏ အာရုံဖြစ်သော ကသိုဏ်းရုပ်ကိုငင်း (အာရုံမပြုဘဲ) ကျော်လွန်နိုင်မှ ထိုဈာန်ကို ရ၏။ ထို့ကြောင့် ''ရူပသညာ=ရုပ်နှင့် စပ်ဆိုင်သောအမှတ်သညာတို့ကို လွန်မြောက်ခြင်း'' ဟု ဆိုသည်။

၂။ ရူပါရုံစသော အာရုံငါးပါးနှင့် စက္ခုပသာဒစသော ဝတ္ထုရုပ်ငါးပါး တို့၏ ထိခိုက်မှုကို ''ပဋိဃ'' ဟု ခေါ်၏။ ယိုသို့ ထိခိုက်သည့်အခါ ဖြစ်ပေါ် လာသော အမှတ်သညာကို ''ပဋိဃသညာ'' ဟု ခေါ်၏။ ထိုဈာန်ကို အား ထုတ်သူသည် မျက်စိမြင် နားကြား စသည်ရှိနေသမျှ တိုဈာန်ကို မရနိုင်သေး။ ထို့ကြောင့် ''ပဋိဃသညာ=ပဉ္စဝတ္ထု ပဉ္စာရုံတို့၏ ထိခိုက်မှုကြောင့် ဖြစ်သော ဒွေပဉ္စဝိညာဉ်နှင့်ယှဉ်သော သညာအားလုံး ချုပ်ခြင်း''ဟု ဆိုသည်။

၃။ ရူပသညာ ပဋိဃသညာမှကြွင်းသော ကာမစိတ်နှင့် ယှဉ်သမျှ သညာစုကို ''နာနတ္တသညာ=(ရူပါရုံကိုလဲမှတ်, သဒ္ဒါရုံကိုလဲမှတ် စသည်ဖြင့်) သဘော အမျိုးမျိုးရှိသော သညာ''ဟု ဆိုသည်။ ထိုသညာတို့ကို နှလုံးမသွင်းမှ အာရုံ မပြုမှ ထိုပဌမအရူပဈာန်ကို ရနိုင်သည်။

အရှင်....ထိုအတ္တသည် အရူပနာမ်တရားအပေါင်း ပျက်စီးပြီးမှ လုံး၀ ပြတ်ခဲ့၏။ ဘာမျှ ထပ်၍ မဖြစ်တော့။ ဤအခါကျမှ အတ္တသည် ကောင်းကောင်း ပြတ်စဲ၏-ဟု ပြောပြလေသည်။

(င) ပဌမ အရူပဘ၀ဆုံးမှ အတ္တသည် အပြီးသတ် ပြတ်စဲ၏ဟု ပြောလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ—အရှင်....သင် ပြောအပ်သော အတ္တသည် ရှိပါပေ၏။ မရှိဟု ငါ မဆိုလိုပါ။ သို့ရာတွင် ဤ ပဌမ အရူပဘ၀ဆုံးရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်းမပြတ်စဲ သေး။ အရှင်.... အာကာသာနဉ္စာယတနစျာန်[၁] ထိုစျာန်၏ အာရုံကို အကုန်အစင် လွန်မြောက်၍ "အနန္တံဝိညာဏံ"ဟု[၂] ကမ္မဋ္ဌာန်းပွါးများ လျက် ဒုတိယအရူပ ဝိညာဏဉ္စာယတနဘုံသို့ ကပ်ရောက်သော အတ္တ တမျိုး ရှိသေး၏။ ထိုအတ္တကို သင်သည် မသိမြင်။ ငါသာ သိမြင်၏။ အရှင်....ထို အတ္တသည် ထိုနာမ်တရားစု ပျက်စီးပြီးမှ လုံး၀ ပြတ်စဲ၏။ ဘာမျှ ထပ်၍ မဖြစ်တော့။ ဤအခါ ကျမှ အတ္တသည် ကောင်းကောင်း ပြတ်စဲ၏-ဟု ပြောပြလေသည်။

(စ) ဒုတိယ အရူပဘ၀ဆုံးမှ အတ္တသည် အပြီးသတ် ပြတ်စဲ၏ဟု ပြောလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ—အရှင်.... သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏။ မရှိဟု ငါ-မဆိုလိုပါ။ သို့ရာ တွင် ဤ ဒုတိယ အရူပဘ၀ဆုံးရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်း မပြတ်စဲသေး။ အရှင်.... ဝိညာဏဉ္စာယတနစျာန်[၃] ထိုစျာန်၏ အာရုံကို

---

၁။ ဒုတိယအရူပစျာန်ကို အားထုတ်သူတည့် ပဌမအရူပဖြစ်သော အာကာ သာနဉ္စာယတနစျာန်ကိုငှင်း၊ ထိုစျာန်၏ အာရုံဖြစ်သော ကောင်းကင်ပညတ် ကိုငှင်း မ၀င်စားဘဲ အာရုံမပြုဘဲ ကျော်လွန်နိုင်မှ ဝိညာဏဉ္စာယတနစျာန်ကို ရနိုင်သည်။

၂။ "ဝိညာဏံ=ငါ ရအပ်ပြီးသော ပဌမအရူပ (အာကာသာနဉ္စာယတန) ဝိညာဉ်သည်+အနန္တံ=အနန္တ ကောင်းကင်ကို အာရုံပြုနိုင်ပါပေစွ"ဟု သူ ရပြီး သောစျာန်ကိုပင် ချီးမွမ်းလျက် အာရုံပြုနေရသည်။ ဤသို့ အာရုံပြုနေခြင်းသည်ပင် ဒုတိယ အရူပစျာန်ရဘို့ရန် ကမ္မဋ္ဌာန်းအားထုတ်ခြင်း ဖြစ်တော့၏။

၃။ အသက် အရူပစျာန်ကို အားထုတ်လိုသူသည် အောက်အရူပစျာန်နှင့် ထိုစျာန်၏အာရုံကို လုံးလုံးကြီး ကျော်လွန်နိုင်စေရ၏။ ထို့ကြောင့် တတိယ

အကုန်အစင်လွန်မြောက်၍ "နတ္ထိကိဉ္စိ"ဟု ကမ္မဋ္ဌာန်း ပွါးများလျက် တတိယ အရူပအာကိဉ္စညာယတနဘုံသို့ ကပ်ရောက်သော အတ္တတမျိုး ရှိသေး၏။ ထိုအတ္တကို သင်သည် မသိမြင်။ ငါသာ သိမြင်၏။ အရှင်.... ထိုအတ္တသည် ထိုနာမ်တရားစု ပျက်ပြီးမှ လုံး၀ပြတ်စဲ၏။ ဘာမျှ ထပ်၍ မဖြစ်တော့။ ဤအခါကျမှ အတ္တသည် ကောင်းကောင်း ပြတ်စဲ၏-ဟု ပြောပြလေသည်။

(ဆ) တတိယ အရူပဘ၀ဆုံးမှ အတ္တသည် အပြီးသတ် ပြတ်စဲ၏ဟု ပြောပြလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ—အရှင်.... သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏။မရှိဟု ငါမဆိုလိုပါ။သို့ရာတွင် ဤတတိယ အရူပ ဘ၀ဆုံးရုံမျှဖြင့် ဤအတ္တသည် ကောင်းကောင်းမပြတ် စဲသေး။ အရှင်.... အာကိဉ္စညာယတနစျာန်နှင့် ထိုစျာန်၏ အာရုံကို အကုန်အစင်လွန်မြောက်၍ "သန္တမေတံ ပဏီတမေတံ"ဟု[၁] ကမ္မဋ္ဌာန်း ပွါးများလျက် စတုတ္ထအရူပ နေ၀သညာနာသညာယတနဘုံသို့ ကပ် ရောက်သော အတ္တတမျိုးရှိသေး၏။ ထိုအတ္တကို သင်သည် မသိမြင်။ ငါ သာသိမြင်၏။ အရှင်.... ထိုအတ္တသည် ထိုနာမ်တရားစုပျက်စီးပြီးမှ လုံး၀ ပြတ်စဲ၏။ ဘာမျှတပ်၍ မဖြစ်တော့။ ဤအခါကျမှ အတ္တသည် ကောင်း ကောင်း ပြတ်စဲ၏-ဟု ပြောပြလေသည်။

ဘိက္ခုတို့.... ဥစ္ဆေဒအယူရှိကုန်သော သမဏ ဗြာဟ္မဏတို့သည် ဤ ၇-မျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တ၀ါ၏ ပြတ်စဲ

---

အရူပစျာန်ကို အားထုတ်ရာ၌ ဝိညာဏဉ္စာယတနစျာန်နှင့် ထိုစျာန်၏အာရုံကို ကျော်လွန်ရသည်။ "နတ္ထိကိဉ္စိ = ဘာမျှမရှိ"ဟု အာရုံပြုခြင်းသည် တတိယ အရူပစျာန်၏ ကမ္မဋ္ဌာန်းတည်း။ "ဘာမျှမရှိ"ဟူရာ၌ ပဌမ အရူပစျာန် လုံး၀ ချုပ်ကွယ်သည့်အခါ ဥပါဒ်လည်းမရှိ၊ ဘင်လည်းမရှိ။ ဤသို့ ဘာတခုမျှ မရှိ ခြင်းဟူသော "နတ္ထိဘာဝပညတ်"ခေါ် ပညတ်တမျိုးတည်း။ ထိုပညတ်ကို အာရုံပြု၍ ကမ္မဋ္ဌာန်း အားထုတ်ရသည်။

၁။ သန္တံ+ဧတံ= ဤတတိယ အရူပစျာန်သည်+ငြိမ်သက်ပါပေစွ။ ပဏီတံ+ ဧတံ=ဤတတိယ အရူပစျာန် သည်+မွန်မြတ်ပါပေစွ။ ဤသို့ မိမိရပြီးသော တတိယ အရူပ အာကိဉ္စညာယတနစျာန်ကို ချီးမွမ်းလျက် စီးဖြန်းခြင်းသည်ပင် စတုတ္ထ အရူပစျာန်၏ ကမ္မဋ္ဌာန်း ဖြစ်တော့သည်။

ပျက်စီး ကင်းပျောက်ခြင်းကို ပြောဆိုပညတ်ကြလေသည်။ ဥစ္ဆေဒဝါဒ အယူရှိသူ ဟူသမျှ ဤ ၇-မျိုးဖြင့်သာ ပညတ်ကြရ၏။ ဤ၇-မျိုးအပြင် ဥစ္ဆေဒဝါဒ ပညတ်ဘို့ရန် အကြောင်းတမျိုး မရှိတော့ပြီ။ [ဤမှ နောက်၌ သဗ္ဗညုတဉာဏ်, ဝေဒနာကမ္မဋ္ဌာန်း, နိဂုံးတို့မှာ ရှေးအတိုင်း သာတည်း။]

***ဒိဋ္ဌဓမ္မနိဗ္ဗာန ဝါဒငါးပါး** ဘိက္ခုတို့ ... ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ရှိကြသော သမဏ ဗြာဟ္မဏ တချို့ ရှိကြ၏။ သူတို့သည် ငါးမျိုးသော အကြောင်းပြတို့ဖြင့် ထင်းရှားရှိသောသတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပြောဆိုပညတ်ကြ၏။ သူတို့သည်လည်း ဘယ်အချက်ကို စွဲ၍ ပညတ်ကြသနည်း-ဟု မေးဘွယ်ရှိ၏။

(က) ဘိက္ခုတို့.... ဤလောက၌ တချို့သမဏ ဗြာဟ္မဏသည် ဤသို့ ပြောလေ့ရှိ၏။ ဤသို့ အယူရှိ၏။ (ရှိပုံကား) အရှင်.... အကြင် အကြောင်းကြောင့် ဤအတ္တသည် ကာမဂုဏ်ငါးပါးတို့ဖြင့်တင့်တယ်စံပယ်လျက် ခံစားစံစားရ၏။ ထိုမျှလောက်သော အကြောင်းဖြင့် ဤအတ္တသည် ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီ-ဟု ပြောပြလေသည်။ ဤနည်းအားဖြင့် အချို့က ထင်ရှားရှိသော သတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။

(ခ) ချမ်းချမ်းသာသာနှင့် ကာမချမ်းသာ ခံစားနေရခြင်းကို ဒိဋ္ဌ-ဓမ္မနိဗ္ဗာန်ဟု ပြောလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ— အရှင် .... သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏။ မရှိဟု မဆိုလိုပါ။ သို့ရာတွင် ဤအတ္တသည် ဤမျှလောက်ဖြင့် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု မဆိုနိုင်သေး။ (ဘာ့ကြောင့်လဲ) ကာမဂုဏ်တို့သည် (စည်းစိမ်ဥစ္စာ ရာဇနာနှင့် သားမယား ခြွေရံသင်းပင်းတို့

* ဒိဋ္ဌဓမ္မနိဗ္ဗာန= လက်ရှိခန္ဓာကိုယ်၌ ဒုက္ခကင်း၍ ချမ်းသာစွာနေရခြင်းကို "ဒိဋ္ဌဓမ္မနိဗ္ဗာန်=လောကီနိဗ္ဗာန်" ဟု ခေါ်သည်။ ထိုကြောင့် တချို့ သမဏ ဗြာဟ္မဏဘို့က စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် မတောင့်မတ မကြောင့်ကြရဘဲ အာရုံငါးပါး ကာမဂုဏ်များကို ခံစားနေရခြင်းသည် "ဒိဋ္ဌဓမ္မနိဗ္ဗာန်=လောကီ နိဗ္ဗာန်ဘဲ"ဟု ယူဆကြလေသည်။

သည်) အမြဲမရှိကြ။ ဒုက္ခမကင်းကြ။ ဖောက်ပြန်ခြင်း (အိုခြင်း သေခြင်း) သဘောရှိကြ၏။ ထိုကာမဂုဏ်တို့၏ တမျိုးတမည် ဖောက်ပြန်ပျက်စီးသွားခြင်းကြောင့် ဝမ်းနဲရမှု သောက, ငိုကြွေးရမှု ပရိဒေဝ, ကိုယ်ဆင်းရဲရမှု ဒုက္ခ, စိတ်ဆင်းရဲရမှုဒေါမနဿ, ပြင်းပြင်းပျပျ စိတ်ညစ်ရမှု ဥပါယာသတို့ ဖြစ်ကြရ၏။ ထို့ကြောင့် ကာမဂုဏ် ခံစားရရုံမျှဖြင့် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်မရသေးဟု ပြောနိုင်ပေသည်။ အရှင်....အကြင်အခါ၌ ဤအတ္တသည် ကာမဂုဏ်တို့မှငင်း၊ အကုသိုလ်တို့မှငင်း ခွဲခွါ၍ ဝိတက်ဝိစာရရှိသော နီဝရဏကင်းမှုကြောင့် ဖြစ်ပေါ်လာသော ပီတိသုခလည်းရှိသော ပဌမစျာန်ကို ရ၏။ ထိုပဌမစျာန်ချမ်းသာကို ရသည့်အခါ၌ ဤအတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု ပြောပြလေသည်။ ဤနည်းအားဖြင့် အချို့က ထင်ရှားရှိသော သတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။ [ဤသူကား ပဌမစျာန်ချမ်းသာကို ရရှိမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်ရသည်ဟု ဆိုလိုသည်။]

(ဂ) ပဌမစျာန် ချမ်းသာကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ပြောလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ— အရှင် သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏။ မရှိဟု မဆိုလိုပါ။ သို့ရာတွင် ဤအတ္တသည် ဤမျှလောက်ဖြင့် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု မဆိုနိုင်သေး။ ဘာ့ကြောင့်နည်း။ ထိုပဌမစျာန်၌ ဝိတက်ဝိစာရ ပါရှိ၏။ ဤဝိတက် ဝိစာရအတွက်[1] ဤပဌမစျာန်ကို 'ကြမ်းတမ်း၏' ဟု ဆိုထိုက်သောကြောင့်တည်း။ အရှင်.... အကြင်အခါ၌ ဤအတ္တသည် ဝိတက်ဝိစာရ ငြိမ်းအေး၍ မိမိသန္တာန်၌ စိတ်ကို ကြည်နေစေနိုင်, သမာဓိကို တိုးပွါးစေနိုင်သော (ဝိတက် ဝိစာရ မပါဘဲ သမာဓိကြောင့်ဖြစ်သော) ပီတိသုခပါရှိသော ဒုတိယစျာန်ကိုရ၏။ ထိုအခါ ဤအတ္တသည် ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု ပြောပြလေသည်။ ဤနည်းအားဖြင့် အချို့က ထင်ရှားသော သတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။ [ဤသူကား ဒုတိယစျာန်ရမှ ဒိဋ္ဌဓမ္မနိဗ္ဗာန်ရသည်ဟု ဆိုလိုသည်။]

---

၁။ ဝိတက်သည် ထိုထိုဤဤ ကြံစည်တတ်၏။ ဝိစာရလည်း ဝိတက်ကြံသမျှကို အဆပ်ဆပ် အာရုံခွဲနေတတ်၏။ ထို့ကြောင့် ပဌမစျာန်ချမ်းသာသည် ငြိမ်သက် အေးမြခြင်း မရှိဟု ဆိုလိုသည်။

(ဃ) ဒုတိယ ဈာန်ချမ်းသာကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ပြောလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ– အရှင်....သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏။ မရှိဟု မဆိုလိုပါ။ သို့ရာတွင် ဤအတ္တသည် ဤမျှ လောက် ဖြင့် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ မရောက်သေး။ ဘာ့ကြောင့်နည်း။ ထိုဒုတိယဈာန်၌ စိတ်ကို ပေါ်လွင်စေတတ်(တကြွကြွ တရွရွဖြစ်စေတတ်)သော ပီတိ ပါရှိနေ၏။ဤပီတိအတွက် ဤဒုတိယဈာန် ကို ကြမ်းတမ်းသည်-ဟု ဆိုထိုက်သောကြောင့်တည်း။ အရှင်....အကြင် အခါ၌ ဤအတ္တသည် ပီတိကို စက်ဆုပ်လွန်မြောက်ကာ ဥပေက္ခာပြု၍ နေနိုင်၏။ သတိသမ္ပဇည(ဉာဏ်)လည်းရှိ၏။ သုခကိုလည်း နာမကာယဖြင့် ခံစားနိုင်၏။ [သုခကို ခံစားလိုစိတ် မရှိသော်လည်း အလွန် အေးမြ ချမ်းသာရကား နာမကာယ (နာမ်အပေါင်း)ဖြင့် ထိုသုခကို ခံစားသလို ဖြစ်နေတော့သည်-ဟူလို။] အကြင်ဈာန်ကြောင့် ထိုသူ့ကို အရိယာတို့က "ဥပေက္ခာပြုနိုင်ပါပေစွ၊ သတိရှိပါပေစွ၊ ချမ်းသာစွာ နေလေ့ရှိပါ ပေစွ" ဟု ချီးမွမ်းကြရ၏။ ထိုသို့ချီးမွမ်းခံရလောက်သော တတိယဈာန် ကို ရ၏။ ဤအခါ ဤအတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီ-ဟု ပြောပြလေသည်။ ဤနည်းအားဖြင့် အချို့က ထင်ရှားရှိသော သတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။ [ဤသူ ကား တတိယဈာန်ချမ်းသာကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ဆိုလိုသည်။]

(င) တတိယဈာန်ချမ်းသာကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ပြောလေ့ရှိသော ထိုသူ့ကို အခြားသူက ပြောပြန်သည်မှာ— အရှင်....သင်ပြောအပ်သော အတ္တသည် ရှိပါပေ၏။ မရှိဟု မဆိုလိုပါ။ သို့ရာတွင် ဤအတ္တသည် ဤမျှ လောက်ဖြင့် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ မရောက်သေး။ ဘာကြောင့် နည်း။ ထိုတတိယဈာန်၌ အကြင်သုခသည်ဇင်း၊ ဈာန်မှထသည့်အခါ ထိုသုခကိုပင် ထပ်ကာထပ်ကာ စိတ်ကနှလုံးသွင်းနေမှု မနသိကာရသည် ဇင်း ရှိ၏။ ဤသုခနှင့် မနသိကာရအတွက် ဤတတိယဈာန်ကို ကြမ်း တမ်း၏-ဟု ဆိုထိုက်သောကြောင့်တည်း။ အရှင်.... အကြင်အခါ၌ ဤ အတ္တသည် သုခကိုလည်းပယ်, ဒုက္ခကိုလည်းပယ်, သောမနဿ ဒေါမနဿ များလည်း ချုပ်သဖြင့် သုခဒုက္ခလုံးဝမရှိသော ဥပေက္ခာသည် ဖြစ်စေ

အပ်သော သတိ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်ကို ရ၏။ အရှင်....ဤအခါ၌ ဤအတ္တသည် မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်သို့ ရောက်ပြီဟု ပြောပြလေသည်။ ဤနည်းအားဖြင့် အချို့က မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။

ဘိက္ခုတို့....ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒရှိကြသော ထို သမဏဗြာဟ္မဏတို့သည် ဤငါးမျိုးသော အကြောင်းပြတို့ဖြင့် ထင်ရှားရှိသော သတ္တဝါ၏ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။ ဘိက္ခုတို့....ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ရှိသူဟူသမျှတို့သည် ဤငါးမျိုးသော အကြောင်းတို့ဖြင့် ဖြစ်စေ၊ ထိုငါးမျိုးတွင် တပါးပါးသော အကြောင်းဖြင့် ဖြစ်စေ မှန်မြတ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ကြလေသည်။ ဤငါးမျိုးအပြင် ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပညတ်ဘို့ရန် အကြောင်းတမျိုး မရှိတော့ပြီ။ [ဤမှ နောက်၌ သဗ္ဗညုတဉာဏ်ခန်း, ဝေဒနာကမ္မဋ္ဌာန်းနှင့် နိဂုံးတို့မှာ ပဌမဆုံး သဿတဝါဒအဆုံးနှင့် တူပြီ။]

**အပရန္တကပ္ပိက ၄၄-မျိုး၏ နိဂုံး** ဘိက္ခုတို့....နောက်အနာဂတ် အကြောင်းအရာစုကို ကြံစည်တတ်ကုန်, နောက် အနာဂတ် အကြောင်း အရာစုသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကြကုန်သော ထို သမဏ ဗြာဟ္မဏတို့သည် နောက်အနာဂတ် အကြောင်းအရာစုကို အာရုံပြု၍ မိစ္ဆာအယူ ဖြစ်ဘို့ရန် အခြေခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သော အကြောင်း၄၄-မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုကြလေသည်။[၁] ဤ၄၄-မျိုးအပြင် အကြောင်းတမျိုး မရှိတော့ပြီ။ [ဤမှ နောက်၌ သဗ္ဗညုတဉာဏ်ခန်း စသည်မှာ ရှေးသဿတဝါဒ အဆုံးနှင့်တူပြီ။]

**မိစ္ဆာဝါဒ ၆၂-ပါးလုံး၏ နိဂုံး** ဘိက္ခုတို့....ရှေးအတိတ် အကြောင်းအရာစုကို ကြံစည်တတ်ကုန်, ရှေးအတိတ် အကြောင်း အရာစုသို့ အစဉ်လိုက်၍မိစ္ဆာအယူကိုယူတတ်ကုန်သော သမဏဗြာဟ္မဏ၊ နောက်အနာဂတ် အကြောင်းအရာစုကို ကြံစည်တတ်

---

၁။ အပရန္တဝါဒ၄၄-ကား--ဥဒ္ဓမာဃာတနသညီဝါဒ-၁၆၊ ဥဒ္ဓမာဃာတန အသညီဝါဒ- ၈၊ ဥဒ္ဓမာဃာတန နေဝသညီ နာသညီဝါဒ-၈၊ ဉစ္ဆေဒဝါဒ-၇၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ-၅တည်း။

ကုန်,နောက်အနာဂတ် အကြောင်းအရာစုသို့အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သမဏ ဗြာဟ္မဏ၊ အတိတ်အနာဂတ် အကြောင်း အရာ နှစ်မျိုးလုံးကို ကြံစည်တတ်ကုန်, အတိတ်အနာဂတ် အကြောင်း အရာ နှစ်မျိုးလုံးသို့ အစဉ်လိုက်၍ မိစ္ဆာအယူကို ယူတတ်ကုန်သော သမဏ ဗြာဟ္မဏတို့သည် အတိတ်အကြောင်း, အနာဂတ် အကြောင်း, အတိတ် အနာဂတ်အကြောင်းကို အာရုံပြု၍ မိစ္ဆာအယူဖြစ်ဘို့ရန် အခြေ ခံစကား အမျိုးမျိုးတို့ကို ဤပြခဲ့သော အကြောင်း ၆၂-မျိုးတို့ဖြင့် စွဲမြဲစွာ ပြောဆိုကြလေသည်။ မိစ္ဆာအယူရှိသူ ဟူသမျှတို့သည် ဤ ၆၂-မျိုး သော အကြောင်းတို့ဖြင့် ဖြစ်စေ၊ ထို ၆၂-မျိုးတွင် တပါးပါးသော အကြောင်းဖြင့် ဖြစ်စေ ပြောဆိုကြရသည်။ ဤ၆၂-မျိုးအပြင်[၁] မိစ္ဆာ အယူဖြစ်ဘို့ရန် အကြောင်းတမျိုး မရှိတော့ပြီ။

**သဗ္ဗညုတ ဉာဏ်တော်ပြခန်း** ဘိက္ခုတို့.... မြတ်စွာဘုရားသည် ထို ၆၂- မျိုးသော မိစ္ဆာအယူကို အမျိုးမျိုး အစားစား သိတော်မူ၏။ (သိတော်မူပုံကား) "ဤ မိစ္ဆာအယူတို့သည် (အတ္တ လောကသည် မြဲ၏-စသည်ဖြင့်) ဤသို့ ယူထားလျှင် ဤသို့ အဖန်ဖန် သုံးသပ် ထားလျှင် (ငရဲ တိရစ္ဆာန် ပြိတ္တာ ဂတိတို့တွင်) ဤမည်သော ဂတိသို့ရောက်ကြရလိမ့်မည်။ ဤမည်သော တမလွန်ဘဝ ရှိကြရလိမ့်မည်" ဟု သိတော်မူသည်။ မြတ်စွာဘုရားသည် အကြောင်းနှင့်တကွ လားရာ ဂတိနှင့်တကွသော ထိုမိစ္ဆာအယူကိုလည်း သိတော်မူ၏။ ထို့ထက် အလွန် ဖြစ်သော သီလ သမာဓိ သဗ္ဗညုတ ဉာဏ်ပညာကိုလည်း သိတော်မူ၏။ ထိုသို့ သိပါသော်လည်း ထိုအသိကိုပင် တဏှာ မာန ဒိဋ္ဌိအားဖြင့် အမှား သုံးသပ်တော်မမူ။ ထိုသို့ အမှားသုံးသပ်တော် မမူခြင်းကြောင့်လည်း ထို အမှားသုံးသပ်တတ်သော တဏှာ မာန ဒိဋ္ဌိ တို့၏(ကိုယ်တော့်သန္တာန် ၌) ငြိမ်းအေးမှုနိဗ္ဗာန်ကို ကိုယ်တော်တိုင်ပင် သိရပေသည်။ [အဓိပ္ပါယ် ကို သဿတဝါဒ အဆုံး၌ ပြခဲ့ပြီ။]

---

၁။ မိစ္ဆာအယူ ၆၂-ကား—ပုဗ္ဗန္တကပ္ပိက -၁၈၊ အပရန္တကပ္ပိက-၄၄တည်း။ အကျယ်ကို ရှေ့၌ ကြည့်၍တွက်လေ။ ဤ၆၂-မျိုးတွင် ဉစ္ဆေဒဒိဋ္ဌိ ၇-မျိုးသာပါ၏။ ကျန်အားလုံးမှာ သဿတဒိဋ္ဌိချည်းသာတည်း။

**ဝေဒနာကမ္မဋ္ဌာန်း** ဘိက္ခုတို့...မြတ်စွာဘုရားသည် ဝေဒနာတို့၏ ဖြစ်ကြောင်း ဖြစ်ခြင်းကိုငင်း၊ သာယာအပ်သော သဘောကိုငင်း၊ အပြစ်ကိုငင်း၊ လွတ်မြောက်ခြင်းကိုငင်း ဟုတ်တိုင်းမှန်စွာသိတော်မူ၍ တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဘဲ ကိလေသာတို့မှ လွတ်တော်မူပြီ။

**နိဂုံး** ဘိက္ခုတို့.... နက်နဲကုန်, မြင်ဘို့ရန် ခဲယဉ်းကုန်, သိဘို့ရန်မလွယ်ကုန်, ငြိမ်သက်ကုန်, မွန်မြတ်ကုန်, ကြံစည်တွေးဆခြင်းဖြင့် မသက်ဝင်နိုင်, သိမ်မွေ့ကုန်, ပညာရှိတို့သာ သိနိုင်ကုန်သော ထိုဂုဏ်တော်တို့ဟူသည် ဤပြခဲ့သော သဗ္ဗညုတဉာဏ်တော် ဂုဏ်တို့တည်း။ ယင်းဂုဏ်တော်တို့ကို မြတ်စွာဘုရားသည် ကိုယ်တော်တိုင် (ဆရာမရှိဘဲ) ထူးခြားသော အရဟတ္တမဂ်ဉာဏ်ကြောင့်(တနည်း-ပစ္စဝေက္ခဏာဉာဏ်တော်ဖြင့်) မျက်မှောက်ပြု၍ သတ္တဝါတို့အား သစ္စာလေးပါး စသော တရားတို့ကို သိစေတော်မူနိုင်, ငါဘုရားဖြစ်ပြီဟု ဝန်ခံတော်မူနိုင်ပေသည်။ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ပြောလို သူတို့သည် ယင်း သဗ္ဗညုတဂုဏ်တော်တို့ဖြင့် ပြောမှသာ ဟုတ်တိုင်းမှန်စွာ ပြောရာရောက်မည်။

**မိစ္ဆာအမြင်နှင့် သမ္မာအမြင် ခွဲခြားချက်**[၁] ဘိက္ခုတို့....ထို သမဏဗြာဟ္မဏတို့တွင် သဿတ အယူရှိကြကုန်သော အကြင် သမဏ ဗြာဟ္မဏ တို့သည် (မိစ္ဆာအယူကိုပင် သာယာတတ်သော အကြင် ဝေဒနာဖြင့် ဟုတ်လှပြီ မှန်လှပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြယုန်လျက်) လေးမျိုးသော အကြောင်းပြတို့ဖြင့် အတ္တကိုငင်း၊ လောကကိုငင်း မြဲ၏ဟု ပြောဆို ပညတ်ကြကုန်၏။ ထိုအယူကိုယူလျှင် နောက်ဘဝ၌ မည်သည့်ဂတိသို့ လားကြရလိမ့်မည်ဟုငင်း၊ မိမိတို့ အယူကိုသာယာနေသော ဝေဒနာ၏ အကြောင်းရင်းကိုငင်း ဟုတ်တိုင်းမှန်စွာ မသိကြ, မမြင်ကြကုန်သော ထိုအရှင် သမဏ ဗြာဟ္မဏတို့၏ ထိုဝေဒနာ

---

၁။ မိစ္ဆာအယူ ရှိသူတို့သည် မိမိတို့အယူအဘွက် လားရာဂတိကို မမြင်။ သမ္မာအယူရှိသူကား မြင်၏။ မိစ္ဆာအယူရှိသူတို့သည် သူတို့အယူကို တဏှာဖြင့် နှစ်သက်၏။ ဝေဒနာဖြင့် သာယာ၏။ သမ္မာအယူရှိသူတို့ကား ထိုမိစ္ဆာအယူ၌ နှစ်သက်သာယာမှု မရှိသည့်အပြင် စက်ဆုပ်ရွံရှာဘွယ်ဟု ထင်မြင်နေ၏။ ဤသို့ သမ္မာအမြင်နှင့်မိစ္ဆာအမြင်ကို ခွဲခြားရသည်။

သည် တဏှာကပ်ရောက်အပ်သူတို့၏ ဝေဒနာတည်း[၁]။ ထိုဝေဒနာသည်လည်း တဏှာဒိဋ္ဌိအားဖြင့် လှုပ်ရှားတတ်သည်သာ။ (အယူတမျိုးမှ အယူတမျိုးသို့ ပြောင်းရွှေ့သောအားဖြင့် လှုပ်ရှားတတ်၏။ သောတာပန်၏ အမြင်တမျိုးကဲ့သို့ ခိုင်မြဲခြင်းမရှိ ဟူလို။)

**အမှာ** သဿတဝါဒ လေးမျိုးကို ပြသကဲ့သို့ ဧကစ္စသဿတဝါဒ လေးမျိုးကိုရင်း၊ အန္တာနန္တဝါဒလေးမျိုးကိုရင်း၊ အမရာဝိက္ခေပဝါဒ လေးမျိုးကိုရင်း၊ အဓိစ္စသမုပ္ပန္နဝါဒ နှစ်မျိုးကိုရင်း ဤသို့ ပုဗ္ဗန္တကပ္ပိကဝါဒ ၁၈-မျိုးကို ပြတော်မူ၏။ ထို့အတူ ဥဒ္ဓမာဃာတနသညီဝါဒ ၁၆-မျိုးကိုရင်း။ ဥဒ္ဓမာဃာတနအသညီဝါဒ ၈-မျိုးကိုရင်း၊ ဥဒ္ဓမာဃာတန နေဝသညီနာသညီဝါဒ ၈-မျိုးကိုရင်း၊ ဥစ္ဆေဒဝါဒ ၇-မျိုးကိုရင်း၊ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅-မျိုးကိုရင်း ဤသို့ အပရန္တကပ္ပိက ၄၄-မျိုးကိုလည်း ပြတော်မူသည်။

**အကြောင်း အဆက် ပြပုံ** ဘိက္ခုတို့....ထိုသမဏ ဗြာဟ္မဏတို့တွင် သဿတ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် (မိစ္ဆာအယူကိုပင် သာယာ တတ်သော အကြင်ဝေဒနာဖြင့် ဟုတ်လှပြီ မှန်လှပြီဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်လျက်) လေးမျိုးသော အကြောင်းပြတို့ဖြင့် အတ္တကိုရင်း၊ လောကကိုရင်း မြဲ၏ဟု ပြောဆို ပညတ်ကြကုန်၏။ ထိုအရှင် သမဏ ဗြာဟ္မဏတို့၏ တဏှာ ဒိဋ္ဌိ အားဖြင့် လှုပ်ရှားတတ်သော ထိုဝေဒနာသည်လည်း ဖဿကြောင့် ဖြစ်ရလေသည်။ (ပဌမသဿတ အယူဖြစ်ရာ၌ ကမ္ဘာ သိန်းပေါင်းများစွာကို ပြန်၍ မြင်သည့်အခါ ထိုရှေးဖြစ်ဟောင်း အာရုံတို့၌ ခတ်ထိ-ထိသော ဖဿဖြစ်၏။ ထိုဖဿကြောင့် ပြခဲ့သော ဝေဒနာဖြစ်ရသည်-ဟူလို။) [ဧကစ္စသဿတဝါဒစသော အယူတို့၌လည်း ဤသဿတဝါဒကဲ့သို့ ဝေဒနာ၏ အကြောင်း ဖဿကို ပြတော်မူသည်။]

---

၁။ "ဝေဒနာပစ္စယာ တဏှာ"အရ ဝေဒနာကြောင့် တဏှာ ဖြစ်ရသော်လည်း ထိုဝေဒနာကိုပင် တဏှာဖြင့် ထပ်၍ သာယာသောကြောင့် "တဏှာ ကပ်ရောက်အပ်သော သူတို့၏ ဝေဒနာ"ဟု ဆိုနိုင်ပြန်သည်။

**ဖဿအကြောင်း၏ အားကောင်းပုံ** ဘိက္ခုတို့....ထိုသမဏ ဗြာဟ္မဏတို့တွင် သဿတ အယူရှိကုန်သော အကြင် သမဏ ဗြာဟ္မဏ တို့သည် လေးမျိုးသော အကြောင်းပြတို့ဖြင့် အတ္တကိုရင်း၊ လောကကိုရင်း မြဲ၏ဟု ပြောဆို ပညတ်ကြကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့သည် စင်စစ်အားဖြင့် ဖဿကို ကြဉ်ထား၍ (ဖဿ မဖြစ်လျှင်) ဝေဒနာဖြင့်ခံစားနိုင်ဘို့ရန် အကြောင်းမရှိချေ။ [ကမ္ဘာသိန်းပေါင်းများစွာက အာရုံတို့၌ ခတ်ခိုက်မှု ဖဿမဖြစ်လျှင် မည်သည့်နည်းနှင့်မျှ ဝေဒနာဖြစ်မည်မဟုတ်။ ဝေဒနာမဖြစ်လျှင်လည်း မိမိအယူအဆကို မသာယာလှတော့သဖြင့် စွဲစွဲလမ်းလမ်း ယူဆခြင်းဟူသော သဿတအယူဝါဒ ဖြစ်တော့မည်မဟုတ်။ ဝေဒနာဖြစ်ဘို့ရန်မှာ ဖဿသည် အားကြီးသော အကြောင်းဖြစ်သည်—ဟူလို။] ဧကစ္စသဿတဝါဒ စသည်တို့၌လည်း ဤနည်းအတိုင်း ဖဿအကြောင်း၏ အားကောင်းပုံကို ပြတော်မူသည်။

**အယူအားလုံး ပေါင်း၍ အကြောင်း ဆက်ပြပုံ** ဘိက္ခုတို့....ထိုသမဏ ဗြာဟ္မဏတို့တွင် သဿတ အယူရှိကြကုန်သော အကြင် သမဏ ဗြာဟ္မဏတို့သည် လေးပါးသော အကြောင်းပြတို့ဖြင့် အတ္တကိုရင်း၊ လောကကိုရင်း မြဲ၏ဟု ပြောဆို ပညတ်ကြကုန်၏။ ဧကစ္စသဿတ,ဧကစ္စအသဿတ အယူရှိကြကုန်သော အကြင် သမဏ ဗြာဟ္မဏ တို့သည်လည်း လေးပါးသော အကြောင်းပြတို့ဖြင့် အတ္တကိုရင်း၊ လောကကိုရင်း "အချို့မြဲ၏။အချို့မမြဲ" ဟု ပြောဆို ပညတ်ကြကုန်၏။ (ဤနည်းအတိုင်း အားလုံးသော အယူဝါဒတို့ကို တပေါင်းတည်းပြပြီးလျှင်) အားလုံးကုန်သော ထို သမဏ ဗြာဟ္မဏတို့သည် ၆-ပါးကုန်သော[၁] ဖဿာယတနတို့ဖြင့် ထိ၍ ထိ၍ ခံစားမှုဝေဒနာဖြစ်ကြကုန်၏။ ထိုသမဏ ဗြာဟ္မဏတို့မှာ ဝေဒနာကြောင့် တဏှာဖြစ်၏။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏။ ဥပါဒါန်ကြောင့် ဘဝဖြစ်၏။ ဘဝ

---

(၁) ဖဿ၏ တည်ရာဒွါရ ၆-ပါးကို (စက္ခာယတနစသည်ကို) ဖဿာယတနဟု ခေါ်၏။မျက်စိဖြင့် မြင်သည့်အခါ စက္ခုဖဿာယတနဖြင့် ဖဿသည် အာရုံကို ထိခိုက်၏။ ထိုသို့ထိခိုက်လိုက်မှ ဝေဒနာဖြင့် ထိုအာရုံကို ခံစားသည်။ သောတဖဿာယတနစသည်တို့၌လည်း နည်းတူ။

ကြောင့် ဇာတိဖြစ်၏။ ဇာတိကြောင့် ဇရာမရဏာနှင့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ရကုန်၏။ [၎င်းတို့၏ အဓိပ္ပါယ်ကို ပဋိစ္စသမုပ္ပါဒ်၌ သီးခြားရှုမှ နားလည်မည်။]

**တရားအားထုတ်သော ရဟန်း** ဘိက္ခုတို့....အကြင်အခါ၌ ကမ္မဋ္ဌာန်း အားထုတ်သော ရဟန်းသည် ခြောက်ပါးကုန်သော ဖဿာယတနတို့၏ ဖြစ်ကြောင်း, ဖြစ်ခြင်းကိုင်း၊ ချုပ်ကြောင်း, ချုပ်ခြင်းကိုင်း၊ သာယာအပ်သော အရသာကိုင်း၊ အပြစ်ကိုင်း၊ လွတ်မြောက်ခြင်းကိုင်း ဟုတ်တိုင်းမှန်စွာ သိ၏။ [အဓိပ္ပါယ်မှာ သဿတဝါဒအဆုံး၌ ဝေဒနာ ကမ္မဋ္ဌာန်း၏ အဓိပ္ပါယ်နှင့် တူပြီ။] ထိုအခါ ဤရဟန်းသည် ဤမိစ္ဆာဝါဒအားလုံးတို့ထက် သာလွန်သော သီလသမာဓိပညာကို (အရဟတ္တဖိုလ် တိုင်အောင်) သိနိုင်ပေသည်။

**ဤဒေသနာပိုက်မှ လွတ်သောမိစ္ဆာဝါဒီ မရှိ** ဘိက္ခုတို့....ပုဗ္ဗန္တကပ္ပိက, အပရန္တကပ္ပိက, ပုဗ္ဗန္တာပရန္တကပ္ပိက သမဏ ဗြာဟ္မဏ အားလုံးတို့ကို ဤ ၆၂-ပါးသော အကြောင်းပြတို့ဖြင့် မိစ္ဆာဝါဒ ပိုက်တွင်း၌ သွင်းထားအပ်ကုန်ပြီ။ သူတို့သည် ဤ ၆၂-ပါးသော မိစ္ဆာဝါဒ ပိုက်ကွန်အတွင်းမှာပင် (ငါးများ ငုပ်သကဲ့သို့) အပယ်လေးပါး ရောက်သောအားဖြင့်လည်း ငုပ်ကြကုန်၏။ (ငါးများပေါ်သကဲ့သို့) သမ္ပတ္တိဘဝသို့ တက်သောအားဖြင့်လည်း ပေါ်ကြကုန်၏။ ဘိက္ခုတို့.... ကျွမ်းကျင်နားလည်သော တံငါသည်၊ သို့မဟုတ် တံငါသည်ကြီး၏ တပည့်သည် သေးငယ်သော အပေါက်ရှိသောပိုက်ဖြင့် ရေနည်းသော ရေအိုင်ကို ပစ်ဖုံးလိုက်ရာ ထင်ရှားသော ရေသတ္တဝါ အားလုံး ပိုက်တွင်းမှာမိကြ၍ ငုပ်လျှင်လည်း ဤပိုက်တွင်းမှာ ငုပ်ကြရ, ပေါ်လျှင်လည်း ဤပိုက်တွင်းမှာ ပေါ်ကြရသကဲ့သို့ ထို့အတူ မိစ္ဆာဝါဒီ အားလုံးကို ဤ ၆၂-ပါးသော အကြောင်းပြတို့ဖြင့် ပစ်ဖုံးလိုက်ရာ အားလုံးပင် ပိုက်ကွန်တွင်း၌ မိကြသဖြင့် ငုပ်လျှင်လည်း ဤ ၆၂-ပါး အတွင်းမှာပင် ငုပ်ကြရ, ပေါ်လျှင်လည်း ဤ ၆၂-ပါး အတွင်းမှာပင်

ပေါ်ကြရပေသည်။ [ဤစကားဖြင့် ထိုထိုသုတ္တန်၌ လာသော မိစ္ဆာဝါဒ အားလုံးသည်လည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ— ၆၂-ပါး သော ဝါဒတွင် ပါဝင်ကြ၏-ဟု မိန့်တော်မူသည်။]

**ဒေသနာ ပိုက်တွင်း၌** ဘိက္ခုတို့....မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော် **ကိုယ်တော်မြတ် မပါဝင်ပုံ** သည် ထိုထိုဘဝသို့ ဆွဲဆောင် တတ်သော တဏှာကြိုး ပြတ်ပြီး ဖြစ်လျက် (တဏှာကြိုး မရှိတော့ဘဲ) တည်တန့်နေတော်မူ၏။ အကြင်မျှလောက် ကာလပတ်လုံး မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော် တည်ရှိနေသေး၏။ ထိုတည်ရှိနေသမျှ သာ (ပရိနိဗ္ဗာန် မစံခင်သာ) ထိုမြတ်စွာဘုရားကို လူနတ်ဗြဟ္မာ သတ္တဝါ တို့ တွေ့နိုင် မြင်နိုင်ကြမည်။ ခန္ဓာကိုယ်တော် ပျက်စီး၍ ဇီဝိတိန္ဒြေ (အသက်တော်) ကုန်ခန်းသည့်နောက်၌ကား ထိုမြတ်စွာဘုရားကို လူနတ် ဗြဟ္မာ သတ္တဝါတွေ တွေ့မြင်ကြရတော့မည် မဟုတ်။ ဘိက္ခုတို့....သရက် သီး အခိုင်၏ အညှာကို ဖြတ်လိုက်သည်ရှိသော် ထိုအညှာနှင့် စပ်သော သရက်သီးဟူသမျှ ပြတ်သောအညှာသို့ လိုက်ပါသွားကြသကဲ့သို့ ဘိက္ခုတို့- ဤအတူပင် မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်သည် တဏှာကြိုး ပြတ် တောက်လျက် (တဏှာတည်းဟူသော အညှာမရှိတော့ဘဲ) တည်တန့် နေ၏။ ခန္ဓာကိုယ်တော် တည်တန့် နေသေးသမျှသာ ထို မြတ်စွာဘုရားကို

---

*မြတ်စွာဘုရား၏ ခန္ဓာကိုယ်တော်သည် သရက်ပင်နှင့် တူ၏။ ကိုယ်တော် ၌ နဂိုရှိခဲ့သော တဏှာသည် သရက်ခိုင် အညှာနှင့် တူ၏။ တဏှာကို မဖြတ် လိုက်လျှင် ထိုတဏှာနှင့်စပ်၍ နောက်ထပ်ဖြစ်မည့် ခန္ဓာငါးပါးသည် သရက်သီး ငါးလုံးပွတ်နှင့်တူ၏။ ယခုသော် တဏှာအညှာကို ဖြတ်လိုက်ပြီးဖြစ်၍ နောက် ဘဝ၌ ခန္ဓာငါးပါး အသီးများ မသီးတော့ပြီ။ မြတ်စွာဘုရား၏ တည်နေဆဲ ခန္ဓာ ကိုယ် တော် သည် သက် တော် ရှစ် ဆယ် ပြည့်သည့်အခါ သရက်ပင်ကြီး ခြောက်သွေ့သကဲ့သို့ ပျက်စီးရတော့လတ္တံ့။ ထိုသို့ မပျက်စီးမီ အတွင်းသာ (သရက်ပင်ကို မြင်ရသကဲ့သို့) ဘုရားကို ဖူးမြင်ကြရမည်။ သရက်ပင်ခြောက် သွေ့၍ တဖြည်းဖြည်းလဲသွားသည့်အခါ ဤနေရာမှာ သရက်ပင်ပေါက်ဘူး၏-ဟု ပြောရုံသာ ပြောနိုင်၍ သရက်ပင်ကိုကား မမြင်ကြရတော့သကဲ့သို့ ဤကဲ့သို့သော ဘုရားရှင်သည် ပွင့်တော်မူဘူး၏-ဟု ပြောရုံသာ ပြောနိုင်တော့မည်။ ဘုရား ရှင်ကိုကား သံသရာထဲ၌ မဖူးမြင်နိုင်ကြတော့ချေ။

တွေ့ကြ မြင်ကြရမည်။ ခန္ဓာကိုယ်တော် ပျက်စီး၍ ဇီဝိတိန္ဒြေကုန်ဆုံးသည့်နောက်၌ကား ထိုမြတ်စွာဘုရားကို တွေ့ကြ မြင်ကြရတော့မည် မဟုတ်။ ဤသို့ ဟောတော်မူသည်။

**ဒေသနာတော်၏ နာမည်** ဤသို့ ဗုဒ္ဓမြတ်စွာ ဟောတော်မူပြီးသော် အရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာကို ဤစကားကို လျှောက်ပြီ။ (လျှောက်ပုံကား) အံ့သြဘွယ် ကောင်းပါပေစွ- မြတ်စွာဘုရား။ရှေးက မဖြစ်ဘူးသော အထူးအဆန်းပါဘဲ မြတ်စွာဘုရား။ ဤ တရားဒေသနာတော်၏ နာမည်ကား အဘယ်နာမည် ဖြစ်ပါသနည်းဘုရားဟု လျှောက်လေသည်။ အာနန္ဒာ....ဤဒေသနာတော်ဝယ် ဤဘဝစီးပွါး နောက်ဘဝစီးပွါး များကို ခွဲခြား ဝေဘန်ထားသောကြောင့် ဤဒေသနာကို "အတ္ထဇာလ=စီးပွါးများစွာကွန်ရက်ဇာရှိသောဒေသနာ" ဟုလည်း မှတ်ပေတော့။ များစွာသော ပါဠိဓမ္မတို့ကို ဟောထားတော်မူသောကြောင့် "ဓမ္မဇာလ=ပါဠိများစွာ ကွန်ရက်ဇာရှိသောဒေသနာ" ဟုလည်း မှတ်ပေတော့။ မြတ်သောသဗ္ဗညုတဉာဏ်ကို ဝေဘန်ထားသောကြောင့် "ဗြဟ္မဇာလ=သဗ္ဗညုတဉာဏ်မြတ် ပညာ ကွန်ရက်ဇာ ရှိသောဒေသနာ" ဟုလည်း မှတ်ပေတော့။ ၆၂-ပါး မိစ္ဆာဝါဒများကို ဝေဘန်ထားသောကြောင့် "ဒိဋ္ဌိဇာလ=အယူမိစ္ဆာ ပိုက်ကွန်ဇာရှိသောဒေသနာ" ဟုလည်း မှတ်ပေတော့။ ဤဒေသနာကို ကြားနာရသူသည် မာရ်ငါးပါးကို အောင်မြင်နိုင်လောက်သောကြောင့် "အနုတ္တရသင်္ဂါမဝိဇယ=အတုမရှိ စစ်ပွဲကို အောင်နိုင်ကြောင်း ဒေသနာ" ဟုလည်း မှတ်ပေတော့။ ဤသို့ နာမည်ငါးမျိုး ပေးတော်မူသည်။ ထို တရားနာ ရဟန်းတို့သည် လွန်စွာ ဝမ်းမြောက်ကုန်လျက် ဤတရားတော်ကို အားတက်သရော လက်ခံကြလေကုန်၏။ ဤ ဒေသနာတော်ကို ဟောတော်မူတုန်းမှာပင် ဒိဋ္ဌိတမျိုးတမျိုး ဟောတော်မူပြီး အဆုံး၌ မြေငလျင်လည်းလှုပ်လေသည်။

ဗြဟ္မဇာလသုတ်တော်
မြန်မာပြန်ပြီး၏။

# ၆၂-ပါးမိစ္ဆာအယူများ၏
## အချုပ်မှတ်ဘွယ်

| | |
|---|---|
| သဿတဒိဋ္ဌိ-၄.... | အတ္တသည် မြဲ၏ဟု ယူသည်။ |
| ဧကစ္စသဿတဒိဋ္ဌိ-၄.... | ဗြဟ္မာမင်း(ထာဝရဘုရား)ဟူသော တချို့ အတ္တသည် မြဲ၏။ လက်အောက်ခံ အတ္တတို့ကား မမြဲဟု ယူသည်။ |
| အန္တာနန္တဒိဋ္ဌိ-၄.... | အတ္တကို အဆုံး အပိုင်း အခြားရှိ-မရှိ နှင့် စပ်၍ အယူ အဆ လေးမျိုး ကွဲပြားသည်။ |
| အမရာဝိက္ခေပဒိဋ္ဌိ-၄.... | ပြဿနာ အမေးခံရလျှင် မပြီးမပြတ် နိုင်အောင် စကားဖြင့် ရှောင်လွှဲ ဖယ်ရှားသည်။ |
| အဓိစ္စသမုပ္ပန္နဒိဋ္ဌိ-၂ ... | အတ္တ ဖြစ်ဘို့ရန် အကြောင်းမရှိ။ ဖြစ်ချင်သလို-ဖြစ်လာ၏ဟုယူသည်။ ဤ၁၈-ပါးကားရှေ့ပိုင်းအကြောင်း အရာစုကို ကြံစည်သော "ပုဗ္ဗန္တကပ္ပဒိဋ္ဌိ" များတည်း။ |
| ဥဒ္ဓမာဃာတနသညီဒိဋ္ဌိ-၁၆.... | သေပြီးနောက်သညာရှိ၏ဟုယူသည်။ |
| ဥဒ္ဓမာဃာတနအသညီဒိဋ္ဌိ-၈.... | သေပြီးနောက် သညာမရှိဟုယူသည်။ |
| ဥဒ္ဓမာဃာတန နေဝသညီနာသညီဒိဋ္ဌိ-၈ -- | သေပြီးနောက်သညာရှိ-မရှိ ၂-မျိုးလုံး ယူသည်။ |
| ဥစ္ဆေဒဒိဋ္ဌိ-၇.... | သတ္တဝါ (အတ္တ)သည် သေလျှင် ပြီး၏။ ပြတ်၏ဟု ယူသည်။ |

ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ-၅....

အတ္တသည် လောကီနိဗ္ဗာန် လက်တွေ့ ခံစားရ၏-ဟု ယူသည်။ဤ ၄၄-ပါး ဒိဋ္ဌိများကား နောင်ရေး နောင်တာကို ကြံဆသော "အပရန္တကပ္ပဒိဋ္ဌိ" များတည်း။ ရှေးရေး နောက်ရေး ၂-မျိုးလုံးကို တွေးတော ကြံစည်သော "ပုဗ္ဗန္တာပရန္တကပ္ပဒိဋ္ဌိ" များလည်း ဤပြခဲ့သော ၆၂-ပါးတွင် ပါဝင်လေ၏။

## မိစ္ဆာအယူများ ဖြစ်ပေါ်ရာ လောကမှ လွတ်မြောက်သော ဗုဒ္ဓ၏ ဉာဏ်တော်

မိစ္ဆာဝါဒရှိသူတို့သည် ဆိုင်ရာ အကြောင်းအရာစုကို စဉ်းစားကြံစည်သည့်အခါ ထိုအကြောင်းအရာသည် စိတ်ထဲမှာ ထင်မြင်လာသောအားဖြင့် ဖဿဖြစ်၏။ ထိုထိတွေ့လာသော အာရုံကို တဏှာ အဖော်ပါသော ဝေဒနာဖြင့် ဟုတ်လှပြီ မှန်လှပြီဟု ဝမ်းမြောက်ဝမ်းသာ ခံစား၍ ထိုအယူကိုပင် စွဲစွဲမြဲမြဲယူဆသော ဉပါဒါန်ဖြစ်၏။ ဤနည်းအားဖြင့် သူတို့သဘောကျကို သူတပါးအားပြောပြကာ ထိုအယူဝါဒကို အများသိအောင် ပညတ်ကြလေ၏။ ဗုဒ္ဓရှင်တော်ကား ထိုအားလုံးသော အယူ၏ မှားယွင်းနေကြောင်းကို ဉာဏ်တော်ဖြင့် သိတော်မူ၍ တဏှာဖြင့် သာယာတော်မမူ။ တဏှာသည် ဉပါဒါန် (အစွဲအလမ်း) အဖြစ်ရောက်မှ နောက်ဘဝအသစ် ခန္ဓာဖြစ်အောင် ဆွဲဆောင်နိုင်၏။ ဗုဒ္ဓမြတ်စွာမှာ တဏှာတည်းဟူသော အညှာကို ဖြတ်တောက်တော် မူပြီး၍ ဉပါဒါန်နှင့် တကွ ခန္ဓာတော် အသစ် မဖြစ်တော့ရကား ဒိဋ္ဌိအမျိုးမျိုးတို့၏ ဖြစ်ပေါ်ရာ ဤကမ္ဘာလောကမှ လွတ်မြောက်တော်မူလေပြီ။

အိုလူအများတို့.... ဤကမ္ဘာလောကသံသရာဝယ် လူဖြစ်ချည်, နတ်ဖြစ်ချည်, တိရစ္ဆာန် ပြိတ္တာဖြစ်ချည်, ငရဲကောင်ဖြစ်ချည်နှင့် ကျင်လည်

ရခြင်း၏ အကြောင်းရင်းကား နှစ်သက်တွယ်တာမှု တဏှာပင် ဖြစ်တော့၏။ ယခုလက်ရှိ တွေ့မြင်ကြားသိနေရသော ဒုက္ခတွေသည်ပင် တဏှာ အရင်းခံလျက် ရှိ၏။ စဉ်းစားကြည့်ကြပါလေ။ လူ့ဘဝ၏ အောက်တန်း ဖြစ်သော တိရစ္ဆာန်ဘဝ၌ ခွေးသန္တာန် တဏှာကြောင့် မစင်ကိုလည်း စားနိုင်, အမဲရိုးအခြောက်ကိုလည်း ကိုက်နိုင်၏။ လင်းတတို့၏ တဏှာ ကြောင့် ခွေးသေပုပ်ကိုပင် မြိန်မြိန်ရှက်ရှက် မက်မောနိုင်၏။ ပိုးလောက် တို့ တဏှာကြောင့် မစင်တွင်းမှာ လွန်မင်းစွာ ပျော်နိုင်ကြ၏။ လူ့ဘဝ လူသားတို့၏ တဏှာကြောင့် မက်မောနေကြရသော လူ့ကာမဂုဏ် လူ့ အာရုံတွေကို အထက်နတ်တို့အမြင်နှင့် ကြည့်ရလျှင် ခွေးနှင့်မစင်လို ဖြစ်ပါပေလိမ့်မည်။ လူတို့၏ ကိုယ်နံ့သည် နတ်တို့မှာ တယူဇနာ လောက်က မသတီစရာ ဖြစ်ပါသတဲ့။

တဖန်—နတ်တို့တဏှာနှင့် နတ်ကာမဂုဏ်တွေကို အထက်ဗြဟ္မာတို့၏ အမြင်ဖြင့် ကြည့်ပြန်လျှင် ခွေးနှင့်မစင်အလား ထူးခြားလိမ့်မည် မထင် ပေ။ အထက်ဗြဟ္မာတို့ နေထိုင်ကြပုံမှာ— မေတ္တာပွါးသူက ပွါး, ကရုဏာ ပွါးသူက ပွါး, မုဒိတာပွါးသူက ပွါး, ဥပေက္ခာထားသူက ထားနှင့် ကိလေ သာ ကာမ တဏှာတို့ လွန်စွာသန့်ရှင်းကြလေသည်။ ကာမဂုဏ်ကြိုက်နေ သော လူသတ္တဝါများသည် ကာမဂုဏ် အပြစ်ကို မမြင်နိုင်သလောက် ဗြဟ္မာမင်းတို့ကလည်း ကာမဂုဏ်အပြစ်ကို မြင်ကြပေသည်။ ဗြဟ္မာမင်းတို့ နေပုံကား တရားပြည့်ဝနေသော ရဟန်းတော် အရှင်မြတ်ကြီး၏ နေပုံ နှင့် တူကောင်းတူပေလိမ့်မည်။

တဖန်—စဉ်းစားဘွယ် ရှိပြန်သည်ကား— ဗြဟ္မစိုရ် တရားလေးပါး ပြည့်ဝစွာဖြင့် ဗြဟ္မာ့ပြည်မှာ ကာမဂုဏ်ကင်းရှင်းစွာ နေရစေကာမူ ပုထုဇဉ်အနေမျှဖြင့် နေရသော ထိုဗြဟ္မာမင်းသည် တနေ့ကျလျှင် ထို ဘဝမှ စုတေ၍ လူ့ပြည် တိရစ္ဆာန် ပြိတ္တာပြည်သို့ ပြန်လည်ရဦးမည် ဖြစ် ရကား စင်စစ်အားကိုးလောက်သောဘဝ မဟုတ်သေးချေ။ ထို့ပြင်— မိစ္ဆာအယူကို စထွင်၍ ယူသူအများတွင် ဗြဟ္မာ့ပြည်တော်ပြန်တွေ အများ အပြားပါဝင်နေရကား သူတို့သည်ပင် ကမ္ဘာလောက၌ သံဆူးတွေဖြန့် ထား သကဲ့သို့ မိစ္ဆာဝါဒတွေကို အနှံ့အပြား ဖြန့်ထားခဲ့ကြ၏။ ထို

ကြောင့် ဗုဒ္ဓမြတ်စွာသည် (မစင်ဟူသမျှ ဝက်သား ကြက်သား မစင် ဖြစ်စေကာမူ မချီးမွမ်းနိုင်သကဲ့သို့) ဘဝ ဟူသမျှကိုလည်း ဗြဟ္မာ့ဘဝ ဖြစ်စေကာမူ ချီးမွမ်းတော်မမူဘဲ ဘဝအားလုံး ကုန်ဆုံးမှုကိုသာ ချီး မွမ်းတော်မူကာ ကိုယ်တော်မြတ်အတွက်မှာမူ အရင်းခံ တဏှာပြတ်ပြီး ဖြစ်၍ ဘဝအားလုံး ကုန်ဆုံးပြီး ဖြစ်ကြောင်းကို မိန့်တော်မူပါလေသည်။

ဘဝေဝါ'ဟံ ဘယံ ဒိသွာ၊ ဘဝဉ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပါဒိယိံ။

အဟံ၊ သင်လိုထပ်တူ နတ်လူဗြဟ္မာ သတ္တဝါတို့၏ ဆရာစင်စစ် ဖြစ် တော်မူသော ငါဘုရားသည်။ ဘဝေ၊ ဖြစ်လျှင်ပျက်မြဲ မလွဲတံထွာ သံသရာနှောင်တွင်း ထောင်အကျဉ်း၌။ ဘယံ၊ အိုနာသေရေး ဒုက္ခဘေးမှ စ၍ရန်စွယ် အန္တရာယ်ဟု ဘေးအစုကို။ ဒိသွာဧဝ၊ ကောင်းစွာပိုင်နင်း သိမြင်တော်မူခြင်းကြောင့်သာလျှင်။ ဘဝဉ္စ၊ ကာမရူပ အရူပဟု လော ကသုံးဘုံ အလုံးစုံကိုရင်း။ ဝိဘဝေသိနံ၊ ဘဝကင်းရာ ရှာကြံပါလည်း သုံးဖြာဘဝ ကျင်လည်ရသည့် များလှသောင်းသောင်း သတ္တဝါ အပေါင်းကိုရင်း။ ဒိသွာ၊ ဆုံးစကုန်စင် သိမြင်တော်မူသည် ဖြစ်၍။ ကိဉ္စိဘဝံ၊ လူ့ဘုံနတ်ဘုံ ဗြဟ္မာ့ဘုံဟု သုံးဘုံဌာန တခုသောဘဝကို။ နာဘိဝဒိံ၊ စုံစုံမက်မက် နှစ်သက်ခင်မင် လိုချင်တောင့်တတော်မမူပေ။ နန္ဒိဉ္စ၊ လူ့ဘုံနတ်ဘုံ ဗြဟ္မာ့ဘုံဝယ် စုံစုံမက်မက် နှစ်သက် တွယ်တာ ဘဝတဏှာကိုလည်း။ န ဥပါဒိယိံ၊ စွဲလမ်းလွတ်ကင်း အမြစ်ရင်းက အလျှင်းပြတ်စေ ဖြတ်တောက်တော်မူခဲ့ပေသတည်း။[မူလပဏ္ဏာသ၊ ဗြဟ္မ နိမန္တနသုတ်]

အချုပ်မှာ— ဘဝများစွာ၌ တွေ့ရသော ဒုက္ခဟူသမျှသည် တဏှာ တည်းဟူသော အညာသာ အရင်းခံဖြစ်ရကား တဏှာမဖြတ်နိုင်သမျှ ဒုက္ခမပြတ်နိုင်ရကား လက်ရှိတဏှာကိုသာ အကြွင်းမဲ့ ပြတ်အောင် ဖြတ် ဘို့ အရေးကြီးလှပေသည်။ ထိုတဏှာဖြတ်ကြောင်း တရားကောင်းများ လည်း သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပစသည်ဖြင့် မဂ္ဂင်ရှစ်ပါး အပြည့်အစုံ ညွှန်ပြ ထားတော်မူ၏။ ထိုမဂ္ဂင်ရှစ်ပါး၏ ရှင်းလင်းပြတ်သားစွာ မိမိစိတ်အစဉ် မှာ တည်ရှိလာခြင်းသည်ပင် သောတာပန် သကဒါဂါမ် အနာဂါမ်

ရဟန္တာဖြစ်ခြင်းမည်၏။ ထိုရဟန္တာအဖြစ်မျိုး ရောက်သည့်အခါ ထို တဏှာသည် လုံးဝ ပြတ်ပေါက်သွားပြီဖြစ်၍ ယခုအခါ အမျိုးမျိုး တွေးဆနေကြရသော နိဗ္ဗာန်ဆိုသော တရားထူးကို မိမိဉာဏ်ဖြင့်ပင် အထင်အရှား တွေ့မြင်ကြရပါလိမ့်မည်။

အို သူတော်ကောင်းတို့.... ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းသည် သမုဒယ သစ္စာခေါ် တဏှာလောဘ ဖြစ်သကဲ့သို့ ဒုက္ခအားလုံးကုန်ဆုံး အေးငြိမ်း ရာ နိရောဓ သစ္စာခေါ် နိဗ္ဗာနဓာတ် ထင်ပေါ်လာကြောင်းသည် မဂ္ဂ သစ္စာ သညာခေါ်တွင် မဂ္ဂင်ရှစ်ပါးပင် ဖြစ်ရကား ထိုမဂ္ဂင်ရှစ်ပါးကို မိမိစိတ်အစဉ်မှာ အနုအရင့် အဆင့်ဆင့် တိုးပွါးလာအောင် သတိတရား အမြဲထား၍ ကြိုးစားကြပါလော့။

အရှင်ဇနကာဘိဝံသ
၁၉-၁၀-၃၁၁

---

# အရှင်ဇနကာဘိဝံသ၏

ဒုလ္လဘကထာ
လူချမ်းသာ
ဓမ္မစကြာတရားတော်
ပဋ္ဌာန်းတရားတော်
မကြာမီ ထုတ်ဝေပါတော့မည်။

### မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ၏

(၁) ရတနာ့ဂုဏ်ရည်၊ (၂) အနာဂတ်သာသနာ၊ (၃) ကိုယ်ကျင့်အဘိဓမ္မာ၊ (၄) ဗုဒ္ဓဘာသာ သင်ခန်းစာ၊ (၅)ဒုလ္လဘကထာ၊ (၆)လူ့ချမ်းသာ၊ (၇)တဘ၀ သံသရာ၊ (၈) ဓမ္မစကြာ တရားတော်၊ (၉) ပဋ္ဌာန်းတရားတော်၊ (၁၀) နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ၊ (၁၁) ဘာသာသွေး၊ (၁၂)ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် ဗြဟ္မစာလသုတ်၊ သာမညဖလသုတ် မြန်မာပြန်။

ဤကျမ်းစာများကို စနစ်တကျ အချိန်ယူ၍ ဖတ်ရှုလေ့လာ ကျင့်သုံးပါ။ ဗုဒ္ဓ သာသနာတော်၏ အနှစ်သာရနှင့် ဖတ်ရှု လေ့လာ ကျင့်သုံးသူအတွက် ကိုယ်တွေ့ချမ်းသာရေးကို ကျမ်းစာများက တာဝန်ယူပါလိမ့်မည်။

ဆရာတော် အရှင်ဇနကာဘိဝံသ

၏

# သာမညဖလသုတ်တော်

## မြန်မာပြန်

ဤသာမညဖလသုတ်တော်သည် ပူရဏကဿပ အစရှိသည့် တိတ္ထိဆရာကြီး ၆-ယောက်တို့၏ အယူဝါဒများကို တခုစီ ဖြေရှင်းပြသလျက် ဗုဒ္ဓမြတ်စွာ၏ အယူဝါဒကို အဆင့်ဆင့် ထုတ်ပြကာ ဖြေရှင်းထားပါသည်။

အမတဂဝေသီ ယောဂီပုဂ္ဂိုလ်များကိုလည်း လမ်းမှန် ရောက်အောင် အားထုတ်ကျင့်သုံးတတ်ဖို့ စနစ်တကျ သွန်သင်ညွှန်ပြလျက် အမတဌာနီ နိဗ္ဗာန်ရွှေပြည်ရောက်အောင်ပို့ဆောင် ညွှန်ကြားထား ပါသည်။

အယူဝါဒ အသီးသီးရှိကြသော အာဏာရှိ ပုဂ္ဂိုလ်များအလယ်၌ အာဏာရှင် ဘုရင်တပါး၏ ရဟန်း သံဃာတော်တို့ အပေါ်၌ ခေတ်အလျောက် အထင်အမြင် မှားနေသည်ကို ဖြေရှင်း ဟော ကြားထားသဖြင့် ဗုဒ္ဓ၏ အယူဝါဒကို သိလိုကြသူ ခေတ်လူငယ်များလည်း ကြည့်ရှုလေ့လာသင့်၍ ဗုဒ္ဓ၏ ဂုဏ်တော် အနန္တတို့ကို သိလိုကြသည့် ဗုဒ္ဓါနုဿတိဘာဝနာ ပွါးများကြသူများလည်း ဖတ်ရှု သင့်လှပါသည်။

သို့ဖြစ်၍ ဗုဒ္ဓါနုဿတိဘာဝနာနှင့် တွဲဖက်ကာ ရိုက်နှိပ်ထား ပါသည်။ သဘောပေါက်အောင် အေးအေးချမ်းချမ်း ဖတ်ရှု လေ့လာကြပါ။

# သာမညဖလသုတ်တော်

## မြန်မာပြန်နိဒါန်း

သာမညဖလသုတ်ကို အဇာတသတ်မင်း မေးလျှောက်ခြင်းကြောင့် ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်မြို့ သမားတော် ဇီဝက၏ သရက်ဥယျာဉ်ကျောင်းတိုက်ဝယ် သီတင်းသုံးတော်မူစဉ် ဟောတော်မူသည်။ ''သာမညဖလ''ဟူသည် ရသေ့ ရဟန်း ပြုလုပ်ခြင်း၏ အကျိုး ကျေးဇူးတည်း။ [သာမည=သမဏအဖြစ်၏(ရသေ့ရဟန်းပြုလုပ်ခြင်း၏)+ဖလ=အကျိုး။]

အဇာတသတ် မင်းသည် ဘုရားကျောင်းဒကာ ခမည်းတော်ဗိမ္ဗိသာရမင်းကို လုပ်ကြံ(သတ်ဖြတ်)စေသော အပြစ်ကြောင့် ဘုရားအထံတော်သို့ မချဉ်းကပ်ဝံ့ရကား ဤသာမညဖလကို တိတ္ထိဆရာကြီးများထံ မေးမြန်းဘူးခဲ့လေပြီ။ သို့သော် ကျေနပ်ဘွယ်အဖြေကို မရခဲ့သဖြင့် ထိုပြဿနာကို ဗုဒ္ဓရှင်တော်မြတ်အား မေးလျှောက်လိုသောဆန္ဒပြင်းပြလျက်ရှိလေသည်။

ပူရဏကဿပ စသော တိတ္ထိဆရာကြီး ၆-ယောက်အဖြေမှာ (မေးလိုရင်းဖြစ်သော သာမညဖလ ပြဿနာနှင့် မဆိုင်ဘဲ) သူတို့ ဟောနေကျတရားသာ ဖြစ်၏။ ထိုတရားများသည် ဤသာမညဖလသုတ် ပါဠိတော်အစဉ်မှာ ပါဝင်လျက် ရှိသော်လည်း ဖတ်ရှုသူတို့တွင် ထိုတရား၌ စိတ်ဝင်စားကြသူ အနည်းငယ်သာ ရှိမည် ဖြစ်၍ များစွာသော စာဖတ်သူတို့မှာ ထို တိတ္ထိတို့ တရားအတွက် တသုတ်လုံးအပေါ်၌ ငြီးငွေ့သွားမည်စိုးသောကြောင့် တိတ္ထိတို့တရားကို ဤ နိဒါန်းမှာပင် ထုတ်နှုတ် ဖော်ပြပါမည်။

### ၁။ ပူရဏကဿပ၏ အကြိယဝါဒ

ကရောတော ကာရယတော = (ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး အလုပ်ကို) ကိုယ်တိုင် လုပ်သည်ဖြစ်စေ၊ သူတပါးကို အလုပ်ခိုင်းသည်ဖြစ်စေ ပြုလုပ်ရာမရောက် (ပြုလုပ်သည် မမည်။ ပြုလုပ်သည်ဟု မဆိုနိုင်)။

ဆိန္ဒတော ဆေဒါပယတော=သူတပါးတို့၏ လက်ခြေ စသော ကိုယ်အင်္ဂါတို့ကို ကိုယ်တိုင်ဖြတ်သည် ဖြစ်စေ၊ သူတပါးကို အဖြတ်ခိုင်းသည် ဖြစ်စေ ဖြတ်ရာမရောက် (ဖြတ်သည် မမည်။ ဖြတ်သည်ဟု မဆိုနိုင်)။

ပစတော ပစာပယတော=ဥစ္စာဒဏ် ကြိမ်ဒဏ် စသည်ဖြင့် သူတပါးကို ပူပန်အောင် ကိုယ်တိုင် အပူတိုက်လျက် နှိပ်စက်သည်ဖြစ်စေ၊ သူတပါးကို အပူတိုက်စေလျက် အနှိပ်စက်ခိုင်းသည် ဖြစ်စေ နှိပ်စက်ရာ မရောက်။

သောစယတော သောစာပယတော= သူတပါး၏ ဥစ္စာ ဘဏ္ဍာကို ဆောင်ယူခြင်း(ခိုးယူခြင်း) စသည်ဖြင့် သူတပါး ဝမ်းနည်းအောင် ကိုယ်တိုင်ပြုသည်ဖြစ်စေ၊ အပြုခိုင်းသည်ဖြစ်စေ ဝမ်းနည်းအောင် ပြုရာမရောက်။

ကိလမယတော ကိလမာပယတော = အစာမစားဘဲနေခြင်း ထောင်တွင်းသို့ ဝင်ခြင်း စသည်တို့ဖြင့် မိမိဘာသာ ပင်ပန်းခံသည် ဖြစ်စေ၊ မိမိစကား နားထောင်သူတို့ကို ပင်ပန်း အခံခိုင်းသည် ဖြစ်စေ ပင်ပန်းခံရာ ခံစေရာမရောက်။

ဖန္ဒတော ဖန္ဒာပယတော=မိမိက နှိပ်စက်ထားသဖြင့် သူတပါတို့ တုန်လှုပ်ချောက်ချားနေလျှင် မိမိကိုယ်တိုင်လည်း တုန်လှုပ်ချောက်ချားသည်ဖြစ်စေ၊ သူတပါးကိုလည်း တုန်လှုပ် ချောက်ချားအောင် နှိပ်စက်သည်ဖြစ်စေ တုန်လှုပ် ချောက်ချားရာ မရောက်။ တုန်လှုပ် ချောက်ချားအောင်လည်းနှိပ်စက်ရာမရောက်။ [သူတပါးကို တုန်လှုပ် ချောက်ချားအောင် နှိပ်စက်မှု ဟူသော အလုပ် (ဖန္ဒာပယ)က အလျင်ကျ၍ သူတပါးတို့ တုန်လှုပ် ချောက်ချားနေတာကို မြင်ရသဖြင့် မိမိပါ တုန်လှုပ် ချောက်ချားမှုဟူသော အမှု (ဖန္ဒ) က နောက်ကျသော်လည်း ပါဠိ အစဉ်လှအောင် "ဖန္ဒတော"ကို အလျင်"ဖန္ဒာပယတော"ကို နောက်ထားသည်။]

ပါဏမတိပါတယတော= သတ္တဝါကို ကိုယ်တိုင်ဖြစ်စေ၊ ခိုင်း၍ဖြစ်စေ သတ်သော်လည်း သတ်ရာမရောက်။

အဒိန္နံ အာဒိယတော=သူ့ဥစ္စာကို (ကျေနပ်စွာ မပေးဘဲ) ကိုယ်တိုင်ယူသည်ဖြစ်စေ၊ သူတပါးကို အယူခိုင်းသည်ဖြစ်စေ ယူရာမရောက်။

သန္ဓိံ ဆိန္ဒတော = အိမ်၏နံရံ အဆက် အစပ်ကို ဖောက်ဖြတ်၍ ကိုယ်တိုင်ခိုးသည်ဖြစ်စေ၊ သူတပါးကို အခိုးခိုင်းသည်ဖြစ်စေ ခိုးရာမရောက်။

နိလ္လောပံ ဟရတော = ရှိသမျှ ပါသမျှ မကျန်ရအောင် လု၍ ကိုယ်တိုင်ဆောင်ယူသည်ဖြစ်စေ၊ သူတပါးကို ဆောင်ယူခိုင်းသည် ဖြစ်စေ ဆောင်ယူရာ မရောက်။

ဧကာဂါရိကံ ကရောတော =တအိမ်တည်းကိုသာ ဝိုင်း၍ လုယက်မှုကို ကိုယ်တိုင် ပြုသည်ဖြစ်စေ၊ သူတပါးကို အပြုခိုင်းသည်ဖြစ်စေ ပြုရာမရောက်။

ပရိပန္ထေ တိဋ္ဌတော= လာလာလမျှ လူအပေါင်းကို လုယူဘို့ရာ လမ်းခရီး၌ စောင့်ဆိုင်း၍ ကိုယ်တိုင် တည်နေသည်ဖြစ်စေ၊ သူတပါးကို ခိုင်းသည်ဖြစ်စေ တည်နေရာမရောက်။

ပရဒါရံ ဂစ္ဆတော= သူ့ မယားကို သွားလာ လွန်ကျူးသော်လည်း လွန်ကျူးရာမရောက်။

မုသာ ဘဏတော= မုသား ပြောဆိုသော်လည်း ပြောဆိုရာမရောက်။

ကရောတော န ကရီယတိ ပါပံ= ပြုခဲ့သော မကောင်းမှု ဟူသမျှကို ကိုယ်တိုင်ပြုပြု၊ သူတပါးကို ခိုင်းခိုင်း ပြုရာမရောက်။ ပြုသည်မမည်။ ပြုသည်ဟု မဆိုနိုင်။

ခုရပရိယန္တေန စေပိ စက္ကေန ယော ဣမိဿာ မဟာပထဝိယာ ပါဏေ ဧကံ မံသခလံ ဧကံ မံသပုဉ္ဇံ ကရေယျ၊ နတ္ထိ တတောနိဒါနံ ပါပံ။ နတ္ထိ ပါပဿ အာဂမော = (လက်နက်တခုကို စက်ဘီး= လှည်းဘီး ပုံသဏ္ဍာန်လုပ်၍ သင်ဓုန်းသွားလို အနားကွပ် တပ်ထားပြီးလျှင်) ထိုစက်လက်နက်ဖြင့် တမြေပြင်လုံး ရှိသမျှ သတ္တဝါတို့ကို တခုတည်းသော အသားစု အသားပုံဖြစ်အောင် ကြိတ်ချေ သတ်ဖြတ်ပစ်စေကာမူ ထိုသို့ပြုသည့်အတွက် မကောင်းမှုမရှိ။ မကောင်းမှု မလာနိုင်။

ဒက္ခိဏံ စေပိ ဂင်္ဂါယ တီရံ ဂစ္ဆေယျ ဟနန္တော ဃာတေန္တော ဆိန္ဒန္တော ဆေဒါပေန္တော ပစန္တော ပစာပေန္တော၊ နတ္ထိ တတောနိဒါနံ ပါပံ။ နတ္ထိ ပါပဿ အာဂမော=ကိုယ်တိုင်လည်းသတ်၊ သူတပါးကိုလည်း အသတ်ခိုင်း၊ ကိုယ်တိုင်လည်းဖြတ်၊ သူတပါးကိုလည်း အဖြတ်ခိုင်း၊ ကိုယ်တိုင်လည်း ဆူပူအောင်လုပ်၊ သူတပါးကိုလည်း ဆူပူအောင် အလုပ်ခိုင်းလျက် ဂင်္ဂါမြစ် တောင်ဘက် ကမ်းသို့ သွားစေကာမူ ထို သတ်ဖြတ်မှု၊ ဆူပူအောင် လုပ်မှု အတွက် မကောင်းမှုမရှိ။ မကောင်းမှုမလာနိုင်။ [ဂင်္ဂါတောင်ဘက်ကမ်း၌ နေသူတို့က ကြမ်းတမ်းလှသဖြင့် မကောင်းမှု ကိစ္စအတွက် ဂင်္ဂါ တောင်ဘက် ဒေသကို ပြသည်။]

ဥတ္တရံ စေပိ ဂင်္ဂါယ တီရံ ဂစ္ဆေယျ ဒဒန္တော ဒါပေန္တော ယဇန္တော ယဇာပေန္တော၊ နတ္ထိ တတောနိဒါနံ ပုညံ။ နတ္ထိပုညဿ အာဂမော=ကိုယ်တိုင် စွန့်ကြဲ ပေးကမ်းလှူဒါန်း၊ သူတပါးကိုလည်းအလှူခိုင်း၊ ကိုယ်တိုင်ယဇ်ပူဇော်၊ သူတပါးကိုလည်း ယဇ်ပူဇော်ခိုင်းကာ ဂင်္ဂါမြောက်ဘက်ကမ်းသို့ သွားစေကာမူ ထိုလှူဒါန်း ပူဇော်မှု အတွက် ကောင်းမှုမရှိ။ ကောင်းမှု မလာနိုင်။ [ဂင်္ဂါမြောက်ဘက် ကမ်း၌နေသော လူများသည် သဒ္ဓါတရားရှိ၍ ရတနာ ၃-ပါးကို ကြည်ညိုကြသောကြောင့် ကောင်းမှုအတွက် ဂင်္ဂါမြောက်ဘက် ဒေသကို ညွှန်ပြသည်။]

ဒါနေန ဒမေန သံယမေန သစ္စဝဇ္ဇေန နတ္ထိ ပုညံ။ နတ္ထိ ပုညဿ အာဂမော= ပေးကမ်းခြင်းဟူသောဒါန၊ စက္ခုစသော ဣန္ဒြေတို့ကို(အကုသိုလ် မဖြစ်အောင်) ဆုံးမခြင်း ဥပုသ်စောင့်ခြင်း ဟူသော ဒမ၊ ကိုယ် နှုတ်တို့ကို စောင့်စည်းသော ၅-ပါးသီလ၊ ဒုစရိုက်၁၀-ပါးကို စောင့်စည်းခြင်း စသော သံယမ၊ သစ္စာစကား -ဤ ၄-ပါး ကြောင့် ကောင်းမှုမရှိ။ ကောင်းမှု မလာနိုင်။ ဤကား ပူရဏ ကဿပ (တိတ္ထိဆရာကြီး)၏ အကြိယဝါဒ တရားတည်း။

**မှတ်ချက်။** ။ အကြိယ=ကောင်းမှု လုပ်လုပ်၊ မကောင်းမှု လုပ်လုပ် ပြုလုပ်ရာမရောက်။ ပြုလုပ်သည်မမည်ဟု+ဝါဒ=ပြောဆိုကြောင်း

အယူ။ ဤဆရာကြီးကား သတ်မှုစသောမကောင်းမှု, ပေးမှုစသော ကောင်းမှုတို့သည် ခန္ဓာကိုယ်ပေါ်မှာသာ ရောက်နိုင်ထိနိုင်၏။ အတွင်းကအတ္တကို မထိရောက်နိုင်။ ခန္ဓာကိုယ်ကြီးကား ထင်းတုံးကြီးကဲ့သို့ အလကား အကောင် အထည်ကြီးတည်း။ ထို့ကြောင့် အတွင်းအတ္တ၌ မထိရောက်နိုင်သော အပြင် အလုပ်ဟူသမျှသည် ဘာဘဲလုပ်လုပ် ပြုလုပ်ရာမရောက်။ ပြုတုန်းမှာ ပြုလုပ်တယ်ဟု ဆိုရသော်လည်း ပြုပြီးလျှင် ပြီးရော။ ကောင်းမှု, မကောင်းမှု မကျန်ရစ်-ဟု ယူဆလေသည်။ [ကိုယ်တွင်း၌ အတ္တ မရှိကြောင်းကိုကား ဗြဟ္မဇာလသုတ် မြန်မာပြန်နိဒါန်းမှာ ပြန်၍ ကြည့်ပါကုန်။]

## ၂။ မက္ခလိဂေါသာလ၏

## အဟေတုကဝါဒ

နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ၊ အဟေတူ အပ္ပစ္စယာ သတ္တာ သံကိလိဿန္တိ= သတ္တဝါတို့ ညစ်ပေဘို့ရာအကြောင်း မရှိ။ အထောက်အခံမရှိ။ သတ္တဝါတို့သည် အကြောင်း အထောက်အခံ မရှိကုန်ဘဲ ညစ်ပေကြရသည်။ [ဗုဒ္ဓ၏ အယူဝါဒ၌ သတ္တဝါတို့ ညစ်ပေဘို့ရာ ဒုစရိုက် ၁၀-ပါး အကုသိုလ်တရားများ ရှိ၏။ မက္ခလိဆရာကြီးကား "သတ္တဝါတို့ညစ်ပေရ (လူဆိုးလူမိုက် လူယုတ်မာ ဖြစ်ရ) သည်မှာ ထို ဒုစရိုက်များကြောင့် မဟုတ်။ သူ့ဘာသာသူ ညစ်ပေရမည့်သူမို့သာ ညစ်ပေရ မိုက်ရ ယုတ်မာရသည်" ဟု အယူရှိသည်။]

နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ ဝိသုဒ္ဓိယာ၊ အဟေတူ အပ္ပစ္စယာ သတ္တာ ဝိသုဇ္ဈန္တိ = သတ္တဝါတို့ စင်ကြယ်ဘို့ရာ အကြောင်းမရှိ။ အထောက်အခံမရှိ။ သတ္တဝါတို့သည် အကြောင်း အထောက်အခံ

မရှိကုန်ဘဲ စင်ကြယ်ကြရသည်။ [ဗုဒ္ဓ၏ အယူ ဝါဒ၌ သတ္တဝါတို့ စင်ကြယ်သန့်ရှင်း အပြစ်ကင်းဘို့ရာ သုစရိုက် ၁၀-ပါး ပုညကြိယ ဝတ္ထု ၁၀-ပါးစသော အကြောင်းအထောက်အခံ တရားများ ရှိ၏။ မာက္ခလိ ဆရာကြီးကား "သတ္တဝါတို့ စင်ကြယ်သန့်ရှင်း အပြစ်ကင်းကွာ လူလိမ်မာ လူကောင်း ဖြစ်ရခြင်းမှာ ထိုသုစရိုက်, ပုညကြိယ ဝတ္ထုများကြောင့် မဟုတ်။ သူ့ဘာသာသူ စင် ကြယ်ရ, လူကောင်းဖြစ်ရသည်"ဟု အယူရှိလေသည်။]

နတ္ထိ အတ္တကာရေ = မိမိကိုယ်တိုင် ပြုနိုင်သောကံ (အလုပ်) မရှိ။ [လူဖြစ် ကြောင်း နတ်ဖြစ်ကြောင်း ဗြဟ္မာဖြစ်ကြောင်း စသော ကံကို မိမိလုပ်လို့မဖြစ်။ သူဖြစ်ချင်သလို ဖြစ်မှာဘဲ-ဟု ဆိုလိုသည်။]

နတ္ထိ ပရကာရေ = (မိမိအတွက်) သူတပါးပြုပေးနိုင်သော ကံ (အလုပ်) လည်း မရှိ။ [သူတပါး၏ ဆုံးမဩဝါဒကိုမှီ၍ လူ နတ် ဗြဟ္မာ စသည် ဖြစ်ရသည် မဟုတ်။ သူဖြစ်ချင်သလို ဖြစ်တာဘဲ-ဟု ဆိုလို သည်။]

နတ္ထိ ပုရိသကာရေ = ယောကျ်ားတို့ ပြုစွမ်းနိုင်သော ကံ (အလုပ်) မရှိ။ [ယောကျ်ားအစွမ်းဖြင့် ဘယ်လိုပင် ပြုသော်လည်း သူ ဖြစ်ချင် သလို ဖြစ်မှာဘဲ-ဟူလို။]

နတ္ထိ ဗလံ၊ နတ္ထိ ဝီရိယံ၊ နတ္ထိ ပုရိသတ္ထာမော၊ နတ္ထိ ပုရိသပရက္ကမော = (သတ္တဝါတို့ ကောင်းကျိုး အမျိုးမျိုး ရဘို့ရာ) အားစွမ်းမရှိ။ ရဲစွမ်းသတ္တိ လုံ့လဝီရိယ မရှိ။ ယောကျ်ားစွမ်း မရှိ။ ယောကျ်ား လုံ့လ မရှိ။ [အားစွမ်း, သတ္တိစွမ်း, ယောကျ်ားတို့၏ လုံ့လစွမ်း ကြောင့် ကောင်းကျိုးခံစားရသည်-ဟု ပြောဆို ထင်မှတ်နေကြ သော်လည်း ထိုထင်တိုင်း မဟုတ်။ သူ့ဘာသာသူ ကောင်းကျိုး ရစရာရှိလို့ရကြတာ ဖြစ်တယ်-ဟု ဆိုလိုသည်။]

သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ဇီဝါ အဝသာ အဗလာ အဝီရိယာ = ကုလားအုတ် နွား မြည်းစသော သတ္တဝါဟူသမျှ, ဧကန္ဒြေတပါး နှစ်ပါး စသည်ရှိသော ပါဏဟူသမျှ, ဥဒ္ဒ တွင်း

သားအိမ်တွင်း၌ ဖြစ်ကြရသော ငှက် လူ စသော ဘူတဟူသမျှ, သလေးစပါး မုယောစပါးစသော ဇီဝဟူသမျှတို့သည် အစွမ်းလည်း မရှိကြ။ အားလည်းမရှိကြ။ လုံ့လဝီရိယလည်း မရှိကြချေ။ [တဖြည်းဖြည်း ကြီးပွါးနိုင်သော သစ်ပင် သစ်သီးများကိုလည်း အသက်ရှိသော "ဇီဝ"ဟု ယူ၍ ထိုအားလုံးပင် ညစ်နွမ်းဘို့ရန် ဖြစ်စေ၊ စင်ကြယ်ဘို့ရန်ဖြစ်စေ အစွမ်းသတ္တိ လုံ့လဝီရိယ မရှိကြကုန်-ဟု ဆိုလိုသည်။]

နိယတိ သံဂတိ ဘာဝပရိဏာတာ = မြဲခြင်း, ပေါင်းဆုံခြင်း, မူရင်းသဘောအတိုင်းအားဖြင့် ထူးခြားကွဲလွဲခြင်းသို့ ရောက်ကြရကုန်၏။ [အမြဲဖြစ်ရသော (နိယာမ) ဓမ္မတာကို နိယတိ (မြဲခြင်း) ဟု ဆို၏။ ထိုထိုဘဝ၌ ပေါင်းဆုံမိကြခြင်းကို သံဂတိ (ပေါင်းဆုံခြင်း)ဟု ဆို၏။ ပင်ကိုယ် မူရင်းသဘောကို "ဘာဝ"ဟု ခေါ်၏။ တယောက်နှင့်တယောက် တခုနှင့် တခု မတူကွဲလွဲခြင်းကို "ပရိဏာတ"ဟု ဆို၏။

ထို့ကြောင့် လူနှင့် တိရစ္ဆာန်စသည်တို့ ကွဲလွဲနေရာ၌ရင်း၊ လူအချင်းချင်း တိရစ္ဆာန် အချင်းချင်း စသည် ကွဲလွဲနေရာ၌ရင်း အကြောင်းတစုံတရာကို ရှာနေဘွယ်မလို။ (ကံချင်းမတူ၍ ကွဲလွဲသည်ဟု ဆိုဘွယ်မလို။) နိယတပရိဏာတ = အမြဲဖြစ်ရမည့် နိယာမ တရားအတိုင်းအားဖြင့် ကွဲလွဲကြခြင်း ဖြစ်သည်။ ဤအချိန် ဤအခါမှာ ဤကဲ့သို့ လူဖြစ်ကြရမည်ဟု အမြဲ သတ်မှတ်ပြီးသား ဖြစ်သောကြောင့် ဤကဲ့သို့ လူဖြစ်ရသည် ဟူလို။ ထိုသို့ လူဖြစ်ရာမှာလည်း သံဂတိပရိဏာတ = အောက်တန်းစား လူမျိုး၌ ပေါင်းမိလျှင် အောက်တန်းစားလူပင် ဖြစ်ရမည်။ ထိုသို့ ပေါင်းဆုံရာ၌လည်း ဘာဝပရိဏာတ = ပင်ကိုယ်မူရင်းသဘောက သည်လို ဖြစ်ရမည်ဟု ပါလာလျှင် ထိုအတိုင်းပင် ဖြစ်ရ၏။ ဘာတခုမျှ ပြုပြင်နိုင်သော သတ္တိမရှိကြဟု ဆိုလိုသည်။

ဆသွေဝါဘိဇာတီသု သုခဒုက္ခံ ပဋိသံဝေဒေန္တိ = ထိုသို့ အမျိုးမျိုး အဖုံဖုံ ကွဲလွဲခြင်းသို့ ရောက်ကြရကုန်သည်ဖြစ်၍ ၆-ပါးသော အမျိုး

ဇာတ်တို့၌ တည်လျက် ချမ်းသာဆင်းရဲကို ခံစားကြရလေသည်။ [အမျိုးဇာတ် ၆-ပါးကား နောက်၌လာလတ္တံ့။]

စုဒ္ဒသ ခေါ ပနိမာနိယောနိပမုခသတသဟဿာနိ, သဋ္ဌိစ သတာနိ,ဆ သတာနိ=(ဤလောက၌) ပဓာနဖြစ်သော သတ္တဝါမျိုး (ယောနိ) တို့သည် တဆယ့်လေးသိန်း ခြောက်ထောင် ခြောက်ရာရှိကုန်၏။ [လူတို့တွင် မင်မျိုး, ပြာဟ္မဏမျိုးတို့ကိုဎင်း၊ တိရစ္ဆာန်တို့တွင် ခြင်္သေ့, ကျား စသည်တို့ကိုဎင်း ပဓာန သတ္တဝါဟု ဆိုလိုသည်။]

ပဉ္စ စ ကမ္မုနော သတာနိ၊ ပဉ္စ စ ကမ္မာနိ၊ တီဏိ စ ကမ္မာနိ= (လောက၌) သာမန်ကံ အမျိုးအစား ငါးရာရှိ၏။ စက္ခုန္ဒြေစသော ဣန္ဒြေ ၅-ပါး ကံတရားနှင့် ကာယ ဝစီမနော ၃-ပါးသော ကံများလည်း ရှိ၏။

ကမ္မေ စ အဍ္ဎကမ္မေ စ= ကံအပြည့်အစုံလည်း ရှိ၏။ ကံတဝက်လည်း ရှိ၏။ [စိတ်ရှေ့ကိုယ်ပါ ပြုရသော ကာယကံ, စိတ်ရှေ့နှုတ်ပါ ပြုရသော ဝစီကံများကို "ကမ္မ (ပြည့်စုံသောကံ)" ဟု ဎင်း၊ စိတ်ချည်းသက်သက် ဖြစ်ရသော မနောကံကို "အဍ္ဎကမ္မ (ကံ တဝက်)" ဟုဎင်း ဆိုလိုသည်။]

ဒွဋ္ဌိပဋိပဒါ၊ ဒွဋ္ဌန္တရကပ္ပါ = (ကောင်းကျိုး မကောင်းကျိုး ရဘိုရာ) အကျင့်ပေါင်း ခြောက်ဆယ့်နှစ်ပါး ရှိ၏။ အန္တရ ကပ်ပေါင်း ခြောက်ဆယ့်နှစ်ကပ် ရှိ၏။ [ကမ္ဘာကြီးတခုလျှင် ပျက်သောကပ်၊ ပျက်ပြီးအတိုင်း တည်နေသော ကပ်၊ ဖြစ်သော ကပ်၊ ဖြစ်ပြီး အတိုင်း တည်နေသောကပ်ဟု မဟာကပ် ၄-ပါး ရှိ၏။ ဖြစ်ပြီး၍ တည်သော ကပ်၌ အသင်္ချေယျ အသက်တမ်းမှ ဆုတ်၍ ၁၀-နှစ် တမ်းရောက်, ၁၀-နှစ်တမ်းမှ တက်၍ အသင်္ချေယျ အသက်တမ်း ရောက်- ဤ ဆုတ်ကပ်တက်ကပ် တစုံကို "အန္တရကပ် = မဟာ ကပ်၏ အကြား၌ဖြစ်သော ကပ်ကလေး" ဟု ခေါ်၏။ ထိုအန္တရ ကပ်ပေါင်း ၆၂-ကပ်ရှိသည်-ဟု ဆိုလိုသည်။ ဗုဒ္ဓဘာသာ ကျမ်း စာများ၌ကား အန္တရကပ် ၆၄-ကပ် ရှိ၏--ဟု ဆို၏။ ဤနေရာ၌ အချိန်ကာလကို ကပ္ပ(ကပ်)ဟု ခေါ်သည်။]

ဆဠာဘိဇာတိယော = အမျိုးဇာတ် ၆-ပါး ရှိ၏။ [ကဏှ နီလ လောဟိတ ဟလိဒ္ဒ သုက္က ပရမသုက္ကတည်း။ တံငါ မုဆိုး သူခိုး စသော ကြမ်းတမ်းသော အလုပ်ရှိသူ လူမျိုးကို "ကဏှာဘိဇာတိ = မည်းနက်သော အမျိုးဇာတ်"ဟုရင်း၊ ဗုဒ္ဓ၏ တပည့် ရဟန်းမျိုးကို "နီလာဘိဇာတိ = ညိုသော အမျိုးဇာတ်" ဟုရင်း၊ အဝတ်တထည်ကိုသာဝတ်၍ ကိုယ်၏ ရှေ့ပိုင်းကို ဖုံးထားသော နိဂဏ္ဌမျိုးကို "လောဟိတာဘိဇာတိ = နီသော အမျိုးဇာတ်"ဟုရင်း၊ ဖြူစင်သော အဝတ်ကို ဝတ်သော (အာဇီဝကတို့၏) ဒကာ ဒကာမမျိုးကို "ဟလိဒ္ဒါဘိဇာတိ = ဝါသော အမျိုးဇာတ်"ဟုရင်း၊ အာဇီဝကဆရာ၏ တပည့် အာဇီဝက ယောကျ်ား မိန်းမ မျိုးကို "သုက္ကာဘိဇာတိ = ဖြူစင်သော အမျိုးဇာတ်" ဟုရင်း၊ အဝတ်မဝတ်ဘဲ အာဇီဝက တက္ကတွန်းအကျင့်ကို အပြည့်အစုံ ကျင့်နိုင်သော (မိမိတို့လို) အာဇီဝကဆရာမျိုးကို "ပရမသုက္ကာဘိဇာတိ = အလွန်ဖြူစင်သော အမျိုးဇာတ်" ဟုရင်း အယူရှိ၏။ ဤသို့အားဖြင့် လူသတ္တဝါတို့ကို အမျိုးဇာတ် ၆-မျိုးဖြင့် ခွဲခြားထားလေသည်။]

အဋ္ဌ ပုရိသဘူမိယော = ယောကျ်ား (မိန်းမ) တို့၏ ဖြစ်ရာဘုံ (အခိုက်အတန့်ကာလ) တို့သည် ရှစ်ပါးရှိကုန်၏။ [(၁) မန္ဒဘုံ၊ (၂) ခိဍ္ဍာဘုံ၊ (၃) ပဒဝီမံသာဘုံ၊ (၄) ဥဇုဂတဘုံ၊ (၅) သေက္ခဘုံ၊ (၆) သမဏဘုံ၊ (၇) ဇိနဘုံ၊ (၈) ပန္နဘုံ။]

ဖွားမြင်ပြီး၍ ၇-ရက် အတွင်း၌ ကလေးတို့သည် ဘာကိုမျှ ကောင်းကောင်း မမြင် မကြား မနံ တတ်ကြသေး။ အလွန် နုံ့ညံ့ကုန်သေး၏။ ထိုအချိန်ကို "မန္ဒဘုံ (နုံ့သော ညံ့သော အခိုက်အတန့်)"ဟု ဆို၏။ ထို့နောက် ပြုံးရယ်တတ်, လက်ခြေ လှုပ်ရှား ကစားတတ်သော အရွယ်ကို "ခိဍ္ဍာဘုံ(ကစားရာ အခိုက်အတန့်) "ဟု ဆို၏။ ထို့နောက် မိဘ စသူတို့၏ လက် စသည်ကို ဆွဲ၍ မြေ၌ ခြေချစမ်းရာအခါကို "ပဒဝီမံသာဘုံ (ခြေကို စုံစမ်းရာ အခိုက်အတန့်)" ဟု ဆို၏။ သူ့ဘာသာ ဖြောင့်ဖြောင့် မတ်မတ် သွားနိုင်ရာ အခါကို "ဥဇုဂတဘုံ" ဟု ဆို၏။ အတတ်

ပညာ သင်ယူရာ ကျောင်းသားအရွယ်ကို "သေက္ခဘုံ" ဟုဆို၏။ အိမ်မှထွက်၍ ရသေ့ရဟန်းပြုချိန်ကို "သမဏဘုံ" ဟု ဆို၏။ ဆရာသမားထံချဉ်းကပ်၍ အတတ်ပညာ တတ်မြောက်ရာအခါကို "ဇိနဘုံ" ဟု ဆို၏။ ဆွမ်း စသည်ကို မျှတအောင် မရသဖြင့် အိပ်ရာထဲ၌ လဲလျောင်းနေရာအခါကို "ပန္နဘုံ(ပတိတဘုံ)"ဟု ဆိုသည်။]

ကျေူနပညာသ အာဇီဝသတေ= အသက်မွေး ဝမ်းကျောင်း အလုပ်အကိုင် ရာပေါင်း တစ်ခုယုတ် -၅၀ (လေးထောင့် ကိုးရာကိုးဆယ့်ကိုးခု) ရှိကုန်၏။

ကျေူနပညာသ ပရိဗ္ဗာဇကသတေ= ရသေ့ပရိဗိုဇ်၏ အမျိုး ရာပေါင်း တစ်ခုယုတ်-၅၀ (လေးထောင့်ကိုးရာ ကိုးဆယ့်ကိုးခု) ရှိကုန်၏။

ကျေူနပညာသ နာဂါဝါသသတေ= နဂါးတို့၏ နေရာဘုံ ရာပေါင်း တစ်ခုယုတ်-၅၀ (လေးထောင့်ကိုးရာ ကိုးဆယ့်ကိုးခု) ရှိကုန်၏။

ဝီသေ ဣန္ဒြိယသတေ= ဣန္ဒြေ ရာပေါင်းနှစ်ဆယ် (နှစ်ထောင်) ရှိကုန်၏။

တိံသေ နိရယသတေ= ငရဲရာပေါင်း သုံးဆယ် (သုံးထောင်) ရှိကုန်၏။

ဆတ္တိံသ ရဇောဓာတုယော= မြူမှုန် လိမ်းကျံကပ်ငြိရာဓာတ် (အရပ်) ပေါင်း ခြေဖမိုး လက်ဖမိုး စသည်အားဖြင့် သုံးဆယ့်ခြောက်ဌာန ရှိကုန်၏။

သတ္တ သညီဂဗ္ဘာ=သညာရှိသော ကိုယ်ဝန်တို့သည် (ကုလားအုတ်,နွား, မြည်း, ဆိတ်, သိုး, သမင်အမျိုးမျိုး, ကျွဲအားဖြင့်) ၇-မျိုး ရှိကုန်၏။

သတ္တ အသညီဂဗ္ဘာ=သညာ မရှိသော ကိုယ်ဝန်တို့သည် (သလေး, မုယော စသော စပါး ၇-မျိုးအားဖြင့်) ၇-မျိုး ရှိကုန်၏။

သတ္တ ဂဏ္ဌိဂဗ္ဘာ= (ကြံ, ဝါး, ကျူ စသောအားဖြင့်) အဆစ် ကိုယ်ဝန်တို့သည် ၇-မျိုး ရှိကုန်၏။

သတ္တ ဒေဝါ၊ သတ္တ မနုဿာ၊ သတ္တ ပိသာစာ၊ သတ္တ သရာ= နတ် ခုနစ်မျိုး, လူ ခုနစ်မျိုး, ဘီလူးအကြီးစား ခုနစ်မျိုး, ရေအိုင်ကြီး ခုနစ်မျိုး ရှိကုန်၏။

သတ္တ သပုင္ဃာ၊ သတ္တ သပုင္ဃသတာနိ=အဆစ် အဖု ရှိသော အရာဝတ္ထု အကြီးစား ခုနစ်မျိုး, အငယ်စား ခုနစ်ရာ ရှိကုန်၏။

သတ္တ ပပါတာ၊ သတ္တ ပပါတသတာနိ = ချောက် ကမ်းပါးကြီး ခုနစ်မျိုး, ချောက်ကမ်းပါးငယ် ခုနစ်ရာ ရှိကုန်၏။

သတ္တ သုပိနာ၊ သတ္တ သုပိနသတာနိ = အိပ်မက်ကြီး ခုနစ်မျိုး, အိပ်မက်ငယ် ခုနစ်ရာ ရှိကုန်၏။

စုလ္လာသီတိ မဟာကပ္ပိနော သတသဟဿာနိ = မဟာကပ် (ကမ္ဘာ) သိန်းပေါင်း ရှစ်ဆယ့်လေးသိန်း ရှိကုန်၏။ [ရှစ်သန်းလေးသိန်း ရှိကုန်၏။]

ယာနိ ဗာလေ စ ပဏ္ဍိတေ စ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရိဿန္တိ = ယင်း မဟာကပ် သိန်းပေါင်း ရှစ်ဆယ့်လေးသိန်းတို့ ပတ်လုံး လူမိုက်တို့သည်၎င်း၊ လူလိမ္မာ ပညာရှိတို့သည်၎င်း ပြေးသွားကျင်လည်ပြီးမှသာ ဒုက္ခအဆုံးကို ပြုနိုင်ကြလိမ့်မည်။ [လူမိုက် ဆိုသူများလည်း ထိုအချိန်ထက် ပို၍ သံသရာမှာ မကျင်လည်ရ။ လူလိမ္မာ ပညာရှိ ဆိုသူများလည်း ထိုအချိန် မစေ့ခင် သံသရာမှ မလွတ်နိုင်ကြ-ဟု ဆိုလိုသည်။]

တတ္ထ နတ္ထိ ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မစရိယေန ဝါ အပရိပက္ကံ ဝါ ကမ္မံ ပရိပါစေဿာမိ၊ ပရိပက္ကံ ဝါ ကမ္မံ ဖုဿဖုဿ ဗျန္တိံ ကရိဿာမီတိ ဟေဝံ နတ္ထိ=ထိုသို့ သံသရာ ကျင်လည်ရာ၌ (တစုံတယောက်က) ငါသည် ဤသီလဖြင့်၎င်း၊ ဤအကျင့်ဖြင့်၎င်း၊ ဤအပူတပြင်း အားထုတ်မှုဖြင့်၎င်း၊ ဤမြတ်သောအကျင့်ဖြင့်၎င်း (သံသရာမှ မြန်စွာလွတ်ရအောင်)မရင့်သေးသော ကံကို ရင့်အောင် လုပ်အံ့၊ ဤသို့ လုပ်နိုင်သော အခြေအနေလည်း မရှိ။ (သံသရာ၌ ကြာရှည်စွာ နေရအောင်) ရင့်ပြီးသောကံကို ရောက်၍ ရောက်၍ ကင်းရှင်းအောင် (မရင့်သေးအောင်)လုပ်အံ့၊ ဤသို့ လုပ်နိုင်သော အခြေအနေလည်းမရှိ။

ဒေါဏာမိတေ သုခဒုက္ခေ၊ ပရိယန္တကတေ သံသာရေ၊ နတ္ထိ ဟာယနဝဍ္ဍ-နေ၊ နတ္ထိ ဥက္ကံသာဝကံသေ=ချမ်းသာနှင့် ဆင်းရဲသည် စိတ်တောင်းဖြင့် ချင့်ထားသကဲ့သို့ ဖြစ်၏။ ["ဤသူသည် ချမ်းသာဆင်းရဲပေါင်း မည်မျှလောက် ခံစားပြီးမှ သံသရာက လွတ်ရမည်"ဟု ချင့်ထားသကဲ့သို့ ဖြစ်သည်- ဟူလို။] သံသရာသည် အပိုင်းအခြား (ထားပြီး)ဖြစ်၏။ [မည်သူမဆို မဟာကပ် သိန်းပေါင်း ရှစ်ဆယ့်လေးသိန်း ကြာအောင် သံသရာ၌ နေရမည်ဟု ပိုင်းခြား ကန့်သတ်ပြီး ဖြစ်သည်-ဟူလို။] မည်သူ့ အတွက်မျှ သံသရာ အဆုတ်အတိုး မရှိ။ မည်သူ့အတွက်မျှ ပိုလွန်ခြင်း လျော့ခြင်းလည်း မရှိ။ [သံသရာသည် လူလိမ္မာအတွက်လည်း ပို၍ မတို။ လူမိုက်အတွက်လည်း ပို၍ မရှည်-ဟူလို။]

သေယျထာပိနာမ သုတ္တဂုဠေ ခိတ္တေ နိဗ္ဗေဌိယမာနမေဝ ပလေတိ၊ ဧဝ-မေဝ ဗာလေ စ ပဏ္ဍိတေ စ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရိဿန္တိ = ဥပမာပြရလျှင် အပ်ချည်လုံး တလုံးကိုဖြေ၍ တောင်ပေါ်မှ ချလိုက်သည်ရှိသော် အပ်ချည်ရှိသမျှသာ ကျသွား၏။ အပ်ချည်ကုန်လျှင် တန့်ရပ်ရ၏။ ထို့အတူ လူမိုက်တို့သည်၎င်း၊ လူလိမ္မာတို့သည်၎င်း နဂိုသတ်မှတ်ပြီး အတိုင်းအရှည် အပိုင်းအခြား ရှိသလောက်သာ (ကမ္ဘာ သိန်းပေါင်း ရှစ်ဆယ့်လေးသိန်း အထိလောက်သာ) ကျင်လည် ပြေသွား၍ သံသရာ၏ အဆုံးကို ပြုကြလိမ့်မည်။ ဤကား မာက္ခလိ ဆရာကြီး၏ အဟေတုကဝါဒတည်း။

ဤဝါဒအလိုအားဖြင့် သတ္တဝါတို့၏ သုခ ဒုက္ခ ရောက်ကြဘို့ရာ, သံသရာမှ လွတ်မြောက်ဘို့ရာ ဘာအကြောင်း အထောက်အပံ့မျှ မရှိ။ သူ့ထုံးစံဓမ္မတာအတိုင်း ပိုင်းခြားကန့်သတ်ထားသလောက်သာ သုခ ဒုက္ခကို ခံစား စံစား၍ လွတ်ချိန်စေ့လျှင် သံသရာက လွတ်ကြရသည်။ လောက၌ ဘာဖြစ်အောင် ညာဖြစ်အောင် ကြိုးစားသော်လည်း အလကားပင်-ဟု ဆိုလိုသည်။

## ၃။ အဇိတဆရာကြီး၏ နတ္ထိကဝါဒ

နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ=ပေးလှူခြင်း၏ အကျိုးမရှိ။ ယဇ်ကြီး ပူဇော်ခြင်း၏ အကျိုးမရှိ။ ယဇ်ငယ်ပူဇော်ခြင်း၏ အကျိုးမရှိ။ [သတ္တဝါအများ စားသောက် သုံးစွဲဘို့ရာ စွန့်ကြဲပေးကမ်းခြင်းကို ယဇ်ကြီးဟုရင်း၊ ညှော့ဝတ်ပြုခြင်းမျိုးကို ယဇ်ငယ်ဟုရင်း ဆိုလို၏။ ထိုမှကြွင်းသော ရဟန်း ပုဏ္ဏားတို့အား လှူခြင်းကို "ဒိန္န"ဟု ဆိုလိုဟန်တူသည်။]

နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော=ကုသိုလ်ကံ အကုသိုလ်ကံ တို့၏ အကျိုး, ဝိပါက်မရှိ။ [အလှူဒါနကြောင့် ရာထူး ဘိုးတက်ခြင်း, ပစ္စည်း တိုးတက်ခြင်းမျိုးကို "အာနိသင်အကျိုး=ဖလ" ဟု ခေါ်၏။ ထိုကဲ့သို့ တိုးတက်ခြင်း မဟုတ်ဘဲ ဘေးရန် အန္တရာယ်မှ ကယ်ဆယ်ခြင်းမျိုးကို "နိဿန္ဒဖလ=အကျိုးဆက်"ဟုခေါ်၏။ ပဋိသန္ဓေအကျိုးကို "ဝိပါက်"ဟု ခေါ်သည်။ ကုသိုလ်ကံ အကုသိုလ်ကံ ဟူသမျှ၌ ထို ဖလ, ဝိပါက် မရှိ-ဟူလို။]

နတ္ထိ အယံလောကော နတ္ထိ ပရောလောကော=(မည်သူမဆို တဘဝသာ ဖြစ်ရသောကြောင့်) ဤလောက (ဤဘဝ)ဟု ဆိုစရာလည်းမရှိ။ အခြားလောကဟု ဆိုစရာလည်းမရှိ။ [လောက(ဘဝ)အမျိုးမျိုး ရှိမှသာ "ဤဘဝ, တခြားဘဝ"ဟု ခွဲခြားဘွယ်ရှိ၏။ ဘဝက တခုတည်းနှင့် ပြီးသောကြောင့် ထိုသို့ ခွဲခြားဘွယ်မလို-ဟု ဆိုသည်။]

နတ္ထိ မာတာ နတ္ထိ ပိတာ=အမိမရှိ။အဘမရှိ။ [ရိုးရာ မိဘမရှိ-ဟု မဆိုလို။ ထိုမိဘတို့၌ ပြုစုခြင်းကြောင့် ကောင်းကျိုးမရှိ။ ပြစ်မှားစော်ကားခြင်းကြောင့် မကောင်းကျိုးလည်း မရှိ-ဟု ဆိုလိုသည်။]

နတ္ထိ သတ္တာ ဩပပါတိကာ=ဖြစ်ဆဲဘဝမှ စုတေပြီးနောက် အခြား တဘဝ ဖြစ်နိုင်သောသတ္တဝါတို့ မရှိကြ။ [ဖြစ်ဆဲဘဝ ကုန်ဆုံးလျှင် ပြီးပြတ်တော့သည်-ဟူလို။]

နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ=အကြင် သမဏ ဗြာဟ္မဏတို့သည် ဤဘဝကိုရင်း၊ အခြားဘဝကိုရင်း ကိုယ်တိုင် ထူးသောဉာဏ်ကြောင့် မျက်မှောက်ပြု၍ သူတပါးတို့အား တဆင့်သိစေနိုင်, ဟောပြနိုင်ကုန်၏၊ (ထိုကဲ့သို့ ဟောပြ နိုင်လောက်အောင်) ညီညွတ်စွာဖြစ်ကုန်, ကောင်းစွာ ကျင့်ကြကုန်သော ထို သမဏ ဗြာဟ္မဏ(ရဟန်း ပုဏ္ဏား)ဆိုသူများ လောကမှာ မရှိကုန်။ [ဤစကားသည် ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, ရဟန္တာများမရှိနိုင်-ဟု ဗုဒ္ဓစသည်ကို စော်ကားသော စကားတည်း။]

စာတုမဟာဘူတိကော အယံ ပုရိသော၊ ယဒါ ကာလံ ကရောတိ၊ ပထဝီ ပထဝီကာယံ အနုပေတိ အနုပဂစ္ဆတိ၊ အာပေါ....တေဇော.... ဝါယော ဝါယောကာယံ အနုပေတိ အနုပဂစ္ဆတိ=ဤ ယောကျ်ား ဤကိုယ်သည် (ပထဝီ အာပေါ တေဇော ဝါယော ဟူသော) မဟာဘုတ် ၄-ပါးနှင့်ယှဉ်၏။ (မဟာဘုတ် ၄-ပါး အစုအဝေးသာဖြစ်၏။) အကြင်အခါ သေ၏၊ ထိုအခါ၌ ကိုယ်တွင်း ပထဝီတွေသည် ပြင်ပ ပထဝီအပေါင်းသို့ ကပ်ရောက် စုပေါင်းသွား၏။ ကိုယ်တွင်းက အာပေါတွေသည် ပြင်ပ အာပေါ အပေါင်းသို့, ကိုယ်တွင်းက တေဇောတွေသည် ပြင်ပ တေဇော အပေါင်းသို့, ကိုယ်တွင်းက ဝါယောတွေသည် ပြင်ပ ဝါယော အပေါင်းသို့ ကပ်ရောက် စုပေါင်းသွားလေသည်။

အာကာသံ ဣန္ဒြိယာနိ သင်္ကမန္တိ=မျက်စိ, နား, နှာခေါင်း, လျှာ,ကိုယ်တို့၌ရှိသော (အသိ) ၅-ပါးနှင့်မန(စိတ်)အားဖြင့် ၆-ပါးသော ဣန္ဒြေတို့သည် ကောင်းကင်သို့ ရွှေ့ပြောင်းသွားကြကုန်၏။

[“သတ္တဝါ”ဟု ခေါ်ဆိုအပ်သော ဤ ကိုယ်ကောင်သည် နဂိုမူလကပင် အပြင်ပ၌ အမြဲရှိနေသော ဓာတ်ကြီး လေးပါးနှင့် ဣန္ဒြေ ၆-ပါးတို့ စုပေါင်းနေသော အထည်ကိုယ် တမျိုး ဖြစ်၏။

သေသောအခါ ထိုခါတ်ကြီး ၄-ပါးသည် နဂိုမူလက ခွဲထွက်လာရာ ဓါတ်အစုအဝေးသို့ ပြန်၍ ပေါင်းကြ၏။ ဣန္ဒြေ ၆-ပါးလည်း နဂိုတည်ရာ ကောင်းကင်သို့ ရွေ့ပြောင်းကြလေသည်။ ထိုကဲ့သို့ ရွေ့ပြောင်းသွားကြသောအခါ "ဤ ကိုယ်ကောင်ကြီး သေပြီ"ဟု ခေါ်ဝေါ် ကြရသည်—ဟု အဇိတဆရာကြီးက ဆိုလိုသည်။ ယခုခေတ်၌ သတ္တဝါ၏ အစကို ရှာနေကြသူတို့တွင်လည်း အဇိတ ဆရာကြီး၏ မိစ္ဆာဝါဒနှင့် ထပ်တူယူဆသူများ ပေါ်ထွက်နေလေပြီ။]

အာသန္ဒိပဉ္စမာ ပုရိသာ မတံ အာဒါယ ဂစ္ဆန္တိ၊ ယာဝါဠဟနာ ပဒါနိ ပညာယန္တိ၊ ကာပေါတကာနိ အဋ္ဌီနိ ဘဝန္တိ=(ထိုသို့ ပထဝီစသည်တို့ ရွေ့ပြောင်း သွားကြသောအခါ) အလောင်းကို တင်ထားရာ ခုတင်ငယ်နှင့် ထမ်းသူ ၄-ယောက်(ဤ ၅-ယောက်) တို့သည် အလောင်းကိုယူ၍ သွားကြကုန်၏။ (ဤ သူသည် သူတော်ကောင်း, ဤ သူကား လူယုတ်မာ စသော) အပြစ်နှင့် ဂုဏ်ပုဒ်တို့သည် သုသာန်အထိသာ ထင်ပေါ်ကုန်၏။(သုသာန်လဲ ရောက်ရော အပြစ်တွေ ဂုဏ်တွေလဲ ပျောက်ရော-ဟူလို။)ခိုရောင်အဆင်းရှိသော အရိုးတို့သာလျှင် (မီးသင်္ဂြိုဟ်ရာမှ) ကျန်ရစ်ကုန်၏။

ဘဿန္တာ အာဟုတိယော၊ ဒတ္တုပညတ္တံ ယဒိဒံ ဒါနံ=ဆွမ်းဝတ်ပြုခြင်းစသော အလှူဒါနတို့သည် မီးသင်္ဂြိုဟ်ရာ ပြာမှုန်သာလျှင် အဆုံးရှိကုန်၏။ (ထိုထက် ပိုလွန်၍ အကျိုးမပေးနိုင်-ဟူလို။) အလှူဒါန ဆိုသော အလုပ်ကို မိုက်မဲတွေဝေသူတို့က စ၍ ပညတ်ထားအပ်၏။ [လူ(အ)တွေက လှူ, လူပါး လူနတ်တွေက အလှူခံကြသည်-ဟု ဆိုလိုသည်။]

တေသံ တုစ္ဆံ မုသာ ဝိလာပေါ၊ ယေကေစိ အတ္ထိကဝါဒံ ဝဒန္တိ၊ ဗာလေ စ ပဏ္ဍိတေ စ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇန္တိ ဝိနဿန္တိ၊ န ဟောန္တိ ပရံ မရဏာ="နောက်ဘဝရှိ၏"ဟု ပြောဆိုကြသူ

တို့၏ စကားသည် အလကားစကား မုသား(အလွဲအမှား)စကား ကယောင်ကတမ်း ပြောအပ်သော စကားသာဖြစ်၏။ လူမိုက် ဆိုသူတို့သည်၎င်း၊ လူလိမ္မာ ဆိုသူတို့သည်၎င်း ခန္ဓာကိုယ် ပျက်စီးလျှင် (သေလျှင်) နောက်ထပ် အဆက်မရှိကြတော့ဘဲ ပြတ်စဲ ပျက်စီးကြရတော့၏။ သေပြီးနောက်၌ ဘာမျှ မဖြစ်ကြတော့။ ဤကား အဇိတ ဆရာကြီး၏ နတ္ထိကဝါဒ (ကောင်းမှု မကောင်းမှု၏ အကျိုးမရှိ-ဟူသော အယူ)တည်း။

မှတ်ချက်။ ။"ကောင်းမှု မကောင်းမှုကို ပြုရာမရောက်။ ပြုသည်ဟု မဆိုရ"ဟု ယူဆသော ပူရဏ ဆရာကြီးသည် ကံကို ပယ်၏။ အကြောင်းကံကိုပင် ပယ်ရှားပြီး ဖြစ်သောကြောင့် အကျိုးကို အထူးပယ်ဘွယ် မလို။ ထို့ကြောင့် ပူရဏ ဆရာကြီးသည် ကံ+ အကျိုး ၂-မျိုးလုံးကိုပင် ရှိသည်-ဟု မယူဆချေ။

အဇိတဆရာကြီးကား အကျိုးမရှိ-ဟု အကျိုးကို ပယ်၏။ အကျိုးကို ပယ်လျှင် အကြောင်းကံတွေလည်း အကျိုးပေးနိုင်သော သတ္တိ မရှိ-ဟု ပယ်ရာရောက်သောကြောင့် ကံ+အကျိုး ၂-မျိုးလုံး ကိုပင် ပယ်ပြီး ဖြစ်တော့၏။

မက္ခလိဆရာကြီးကား သံသရာ၌ ကမ္ဘာသိန်းပေါင်း ရှစ်ဆယ့်လေးသိန်း အတိအကျ လူတိုင်း ကျင်လည်ကြရမည်-ဟု ဆိုထားသဖြင့် ကံလည်း အစွမ်းမရှိ။ အကျိုးလည်း မရှိဟု တိုက်ရိုက် ပယ်ပြီး ဖြစ်သည်။ ထို့ကြောင့် ထိုဆရာကြီး သုံးယောက်လုံးပင် ကံနှင့် အကျိုး ၂-မျိုးလုံးကို ပယ်ခြင်းအားဖြင့် တူမျှကြလေသည်။

ထို ဆရာကြီးများ၏ အယူ၌ မည်သူမျှ ချေချွတ်၍ မရလောက်အောင် သဘောကျ စွဲမြဲနေသူများကို "နိယတ မိစ္ဆာဒိဋ္ဌိအယူရှိသူ"ဟု ဆိုရသည်။ ထိုသူတို့မှာ သေလျှင် ငရဲကျ၍ ကေန်မုချ အပါယ်ကျကုန် တော့ လတ္တံ့။ ထိုမျှလောက် မစွဲမြဲဘဲ အယူမှန်ကို ပြောင်းလဲ နိုင်သူတို့ကား သေလျှင် သုဂတိဘဝကောင်းသို့ ပြောင်းနိုင်ပါ သေးသည်။

## ၄။ ပကုဓကစ္စာယနဆရာကြီး၏
## အကဋ္ဌဝါဒ

သတ္တိမေ ကာယာ အကဋာ, အကတဝိဓာ, အနိမ္မိတာ, အနိမ္မာပိတာ= ခုနစ်မျိုးသော ဤကာယတို့ကို (မည်သူမျှ) ကိုယ်နှုတ်တို့ဖြင့် မပြုအပ် မပြုနိုင်ကုန်။ (ဤသို့ပြုလော့) ဟု မည်သူမျှလည်း မစီမံအပ် မစီမံနိုင်ကုန်။ မည်သည့် တန်ခိုးရှင်မျှလည်း မဖန်ဆင်းအပ် မဖန်ဆင်းနိုင်ကုန်။ သူတပါးတို့ကိုလည်း မဖန်ဆင်းစေအပ် မဖန်ဆင်းစေနိုင်ကုန်။ (သူတို့က သူတပါးကို ဖန်ဆင်းပေးဘို့ရာ မည်သူမျှလည်း မစေခိုင်းနိုင်ကုန်-ဟူလို။)

[ကာယ ၇-ပါးဟူသည် — (နောက်၌လာမည့်) ပထဝီကာယ (ပထဝီဓာတ်အပေါင်း), အာပေါကာယ, တေဇောကာယ, ဝါယောကာယ, သုခ, ဒုက္ခ, ဇီဝ (အသက်) တည်း။ ဤ ၇-ပါးသည် သူ့သဘောအတိုင်း အမြဲ တည်ရှိသောကြောင့် ဘယ်သူမှ ပြုပြင်ဖန်ဆင်းနေဘို့မလို။ သူတို့ကလည်း အခြားသောအရာကို ဖြစ်အောင် မပြုပြင်နိုင် မဖန်ဆင်းနိုင်-ဟူလို။]

ဝဥ္ဈာ, ကူဋဋ္ဌာ, ဧသိကဋ္ဌာယီ ဋ္ဌိတာ =(ဤကာယ ၇-ပါးသည် ဘာကိုမျှ မဖြစ်စေနိုင်သောကြောင့် အမြုံမ, သစ်ပင် အဖိုများကဲ့သို့) အမြုံဖြစ်ကုန်၏။ တောင်အထွတ်ကဲ့သို့ တည်ကုန်၏။ (တောင်ထိပ်၌ရှိသော အထွတ်သည် မည်သူ ပြုလုပ်လို့မျှ ဖြစ်ရသည် မဟုတ်ဘဲ သူ့အလိုလို ဖြစ်သကဲ့သို့ ဤကာယ ၇-ပါးလည်း မည်သည့် တရား, မည်သည့် ဖန်ဆင်းမှုကြောင့်မှ ဖြစ်ရသည်မဟုတ်ဘဲ သူ့အလိုလို ဖြစ်တည်ကြရသည် - ဟူလို။) မြဲစွာ စိုက်ထားအပ်သော တံခါးတိုင်ကဲ့သို့ သူ့သဘာဝအတိုင်း ခိုင်မြဲစွာ တည်ကုန်၏။

တေ န ဣဉ္ဇန္တိ၊ နဝိပရိဏာမေန္တိ၊ န အညမညံ ဗျာဗာဓေန္တိ = ထိုကာယ ၇-ပါးတို့သည် (သူ့သဘာဝအတိုင်း ခိုင်မြဲစွာ တည်သော

ကြောင့် နဂိုသဘောမှ ရွေ့လျော) လှုပ်ရှားခြင်း မရှိကုန်။ ဖောက်ပြန် ပြောင်းလဲခြင်း မရှိကုန်။ အချင်းချင်းလည်း ဖောက်ပြန်ပြောင်းလဲအောင် မညှဉ်းဆဲနိုင်ကုန်။

နာလံ အညမညဿ သုခါယဝါ ဒုက္ခာယဝါ သုခ ဒုက္ခာယဝါ=အချင်းချင်း ချမ်းသာအောင်လည်း မတတ်နိုင်ကုန်။ ဆင်းရဲအောင်လည်း မတတ်နိုင်ကုန်။ ချမ်းသာ ဆင်းရဲ ၂-မျိုးစုံ ဖြစ်အောင်လည်း မတတ်နိုင်ကုန်။

ကတမေ သတ္တ၊ ပထဝီကာယော အာပေါ.... တေဇော.... ဝါယောကာယော သုခေ ဒုက္ခေ ဇီဝေသတ္တမေ = ကာယ ၇-ပါးတို့ ဟူသည် အဘယ်နည်း။ ပထဝီဓာတ်အပေါင်း, အာပေါ, တေဇော, ဝါယောဓာတ်အပေါင်း, သုခ, ဒုက္ခ, ခုနှစ်ခုမြောက် ဇီဝ(အသက်) တည်း။

ဣမေ သတ္တ ကာယာ အကဋ္ဌာ အကတဝိဓာ။ ပေ။ နာလံ အညမညဿ သုခါယဝါ ဒုက္ခာယဝါ သုခဒုက္ခာယဝါ၊ တတ္ထ နတ္ထိ ဟန္တာ ဝါဃာတေန္တာ ဝါ သောတာ ဝါ သာဝေတာ ဝါ ဝိညာတာဝါ ဝိညာပေတာဝါ=ထို ၇-ပါးသော ကာယတို့၌ သတ်နိုင်သူလည်း မရှိ။ အသတ်ခိုင်းနိုင်သူလည်း မရှိ။ ကြားနိုင်သူလည်း မရှိ။ ကြားအောင် ပြောနိုင်သူလည်း မရှိ။ သိနိုင်သူလည်း မရှိ။ သိအောင်ပြောဆို ပြုလုပ်တတ်သူလည်း မရှိ။

ယောပိ တိဏှေန သတ္ထေန သီသံ ဆိန္ဒတိ၊ န ကောစိ ကိဉ္စိ ဇီဝိတာ ဝေါရောပေတိ၊ သတ္တန္နံ တွေဝ ကာယာန မန္တရေန သတ္ထံ ဝိဝရ မနုပတတိ = အကြင်သူသည် ထက်လှစွာသော သန်လျက်ဖြင့် တစုံတယောက်၏ ဦးခေါင်းကို ဖြတ်အံ့၊ ထိုတစုံတယောက်သည် မည်သူ့ကိုမျှ မသတ်နိုင်။ ကာယ ၇-ပါးတို့၏ အကြားဖြင့် သန်လျက် ဓားသည် ၇-ပါးသော အပေါင်းထဲသို့ ကျသွားခြင်းသာ ဖြစ်၏။ (ထိုသို့ ကျသွားသည့်အခါ "သတ်တယ်"လို့ အများက ထင်မှတ်ခြင်းသာ ဖြစ်သည်။ စင်စစ်အားဖြင့် ပထဝီ

ကာယ စသည်ကို မည်သူမျှ ပျက်စီးအောင် မဖျက်စီး မသတ်ဖြတ်နိုင်-ဟူလို။) ဤကား ပကုဓ ဆရာကြီး၏ (မည်သူမျှ မပြု မလုပ် မဖန်ဆင်း မဖျက်ဆီးနိုင်-ဟု ယူဆသော) အကဋဝါဒ တည်း။

---

## ၅။ နိဂဏ္ဌ နာဋပုတ္တ ဆရာကြီး၏ စတုယာမ သံဝရဝါဒ

ဣဓ နိဂဏ္ဌော စတုယာမ သံဝရ သံဝုတော ဟောတိ = ဤလောက၌ နိဂဏ္ဌသည် စောင့်စည်းကြောင်း အကျင့်လေးမျိုး လေးစုဖြင့် စောင့်စည်းအပ်သော ကိုယ်နှုတ်စိတ်ရှိ၏။ (ကိုယ် နှုတ် စိတ်တို့ကို လေးမျိုး လေးစုသော အကျင့်ဖြင့် စောင့်စည်းသည်-ဟူလို။)

ကထဉ္စ နိဂဏ္ဌော စတုယာမသံဝရ သံဝုတော ဟောတိ=အဘယ်နည်းဖြင့် နိဂဏ္ဌသည် စောင့်စည်းကြောင်း အကျင့်လေးစုဖြင့် စောင့်စည်းအပ်သော ကိုယ် နှုတ် စိတ် ရှိသနည်း။ (အကျယ် ဖြေလို၍ သူ့ဘာသာသူ မေးခွန်းထုတ်သည်။) ["နိဂဏ္ဌ" ဟူသည်"ငါတို့မှာ သံယောဇဉ် အထုံးအဖွဲ့မရှိ"ဟု ပြောလေ့ရှိသော တိတ္ထိ တမျိုးတည်း။ ဂဏ္ဌ = အထုံးအဖွဲ့+နိ=မရှိ။]

ဣဓ နိဂဏ္ဌော သဗ္ဗဝါရိဝါရိတော စ ဟောတိ=ဤလောက၌ နိဂဏ္ဌသည် အလုံးစုံ တားမြစ်အပ်သော ရေအေးသုံးစွဲခြင်း ရှိ၏။ [နာဋပုတ္တ ဆရာကြီးသည် ရေအေး၌ အသက်ရှိ၏-ဟု အယူရှိ၏။ ထို့ကြောင့် သူ၏အယူကို လိုက်နာသော နိဂဏ္ဌဟူသမျှ ရေအေးကို မသုံးစွဲကြရ။ ရေအေးကို သုံးစွဲခြင်းမှ ပယ်ရှား တားမြစ်ထားကြသည်။ သူတို့ သုံးစွဲလိုလျှင် ရေကျက်ကိုသာ သုံးစွဲကြရသည်-ဟူလို။]

သဗ္ဗဝါရိယုတ္တောစ = အလုံးစုံ အကုန်အစင်အားဖြင့် မကောင်းမှုကို တားမြစ်ခြင်းနှင့် ယှဉ်၏။ [မကောင်းမှု ဟူသမျှ (ကာယကံ ဝစီကံ မနောကံ) အားလုံးကိုပင် တားမြစ်သည်-ဟူလို။]

သဗ္ဗဝါရိဓုတောစ = (ရဟန်းတော်များ ကိလေသာ ခေါင်းပါးအောင် ဓုတင် ကျင့်သကဲ့သို့) မကောင်းမှု အားလုံးကို တားမြစ်သော အားဖြင့် ခါချအပ်သော မကောင်းမှုရှိ၏။ (မကောင်းမှု အားလုံးကို ခါချနိုင်လောက်အောင် ကျင့်သည်-ဟူလို။)

သဗ္ဗဝါရိဖုဋ္ဌောစ = အလုံးစုံ မကောင်းမှုကို တားမြစ်ခြင်းသည် ထိရောက်အပ်ပြီးလည်း ဖြစ်၏။ [မကောင်းမှုကို တားမြစ်မှု၌ ထိထိရောက်ရောက် ရှိ၏။ အပြည့်အစုံ တားမြစ်နိုင်ပြီ။ (ဗုဒ္ဓဝါဒ၌ ရဟန္တာ ဖြစ်သကဲ့သို့) နိဂဏ္ဌကိစ္စ ပြီးဆုံးပြီ-ဟူလို။]

ဧဝံ ခေါ နိဂဏ္ဌော စတုယာမ သံဝရ သံဝုတော ဟောတိ=ဤနည်းအားဖြင့် နိဂဏ္ဌသည် စောင့်စည်းကြောင်း အကျင့်လေးစုဖြင့် စောင့်စည်းအပ်သော ကိုယ်, နှုတ်, စိတ် ရှိသူ ဖြစ်ရလေသည်။

ယတော ခေါ နိဂဏ္ဌော ဧဝံ စတုယာမ သံဝရ သံဝုတော ဟောတိ၊ အယံ ဝုစ္စတိ နိဂဏ္ဌော (နာဋ္ဌပုတ္တော) ဂတတ္တော စ ယတတ္တော စ ဌိတတ္တော စာတိ = အကြင်အခါ၌ နိဂဏ္ဌသည် ဤနည်းအားဖြင့် စောင့်စည်းကြောင်းတရား လေးစုဖြင့် စောင့်စည်းအပ်သော ကိုယ်, နှုတ်, စိတ်ရှိ၏။ (ထိုအခါ၌) နိဂဏ္ဌကို အထွတ်အထိပ် အပြီးအဆုံးသို့ ရောက်သော စိတ်ရှိသူဟုရင်း၊ စောင့်စည်းအပ်ပြီးသောစိတ် (နောက်ထပ်စောင့်စည်းစရာမလို။ စောင့်စည်းဘွယ်ကိစ္စ ပြီးဆုံးသောစိတ်) ရှိသူဟုရင်း၊ (ရဟန္တာစိတ်ကဲ့သို့) တည်တန့်သော မတုန်လှုပ်သောစိတ် ရှိသူဟုရင်း ဆိုနိုင်လေတော့၏။ ....ဤကား နိဂဏ္ဌနာဋ္ဌပုတ္တ ဆရာကြီး၏ စတုယာမ သံဝရဝါဒတည်း။

**မှတ်ချက်။** ။ဤဝါဒ၌ ရေအေးကို မသုံးကောင်းဟု အယူရှိခြင်းသာ ဗုဒ္ဓတရားတော်နှင့် တိုက်ရိုက် ဆန့်ကျင်သည်။ မကောင်းမှုတို့ကို

ပယ်ရှားတားမြစ်ခြင်းကား ဗုဒ္ဓတရားတော်နှင့် သဘောတူပင် ဖြစ်၏။ ထို့ကြောင့်လည်း နိဂဏ္ဌ နာဋပုတ္တ ဆရာကြီး၏ဝါဒကို ပညာရှိ အခေါ်ခံသူ လူကြီးလူကောင်း တချို့ပင် လက်ခံကြလေသည်။ ထိုဆရာကြီးကို ပါဠိလို "ဇိန" ဟိန္ဒူသံဖြင့် "ဂျိန=ဂျိန်း"ဟု ခေါ်ဝေါ်ကာ ယခုတိုင်အောင် ဂျိန်းအယူဝါဒနှင့် ဂျိန်း၏ရုပ်တု(ဆင်းတု)များ ထင်ရှားလျက် ရှိလေသည်။

---

## ၆။ ဗေလဋ္ဌ၏သား သဉ္စယ (သဉ္စည်း) ဆရာကြီး၏ အမရာဝိက္ခေပဝါဒ

[ဤအမရာဝိက္ခေပဝါဒကို ဗြဟ္မဇာလသုတ် မြန်မာပြန်စာအုပ် နံပါတ် ၂၂၉မှ ၂၃၃အထိ ပြခဲ့ပြီးပြီ။]

---

**ဆရာကြီးများ၏ ဝါဒ လွှမ်းမိုးနေပုံ** ပူရဏကဿပ, မက္ခလိဂေါသာလ, အဇိတကေသကမ္ဗလ, ပကုဓကစ္စာယန, နိဂဏ္ဌနာဋပုတ္တ, သဉ္စယ ဗေလဋ္ဌပုတ္တ-ဟု အသီးသီးထင်ရှားသော ဆရာကြီး ၆-ယောက်ကို "တိတ္ထိယ=အယူဝါဒကို စထွင်၍ ပြုတတ်သောပုဂ္ဂိုလ်" ဟု ခေါ်၏။ (ယ-ကိုဖြုတ်၍ "တိတ္ထိ"ဟု ခေါ်ကြသည်။) ထို တိတ္ထိ ဆရာကြီးတို့သည် ဘုရားမပွင့်မီကပင် ရာဇဂြိုဟ်ပြည်နယ် တဝှမ်းလုံးကို မိမိဆိုင်ရာ အယူဝါဒတို့ဖြင့် လွှမ်းဖုံးမိပြီးဖြစ်ကြ၏။ သူတို့၏ နောက်လိုက် ဒကာဒကာမတွေ အတော်များပြား၏။ သူတို့၏တပည့် သံဃာများလည်း မနည်းလှပေ။ အရှင်သာရိပုတြာ အရှင်မောဂ္ဂလ္လာန်တို့ အလောင်းအလျာ များပင် သဉ္စယ ဆရာကြီးထံမှာ နေကြရ ရှာပါသေးသည်။

ဤအကြောင်းများကို စဉ်းစားမိသောအခါ "ဘုရားရှင်သာ ပွင့်တော် မမူလာလျှင် (ပွင့်တော်မူလာသော်လည်း ယခုလို တရားတော်

များသော ကျန်ရစ်တော်မမူပါလျှင်) ဘုန်းကြီးတို့တတွေ ယခုလို အချိန်အခါ၌ ဘယ်လိုဝါဒ ရေယဉ်ကြော၌ မျောနေကြမည် မသိရ''ဟု တွေးတောမိခါ ဗုဒ္ဓတရားတော်များကို သင်ယူသိရှိ ရခြင်းအတွက် လွန်စွာနှစ်သက် ကျေနပ်ပါတော့သည်။

**ဘုန်းကြီးငယ်စဉ်** ဘုန်းကြီးကား ငယ်ရွယ်စဉ် အခါတပါး၌ လူကြီး တယောက် သေဆုံးသည့် ကိစ္စနှင့်စပ်၍ စဉ်းစားမိခဲ့ ပါသည်။ စဉ်းစားပုံမှာ– 'လူတိုင်းလူတိုင်း၌ တဘဝအတွက် စကား အခွန်းပေါင်း မည်မျှ ပြောရမည်။ ခရီးပေါင်းမည်မျှသွားရမည်။ အလုပ် ပေါင်း မည်မျှ လုပ်ရမည်'' စသည်ဖြင့် ကိန်းသေ သတ်မှတ်ပြီးရှိ၏။ ထို လူကြီးသည် ထိုသတ်မှတ်ချက် အားသုံးစေ့သောကြောင့် စုတေသေဆုံး ရသည်။ ဤသို့ စဉ်းစားမိခဲ့ပါသည်။ ဘုန်းကြီး စဉ်းစားချက်သည် မာဂန္ဒိယ ဆရာကြီး ဝါဒနှင့် တစိတ်တပိုင်း တူပါသည်။ ထိုအယူဝါဒသည် ဗုဒ္ဓဘာသာစာပေကို ထုံးစံအတိုင်း သင်နေရာဝယ် မေ့ပျောက်ခဲ့ပြီးမှ ဤ သာမညဖလသုတ်ကို သင်ယူသောအခါ''ငါ့မှာ ဒီလိုအယူမျိုး ငယ်စဉ်က ရှိခဲ့ပါတကား''ဟု ပြန်၍သတိရပါသည်။

**ကိုယ်ချင်းစာ** ဤသို့ ဘုန်းကြီးယူဆပုံကို ပြန်၍ သတိရသောအခါ ''ဗုဒ္ဓမြတ်စွာ၏ လေးနက်သော တရားတော်များကို ကြောင်းကျိုးစုံလင်စွာ မသိကြရသော လူအများတို့တွင် ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့ ထင်ရာ မြင်ရာ တွေးကြရှာမည်ကို မဆိုထားဘိ ဗုဒ္ဓဘာသာ ဝင်အများပင် ယောင်ဝါးဝါး ဖြစ်ကြရှာကြမည်မှာ ထူးဆန်းသော အရာမဟုတ်ပေ–ဟု ကိုယ်ချင်းစာမိပါသည်။ယခုခေတ်မှာ လောကခေတ် ပညာကို အလွန်လိုက်စားသော ခေတ်ဖြစ်၍ ထိုပညာမှ တစွန်းတစကို ယူပြီးလျှင် ဗုဒ္ဓဝါဒကို ကျနစွာ မလိုက်စားရသူတို့အတွက် ဘာသာရေး ကိစ္စတွင် အထင်အမြင် အမျိုးမျိုးဖြစ်နေကြခြင်းမှာ ဖြစ်သင့်၍ ဖြစ်နေ သော အချက်သာ ဖြစ်ပါသည်။

**မီးလောင်ရာ လေပင့်** ဤနေရာဝယ် ''မြေပူဘုကင်းမှောင့်'' ဆိုသော စကား ကဲ့သို့ ဘာသာရေးအမြင် မသန့်မရှင်း ဖြစ်နေကြခိုက်မှာ ဗုဒ္ဓဘာသာကို လက်ကိုင်ဦးစီး လုပ်နေကြသော ရှင်လူ

တချို့က ကိုယ့်ထက်သာ မနာလိုသော ဣဿာ, ကိုယ့်လိုကြီးပွါးမည်ကို ဝန်တိုသော မစ္ဆရိယနှင့် ဂုဏ်ပကာသန မာန်မာနတို့ကို နည်းသည်ထက် နည်းပါးစေ၍ မေတ္တာ ကရုဏာ မုဒိတာတို့ကို လက်တွေ့ပြကာ အရာရာ သိပ်သိပ်သည်းသည်း ရှိရမည်ဖြစ်ပါလျက် ဖြစ်သင့်တာတွေကို မတွေ့ရဘဲ မဖြစ်သင့်သော ဂုဏ်ပကာသနနှင့် ဣဿာ မစ္ဆရိယ မာန်မာန အစွန်းတွေကို အများအပြား တွေ့နေရသည့်ပြင် လုပ်သမျှ ဘာသာရေးကိစ္စ တိုင်း၌ ဗုဒ္ဓအလိုကျ နည်းပါးလှသောကြောင့် ဘာသာရေး အခြေမကျ ရှာသေးသူ ခေတ်လူတို့အတွက် မီးလောင်ရာ လေပင့်သကဲ့သို့ အဆင့်ဆင့် ထင်မှားဘွယ်တွေ အသွယ်သွယ် များလာလေတော့သည်။

**ဘာသာရေး သန့်ရှင်းသုတ်** ဤ သာမညဖလသုတ်တော်ကား "သာမည= ရဟန်း ပြုလုပ်ရခြင်း၏ + ဖလ = အကျိုးကို" ညွှန်ပြသော သုတ်တော် ဖြစ်ပေ၏။ ထို့ကြောင့် ဤ သုတ်တော်ကို ကြည့်ရှု လိုက်ရလျှင်ပင် "ဘုရား အလိုတော်ကျ ရဟန်းတော်များ ဆိုတာ ဤလို သီတင်းသုံးရမှာပါတကား။ ဘုရား လက်ထက်တော်က ဤလို သီတင်းသုံးတော်မူကြသော ရဟန်းသံဃာ တော်တွေ များလှပေလိမ့်တကား။ သာသနာပြု ဒါယကာ ဒါယိကာမ များ ဆိုတာ ဤလို သံဃာတော်များကို အားပေးပြုစုရမှာပါတကား။ ဤသို့ ပြုပြင်ထားသော သာသနာတော်ကို ဘယ်သူမဆို ကြည်ညို လေး စား အားထားကိုးကွယ်နိုင်မှာပါတကား" ဟု သာသနာရေး ဘာသာရေး စိတ်ဓာတ်တွေ အလိုလို မြင့်မြတ်သန့်ရှင်းလာပေလိမ့်မည်ဟု ထင်မြင်ပါ သည်။ ထိုသို့ ထင်မြင်သည့်အတိုင်းပင် ခေတ်အားလျော်စွာ "ဤသုတ် တော်ကို ရှင်လူအားလုံး အမြန်ဆုံး သိရှိထိုက်သည်" ဟု ယူဆ၍ သာသ- နာတော်ကို မြင့်စေလိုသော စိတ်ထားဖြင့် တရားတော်ကို ရိုသေလေး စားစွာ မြန်မာပြန်ဆိုလိုက်ပါသည်။

**ရှေးဦးသိဘွယ်** ဤ သုတ်တော်ကို အဇာတသတ်မင်း လျှောက်ထား၍ ဘုရားရှင် ဟောပြတော်မူရသည်။ ထို့ကြောင့် အဇာ တသတ်မင်း၏ အကြောင်းကို ရှေးဦးစွာ အချုပ်မျှ သိနှင့်ဘို့ လိုပါသည်။

"အဇာတသတ်မင်း" ဆိုသူကား ရာဇဂြိုဟ်ပြည် ဘုရားကျောင်းဒကာ ဗိမ္ဗိသာရမင်း၏ သားတော်တည်း။ မယ်တော်မှာ သာဝတ္ထိပြည် မဟာကောသလမင်း၏ သမီးတော် (ဒုတိယကောသလမင်း၏ အမတော်၊ သို့မဟုတ် နှမတော်)တည်း။ သို့ဖြစ်၍ ထိုအချိန်အခါဝယ် ဇမ္ဗူဒိပဒေသ၌ အကြီးကျယ်ဆုံး မင်းမိဖုရား၏ သားတော် မင်းတပါးဟု ဆိုလိုသည်။ ထိုမင်းသည် ရှင်ဒေဝဒတ်ကို ယုံကြည်ကိုးစား (အပေါင်းမှား) သောကြောင့် ထီးနန်း ရဘို့ရန် ပဌမဆုံး ခမည်းတော်မင်းတြားကြီးကို သတ်ဘို့ ကြံစည်ခဲ့၏။ အကြံကိုသိသော ခမည်းတော်ကြီးက ထီးနန်းကို ကျေကျေနပ်နပ် လွှဲအပ် ထားပါလျက် ထို မင်းတြားကြီးကိုပင် ထောင်သွင်း အကျဉ်းချ၍ အစာငတ်ထားပြီးနောက် ခြေဖဝါးကို ဓားခွဲခိုင်းကာ နတ်ရွာစံသည့်တိုင်အောင် ညှဉ်းဆဲစေခဲ့ပါသည်။

ဤသို့ ကေန်မုချ အပါယ်ကျမည့် ပိတုဃာတက (အဖသတ်) ကံကြီးကို ကျူးလွန်မိရုံ မက ရှင်ဒေဝဒတ်၏ ဘုရားကို လုပ်ကြံရာ၌လည်း သူ၏ အားပေးမှု ပယောဂတွေ ကင်းခဲ့ပုံ မရချေ။ ထို့ကြောင့် ဤ သာမညဖလ အကြောင်းကို မေးလျှောက်ရန် ဘုရားထံ လာမည့်အချိန်မှာ ထို ပိတုဃာတက ကံနှင့် တကွ ပြစ်မှုများစွာကို ကျူးလွန်မိပြီး ဖြစ်သောကြောင့် စက်တော်ခေါ်၍ ကောင်းစွာ မပျော်နိုင်ဘဲ ဘုရားထံသို့လည်း သွားချင်ပါလျက် (သူ၏ ပြစ်မှုများကြောင့်) မသွားဝံ့ဘဲ ဖြစ်ကာ အလွန် စိတ်မချမ်းမသာ ဖြစ်နေရှာလေသည်။ ဤသို့ အဇာတသတ်မင်း၏ နဂိုအဆင့်အတန်း မြင့်ပုံ၊ အပေါင်းမှားပုံ၊ အမှုတွေ လွန်နေပုံတို့ကို စုံစုံလင်လင် ရှေးဦးစွာ ထင်မြင်စေလိုပါသည်။

၁၃၁၃ အရှင် ဇနကာဘိဝံသ

တော်သလင်းလ

# သာမညဖလသုတ်တော်

# မြန်မာပြန်

## အဇာတသတ်မင်းနှင့် မှူးမတ်များ စည်းဝေးတိုင်ပင်ခန်း

**နေရာနှင့် အချိန်အခါ** ဗုဒ္ဓမြတ်စွာသည် ရာဇဂြိုဟ်မြို့တော်တွင် သမားတော် ဇီဝက၏ သရက်ဥယျာဉ် တိုက်တော်၌ တထောင့်နှစ်ရာငါးဆယ်သော ရဟန်းတော်များနှင့်အတူ သီတင်းသုံးတော်မူလေသည်။ ထိုအခါ ဝေဒေဟီမိဖုရား၏ သားတော်ဖြစ်သော မဂဓတိုင်းကြီး၏ အရှင် ဘုရင် အဇာတသတ်မင်းသည် ရာဇဂြိုဟ်မြို့တော်၏ နန်းတော် အထက်ထပ်ဝယ် မင်းမျိုးစဉ်လာ မှူးမတ်ပေါင်း စုံညီစွာဖြင့် စည်းဝေးလျက် ရှိ၏။ အချိန်မှာ ကုမုဒြာ ကြာဖြူပန်းတို့ ပွင့်လန်းတုန်းဖြစ်ကြသော မိုးလေးလ အဆုံး တန်ဆောင်မုန်း လပြည့် (သူတော်ကောင်းတို့ ဥပုသ်စောင့်သုံးရာ ဥပုသ်နေ့) ညဉ့်အခါ ဖြစ်၏။ သော်တာလစန်းလည်း အစွမ်းကုန် အရောင်လွှင့်လျက် ညဉ့်၏ ကျက်သရေကိုဆောင်နေ ရကား ဥတုရာသီအားဖြင့်ရင်း၊ အချိန်အခါအားဖြင့်ရင်း၊ (နန်းတော်အထက်ထပ်) နေရာအရပ်အားဖြင့်ရင်း စိတ်ဓာတ်ကို လှုံ့ဆော်ဆွပေးနိုင်သော အချိန်အခါ ဖြစ်ပေသည်။

**ဥဒါန်းကျူးပုံ** ထိုကဲ့သို့သော အချိန်အခါဝယ် အဇာတသတ်မင်းသည် (မိမိစိတ်အတွင်း၌ဖြစ်သော အကြံကို မျိုသိပ်၍ မထားနိုင်ဘဲ ဥဒါန်းအဖြစ်ဖြင့်) ကျူးရင့်မြွက်ဆိုပုံမှာ— "တိမ်တိုက် ဆီးနှင်းမြူခိုး စသော အပြစ်ကင်း၍ သန့်ရှင်းကြည်လင်သော ညည့်သည် ပျော်မွေ့ဘွယ် ကောင်းပါပေစွ။ စန်းရောင်တဝင်းဝင်းနှင့် လွန်မင်းစွာ လှပါပေစွ။ ရှုချင်စဖွယ် တင့်တယ်ပါပေစွ။ ရာသီဥတု သာယာမှုအစွမ်းကြောင့် စိတ်ဝမ်းကို ရွှင်လန်း ကြည်နူးနိုင်ပါပေစွ။ (မမေ့နိုင်လောက်အောင် အသရေကိုဆောင်သဖြင့်) မှတ်သားလောက်စွာ သာယာပါပေစွ။ ငါ၏ မကြည်လင် မရွှင်ပျသောစိတ်ကို ရွှင်ပျကြည်လင်

အောင် စီစဉ် ဟောပြနိုင်မည့် သမဏ ဗြာဟ္မဏ အမည်ခံသော ဘယ် ပုဂ္ဂိုလ်အထံ ချဉ်းကပ်သင့်ပါမည်နည်း။ (ချဉ်းကပ်စမ်းချင်ပါဘိနေ၁်)'' ဟု ထုတ်ဖော် ကျူးရင့်လေသည်။

**တိတ္ထိအမတ်များ** ထိုသို့ အဇာတသတ်မင်း မိန့်တော်မူသောအခါ (ပူရဏ **သံတော်ဦး** ကဿပဆရာကြီး၏ ဒကာဖြစ်သော) အမတ်တယောက် **တင်ကြပုံ** သံတော်ဦးတင်သည်မှာ--''အရှင်မင်းမြတ်.... ဤ ပူရဏ ကဿပ ဆရာကြီးသည် နောက်လိုက် သံဃာလည်း များစွာ ရှိပါ၏။ ထိုတဂိုဏ်းလုံး၏ ဆရာကြီးလည်း ဖြစ်ပါ၏။ တင်ရှား သော ဆရာကြီးလည်း ဖြစ်ပါ၏။ ကျော်စောသတင်း ပျံ့နှံ့ခြင်းလည်း ရှိပါ၏။ အယူဝါဒကိုလည်း (ပဌမ စတည်၍) ပြုနိုင်ပါ၏။ အများက သူတော်ကောင်းဟု သမုတ်ခြင်းကိုလည်း ခံရပါ၏။ ရဟန်းဘဝသို့ ရောက်ပြီးသည်မှစ၍ ကြာမြင့်သော နေ့ညဉ့်တို့ကိုလည်း မှတ်မိသိရှိပါ၏။ (သတိ အလွန်ကောင်းပါသည်-ဟူလို။) (၁) ရဟန်းပြုခဲ့သည်မှာလည်း ကြာမြင့်လှပါပြီ။ (၂) ရှည်ကြာသောအခွန့်(ကာလ)သို့ ရောက်ခဲ့ပါပြီ။ (ရဟန်းပြုပြီးနောက်မှ မင်း ၂-ဆက် ၃-ဆက်ပင် ပြောင်းခဲ့ပါပြီ-ဟူလို။) (၃) ယခုအခါ နောက်ဆုံးအရွယ်သို့လည်း ရောက်နေပါပြီ။

အရှင်မင်းမြတ်သည် (နောက်လိုက် နောက်ပါ ဂိုဏ်း သံဃာနှင့် ပြည့်စုံ၍ လူအများက သူတော်ကောင်းဟု အသိအမှတ် ပြုထားသော ဆရာကြီးထံ ချဉ်းကပ်ရလျှင် မှားနိုင်ဘွယ် မရှိပါ။) ထို ဆရာကြီးထံ ချဉ်းကပ်တော်မူပါ။ ထိုဆရာကြီးထံ ချဉ်းကပ်တော်မူပါလျှင် အရှင် မင်းမြတ်၏ စိတ်ဓာတ်တော် ကြည်လင်လာစရာ ရှိပါသည်။ ဤသို့ သံတော်ဦးတင်လေရာ (ရှေးအခါကပင် ချဉ်းကပ်၍ ပြဿနာ မေးဘူး သောကြောင့် ပူရဏ၏ အကြောင်းကို သိပြီးဖြစ်ရကား ထိုအမတ်၏

---

**မှတ်ချက်။** ။ရဟန်းပြု၍ မကြာသေးလျှင် တရားမဟုဿုတ ရှိဦးမည်မဟုတ်ဟု ထင်မည် စိုးသောကြောင့်ရင်း၊ ငယ်နေသေးလျှင်လည်း ယုံကြည် ဘွယ် မရှိဟု ထင်မည်စိုးသောကြောင့်ရင်း ''၁-၂-၃'' စကားတို့ကို ဆိုသည်။

ညွှန်ကြားချက်ကို မနှစ်သက်သော) အဇာတသတ်မင်းသည် ဦးခေါင်း မညိတ် နှုတ်သံပိတ်၍ တိတ်ဆိတ်စွာ နေတော်မူလေသည်။

အမှာ။ ။ဤနည်းအားဖြင့် မာက္ခလိဂေါသာလ စသော ဆရာကြီး ၅-ဦး၏ တပည့်ဒါယကာ အမတ်တို့လည်း အသီးအသီး မိမိတို့ ဆရာကြီးထံ ချဉ်းကပ်ရန် သံတော်ဦး တင်ကြလေသည်။ အဇာတသတ်မင်းကား ထို ဆရာကြီးများထံ သွားလိုသော ကြောင့် "သမဏဗြာဟ္မဏ အမည်ခံ အဘယ်ပုဂ္ဂိုလ်ထံ ချဉ်းကပ် ရပါမလဲ"ဟု မိန့်သည်မဟုတ်။ ဘုရားအထံသွားဘို့ရန် သမား တော် ဇီဝက၏ သံတော်ဦးတင်သံကို နားခံလိုသောကြောင့်သာ မိန့်တော်မူခြင်းဖြစ်သည်။ ထို့ကြောင့် ထိုအမတ်များကို စကား အတုံ့ မပြန်ဘဲ ဆိတ်ဆိတ်သာ နေတော်မူလေသည်။ သမားတော် ဇီဝကလည်း (ဤနေရာဝယ် စျေးကိုင်သည့် အလား အခြား အမတ်များကဲ့သို့ ဗုဒ္ဓအထံ သွားဘို့ရန် မညွှန်ကြားဘဲ)ရှင်ဘုရင် က မေးမှသာ ညွှန်ကြားမည်ဟု စိတ်ကူးကာ တိတ်ဆိတ်စွာပင် နေလေသည်။

ထိုအခါ အဇာတသတ်မင်းသည် (တိုက်ရိုက် မမေးလျှင် သံတော်ဦး တင်ပုံမရသော) သမားတော် ဇီဝကကို မိမိက စ၍ ပြောရလေတော့ သည်။ "အဆွေတော်ဇီဝက....ဘာ့ကြောင့် တိတ်ဆိတ်စွာနေပါသလဲ။ (သူတို့ဆရာ၏ ဂုဏ်ကျေးဇူးတွေကို ပြောကြသော အမတ်များရဲ့စကား တွေဟာ ခံတွင်းမဆန့်လောက်အောင် ပြည့်သွားတာဘဲ။ သင့်မှာ ကျွန်ုပ် ခမည်းတော်ကြီးက ရာထူးစည်းစိမ် မပေးခဲ့လို့ မွဲတေနေသည့်အတွက် ကြောင့် ကိုးကွယ်ထားသော ဆရာ မရှိဘူးလား။ သို့မဟုတ် သဒ္ဓါတရား မရှိလို့လား-ဟု မေးလိုရင်းဖြစ်သည်။)

ထိုအခါ သမားတော် ဇီဝကသည် ("မိမိကို တိုက်ရိုက်မေးနေလျှင် တိတ်တိတ်နေဘို့ အချိန်အခါ မဟုတ်တော့"ဟု သဘောရ၍ အခြား အမတ်များကဲ့သို့ ရှင်ဘုရင်ကို လက်အုပ်ချီရင်း သံတော်ဦး မတင်ဘဲ ထိုင်ရာမှ ထပြီးလျှင် ဘုရားရှိရာဘက်သို့ လက်အုပ်ချီကာ) သံတော်ဦး တင်သည်မှာ—

အရှင်မင်းမြတ်.... ကိလေသာ အနှောက်အယှက်ကင်း၍ သန့်ရှင်းသော စိတ်တော်အစဉ်ဝယ် သိမြင်ဘွယ် အားလုံးကို ကုန်ဆုံးအောင် သိတော်မူသော ဉာဏ်တော်ကြောင့် "အရဟံ သမ္မာသမ္ဗုဒ္ဓ" ဟု ထင်ရှား ကျော်စောတော်မူသော အကျွန်ုပ်၏ ဆရာသခင် ဘုရားရှင်သည် အကျွန်ုပ်၏ ဥယျာဉ် ကျောင်းတိုက်တော်မှာပင် တထောင့်နှစ်ရာကျော် သံဃာတော်အပေါင်းနှင့်အတူ သီတင်းသုံးနေတော်မူပါသည်။

ဂေါတမနွယ်ဘွား သာကီဝင်မြတ်ဘုရား၏ ကောင်းသော ကျော်စောသံများလည်း အရဟံအစ ဘဂဝါအဆုံး ဂုဏ်တော်၉-ပါးလုံးဖြင့် ဘဝဂ်မဆန့် ပျံ့နှံ့တော်မူပါသည်။ ထို ဘုရားရှင်ထံ ချဉ်းကပ်တော်မူပါလျှင် အရှင်မင်းမြတ်၏ စိတ်ဓာတ်အစဉ်သည် ကြည်လင်ရွှင်ပျ၍ အေးမြတော်မူစရာ ရှိပါသည်။ ဤသို့ သံတော်ဦးတင်သောအခါ—

ဘုရင်။ ။ဗုဒ္ဓအထံတော်သို့ ချဉ်းကပ်ဘို့ သင့်တော်လျှင် ဆင်ယာဉ်များကို ကကြိုးတန်ဆာ ဆင်ပါစေ။

ဇီဝက။ ။ကောင်းပါပြီ မင်းမြတ်....ဤသို့ ဝန်ခံ၍ ဆင်ယာဉ်ငါးရာကို ကကြိုးတန်ဆာ ဆင်စေပြီးလျှင် ဘုရင်စီးတော်မူရန် ဆင်တော်ကိုလည်း အဆင်သင့် ပြင်စေပြီးနောက် "အားလုံး အသင့်ပြင်ပြီးပါပြီ။ ထွက်တော်မူချိန်ကိုသာ သိတော်မူပါ" ဟု သံတော်ဦးတင်လေသည်။

## ဘုရားအထံတော်သို့ ထွက်လာခန်း

ထိုအခါ အဇာတသတ်မင်းသည် ဆင်မယာဉ်သာ ငါးရာတို့၌ အသီး အသီး မောင်းမ (နန်းတော်သူ) များကို စီးစေ၍ ကိုယ်တိုင်လည်း စီးတော်ဆင်သို့ တက်တော်မူပြီးလျှင် မီးရှူး မီးတိုင်တို့ကို တပြိုင်နက် ထွန်းလင်းစေကာ ကြီးကျယ်စွာသော မင်းအခမ်းအနားဖြင့် ရာဇဂြိုဟ် မြို့တော်မှ သမားတော် ဇီဝက၏ သရက် ဥယျာဉ်သို့ ထွက်တော် မူလေ သည်။ ထိုသို့ ထွက်တော်မူလာသော မင်းသည် သရက်ဥယျာဉ် အနီးသို့ ရောက်လျှင် ကြောက်ရွံ့ တုန်လှုပ်ကာ ကြက်သီး ထလာသဖြင့် ဇီဝကကို ပြောဆိုသည်မှာ*—

---

**မှတ်ချက်။** ။(၁) မြင်းယာဉ် ရထားယာဉ် တို့ထက် ဆင်ယာဉ်သည် သာ၍ ငြိမ်သက်၏။ ထို့ကြောင့် အရွယ်ကောင်းသော ဆင်မးငါးရာကို ပြင်ဆင် ထားသည်။ ညဉ့်အခါဖြစ်၍ ယောကျာ်းစစ်သားတို့ကို စိတ်မချသော ကြောင့် နန်းတော်သူ မိန်းမများကို စစ်သားယောင် ဆောင်စေ၍ စစ် လက်နက်များကို ကိုင်စေလျက် စီးစေသည်။ ဤအခမ်းအနားဖော်လုံး ကို (ရှင်ဘုရင်မခိုင်းဘဲ) သမားတော် ဇီဝက အလိုအတိုင်း ရှင်ဘုရင်မှာ ဘေးကင်းအောင် စီစဉ်ခြင်းဖြစ်သည်။ ထိုသို့ စီစဉ်ပြီးလျှင် မတော်တဆ ဘေးရန်ပေါ်လာလျှင် သူ့အသက်ကို စွန့်၍ ကယ်တင်မည်ဟု ကြံစည် လျက် ဘုရင့်အနီးမှ သမားတော် ကိုယ်တိုင် စောင့်ကြပ် လိုက်ပါသွား လေသည်။

*မြို့တော်မှထွက်၍ သရက်ဥယျာဉ်အနီးသို့ ရောက်သောအခါ လိုက်ပါ လာသော ပရိသတ်များသည်း အလွန်တိတ်ဆိတ်စွာ ပါလာကြ၏။ ဆင်များ၏ ခြေသံကိုမျှလည်း မကြားရ။ ဥယျာဉ်တော်၌ တထောင့် နှစ်ရာကျော် သံဃာတော်ရှိသည်ဟု ဆိုပါလျက် ဘာသံမျှ မကြားရ။ မင်း၏ အနီးအပါး၌လည်း ဇီဝကမှတပါး ယောကျာ်း တယောက်မျှ အစောင့်အရှောက်မရှိ။ ထိုသို့ ဆိတ်ငြိမ်လွန်းလှ၍ ကြက်သီး တထထနှင့် ကြောက်ရွံ့လှသည့်ပြင် ဇီဝကကိုပင် (ခမည်းတော်သတ်ဘူးသော မိမိနှင့် နှိုင်းကာ မိမိကိုသတ်ဘို့ ကြံရေ့သလားဟု) မယုံသင်္ကာ ဖြစ်နေရှာ လေသည်။

ဘုပျင်။ ။ဘယ့်နှယ်လဲ အဆွေဇီဝက .... ငါ့ကို မလျှည့်စားတာမှ ဟုတ်ရဲ့လား။ ငါ့ကို သွေးဆောင်ဖျားယောင်းပြီး မခေါ်ခဲ့တာမှ ဟုတ်ရဲ့လား။ ငါ့ကို ရန်သူများလက်သို့ မအပ်တာမှ ဟုတ်ရဲ့လား။ ဘယ့်နှယ် .... ထောင့်နှစ်ရာကျော်လောက် ရှိတယ်ဆိုတဲ့ ရဟန်း သံဃာတော်များရဲ့ ချေဆတ်သံကလေးမျှ မကြားရပါကလား။ စကားစုပြောတဲ့ အသံကလေးမျှ မကြားရပါကလား။

ဇီဝက။ ။မဟာရာဇာ.... ကြောက်ရွံ့တော်မမူပါနှင့်။ မဟာရာဇာ.... ကြောက်ရွံ့တော်မမူပါနှင့်။(အားပေးသော စကားဖြစ်၍ ၂-ကြိမ် ထပ်ပြောလေသည်။) အရှင်မင်းမြတ်ကို ကျွန်ုပ် မလှည့်ပတ်ပါ။ ဖြားယောင်း သွေးဆောင်ခဲ့ခြင်း မဟုတ်ပါ။ ရန်သူတို့ လက်သို့ အပ်နှင်းခြင်း မဟုတ်ပါ။ ရှေ့သို့တိုး၍ ကြွတော်မူပါ။ ရှေ့သို့တိုး၍ ကြွတော်မူပါ။ ဟို .... တန်ဆောင်းဝိုင်းမှာ မီးတွေ လင်းနေပါသည်။(ထိုနေရာ၌ ဘုရားအမှူးရှိသော သံဃာတော်များ ရှိပါလိမ့်မည်။ ရန်သူတို့ နေရာဆိုတာ မီးမလင်းနိုင်ပါ။ ရဲရဲကြီး ကြွတော်မူပါဟု သံတော်ဦး တင်လိုသည်။)

ထိုသို့ အားပေးသော အခါကျမှ (ကြောက်ရွံ့မှုကင်း၍ ရဲတင်းကာ) ဆင်တော်ဖြင့် သွားနိုင်လောက်ရာ အရပ်တိုင်အောင် (ကျောင်းတိုက် တံခါးမုခ်နားအထိ) ဆင်တော်ဖြင့် သွားပြီးလျှင် ဆင်တော်မှ သက်ဆင်းလေသည်။ [ထိုသို့ သက်ဆင်းမိလျှင်ပင် ဘုရားရှင်၏ တန်ခိုးတော်ဓာတ်သည် မင်းသို့ အရှိန်ဟပ်မိလေရာ "ဖြစ်မှုတွေ များစွာပြုထားမိသော ဗုဒ္ဓအထံသို့ ချဉ်းကပ်ရတော့မှာပါတကား" ဟု တွေးလျက် ဇောချွေးတွေ ကျလာလေသည်။ ထို့ကြောင့် ဗုဒ္ဓရှိရာသို့ တိုက်ရိုက် မသွားရဲသေးဘဲ ဣန္ဒြေမပျက်အောင် ဇီဝကကို လက်ဆွဲ၍ ကျောင်းတိုက်ထဲသို့ ခြေကျင်လျှောက်ကာ ကျောင်းစဉ်လှည့်၍ ကြည့်သည့်ပမာ တောင်တောင်ကျီကျီ စကားတွေဖောပြီးမှ ("အဆွေတော် ဇီဝက....အသင်ပြုထားတဲ့ ကျောင်းတိုက်ဟာ သာယာပါပေရဲ့" စသည်ဖြင့် ချီးမွမ်းပြီးမှ )]တန်ဆောင်းဝိုင်း၏တံခါးအနီးသို့ ချဉ်းကပ်ပြီးကာ "အဆွေ ဇီဝက........ဘယ်မှာလဲ ဘုရားသခင်" ဟု မေးလေသည်။

(ဤမေးခြင်းကား-သိလျက်နှင့် မင်းစိုးရာဇာတို့၏ ဟန်ကြီးပန်ကြီး လုပ်ရိုးထုံးစံအတိုင်း မေးခြင်းဖြစ်သည်။ ထို့ကြောင့် သမားတော်က လည်း အနည်းငယ် မကျေနပ်ဟန်ဖြင့် ဘုရားဘက်သို့ လက်အုပ်ချီကာ)

"မဟာရာဇာ....အလယ်တိုင်ကို ကျောပေးတော်မူ၍ အရှေ့ဘက်သို့ မျက်နှာတော်မူကာ ဝန်းရံနေသော သံဃာတော်များ၏ ရှေ့တော် ဖျား၌ သီတင်းသုံးတော်မူသော ဤပုဂ္ဂိုလ်မြတ်သည် ဗုဒ္ဓမြတ်စွာပင် ဖြစ် ပါသည်"ဟု သံတော်ဦးတင်လေသည်။

ထိုအခါ အဇာတသတ်မင်းသည် (တန်ဆောင်းဝိုင်းအတွင်းသို့ ဝင် ကာ) ဗုဒ္ဓအနီးသို့ ချဉ်းကပ်၍ ရပ်ပြီးလျှင် (ဗုဒ္ဓနှင့် စကားစ၍ မပြောဝံ့ သောကြောင့်) အလွန်တိတ်ဆိတ် ငြိမ်သက်စွာ ထိုင်နေတော်မူသော သံဃာတော်များဘက်သို့ မျက်နှာလှည့်၍ ကြည့်လိုက်ရာ အလွန်ကြည်လင် သော ရေအိုင်ကို ကြည့်ရသကဲ့သို့ စိတ်ထဲ၌ အေးမြကြည်နူးရကား "သား တော် ဥဒယဘဒ္ဒမင်းသားသည် ဤအရှင်မြတ်များ ငြိမ်သက်တော်မူ သကဲ့သို့ ငြိမ်ငြိမ်သက်သက် ဖြစ်စမ်းစေချင်ပါဘိတကား"ဟု ရုတ်တရက် နှုတ်က ထွက်သွားလေသည်။

ဗုဒ္ဓမြတ်စွာ။ ။မဟာရာဇာ....သင်သည် ချစ်ခင်သော သားတော်ဆီသို့ (စိတ်အားဖြင့်) ရောက်သွားသကိုး။ [ဤကား ရှင်ဘုရင်ကို ရဲဝံ့ လာအောင် စကားစတော်မူလိုက်ခြင်း ဖြစ်သည်။]

ဘုရင်။ ။(ထိုအခါကျမှ ဘုရားအပေါ် စိတ်အားဖြင့် ရင်းနှီးရဲဝံ့ လာ၍) သားတော်ကို ချစ်ခင်လှပါသည်။ ဤသံဃာတော်များ ငြိမ်သက်တော်မူသကဲ့သို့ သားတော်လည်း ငြိမ်ငြိမ်သက်သက် ရှိစေချင်ပါသည်။ ဤသို့ လျှောက်ပြီးလျှင် ဗုဒ္ဓမြတ်စွာကို ရိုသေ စွာ ဝပ်ချ၍ သံဃာတော်များဘက်သို့ လက်အုပ်ကို ညွတ်စေ ကာ သင့်တင့်လျောက်ပတ်စွာ ထိုင်လေသည်။

# ဘုရားရှင်အား သာမညဖလကို
# မေးလျှောက်ခန်း

ဘုရင်။ ။(သင့်တော်သော အရပ်၌ ထိုင်နေပြီးနောက် ဘုရားရှင်အား လျှောက်သည်မှာ) ဘုရားသခင်သည် ပြဿနာဖြေဖို့ရာ အခွင့်ပြုတော် မူနိုင်ပါလျှင် (ပြဿနာဖြေဖို့ အချိန်ရပါလျှင်) ဒကာတော်သည် ဘုရားသခင်အား ပြဿနာ နည်းနည်းပါးပါး မေးလျှောက်ပါရစေဘုရား။

ဗုဒ္ဓ။ ။အလိုရှိတာကို မေးနိုင်ပါတယ် မဟာရာဇာ။

ဘုရင်။ ။လောက၌ အသက်မွေးဝမ်းကျောင်း အတတ်တွေ များစွာ ရှိပါသည် ဘုရား။ ထိုအတတ်များကို တတ်သိကျွမ်းကျင်သူတွေမှာ—

ဟတ္ထာရောဟာ=(ဆင်ကိုစီးတတ်, စီးစေတတ်သော)ဆင်စီးသူရဲကောင်း, ဆင်ဆရာ, ဆင်ဆေးဆရာ, ဆင်ထိန်း, ဆင်စာကျွေးသူများ၊

အဿာရောဟာ = (မြင်းကို စီးတတ်, စီးစေတတ်သော) မြင်းစီး သူရဲကောင်း, မြင်းဆရာ, မြင်းဆေးဆရာ, မြင်းထိန်း, မြင်းစာကျွေးသူများ၊

ရထိကာ = (ရထား၌ယှဉ်သော) ရထားစီး သူရဲကောင်း, ရထားစီး အတတ်ကို သင်ပြသော ဆရာ, ရထားထိန်း, ရထားပြင်သူများ၊

ဓနုဂ္ဂဟာ=(လေးကို စွဲကိုင်သူ, စွဲကိုင်စေသူ) လေးအတတ်ကို သင်ပြသော ဆရာ, လေးသမားများ၊

စေလကာ = (စေလေန + အကန္တိ=အဝတ် အောင်လံဖြင့် စစ်တိုက်ရာသို့ သွားကြသူ) အောင်လံကိုင် သူရဲများ၊

စလကာ = ("ဤနေရာက မင်းနေရာ, ဤနေရာက မည်သည့်အမတ်ကြီး၏ နေရာ" စသည်ဖြင့် စစ်တိုက်ရာ၌ နေရာရွေ့ပေးတတ်, နေရာ ချထားတတ်) စစ်ဆင်တတ်သူများ၊

ပိဏ္ဍဒါယကာ = (ပိဏ္ဍ° = တဘက် စစ်သားအပေါင်း၏ ဦးခေါင်းကို။ ဆေတွာ= အသားတစ်ကွဲသို့ ဝါ၊ ထန်းသီးခိုင်ကဲ့သို့ ဖြတ်၍၊ ဒယန္တိ=ခုန်ထွက်လာနိုင်ကုန်၏။) တဘက် စစ်သားအပေါင်း၏ ဦးခေါင်းကို ထန်းသီး သားတစ် အလားဖြစ်အောင် ဖြတ်တောက် ခုန်ထွက်လာနိုင်သော သူရဲကောင်းများ၊ [တနည်း-ပိဏ္ဍေ ဒယန္တိ =ကျပ်တည်း ကျဉ်းမြောင်းသော စစ်သားအပေါင်း၌ (ထမင်း ပေးဘို့ရာ) ခုန်ဝင်၍သွားနိုင်သော ရိက္ခာထောက် စစ်သားများ။]

ဥဂ္ဂါရာဇပုတ္တာ=စစ်မြေပြင်၌ ထင်ပေါ်ကျော်ကြားသော မင်းသားများ၊

ပက္ခန္ဒိနော=(မည်သူ၏ဦးခေါင်း၊ သို့မဟုတ် လက်နက်ကို အရယူချေ-ဟု အထက်ဗိုလ်ကြီးက ညွှန်ပြလိုက်လျှင် စစ်မြေပြင်သို့) ပြေးဝင် ဆောင်ယူနိုင်သော သူရဲကောင်းများ၊

မဟာနာဂါ=ဆင်ပျောင်ကြီးအလား ကြီးမားသော အားခွန်ဗလ လုံ့လ ဝီရိယနှင့် ပြည့်စုံသော သူရဲကောင်းကြီးများ၊

သူရာ=တယောက်တည်း အရဲစွန့်ဝံ့သော သူရဲကောင်းများ၊

စမ္မယောဓိနော=သားရေဝတ်လုံကို ဝတ်၍ (သားရေမြားကာကို ကိုင်၍) စစ်တိုက်သော သူရဲကောင်းများ၊

ဒါသိကပုတ္တာ = အိမ်ကျွန်မ၏ သားများ၊ (အိမ်တွင် ပေါက်ဖွားသဖြင့် သခင့်အပေါ် အချစ်အားကြီး၍ သခင့်အတွက် အသက်ကို စွန့်ရဲဝံ့သော သူရဲကောင်းများ၊) [ဤမျှသော စကားအစဉ်ဖြင့် စစ်မှုထမ်း၍ အသက်မွေးကြသော သူရဲကောင်းများကို ပြသည်။]

အာဠာရိကာ= (စဖိုအိမ်၌ ယှဉ်သူ)မုန့်လုပ်၍ ရောင်းသူများ၊

ကပ္ပကာ= ဆတ္တာသည်များ၊ [ဆံပင် လက်သည်း ခြေသည်းတို့ကို ပြုပြင်၍ တန်းဆာဆင်ပေးတတ်သူများ၊]

နှာပကာ=(ဆပ်ပြာမှုန့်ဖြင့် ရေချိုးပြီးလျှင် လိမ်းဘို့ရာ နံ့သာမျိုးစုံယူ၍) ရေအင့်ါ ချိုးပေးတတ်သူများ၊

သူဒါ=စဖိုသည်များ၊ (ထမင်းချက်သမားများ။)

မာလာကာရာ=ပန်းသည်များ၊

ရဇကာ=ကာဝါသည်(ပင်းမင်းဆိုးသူများ)၊
ပေသကာရာ=ယက္ကန်းအလုပ်သမားများ၊
နဠကာရာ=ကျူထရံသည်များ၊ (ထရံရက် ကတ်ရက် ဖျာရက်သူများ။)
ကုမ္ဘကာရာ=အိုးထိန်းသည်များ၊ (ပန်းကန် အိုးခွက်လုပ်သူများ။)
ဂဏကာ=ဂဏန်းကျမ်း တတ်သူများ၊
မုဒ္ဒိကာ=လက်ချိုး၍ ရေတွက်တတ်သူများ၊
ထိုအတတ်မျိုးမှတပါး အသက်မွေးမှုနှင့် ဆိုင်သော ပန်းဘဲ, ပန်းချီ, ဆင်စွယ်ပွတ် အတတ်သည်စသည်များ။

ထိုသူတို့သည် ဒိဋ္ဌဓမ္မ (ယခုဘဝ) ၌ပင် အတတ်ပညာ၏ အကျိုးကို မှီ၍ အသက်မွေးနိုင်ကြပါသည်။ သူတို့သည် ထိုအတတ်ဖြင့် မိမိကိုယ်ကိုရင်း၊ မိဘတို့ကိုရင်း၊ သားမယားတို့ကိုရင်း၊ မိတ်ဆွေ သူငယ်ချင်းတို့ကိုရင်း (စားရေး သောက်ရေး နေထိုင်ရေး ပေါင်းသင်း ဆက်ဆံရေးမှ စ၍ အဆင်ပြေအောင်) ချမ်းသာစေနိုင်ပါသည်။ အားခွန်ဗလတိုး၍ ဝဖြိုးစေနိုင်ပါသည်။ (သမဏ ဗြာဟ္မဏ အမည်ခံ၍ ကျင့်ကြံ နေကြသော သူတော်ကောင်းတို့၌) အထက် နတ်ပြည်ရောက်ကြောင်း ကောင်းကျိုး ရမည့် ကုသိုလ်ဟူသမျှကိုလည်း တည်စေနိုင်, လှူဒါန်းနိုင်ကြပါသည်။

ထိုအတတ်ရှင်များ ဒိဋ္ဌအကျိုး ခံစားကြရသကဲ့သို့ ထို့အတူ ရသေ့ ရဟန်း ပြုခြင်းအတွက် ယခုဘဝမှာပင် လက်တွေ့အကျိုးပြနိုင်စရာ ရှိပါ ရဲ့လားဘုရား။ [သေပြီးနောက်မှ ရမည်ဆိုသော အကျိုးထက် ရသေ့ ရဟန်းပြုမှုကြောင့် ယခုလက်တွေ့ ရနိုင်သော အကျိုးကို လျှောက်ထား လိုရင်းဖြစ်သည်။]*

---

**မှတ်ချက်။** ။*ဤပြဿနာကို ဖြေဆိုရာ၌ သာမာန်ပုဂ္ဂိုလ်များ မြင်နေသလို (ရှိသေခံရခြင်း, အဝတ်အစား နေရာထိုင်ခင်းများကို အဆင်သင့် ရရှိခြင်း စသော) ယခုကာလ အကျိုးများကို ဖြေဆိုရုံမျှဖြင့် ကျေနပ်မည် မဟုတ်ချေ။ တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်နေသော အဇာတသတ်မင်းသည် ဘောဂဗေဒ အတွေးမျိုးစုံဖြင့် တွေးကာ ရသေ့ ရဟန်းများအပေါ်၌ တိုင်းသူ ပြည်သားတို့ လေးစားချင် ပေးလှူချင်စရာ အချက်များကို လွန်စွာ သိလိုရှာပေသိမ့်မည်။

## တိတ္ထိဆရာကြီးများဖြေပုံကို လျှောက်ထားခြင်း

ဗုဒ္ဓ။ ။မဟာရာဇာ.... ဤပြဿနာကို အခြားသော ရဟန်း ပုဏ္ဏားတို့အား မေးဘူး သေးသလား။ မေးဘူးတဲ့ အကြောင်းကိုလည်း မှတ်မိရဲ့လား။

ဘုရင်။ ။ဤပြဿနာကို အခြား ရဟန်း ပုဏ္ဏားတို့အား မေးဘူးပါသည်။ မေးဘူးတဲ့ အကြောင်းကိုလည်း မှတ်မိပါသည် ဘုရား။

ဗုဒ္ဓ။ ။သူတို့က ဘယ်လိုဖြေကြသလဲ။ ပြောဘို့ရန် ဝန်မလေးလျှင် သူတို့ အဖြေကို ပြောပြစမ်းပါ။

ဘုရင်။ ။ဗုဒ္ဓမြတ်စွာဖြစ်စေ၊ ဗုဒ္ဓမြတ်စွာတို့လို (သဘောထားကြီးသော) ပုဂ္ဂိုလ်ဖြစ်စေ ရှိနေသော နေရာမျိုး၌ ပြောဘို့ရာ ဝန်မလေးပါ ဘုရား။*

ဗုဒ္ဓ။ ။မဟာရာဇာ.... သို့ဖြစ်လျှင် (ဝန်မလေးလျှင်) သူတို့အဖြေကို ပြောပြစမ်းပါ။

ဘုရင်။ ။ရှင်တော်ဘုရား....ဒကာတော်သည် အခါတပါး၌ပူရဏကဿပ ဆရာကြီးထံ ချဉ်းကပ်ခဲ့ဘူးပါသည်။ ချဉ်းကပ်ပြီး၍ ဝမ်းမြောက်ဘွယ် မမေ့နိုင်ဘွယ် စကားများကို ပြောခဲ့ပါသည်။ ထိုသို့ပြောဆိုပြီးနောက် သင့်တင့်စွာ [illegible]နေပြီး၍ ဤပြဿနာကိုမေးခဲ့ပါသည်။ (ဗုဒ္ဓအထံမေးသော ပြဿနာများကိုပင် မေးသည်။)

ဒကာတော်က ရသေ့ရဟန်း ပြုလုပ်ရခြင်း၏ ယခုဘဝ ဒိဋ္ဌဓမ္မ အကျိုးကို မေးသောအခါ "ကရောတော ခေါ မဟာရာဇ ကာရယတော= မဟာရာဇာ (ဘာအလုပ်မဆို) ကိုယ်တိုင်ပြုလုပ်သည် ဖြစ်စေ၊ သူတပါးကို ပြုလုပ်ဘို့ရန် စေခိုင်းသည် ဖြစ်စေ ပြုရာမရောက်၊ ပြုလုပ်သည်မမည်" (ဤသို့ စသည်ဖြင့် နိဒါန်း၌ ပြခဲ့ပြီးသော ပူရဏ၏ အယူဝါဒတွေကို ပြန်၍ လျှောက်သည်။)

---

*သဘောထား မကြီးသူတို့သည် သူတပါးပြောသောစကား၌ စကားလုံးတိုင်း အပြစ်ရှာတတ်ကြ၏။ သဘောထားကြီးသူတို့ကား မှန်လျှင် ချီးမွမ်း၍ မှားလျှင် ပြုပြင်ပေးကြ၏။ ထို့ကြောင့် ဤစကားကို လျှောက်ခြင်းဖြစ်သည်။

အဲသည် အတိုင်းပါဘဲ ဘုရား။ ဒကာတော်က ရသေ့ရဟန်းပြုခြင်း၏ ဒိဋ္ဌ အကျိုးမေးပါလျက် အကြိယ (ဘာလုပ်လုပ်။ လုပ်ရာမရောက်)ဟု ပြောပါသည်။ ဥပမာ လျှောက်ရလျှင် သရက်သီးအကြောင်းကို မေးပါလျက် လဗုဇ[၁](တောင်ပိန္နဲသီး) အကြောင်းကို ဖြေသလို ဖြစ်နေပါ၏။

ဤသို့ မဆီမဆိုင် ဖြေသောအခါ (တိုင်းပြည်မှ နှင်ထုတ်ချင်လာအောင် စိတ်ဖြစ်ပါသော်လည်း ထိုစိတ်ကို ချုပ်တည်း၍) "တိုင်းပြည်၌ နေထိုင်သူ အားလုံးအပေါ်မှာ သာတူညီမျှ အုပ်ချုပ်နေသော ငါလို မင်းတယောက်က နိုင်ငံတော်မှာ နေတဲ့ ရသေ့ရဟန်း (ပုဏ္ဏား) တယောက်ကို ခြိမ်းခြောက် နှင်ထုတ်ထိုက်တယ်လို့ စိတ်ထဲမှာတောင် အမှတ် မထားပါဘူးလေ" ဟု စဉ်းစားမိခဲ့ပါသည်။

ထိုသို့ စဉ်းစားကာ "ပူရဏကဿပ၏ စကားကို နှစ်သက် ကျေနပ်သော အမူအရာလည်း မပြခဲ့ပါ။ မနှစ်သက်သော်လည်း မကန့်ကွက်ခဲ့ပါ။ ဒီလိုနဲ့ဘဲ စိတ်ထဲမှာ မကျေနပ်ပါလျက် မကျေနပ်သော စကားကို တခွန်းမျှ မပြောဘဲ သူ့စကားကို အနှစ်သာရဟုလဲ မစွဲယူ မမှတ်ထားဘဲ (ဣန္ဒြေမပျက်) " နေရာမှ ထ၍ ပြန်လာခဲ့ပါသည်။[၂]

ထို့နောက် မာက္ခလိဂေါသာလ ဆရာကြီးထံ ချဉ်းကပ်၍ သာမညဖလကို မေးလျှောက်သောအခါ အဟေတုကဝါဒ ဟောပြောလိုက်ပုံကိုရင်း၊ အဇိတဆရာကြီးထံ ချဉ်းကပ်၍ မေးလျှောက်သောအခါ နတ္ထိကဝါဒ (တနည်း-သတ္တဝါသေလျှင် ပြတ်တော့၏ ဟူသော ဥစ္ဆေဒဝါဒ)

---

**မှတ်ချက်**။ ။(၁) "လဗုဇ" ပါဠိကို "တောင်ပိန္နဲပင်"ဟု နိဿယပြန်ကြ၏။ ထိုအပင်သည် ရိုးရိုး ပိန္နဲပင်နှင့် ဆင်တူရိုးမှား ဖြစ်၏။ တချို့အရပ်၌ "တောင်မိန်း" ဟု ခေါ်၍ တချို့အရပ်၌ "ပေါင်ပင်" ဟု ခေါ်ကြသတတ်။

(၂) ဤအချက်ကို တိုင်းပြည်အုပ်ချုပ်သော ရာထူးရှင်တိုင်း အတုယူဘွယ် ကောင်းလှပေသည်။

ဟောပြလိုက်ပုံကိုဒင်း၊ ပကုဓဆရာကြီးထံ ချဉ်းကပ်၍ မေးလျှောက်သောအခါ ဘယ်သူမှ မပြုလုပ်နိုင် မစီမံနိုင်သော အကဋဝါဒဟောပြလိုက်ပုံကိုဒင်း။ နိဂဏ္ဌဆရာကြီးထံ ချဉ်းကပ်၍ မေးလျှောက်သောအခါ စတုယာမသံဝရကို ဟောပြလိုက်ပုံကိုဒင်း၊ သဉ္စယဆရာကြီးထံ ချဉ်းကပ်၍ မေးလျှောက်သောအခါ အမရာဝိက္ခေပ ဝါဒကို ဟောပြလိုက်ပုံကိုဒင်း၊ ထိုဝါဒတွေကို ကြားရ၍ မကျေမနပ်ဖြစ်ခဲ့ပုံကိုဒင်း လျှောက်လေသည်။ [စာဖတ်သူတို့သည် ထိုဝါဒတွေကို ဤနေရာဝယ် အကျယ်ဖတ်ရှုနေရလျှင် ဗုဒ္ဓရှင်တော်၏ အဖြေမရောက်မီ ပျင်းရိ ငြီးငွေ့သွားမည်စိုးသောကြောင့် ထိုဝါဒများကို နိဒါန်းအစ၌ သွင်းပြခဲ့ရပေသည်။]

---

## သာမညဖလကို ဗုဒ္ဓရှင်တော် ဟောပြတော်မူခြင်း

ဘုရင်။ ။ထိုသို့ တိတ္ထိဆရာကြီး ၆-ယောက် အထံ၌ သာမညဖလ(ရသေ့ရဟန်း ပြုလုပ်ရခြင်း၏ အကျိုးရပုံ)ကို မေးလျှောက်သော်လည်း ကျေနပ်လောက်သော အဖြေကို မကြားခဲ့ရသော ဒကာတော်သည် ရှင်တော်မြတ်ဘုရားကိုလည်း ဤပြဿနာကို မေးလျှောက်ပါ၏။ ဆင်စီး သူရဲကောင်း စသောသူတို့သည် မိမိတို့ အတတ်ပညာဖြင့် မိမိကိုယ်ကိုဒင်း၊ မိဘတို့ကိုဒင်း၊ သားမယားကိုဒင်း၊ မိတ်ဆွေ သူငယ်ချင်းတို့ကိုဒင်း (စားသောက်နေထိုင် ဆက်ဆံရေးမှစ၍ အရာရာ၌ အဆင်ပြေလျက်) ချမ်းသာစေနိုင်ကြ, အင်အားတိုး၍ ဝဖြိုးစေနိုင်ကြ, သမဏ ဗြာဟ္မဏအမည်ခံသော သူတော်ကောင်းတို့၌ နတ်ပြည်ရောက်ကြောင်း ကောင်းမှု (ဒါနစသည်) ကို တည်တန့်စေနိုင်ကြသဖြင့် အတတ်ပညာ၏ အကျိုး

ကို ဤဘဝ၌ပင် လက်တွေ့ခံစားကြရသကဲ့သို့ ထို့အတူ ဤဘဝ၌ ရသေ့ရဟန်း ပြုလုပ်ခြင်း၏ လက်တွေ့အကျိုးကို ပြနိုင်ဘို့ ရှိပါ ရဲ့လား ဘုရား။

ဗုဒ္ဓ။ ။ ရသေ့ရဟန်း ပြုလုပ်ခြင်း၏ လက်တွေ့အကျိုးကို ပြနိုင်ပါတယ် မဟာရာဇာ....လက်တွေ့ အကျိုးကို သိရအောင် ဒကာတော်၏ ပြဿနာ၌ ဒကာတော်ကိုပင် ပြန်၍မေးမည်။ နှစ်သက်သလို (စိတ်ထဲမှာ ထင်သည့်အတိုင်း) ဖြေတာပေါ့။ ယခုပြန်၍ မေးမည့် အကြောင်းအရာကို ဘယ်လိုသဘောရသလဲ မဟာရာဇာ....

## ကျွန်ကိုဥပမာပြု၍

## ရဟန်းပြုရခြင်းအကျိုးကိုပြတော်မူပုံ

**ဝတ်ကျေသော ကျွန်** ဒကာတော်မှာ လုပ်ငန်းဆောင်တာကို မပျင်းမရိပြုလုပ်ပေးသော ကျွန်တယောက်ရှိတယ် ဆိုပါတော့။ (သူဟာ လူကောင်းတယောက် ဖြစ်လေတော့ ကျွန်၏တာဝန် ကျေပွန်စွာ) သခင်လာတာကို မြင်လျှင် ထိုင်ရာမှ မတ်မတ် ထပေးလေ့ရှိတယ်။ သခင်ထိုင်ပြီးမှ နေရာ၌ ပြန်၍ ထိုင်လေ့ရှိတယ်။ ဘာများလုပ်စရာ ရှိပါသလဲဟု မကြာခဏ မေးလေ့ရှိတယ်။ သခင်၏ နှစ်သက်ဘွယ်ကိုသာ ပြုကျင့်လေ့ရှိတယ်။ သခင် နှစ်သက်စရာ စကားကိုသာ ပြောလေ့ရှိတယ်။ သခင့်မျက်နှာကိုသာ ကြည့်လေ့ရှိတယ်။ ဤမျှလောက်သဘောကောင်း ဝတ်ကျေသော ကျွန်တယောက် ရှိတယ်ဆိုပါတော့။

**ကျွန်၏ စဉ်းစားပုံ** ထို ကျွန်ဖြစ်သူမှာ ဤသို့ စဉ်းစားမိရာ၏။ (အဘယ်သို့ စဉ်းစားမိရာသနည်း။) ကုသိုလ်ကောင်းမှုတို့ အကျိုးပေးပုံသည် အံ့ဩဘွယ် ကောင်းပါပေစွ။ ဝေဒေဟီ မိဖုရား၏ သားဖြစ်သော မဂဓတိုင်းကြီး၏ အရှင် ဘုရင် အဇာတသတ်မင်းလည်း လူပင်ဖြစ်၏။ ငါလည်းလူပါဘဲ။ (ထိုသို့ လူချင်းတူပါသော်လည်း) အဇာတသတ်မင်းမှာ ငါးပြားအာရုံ ကာမဂုဏ်စည်းစိမ်တွေကို နတ်မင်းတမျ

ခံစား စံစားနေရပေ၏။ ငါ့မှာတော့ သူ၏ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရသော ကျွန်ဖြစ်နေရသည်။ (ဤသို့ သူ၏ကံက ရှင်ဘုရင်ဘဝကို အကျိုးပေး၍ ငါ၏ကံက ကျွန်ဘဝအကျိုးကို ပေးသောကြောင့် ကုသိုလ်ကံ အကျိုးပေးပုံမှာ အံ့ဩဘွယ်ရာ ထူးဆန်းပါပေသည်- ဟူလို။)

ငါသည် (ယခုဘဝ၌) ကုသိုလ်ကောင်းမှုကိုပြုလျှင် နောင်ဘဝ၌ အဇာတသတ်မင်းလိုဘဲ ဖြစ်နိုင်စရာရှိ၏။ (သို့သော် ဒါနကိုသာပြုနေလျှင်တော့ အဇာတသတ်မင်း တနေ့တည်းလှူတဲ့ အလှူတော်ကို အပုံတရာပုံ၍ တပုံလောက်ကိုပင် တသက်လုံးလှူလို့ မှီနိုင်မည် မဟုတ်ချေ။ သို့ဖြစ်၍) "ငါသည်ဆံပင် မုတ်ဆိတ် ကျင်စွယ်တို့ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးအဝတ်ကို ဝတ်ကာ ရဟန်းပြုရလျှင် ကောင်းမှာဘဲ" ဟု စဉ်းစားမိလေ၏။ [ဤသို့ စဉ်းစားပြီးနောက် ရဟန်းပြုခြင်း ကိစ္စ အထမြောက်သွားပြီ ဆိုပါတော့။]

**ရဟန်းပြုပြီးနောက် တရားကျင့်ပုံ** ဤသို့ ရဟန်းပြုပြီးလျှင် ကိုယ်မှုဆိုင်ရာအကုသိုလ်များ မဝင်လာရလေအောင် ကိုယ်ခန္ဓာ တံခါးပေါက်ကို ပိတ်ဆို့၍ရှင်း၊ နှုတ်မှုဆိုင်ရာအကုသိုလ်များ မဝင်လာရအောင် အပြောအဆို တံခါးပေါက်ကို ပိတ်ဆို့၍ရှင်း၊ စိတ်မှုဆိုင်ရာ အကုသိုလ်များ မဝင်လာရအောင် စိတ်တံခါးပေါက်ကို ပိတ်ဆို့၍ရှင်း (ကိုယ် နှုတ် စိတ် ၃-ပါးကို သတိကြီးစွာ ထားလျက် စောင့်စည်း) နေထိုင်ရာ၏။ ထိုသို့ နေပြီးလျှင် စားလောက်ရုံ ဝတ်လောက်ရုံမျှသာ အဝတ်အစားဖြင့် တင်းတိမ်ရောင့်ရဲကာ အပေါင်းအဖော်မှ ဖဲခွါ၍ ဆိတ်ငြိမ်ရာအရပ်၌ တရားဖြင့်သာ မွေ့လျော်နေရာ၏။

ထိုသို့ ကျွန်တော်တယောက် ရဟန်းပြုသွား၍ တရားဖြင့် မွေ့လျော်နေတဲ့ အကြောင်းကို အခြား မင်းချင်း ယောကျ်ားတို့က ဒကာတော်အား သံတော်ဦးတင်လာလျှင် ဒကာတော်က "အဲဒီကျွန်ဟာ ပြန်လာပေစေ။ နဂိုအတိုင်း ကျွန်၏ ဝတ္တရားကို ဆောင်ရွက်ပေစေ"ဟု ဆိုမည်လား။ ဤသို့ ဗုဒ္ဓရှင်တော် မေးတော်မူလေသည်။

ဘုရင်။ ။"ပြန်လာစေ, ကျွန်အလုပ်ကို လုပ်မြဲ လုပ်စေ" ဟူသော ဤစကားမျိုးကို မဆိုသင့်တော့ပါ ဘုရား။ စင်စစ်မှာတော့- ထိုသို့ကောင်းမွန်စွာ နေထိုင်သော ရဟန်းကို ဒကာတော်တို့က ရှိခိုးကြဘို့, လာတာမြင်လျှင် ခရီးဦးကြိုကြဘို့, ဒီမှာထိုင်ပါ ဟု နေရာပေးကြဘို့, သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်း ၄-ပါး ဖြင့် အလိုရှိလျှင် အလှူခံပါဟု ဖိတ်မံထားကြဘို့, တရားနှင့် လျော်စွာ (လာမည့်ဘေးရန်ကို ကာကွယ်ခြင်း, တွေ့ကြုံနေရ သော ဘေးရန်လို တားမြစ်ခြင်းဖြင့်) အစောင့် အရှောက် စီမံ ပေးကြဘို့သာ ရှိပါသည်။*

ဗုဒ္ဓ။ ။မဟာရာဇာ.... ဒီလိုဆိုလျှင် (တရားနှင့် လျော်သော အစောင့် အရှောက် ပေး၍ ရိုသေလေးစားလျက် ပစ္စည်း ၄-ပါးဖြင့် ဖိတ်မံ လှူဒါန်းမည် ဆိုလျှင်) ရဟန်း ပြုလုပ်ခြင်း၏ သန္ဒိဋ္ဌိက (လက်တွေ့) အကျိုးရပြီလား။ မရသေးဘူးလား။

ဘုရင်။ ။ဒီလိုဆိုလျှင် (ရိုသေလေးစားလောက်အောင် နေထိုင်ဖော် ရ၍ ရိုသေလေးစား ခံရပါလျှင်) ရဟန်းပြုလုပ်ရခြင်း၏သန္ဒိဋ္ဌိက အကျိုးကို ကေန်ရပါပေသည် ဘုရား။

ဗုဒ္ဓ။ ။မဟာရာဇာ.... ရဟန်း ပြုရခြင်း၏ သန္ဒိဋ္ဌိက အကျိုးရပုံကို ပြသော ပဌမ သာမညဖလကို သင့်အား ငါဘုရား ဟောပြ ပြီး ဟောတော်မူအပ်ပြီ။

---

မှတ်ချက်။ ။*အချိန်မတော်သောအခါ ထင်းခွေ မြက်ရိတ် စသော တောမှု လုပ်သူ မိန်းမများ ကျောင်းတိုက်အတွင်းသို့ မဝင်ရ, တံငါ မုဆိုးများ ကျောင်းတိုက် အနီးအပါး၌ သားငါးများကို မဖမ်းမထောင်ရ စသည် ဖြင့် ဥပဒေပြု၍ စောင့်ရှောက် တားမြစ်ခြင်းကို တရားနှင့် လျော်စွာ အစောင့်အရှောက်ပေးခြင်း ဟု ခေါ်၏။ ယခုအခါ လွတ်လပ်ပြီးသော နိုင်ငံတော်အစိုးရလည်း အထင်အရှား ဆင့်ဆို၍ စောင့်ရှောက်သင့် သည်။

# လယ်သမား ဥပမာဖြင့်
# ရဟန်းပြုရခြင်းအကျိုးကို ပြတော်မူပုံ

ဘုရင်။ ။ဤနည်းနှင့် အလားတူ ဒိဋ္ဌအကျိုးရသော အခြား သာမညဖလ (ရဟန်းပြုရကျိုး) ကိုလည်း ဟောပြ ပညတ်တော်မူခြင်းငှါ ဖြစ်နိုင်သေးရဲ့လား ဘုရား [''ပဌမ'' ဟူသော စကားကို ထောက်၍ နောက်တမျိုးကို မေးလျှောက်ခြင်းဖြစ်သည်။]

ဗုဒ္ဓ။ ။မဟာရာဇာ.... အခြား သာမညဖလ တမျိုးကိုလည်း ဟောပြ ပညတ်တော် မူခြင်းငှါ ဖြစ်နိုင်သေး၏။ ဤပြဿနာ၌ ဒကာ တော်ကိုပင် ပြန်၍ မေးဦးမည်။ စိတ်ထဲ၌ နှစ်သက်သလို ဖြေ တာပေါ့။ ယခု မိန့်တော်မူမည့် အကြောင်းအရာကို ဘယ်လို သဘောရသလဲ။

**လယ်သမား စဉ်းစားပုံ** ဤလောက၌ ဒကာတော်၏ အခွန် အတုတ်ကို ပြု လုပ်၍ ဒကာတော်၏ ဥစ္စာအစုကို တိုးပွါးအောင် ပြုနေသော လယ်သမား အိမ်ပိုင်ရှင် (တအိမ်သာ ပိုင်သူ) တယောက် ရှိတယ်ဆိုကြစို့။ သူသည် တနေ့သောအခါ စဉ်း စားမိရာ၏။ (ဘယ်သို့ စဉ်းစားသနည်း။) ကုသိုလ်ကောင်းမှုတို့၏ ဖြစ်ပုံ, ကုသိုလ်ကောင်းမှုတို့၏ အကျိုးပေးပုံသည် အံ့ဩဘွယ် ကောင်းပါပေစွ။ ထူးဆန်းပါပေစွ။ ဝေဒေဟီ မိဖုရား၏ သားတော်ဖြစ်သော မဂဓ တိုင်း ကြီး၏ အရှင် ဘုရင် အဇာတသတ်မင်းလည်း လူပင် ဖြစ်၏။ ငါလည်း လူပါဘဲ။ (ထိုသို့ လူချင်းတူပါသော်လည်း) အဇာတသတ်မင်းမှာ ငါး ဖြာ အာရုံ ကာမဂုဏ် စည်းစိမ်တွေကို နတ်မင်းတမျှ ခံစား စံစားနေရ ပေ၏။ ငါ့မှာတော့ သူ့ကို အခွန်ဆက်သ၍ သူ၏ဥစ္စာ စပါးအစုကို တိုးပွါးအောင် လုပ်ပေးရသော လယ်သမား ဖြစ်နေရသည်။ (ဤသို့ သူ၏ကံက ရှင်ဘုရင်ဖြစ်အောင် အကျိုးပေး၍ ငါ၏ကံက လယ်သမား ဖြစ်အောင် အကျိုးပေးသောကြောင့် ကုသိုလ်ကံ အကျိုး ပေး ပုံ မှာ အံ့ဩဘွယ်ရာ ထူးဆန်းပါပေသည်-ဟူလို့။)

ငါသည် ယခုဘဝ၌ ကုသိုလ်ကောင်းမှုကို ပြုလျှင် (နောင်ဘဝ၌) အဇာတသတ်မင်းလို ဖြစ်နိုင်စရာ ရှိ၏။ (သို့သော် ဒါနကိုသာ ပြုနေလျှင်တော့ အဇာတသတ်မင်း တနေ့တည်းလူ့တဲ့ အလှူတော်ကို အပုံတရာပုံ၍ တပုံလောက်ကိုပင် တသက်လုံးလှူလို့ မှီနိုင်မည် မဟုတ်ချေ။ သို့ဖြစ်၍) "ငါသည် ဆံမုတ်ဆိတ်ကျင်စွယ်ကို ရိတ်ပယ်၍ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ကာ ရဟန်းပြုရလျှင် ကောင်းမှာဘဲ" ဟု စဉ်းစားမိရာ၏။ ဤသို့ စဉ်းစားပြီးနောက် မိမိမှာရှိသော (နည်းသည် ဖြစ်စေ၊ များသည်ဖြစ်စေ) စည်းစိမ်ဆွေမျိုးတွေကို စွန့်လွှတ်၍ ရဟန်း ပြုခြင်းကိစ္စ အထမြောက်သွားပြီ ဆိုပါတော့။

ဤမှ နောက်၌ စောင့်စည်း နေထိုင်ပုံ၊ မင်းက ရိုသေ လေးစား၍ ပစ္စည်း ၄-ပါးဖိတ်ပုံ၊ အစောင့် အရှောက် ခံရပုံ၊ ရဟန်းပြုရ ခြင်း၏ လက်တွေ့ အကျိုးရကြောင်း မိန့်တော်မူပုံတို့မှာ ကျန်ဘဝမှ ရဟန်းပြုလာသူ အတိုင်းပင်တည်း။ ဤ အားလုံးကို မိန့်တော်မူ၍ "မဟာရာဇာ.... ရဟန်းပြုရခြင်း၏ အကျိုးကို ပြသော ဒုတိယ သာမညဖလကို သင့်အား ငါဘုရား ဟောပြ ပညတ်တော် မူအပ်ပြီ" ဟု မိန့်တော်မူသည်။

---

## သာ၍အထက်တန်းကျသော
## ရဟန်းပြုရခြင်း အကျိုးကို ပြတော်မူပုံ

ဘုရင်။ ။ဤအကျိုးတို့ထက် အလွန်နှစ်သက်အပ်၊ သာ၍မွန်မြတ်သော အခြားတမျိုး ရဟန်းပြုရ ကျိုးကိုလည်း ဟောပြ ပညတ်တော်မူခြင်းငှါ ဖြစ်နိုင်ပါသေးရဲ့လား ဘုရား။

ဗုဒ္ဓ။ ။ဖြစ်နိုင်ပါသေးတယ် မဟာရာဇာ....သာ၍အထက်တန်းကျသော ရဟန်းပြုရကျိုးကို သိလိုလျှင် ဟောပြတော်မူမည်။ ကောင်းမွန်စွာ နာယူပေတော့။

## ဘုရားပွင့်တော်မူလာပုံ

မဟာရာဇာ....ဤလောက၌ "တထာဂတ" အမည်ရသော ဘုရားသည် တခါတရံမှသာ ဖြစ်ပေါ်လာနိုင်၏။ ထိုဘုရားသည်—

(၁) ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးသန့်စင်၍ အမြဲကြည်လင်တော်မူသောကြောင့် "အရဟံ" ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

(၂) ထို ကြည်လင်သော စိတ်တော်တွင် အလုံးစုံ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော် ပါဝင်နေသောကြောင့် "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

(၃) ထိုကဲ့သို့ စိတ်ကြည်လင်၍ ထူးခြားသော ဉာဏ်တော်ကို ရဘို့ရန် အခြေခံဖြစ်သော အသိဉာဏ်ဝိဇ္ဇာနှင့် ကိုယ်ကျင့် စရဏပြည့်ဝတော်မူသောကြောင့် "ဝိဇ္ဇာစရဏသမ္ပန္န" ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

(၄) ထို ဝိဇ္ဇာနှင့် စရဏတို့သည် ယခုဘဝကျမှ ပြည့်ဝသည် မဟုတ်။ ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တသိန်းလောက်က စ၍ ဝိဇ္ဇာစရဏ၏ အခြေခံဖြစ်သော ပါရမီကောင်းမှုများကို စုဆောင်းတော်မူကာ ကောင်းစွာ ကြွခဲ့သောကြောင့် "သုဂတ" ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

(၅) ထိုကဲ့သို့ ပါရမီ ကောင်းမှုများကို အခြေခံထား၍ ဝိဇ္ဇာစရဏ ပြည့်ဝတော်မူလေရာ ကိလေသာ အညစ်အကြေးတို့ လုံးဝ ကင်းစင်လျက် အမြဲ ကြည်လင်သော စိတ်တော်ဝယ် ကြီးကျယ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် ကမ္ဘာလောက၌ သိထိုက်သော အရာဌာန ဟူသမျှကို ဆုံးစကုန်စင် သိမြင်တော်မူသောကြောင့် "လောကဝိဒူ" ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။*

---

*မှတ်ချက်။ ။သိထိုက်သောအရာများကား -သတ္တဝါတို့၏ ရုပ်ခန္ဓာဖြစ်ပုံ စိတ်ဖြစ်ပုံနှင့်တကွ သတ္တဝါအမျိုးမျိုး, ထိုရုပ် ထိုစိတ်တို့၏ အကြောင်းနှင့်တကွ ဖြစ်ပုံ,ပျက်ပုံ, သတ္တဝါတို့ တည်နေရာ ကမ္ဘာလောက ဘုံဌာန အမျိုးမျိုးတည်း။

(၆) ထိုလောကဝိဒူ ဂုဏ်တော်ကြောင့် တရား ဟောသင့် ဆုံးမသင့်သော သတ္တဝါကို တွေ့မြင်တော်မူသောအခါ ဒိဋ္ဌသေရေး ဒုက္ခဘေးတို့ဖြင့် ခြိမ်းခြောက်၍ဟောပြောမှ တရားရမည့်သူဖြစ်လျှင် ခြိမ်းခြောက်၍ပင် ဟောတော်မူ၏။ သူ၏ သဒ္ဓါတရားနှင့် အသိဉာဏ်ပညာတို့ တိုးမြင့်လာအောင် ဟောမှ တရားရမည့်သူဖြစ်လျှင် တိုးမြင့်လာအောင်ပင် ဟောတော်မူ၏။ (သူနာ၏ရောဂါကို အခြေအမြစ်နှင့်အကွ ပိုင်ပိုင်နိုင်နိုင် နားလည်ပြီးသော သမားတော်ကြီးသည် ခွဲစိတ်ကုသတန်လျှင် ခွဲစိတ်ကုသ၍ ဆေးတိုက်တန်လျှင် ဆေးတိုက်ကုသ သကဲ့သို့တည်း။)

ထိုသို့ ဟောပြရာ ဝယ် အောက် အခြေခံ သီလမှ မလုံခြုံသေးသူကို ငါးပါးသီလမျှ လုံခြုံအောင်, ငါးပါးသီလ လုံခြုံပြီးသူကို ထို့ထက်မြင့်သောသီလနှင့် ဈာန် ၆-ပါး မပေါက်ကြားအောင် စသည်ဖြင့် အဆင့်ဆင့် တိုးတက်၍ ဆုံးမတော်မူလေရာ မရေမတွက်နိုင်သော လူနတ်ပြဟ္မာ သတ္တဝါတို့ ကိလေသာရောဂါ ကင်းစင်၍ သန့်ရှင်းသော အရိယာများ ဖြစ်ကြလေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်သည် "အနုတ္တရောပုရိသဒမ္မသာရထိ=ဆုံးမထိုက်သော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှု၌ အတုမရှိ

---

ထို့ကြောင့် သတ္တဝါတယောက်ကို တွေ့လျှင် (အလွန် ကျွမ်းကျင်သော သမားတော်သည် သည်လူမှာ မည်သည့်ရောဂါရှိသည်။ ဆေးကု၍ မရနိုင်၊ သို့မဟုတ် ရနိုင်သည်။ မည်သည့်ဆေးဖြင့် ကုရမည်။ သို့သော် လူမမာက ဆရာပြောသလို နေမှ ပျောက်ကင်းမည်။ ဘယ်လိုနေလျှင် ဘယ်လောက်ကြာသောအခါ ပျောက်ကင်းမည်။ ဤသို့ စသည်ဖြင့် သိမြင်နိုင်သကဲ့သို့)

ထို့အတူ လောကဝိဒူဘုရားရှင်လည်း သဗ္ဗညုတဉာဏ်ဖြင့် ကြည့်တော်မူသောအခါ "ဤသတ္တဝါသည် မကျွတ်ထိုက်၊ သို့မဟုတ် ကျွတ်ထိုက်၏။ မည်သည့်တရားကို ဟောလျှင် ကျွတ်မည်။ ဘယ်လို ကျင့်မှလဲ ကျွတ်မည်၊ သို့မဟုတ် ဤဘဝ၌ အခြေခံသာရ၍ နောက်ဘဝ, နောက်ဘုရားလက်ထက်မှ ကျွတ်မည်" စသည်ဖြင့် သိတော်မူပါသည်။

သောသရာ ဖြစ်ပါပေ၏'' ဟူသော ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

(၇) ထိုကဲ့သို့ ဆုံးမ၍ ယဉ်ကျေးသိမ်မွေ့ပြီးသော နတ်လူ ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဆရာအစစ် ဖြစ်တော်မူသောကြောင့် ''သတ္ထာ+ဒေဝမနုဿာနံ'' ဂုဏ်တော်နှင့်လည်းပြည့်စုံတော်မူ၏။

(၈) သစ္စာ ၄-ပါး တရားကို ကိုယ်တော်တိုင် သိသကဲ့သို့ သတ္တဝါ အများကိုလည်း သိစေတော် မူနိုင်သောကြောင့် ''ဗုဒ္ဓ'' ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

(၉) လောက၌ ဘုန်းကံ ကြီးမားတော်မူသောကြောင့် ''ဘဂဝါ'' ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

ဤသို့ ဂုဏ်တော်များနှင့်ပြည့်စုံသော ''တထာဂတ'' အမည်ရသော ပုဂ္ဂိုလ်ထူးသည် လောက၌ တရံတခါမှသာ ဖြစ်ပေါ်လာနိုင်ပေသည်။ [ထိုသာမညဖလသုတ် ဟောတော်မူချိန်ကား ထို ဂုဏ်တော်နှင့် ပြည့်စုံသော ဘုရားရှင်ကို တရားနာနေရသော အဇာတသတ်မင်းသည် ဖူးမြင်တွေ့ကြုံလျက်ရှိလေသည်။]

**ဘုရားဖြစ်ကြောင်း ဝန်ခံတော်မူပုံ** ''တထာဂတ'' အမည်ရှိသော ထိုပုဂ္ဂိုလ်သည် နတ်ပေါင်း များစွာနှင့်တကွ မာရ်နတ်မင်းနှင့်တကွ ဗြဟ္မာပေါင်း များစွာနှင့်တကွ ဤကမ္ဘာလောကကိုင်း၊ သမဏ ဗြာဟ္မဏ (ရဟန်း ပုဏ္ဏား) အမည်ခံနေသူတို့နှင့်တကွ လူမင်း လူသာမန်တို့နှင့်တကွ ဤသတ္တဝါ ဟူသမျှကိုရင်း ကိုယ်တော်တိုင် (ဆရာမရှိ၊ မိမိအလိုလို) သိနိုင်သော သဗ္ဗညုတဉာဏ်တော်ဖြင့် မျက်မှောက်သင်ထင် သိမြင်တော်မူခြင်းကြောင့် ''ကောဓိ သမ္မာသမ္ဗုဒ္ဓေါ= တဆူတည်းသော ဘုရားဖြစ်ပြီ''ဟု ဝန်ခံတော်မူလေသည်။

**တရားဟောတော်မူပုံ** ထိုဘုရားရှင်သည် (ချမ်းသာစွာ နေမည်ဆိုလျှင် နေနိုင်ပါလျက် နေထိုင်တော် မမူဘဲ သတ္တဝါတို့အပေါ်ဝယ် သနားကရုဏာ ကြီးမားတော်မူလှသောကြောင့် မိမိသားသမီးများကို မဆင်းရဲစေလို၍ မကြာခဏ သွန်သင်ဆုံးမသော မိဘ

တို့ကဲ့သို့) အဆုံးအမ ဩဝါဒတရားတော်ကို နေ့စဉ်မပြတ် ဟောတော်မူသည်။ (ထိုသို့ တရားဟောရာ၌ လောကီ ဂုဏ် ပကာသနကိုလည်း မရည်စူး, လာဘ်လာဘကိုလည်း မမြော်ဘဲ တရားသဘောကိုနားလည်၍ လိုက်နာကျင့်ကြံစေလို, ဆင်းရဲဒုက္ခမှ လွတ်မြောက် စေ လို သော ဆန္ဒတော်ဖြင့် ကိုယ်ကျိုးမဘက် သတ္တဝါ အကျိုးသက်သက်ကိုသာ မြော်ကိုး၍ ဟောတော်မူရကား ထိုတရားတော်သည်—

(၁) ကြားနာနေရုံမျှဖြင့် စိတ်ယုတ်မာတွေ ကင်းကွာပြီးလျှင် သာယာကြည်နူးဘွယ်ရှိသောကြောင့် အစကောင်း တရားလည်း ဖြစ်၏။

(၂) ထိုတရား တော် ညွှန်ပြသည့်အတိုင်း စောင့်စည်းနေထိုင် ကျင့်ကြံအားထုတ်ကြလျှင် အိမ်တွင်းရေးမှစ၍ ကမ္မဋ္ဌာန်း အားထုတ်မှုတိုင်အောင် ချမ်းသာစေနိုင်သောကြောင့် အလယ်ကောင်းတရားတော်လည်း ဖြစ်၏။

(၃) ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကိစ္စ၏ ထိပ်တန်းသို့ရောက်အောင် ပြီးဆုံးကြသောအခါ ဒုက္ခခပ်သိမ်း အေးငြိမ်းရာ နိဗ္ဗာန်ကို ကျင့်သူကိုယ်တိုင် ဒိဋ္ဌသိမြင်နိုင်ရကား ထို နိဗ္ဗာန်ကို အာရုံပြုကာ လွန်စွာ အေးမြသောကြောင့် အဆုံးကောင်း တရားတော်လည်း ဖြစ်ပါပေသည်။

(၄) ထိုဘုရား၏ တရားတော်တိုင်းမှာ ဟောတော်မူလိုရင်း အဓိပ္ပါယ်များပြည့်စုံသည်ချည်းသာ ဖြစ်၏။ (သစ္စာ၄-ပါး အကြောင်းကို ဟောတော်မူလိုလျှင် ထို သစ္စာ၄-ပါးတရားတော်နှင့် ဆိုင်သော အဓိပ္ပါယ်များသည် ကြားနာသူ နားလည်လောက်အောင် ပြည့်စုံစွာ ပါရှိသည်-ဟူလို။)

(၅) စကား အသုံး အနှုန်းလည်း ကြားနာသူများ နားလည်လောက်အောင် ပြည့်စုံစွာ သုံးနှုန်း ဟောပြတော် မူသောကြောင့် သဒ္ဒါ (စကားသုံး)နှင့် ပြည့်စုံတော်မူ၏။

(၆) မည်သည့်အစိပ္ပါယ်ကျန်နေသေး၏။ မည်သည့်စကားလုံး ကျန်နေသေး၏-ဟု ဖြည့်စွက်ဖွယ် မရှိသောကြောင့် အလုံးစုံ ပြည့်ဝစုံလင်နေပေသည်။

(၇) မည်သည့်အစိပ္ပါယ် ပိုနေ၏။ မည်သည့် စကားများ ပိုနေ၏-ဟု နှုတ်ပယ်စရာလည်း မပါသောကြောင့် တရားတပုဒ်လုံး သန့်ရှင်းစင်ကြယ်လှပါပေသည်။

ထိုသို့ အစ အလယ် အဆုံး အားလုံး ကောင်းမွန် ပြည့်စုံသော တရားတော်ကို ထုတ်ဖော် ဟောတော်မူလိုက်လျှင်ပင် ထိုတရားများကို ကြားနာသူတို့သည် နာရင်း နာရင်း "ဤမျှလောက် မြင့်မြတ်သော သီလ သမာဓိ ပညာ (သိက္ခာ ၃-ပါးတည်းဟူသော) သာသနာတော်သည် ဤလောက၌ ရှိပါပေသည်တကား "ဟု နားလည်ကြရကား ဗြဟ္မစရိယဟု ခေါ်ရသော သာသနာတော်ကိုလည်း လောက၌ အထင်အရှား ဖော်ပြရာ ရောက်ပေသည်။

**သဒ္ဓါတရား ဖြစ်၍ ရဟန်းပြုပုံ** သန့်ရှင်းသော ထိုတရားတော်ကို ကြားနာရသော ဂဟပတိ[၁] အမည်ရသူ၊ သို့မဟုတ် ဂဟပတိ၏ သားဖြစ်သူ၊ သို့မဟုတ် မည်သည့် အမျိုးသားမဆို တယောက်ယောက်သည် တရား၏အရှင်မြတ်ဖြစ်သော ဘုရားရှင်အပေါ်၌ ယုံကြည်မှု(သဒ္ဓါ) ကို ရရှိသောကြောင့် စဉ်းစားမိလေရာ၏။ (အဘယ်သို့ စဉ်းစားရာသနည်း။)အိမ်ရာတည်ထောင် လူကိုဘောင်သည်ကျဉ်းမြောင်း

---

**မှတ်ချက်။** ။(၁) "ဂဟသ=အိမ်၏+ပတိ=အရှင်ဘည်း"ဟူသော သဒ္ဒါနည်းအရ အိမ်၏အရှင်ဖြစ်၍ အိမ်ပိုင်ရာပိုင် ရှိသူမှန်လျှင် တအိမ်တည်းကိုသာ ပိုင်ဆိုင်သူဖြစ်စေ ဂဟပတိ အမည်ရနိုင်လေသည်။ ထိုသို့ အိမ်ပိုင်ရာပိုင်ရှိသော လူလတ်တန်းစားသည် မင်း ပုဏ္ဏား သူဌေးများကဲ့သို့ ဟန်ကြီးပန်ကြီးလည်း မရှိကြ။ ကျေးကျွန်စသော အောက်တန်းစားတို့ကဲ့သို့ အောက်ကျ နောက်ကျလည်း မရှိ။ သာသနာ့ဝန်ကို အားသွန်၍ ထမ်းနိုင်သော အရည်အချင်းလည်း ရှိသောကြောင့် "ဂဟပတိ" လူလတ်တန်းစားကို သီးခြားနာမည်တပ်၍ ဗုဒ္ဓရှင်တော် ပြတော်မူသည်။

ကျပ်တည်းလှ၏။[1] ကိလေသာမြူမှုန်တို့ ကျရောက်ရာ လမ်းမကြီးပင် ဖြစ်၏။[2] ရဟန်းအဖြစ်ကား လွင်တီးခေါင်ပင် ဖြစ်တော့သည်။[3]

ငါသည် အိမ်ရာကို အုပ်ချုပ်၍ လူဝတ်ကြောင်အနေဖြင့် နေထိုင်လျှင် ဘုရားရှင် ဟောပြတော်မူအပ်သော သီလ သမာဓိ ပညာ သိက္ခာ ၃-ရပ် အကျင့်မြတ်ကို (မလိုလဲလိုလဲ ဆိုသလို သင့်တော်ရုံလောက်သာ ဖြည့်နိုင်စရာ ရှိ၏။) အပြည့်အစုံ အဖုံဖုံ သန့်ရှင်း၍ ခရုသင်း ပွတ်သစ်သဘွယ် ကျင့်နိုင်ဘို့ကား (ဘယ်နည်းနှင့်မျှ) မလွယ်ကူပါတကား။ ငါသည် ဆံမုတ်ဆိတ် ကျင်စွယ်ကို ရိတ်ပယ်ပြီးလျှင် ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်ဆင်ကာ အိမ်မှထွက်ခွါ၍ ရဟန်းပြုရပါမူ ကောင်းလေစွ-ဟုစဉ်းစား မိလေသည်။ ထိုသို့ စဉ်းစားပြီးနောက် မကြာမီပင် နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ စည်းစိမ်ဥစ္စာတွေကို စွန့်ပစ်၍၎င်း၊ နည်းသည်ဖြစ်စေ၊

---

၁။ ကျယ်ဝန်းသော အိမ်ကြီးဝယ် သွီးခင်ပွန်း ၂-ယောက်တည်း နေရစေကာမူ စိုးရိမ်ကြောင့်ကြဘွယ်တွေ များလှသောကြောင့်၎င်း၊ ကုသိုလ်ကောင်းမှု ပြုချင်တိုင်း ပြုခွင့် မရသောကြောင့်၎င်း လူ့ဘောင်သည် ကျဉ်းမြောင်းကျပ်တည်း၏။

၂။ သွီး ခင်ပွန်း ချစ်ခင်ရသော တဏှာရာဂ, ပစ္စည်းဥစ္စာကို လိုချင်သော လောဘ, စိတ်တိုင်းမကျ အလိုမပြည့်ဝ၍ စိတ်ဆိုးရသော ဒေါသ, ကိုယ့်တက်သာလျှင် မနာလိုတတ်သော ဣဿာ, မိမိကဲ့သို့ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ တိုးတက်လာမည်ကို စိုးနေသော မစ္ဆရိယ, သူတပါးကို အဖက်မထင်သော မာန် မာနတရားတို့သည်၎င်း၊ မဖြစ်ချင်လျှင် မနေသာအောင် ဆွ၍ပေးနေသော အပြင်အာရုံတွေသည်၎င်း မြူမှုန်များ ဖြစ်ကြ၏။ လူ့ဘောင်သည် ထိုကိလေသာ မြူမှုန်ထတို့ရာ ဖုံတူသော လမ်းမကြီးဟုပင် ဆိုသင့်ပေသည်။

၃။ ရဟန်းအဖြစ် (ရဟန်းဘဝ) သည်ကား ငြိကပ်တွယ်တာစရာ ပစ္စည်းဥစ္စာလည်း မရှိရ, ဇနီးသည်လည်း မရှိရ, သားသွီးလည်း မရှိရ, ရိုးရိုးတန်းတန်း နေဘော်ရသော ရဟန်းတော်ကို မည်သူကမျှ လာ၍ ကိလေသာ မြူမှုန်ထအောင် မဆွကြသဖြင့် လွတ်လွတ် လပ်လပ် ရှိရကား ဟင်းလင်းအပြင် ကောင်းကင်ဟုပင် ဆိုသင့်ပါပေသည်-ဟု ထို အမျိုးသားမှာ စဉ်းစားဥာဏ် ဖြစ်ပေါ်လာလေသည်။

များသည်ဖြစ်စေ ဆွေမျိုးတွေကို စွန့်ခွါ၍၎င်း ဆံမုတ်ဆိတ် ကျင်စွယ်ကို ပယ်ဖြတ်လျက် သူတော်သူမြတ်တို့၏ အပြုအမူဖြင့် ရဟန်းအဖြစ်ကို ခံယူလေသည်။*

**အရာရာ စောင့်စည်းပုံ** ထိုသို့ ရဟန်းအဖြစ်ကို ခံယူပြီးလတ်သော် "ပါတိမောက္ခ သံဝရ" ဟု ခေါ်သော သီလဖြင့် ကိုယ်နှုတ် ၂-ပါးကို စောင့်စည်းနေ၏။ [ဝိနည်း၌လာသော သီလစုကို "ပါတိမောက္ခသံဝရသီလ" ဟု ခေါ်၏။] အကျင့်ကောင်း၏။ သင့်တော်သော ဆွမ်းခံရာအရပ်ကို ရွေးချယ်၍ ဆွမ်းခံ၏။အဏုမြူသဘွယ် သေးငယ်သော အပြစ်ကိုပင် အလွန်ကြီးမားသော ဘေးဟု ရှုလေ့ရှိ၏။ ရဟန်းကျင့်ဝတ် သိက္ခာပုဒ်ဟူသမျှ၌ ဆောက်တည်နေထိုင်၏။ အပြစ်ကင်း၍ ကုသိုလ်ရသော ကိုယ်မှု, နှုတ်မှုနှင့် ပြည့်စုံ၏။ (မတရားသဖြင့် ပစ္စည်း ၄-ပါးကို မရှာဘဲ) စင်ကြယ်သော အသက်မွေးမှု ရှိ၏။ သီလနှင့် ပြည့်စုံ၏။ စက္ခု သောတ စသော ဣန္ဒြေ ၆-ပါး (တံခါး ၆-ပေါက်) ကို အကုသိုလ် မဝင်လာအောင် ပိတ်ဆို့ထား၏။ စားဘွယ် သောက်ဘွယ်၌ အတိုင်းအရှည်ကို သိ၏။ [မိမိ မျှတရုံ (လုံလောက်ရုံသာ) ခံယူ၍ မိမိနှင့် သင့်တော်သော အစာကိုသာ စားသောက်လေ့ရှိ၏။ သင်္ကန်း ကျောင်း ဆေး ပစ္စည်းတို့၌လည်း ထိုအတိုင်းပင် သုံးစွဲသည်။] သတိ သမ္ပဇဉ်နှင့် ပြည့်စုံ၏။ရသမျှနှင့် တင်းတိမ်ရောင့်ရဲသည်။

**သီလနှင့်ပြည့်စုံပုံ** မဟာရာဇာ.... "ရဟန်းသည် ဘယ်နည်းဘယ်ပုံ သီလနှင့် ပြည့်စုံသနည်း" ဟု မေးဘွယ်ရှိ၏။ မဟာရာဇာ ... ဤသာသနာတော်၌ ဘိက္ခု အမည်ရသူ (ရဟန်း) သည် ပါဏာဘိပါတကို ပယ်စွန့်၍ ပါဏာတိပါတမှ ရှောင်ကြဉ်၏။ တုတ် ဓား စသော လက်နက်ကို ကိုင်ဆောင်လေ့မရှိ။ မကောင်းမှုပြုရမည်မှ ရှက်၏။ သတ္တဝါတို့အပေါ်၌ မေတ္တာစိတ်ရှိ၏။ အားလုံးသော သတ္တဝါတို့၏

---

**မှတ်ချက်။** ၊ (*) တထောင်တန်မရှိလျှင် နည်းသောဥစ္စာ, တထောင်ထက် ကျော်လျှင် များသော ဥစ္စာ-ဟု ခေါ်၏။ ဆွေမျိုး နှစ်ဆယ်အောက် လျော့လျှင် နည်းသော ဆွေမျိုး, နှစ်ဆယ်ထက် ကျော်လျှင် များသော ဆွေမျိုးဟု အဋ္ဌကထာ၌ ခွဲခြားလေသည်။

အစိုးအပွါးကို လိုလားသော စိတ်ဖြင့် အမြဲနေ၏။ ဤပါဏာတိပါတမှ ရှောင်ကြဉ်ခြင်းသည်လည်း ထိုဘိက္ခု၏ သီလတပါးပင် ဖြစ်သည်။ (ဤသို့ စသည်ဖြင့် ဗြဟ္မဇာလသုတ်၌ ပြအပ်သော စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို[၁] ဟောပြတော်မူပြီးလျှင်) မဟာရာဇာ.... ထိုအခါ ဤသို့ သီလနှင့် ပြည့်စုံသော ထိုရဟန်းမှာ သီလကို စောင့်ရှောက်နေမှုကြောင့် (မစောင့်ရှောက်သူတို့အား ဖြစ်တတ်သော) ဘေးမျိုး တစုံတခုမျှ သီလစောင့်မှုအတွက် မတွေ့ရတော့ချေ။ မဟာရာဇာ.... ဥပမာ ပြရလျှင် ခတ္တိယ (မင်း) ဇာတ်ရှိ၍ ဘိသိက်ခံပြီးသောမင်းသည် ရန်သူဟူသမျှကို နှိမ်နင်းပြီး ဖြစ်လေသော် မည်သည့်ရန်သူကြောင့်မျှ ဘေးဥပါဒ်ကိုမတွေ့ရတော့ သကဲ့သို့ပင် ဖြစ်လေသည်။ ထိုရဟန်းသည် ဤသို့ မြင့်မြတ်သော သီလဂုဏ်နှင့် ပြည့်စုံသည့်အတွက် မိမိကိုယ်တွင်း (စိတ်တွင်း)၌ အပြစ်ကင်းသော ချမ်းသာတမျိုးကို ခံစားနေရလေသည်။ (မိမိသီလ စင်ကြယ်မှုကြောင့် ဘေးရန်ကင်းဝေးပုံ အကုသိုလ် မဖြစ်ပုံကို စဉ်းစားကာ လွန်စွာ စိတ်ချမ်းမြေ့နေလေသည်[၂]—ဟူလို။) မဟာရာဇာ....ရဟန်းသည် ဤနည်း ဤပုံ သီလနှင့် ပြည့်စုံလေသည်။

**ဣန္ဒြိယ သံဝရသီလနှင့် ပြည့်စုံပုံ**

မဟာရာဇာ.... "ထိုကဲ့သို့ ရိုးရိုးသီလနှင့် ပြည့်စုံပြီးသော ရဟန်းသည် ဘယ်နည်း ဘယ်ပုံ ဣန္ဒြေ ၆-ပါး တံခါးပေါက်တို့၌ အကုသိုလ် မဝင်လာရအောင် ပိတ်ဆို့စောင့်ရှောက်သနည်း" ဟု မေး

---

၁။ အကျယ်ကို အလိုရှိသူတို့သည် ဗြဟ္မဇာလသုတ် ဘာသာပြန်ကို ကြည့်ရှုကြပါလေ။

၂။ ဤသို့ ကိုယ်တွင်းစိတ် ချမ်းမြေ့ရခြင်းသည် ရဟန်းဖြစ်သူမှာသာ ရနိုင်သော သာမညဖလ (ရဟန်းပြုရကျိုး) တမျိုးဖြစ်သည်။ ဤအကျိုးကား သူတပါး၏ ရိုသေလေးစားမှု ပစ္စည်းလေးပါး ရမှု အကျိုးမျိုး မဟုတ်။ ထိုအကျိုးများထက် သာလွန်သော ကိုယ်တွင်းစိတ်ချမ်းသာမှု အကျိုး ဖြစ်သည်။

ဘွယ်ရှိ၏။ (၁) ပိတ်ဆို့ပုံမှာ-မျက်စိဖြင့် ရူပါရုံကို (မိန်းမယောကျ်ား၏ အဆင်းကို) တွေ့မြင်ရလျှင် မိန်းမဘဲ ယောကျ်ားဘဲဟု ခွဲခြား၍ သိဘို့ ရန် ပုံသဏ္ဍာန်ကိုလည်း စိတ်ထဲ၌ မှတ်ယူ၍မထား၊ အဆင်းအာရုံတခု ကို မြင်သည်ဟုသာ သတိပြုမိသည်။ (၂) (မိန်းမဘဲ ယောကျ်ားဘဲဟု ခွဲခြား၍ အလွယ်တကူ သိနေပြန်လျှင်လည်း) တဏှာရာဂဖြစ်ဘို့ရာ လှပ တင့်တယ်သော အခြင်းအရာ, ဒေါသ-ဒေါမနဿ ဖြစ်ဘို့ရာ မလှပမတင့် တယ်သော အခြင်းအရာကိုလည်း စိတ်ထဲ၌ မှတ်ယူ၍မထား။ (မိန်းမ ယောကျ်ားဟုလောက်သာ မှတ်မိသည်။)

လှပတင့်တယ်ကြောင်း, မလှပ မတင့်တယ်ကြောင်းကို အလွယ်တကူ သိ နေပြန်လျှင်လည်း ရာဂစိတ်ကို အထင်အရှားဖြစ်စေဘို့ရာ "လက် က ဘယ်ပုံလှသည်။ ခြေက ဘယ်ပုံလှသည်။ စကားပြောပုံ, ပြုံး ရယ်ပုံက ဘယ်ပုံတင့်တယ်သည်" စသည်ဖြင့် အသေးစိတ် လှပ တင့်တယ်ပုံတွေကို ဆက်၍ မစဉ်းစားချေ။ ဒေါသစိတ်ကိုအထင် အရှား ဖြစ်စေဘို့ရာ "လက်က ဘယ်ပုံ အကြည့်ရဆိုးသည်။ စကားပြောပုံ, ပြုံးရယ်ပုံက ဘယ်ပုံ အကြည့်ရဆိုးသည်"စသည် ဖြင့် မလှပ မတင့်တယ်ပုံတွေကိုလည်း အ သေး စိတ် အား ဖြင့် ဆက်လက်၍ မစဉ်းစားချေ။*

---

(၁) ဈာန်ဓ္မေ ၆-ပါး၌ အကုသိုလ် မဝင်လာနိုင်အောင် စောင့်စည်းမှုကို ဣန္ဒြိယသံဝရ (ဣန္ဒြေတို့ကို စောင့်စည်းကြောင်း) သီလဟုခေါ်သည်။

(၂) မြင်ရသောအာရုံကို ဤသို့ စိတ်ထား၍ ယူနိုင် ကြည့်နိုင်မှုကို ကျမ်းစာ တို့၌ "နိမိတ္တဂ္ဂါဟီ =မိန်းမ ယောကျ်ား ဟူသော ပုံသဏ္ဍာန် နိမိတ်ကို ၎င်း၊ သုဘ အသုဘ နိမိတ်ကို၎င်း ယူလေ့ရှိသည်။ န=မဖြစ်" ဟု ဟောတော်မူသည်။ "ရူပါရုံကို မြင်ရာ၌ မိန်းမ ယောကျ်ားဟု ခွဲခြား၍ သိလိုက်ပြန်လျှင်လည်း လှ-မလှကို သတိမထားလိုက်။ အမှတ်မဲ့သာ မြင်လိုက်ရသည်" ဟူလို။

*ဤသို့ မစဉ်းစားမှုကို ကျမ်းစာတို့၌ "န+အနုဗျဉ္ဇနဂ္ဂါဟီ,= အထပ်ထပ် အခါခါ ကိလေသာတို့ကို ထင်ရှားစွာ ဖြစ်စေတတ်သော လက်ခြေနေပုံ,စကား ပြောပုံ, ရယ်မောပုံစသော အသေးစိတ် အခြင်းအရာကိုလည်း ယူ

အကြင်မစောင့်စည်းမိသော ဣန္ဒြေကို အကြောင်းပြု၍ မစောင့်စည်းဘဲ နေသော ထိုရဟန်းကို တဏှာရာဂ ဟူသော အဘိဇ္ဈာတရားနှင့် စိတ်မချမ်းသာမှု ဟူသော ဒေါမနဿတရား ဤ ၂-ပါးကို အရင်းခံထားလျက် ယုတ်မာဆိုးဝါး အကုသိုလ်တရားတို့သည် (မပြီးနိုင် မစီးနိုင်အောင်) အစဉ်လိုက်ပါနေကုန်ရာ၏။ ထိုသို့ အကုသိုလ်များစွာ လိုက်ပါနေကြောင်းဖြစ်သော စက္ခုန္ဒြေကို စောင့်စည်းဘို့ရန် ကျင့်၏။ (စက္ခုန္ဒြေကို စောင့်စည်းနိုင်အောင် သတိထား၍ ကြိုးစားနေ၏။) စက္ခုန္ဒြေကို စောင့်ရှောက်၏။ ထိုသို့ စောင့်ရှောက်မှုကြောင့် စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်သည်=စောင့်စည်းနိုင်သည်။

နားဖြင့် အသံကိုကြားရသော အခါ၌လည်း အဘိဇ္ဈာ ဒေါမနဿ(နှစ်သက်သာယာမှု, စိတ်ဆိုးမှု စိတ်မကောင်းမှု) စသောအကုသိုလ်များ မဝင်နိုင်အောင် သောတိန္ဒြေ တံခါးပေါက်ကို စောင့်ရှောက် ပိတ်ဆို့ထား၏။

နှာခေါင်းဖြင့် အနံ့ရသောအခါ၌လည်း အဘိဇ္ဈာ ဒေါမနဿ (နှစ်သက်သာယာမှု, စိတ်ဆိုး စိတ်မကောင်းမှု) စသော အကုသိုလ်များ မဝင်လာနိုင်အောင် ဃာနိန္ဒြေ တံခါးပေါက်ကို စောင့်ရှောက် ပိတ်ဆို့ထား၏။

လျှာဖြင့် အရသာကို စားသောက်ရသောအခါ, ကိုယ်ဖြင့် တွေ့ထိရသောအခါ, စိတ်သက်သက်ဖြင့် ကြံစည် တွေးတောနေသောအခါ၌လည်း အဘိဇ္ဈာဒေါမနဿ စသော အကုသိုလ်များ မဝင်လာအောင် ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ တံခါးပေါက်များကို စောင့်ရှောက် ပိတ်ဆို့ထား၏။

(ထိုသို့ ဣန္ဒြေ ၆-ပါး တံခါးပေါက်မှ အကုသိုလ်စိတ်တွေမဝင်လာစေဘဲ ကုသိုလ်စိတ်သာ များစွာ ဖြစ်ပေါ်လာအောင် စောင့်ရှောက်

---

လေ့ မရှိ''ဟု မိန့်ဆိုထား၏။ ''မြင်မြင်သမျှအာရုံဝယ် မြင်ရုံထက်ပို၍ မစဉ်းစား။ စဉ်းစားပြန်လျှင် အလုဘကမ္မဋ္ဌာန်း ထင်အောင်သာ စဉ်းစားလေ့ရှိသည်'' - ဟူလို။

သောအားဖြင့်) မွန်မြတ်သောဣန္ဒြိယသံဝရသီလနှင့်ပြည့်စုံသော ထိုရဟန်းသည် အဇ္ဈတ္တ၌(ကိုယ်တွင်းစိတ်တွင်း၌)ကိလေသာခတ်တို့ ထည့်ခတ်ရခြင်းမပါ[၁] လွန်စွာ တည်ငြိမ်သော ချမ်းသာတမျိုးကို ခံစားရလေသည်။[၂]

**သတိသမ္ပဇညနှင့် ပြည့်စုံပုံ** မဟာရာဇာ.... ''ထိုကဲ့သို့ သီလနှင့်ရင်း၊ ဣန္ဒြေစောင့်စည်းမှုနှင့်ရင်း ပြည့်စုံသော ရဟန်းသည် ဘယ်နည်း ဘယ်ပုံ သတိသမ္ပဇညနှင့်[၃] ပြည့်စုံသနည်း'' ဟု မေးဘွယ်ရှိ၏။ မဟာရာဇာ.... ဤ သာသနာတော်၌ ရဟန်းဖြစ်သူသည် ရှေ့တိုးခြင်း, နောက်ဆုတ်ခြင်း (သွားခြင်းပြန်ခြင်း) ကိစ္စ၌ ဆင်ခြင်စဉ်းစား သတိထား၍ ပြုလေ့ရှိ၏။ [သမ္ပဇညခေါ်သော ဉာဏ်ကို အမြဲအသုံးပြုလေ့ရှိသည်–ဟူလို[၄]။] ရှေ့တည့်တည့်သို့ ကြည့်မှု, အထောင့်အရပ်သို့ ကြည့်မှု၌လည်း စဉ်းစဉ်းစားစား သတိထား၍ ပြုလေ့

---

**မှတ်ချက်။** ။(၁) လောကီလူတို့ ခံစားနေကြရသော စည်းစိမ် ချမ်းသာဟူသမျှသည် မိမိစိတ်က သာယာနှစ်သက်မှု တဏှာရာဂ ကိလေသာခတ်တွေ ထည့်ခတ်နိုင်မှသာ အရသာရှိ၏။ တဏှာ ရာဂ ကိလေသာ မပါလျှင် ခံစားမှု၌ အရသာ လုံးဝမရှိတော့ချေ။ ဣန္ဒြေကို စောင့်စည်းနေသော ထိုရဟန်းတော်မြတ်၏ ရအပ်သောချမ်းသာ၌ကား ထိုတဏှာ ရာဂ ကိလေသာ ခတ်တို့ ထည့်ခတ်ဘွယ် မလို။ နဂိုသဘောအတိုင်း အရသာပေါ်နေသော သုခတမျိုးပေတည်း။

၂။ ထို သုခမျိုးကို ဣန္ဒြေ မစောင့်စည်းနိုင်သော (စောင့်စည်းဘို့ ခဲယဉ်းလှသော) လူဝတ်ကြောင်တို့ မခံစားကြရ။ ဣန္ဒြေစောင့်စည်းသော ရဟန်းကောင်း ရဟန်းမြတ်တို့သာ ခံစားအပ်သော သုခဖြစ်ရကား ထိုကဲ့သို့ ထူးခြားသော သုခအကျိုးကို ခံစားရခြင်းသည် သာမညဖလ (ရဟန်းပြုရကျိုး) တမျိုးဖြစ်သည်။

၃။ မည်သည့်ကိစ္စ၌ မဆို အမြဲသတိရှိခြင်း, ဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားလေ့ ရှိခြင်းကို သတိသမ္ပဇညနှင့် ပြည့်စုံခြင်းဟု ဆိုသည်။ [သံ+ပ+ဇည= မှန်ကန်စွာ+ အမျိုးမျိုး+သိခြင်း။]

၄။ သွားမှု လာမှု စသည့် ကိစ္စဟူသမျှ၌ ဆင်ခြင်စဉ်းစား တတ်သော ဉာဏ်ကို ''သမ္ပဇည'' ဟု ခေါ်၏။ ထိုသမ္ပဇဉ်သည် (က) သာတ္ထကသမ္ပဇဉ်= ဤအလုပ်နှင့်စပ်၍ မိမိ၏ တိုးတက်ကြီးပွါးမှု ရှိ-မရှိ စဉ်းစားသောဉာဏ်၊

ရှိ၏။ လက် ခြေ စသည်ကို ကွေးမှု, ဆန့်မှု၌လည်း စဉ်းစဉ်းစားစား သတိထား၍ ပြုလေ့ရှိ၏။ သင်္ကန်းကြီးကိုဋ္ဌင်း၊ သပိတ်နှင့် သင်္ကန်းငယ် များကိုဋ္ဌင်း ဆောင်ယူသုံးစွဲရာ၌လည်း စဉ်းစဉ်းစားစား သတိထား၍ ပြုလေ့ရှိ၏။ ဆွမ်းစားမှု, ရေသောက်မှု, ခဲဘွယ်များကို ခဲစားမှု, အခြား သာယာဘွယ် အစာကို သာယာမှု၌လည်း စဉ်းစဉ်းစားစား သတိထား၍ ပြုလေ့ရှိ၏။ သွားမှု, ရပ်မှု, ထိုင်မှု, အိပ်မှု, စကားပြောမှု, တိတ်ဆိတ် စွာနေမှု၌လည်း စဉ်းစဉ်းစားစား သတိထား၍ ပြုလေ့ရှိသည်။ မဟာ ရာဇာ.... သီလနှင့်ဋ္ဌင်း၊ ဣန္ဒြေ ၆-ပါးကို စောင့်ရှောက်မှုနှင့်ဋ္ဌင်း ပြည့်စုံ နေသော ရဟန်းသည် ဤနည်းအားဖြင့် သတိသမ္ပဇဉ်နှင့်လည်း ပြည့်စုံ ပြန်သည်။

**တင်းတိမ်ရောင့်ရဲပုံ** မဟာရာဇာ.... "သီလစောင့်မှု, ဣန္ဒြေစောင့်မှု, သတိသမ္ပဇဉ်ဟူသော ဂုဏ်အစုနှင့် ပြည့်စုံသော ရဟန်းသည် ဘယ်နည်း ဘယ်ပုံအားဖြင့် ပစ္စည်း ၄-ပါး၌ တင်းတိမ် ရောင့်ရဲသနည်း" ဟု မေးဘွယ်ရှိ၏။ *ရောင့်ရဲပုံကား —မဟာရာဇာ....ဤ သာသနာတော်၌ ရဟန်းဖြစ်သူသည် ခန္ဓာကိုယ်ကို ဆောင်နိုင် မွေးမြူနိုင် ရုံမျှဖြစ်သော ဆွမ်းဖြင့်သာ တင်းတိမ်ရောင့်ရဲ၏။ ("ဝတ်လောက်ရုံ စား လောက်ရုံဖြင့်သာ ကျေနပ်၏။အပိုအမိုဟူ၍ ဘာကိုမျှအလိုမရှိ" ဟူလို။)ထို

---

(၁) သပ္ပါယ သမ္ပဇဉ်=အကျိုးရှိစေကာမူ မိမိနှင့် တော် မတော်ကို မြော်ခေါ်စဉ်းစားတတ်သော ဉာဏ်၊ ဥပမာ-ဘုရားဖူး သွားခြင်းသည် အကျိုးရှိ၏။ သို့သော် လူစည်ကားချိန်၌ သွားသို့မတော်။ ဤသို့ စသည်ဖြင့် မြော်ခေါ် စဉ်းစားခြင်းမျိုးတည်း။ (၇) ဂေါစရသမ္ပဇဉ်= ဆွမ်းခံသွားရာ၌ ကမ္မဋ္ဌာန်း အာရုံတခုခုကိုယူ၍ (အာရုံပြု၍) သွား ခြင်း၌ စဉ်းစားတတ် အာရုံပြုတတ်သော ဉာဏ်၊ (ဃ) အသမ္မော- ဟသမ္ပဇဉ်= သွားမှု ပြန်မှုစသော ကိစ္စစု၌ "ငါဟု စွဲမှတ်အပ်သော သတ္တဝါ (အတ္တ) သည် သွားသည် မဟုတ်။ စိတ်ကြောင့် ဝါယော ဓာတ်လှုပ်၍ ရုပ်ခန္ဓာကြီး ရွေ့ရှားရခြင်းဖြစ်၏" ဤသို့ စသည်ဖြင့် သိတတ် သောဉာဏ်-ဟု ၄-မျိုးရှိသည်။

**မှတ်ချက်။** ။*အပိုအမို မတောင့်တဘဲ မိမိသုံးစွဲ စားသောက်လောက်ရုံမျှ ဖြင့် အားရခြင်း ကျေနပ်ခြင်းကို "တင်းတိမ်ခြင်း = ရောင့်ရဲခြင်း" ဟု ခေါ်သည်။ ထို ရောင့်ရဲမှုသည် ၃-မျိုးရှိ၏။

ရဟန်းသည် တနေရာမှ တနေရာသို့ သွားလိုလျှင် (ရှိသမျှသော သက်န်း ၃-ထည်ကို ကိုယ်၌ဝတ်၍ သပိတ်ကိုလွယ်ကာ) အဆင်သင့် ယူဆောင်၍ သွားနိုင်၏။ ဥပမာ- အတောင်ရှိသော ငှက်သည် သစ်ပင်တပင်မှ တပင်သို့ ပျံလိုလျှင် မိမိ၏အတောင်သာလျှင် ဝန်ထုပ်ဝန်ပိုးရှိ၍ (အပိုအမိုမယူရဘဲ) ပျံသွားနိုင် သကဲ့သို့တည်း။ မဟာရာဇာ.... ဤနည်းအားဖြင့် ရဟန်းသည် တင်းတိမ် ရောင့်ရဲလေသည်။

**ကမ္မဋ္ဌာန်းအားထုတ်ရန် အခြေခံရ၍ ကမ္မဋ္ဌာန်းကျောင်းဝင်ပုံ** ထိုရဟန်းသည်(ညွှန်ပြအပ်ပြီးသောနည်းဖြင့်) မြင့်မြတ်ဖူစင်သော ဤ သီလဂုဏ်နှင့်လည်း ပြည့်စုံ၏။ မြင့်မြတ်ဖူစင်သော ဤ ဣန္ဒြိယသံဝရဂုဏ်နှင့်လည်း ပြည့်စုံ၏။ မြင့်မြတ်ဖူစင်သော ဤ သတိသမ္ပဇဉ်နှင့်လည်း ပြည့်စုံ၏။ မြင့်မြတ် ဖူစင်သော ဤ တင်းတိမ်ရောင့်ရဲမှု (သန္တုဋ္ဌိ)နှင့်လည်း ပြည့်စုံ၏။ (ထိုအခြေခံအကြောင်း ၄-ပါးနှင့် ပြည့်စုံပြီးဖြစ်သော) ထို ရဟန်းသည် ကမ္မဋ္ဌာန်းတရားပွါးများဘို့ရာ ဆိတ်ငြိမ်သော ကျောင်း (အိပ်ရာနေရာ) အရပ်သို့ ကပ်ဝင်လေ၏။ ထိုကျောင်း ထိုအရပ်များကား—

(၁) ရဟန်းတရား အားထုတ်ဘွယ် ကောင်းသော တောရကျောင်း၊

(၂) အေးမြတိတ်ဆိတ်၍ အရိပ်ကောင်းသော သစ်ပင်ရင်း၊

---

(က) **ယထာလာဘသန္တောသ**= ကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ ရတာနှင့် ရောင့်ရဲခြင်း၊ (နောက်ထပ်ရသည်ကိုလည်း မလိုလားခြင်း, အဆင်သင့်ရလျှင်လည်း ဝေဌလှူဒါန်းခြင်း။)

(ခ) **ယထာဗလသန္တောသ**= မိမိမှာ ရောဂါကြောင့်ဖြစ်စေ၊ အို၍ဖြစ်စေ အားနည်းနေသဖြင့် ထူသောအဝတ်သက်န်းကို မဝတ်နိုင်၍ ပါးသော အဝတ်သက်န်းကို ဝတ်နိုင်သောကြောင့် အထူရလျှင် အပါးနှင့် လဲ၍ သုံးစွဲခြင်း၊

(ဂ) **ယထာသာရုပ္ပသန္တောသ**=အကောင်းရလျှင် ထိုအကောင်းကို ဆရာတော်များနှင့် ဂိလာန စသူတို့အား လှူ၍ မိမိမှာ တော်ရုံ လျော်ရုံဖြင့် ရောင့်ရဲခြင်း, ကျန်းမာရေးနှင့် ညီညွတ်သော အစား- ကျောင်း- ဆေး တို့ဖြင့် ရောင့်ရဲခြင်း- ဤသို့ ရောင့်ရဲမှု ၃-မျိုးရှိသည်။

(၃) လေပြေလေညှင်း တသင်းသင်း တိုက်ခတ်၍ အရပ် လေးမျက်နှာ၌ ရှုမျှော်ခင်း သာယာသော တောင်ပေါ်၊

(၄) တောင်ရေကျ မြစ်ရေစားသဖြင့် ချောက်ကြား မြစ်ကွေ့ဖြစ်၍ နေကာ အောက်ခြေမှာ ငွေသဲပြင်နှင့် အထက်တွင် မြဗိမာန်လို စိမ်းစိုနေသော သစ်ပင်တို့ဖြင့် ကြည်လင်ရှင်လန်း စိတ်အေးချမ်းဘွယ် ကမ္မဋ္ဌာန်း တိုးတက်လွယ်သော ချောက်ကမ်းပါး၊

(၅) တောင်ကမ်းပါးရံတွင် အဆင်သင့် ဖြစ်ပေါ်နေသော၊ သို့မဟုတ် တူးဖော်ထားသော ဥမင်လိုဏ်ဂူ၊

(၆) အသုဘနှင့် မရဏသတိ ကမ္မဋ္ဌာန်း စီးဖြန်းဘို့ရန် လျော်ကန်သော သုသာန်သင်္ချိုင်း၊

(၇) လူသူလေးပါး မသွားမလာ လွန်စွာဝေးသော တောနက်ကြီး၊

(၈) အကာအကွယ် ဘယ် ညာ အောက်ထက် သက်သက်မရှိ ပကတိကင်းစင်၍ အမြင်မတော်မှု မပြုဝံ့ရာ လွန်စွာ သန့်စင်သော လွင်တီးခေါင်၊

(၉) အပေါ်ယံချုပ် ကောက်ရိုးအုပ်လျက် ချုံ့ရှုပ်ပတ်လည် ပျော်မွေ့ဘွယ် တချိုးကောင်းသော ကောက်ရိုးအုံ ကျောင်းများတည်း။

**ကမ္မဋ္ဌာန်း ထိုင်၍ စင်ကြယ်အောင် အားထုတ်ပုံ** ထို ရဟန်းသည် ဆွမ်းခံပြီးနောက် ဆွမ်းစားရာ အရပ်မှ ဖဲခွာခဲ့ပြီး လျှင် အထက်ပိုင်း ကိုယ်ကို (မညောင်းမညာရအောင်) ဖြောင့်ဖြောင့် (စန့်စန့်) ထား၍ ကမ္မဋ္ဌာန်းအာရုံ တခုခု အပေါ်မှာ သတိအမှတ် ကပ်နေသကဲ့သို့ ထင်စေလျက် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေလေသည်။ *

(၁) ထိုကဲ့သို့ ဆိတ်ငြိမ်ရာ အရပ်၌ ကမ္မဋ္ဌာန်းထိုင်နေသော ရဟန်းသည် လောက၌ လိုလား နှစ်သက် တပ်မက် တတ်သော အဘိဇ္ဈာ

---

မှတ်ချက်။ * ထိုသို့နေထိုင်မှုကို ''ကမ္မဋ္ဌာန်းထိုင်သည်''ဟု ခေါ်၏။ [ကမ္မ= တရားအားထုတ်မှု၏+ ဌာန (ဌာန်) တည်ရာအာရုံ= ထိုအာရုံကို စွဲ၍ တည်ကြည်နေသော သမာဓိနှင့် အသိဥာဏ်။]

(တဏှာ လောဘ)ကို ပယ်ရှား၍ အဘိဇ္ဈာ လွတ်ကင်း သန့်ရှင်း သော စိတ်ထားဖြင့် နေ၏။ လောကီအာရုံ ကာမဂုဏ်ကို စုံမက်သော အဘိဇ္ဈာ (တဏှာ)မှ သန့်ရှင်း စင်ကြယ်အောင် စိတ်ကို သုတ်သင်နေလေသည်။ (မည်မျှလောက် သာယာ နှစ်သက်ဘွယ် ကောင်းသော အာရုံနှင့် တွေ့ကြုံစေကာမူ မသာယာ မနှစ်သက်အောင် အားထုတ်နေသည်-ဟူလို။)

(၂) စိတ်တိုတတ် စိတ်ဆိုးတတ် စိတ်ညစ်တတ် စိတ်ပျက်တတ် စိတ်မချမ်းသာတတ် သူတပါးကို မနာလို ဝန်တိုတတ်-မျက်မုန်းကျိုးတတ် သတ်ချင် ဖြတ်ချင် ဖျက်ဆီးပစ်ချင် တတ်သော ဗျာပါဒ (ဒေါသ)ကို ပယ်ရှား၍ ဒေါသ လွတ်ကင်း သန့်ရှင်း စင်ကြယ်အောင် စိတ်ကို သုတ်သင်နေသည်။ (မည်မျှလောက် ဒေါသဖြစ်စရာ အာရုံနှင့် တွေ့ကြုံစေကာမူ ဒေါသမဖြစ်အောင် စိတ်အေးလက်အေး နေနိုင်အောင် အားထုတ်နေသည်-ဟူလို။)

(၃) စိတ်ရောကိုယ်ပါ လေးလံ ထိုင်းမှိုင်းစေတတ် အိပ်ချင် မူးတူးဖြစ်စေတတ် ငိုက်မျဉ်းတတ်သော ထိနမိဒ္ဓကို ပယ်ရှား၍ ထိနမိဒ္ဓ လွတ်ကင်း သန့်ရှင်းသော စိတ်ဖြင့် နေ၏။ (ထိုသို့ နေပါလျက် ထိနမိဒ္ဓ ဖြစ်ပေါ်လာလျှင်) ရှေးကမြင်ဘူးသော အရောင်အလင်းတို့ကို ထင်လာမြင်လာအောင် သညာဖြစ်စေလျက် သတိထား၍ စဉ်းစားသော ဉာဏ်ဖြင့် ထိနမိဒ္ဓ သန့်ရှင်း စင်ကြယ်အောင် စိတ်ကို သုတ်သင်နေလေသည်။*

(၄) စိတ်ပျံ့လွင့်မှု စိတ်မငြိမ်သက်မှု ဥဒ္ဓစ္စနှင့်, စိတ်ပူပန်တတ်မှု ကုက္ကုစ္စ နှစ်ပါးကို ပယ်ရှား၍ အပြင်ဘက် အာရုံများသို့ စိတ်ပျံ့လွင့်

---

မှတ်ချက်။ ။*အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ အဗျာကတဝဂ်၊ မိဒ္ဓ ဝိနောဒနသုတ်၌ "အရှင် မောဂ္ဂလ္လာန် မထေရ်မြတ်သည် ရဟန္တာ မဖြစ်မီက ကမ္မဋ္ဌာန်း ထိုင် ရင်း ငိုက်မျဉ်း နေသည် ကို ဘုရား နှင့်

ခြင်း တုန်လှုပ်ခြင်းမရှိဘဲ အတွင်းသန္တာန် (စိတ်အစဉ်) ၌ ငြိမ်သက် အေးမြလျက်နေ၏။ ဥဒ္ဒစ္စ ကုက္ကုစ္စ နှစ်ပါးမှ သန့်ရှင်းစင်ကြယ်အောင် စိတ်ကို သုတ်သင်နေလေသည်။

(၅) တွေးတောယုံမှားတတ်သော ဝိစိကိစ္ဆာကို ပယ်ရှား၍ ဝိစိကိစ္ဆာကို ကျော်လွန်လျက်နေ၏။ ကုသိုလ်တရားတို့၌ "ဒီလိုလေလား" ဟိုလိုလေလား" ဟု ယုံမှားမှု တွေးတောမှု မရှိတော့ဘဲ ဝိစိ-ကိစ္ဆာမှ သန့်ရှင်း စင်ကြယ်အောင် စိတ်ကို သုတ်သင်နေလေသည်။ [ဤ စကား အစဉ်ဖြင့် "အဘိဇ္ဈာ, ဗျာပါဒ, ထိန မိဒ္ဓ, ဥဒ္ဒစ္စ ကုက္ကုစ္စ, ဝိစိကိစ္ဆာ" ဤငါးပါးကို နီဝရဏ (ကုသိုလ်တရား မဖြစ်အောင် စိတ်ကို တားမြစ်တတ်သော) တရား ငါးပါးဟု မှတ်သားခဲ့ပါ။ အဘိဇ္ဈာကိုလည်း အခြား နေရာ၌ "ကာမစ္ဆန္ဒ (ကာမဂုဏ်တို့၌ နှစ်သက်တတ်သော) နီဝရဏ"ဟု ခေါ်သည်။

---

မြင်တော်မူ၍ ကြွလာတော်မူပြီးလျှင် "ဘယ်အာရုံကို ပြုနေတုန်းမှာ ငါ ငိုက်နေပါလိမ့်" ဟု စဉ်းစားလိုက်ပါ၊ ထိုသို့စဉ်းစားလျှင် အငိုက်ပျောက်သွားလိမ့်မည်။ ဒါမှမပျောက်သေးလျှင် မိမိ၌ သင်ယူမှတ်သား လေ့လာ ထားသော တရား (စာ) တမျိုးမျိုးကို စဉ်းစားလိုက်ပါ။ အငိုက် ပျောက်သွားလိမ့်မည်။ ဒါမှ မပျောက်သေးလျှင် ထိုစာကို အကျယ်ချဲ့၍ ရွတ်ဆိုလိုက် (စာပြန်လိုက်) ပါ။ အငိုက်ပျောက်သွားပါလိမ့်မည်။ ဒါမှ မပျောက်သေးလျှင် နား ၂-ဘက်ကို လက်ဖြင့်ဆွဲလိုက်ပါ၊ ကိုယ်ကို လက်ဖြင့်ပွတ်တိုက်ပါ။ အငိုက်ပျောက်သွားလိမ့်မည်။ ဒါမှ မပျောက်သေးလျှင် ထိုင်နေရာမှ ထပြီး ရေဖြင့် မျက်လုံးများကို ပွတ်၍ ဟိုဟိုသည်သည် လှည့်လည်ကြည့်ရှုလိုက်ပါ။ နက္ခတ်ကြယ်တာရာတို့ကို မော်ကြည့်လိုက်ပါ။ အငိုက် ပျောက်သွားလိမ့်မည်။ ဒါမှ မပျောက်သေးလျှင် အရောင်အလင်း တခုခုကို အမှတ်သညာပြုကာ စိတ်ထဲ၌ ထင်မြင်လာအောင် နှလုံးသွင်းလိုက်ပါ။ (ညဉ့်ပင် ဖြစ်သော်လည်း) နေ့ ဟု စိတ်ပြောင်းလိုက်ပါ။ ညဉ့်ကိုလဲ နေ့လို သဘောထား, နေ့ကိုလဲ ညဉ့်လိုသဘောထား၍ ငိုက်မျဉ်းခြင်းကင်း သန့်ရှင်းသောစိတ်ဖြင့် အရောင် အလင်းရနေသော စိတ်ကို ဖြစ်စေပါ။ ထိုသို့ဖြစ်စေလျှင် အငိုက်ပြေပါလိမ့်မည်" စသည်ဖြင့် ဟောတော်မူသည်။

## နီဝရဏ ငါးပါး၏ ဥပမာ ၅-မျိုး

**ကာမစ္ဆန္ဒနီဝရဏ၏ ကြွေးမြီဥပမာ**

(၁) မဟာရာဇာ....ဥပမာ ပြဦးမည်။ ယောကျ်ား တယောက်သည် ကြွေးယူ၍ အလုပ်လုပ်ရာ၏။ ထိုအလုပ်များလည်း (အမြတ်အစွန်း ရ၍) ပြည့်စုံလုံလောက် အထမြောက်ကြရာ၏။ သူသည် ထိုကြွေးများကို အတိုးနှင့်တကွ ပေးဆပ်ပြီး နောက် သားမယားကိုကျွေးမွေးဘို့ရာ ကျန်သေးရာ၏။ ထိုသူသည် ကြွေးယူ၍ အလုပ်လုပ်ခဲ့ရပုံ, အလုပ်က ထမြောက်အောင်မြင်ပုံ, ကြွေးဆပ်ပြီးပုံ, သားမယားကျွေးမွေးဘို့ရန် ကြွင်းကျန်သေးပုံ-ဤအလုံးစုံကို ပြန်၍ စဉ်းစားသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရာ၏။ ဤ ဥပမာဖြင့် "အဘိဇ္ဈာ (ကာမစ္ဆန္ဒ) နီဝရဏသည် ကြွေးမြီနှင့်တူ၏" ဟု ပြ၏။ ကြွေးယူမိသူသည် အရာရာ၌ ကြွေးရှင်များ၏အလိုသို့ လိုက်ရသကဲ့သို့ ထို့အတူ ယောကျ်ား မိန်းမ တို့သည် အချင်းချင်း ကာမစ္ဆန္ဒ နီဝရဏဖြင့် စွဲလမ်းချစ်ခင်မိကြလျှင် ထို စွဲလမ်းချစ်ခင်သူ၏ အလိုလိုက်၍ သူနှစ်ခြိုက်သလို ပြုစု ရှာဖွေပေးရတော့သည်။ ထိုအဘိဇ္ဈာ နီဝရဏကို ပယ်ရှားလိုက်ခြင်းကား ကြွေးဆပ်လိုက်ခြင်းနှင့် တူ၏။ ကြွေးဆပ်ပြီးသူသည် ကြွေးရှင်၏ အလိုသို့ မလိုက်ရတော့သကဲ့သို့ အဘိဇ္ဈာကို ပယ်ပြီးဖြစ်၍ ချစ်နှစ်သက်စရာမရှိလျှင် ချစ်ခင်သူတို့၏ အလိုသို့ မလိုက်ရတော့ချေ။ ကြွေးဆပ်ပြီးသူသည် ကြွေးမရှိကြောင်းကို တွေးကာ ဝမ်း

သောက်လို့ မြိန်မြိန်ရှက်ရှက်ရှိ၍ အားလည်း အနည်းငယ် တိုးလာရာ၏။ ထိုသူသည် ရှေးက ရောဂါဖြစ်ခဲ့ရပုံ, စားသောက်၍ မကောင်းခဲ့ပုံ,အား မရှိပုံနှင့် ယခုအခါ ရောဂါကင်းပုံကို စဉ်းစားသောအခါ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရာ၏။ [ဤ ဥပမာဖြင့် "ဗျာပါဒ (ဒေါသ) နီဝရဏသည် အနာရောဂါနှင့် တူ၏" ဟု ပြ၏။ ဖြစ်ရိုးဖြစ်စဉ် ရုပ်ဓာတ်တွေ ဖောက် ပြန်လာခြင်းကို "အနာရောဂါဖြစ်ခြင်း" ဟု ခေါ်ရသကဲ့သို့ ဖြစ်ရိုးဖြစ်စဉ် စိတ်အစဉ်ဝယ် စိတ်ဆိုးမှုစိတ်တိုမှု စိတ်မချမ်းသာမှု သူတပါးကိုညှဉ်းဆဲ လိုမှု စသော ဒေါသတခုခု ပါဝင်လာခြင်းလည်း စိတ်အစဉ်မှာ မခံသာ အောင် ဆင်းရဲသော စိတ်ရောဂါ တမျိုးပင် ဖြစ်သည်။ရုပ်ခန္ဓာ၌ အနာ ရောဂါဖြစ်လျှင် အစားပျက် အသောက်ပျက် အအိပ်ပျက်ဖြစ်ကာ လွန် စွာ အားနည်းသကဲ့သို့ ဒေါသတည်းဟူသော စိတ်ရောဂါဖြစ်လာလျှင် လည်း အစားအသောက် ပျက်ကာ အားနည်းရသည်သာ။ ထိုရောဂါ စွဲပြီးနောက် ရောဂါပျောက်၍ စားသောက်ကောင်းပုံ အားရှိပုံတွေကို တွေးလိုက်လျှင် ဝမ်းမြောက် ရသကဲ့သို့ ထို့အတူ ဗျာပါဒ (ဒေါသ) နီဝရဏကို ပယ်ရှားပြီးပုံ, ဒေါသကင်း၍ စိတ်ချမ်းသာပုံတို့ကို တွေးမိ သော ရဟန်းသည်လည်း စိတ်ရောကိုယ်ပါ ချမ်းသာရွှင်ပျ၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပေသည်။]

**ထိနမိဒ္ဓ နီဝရဏ၏ အချုပ်ထောင် ဥပမာ**

(၃) မဟာရာဇာ........... ဥပမာတမျိုး ပြဦးမည်။ ယောကျ်ား တယောက်သည် (နက္ခတ်ပွဲကျင်းပချိန် ဝယ်)အချုပ်ထောင်ထဲ၌အချုပ်ခံနေရရာ၏။သူသည် နောက်အခါ၌ အချုပ်ထောင်မှ ချမ်းသာစွာပင် လွတ်မြောက်ရာ၏။ (ဒဏ်တပ်ခြင်း, လာဘ်ပေးရခြင်း မရှိသောကြောင့်) ငွေလည်းမကုန်ရ။ ထိုသူသည် အချုပ်ခံနေရပုံ ချမ်းသာစွာ လွတ်မြောက် လာပုံ ဥစ္စာမကုန်ပုံဤ အလုံးစုံကို ပြန်၍စဉ်းစားသောအခါ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရာ၏။ [ဤ ဥပမာဖြင့် "ထိနမိဒ္ဓနီဝရဏသည် အချုပ် ထောင်နှင့် တူ၏" ဟု ပြ၏။ နက္ခတ်ပွဲအချိန်ဝယ် အချုပ်ခံနေရသူသည် နက္ခတ်ပွဲကို မနွဲရသဖြင့် ထိုပွဲနှင့်စပ်၍ ပျော်ရွှင်မှုကို မခံစားရသကဲ့သို့ ထို့အတူ တရားနာတုန်းမှာ ဖြစ်စေ၊ တရားအားထုတ်နေတုန်းမှာ ဖြစ်စေ

ထိနမိဒ္ဓက စိတ်ကိုချုပ်ထားသဖြင့် ထိုင်းမှိုင်း ငိုက်မျဉ်းနေသူသည် တရားအရသာကို မခံစားရတော့ချေ။ အချုပ်ထောင်မှ လွတ်မြောက်လာသူသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသကဲ့သို့ ထိနမိဒ္ဓ (ထိုင်းမှိုင်းငိုက်မျဉ်းမှု) မှ လွတ်မြောက်သူလည်း စိတ်ကြည်လင် ရွှင်ပျ၍ ချမ်းသာမှုတမျိုးကို ခံစားရပေသည်။ ဤနေရာ၌ ညဥ့်အခါ တရေးနိုးချိန် အိပ်ရာမှ ထ၍ တရားအားထုတ်သူတို့ စိတ်ရွှင်ပျပုံကို သတိပြုပါလေ။]

**ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၏ ကျွန်ဥပမာ**

(၄) မဟာရာဇာ .... ဥပမာတမျိုး ပြဦးမည်။ မိမိကိုယ်ကို မပိုင်ဘဲ အရှင် သခင်တို့က ပိုင်နေ၍ အလိုရှိရာ မသွားမလာနိုင်သော ကျွန်တယောက် ရှိရာ၏။ သူသည် နောက်အခါ၌ ကျွန်ဘဝမှ လွတ်၍ ကိုယ့်ကိုယ်ကိုပိုင်၍ အရှင်သခင်တို့နှင့် မဆိုင်ဘဲ သွားလာနိုင်သူ ဖြစ်ရာ၏။ ထိုသူသည် ကျွန်ဘဝတုန်းက မလွတ်လပ်ပုံ၊ ယခုမှ လွတ်လွတ်လပ်လပ် သွားလာနိုင် နေထိုင်နိုင်ပုံကို ပြန်၍ စဉ်းစားသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရာ၏။ [ဤ ဥပမာဖြင့် "ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏသည် ကျွန်ဘဝနှင့် တူ၏" ဟု ပြသည်။ ပွဲလမ်းသဘင်၌ ပျော်ရွှင်နေသော ကျွန်သည် အရှင်သခင်တို့က အရေးကြီးသော ကိစ္စရှိ၍ မည်သည့်အရပ်သို့ သွားစမ်းချေ-ဟု စေခိုင်းလျှင် ပျော်ရွှင်နေသော အရသာကို မခံစားနိုင်ဘဲ သွားရတော့သကဲ့သို့ ထို့အတူ တရားနာရင်းဖြစ်စေ၊ တရားအားထုတ်နေရင်းဖြစ်စေ ဥဒ္ဓစ္စကြောင့် စိတ်ပျံ့လွင့်နေသူ ကုက္ကုစ္စကြောင့် စိတ်မငြိမ်မသက် ဖြစ်နေသူ ပူပန်နေသူသည် တရားအရသာကို မခံစားနိုင်ဘဲ စိတ်စက်လွင့်ပါး၍ အာရုံတခြားသို့ စိတ်သွား- သွားနေရလေတော့သည်။ ထို ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏမှ လွတ်မြောက်ပုံကို ပြန်၍ တွေးတောခြင်းကား ကျွန်ဘဝမှ လွတ်ခဲ့ပုံကို တွေးရခြင်းကဲ့သို့ ချမ်းသာရွှင်ပျ၍ စိတ်အေးမြလေသည်။]

**ဝိစိကိစ္ဆာနီဝရဏ၏ ခရီးသွားနေရသူ ဥပမာ**

(၅) မဟာရာဇာ.... ဥပမာ တမျိုးကို ပြဦးမည်။ ယောကျာ်း တယောက်သည် ပစ္စည်း ဥစ္စာ မြောက်များစွာကိုယူ၍ ဒမြလူဆိုးတို့ ကျက်စားရာ အစာရေစာ ရှားပါးသော တောလမ်း

ခရီးရှည်ကြီးကို (မလွဲသာ၍) သွားနေရာ၏။ ဘူသည် နောက်အခါ၌ ထိုခက်ခဲကြမ်းတမ်းသောခရီးကို ချမ်းသာစွာ လွန်မြောက်၍ ဘေးရန်အန္တရာယ်မရှိသော ရွာသို့ ရောက်လေရာ၏။ ထိုသူသည် ခရီးဆိုး၌ သွားခဲ့ရပုံ, ယခုအခါ ဘေးကင်းသောအရပ်သို့ ရောက်နေပုံကို ပြန်၍ စဉ်းစားသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရာ၏။ [ဤ ဥပမာဖြင့် "ဝိစိကိစ္ဆာနီဝရဏသည် ခရီးခဲ(သွားဘို့ရန် ခက်ခဲသောခရီး)နှင့် တူ၏" ဟုပြသည်။ ရွှေငွေဥစ္စာကိုယူ၍ တောပုန်းဒမြတို့ ကျက်စားရာ ခရီးခဲ၌ သွားနေရသူသည် လူယက်တတ်သော နေရာများသို့ ရောက်သည့်အခါ "ငါ့ကိုလဲ လုတော့မှာလေလား" ဟု ယုံမှားသံသယဖြစ်ကာ ရဲရဲတင်းတင်း မသွားဝံ့သဖြင့် ခရီးမတွင်ဘဲ ရှိသကဲ့သို့ ထို့အတူ ဝိစိကိစ္ဆာနီဝရဏဖြင့် ဘုရားကို ဖြစ်စေ၊ အားထုတ်နေသော တရားကိုဖြစ်စေ ယုံမှားသံသယ ဖြစ်နေသူကား တရားမပေါက်နိုင်ဘဲ ရှိတတ်လေ၏။ ခရီးခဲမှ လွန်မြောက်လာသူသည် ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာသကဲ့သို့ ထို့အတူ ဝိစိကိစ္ဆာကို လွန်မြောက်နိုင်သူကား တရားတိုးတက်၍ စိတ်ချမ်းသာမှု သုခတမျိုးကို ရနိုင်ပေသည်။]

**နီဝရဏ ၅-ပါးကို ဥပမာ ၅-ရပ်နှင့် ဆက်စပ်ပုံ**

မဟာရာဇာ....ဤပြခဲ့သည့် အတိုင်းပင် ရဟန်းသည် မိမိသန္တာန်၌ ကြွေးမြီနှင့်တူသော ကာမစ္ဆန္ဒနီဝရဏ မပယ်ရသေးပုံကိုရင်း၊ ရောဂါနှင့်တူသော ဗျာပါဒနီဝရဏ မပယ်ရသေးပုံကိုရင်း၊ အချုပ်ထောင်နှင့်တူသော ထိနမိဒ္ဓနီဝရဏ မပယ်ရသေးပုံကိုရင်း၊ ကျွန်ဘဝနှင့် တူသော ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ မပယ်ရသေးပုံကိုရင်း၊ ခရီးခဲနှင့်တူသော ဝိစိကိစ္ဆာနီဝရဏ မပယ်ရသေးပုံကိုရင်း ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင်၏။ (ထိုသို့ဆင်ခြင်၍ ပြခဲ့ပြီးသော အစီအစဉ်ဖြင့် နီဝရဏ၅-ပါးကို စိတ်အစဉ်မှာ မဖြစ်လာအောင် သုတ်သင်လေရာ အတော်ကြာလျှင် ထို နီဝရဏ၅-ပါးကိုပယ်ရှားနိုင်လေသည်-ဟူလို။) ထိုသို့ ဖယ်ရှားနိုင်သောအခါ—

ကြွေးဆပ်ပြီး ဖြစ်သူ၏ ကြွေးကင်းခြင်းနှင့်တူစွာ ကာမစ္ဆန္ဒနီဝရဏ ပယ်ပြီးပုံကိုရင်း၊ ရောဂါကင်းခြင်းနှင့်တူစွာ ဗျာပါဒ နီဝရဏ ကင်းပုံကိုရင်း၊ အချုပ်ထောင်မှ လွတ်ခြင်းနှင့်တူစွာ ထိနမိဒ္ဓနီဝရဏမှ လွတ်လာ

ပုံကိုရင်း၊ ကျွန်ဘဝမှ လွတ်မြောက်ခြင်းနှင့်တူစွာ ဥဒ္ဒစ္စ ကုက္ကုစ္စနီဝရဏ မှ လွတ်မြောက်လာပုံကိုရင်း၊ ခရီးခဲကို လွန်မြောက်၍ ဘေးကင်းရာအရပ်သို့ ရောက်ခြင်းနှင့် တူစွာ ဝိစိကိစ္ဆာနီဝရဏမှ လွတ်မြောက် ရပုံကိုရင်း ဉာဏ်စက္ခုဖြင့် ကြည့်ရှုဆင်ခြင်ပြန်လေသည်။

**ကိုယ် စိတ် ၂-မြာ ချမ်းသာအေးမြ၍ သမာဓိရပုံ** ထိုသို့ ကြည့်ရှုဆင်ခြင်သောအခါ မိမိမှာ နီဝရဏ ၅-ပါးလုံး ပယ်ပြီးဖြစ်နေပုံကို မြင်ရသော ထို ရဟန်းအား (အနည်းငယ်ဝမ်းမြောက်မှုဟူသော) ပါမောဇ္ဇသည်ဖြစ်၏။ ထိုသို့ ပါမောဇ္ဇဖြစ်နေရာမှ တိုးတက်၍ နှစ်သက်မှုဟူသော ပီတိဖြစ်၏။ ထို ပီတိသည် တကိုယ်လုံး ပျံ့နှံ့သွားလေရာ ခန္ဓာကိုယ်ကြီးနှင့် စိတ်အစဉ်ပါ ငြိမ်သက် အေးချမ်းမှု ဟူသော ပဿဒ္ဓိဖြစ်လာ၏။ ထိုသို့ငြိမ်သက်အေးချမ်းမှုနှင့် တဆက်တည်း ပင် စိတ်ရောကိုယ်ပါ ချမ်းသာသုခ ဖြစ်လာ၏။ မိမိ ကြိုးစားနေသော ကမ္မဋ္ဌာန်းတရားကြောင့် သုခရသော ရဟန်းသည် တောင်တောင်ကျကျ ကြံစည် စိတ်လွင့်မှု မရှိတော့ဘဲ ကမ္မဋ္ဌာန်း အာရုံထဲ၌ စိတ်စွဲ နေကာ လွန်စွာ သမာဓိကောင်းလေသည်။

**ပဌမဈာန်ရပုံ** ထိုသို့ သမာဓိ ရပြီးသော ရဟန်းသည် ရူပသဒ္ဒ စသော ကာမဂုဏ် အာရုံ ၅-ပါးနှင့် ကာမတဏှာ ကိလေသာ စိတ်တို့ကို ကင်းစေ ဆိတ်ငြိမ်စေ၍ရင်း၊ ကာမတဏှာ ကိလေသာတို့မှ ကြွင်းသော အကုသိုလ်စိတ်တို့ကို ကင်းစေ ဆိတ်ငြိမ်စေ၍ရင်း* ဝိတက် ဝိစာရ (နီဝရဏ ကင်းမှုကြောင့် ဖြစ်သော) ပီတိသုခနှင့် တကွ

---

မှတ်ချက်။ ။*ဝိတက် ဝိစာရ ပီတိ သုခနှင့်တကွဖြစ်သော သမာဓိကိုပင် "ပဌမဈာန်" ဟု ခေါ်၏။ "ဈာန်" ဟူသည် မိမိအာရုံကို အလွန် စူးစိုက်စွာ အာရုံပြုတတ်သော တရားတည်း။ ပဌမဈာန်၌ ပါသော ဝိတက်သည် အာရုံ သို့ စိတ်ကိုတင်၍ ပေးနေသလိုဖြစ်၏။ ဝိစာရကား ဝိတက်တင်ပေး၍ ရောက် နေရာအာရုံပေါ်၌ ထပ်တလဲလဲ စွဲမြဲပွတ်တိုက်သလို ဖြစ်နေ၏။ ပီတိကား ထို အာရုံကို အလွန်သဘောကျလျက် နှစ်သက်နေတော့၏။ သုခကလည်း ထို အာ ရုံပေါ်မှာ အလွန် ချမ်းသာနေလေသည်။ ထို့ကြောင့် စိတ်သည် ထိုအာရုံမှ မခွါတော့ဘဲ တည်နေကြည်နေတော့၏။ ထို တည်ကြည်မှုကိုပင် "သမာဓိရ သည်" ဟုရင်း၊ "ဧကဂ္ဂတာကျနေသည်" ဟုရင်း ခေါ်ကြရသည်။

ပဥ္စမစျာန်စိတ်ကို ရလေသည်။ ပဥ္စမစျာန်စိတ်ကိုရသော ထိုရဟန်းသည် ဤ မိမိခန္ဓာကိုယ်ကိုပင် (နီဝရဏကင်းဆိတ်မှ ဖြစ်နိုင်သော) နှစ်သက်မှု ချမ်းသာမှု ပီတိသုခဖြင့် စိမ့်၍နေစေ၏။ ထက်ဝန်းကျင် စိမ့်ဝင်သကဲ့သို့ ဖြစ်စေ၏။ လေပြည့်သော သားရေအိတ်ကဲ့သို့ ပီတိသုခဖြင့် ပြည့်နေစေ၏။ ထိုရဟန်း၏ တကိုယ်လုံးမှာ ဘယ်နေရာမဆို ပီတိသုခ မပြန့်အပ် မစိမ့်အပ်သော အရပ်ဟူ၍ မရှိတော့ပြီ။

**ပဥ္စမစျာန် ဥပမာ** မဟာရာဇာ.... ဥပမာပြဦးမည်။ အလွန် ကျွမ်းကျင်သော (သူတပါးကို) ရေ အင်္ဂါ ချိုးပေးတတ်သူ၊ သို့မဟုတ် တိုသူ၏ တပည့်သည် ကြေးလင်ပန်းထဲ၌ ဆပ်ပြာမှုန့်တို့ကို ထည့်၍ ရေကိုဖျန်းကာ ဆပ်ပြာခဲပြုလုပ်ရာ၌ အတွင်းအပြင် မကျန် ဆပ်ပြာခဲ တခုလုံးမှာ ရေအစိုဓာတ် နှံ့စပ်နေသကဲ့သို့ပင်ဖြစ်လေသည်။ ထိုသို့ အစိုဓာတ် နှံ့စပ်နေသော်လည်း စီးယိုခြင်းကား မရှိပေ။ ထို့ အတူပင် ထိုရဟန်း၏ တကိုယ်လုံးမှာ နှစ်သက်မှု ချမ်းသာမှု ပီတိ သုခတွေ ပျံ့နှံ့၍နေတော့၏။ စိုစိမ့်၍ နေတော့၏။ ပီတိသုခ မပျံ့နှံ့အပ်သောအရပ် ဟူ၍ မရှိတော့ပြီ။ ဤသို့ တကိုယ်လုံး တစိမ့်စိမ့်ဖြစ်လောက်အောင် ပီတိ သုခစိမ့်နေခြင်းသည် ရှေးကပြခဲ့သော ရဟန်း ပြုရကျိုးထက် သာလွန် မွန်မြတ်၍ ကိုယ်တွေ့ခံစားအပ်သော ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးပင်တည်း။*

**ဒုတိယ စျာန်ရပုံ** မဟာရာဇာ.... ရဟန်းပြုရကျိုး(သာမညဖလ)တမျိုး ရှိလေသေး၏။ (ပဥ္စမစျာန်ကို ရပြီးနောက် ဆက်လက် အားထုတ်သော) ရဟန်းသည် ဝိတက်နှင့် ဝိစာရတို့ ငြိမ်းခြင်း

---

မှတ်ချက်။ ။*ပဥ္စမစျာန်ချမ်းသာကို ရသောအခါ စျာန်စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တွေသည် တကိုယ်လုံး ပြည့်သွား၏။ထိုသို့ တကိုယ်လုံး ပျံ့နှံ့သွားသော ရုပ်များသည် (ဆပ်ပြာခဲလုပ်ရာ၌ ရေစိမ့်သလို) တကိုယ်လုံး ဖြစ်နေသော ရုပ်တွေထဲမှာ စိမ့်ဝင်သွားသလို ဖြစ်၏။ ထိုသို့ စိမ့်ဝင်သလို ဖြစ်သောအခါ ရုပ်အချင်းချင်း ထိမိတိုးမိခြင်းမှာ လွန်စွာ ချမ်းသာသော ကိုယ်ချမ်းသာ တမျိုး ဖြစ်လေသည်။ ဤသို့ဖြစ်သော ချမ်းသာကိုပင် ပီတိစိမ့်သည် ဟု ပြောစမှတ် ပြုကြသည်။

(ကင်းကွာခြင်း) ကြောင့် အတွင်းစိတ် အစဉ်ကို လွန်စွာ ကြည်လင်စေတတ်သော တရား (သဒ္ဓါ) ပါဝင်စေလျက် စိတ်တည်ကြည်မှု (သမာဓိ) ကို တိုးတက်စေနိုင်သော (*ဝိတက် ဝိစာရ မပါ) သမာဓိကြောင့် ဖြစ်သော ပီတိသုခ ၂-မျိုးသာ ပါသော ဒုတိယဈာန်ကို ဖြစ်စေနိုင်ပြန်လေသည်။ ဒုတိယဈာန် ရပြီးသော ထိုရဟန်းသည် ဤ ခန္ဓာကိုယ်ကိုပင် သမာဓိကြောင့် ဖြစ်သော နှစ်သက်မှု ချမ်းသာမှု ပီတိ သုခဖြင့် စိမ့်၍ နေစေ၏။ ထက်ဝန်းကျင် စိမ့်ဝင်နေသကဲ့သို့ ဖြစ်စေ၏။ လေဖြင့် ပြည့်သော သားရေအိတ်ကဲ့သို့ ပီတိသုခဖြင့် ပြည့်နေစေ၏။ တကိုယ်လုံး ထက်ဝန်းကျင်၌ ပီတိသုခဖြင့် ဖြန့်ထားသကဲ့သို့ ဖြစ်စေ၏။ ထိုရဟန်း၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းတိုင်း ပီတိသုခဖြင့် မဖြန့်အပ်သောနေရာ တခုမျှ မရှိတော့ချေ။

**ဒုတိယဈာန် ဥပမာ** မဟာရာဇာ.... ဥပမာ ပြဦးမည်။ နက်၍ အထက်သို့ ရေစိမ့်ထွက်သော ရေအိုင်တခု ရှိရာ၏။ ထိုရေအိုင်မှာ အရှေ့ဘက်မှလည်း ရေဝင်ပေါက်မရှိ။ တောင်, အနောက်, မြောက်ဘက်တို့မှလည်း ရေဝင်ပေါက် မရှိ။[၁] မိုးလည်း မကြာမကြာ

---

**မှတ်ချက်။** ။*ဝိတက်သည် အာရုံအမျိုးမျိုးကို ကြံတတ်၏။ ကြံဖန်များလျှင် ကာမအာရုံကိုပင် ကြံမိမှာစိုးရ၏။ ဝိတက်၏ကြံစည်မှုကြောင့် စိတ်အနေလည်း ငြိမ်သက်သင့်သလောက် မငြိမ်သက်သေး။ ဝိစာရကား ဝိတက်၏ အဖော်ပင်တည်း။ ထို့ကြောင့် ဝိတက် ဝိစာရ ၂-ပါးလုံး မပါသော စိတ်သာလျှင် သာ၍ တည်ငြိမ်ပေလိမ့်မည်- ဟု ဝိတက် ဝိစာရကို အပြစ်ရှုကာ ပွါးများအားထုတ်အပ်သော ကမ္မဋ္ဌာန်းဘာဝနာသည် ဒုတိယဈာန် ရကြောင်းဖြစ်၏။ ဤသို့ နှိုအားထုတ်ရင်းကပင် ဝိတက် ဝိစာရကို အပြစ်မြင်၍ အားထုတ်ရသောကြောင့် ဒုတိယဈာန်ရသောအခါ ဒုတိယဈာန်စိတ်မှာ ဝိတက် ဝိစာရ ၂-မျိုးလုံး မပါလာတော့ချေ။ ထို့ကြောင့် အာရုံကို စူးစိုက်စွာ ရှုနိုင်သော ပီတိ သုခနှင့် "သမာဓိ" ခေါ်သော ဧကဂ္ဂတာ ဤ ၃-ပါးကိုပင် ဒုတိယဈာန်ဟုခေါ်ရသည်။

၁။ ရေဝင်ပေါက် (ရေမြောင်း) ရှိလျှင် မြက် သစ်ရွက် သစ်ခက်တွေ ပါလာ၍ ရေမငြိမ်ဘဲ ရှုတတ်သောကြောင့် ရေဝင်ပေါက် ရေမြောင်း မရှိသော ရေအိုင်ကို ဥပမာပြတော်မူသည်။

အရှည်ထန်စွာ (ပြင်းထန်စွာ) မရွာ။[၁] ထိုရေအိုင်မှ အေးမြသော ရေ အယဉ်သည် (ရေကြောတို့မှ) ထွက်ပေါ်လာ၍ ထိုရေအိုင်ကိုပင် အေး မြသော ရေအယဉ်ဖြင့် စိုစိုစေသကဲ့သို့, ထက်ဝန်းကျင် စိမ့်ဝင်စေသကဲ့သို့, ထက်ဝန်းကျင် ပြည့်နေ စေသကဲ့သို့ ဖြစ်၏။ [ဤ ဥပမာ၌ ဒုတိယ ဈာန်ရသော ရဟန်း၏ တကိုယ်လုံးသည် ရေအိုင်နှင့်တူ၏။ ဒုတိယဈာန် ချမ်းသာသုခသည် အေးမြသောရေနှင့် တူ၏။ ဒုတိယဈာန် ချမ်းသာ သုခ၏ အစွမ်းကြောင့် စိတ္တဇရုပ်တွေ တကိုယ်လုံး ပြည့်နေခြင်းသည် ရေ အိုင် တခုလုံး၌ အေးမြသော ရေတွေ စိမ့်ဝင်နေခြင်းနှင့် တူသည်။] မဟာရာဇာ.... ဤဒုတိယဈာန် ချမ်းသာသည်လည်း ရှေး၌ ပြခဲ့သော ကိုယ်တွေ့ ခံစားရသော ရဟန်းပြုရကျိုးထက် သာလွန်မွန်မြတ်၍ ကိုယ် တွေ့ ခံစားရသော ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးပင်ဖြစ်သည်။ [ပဌမဈာန်ချမ်းသာ၌ ဝိတက် ဝိစာရ ပါသောကြောင့် ငြိမ်ငြိမ် သက် သက် မရှိလှ။ ဒုတိယဈာန် ချမ်းသာကျမှ ဝိတက် ဝိစာရ မပါသော ကြောင့် သာ၍ ငြိမ်သက်စွာ ခံစားရလေသည်။]

**တတိယဈာန်ရပုံ** ပဟာရာဇာ....ရဟန်းပြုရကျိုး (သာမညဖလ) တမျိုး ရှိသေး၏။ (ဒုတိယဈာန် ရပြီးနောက် ဆက်လက်၍ အားတုတ်သော)ရဟန်းသည် ပီတိကိုလည်း စက်ဆုပ်ခြင်း, ပီတိ၏လည်း ငြိမ်းအေးခြင်းကြောင့် (*) ခံစားမှု၌ ဂရုမပြု လျစ်လျူရှုလျက် (ပီတိ မဖြစ်လာအောင်) သတိထား၍ စဉ်းစားသော ဉာဏ်ဖြင့် နေ၏။ ထိုသို့

---

၁။ မကြာ မကြာ မိုးရွာလျှင် မိုးပေါက်တွေ ကျ၍ ရေပွက်ထသောကြောင့် ရေမငြိမ်ဘဲ ရှိရကား မိုးမရွာချိန်ကို ဥပမာ ပြတော်မူသည်။

**မှတ်ချက်။** ။ (*) ဒုတိယဈာန်၌ ပါဝင်သော ပီတိသည် နှစ်သက်ခြင်း (တက်ကြွခြင်း) သဘောရှိ၏။ မိမိရသော သုခကို အားရနှစ်သက်၍ တက်ကြွ နေသူသည် နှစ်သက်မှု တင်းတိမ်၍ ငြိမ်သက်နေသူလောက် မတည်ကြည်သကဲ့သို့ ထို့အတူ ပီတိအတွက်ကြောင့် ဒုတိယဈာန်သည် ငြိမ်သက်မှု နည်းပါးသကဲ့သို့ ထင်ရ၏။ သို့ဖြစ်၍ ဒုတိယဈာန်ရပြီးသော ယောဂီ (ကမ္မဋ္ဌာန်းအားထုတ်သူ) သည် ပီတိကို အပြစ်မြင်ကာ ပီတိမပါသော တတိယဈာန်ကိုရအောင် ကြိုးစား ပြန်လေသည်။ ထို့ကြောင့် တတိယဈာန်ရသောအခါ ပီတိကို လွန်မြောက်ပြီး ဖြစ်နေတော့သည်။

ခံစားမှု၌ လျစ်လျူ ရှုထားသော်လည်း အလွန်မြတ်သော သုခတစ်ခုကို နာမကာယဖြင့် (စိတ်စေတသိက်ဟူသော နာမ်အပေါင်းဖြင့်) ခံစားလျက်သာ ဖြစ်နေပြန်၏။[၁] ယင်းတတိယစျာန်ကြောင့် ထိုရဟန်းကို အရိယာများက "ချမ်းသာသုခကြီးကို လျစ်လျူရှုနိုင်ပါပေစွ။ သတိကောင်းပါပေစွ။ ချမ်းချမ်းသာသာ နေလေ့ ရှိပါပေစွ"ဟု ချီးမွမ်းကြရပေသည်။[၂] ထိုကဲ့သို့သော တတိယစျာန်ကို (ထိုရဟန်းသည်) မိမိသန္တာန်မှာ ဖြစ်စေ၍ နေ၏။ ထိုတတိယစျာန်ကို ရပြီးသောရဟန်းသည် (မိမိ၏ ဤ ခန္ဓာကိုယ်ကိုပင် ပီတိမပါသော ချမ်းသာသုခဖြင့် စိုစေ၏။ ထက်ဝန်းကျင် (တကိုယ်လုံး) စိမ့်စေ၏။ ထက်ဝန်းကျင် (တကိုယ်လုံး) ပြည့်နေစေ၏။ ထက်ဝန်းကျင် (တကိုယ်လုံး) ပျံ့နှံ့စေ၏။ ထို ရဟန်း၏ တကိုယ်လုံးမှာ ပီတိမပါသော ချမ်းသာသုခ၏ မပျံ့နှံ့ရာ အရပ်ဟူ၍ မရှိတော့ချေ။*

---

(၁) တတိယစျာန်ဟူသည် "သုခနှင့် ဧကဂ္ဂတာ" ၂-ပါးပင်တည်း။ လောကီသုခတို့တွင် ဤသုခသည် ထိပ်တန်းအကျဆုံး ဖြစ်၏။ ထို့ကြောင့် တတိယစျာန်ရပုဂ္ဂိုလ်သည် ချမ်းသာသုခကို ဂရုမပြု လျစ်လျူရှုထားသော်လည်း မိမိစိတ်အစဉ်၌ ထို အထွတ်အထိပ် သုခ ပါဝင်လျက် ရှိသောကြောင့် (မခံစား ချင်ပေမဲ့) ခံစားသလိုပင် ဖြစ်နေတော့၏။ တနည်းအားဖြင့် စဉ်းစားပြန်လျှင် ထို သုခသဟဂုတ် စိတ်ကြောင့် စိတ္တဇ ရုပ်တွေ ခန္ဓာကိုယ်မှာ တိုးပွါးလာ၏။ ထိုရုပ်တွေက တကိုယ်လုံး ပျံ့နှံ့ နေသောအခါ မခံစားလိုသော်လည်း ခံစားရသကဲ့သို့ပင် ဖြစ်နေပြန်လေသည်။ ထို ခံစားသောတရားကား (ပုဂ္ဂိုလ်မဟုတ်) အတူတကွ ဖြစ်နေသော "စိတ်စေတသိက်" ခေါ် နာမ်တရားအပေါင်းပင်တည်း။ ယခုလောက၌ ခံစားမှုကို ပုဂ္ဂိုလ်သတ္တဝါက ခံစားသည်ဟု ထင်မှားကြ၏။ အမှန်မှာ- ခံစားသူ ပုဂ္ဂိုလ်သတ္တဝါမရှိ။ သုခနှင့် တွဲ၍ဖြစ်သော တရားအပေါင်းသာ ရှိသည်။

(၂) အထက်တန်း တရားထူးရပြီးသော အရိယာပုဂ္ဂိုလ်တိုင်းက ထိုတတိယစျာန်ရပုဂ္ဂိုလ်ကို "တတိယစျာန်ချမ်းသာကြီး ကိုပင် ဂရုမပြုဘဲ လျစ်လျူရှုနိုင်ပါပေ၏။ ပီတိမဖြစ်လာအောင် သတိထားနိုင်ပါပေ၏။ ချမ်းသာစွာ နေလေ့ရှိပါပေ၏"ဟု ချီးမွမ်းကြရသည်။

မှတ်ချက်။ ။*ပီတိပါသော သုခသည် မငြိမ်သက်။ ပီတိမပါသောသုခသည် ငြိမ်သက်၏။ ထိုငြိမ်သက်မှုကြောင့် သာ၍ အရသာ ပေါ်လာလေသည်။

**တတိယဈာန် ဥပမာ** မဟာရာဇာ....ဥပမာပြဦးမည်။ ဥပ္ပလ မည်သော ကြာတော, ပဒုမ္မာ ကြာတော, ပုဏ္ဍရိက်ကြာတော၌ ကြာရုံတွေ ပေါက်နေလေရာ၏။ ရေထဲမှာသာ ပေါက်၍ ရေထဲမှာပင် ကြီးပွါးနေတုန်းဖြစ်လျက် ရေမှ အပေါ်သို့ မထွက်လာသော ကြာတွေ ရှိကုန်၏။ ထိုကြာတွေကို အမြစ်မှစ၍ အဖျားထိအောင် အေးမြသော ရေသည် စိုနေသကဲ့သို့, ထက်ဝန်းကျင် စိမ့်နေသကဲ့သို့, ထက်ဝန်းကျင် ပြည့်နေသကဲ့သို့, ထက်ဝန်းကျင် ပျံ့နှံ့နေသကဲ့သို့, ထိုကြာများ၏ တစုံတခုသော အရပ်မျှ အေးမြသောရေဖြင့် မပျံ့နှံ့သော နေရာ မရှိတော့သကဲ့သို့ ဖြစ်လေသည်။ [ဤ ဥပမာ၌ အေးမြသောရေနှင့် တတိယဈာန်ချမ်းသာသည် တူ၏။ ကြာရုံများ၏ အရပ်တိုင်း၌ ရေ၏ ပျံ့နှံ့ခြင်းနှင့် တတိယဈာန်ရ ပုဂ္ဂိုလ်၏ တကိုယ်လုံး၌ တတိယဈာန်ချမ်းသာကြောင့် စိတ္တဇရုပ်တွေ ပျံ့နှံ့နေပုံများ တူကြလေသည်။] မဟာရာဇာ....ဤ တတိယဈာန်ချမ်းသာသည်လည်း ရှေး၌ပြခဲ့သော ရဟန်းပြုရကျိုးထက် သာလွန်မွန်မြတ်သော ရဟန်းပြုရကျိုး (သာမညဖလ)တမျိုးပေတည်း။

**စတုတ္ထဈာန်ရပုံ** မဟာရာဇာ .... ရဟန်းပြုရကျိုး တမျိုးရှိသေး၏။ (တတိယဈာန် ရပြီးနောက် ဆက်လက် အားထုတ်သော) ရဟန်းသည် စတုတ္ထဈာန်ကိုမရမီ ရှေးမဆွကပင် ကိုယ်၌ဖြစ်သော ချမ်းသာသုခကိုလည်း ပယ်နိုင်ခြင်း, ကိုယ်၌ဖြစ်သော ဆင်းရဲဒုက္ခကိုလည်း ပယ်နိုင်ခြင်း, စိတ်၌ဖြစ်သော ချမ်းသာသုခ (သောမနဿ)နှင့် စိတ်၌ဖြစ်သော ဆင်းရဲဒုက္ခ (ဒေါမနဿ)တို့၏ ချုပ်ငြိမ်းခြင်းကြောင့် ဒုက္ခ သုခ လုံးဝမပါဘဲ ဥပေက္ခာကြောင့် ဖြစ်ပေါ်လာသော သတိ၏ ထက်ဝန်းကျင် စင်ကြယ်မှုရှိသော စတုတ္ထဈာန်ကို မိမိ သန္တာန်၌ ဖြစ်စေ ပြန်လေသည်။

ထိုစတုတ္ထဈာန်ကို ရပြီးသောရဟန်းသည် (မိမိ၏) ဤ ခန္ဓာကိုယ်ပင် ကိလေသာ အညစ်အကြေး မတင်သဖြင့် ထက်ဝန်းကျင် သန့်ရှင်းသော စိတ်, ပြိုးပြိုး ပျက်ပျက် အရောင် ထွက်သကဲ့သို့ ဖြူစင်သော စိတ်ဖြင့် (စိတ်ကြောင့်ဖြစ်သော ရုပ်ဖြင့်)ပျံ့နှံ့စေလျက် နေလေသည်။ ထိုရဟန်း၏ တကိုယ်လုံးမှာ ထက်ဝန်းကျင် သန့်ရှင်းသောစိတ်, ပြိုးပြိုး ပြက်ပြက်

အရောင်ထွက်သကဲ့သို့ ဖြူစင်သောစိတ်ဖြင့်(စိတ်ကြောင့်ဖြစ်သော ရုပ်ဖြင့်) မပျံ့နှံ့အပ်သော အရပ်ဟူ၍ မရှိတော့ချေ။

**စတုတ္ထစျာန် ဥပမာ** မဟာရာဇာ.... ဥပမာ ပြဦးမည်။ (ရေချိုးပြီးသော ယောကျ်ားတယောက်သည် ဖြူစင်သန့်ရှင်းသော အဝတ် ခြုံထည်ဖြင့် ဦးခေါင်းနှင့်တကွ တကိုယ်လုံးခြုံ၍ ထိုင်နေရာ၏။ (ထိုသို့ ထိုင်နေသော) ယောကျ်ား၏ တကိုယ်လုံးမှ ထွက်သော ကိုယ်ငွေ့သည် ခြုံထားသော အဝတ်တထည်လုံး၌ ပျံ့နှံ့သွား၏။ ထို ခြုံထားသော အဝတ်ခြုံထည်မှာ ကိုယ်ငွေ့ မပျံ့နှံ့ရာ အရပ်ဟူ၍ မရှိတော့သကဲ့သို့ ဖြစ်လေသည်။ [ဤဥပမာ၌ အဝတ်ခြုံထည်နှင့် ယောဂီ ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်သည် တူ၏။ ကိုယ်ငွေ့၏ ခြုံထည်တခုလုံးမှာ ပျံ့နှံ့ပုံ နှင့် စတုတ္ထစျာန် စိတ်၏ (စိတ်ကြောင့် ဖြစ်သော ရုပ်၏) တကိုယ်လုံး ပျံ့နှံ့ပုံသည် တူ၏*။] မဟာရာဇာ.... ဤစတုတ္ထစျာန်သည်လည်း ရှေး၌ ပြခဲ့သော ရဟန်းပြုရကျိုးထက် သာလွန်မွန်မြတ်သော ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးပေတည်း။

**ဝိပဿနာဉာဏ်ရပုံ** မဟာရာဇာ.... ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးရှိသေး၏။ (ဤ ပြခဲ့သော ပဌမ ဒုတိယ တတိယစျာန် အစဉ်အတိုင်း တိုးတက်၍ ရအပ်သော) စတုတ္ထစျာန် သမာဓိဖြင့် ကောင်းစွာ တည်ကြည်နေသော စိတ်သည် ထက်ဝန်းကျင် စင်ကြယ်လျက် ရှိ၏။ ထိုသို့ စင်ကြယ်သည့်အတွက် ပြိုးပြိုးပြက်ပြက်

---

**မှတ်ချက်။** ။*စတုတ္ထစျာန် စိတ်၌ သုခမပါသော်လည်း ဥပေက္ခာ ဝေဒနာ ပါ၏။ ဥပေက္ခာနှင့် ဧကဂ္ဂတာ ၂-ပါးကိုပင် စတုတ္ထစျာန်ဟု ခေါ်၏။ ထိုဥပေက္ခာဝေဒနာ၏ ခံစားပုံမှာ သုခ ခံစားပုံထက်ပင် ငြိမ်သက်၍ အထက်တန်း ကျလှ၏။ ဥပမာ—ပျော်ပျော် ပါးပါး ခံစားရခြင်းထက် အေးအေးမြမြ နေရခြင်းက သာ၍ အရသာ ရှိသကဲ့သို့တည်း။ ထို့ကြောင့်ပင် အပျော်အပါးခံစားမှု များနေသူတို့သည် နောက်ဆုံး၌ ဒုက္ခ ရ၍ အေးအေးမြမြ နေလေ့ရှိသူမှာ ဒုက္ခမဖြစ်နိုင်သကဲ့သို့တည်း။ [ဤ စတုတ္ထစျာန်၏ ဥပမာ၌ အဋ္ဌကထာ ဋီကာဖွင့်လိုက်၍ မြန်မာပြန် ထားသည်။]

အရောင်ထွက်သကဲ့သို့ ဖြူစင်နေ၏။ ရာဂ ဒေါသ စသော ကိလေသာ အညစ်အကြေးမရှိ။ ထိုသို့ အညစ်အကြေး မရှိသည့်အတွက် ညစ်နွမ်းခြင်းမှ ကင်း၏။ မိမိအလိုသို့ လိုက်ပါနိုင်လောက်အောင် နူးညံ့သည့်အတွက် (ထိုထို ကောင်းသောအမှုကို ပြုလုပ်ရာ၀ယ်) ခံနိုင်ရည် ရှိ၏။ [ဥပမာ—လျှော်ပြီး ဦးပြီးဖြစ်၍ နူးညံ့နေသော ရွှေသည် ထိုထို တန်းဆာကို ပြုလုပ်ဘို့ရန် တူဖြင့် ထုရိုက်သည့်အခါ မကွဲမပြတ်ဘဲ ခံနိုင်သကဲ့သို့ တည်း။] ဤပြခဲ့သော ဖြူစင်မှု စသော ဂုဏ်တို့၌ ခိုင်မြဲတည်တံ့နေ၏။ လှုပ်ရှားပျက်ပြားခြင်း မရှိတော့။ ဤမျှလောက် စိတ် အခြေအနေ ကောင်းမွန် နေလတ်သော် (ကောင်းမွန်နေသောအခါ) စတုတ္ထဈာန် ရပြီးသော ထိုရဟန်းသည် ဝိပဿနာဉာဏ် ဖြစ်ဘို့ရာ မိမိစိတ်ကို ဝိပဿနာဉာဏ်သို့ ရှေးရှုပို့ဆောင် ပြန်၏။ မိမိစိတ်ကို ရှေးရှု ညွတ်စေ ပြန်၏။ "ဝိပဿနာဉာဏ်ရအောင် ကမ္မဋ္ဌာန်း အားထုတ်ပြန်သည်" ဟူလို။*

**မိမိကိုယ်ကိုဆင်ခြင်ပုံ** မိမိစိတ်ကို ဝိပဿနာဉာဏ်သို့ ရှေးရှုပို့ဆောင်နေသော ရှေးရှုညွတ်စေသော ထိုရဟန်းသည် ဤသို့ သိ၏။ (အဘယ်သို့ သိသနည်း။) ငါ၏ကိုယ်သည် အအေးမိခြင်း အပူမိခြင်း စသော အကြောင်းတို့ကြောင့် ဖောက်ပြန်လေ့ရှိ၏။ တကိုယ်လုံး မဟာဘုတ်လေးပါး အတိ ပြီး၏။ (တကိုယ်လုံး၌ ပထဝီ, အာပေါ, တေဇော, ဝါယော=မြေဓာတ်, ရေဓာတ်, အဋ္ဌေဓာတ်, လေဓာတ် ဤဓာတ်ကြီး ၄-ပါးသာလျှင် အခိုင်အမာ ရှိ၏။) မိဘတို့၏ သုက်

---

**မှတ်ချက်။** ။*ဤပါဠိတော်အတိုင်းဆိုလျှင် ဈာန်ကိုရပြီး၍ သမာဓိ (သမထကမ္မဋ္ဌာန်း) ပေါက်ပြီးမှ ဝိပဿနာ ကမ္မဋ္ဌာန်းကို တိုးတက် စီးဖြန်းရမည် ဖြစ်သော်လည်း အခြား သုတ္တန်ပါဠိ, အဋ္ဌကထာများ၌ ဈာန်မရမီပင် (အတော်အတန် သမာဓိ ရပြီးလျှင်) ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းနိုင်ပုံ အစီအစဉ်လည်း ရှိပေသည်။ မည်သို့ပင် အဆိုအမျိုးမျိုး ရှိသော်လည်း ဤသုတ်၌ ပြတော်မူနေသော ရဟန်းကား စောင့်ထိန်းမြဲ သီလများ ပြည့်စုံရုံမက ဈာန် ၆-ပါးကို စောင့်စည်းလျက် ဈာန်ရပြီး ပုဂ္ဂိုလ်တပါးဖြစ်၍ အလွန် ကြီးမားသော သမာဓိနှင့် ပြည့်စုံသော အရှင်တပါးဟု စိတ်ထဲမှာ ထင်မြင်လျက် ရှိပါစေ။

သွေးကြောင့် ဖြစ်ရ၏။ ထမင်း, မုယောမုန့် (ဂျုံမုန့်) တို့ကြောင့် ကြီးပွါးရ၏။ မမြဲသော သဘောရှိ၏။ (မကောင်းသောအနံ့ကို ပယ်ရှားဘို့ရာ) နံ့သာကဲ့, နံ့သာရည် စသည်တို့ဖြင့် ပွတ်တိုက်ပေးရခြင်း သဘောရှိ၏။ (အညောင်းအညာ ပြေစေဘို့ရာ) ဆုတ်နယ်ပေးရခြင်း, (လက်ခြေအင်္ဂါ လှပဘို့ရာ ငယ်ရွယ်စဉ်အခါ၌) နှိပ်နယ် ပေးရခြင်း သဘောရှိ၏။ (ဤမျှလောက် ယုယုယယ ပြုစုအပ်သော်လည်း နောက်ဆုံး တနေ့ကျလျှင်) ပျက်စီးခြင်း သဘောရှိ၏။ (ပျက်စီးရုံတွင် မက, ဘာမျှ အသုံးမကျ ရှာမရအောင်) ဖရိုဖရဲ ပြိုကွဲခြင်း သဘောရှိ၏။ ငါ၏ ''ဝိညာဉ်'' ဟု ခေါ်အပ်သော နာမ်တရားကား ဤအနိစ္စရုပ်ခန္ဓာပေါ်မှာ မှီနေရ၏။ ဤအနိစ္စရုပ်ခန္ဓာကိုယ်၌ စပ်သွယ်နေရ၏။ (မမြဲ၍ ဖရိုဖရဲ ပြိုကွဲ ပျက်စီးမည့် ရုပ်ခန္ဓာကိုယ်ကို မှီရသော ဝိညာဉ်မှာ သာ၍ပင် ပျက်စီးဘွယ် မှုပါးနေတော့သည်-ဟူလို။) ဤသို့ ဝိပဿနာ ဉာဏ်ဖြင့် သိမြင်နေလေသည်။*

---

မှတ်ချက်။ ။*ဤသိရာ၌ ရုပ်နှင့် နာမ် (ရုပ်ခန္ဓာနှင့် စိတ် ဝိညာဉ် နာမ်တရား) ကို ခွဲခြား၍ သိရုံမက ရုပ်ခန္ဓာကိုယ်ကြီး၏ မိဘ သုက်သွေးကြောင့် ဖြစ်ခဲ့ရပုံ ပြုစုခဲ့ရပုံတို့ကိုပါ ရုပ်ခန္ဓာကိုယ်၏ ဖြစ်ဘို့ရာ အကြောင်းကိုလည်း သိ၏။ ရုပ်ခန္ဓာကိုယ်၏ မမြဲခြင်း အနိစ္စသဘော, ပျက်စီးခြင်း ဒုက္ခသဘောကိုလည်း သိ၏။ ထိုသို့ အနိစ္စသဘော, ဒုက္ခသဘော ရှိသော ရုပ်ခန္ဓာကိုယ်ကို မှီနေရသော ဝိညာဉ်ကား သာ၍ပင် အနိစ္စ, ဒုက္ခ ထင်ရှားနေပြန်သည်။ အနိစ္စနှင့် ဒုက္ခသဘောကို သိလျှင် အစိုးမရသော = မိမိအလိုအတိုင်း မဖြစ်နိုင်သော = အနှစ်အသား အခိုင်အမာ မဟုတ်သော အနတ္တ သဘောလည်း အလိုလို ထင်ရှားလာပါလိမ့်မည်။

အဘိဓမ္မာပါဠိတော်၌ လာရှိသည့်အတိုင်း ရုပ်နာမ် ခန္ဓာကို အကျယ်ချဲ့၍ မခွဲနိုင်သော်လည်း ဤမျှလောက် ခွဲခြား၍ သိဘို့ရန်မှာ မဖြစ်နိုင်စရာ မရှိ။ ဤမျှလောက် သိလျှင်ပင် ရုပ်ခန္ဓာနှင့် စိတ်ဝိညာဉ် အပေါ်မှာ ထူးထူးခြားခြား သိမြင်သော ဝိပဿနာဉာဏ် ဖြစ်နေပြီဟုဆိုရတော့သည်။ [ဝိ=ထူးထူးခြားခြား(အနိစ္စ ဒုက္ခ အနတ္တ သဘောအားဖြင့်) +ပဿနာ

**ဝိပဿနာဉာဏ် ဥပမာ** မဟာရာဇာ........(ထိုရဟန်း၏ ဝိပဿနာဉာဏ် အမြင်ဖြင့် ခန္ဓာကိုယ်ပေါ်၌ သိမြင်နေပုံကို) ဥပမာ ပြဦးမည်။ အလွန် အရောင်ကောင်း၍ တွင်းထွက် အစစ်ဖြစ်သော ပတ္တမြား ကြောင်မျက်ရွဲတလုံးရှိရာ၏။ ပုံသဏ္ဌာန် ရှစ်မြှောင့်ရှိ၏။ ငြိကပ်နေသော ကျောက်ခဲ ကျောက်မှုန့်များကို ပယ်ရှားသောအားဖြင့် ရေးမဆွက ပွတ်ဘွယ်ဟူသမျှကို ကောင်းမွန်စွာ ပွတ်ပြင်ပြီးလည်းဖြစ်၏။အရည်လည်၍ကြည်နေ၏။ အထူးကြည်လင်၏။ အနောက်အကျလုံးဝမရှိ။ သွေးမှု ကြိုးတပ်ဘို့ရန် ဖောက်ထွင်းမှု စသော အခြင်းအရာအားလုံးနှင့်လည်း ပြည့်စုံပြီးဖြစ်၏။ ထိုပတ္တမြား ကြောင်မျက်ရွဲ၌ အညိုရောင်, ဝါရွှေရွှေအရောင်,အနီရောင်, အဖြူရောင်, ခပ်ဖျော့ဖျော့အရောင်တို့တွင် အရောင် တမျိုးမျိုးရှိသော ကြိုးကိုလည်း သီ(တပ်)ထားရာ၏။

ထို ပတ္တမြားကို မျက်စိ အမြင်ကောင်းသော ယောကျ်ားတယောက်သည် လက်ဝါးပေါ်တင်၍ ဆင်ခြင် ကြည့်ရှုသောအခါ ထို ပတ္တမြား၏ အရောင်တောက်ပုံ, (တွင်းကောင်းမှ ထွက်လာသော) ပတ္တမြားစစ်ဖြစ်ပုံ, ရှစ်မြှောင့်ရှိပုံ, ကျောက်ခဲ စသည်ကို ပယ်ပြီးဖြစ်၍ သန့်စင်ပုံ, အရည်လည်၍ ကြည်နေပုံ, အထူးကြည်လင်ပုံ, နောက်ကျုခြင်း မရှိပုံ, သွေးမှု ဖောက်ထွင်းမှု စသော အခြင်းအရာအားလုံးနှင့် ပြည့်စုံပုံကိုရင်း၊ ထို ပတ္တမြား၌ အညို စသော အရောင်တမျိုးမျိုး ကြိုးတပ်ထားပုံကိုရင်း မြင်သကဲ့သို့ ထို့အတူ (ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော ရဟန်းသည် ပြခဲ့သော နည်းအားဖြင့်) မိမိ ခန္ဓာကိုယ်နှင့် စိတ်ဝိညာဉ်ကို (အထင်အရှား) သိမြင်လေ၏။* မဟာရာဇာ....ဤသို့ မိမိကိုယ်နှင့် မိမိ

---

=ရှုတတ်၊မြင်တတ်သော ဉာဏ်ကို "ဝိပဿနာဉာဏ်" ဟုခေါ်၏။]
"တရားရှာ ကိုယ်မှာတွေ့" ဆိုသည့်အတိုင်း ဤရဟန်းသည် မိမိ ခန္ဓာကိုယ်ပေါ်မှာ ဝိပဿနာဉာဏ်ဖြင့် တရားရှာသော ပုဂ္ဂိုလ်ပေတည်း။

**မှတ်ချက်။** ။*ဤဝိပဿနာဉာဏ်၏ ဥပမာ၌ ဤ ခန္ဓာကိုယ်သည် ပတ္တမြားနှင့် တူ၏။ ဝိပဿနာဉာဏ်သည် ပတ္တမြားကို ကြည့်ခြင်းနှင့် တူ၏။ ယောဂီ ရဟန်းကား မျက်စိ အမြင်ကောင်းသော ယောကျ်ားနှင့် တူ၏။ ယောဂီရဟန်း၏ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်စဉ် ဤ ခန္ဓာကိုယ်၏

စိတ်ဝိညာဉ်ကို (လက်ပေါ်တင်ထားသော ပတ္တမြားကဲ့သို့)အထင်အရှား သိမြင်နိုင်သော ဝိပဿနာဉာဏ် သည်လည်း ရှေး၌ပြခဲ့ပြီးသော ရဟန်းပြုရကျိုးထက် သာလွန် မွန်မြတ်သော ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးပေတည်း။

## မနောမယိဒ္ဓိ ရပုံ

**စိတ်ကြောင့် ကိုယ်တမျိုးဖြစ်အောင် ဖန်ဆင်းပုံ** ဤပြခဲ့သော အစဉ်အားဖြင့် စတုတ္ထဈာန်ရပြီး၍ စတုတ္ထဈာန် သမာဓိဖြင့် တည်ကြည်သော စိတ်သည် ထက်ဝန်းကျင် စင်ကြယ်လျက်ရှိ၏။ ထိုသို့ စင်ကြယ်သည့်အတွက် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သကဲ့သို့ ဖြူစင်နေ၏။ ရာဂ ဒေါသ စသော ကိလေသာ အညစ်

---

ဖြစ်ပုံပျက်ပုံ ထင်ရှားနေခြင်းသည် မျက်စိကောင်းသော ယောကျာ်း၏ ပတ္တမြားကို လက်ဝါးပြင်ပေါ်မှာ တင်၍ ကြည့်ရှုနေစဉ် ပတ္တမြား၏ အခြင်းအရာ အားလုံး ထင်ရှားနေခြင်းနှင့် တူ၏။ မိမိ၏ ဝိပဿနာ ဝိညာဉ်စိတ်ကိုပါ မိမိ၏ နောက်နောက်စိတ်ဖြင့် ပြန်၍မြင်နေခြင်းသည် ပတ္တမြား၌ တပ်(သီ)ထားသော ကြိုးကိုပါ မြင်နေရခြင်းနှင့် တူသည်။ ပတ္တမြားကို မျက်ဝါးထင်ထင် မြင်နေရသကဲ့သို့ ဝိပဿနာဉာဏ်ဖြင့် ရုပ်ခန္ဓာကိုယ်နှင့် စိတ်ဝိညာဉ်ကို ခွဲခြား၍ အဖြစ်အပျက်ကို ဆင်ခြင်မှုကြောင့် တချို့ထက်မြက်သူမှာ အချိန်မကြာဘဲ မဂ်ဖိုလ် ပေါက်နိုင်ရာသော်လည်း တချို့တချို့ကား နာရီပေါင်း ရက်ပေါင်း လပေါင်း နှစ် ပေါင်း အတော်ကြာမှ မဂ်ဖိုလ်ရလောက်အောင် ကမ္မဋ္ဌာန်း ပေါက်ပေလိမ့်မည်။

**တိုက်တွန်းချက်။** ။ဤကမ္မဋ္ဌာန်းဘာဝနာ အလုပ်ကား အဝိဇ္ဇာနှင့် တဏှာကို ပြတ်အောင် ဖြတ်ရသော အလုပ်ပင်တည်း။ မည်သူမဆို မိမိကိုယ်ကိုသာ အချစ်ဆုံး အတွယ်တာဆုံး တဏှာအဖြစ်ဆုံးတည်း။ မိမိကိုယ်၌သော်မှ တဏှာ မဖြစ်လျှင် အပြင်ပ၌ ဘယ်သူ့အပေါ် ဘယ်ပစ္စည်း အပေါ်၌မျှ တဏှာမဖြစ်တော့ချေ။ ထို့ကြောင့် ''တရားရှာ ကိုယ်မှာ တွေ့''ဟု ရှေးယောဂီ ပုဂ္ဂိုလ်မြတ်တို့ မိန့်တော်မူအပ်ခဲ့သော စကားသည် ဤ သုတ္တန် ဒေသနာတော်နှင့် တသဘတည်း ညီညွတ်ပေရကား

အကြေးမရှိ။ ထိုသို့ အညစ်အကြေး မရှိသည့်အတွက် ညစ်နွမ်းခြင်းမှ ကင်း၏။ မိမိအလိုသို့ လိုက်ပါနိုင်လောက်အောင် နူးညံ့နေ၏။ နူးညံ့သည့်အတွက် ထိုထိုကောင်းသော အမှုတို့ကို ပြုလုပ်ရာဝယ် ခံနိုင်ရည်ရှိ၏။ ဤပြခဲ့သော စင်ကြယ်မှု စသော ဂုဏ်တို့၌ ခိုင်မြဲ တည်တံ့နေ၏။ (ခိုင်မြဲသည့်အတွက်) လှုပ်ရှားပျက်ပြားခြင်း မရှိတော့။ ဤမျှလောက် စိတ်အခြေအနေ *ကောင်းမွန်နေလတ်သော်(ကောင်းမွန်နေသောအခါ)* စတုတ္ထဈာန် ရပြီးသော ထို ရဟန်းသည် စိတ်ကြောင့် ဖြစ်သော ကိုယ်ခန္ဓာ တမျိုးကို ဖန်ဆင်းခြင်းငှါ စိတ်ကို (ကိုယ်ခန္ဓာအသစ်သို့) ရှေးရှုပို့ဆောင်နေ၏။ ရှေးရှုညွတ်နေ၏။ (ကိုယ်ခန္ဓာ အသစ် ဖြစ်ပေါ်လာအောင် အားထုတ်နေသည်-ဟူလို။) ထို အားထုတ်သော ရဟန်းသည် နဂိုရှိပြီးသော မိမိ ခန္ဓာကိုယ်မှ တမျိုးတခြားဖြစ်သော ကိုယ်ခန္ဓာကို ဖန်ဆင်းနိုင်လေသည်။ ထို ကိုယ်ခန္ဓာ အသစ်သည် ရုပ်အဆင်း, လက်

---

ယောဂီ သူတော်စင် ဟူသမျှတို့သည် မိမိကိုယ်ပေါ်၌သာ ရုပ်ခန္ဓာနှင့် နာမ်ဝိညာဉ်ကို ကွဲပြားအောင် ရှုစား၍ အဖြစ် အပျက်တို့ကို လေ့လာပွါးများကြပါကုန်။

**မှတ်ချက်။** ။*ဤ ဖန်ဆင်းမှုကို "မနောမယိဒ္ဓိ=စိတ်ကြောင့် ဖြစ်သော တန်ခိုး (စိတ်ကြောင့် ဖြစ်ပေါ်လာသော ရုပ်ခန္ဓာတမျိုး)"ဟုမှတ်ပါ၊ ထိုသို့ ရုပ်ခန္ဓာတမျိုး ပေါ်လာအောင် ဖန်ဆင်းရာ၌ ရှေးဦးစွာ စတုတ္ထဈာန်နှင့်တကွ အထက် အရူပဈာန်တွေပါ ရပြီးဖြစ်စေရမည်— ဟု ဝိသုဒ္ဓိမဂ် စသည်၌ ဆို၏။ ထိုသို့ ဈာန်ရရှိသည့်အခါ သာမန်လူများ၏ စိတ်နှင့်မတူ။ အာရုံတခုခု အပေါ်၌မှာ လွန်စွာတည်မြဲသော စိတ် ဖြစ်နေ၏။ ဤသို့ တည်မြဲမှုကို "သမာဓိရနေသည်=ကေဂ္ဂတာကျနေသည်"ဟု ပြောစမှတ် ပြုကြသည်။ ထိုသို့ သမာဓိရနေရုံမျှဖြင့် မဖန်ဆင်းနိုင်သေး။ ရပြီးဈာန်ကို အပြန်အလှန် ဝင်စားလျက် မိမိစိတ်ကို နိုင်နင်းအောင် ကြိုးစားရသေး၏။ ထိုသို့ ကြိုးစားပြီး၍ စိတ်သည် (၁) အလွန်စင်ကြယ်၊ (၂) အလွန်ဖြူစင်၊ (၃) အလွန် အညစ်အကြေးကင်း၊ (၄) ညစ်နွမ်းမှု လုံးဝမရှိ၊ (၅) အလွန်နူးညံ့၊ (၆) ဖန်ဆင်းမှု၌ ခံနိုင်ရည်ရှိ၊ (၇) အလွန်စင်ကြယ်မှု စသော ဂုဏ်၌ တည်တံ့၊ (၈) လှုပ်ရှား

ခြေ စသော ကိုယ်အင်္ဂါနှင့် မျက်စိ နား နှာခေါင်း စသော ဣန္ဒြေများ အပြည့်အစုံ ပါ၏။ [သို့သော် အသက်ရှိသော ပုဂ္ဂိုလ်ကား မဟုတ်။]

**မနောမယိဒ္ဓိ ဥပမာ** မဟာရာဇာ.... ခန္ဓာကိုယ်တမျိုး ဖန်ဆင်းရာ၌ (နဂိုနှင့် ဖန်ဆင်းရုပ်တို့ တူပုံကို) ဥပမာ ပြဦးမည်။ ယောကျ်ား တယောက်သည် ဖြူဆန်မြက်မှ အညှောင့် (အတွင်း၌ ရှိသော အနု) ကို ဆွဲနှုတ်ရာ၏။ ထို ဆွဲနှုတ်သော ယောကျ်ားမှာ ဤသို့ သိရာ၏။ (အဘယ်သို့ သိရာသနည်း။) ဖြူဆန်မြက်နှင့် အတွင်းအညှောင့်ကို ခွဲခြားပြီးလျှင် ဤဟာသည် ဖြူဆန်မြက်, ဤဟာကားအတွင်းမှ အညှောင့် ဖြူဆန်မြက်သည် အညှောင့်မှ တခြား, အညှောင့်လည်း ဖြူဆန်မြက်မှ တခြားပင်တည်း။ ဖြူဆန်မြက်ထဲမှ အညှောင့်ကို နှုတ်ယူထားခြင်းသာ ဖြစ်သည်ဟု ခွဲခြား၍ သိသကဲ့သို့တည်း။

မဟာရာဇာ.... ဥပမာတမျိုး ပြဦးမည်။ ယောကျ်ားတယောက်သည် သန်လျက်အိမ်မှ သန်လျက်ကို ဆွဲနှုတ်ပြီးနောက် ဤဟာသည် သန်လျက်, ဤဟာကား သန်လျက်အိမ်, သန်လျက်တခြား, အိမ်တခြား၊ သန်လျက် အိမ်မှ သန်လျက်ကို ထုတ်ယူထားခြင်းသာ ဖြစ်သည်ဟု ခွဲခြား၍ သိသကဲ့သို့တည်း။

မဟာရာဇာ....ဥပမာတမျိုး ပြဦးမည်။ ယောကျ်ားတယောက်သည် မြွေကို (လဲတော့မည့်အရေမှ) စိတ်ဖြင့် ထုတ်ယူ၍ စဉ်းစားသောအခါ "ဤဟာသည် မြွေ, ဤဟာကား မြွေရေလဲ, မြွေတခြား, မြွေရေလဲ တခြား၊ မြွေရေလဲမှ မြွေကို ထုတ်ယူထားခြင်းသာ ဖြစ်သည် ဟု ခွဲခြား၍ သိသကဲ့သို့တည်း။* ဤသို့ မနောမယ ကိုယ်ခန္ဓာတမျိုးကို ဖန်ဆင်း နိုင်ခြင်း သည်လည်း ရှေး ရဟန်းပြုရကျိုးတို့ထက် သာလွန် မွန်မြတ်သော ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးပေတည်း။

---

ပျက်ပြားခြင်းမရှိ—၏ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံမှ ဖန်ဆင်းမှုအံ့မျိုးမျိုး (တန်ခိုး) ပြနိုင်သည်။ ထို့ကြောင့် နောက်နောက်၌လည်း စိတ်သည် ဤ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံရမည်-ဟုချည်း မှတ်ပါ။

**မှတ်ချက်။** ။*ဤ ဥပမာ ၃-ချက်ဖြင့် ဘာကို ပြသနည်း။ တန်ခိုးရှင် ရဟန်း နှင့် ဖန်ဆင်းထားသော မနောမယကိုယ်သည် အရွယ် ပုံသဏ္ဌာန်နှင့်

## ဣဒ္ဓိဝိဓ အဘိညာဉ်ရပုံ*

**တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ပုံ** ဤပြခဲ့သော အစဉ်အားဖြင့် စတုတ္ထစျာန် ရပြီး၍ စတုတ္ထစျာန် သမာဓိဖြင့် တည်ကြည်သော စိတ်သည် ထက်ဝန်းကျင် စင်ကြယ်လျက် ရှိ၏။ ထိုသို့ စင်ကြယ်သောကြောင့် ပြိုးပြိုးပြက်ပြက် အရောင် ထွက်သကဲ့သို့ ဖြူစင်နေ၏။ ရာဂ ဒေါသ စသော ကိလေသာ အညစ်အကြေးမရှိ။ ထိုသို့ အညစ်အကြေးမရှိသောကြောင့် ညစ်နွမ်းခြင်းမှ ကင်း၏။ မိမိအလိုသို့ လိုက်ပါနိုင်လောက်အောင် နူးညံ့နေ၏။ ထိုသို့ နူးညံ့သောကြောင့် ထိုထို ကောင်းသော အမှုကို ပြုရာဝယ် ခံနိုင်ရည်ရှိ၏။ ဤပြခဲ့သော စင်ကြယ်မှု ဖြူစင်မှု စသော ဂုဏ်တို့၌ ခိုင်မြဲ တည်တံ့နေ၏။ ခိုင်မြဲ တည်တံ့သောကြောင့် လှုပ်ရှားပျက်ပြားခြင်း မရှိတော့။ ဤမျှလောက် စိတ်အခြေအနေ ကောင်းမွန်လတ်သော် (ကောင်းမွန်နေသောအခါ) စတုတ္ထစျာန်ရပြီးသော ထိုရဟန်းသည် တန်ခိုးအမျိုးမျိုး ဖြစ်ပေါ်လာဘို့ရာ စိတ်ကို တန်ခိုးအမျိုးမျိုးသို့ ရှေးရှုဆောင်ပြန်၏။ ရှေးရှုညွှတ်စေပြန်၏။ (တန်ခိုးအမျိုးမျိုး ဖြစ်ပေါ်လာအောင် အားထုတ် ပြန်သည်-ဟူလို) ထိုသို့ အားထုတ်ရသော ရဟန်းသည် များပြားလှစွာသော တန်ခိုးအမျိုးမျိုးကို ခံစားရ၏။ ခံစားရပုံကား—

(၁) တပါးတည်းက အများဖြစ်အောင် ဖန်ဆင်းနိုင်၏။

(၂) အများက တပါးတည်းဖြစ်အောင် ဖန်ဆင်းနိုင်၏။

---

အရောင်အဆင်းပါ အားလုံး တူမျှသည်ဟုရင်း၊ မနောမယ ကိုယ်ခန္ဓာကို ဖန်ဆင်းလိုသော ယောဂီသည် ရှေးဦးစွာ မိမိခန္ဓာကိုယ် အတွင်း၌ ကိုယ်ခန္ဓာတခု ထင်ပေါ်လာအောင် ဖန်ဆင်းပြီးမှ ထိုခန္ဓာကိုယ်ကို လူအများ မြင်လောက်အောင် (မြူဆန်မြက် စသည်မှ အညှောင့် စသည်ကို ထုတ်သကဲ့သို့) အပြင်သို့ ထုတ်ပြရကြောင်းကိုရင်း ပြသည်။

**မှတ်ချက်။** ၊*တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော အဘိညာဉ်ကို "ဣဒ္ဓိဝိဓ အဘိညာဉ်"ဟု ခေါ်၏။ [ဣဒ္ဓိ=တန်ခိုး+ဝိဓ=အမျိုးမျိုး]

(၃) အများမျက်မြင် အထင်အရှား ဖြစ်အောင်လည်း ပြုနိုင် ပြနိုင်၏။ [ကောင်းကင်၌ ကြွသွားရာဝယ် အများမြင်အောင်လည်း ပြ၍ ကြွသွားနိုင်၏။ ငရဲနှင့် နတ်ပြည် ဗြဟ္မာ့ပြည်ကိုလည်း အများ မြင်အောင် ပြနိုင်၏။ အဘိဓမ္မာတရား ဟောပြတော်မူပြီး၍ တာဝတိံသာ နတ်ပြည်မှ သင်္ကဿနဂိုရ်သို့ လပြည့်နေ့ ဆင်းတော်မူရာ၌ ဤ တန်ခိုးဖြင့် အများမြင်အောင် ပြတော်မူသည်။]

(၄) အများ မမြင်အောင်လည်း ပြုနိုင်၏။ [မိမိကိုယ်ကိုကွယ်ပျောက် နေအောင် တစ်ပုတယောက်ကိုလည်း ကွယ်ပျောက်နေအောင် ဖုံးကွယ်ထားနိုင်၏။]

(၅) ဟာလာ ဟင်းလင်း ပွင့်နေသော အရပ်၌ သွားရသကဲ့သို့ နံရံ၏ ဟိုမှာဘက်သို့ရင်း၊ တံတိုင်း၏ ဟိုမှာဘက်သို့ရင်း၊ တောင်၏ ဟိုမှာဘက်သို့ရင်း အငြိအတွယ်မရှိဘဲ သွားနိုင်၏။ [ထို တန်ခိုးရှင်ကို နံရံ စသည်တို့က ပိတ်ဆီးခြင်း မပြုနိုင်-ဟူလို။]

(၆) ရေ၌ ငုပ်နိုင် ပေါ်နိုင်သကဲ့သို့ မြေ၌လည်း ငုပ်မှု ပေါ်မှုကို ပြုနိုင်၏။ [မြေလျှိုးနိုင်သည်-ဟူလို။]

(၇) မြေပေါ်၌ သွားရသကဲ့သို့ ရေပေါ်၌လည်း ပြိုကွဲနစ်မြုပ်ခြင်း မရှိဘဲ သွားနိုင်၏။

(၈) အတောင်ရှိသော ငှက်ကဲ့သို့ ကောင်းကင်၌လည်း တင်ပလ္လင်ခွေ၍ သွားလာနိုင်၏။

(၉) ကျွန်းကြီး ၄-ကျွန်းကို တပြိုင်နက် လင်းနိုင် လောက်အောင် တန်းခိုးအာနုဘော် ကြီးကုန်သော ဤ လ, နေ တို့ကိုလည်း လက် ဖြင့် သုံး သပ် နိုင် (ကိုင် နိုင်)၏။ မှန် ကို ပွတ် သ ကဲ့ သို့ ပွတ်တိုက်နိုင်၏။

(၁၀) ဗြဟ္မာ့ပြည် တိုင်အောင်လည်း မိမိကိုယ်ဖြင့် မိမိအလိုသို့ လိုက် စေနိုင်၏။ (မိမိကိုယ်၏ အလိုသို့ ပါလာစေနိုင်၏။) [ဗြဟ္မာ့

ပြည်သို့ ရောက်အောင် သွားနိုင်၏။ ဗြဟ္မာ့ပြည်ကို မြင်နိုင်, ဗြဟ္မာ့ အသံကို ကြားနိုင်, ဗြဟ္မာတို့အား တန်ခိုးပြနိုင်သည်။]

မဟာရာဇာ .... ဥပမာ ပြဦးမည်။ ကျွမ်းကျင်သော အိုးထိန်းသည်၊ သို့မဟုတ် အိုးထိန်းသည်၏ တပည့်သည် ကောင်းစွာ ပြုအပ်ပြီးသော မြေညက်၌အလိုရှိရာအိုးကိုပြုလုပ်နိုင်သကဲ့သို့ငှင်း၊ကျွမ်းကျင်သောဆင်စွယ်ရုပ်ထုလုပ်သောဆရာ, ထို ဆရာ၏တပည့်သည် ကောင်းစွာ ပြုပြင်အပ်ပြီးသော ဆင်စွယ်၌ အလိုရှိရာအရုပ်ကို ထုလုပ်နိုင်သကဲ့သို့ငှင်း၊ကျွမ်းကျင်သော ရွှေပန်းထိမ်ဆရာ, ထိုဆရာ၏ တပည့်သည် လှော်ပြီး ဦးပြီးသော ရွှေ၌ အလိုရှိရာ တန်းဆာကို ပြုလုပ်နိုင်သကဲ့သို့ငှင်း၊ထို့အတူပင် စိတ်ကို နိုင်နင်းစွာ ပြုပြင်ပြီးသော ရဟန်းသည် အလိုရှိရာ တန်ခိုးကို ဖန်ဆင်းနိုင်ပေသည်။ ဤသို့ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်း နိုင်ခြင်း သည်လည်း ရှေး၌ပြခဲ့သော ရဟန်းပြုရကျိုးတို့ထက် သာလွန်မွန်မြတ်သော ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးပေတည်း။

## ဒိဗ္ဗသောတ အဘိညာဉ် ရပုံ

**ဒိဗ္ဗသောတ** ဤ ပြခဲ့သော အစဉ်အားဖြင့် စတုတ္ထစျာန် ရပြီးဖြစ်၍ စတုတ္ထစျာန် သမာဓိဖြင့် တည်ကြည်သော စိတ်သည် ထက်ဝန်းကျင် စင်ကြယ်လျက်ရှိ၏။ ထိုသို့ စင်ကြယ်သောကြောင့်ပြိုးပြိုး ပြက်ပြက် အရောင်ထွက်သကဲ့သို့ ဖြူစင်နေ၏။ ရာဂ ဒေါသစသော ကိလေသာ အညစ်အကြေးမရှိ။ ထိုသို့ အညစ်အကြေး မရှိသောကြောင့် ညစ်နွမ်းခြင်းမှ ကင်း၏။ မိမိအလိုသို့ လိုက်ပါနိုင်အောင် နူးညံ့နေ၏။ ထိုသို့ နူးညံ့နေသောကြောင့် ထိုထို ကောင်းသော အမှုကို ပြုရာဝယ် ခံနိုင်ရည်ရှိ၏။ ဤ ပြခဲ့သော စင်ကြယ်မှု ဖြူစင်မှုစသော ဂုဏ်တို့၌ ခိုင်မြဲ တည်တံ့နေ၏။ ခိုင်မြဲတည်တံ့သောကြောင့် လှုပ်ရှား ပျက်ပြားခြင်း မရှိတော့။ ဤမျှလောက် စိတ်အခြေအနေ ကောင်းမွန် နေလတ်သော် (ကောင်းမွန်နေသောအခါ) စတုတ္ထစျာန် ရပြီးသော ထို ရဟန်းသည် ဒိဗ္ဗသောတဓာတ်(အဘိညာဉ်) ဖြစ်ပေါ်လာဘို့ရန် စိတ်ကို ဒိဗ္ဗသောတ

အဘိညာဉ်သို့ ရှေးရှုဆောင်ပြန်၏။ ရှေးရှုညွတ်စေပြန်၏။ (ဒိဗ္ဗသောတ အဘိညာဉ်ကို ရဘို့ရန် အားထုတ်ပြန်သည်-ဟူလို။) ထိုသို့ အားထုတ်နေသော ရဟန်းသည် အလွန်သန့်ရှင်းစင်ကြယ်၍ လူတို့၏ ရိုးရိုးနားထက် သာလွန်သော ဒိဗ္ဗသောတဓာတ်ဖြင့် လူသံ, နတ် ပြဟ္မာ့ အသံ ၂-မျိုးလုံး၏ အဝေးသံ, အနီးသံ (အကျယ်သံ အတိုးသံ)ကို ခွဲခြား၍ ကြားစွမ်းနိုင်လေသည်။*

**ဒိဗ္ဗသောတ ဥပမာ** မဟာရာဇာ....(ထိုဒိဗ္ဗသောတဓာတ်ဖြင့် ကြားသိရာဝယ် ကွဲကွဲ ပြားပြား သိနိုင်ပုံကို) ဥပမာပြဦးမည်။ ဘေးရန်ကင်းကွာ၍ သာယာ အေးမြအောင် ခရီးရှည်တခုကို ဖြည်းဖြည်းသက်သာ သွားနေသော ယောကျ်ားတယောက်သည် (ထိုထို အရပ်၌ တီးမှုတ်၍နေသော) စည်ကြီးသံကိုဎင်း၊ မုရိုးစည်သံကိုဎင်း၊ ခရုသင်းသံ, ထက်စည်သံ, စည်တိုသံကိုဎင်း ကြားရလေရာ ဤအသံသည် စည်ကြီးသံ, ဤ အသံကား မုရိုးစည်သံ, ဤ အသံကား ခရုသင်းသံ, ဤ အသံကား ထက်စည်သံ, ဤအသံကား စည်တိုသံဟု ကွဲကွဲ ပြားပြား ခွဲခြား၍ သိနိုင်သကဲ့သို့ ထို့အတူ ဒိဗ္ဗသောတ အဘိညာဉ်ကို ရပြီးသော ရဟန်းသည်လည်း လူ နတ် ပြဟ္မာတို့၏ ဝေးသော အသံ, သေးငယ်သော အသံများကို ကွဲကွဲပြားပြား သိနိုင်ပေသည်။ ဤသို့ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် လူ နတ် ပြဟ္မာတို့၏ အသံ (ဝေးသောအသံ, တိုးသော အသံ)တို့ကို ကွဲကွဲပြားပြား ခွဲခြား၍ ကြားသိနိုင်ခြင်းသည်လည်း ရှေး၌ ပြခဲ့သော ရဟန်းပြုရကျိုးတို့ထက် သာလွန် မွန်မြတ်သော ရဟန်းပြုရကျိုး (သာမညဖလ)တမျိုးပေတည်း။

---

**မှတ်ချက်။** ။*နတ်ပြဟ္မာတို့၏ နားသည် ဝေးသောအသံ, တိုးသောအသံများကို ကြားနိုင်သကဲ့သို့ ထို့အတူ လူ နတ်တို့၏ အသံ, တိုးတိုးသံတို့ကိုလည်း ကြားသိနိုင်သော ဉာဏ်ထူးတမျိုးကို (နတ်ပြဟ္မာတို့၏ နားနှင့် တူသောကြောင့်) ဒိဗ္ဗသောတဓာတ် (အဘိညာဉ်) ဟု ခေါ်၏။ [ဒိဗ္ဗသောတ= နတ်တို့နားကဲ့သို့ ကြားနိုင်သော+ဓာတု=ဓာတ်တမျိုး၊ အဘိ=လွန်လွန်ကဲကဲ+ဉာဏ=သိစွမ်းနိုင်သောဉာဏ် (အဘိညာဉ်)]

## စေတောပရိယအဘိညာဉ်ရပုံ

**သူတပါးစိတ်ကို သိနိုင်သော အဘိညာဉ်** ဤပြခဲ့သော အစဉ်အားဖြင့် စတုတ္ထဈာန် ရပြီးဖြစ်၍ စတုတ္ထဈာန် သမာဓိဖြင့် တည်ကြည်နေသောစိတ်သည် ထက်ဝန်းကျင် စင်ကြယ်လျက်ရှိ၏။ ထိုသို့ စင်ကြယ်သောကြောင့် ပြိုးပြိုး ပြက်ပြက် အရောင် ထွက်သကဲ့သို့ ဖြူစင်နေ၏။ ရာဂ ဒေါသစသော ကိလေသာ အညစ်အကြေးမရှိ။ ထိုသို့ အညစ်အကြေး မရှိသောကြောင့် ညစ်နွမ်းခြင်းမှကင်း၏။ မိမိအလိုသို့ လိုက်ပါနိုင်လောက်အောင် နူးညံ့နေ၏။ ထိုသို့ နူးညံ့သောကြောင့် ထိုထို ကောင်းသော အမှုကိုပြုရာဝယ် ခံနိုင်ရည်ရှိ၏။ ဤပြခဲ့သော စင်ကြယ်သော ဖြူစင်မှုစသော ဂုဏ်တို့၌ ခိုင်မြဲတည်တံ့နေ၏။ ခိုင်မြဲသောကြောင့် လှုပ်ရှားပျက်ပြားခြင်း မရှိတော့။ ဤမျှလောက် စိတ်အခြေအနေ ကောင်းမွန်နေလတ်သော် (ကောင်းမွန်နေသောအခါ)စတုတ္ထဈာန်ရပြီးသော ထို ရဟန်းသည် စေတော ပရိယဉာဏ် ဖြစ်ပေါ် လာဘို့ရာ စိတ်ကို စေတောပရိယဉာဏ်သို့ ရှေးရှု ဆောင်ပြန်၏။ ရှေးရှု ညွှတ်စေပြန်၏။* (စေတောပရိယဉာဏ် ရဘို့ရန် အားထုတ်ပြန်သည်-ဟူလို) ထိုသို့ အားထုတ်သော ရဟန်းသည် အခြား ပုဂ္ဂိုလ် သတ္တဝါတို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိနိုင်၏။ သိပုံကား— (ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရပြီးသော ရဟန်းသည် အဘိညာဉ်ဖြင့် မိမိ ကြည့်လိုရာ ပုဂ္ဂိုလ်ကို ကြည့်၍ အနီးအပါး၌ နေသူဖြစ်လျှင် ပကတိ စက္ခုဖြင့်ပင် ကြည့်၍ "ဤသူမှာ ယခု အချိန်၌ အဘယ်စိတ် ဖြစ်နေပါလိမ့်မည်နည်း" ဟု စဉ်းစားဆင်ခြင်သောအခါ)-

၁။ သရာဂစိတ် ဖြစ်နေလျှင် သရာဂစိတ် ဖြစ်နေကြောင်းကို သိ၏။ ဝီတရာဂစိတ် ဖြစ်နေလျှင် ဝီတရာဂစိတ် ဖြစ်နေကြောင်းကို

---

မှတ်ချက်။ ။*စေတောပရိယဉာဏ — စေတော = သူတပါး၏ စိတ်ကို+ ပရိယ= ပိုင်းခြား၍ (ပိုင်ပိုင်နိုင်နိုင်) သိသော + ဉာဏ=ဉာဏ်၊ ဤ ဉာဏ်ကို "ပရစိတ္တဝိဇာနန အဘိညာဉ်" ဟုလည်းခေါ်သည်။ပရစိတ္တ= သူတပါး စိတ်ကို+ဝိဇာနန = အမျိုးမျိုး သိနိုင်သောဉာဏ်။

သိ၏။ [လောဘမူစိတ်ကို "သရာဂ (ရာဂ လောဘနှင့်တကွဖြစ်သော) စိတ်ဟု ခေါ်၏။ ကုသိုလ် ဝိပါက် ကြိယာစိတ်များကို "ဝီတရာဂ (ရာဂကင်းသော) စိတ်"ဟု ခေါ်သည်။]

၂။ သဒေါသစိတ် ဖြစ်နေလျှင် သဒေါသစိတ် ဖြစ်နေကြောင်းကို သိ၏။ ဝီတဒေါသစိတ် ဖြစ်နေလျှင် ဝီတဒေါသစိတ် ဖြစ်နေကြောင်းကို သိ၏။ [ဒေါသမူစိတ်ကို "သဒေါသစိတ်" ဟုရင်း၊ ကုသိုလ် ဝိပါက် ကြိယာ စိတ်များကို "ဝီတ ဒေါသစိတ်" ဟုရင်း ခေါ်သည်။]

၃။ သမောဟစိတ်ဖြစ်နေလျှင် သမောဟစိတ် ဖြစ်နေကြောင်းကို သိ၏။ ဝီတမောဟစိတ် ဖြစ်နေလျှင် ဝီတမောဟစိတ် ဖြစ်နေကြောင်းကို သိ၏။ [မောဟမူစိတ်ကို "သမောဟစိတ်"ဟုရင်း၊ ကုသိုလ် ဝိပါက် ကြိယာစိတ်များကို "ဝီတမောဟစိတ်"ဟုရင်း ခေါ်သည်။]

၄။ သံခိတ္တစိတ် ဖြစ်နေလျှင် သံခိတ္တစိတ် ဖြစ်နေကြောင်းကို သိ၏။ ဝိက္ခိတ္တစိတ် ဖြစ်နေလျှင် ဝိက္ခိတ္တစိတ် ဖြစ်နေကြောင်းကို သိ၏။ [တွန့်တို ဆုတ်နစ်၍ ကုံ့ကုံ့ကလေးထိုင်နေသူကဲ့သို့ ကုံ့နေသော ထိန မိဒ္ဓ စိတ် (ထိုင်းမှိုင်း ပျင်းရိနေသော စိတ်) ကို "သံခိတ္တစိတ်" ဟုရင်း၊ မငြိမ်မသက် ပျံ့လွင့်နေသော ဥဒ္ဓစ္စနှင့် တကွဖြစ်သော စိတ်ကို "ဝိက္ခိတ္တစိတ်" ဟုရင်း ခေါ်သည်။]

၅။ မဟဂ္ဂုတ်စိတ် ဖြစ်နေလျှင် မဟဂ္ဂုတ်စိတ် ဖြစ်နေကြောင်းကို သိ၏။ မဟဂ္ဂုတ်စိတ်မှတပါး အခြားစိတ်ဖြစ်နေလျှင် မဟဂ္ဂုတ် မဟုတ်သောစိတ် ဖြစ်နေကြောင်းကို သိ၏။ [ရူပစိတ် အရူပစိတ်ကို "မဟဂ္ဂုတ်စိတ်" ဟုရင်း၊ ကြွင်းစိတ်များကို "မဟဂ္ဂုတ် မဟုတ်သောစိတ်" ဟုရင်း ခေါ်သည်။]

၆။ သဥတ္တရစိတ်ဖြစ်နေလျှင် သဥတ္တရစိတ် ဖြစ်နေကြောင်းကိုသိ၏။ အနုတ္တရစိတ် ဖြစ်နေလျှင် အနုတ္တရစိတ် ဖြစ်နေကြောင်းကိုသိ၏။

[မိမိထက် မြတ်သော တရားရှိသေးသော လောကီ စိတ်များကို "သဥတ္တရစိတ်" ဟုလည်းကောင်း၊ မိမိထက် မြတ်သော တရားမရှိသော လောကုတ္တရာ စိတ်ကို "အနုတ္တရစိတ်" ဟုလည်းကောင်း ခေါ်သည်။]

၇။ သမာဓိစိတ် ဖြစ်နေလျှင် သမာဓိစိတ် ဖြစ်နေကြောင်းကိုလည်းကောင်း၊ သမာဓိစိတ် မဖြစ်လျှင် သမာဓိစိတ် မဖြစ်ကြောင်းကိုလည်းကောင်းသိ၏။ [ကမ္မဋ္ဌာန်း အားထုတ်၍ တည်ကြည်နေသော စိတ်နှင့် ဈာန်စိတ် မဂ်စိတ် ဖိုလ်စိတ်များကို "သမာဓိစိတ်"ဟုလည်းကောင်း၊ ထိုသို့ မတည်ကြည်သော စိတ်ဟူသမျှကို "သမာဓိ မရသော စိတ်" ဟုလည်းကောင်း ခေါ်သည်။]

၈။ ဝိမုတ္တစိတ်ဖြစ်နေလျှင် ဝိမုတ္တစိတ် ဖြစ်နေကြောင်းကို သိ၏။ အဝိမုတ္တစိတ် ဖြစ်နေလျှင် အဝိမုတ္တစိတ် ဖြစ်နေကြောင်းကို သိ၏။ [ကမ္မဋ္ဌာန်းအားထုတ်၍ ကုသိုလ်စိတ် များစွာဖြစ်နေလျှင် ထိုကုသိုလ်စိတ် ဖြစ်နေသမျှ ကာလပတ်လုံး အကုသိုလ် ကိလေသာတို့မှ ကင်းလွတ်နေသောကြောင့် ဝိမုတ္တစိတ်မည်၏။ ဈာန် မဂ် ဖိုလ်စိတ်များ ဖြစ်နေသောအခါ ဝိမုတ္တစိတ် ဖြစ်နေကြောင်းမှာ အထူးဆိုဖွယ် မရှိပြီ။ ထိုစိတ်မျိုးမဖြစ်လျှင် အဝိမုတ္တစိတ် ဖြစ်နေ၏။]*

---

ဝိမုတ္တ။ ။*တဒင်္ဂဝိမုတ္တ, ဝိက္ခမ္ဘနဝိမုတ္တ, သမုစ္ဆေဒဝိမုတ္တ, ပဋိပဿဒ္ဓိဝိမုတ္တ, နိဿရဏဝိမုတ္တအားဖြင့် ၅-ပါးရှိ၏။ မဟာကုသိုလ်စိတ်သည် (ထိုကုသိုလ်အစိတ်အပိုင်းဖြင့် အကုသိုလ် အစိတ်အပိုင်းမှလွတ်သောကြောင့်) တဒင်္ဂဝိမုတ္တမည်၏။ ဈာန်စိတ်သည် (အတော်ကြာမြင့်စွာ ကိလေသာတို့ကို ပယ်ခွါနိုင်သောကြောင့်) ဝိက္ခမ္ဘနဝိမုတ္တ မည်၏။ မဂ်စိတ်သည် (ကိလေသာတို့ကို အကြွင်းမရှိအောင် ဖြတ်တောက်နိုင်သောကြောင့်) သမုစ္ဆေဒဝိမုတ္တ မည်၏။ ဖိုလ်စိတ်သည် (ငြိမ်းပြီးမီးကို ထပ်၍အေးစေသကဲ့သို့ ကုန်ပြီး ကိလေသာကို ထပ်မံ၍ ငြိမ်းစေတတ်သောကြောင့်) ပဋိပဿဒ္ဓိဝိမုတ္တ မည်၏။ နိဗ္ဗာန်သည် (ကိလေသာတို့မှ လွတ်မြောက်ရာဖြစ်သောကြောင့်) နိဿရဏဝိမုတ္တ မည်၏။

**စေတောပရိယ ဥပမာ** မဟာရာဇာ........ သူတပါးတို့၏ စိတ်ကို (သရာဂစိတ် ဝီတရာဂစိတ် စသည်ဖြင့် ခွဲခြား၍ သိနိုင်ရာ၌) ဥပမာပြဦးမည်။ ငယ်ငယ်ရွယ်ရွယ် နုနယ်ပျိုမျစ်၍ အဆင်အပြင်ဝါသနာပါသော မိန်းမ၊ သို့မဟုတ် ယောကျ်ားသည် မှန်၌ ဖြစ်စေ၊ သန့်ရှင်းဖြူစင်ကြည်လင်သော ရေခွက်၌ဖြစ်စေ မိမိ မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သောအခါ ညှင်း တင်းတိတ် မှဲ့ ဝက်ခြံနှင့် မလှသော ပုံသဏ္ဌာန် စသော အပြစ် တစုံတရာရှိလျှင် အပြစ် ရှိကြောင်းကိုလည်း သိ၍ အပြစ်တစုံတရာမရှိလျှင် မရှိကြောင်းကိုလည်း သိသကဲ့သို့ ထို့အတူ စေတောပရိယ အဘိညာဉ်ကို ရပြီးသော ရဟန်းသည်လည်း သူတပါး စိတ်ကို ခွဲခြားသိမြင်နိုင်ပေသည်။ ဤသို့ သူတပါးစိတ်ကို သိနိုင်ခြင်းသည်လည်း ရှေး၌ ပြခဲ့ပြီးသော ရဟန်းပြုရကျိုးတို့ထက် သာလွန် မွန်မြတ်သော ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးပေတည်း။

## ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ရပုံ

**ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင်သော အဘိညာဉ်** ဤ ပြခဲ့သော အစဉ်အားဖြင့် စတုတ္ထဈာန် ရပြီးဖြစ်၍ စတုတ္ထဈာန် သမာဓိဖြင့် တည်ကြည်သော စိတ်သည် ထက်ဝန်းကျင် စင်ကြယ်လျက် ရှိ၏။ ထိုသို့ စင်ကြယ်သော

---

**တိုက်တွန်းချက်။** ။အဘိညာဉ် မရသေးသော ကမ္မဋ္ဌာန်း အားထုတ်သူသည် မိမိစိတ်ဖြစ်သမျှကို "ဤစိတ်သည် လောဘ (ရာဂ) စိတ်, ဤစိတ်သည် ဒေါသစိတ်, ဤစိတ်သည် မာနစိတ်, ဤစိတ်သည် ဣဿာစိတ်, ဤစိတ်သည် မစ္ဆရိယစိတ်" ဤသို့စသည်ဖြင့် အကုသိုလ်စိတ်များကို ခွဲခြား မှတ်သားသင့်၏။ "ဤစိတ်သည် သဒ္ဓါစိတ်, ဤစိတ်သည် ပညာစိတ်, ဤစိတ်သည် မေတ္တာ, ကရုဏာ, မုဒိတာစိတ်" စသည်ဖြင့် ကုသိုလ်စိတ်များကိုလည်း ခွဲခြား မှတ်သားသင့်၏။ ဤသို့ မှတ်သားဖန်များလျှင် မကောင်းသောစိတ် နည်းပါး၍ ကောင်းသောစိတ်တွေ တိုးပွါးလာရုံ မက စိတ်၏ မမြဲခြင်း အနိစ္စသဘော, ပျက်ခြင်း ဒုက္ခသဘော, သူ့သဘောအတိုင်း ဖြစ်နေခြင်း အနတ္တသဘောလည်း ထင်မြင်လာပါလိမ့်မည်။ သို့သော် ဤသို့ မဆင်ခြင်မီ စိတ်တို့၏သဘောကို နားလည်အောင် ဆရာသမားနှင့် လေ့လာရပေလိမ့်ဦးမည်။

ကြောင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သကဲ့သို့ ဖြူစင်နေ၏။ ရာဂ ဒေါသစသော ကိလေသာ အညစ်အကြေး မရှိ။ ထိုသို့ အညစ်အကြေး မရှိသောကြောင့် ထိုထိုကောင်းသောအမှုကို ပြုရာ၀ယ် ခံနိုင်ရည်ရှိ၏။ ဤပြခဲ့သော စင်ကြယ်မှု ဖြူစင်မှုစသော ဂုဏ်တို့၌ ခိုင်မြဲ တည်တံ့နေ၏။ ခိုင်မြဲ တည်တံ့သောကြောင့် လှုပ်ရှား ပျက်ပြားခြင်း မရှိတော့။ ဤ မျှလောက် စိတ် အခြေအနေ ကောင်းမွန်နေလတ်သော် (ကောင်းမွန် နေသောအခါ) စတုတ္ထဈာန်ရပြီးသော ထိုရဟန်းသည် ပုဗ္ဗေနိဝါသာနု ဿတိဉာဏ် ဖြစ်ပေါ်လာဘို့ရာ စိတ်ကို ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သို့ ရှေ့ရှုဆောင်ပြန်၏။ ရှေ့ရှု ညွတ်စေပြန်၏။ [ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ကို ရဘို့ရန် အားထုတ်ပြန်သည်။[၁]] ထိုသို့ အားထုတ်သော ရဟန်းသည် များသော အပြားရှိသော (အမျိုးမျိုး အဖုံဖုံဖြစ်သော) ရှေးရှေး ခန္ဓာ အစဉ် (ဘ၀အစဉ် ထိုထိုဘ၀၌ တွေ့ကြုံရ ဖြစ်ပျက်ခဲ့ရသော အကြောင်း အရာ) ကို အဆက်မပြတ် အောက်မေ့နိုင် မှတ်မိနိုင်လေသည်။

အဘယ်သို့သော ဘ၀ခန္ဓာတို့ကို မှတ်မိသနည်း။ ... လွန်ခဲ့ပြီးသော တဘ၀, နှစ်ဘ၀, သုံးဘ၀, လေးဘ၀, ငါးဘ၀, ဆယ်ဘ၀, ဘ၀-၂၀, ဘ၀-၃၀, ဘ၀-၄၀, ဘ၀-၅၀, ဘ၀-တရာ, ဘ၀-တထောင်, ဘ၀တသိန်းနှင့် များစွာသော ကမ္ဘာတို့ကို မှတ်မိလေသည်။[၂]

---

**မှတ်ချက်။** ။(၁) ပုဗ္ဗေ=ရှေးရှေးဘ၀၌+နိဝါသ=နေထိုင်ခဲ့ဘူး တွေ့ကြုံ ခံစားခဲ့ရဘူးသမျှကို+အနုဿတိ = အစဉ်မပြတ် အမှတ်ရနိုင် အောက်မေ့နိုင် သော သတိနှင့်ယှဉ်သော+ဉာဏ= ဉာဏ်၊ ဤဉာဏ်ကိုပင် "ပုဗ္ဗေနိဝါသာနု- ဿတိ အဘိညာဉ်"ဟု ခေါ်သည်။

**မှတ်ချက်။** ။(၂) ဤ အဘိညာဉ်ဖြင့် ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း၍ သိရာ၌ အဘိညာဉ် အစွမ်းလိုက်၍ သိရာ၏။ သာသနာတော်တွင်း၌ အချို့ ရဟန်းတော်များသည် မိမိပါရမီဖြည့်ခဲ့ရာ ကမ္ဘာတသိန်းလောက်ကို ပြန်၍ သိ ကြ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် ၂-သင်္ချေနှင့် ကမ္ဘာတသိန်းအထိ သိ တော်မူ၏။ ဘုရားရှင်သည် အဆုံးမရှိ သိတော်မူ၏။ သာသနာပ ဈာန်ရ ရသေ့ တို့ကား အချို့မှာ ကမ္ဘာ ၄၀-အထိ သိနိုင်သော်လည်း အချို့ကား လွန်ခဲ့

ဘယ်ပုံ ဘယ်နည်း မှတ်မိသနည်း။..... ... ငါသည် မည်သည့် ဘဝ၌ ဖြစ်ခဲ့ဘူးပြီ။ ထိုဘဝ၌ ငါ၏နာမည်ကား ဘသူတဲ့။ ငါ၏ အနွယ်က ဂေါတမအနွယ်၊ သို့မဟုတ် ကစ္စာယန အနွယ်တဲ့။ ငါ၏ အဆင်းက ဖြူသည်၊ သို့မဟုတ် မဲသည်။ ငါသည် ထိုဘဝ၌ ဘယ်လိုအစာမျိုးကို စားခဲ့ရသည်။ ဘယ်လို ချမ်းသာခဲ့သည်၊ သို့မဟုတ် ဘယ်လို ဆင်းရဲခဲ့သည်။ အသက် ဘယ်လောက် ရှည်ခဲ့သည်။ ထိုဘဝမှ စုတေပြီးနောက် မည်သည့် ဘဝ၌ ဖြစ်ရပြန်သည်။ ထိုဘဝ၌ အမည်က ဘယ်လို့, အနွယ်က ဘယ်နည်း စသည်ဖြင့် မှတ်မိပြန်သည်။ ဤသို့ အပြန်ပြန် အလှန်လှန် အောက်မေ့ပြီးနောက် ဤဘဝ၌ ဖြစ်လာရပုံကိုလည်း အောက်မေ့ပြန်၏။ ဤသို့ အဆင်း, အစာ, ချမ်းသာပုံ, ဆင်းရဲပုံ, နာမည်, အနွယ်တို့နှင့် တကွ အမျိုးမျိုးသော ရှေးဖြစ်ဟောင်းကို အောက်မေ့နိုင် မှတ်မိနိုင်သည်။

**ပုဗ္ဗေနိဝါသာနုဿတိ ဥပမာ**

မဟာရာဇာ........ ပြန်၍ အောက်မေ့နိုင်ပုံကို ဥပမာ ပြဦးမည်။ ယောကျ်ား တယောက်သည် မိမိရွာမှ အခြားရွာသို့ သွားရာ၏။ ထိုရွာမှလည်း အခြားတရွာသို့ သွားပြန်ရာ၏။ ထိုသို့ အလိုရှိသမျှ သွားပြီးနောက် မိမိရွာသို့ ပြန်ရောက်ရာ၏။ ထိုသို့ ပြန်ရောက်ပြီးနောက် မိမိ သွားခဲ့သော ခရီးစဉ်ကို ပြန်၍ ဆင်ခြင်သောအခါ ထိုသူ့မှာ ဤသို့ မှတ်မိမှုဖြစ်ရာ၏။ (အဘယ်သို့ ဖြစ်ရာသနည်း။) ငါသည် မိမိရွာမှ မည်သည့်ရွာသို့ သွားခဲ့၏။ ထိုရွာ၌ ဤသို့ ရပ်နေခဲ့၏။ ဤသို့ ထိုင်နေခဲ့၏။ ဤသို့ စကားပြောခဲ့၏။ ဤသို့ တိတ်တိတ်နေခဲ့၏။ ထိုရွာမှ တဖန် အခြား မည်သည့် ရွာသို့ သွားခဲ့၏။ ထိုရွာ၌လည်း ဤသို့ ရပ်ခဲ့, ထိုင်ခဲ့, စကားပြောခဲ့, တိတ်တိတ်နေခဲ့၏။ ထိုရွာမှ မိမိရွာသို့ ပြန်ခဲ့သည်။ဤသို့ မှတ်မိရာ၏။ ထို့အတူ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်ကို ရပြီးသော

---

ပြီးစ တဘဝလောက်ကိုသာ သိနိုင်သည်။ (ဗြဟ္မဇာလသုတ်၌ ပြခဲ့သော တိတ္ထိများကို ပြန်၍ကြည့်ပါ။) ယခုခေတ်၌ တချို့ကလေးများသည် လွန်ခဲ့သော ဘဝကို မှတ်မိကြ၏။ ထိုမှတ်မိခြင်းကား ဤ အဘိညာဉ်၏ အစွမ်း မဟုတ်။ ဇာတိဿရ (ရှေးအဖြစ်ဟောင်းကို မှတ်နိုင်သော) သတိ တမျိုး သာတည်း။

ရဟန်းသည်လည်း မိမိ၏ ရှေးဘဝတို့၌ တွေ့ကြုံခံစားခဲ့ရသမျှ အဖြစ်အပျက်အားလုံးကို ပြန်၍အောက်မေ့နိုင် မှတ်မိနိုင်ပေသည်။ ဤသို့ ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း မှတ်မိခြင်းသည်လည်း ရှေး၌ ပြခဲ့ပြီးသော ရဟန်း ပြုရကျိုးတို့ထက် သာလွန် မွန်မြတ်သော ရဟန်း ပြုရကျိုး (သာမညဖလ) တမျိုးပေတည်း။

## ဒိဗ္ဗစက္ခုအဘိညာဉ်ရပုံ

**နတ်မျက်စိကဲ့သို့ မြင်နိုင်သော အဘိညာဉ်**

ဤပြခဲ့သော အစဉ်အားဖြင့် စတုတ္ထစျာန် ရပြီးဖြစ်၍ စတုတ္ထစျာန် သမာဓိဖြင့် တည်ကြည်သော စိတ်သည် ထက်ဝန်းကျင် စင်ကြယ်လျက်ရှိ၏။ ထိုသို့ စင်ကြယ်သောကြောင့် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သကဲ့သို့ ဖြူစင်နေ၏။ ရာဂ ဒေါသ စသော ကိလေသာအညစ်အကြေး မရှိ။ ထိုသို့ အညစ်အကြေးမရှိသောကြောင့် ညစ်နွမ်းခြင်းမှ ကင်း၏။ မိမိအလိုသို့ လိုက်ပါနိုင်လောက်အောင် နူးညံ့နေ၏။ ထိုသို့ နူးညံ့သောကြောင့် ထိုထို ကောင်းသော အမှုကို ပြုရာဝယ် ခံနိုင်ရည်ရှိ၏။ ဤပြခဲ့သော စင်ကြယ်မှု ဖြူစင်မှု စသော ဂုဏ်တို့၌ ခိုင်မြဲ တည်တံ့နေ၏။ ခိုင်မြဲ တည်တံ့သောကြောင့် လှုပ်ရှား ပျက်ပြားခြင်း မရှိတော့။ ဤမျှလောက် စိတ်အခြေအနေ ကောင်းမွန် နေလတ်သော် (ကောင်းမွန်နေသော အခါ) စတုတ္ထစျာန် ရပြီးသော ထိုရဟန်းသည် စုတူပပါတဉာဏ် ဖြစ်ပေါ်လာဘို့ရာ စိတ်ကို စုတူပပါတဉာဏ်သို့ ရှေးရှုဆောင်ပြန်၏။ ရှေးရှုညွတ်စေပြန်၏။* "စုတူပပါတဉာဏ်ရဘို့ရန် အားထုတ်ပြန်သည်" ဟူလို။

---

မှတ်ချက်။ ။*စုတူပပါတ-စုတိ+ဥပပါတ= (စုတိနှင့်ပဋိသန္ဓေကို) +ဉာဏ= သိသောဉာဏ်၊ ဤ စုတူပပါတ ဉာဏ်ဟူသည် ဒိဗ္ဗစက္ခုဉာဏ် ပင်တည်း။ ဤ ဉာဏ်ဖြင့် စုတေခါနီး သတ္တဝါတို့ကိုလည်း လှမ်း၍ မြင်နိုင်၏။ ပဋိသန္ဓေနေပြီးခါစ သတ္တဝါတို့ကိုလည်း လှမ်း၍ မြင်နိုင်၏။ ဤသို့ နတ်မျက်စိနှင့် တူစွာ ဝေးကွာသော အဆင်း, သေးသော အဆင်းတို့ကိုလည်း မြင်နိုင်သောကြောင့် ဒိဗ္ဗစက္ခုဉာဏ်ဟု အမည်ရလေသည်။

ထိုသို့ အားထုတ်သော ရဟန်းသည် အလွန်စင်ကြယ်၍ လူတို့၏ မြင်ရိုးမြင်စဉ်ကို ကျော်လွန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် စုတေခါနီး သတ္တဝါ, ပဋိသန္ဓေ နေပြီးခါစ သတ္တဝါ, အောက်ကျ နောက်ကျဖြစ်နေရသော သတ္တဝါ, အထက်တန်းကျသော သတ္တဝါ, အဆင်းလှသော သတ္တဝါ, အရုပ်ဆိုးသော သတ္တဝါ, သုဂတိဘဝသို့ ရောက်ရသော သတ္တဝါ, ဒုဂ္ဂတိဘဝသို့ ရောက်ကြရသော သတ္တဝါ (ကြွယ်ဝချမ်းသာသော သတ္တဝါ, ဆင်းရဲနွမ်းပါးသော သတ္တဝါ) ဤသို့ အမျိုးမျိုးသော သတ္တဝါတို့ကို မြင်ရလေသည်။ ဤသို့ သတ္တဝါ အမျိုးမျိုးကို မြင်ရသောအခါ သူတို့၏ ရှေးကံကို ဆင်ခြင်ပြန်သည်ရှိသော် အမျိုးမျိုးသော ကံကိုလည်း သိရပြန်သည်။

သိပုံကား--ဤ သတ္တဝါတို့သည် ကာယဒုစရိုက် အားကြီးကုန်၏။ ဝစီဒုစရိုက် အားကြီးကုန်၏။ မနောဒုစရိုက်အားကြီးကုန်၏။ ဤသတ္တဝါတို့ကား အရိယာပုဂ္ဂိုလ်တို့ကို (အရိယာမဟုတ်ဟုဂုဏ်း၊ သူတပါးကို ညာနေသူဟုဂုဏ်း ဤသို့ စသည်ဖြင့်)စွပ်စွဲတတ်, ကဲ့ရဲ့တတ်ကြကုန်၏။ ဤ သတ္တဝါတို့ကား မှားသောအယူ ရှိကြကုန်၏။ ထို အယူမှားကြောင့် မကောင်းမှုကံ အမျိုးမျိုး ကိုလည်း ဆောက်တည်မိကြ, ပြုလုပ် မိကြကုန်၏။ ထိုသတ္တဝါတို့သည် လက်ရှိခန္ဓာကိုယ် ပျက်စီး၍ သေပြီးနောက်၌ ဖရိဖရဲ ကျရောက်ရမည့် မကောင်းသော ဂတိ-ဟု ဆိုအပ်သော အပါယ်ငရဲ၌ ဖြစ်ကြရလေသည်။

ဤသတ္တဝါတို့ကား ကာယသုစရိုက်နှင့် ပြည့်စုံ ကြပေကုန်၏။ ဝစီသုစရိုက်နှင့် ပြည့်စုံကြပေကုန်၏။ မနောသုစရိုက်နှင့် ပြည့်စုံကြပေကုန်၏။ အရိယာတို့ကိုလည်း မကဲ့ရဲ့, မစွပ်စွဲတတ်ကြကုန်။ မှန်သောအယူ ရှိကုန်၏။ မှန်သောအယူကြောင့် ဆောက်တည်အပ်, ပြုလုပ်အပ်သော ကုသိုလ်ကံ အမျိုးမျိုးလည်း ရှိကုန်၏။ ထိုသတ္တဝါတို့သည် လက်ရှိ ခန္ဓာကိုယ် ပျက်စီး၍ သေပြီးနောက်၌ ကောင်းသော ဂတိဟု ဆိုအပ်သော လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်၌ ဖြစ်ကြရ၏။ ဤသို့သိနိုင်လေသည်။ ဤသို့လျှင် ထိုရဟန်းသည် အလွန်စင်ကြယ်၍ လူတို့၏ မြင်ရိုး မြင်စဉ်ကို ကျော်လွန် မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် စုတေခါနီး စသော သတ္တဝါ အမျိုး

မျိုးကို မြင်နိုင်, ကံအားလျော်စွာ ထိုထို ဘုံဘဝ၌ ဖြစ်ကြရသော သတ္တဝါတို့၏ ရှေးကံကိုလည်း သိနိုင်လေသည်။

**ဒိဗ္ဗစက္ခုဥပမာ** မဟာရာဇာ.... ဒိဗ္ဗစက္ခုဖြင့် မြင်နိုင်ပုံကို ဥပမာ ပြဦးမည်။ မြို့လယ် လမ်းဆုံ၌ ပြာသာဒ်အမြင့်တဆောင်ရှိရာ၏။ ထိုပြာသာဒ်၌ မျက်စိကောင်းသော ယောကျ်ားတယောက်သည် ရပ်တည်နေရာ၏။ ထို ယောကျ်ားသည် (ဟိုဟိုသည်သည် ကြည့်လတ်သော်) မိမိဆိုင်ရာ အိမ်သို့ ဝင်သွားသူတို့ကိုလည်း မြင်နိုင်၏။ အိမ်မှ ထွက်လာသူတို့ကိုလည်း မြင်နိုင်၏။ (မြင်းရထား စသော) ရထားတို့၏ သွားလာရာ လမ်းတလမ်းမှ လမ်းတလမ်းသို့ လှည့်လည် သွားလာနေသူတို့ကိုလည်း မြင်နိုင်၏။ မြို့လယ်လမ်းဆုံ၌ ထိုင်နေသူတို့ကိုလည်း မြင်နိုင်၏။ ထိုသို့ မြင်ရသော ထိုယောကျ်ားမှာ (မြင်တိုင်း မြင်တိုင်း) ဤသို့သိရာ၏။ ဤသူတွေသည် အိမ်ထဲသို့ ဝင်သွားကြ၏။ ဤသူတွေသည် အိမ်မှ ထွက်လာကြ၏။ ဤသူတွေသည် လမ်းတလမ်းမှ လမ်းတလမ်းသို့ လှည့်လည် သွားလာနေကြ၏။ ဤသူတွေကား မြို့လယ် လမ်းမ၌ ထိုင်နေကြသည်။ ဤသို့ သိရာသကဲ့သို့ ထို့အတူပင် ဒိဗ္ဗစက္ခုကို ရသော ရဟန်းသည်လည်း သတ္တဝါတို့ကို မြင်နိုင် သိနိုင်သည်။ ဤသို့ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သတ္တဝါတို့ကို သိနိုင် မြင်နိုင်ခြင်းသည်လည်း ရှေး၌ ပြခဲ့သော ရဟန်း ပြုရကျိုးထက် သာလွန် မွန်မြတ်သော ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးပေတည်း။*

---

**မှတ်ချက်။** ။*ဤ ဥပမာ၌ မြို့လယ် ပြာသာဒ်မြင့်ကြီးနှင့် ဒိဗ္ဗစက္ခု အဘိညာဉ်ရသော ရဟန်း၏ ခန္ဓာကိုယ်သည် တူ၏။ ပြာသာဒ်ပေါ်၌ တည်နေသော ယောကျ်ားနှင့် ဒိဗ္ဗစက္ခုရသော ရဟန်းသည် တူ၏။ (ယောကျ်ား၏ ကောင်းမွန်သောမျက်စိနှင့် ဒိဗ္ဗစက္ခုဉာဏ်သည် တူ၏။) အိမ်ဝင်သူ လူချွဲနှင့် အမိဝမ်း၌ ပဋိသန္ဓေ ဝင်ရောက် တည်နေသူတို့သည် တူကုန်၏။ အိမ်မှ ထွက်လာသူတို့နှင့် ဘဝဟောင်းမှ စုတေရွှေ့ပြောင်းလာသူတို့သည် တူကုန်၏။ လမ်းတလမ်းမှ လမ်းတလမ်းသို့ လှည့်လည်သူများနှင့် တဘဝမှ တဘဝသို့ ပြောင်းသွားသူတို့သည် တူကုန်၏။ မြို့လယ်လမ်းဝယ် ထိုင်နေသူများနှင့် ထိုထိုဘဝဝယ် ဖြစ်နေသူတို့သည် တူကုန်၏။ ပြာသာဒ်ပေါ်က စီး၍ ကြည့်နေသူမှာ ထိုလူတွေအားလုံး ထင်ရှားပုံနှင့် ဒိဗ္ဗစက္ခုဉာဏ်၌ သတ္တဝါအားလုံး ထင်ရှားပုံမှာ တူမျှလေသည်။

## အာသဝက္ခယ အဘိညာဉ်ရပုံ

**အာသဝေါကုန်ရာ နိဗ္ဗာန်ကို အာရုံပြုသောဉာဏ်** ဤ ပြခဲ့သော အစဉ်အားဖြင့် စတုတ္ထစျာန် ရပြီး ဖြစ်၍ စတုတ္ထစျာန် သမာဓိဖြင့် တည်ကြည်နေသော စိတ်သည် ထက်ဝန်းကျင်စင်ကြယ်လျက် ရှိ၏။ ထိုသို့ စင်ကြယ်သောကြောင့် ပြိုးပြိုး ပြက်ပြက် အရောင်ထွက်သကဲ့သို့ ဖြူစင်နေ၏။ ရာဂ ဒေါသစသော ကိလေသာ အညစ်အကြေး မရှိ။ ထိုသို့ အညစ်အကြေး မရှိသောကြောင့် ညစ်နွမ်းခြင်းမှ ကင်း၏။ မိမိအလိုသို့ လိုက်ပါနိုင်လောက်အောင် နူးညံ့နေ၏။ ထိုသို့ နူးညံ့သောကြောင့် ထိုထိုကောင်းသော အမှုကို ပြုရာဝယ် ခံနိုင်ရည်ရှိ၏။ ဤ ပြခဲ့သော စင်ကြယ်မှု ဖြူစင်မှုစသော ဂုဏ်တို့၌ ခိုင်မြဲတည်တံ့နေ၏။ ခိုင်မြဲတည်တံ့သောကြောင့် လှုပ်ရှား ပျက်ပြားခြင်း မရှိတော့။ ဤမျှလောက် စိတ်အခြေအနေ ကောင်းမွန်နေလတ်သော် (ကောင်းမွန်နေသောအခါ) စတုတ္ထစျာန်ကို ရပြီးသော ထိုရဟန်းသည် အာသဝေါတရားတို့၏ ကုန်ရာ နိဗ္ဗာန်၌ (အာရုံပြုလျက်) ဖြစ်သော အရဟတ္တမဂ်ဉာဏ် ဖြစ်ပေါ်လာရန် အကျိုးငှါ စိတ်ကို ရှေးရှု ဆောင်ပြန်၏။ ရှေးရှု ညွတ်စေပြန်၏။ "အာသဝက္ခယဉာဏ်ကို ရဘို့ရာ အားထုတ်ပြန်သည်" ဟူလို။*

ထိုသို့ အားထုတ်သောရဟန်းသည် တဏှာမှ တပါး ဤ အားလုံးသော လောကီ ရုပ်နာမ် တရားစုသည် ဒုက္ခသစ္စာ (မကောင်းတာ အမှန်ဖြစ်သော) တရားစုတည်းဟု ဟုတ်တိုင်း မှန်စွာ သိ၏။ ဤတဏှာသည် သမုဒယသစ္စာ (ဒုက္ခဖြစ်ဘို့ရန် အကြောင်းမှန်) တရားတည်းဟုလည်း ဟုတ်တိုင်း မှန်စွာ သိ၏။ အသင်္ခတ (ကံစသည်တို့ မပြုအပ်သော) ဓာတ်တမျိုး နိဗ္ဗာန်သည် နိရောဓသစ္စာ (ဒုက္ခ၏ ချုပ်ဆုံးရာ

---

မှတ်ချက်။ ။*အာသဝ=အာသဝေါတရား+ခယ=ကုန်ရာနိဗ္ဗာန်၌+ ဉာဏ= ဖြစ်သောဉာဏ်၊ "အာသဝေါတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို အာရုံပြုသော အရဟတ္တမဂ်ဉာဏ်" ဟူလို။

အမှန်)တရားတည်းဟုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ သမ္မာဒိဋ္ဌိစသော ဤ မဂ္ဂင် ရှစ်ပါး တရားအစုသည် မဂ္ဂသစ္စာ (ဒုက္ခနိရောဓ နိဗ္ဗာန်သို့ ရောက်ဘို့ရန် အကျင့်မှန်) တရားတည်း ဟုလည်း ဟုတ်တိုင်း မှန်စွာ သိ၏။

ဤလောဘ ဒိဋ္ဌိ မောဟတို့သည် ကြာမြင့်စွာ ထုံအပ်သော အရက် စိမ်ရည်ကဲ့သို့ သတ္တဝါတို့သန္တာန်၌ ကြာမြင့်စွာ စွဲကပ်ထုံနေသော အာသဝေါတရားတို့တည်းဟုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ ဤတဏှာသည် အာသဝသမုဒယ (အာသဝေါတရားတို့၏ ဖြစ်ကြောင်း)တည်း ဟုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ ဤ အသင်္ခတဓာတ် နိဗ္ဗာန် တရားမြတ်သည် အာသဝေါတို့၏ ချုပ်ဆုံးရာတည်း ဟုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။ ဤ မဂ္ဂင် ရှစ်ပါးသည် အာသဝေါတို့၏ ချုပ်ဆုံးရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်တည်းဟုလည်း ဟုတ်တိုင်းမှန်စွာ သိ၏။

ထိုရဟန်းသည် ဤပြခဲ့သော နည်းအားဖြင့် သိလတ်သော်, ဤ ပြခဲ့သောနည်းအားဖြင့် မြင်လတ်သော်* ကာမာသဝမှလည်း စိတ်သည် လွတ်မြောက်တော့၏။ ဘဝါသဝမှလည်း စိတ်သည် လွတ်မြောက်တော့၏။

---

**မှတ်ချက်**။ ။*အာသဝေါတရားဟူသည် အရက်ကို အနံ့ပြင်းအောင် ကြာရှည်စွာ ထုံထားရသကဲ့သို့ သတ္တဝါတို့သန္တာန်၌ အထုံ ပါနေသော လောဘ ဒိဋ္ဌိ မောဟတို့တည်း။ ထိုတွင် ဒိဋ္ဌိကို သောတာပတ္တိမဂ်တုန်းကပင် ပယ်ပြီးဖြစ်၏။ ဤနေရာမှာလည်း အရဟတ္တမဂ်ကို ပြနေသော နေရာဖြစ်၏။ ထို့ကြောင့် ဒိဋ္ဌာသဝကို ပြတော်မမူဟန် တူသည်။

ဘဝါသဝဟူသည် ရူပ အရူပဈာန်, ထိုဈာန်ကြောင့် ဖြစ်သော အကျိုး ၈ ပါး၌ နှစ်သက်သော လောဘတည်း။ ထို လောဘမှ ကြွင်းသောလောဘကို ကာမာသဝပည်၏-ဟု နိက္ခေပကဏ္ဍ၌ မူလဋီကာ ဖွင့်၏။ ထို ဋီကာ အလိုအားဖြင့် ကာမာသဝ, ဘဝါသဝနှင့် အဝိဇ္ဇာသဝကို အရဟတ္တမဂ်-ကျမှ အကြွင်းမဲ့ ပြတ်အောင် ပယ်သတ်နိုင်၏။ ထို့ကြောင့် အရဟတ္တမဂ်ကို ပြသော ဤနေရာ၌ အာသဝေါ ၃-ပါးကို သာ ဟောပြတော်မူသည်ဟု ကြံသင့်သည်။

အဝိဇ္ဇာသဝမှလည်း စိတ်သည် လွတ်မြောက်တော့၏။ အာသဝေါ တရားတို့မှ လွတ်မြောက်လတ်သော် (ငါ၏စိတ်သည် အာသဝေါတို့မှ) လွတ်ပြီဟုလည်း အသိဉာဏ်ဖြစ်၏။ (ငါ့မှာ) ပဋိသန္ဓေ နေရခြင်း သဘော ကုန်ခမ်းပြီ။ (နောက်ထပ် ပဋိသန္ဓေ မနေရတော့ပြီ။) မဂ္ဂဗြဟ္မ စရိယ (မဂ်တည်းဟူသော မြတ်သောအကျင့်) ကို ကျင့်သုံးအပ်ပြီ =ကျင့်သုံးပြီးပြီ။ ပြုသင့်ပြုထိုက်သော (မဂ်ဖြင့် ကိလေသာကို ပယ်ခြင်းစသော) ကိစ္စကို ပြုအပ်ပြီ=ပြု၍ပြီးပြီ။ ဤသို့သော မဂ်ကိစ္စ ဖြစ်ပေါ်လာဘို့ရာ နောက်ထပ် ပြုဘွယ်မရှိတော့ပြီ-ဟု သိနိုင်လေသည်။*

**အာသဝက္ခယဉာဏ်၏ ဥပမာ** မဟာရာဇာ....ထိုရဟန်း၏ သိမြင်ပုံကို ဥပမာ ပြဦးမည်။ တောင်ထိပ်ပေါ်၌ ကြည်လင်၍ အထူးသန့်ရှင်းသော ရွှံ့ညွန် မရှိ၍ မနောက်ကျုသော ရေအိုင်တခု ရှိရာ၏။ မျက်စိ အမြင်ကောင်းသော ယောကျ်ား တယောက်သည် ကမ်းပေါ်၌ ရပ်၍ ကြည့်လတ်သော် ထိုရေအိုင်၌ ကနုကမာနှင့် ယောက်သွားကိုငင်း၊ ကျောက်စရစ် အိုးခြမ်းကိုငင်း၊ ငါး အပေါင်းတို့ကိုငင်း သွားနေသည်ကိုလည်း မြင်ရ၏။ ရပ်နေသည်ကို လည်း မြင်ရ၏။ ထိုသို့ မြင်ရသော ထို ယောကျ်ားမှာ ဤသို့ သိမှု ဆင်ခြင်မှု ဖြစ်ရာ၏။ (အဘယ်သို့ ဖြစ်ရာသနည်း။) ဤ ရေအိုင်သည် ကြည်လင်၏။ အထူးသန့်ရှင်း၏။ နောက်ကျုခြင်းမရှိ။ ထို ရေအိုင်၌ ဤကနုကမာနှင့် ယောက်သွား တို့သည်ငင်း၊ ကျောက်စရစ်နှင့် အိုးခြမ်းကွဲတို့သည်ငင်း၊ ငါးအပေါင်းတို့သည်ငင်း သွားလည်းသွားကြ, ရပ်လည်းရပ်နေကြ၏။ ဤသို့ ဆင်ခြင်မှု ဖြစ်သကဲ့သို့ ထို့အတူပင် ထိုရဟန်းသည် ဤ တရားသည် ဒုက္ခ, ဤတရားသည် သမုဒယ (စသည်ဖြင့်) သိမှု, ငါ့မှာ အာသဝေါတို့မှ လွတ်ပြီ (စသည်ဖြင့်) ဆင်ခြင်မှု ဖြစ်လေသည်။ ဤသို့

---

**မှတ်ချက်။** ။*အာသဝေါတို့မှ လွတ်မြောက်ကြောင်း စသည်ကို သိသော ဉာဏ်ကား မဂ်ရပြီးနောက် (ဖိုလ်စိတ်များလည်း ဖြစ်သင့်သမျှ ဖြစ်ပြီးနောက်မှ) ပြန်၍ဆင်ခြင်သော "ပစ္စဝေက္ခဏာ" ဟု ခေါ်သော ဉာဏ်တမျိုးတည်း။

သစ္စာလေးပါးကို သိတင်, အာသဝေါတရားတို့ကို ကုန်ခမ်းစေတတ်သော ဉာဏ်သည်လည်း ရှေး၌ ပြအပ်ပြီးသော ရဟန်းပြုရကျိုးတို့ထက် သာလွန်မွန်မြတ်၍ လက်တွေ့ခံစားရသော ရဟန်းပြုရကျိုး (သာမညဖလ) တမျိုးပေတည်း။ ဤလက်တွေ့ခံစားရသော အာသဝက္ခယ (အရဟတ္တမဂ်) ဉာဏ်ထက် သာလွန်မွန်မြတ်၍ လက်တွေ့ ခံစားအပ်သော သာမညဖလလည်း မရှိတော့ပြီ မဟာရာဇာ....ဟု မိန့်တော်မူလေသည်။

## အဇာတသတ်မင်းဝမ်းမြောက်စွာ လျှောက်ပုံ

ဤသို့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူပြီးသောအခါ ဝေဒေဟီ မိဖုရား၏ သားတော်ဖြစ်သော မဂဓတိုင်းကြီးရှင် ဘုရင် အဇာတသတ်မင်းသည် ဘုရားရှင်အား လျှောက်ထားသည်မှာ—အလွန်နှစ်သက်ဘွယ် ကောင်းပါပေသည်ဘုရား။ အလွန်နှစ်သက်ဘွယ် ကောင်းပါပေသည်ဘုရား။ [ဝမ်းမြောက်လှသောကြောင့် ၂-ကြိမ်လျှောက်သည်။]

မြတ်စွာဘုရား....ဥပမာ လျှောက်ရလျှင် မှောက်ထားသော အိုးကို လှန်၍ ပြလိုက်သကဲ့သို့ (တရားတော်ကို ပေါ်လွင်ထင်ရှားအောင် ပြအပ်ပါပေသည်ဘုရား။) မြက်သစ်ရွက် စသည်ဖြင့် ဖုံးထားအပ်သော အရာဝတ္ထုကို ဖွင့်၍ ပြလိုက်သကဲ့သို့ (တရားတော်ကို ဖွင့်ဖော် ဟောပြအပ်ပါပေသည် ဘုရား။)

မျက်စိလည် လမ်းမှားနေသူအား လမ်းမှန်ကို ပြသကဲ့သို့ (ရဟန်းပြုရကျိုး မရှိဟု ထင်မှတ် စွဲမှားသော ဒကာတော်အား ရဟန်း ပြုရကျိုး ရှိကြောင်း လမ်းကောင်း လမ်းမှန်ကို ညွှန်ပြတော် မူပါပေသည်ဘုရား။) မျက်စိကောင်းသော လူတို့ မြင်နိုင်စေတော့ဟု သဘောထား၍ အမှောင်ထဲ၌ မီးထွန်းပြသကဲ့သို့ ရဟန်းပြုရကျိုးကို မသိရ၍ အမှောင်အတိ ဖြစ်နေသော ဒကာတော်အား ရဟန်းပြုရကျိုးကို သိမြင်ဘို့ရာ ဤ တရားတော် ဓာတ်မီးကို နည်းပရိယာယ် အသွယ်သွယ်တို့ဖြင့် ထွန်းပြတော်မူပါပေသည်ဘုရား။

## အာဇာတသတ်မင်းသရဏဂုံယူပုံ

ဤသို့ လျှောက်ပြီးလျှင် ဆက်လက်၍ သရဏဂုံ (ရတနာ၃-ပါး ကိုးကွယ်ကြောင်း) လျှောက်ပြန်သည်မှာ— မြတ်စွာဘုရား .... ထိုကဲ့သို့ တရားတော်ကို နားလည်ရသော ဒကာတော်သည် ရှင်တော် မြတ်ဘုရား ကိုငင်း၊ ရှင်တော်မြတ်ဘုရား၏ တရားတော်ကိုငင်း၊ အရိယာ သံဃာတော် ကိုငင်း ကိုးကွယ်ရာဟူ၍ ဥာဏ်ဖြင့် အသိအမှတ်ပြုပါ၏။ (ဆည်းကပ် ကိုးကွယ်ပါ၏။) ရှင်တော်မြတ်ဘုရားသည် ဒကာတော်ကို ယနေ့မှစ၍ (အသက်ကိုအပ်နှင်းလျက် ဆည်းကပ်ကိုးကွယ်သူ-ဟုဆိုရလောက်အောင်) ဆည်းကပ် ကိုးကွယ်သော ဥပါသကာဟူ၍ အသိအမှတ် ပြုတော်မူပါ။ ဤသို့ လျှောက်လေသည်။

## အပြစ်ကို ဝန်ချပုံ

မြတ်စွာဘုရား....တရားကိုလည်းကျင့်၍ တရားသဖြင့်သာ မင်းပြုနေ ရှာပေသော ခမည်းတော်ကြီးကို ထီးနန်းစိုးအုပ် မင်းလုပ်လိုသောကြောင့် သတ်မိပါပြီ။ မိုက်သည့်အလျောက်, မသိတတ်သည့်အလျောက်, မလိမ္မာ သည့်အလျောက် ခမည်းတော်သတ်မှု အပြစ်ကို ကျူးလွန်မိသော ဒကာ တော်၏ ထိုအပြစ်ကိုလည်း နောင်အခါ စောင့်စည်းဘို့ရာ အပြစ်-ဟု လက်ခံတော်မူပါ။ [“ဒကာတော် ဝန်ချ တောင်းပန်ပါသည်”ဟု လျှောက်လိုရင်းဖြစ်သည်။]

ထိုအခါ ဘုရားရှင် မိန့်တော်မူသည်မှာ — မဟာရာဇာ.... တရားကို ကျင့်၍ တရားသဖြင့်သာ မင်းပြုရှာပေသော ခမည်း တော်ကို သတ်မိသော သင်သည် မိုက်သည့် အလိုက်, မသိတတ်သည့် အလိုက်, မလိမ္မာသည့်အလိုက် အပြစ် လွန်နေသည်မှာ အမှန်ပင် ဖြစ် ချေသည်။ သို့သော် အပြစ်ကို အပြစ်မှန်းသိမြင်၍ တရား အားလျော် စွာ ကုစားသော (ဝန်ချသော) သင်၏ ထိုအပြစ်ကို ငါတို့ လက်ခံ ကုန်၏။

မဟာရာဇာ........ အပြစ်ကို အပြစ်မှန်း သိမြင်၍ တရား အားလျော်စွာ ကုစားခြင်း (ဝန်ချခြင်း), နောက်နောင်အခါ ထိုအပြစ်မျိုး မဖြစ်ရအောင် စောင့်စည်းခြင်းသည် အရိယာ၏ ဝိနည်းတော် အလိုအားဖြင့် ကြီးပွါးကြောင်း ဖြစ်ပေသည်။ ("သေးငယ်သောအပြစ် ဖြစ်လျှင် လုံးဝ လွတ်ကင်း၍ ကြီးကျယ်သောအပြစ် ဖြစ်လျှင် မကောင်းကျိုး သက်သာ၍ နောင်သံသရာ ချမ်းသာကြောင်းဖြစ်သည်"ဟူလို။)

## အဇာတသတ်မင်း ပြန်ကြွခြင်း

ဤသို့ ဗုဒ္ဓမြတ်စွာ မိန့်တော်မူပြီးသောအခါ (အဇာတသတ်မင်းသည် လွန်စွာ စိတ်သက်သာရရ၍) နန်းတော်ပြန်ဘို့ရန် ခွင့်ပန်လျှောက်ထားသည်မှာ— မြတ်စွာဘုရား.... လျှောက်ထားဘွယ်များကို လျှောက်ထားပြီး ဖြစ်ပါသောကြောင့် ယခု ဒကာတော် ပြန်ပါရစေ။ ပြုရေးပြုဘွယ် အသွယ်သွယ်သော ကိစ္စတွေ များစွာ ရှိပါသေးသည်။ ဤသို့ လျှောက်ထား၍ ဗုဒ္ဓမြတ်စွာသည် "ပြန်ဘို့ရန် သင့်တော်သော အချိန်အခါကို သိပေတော့"ဟု ခွင့်ပြုတော်မူသောအခါ ဗုဒ္ဓမြတ်စွာ၏ စကားတော် တရားတော်ကို အလွန် နှစ်သက်ဝမ်းမြောက်စွာဖြင့် ဗုဒ္ဓမြတ်စွာဘက်သို့ လက်အုပ်ချီကာ နောက်ဆုတ် နောက်ဆုတ် ထွက်လာခဲ့၍ ဗုဒ္ဓရှင်တော်မြတ်၏ မြင်တော်မူလောက်သော အရပ်အဆုံးရောက်မှ အလွန် ရိုသေစွာ ရှိခိုးဝပ်ချပြီးလျှင် ပြန်လမ်းဘက်သို့ မျက်နှာလှည့်ကာ ပြန်သွားလေသည်။

## ဗုဒ္ဓမြတ်စွာမိန့်တော်မူပုံ

အဇာတသတ်မင်း ဖဲခွါ ပြန်သွား၍ မကြာမီပင် ဘုရားရှင်သည် ရဟန်းတို့အား မိန့်တော်မူသည်မှာ— ဘိက္ခုတို့.... ဤမင်းသည် မိမိကိုယ်တိုင် မိမိကိုယ်ကို တူးဖြိုပစ်ခဲ့ပြီ။ ဤမင်းသည် မိမိကိုယ်တိုင် မိမိကိုယ်ကို

ဖျက်ပစ်ခဲ့ပြီ။ (*) ဘိက္ခုတို့........ ဤမင်းသည် တရားကျင့်၍ တရားသဖြင့် မင်းပြုရှာပေသော ခမည်းတော်ကို မသတ်မိလျှင် (သာမညဖလသုတ်ကို နာယူရသော) ဤနေရာ၌ပင် အပါယ် ရောက်ကြောင်း ရာဂဒေါသ စသော မြူမှုန်အပေါင်းမှ ကင်းရှင်း၍ ဝိဋ္ဌိဝိစိကိစ္ဆာတိမ်သလာ အညစ်အကြေး မရှိသော သောတာပတ္တိဉာဏ်စက္ခု ဖြစ်လောက်ပါပေသည်။ "ယခုတော့ကား ခမည်းတော်ကြီးကို သတ်မိသည့် အတွက်ကြောင့် ထို ဉာဏ်စက္ခုကို မရရှာတော့" ဟူလို။ ဤသုတ်တော်ကို ဘုရားရှင် ဟောတော်မူပြီးသောအခါ ရဟန်းတော်အများလည်း ဤ တရားတော်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံကြလေသည်။

---

**မှတ်ချက်။** ။(*) ခမည်းတော် မသတ်မိလျှင် ဤ သာမညဖလသုတ်တော် အဆုံးမှာ သောတာပန်တည်လောက်သော ကောင်းမှုပါရမီ စုံညီပြည့်ဝနေသူဖြစ်၍ တည်ရာမှီရာ အလွန်ကောင်းသူ ဖြစ်၏။ သို့သော် ခမည်းတော်ကို သတ်သောအားဖြင့် ထို တည်ရာ မှီရာကို တူးဖြို ဖျက်ဆီးပစ်သောကြောင့် ယခုအခါ တည်ရာ မှီရာ ပျက်စီးနေပြီဖြစ်၍ သောတာပန် မဖြစ်နိုင်တော့ပြီ-ဟူလို။

ဤသို့ အဇာတသတ်မင်းသည် သောတာပန် မဖြစ်ရသော်လည်း တရားတော်ကို နာပြီးသည်က စ၍ (နဂိုက အိပ်မပျော်မှုများ ပျောက်၍ အိပ်ပျော်နိုင်၏။ ရတနာသုံးပါးအား များစွာသော ပူဇော်မှုကို ပြု၏။ ပုထုဇဉ်အဖြစ်၌ ဤမင်းလောက် ရတနာသုံးပါးကို ကြည်ညိုသူမရှိ။ ခမည်းတော်သတ်မှုအတွက် ကျရမည့် ငရဲမှာ ရိုးရာအားဖြင့် အဝီစိငရဲကြီး ဖြစ်သော်လည်း ဤမင်းကား ရတနာသုံးပါးကို လွန်စွာ ကြည်ညိုသောကောင်းမှု၏ ထောက်ပံ့မှုကြောင့် အဝီစိ အခြေအရံဖြစ်သော လောဟကုမ္ဘီငရဲ၌သာ အနှစ် ၆-သောင်းမျှ ကျရတော့မည်။ ထိုမှ လွတ်မြောက်၍ ပါရမီ ပြည့်သည့်အခါ၌မူ "ဝိဇိတာဝီ" အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပရိနိဗ္ဗာန် စံရပေလိမ့်မည်။

သာမညဖလသုတ်မြန်မာပြန်
ပြီးပြီ။

# ဘာသာပြန်နိဂုံး

၁။ ဗုဒ္ဓမြတ်စွာ၏ အထံတော်သို့ အဇာတသတ်မင်း ချဉ်းကပ်လာချိန်၌ ဗုဒ္ဓမြတ်စွာကို ဝန်းရံ၍ နေကြသော တထောင့်နှစ်ရာကျော် သံဃာတော်များတွင် တပါးတလေမျှ လက်လှုပ်ခြေလှုပ်နေသည်ကိုလည်း မတွေ့ရ။ တိုးတိုး တိုးတိုးနှင့် စကား ပြောနေသည်ကိုလည်း မတွေ့ရ။ ရှင်ဘုရင်နှင့် ရှင်ဘုရင်၏ ပရိတ်သတ်ကို ကြည့်ရှု နေသည်ကိုလည်း မတွေ့ရ။ အလွန် ငြိမ်သက်ကြည်လင်သော ရေအိုင်ကြီးကို မြင်ရသကဲ့သို့ အလွန် ငြိမ်သက်စွာ ဗုဒ္ဓမြတ်စွာကိုသာ ဖူးမြော်လျက် ထိုင်နေကြသော သံဃာတော်များကို တွေ့ရသဖြင့် အဇာတသတ်မင်းမှာ သူ၏ သားတော် မင်းသားကိုပင် ဤသံဃာတော်များကဲ့သို့ ငြိမ်သက်စွာနေသော ရဟန်းတော်ကလေး ဖြစ်စေလိုသော စိတ်ဆန္ဒ ဖြစ်ခဲ့ရပေသည်။

မှတ်ချက်။ ။ဤအချက်ကို ထောက်ထား၍ ဆွမ်းခံဘွယ် ဘုဉ်းပေးရာဌာန, သံဃာ စည်းဝေးရာဌာန, ပရိတ်ရွတ် တရားနာ စသောဌာန, အတူစီတန်း၍ သွားလာရာဌာန, သံဃာအများနှင့် သက်ဆိုင်သော ဌာနဟူသမျှဝယ် အားလုံးသံဃာများ၏ ငြိမ်သက်မှု, တည်ကြည်မှု, ဣန္ဒြေ ရမှုသည် လူကြီးလူကောင်းတို့၏ စိတ်ကို ထူးခြားစွာ ဆွဲဆောင်နိုင်ကြောင်း သိရ၏။ ငြိမ်သက်တည်ကြည်မှု ဣန္ဒြေရမှုသည် လူကြီး လူကောင်းတို့၏ စိတ်ဓာတ်ကို ဆွဲဆောင်နိုင်သကဲ့သို့ သံဃာတော် အများစုပေါင်းရာဌာန၌ တပါးဖြစ်စေ၊ အများဖြစ်စေ ဣန္ဒြေ မရမှု, မငြိမ်သက် မတည်ကြည်မှုကို မြင်နေရပြန်လျှင်လည်း လူကြီး လူကောင်းတို့၏ အထင်သေး အမြင်သေးဖြစ်မှုကို သံဃာတော် အားလုံးပင် ခံရတတ်လေသည်။ ထို့ကြောင့် ခေါင်းဆောင်ပုဂ္ဂိုလ်ဟူသမျှသည် မိမိပရိသတ်ကို ငြိမ်သက်အောင် အုပ်ချုပ်နိုင်ဘို့ အရေးကြီးပေသည်။

၂။ ဗုဒ္ဓမြတ်စွာသည် သာလွန်မွန်မြတ်၍ လူကြီးလူကောင်းတို့ ကျေနပ် ကြည်ညိုဘွယ်ကောင်းသော ရဟန်း ပြုရကျိုးကို ပြတော်မူရာ၌ အမျိုးသားတယောက်၏—

(က) သဒ္ဓါတရား သက်သက်ဖြင့် ရဟန်းပြုလာပုံ၊
(ခ) ရဟန်းပြုပြီးနောက် ဝိနည်း သိက္ခာပုဒ်များကို စောင့်ရှောက်ပုံ၊
(ဂ) စက္ခုစသော ဣန္ဒြေ ၆-ပါးကို စောင့်စည်းပုံ၊
(ဃ) သွားမှု လာမှုစသော ပြုသမျှ ကိစ္စတို့၌ သတိသမ္ပဇဉ် (ဉာဏ်) အမြဲယှဉ်ပုံ၊
(င) ပစ္စည်းလေးပါးကို အပိုအမို မသိမ်းထားဘဲ ရသမျှနှင့် မျှတ တင်းတိမ်ပုံကို ပြတော်မူ၏။

မှတ်ချက်။ ။ယခုအခါ လွတ်လပ်ပြီးသော ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဝယ် သာသနာတော်ကြီးကို တိုးတက်အောင် ပြုစုရာ၌ ဗုဒ္ဓ မြတ်စွာ ညွှန်ပြတော်မူထားသော ထို ရဟန်းတော်၏ လမ်းစဉ်သည် ကေန် သာသနာတော်ကို တိုးတက်စေမည့် လမ်းစဉ်ပင် ဖြစ်၏။ မည်သည့် ပုဂ္ဂိုလ်မျှ မကြည်ညို မကျေနပ်ဘဲ မနေနိုင်အောင် သေသပ် သိပ်သည်း လှစွာသော ဗုဒ္ဓမြတ်စွာ၏ လမ်းစဉ်ပင် ဖြစ်၏။ ထို့ကြောင့် ထို လမ်း စဉ်ကို သာသနာပြုလိုကြသော ဆရာဒကာတို့ ကေန် လိုက်သွားကြဘို့ ရာ ထပ်မံ စဉ်းစားကြစို့။

(က) "သဒ္ဓါတရားဖြင့် ရဟန်းပြုလာမှု"ဟူသော အဆင့်ကိုစဉ်းစား၍ ရဟန်းဘောင်သို့ဝင်မည့် ပုဂ္ဂိုလ်တိုင်းအား "ကမ္မဋ္ဌာန်းအားထုတ် လို၍လား, ဗုဒ္ဓတရားတော် ပိဋကတ်များကို တတ်သိနားလည် လို၍လား"ဟု စဉ်းစားစေသင့်၏။ထိုသို့ စဉ်းစားစေ၍ အဖြေမှန် ရသည့် အခါကျမှ ရဟန်းပြုခွင့်ပေး၍ ကမ္မဋ္ဌာန်း အားထုတ်လို လျှင် ကမ္မဋ္ဌာန်းကျောင်းတိုက်မှာ နေစေသင့်သည်။ [ဤစကား နှင့် စပ်၍ ကမ္မဋ္ဌာန်းတိုက် စာသင်တိုက်တို့မှာလည်း ဆိုင်ရာဌာန၌ စည်းကမ်းကျနပြီး ဖြစ်နှင့်ဘို့ရန် အသင့်စီမံပြီး ဖြစ်ရပေမည်။]

(ခ) "ဝိနည်းသိက္ခာပုဒ်ကို စောင့်စည်းမှု"ဟူသော ဒုတိယ အဆင့်၌ ကမ္မဋ္ဌာန်း အားထုတ်သော ပုဂ္ဂိုလ်ဖြစ်စေ၊ ပိဋကတ်သင်ယူသော ပုဂ္ဂိုလ်ဖြစ်စေ ဝိနည်းတော်ကိုကား စောင့်သိ ရိုသေမှသာ သဒ္ဓါ တရားဖြင့် ရဟန်း ပြုလာကြောင်း ထင်ရှားစေနိုင်မည်။ ထို့ ကြောင့် မည်သည့်ပုဂ္ဂိုလ်မဆို ဝိနည်း သိက္ခာပုဒ်ကို စောင့်သိ

ရှိသေရပေမည်။ သို့ဖြစ်၍ စာသင်တိုက်ဟူသမျှ၌ ဝိနည်းသိက္ခာကို စောင့်ရှောက်နိုင်ဘို့ရန် (စားသောက် နေထိုင်မှုမှ စ၍ ဝိနည်းတော်နှင့် မဆန့်ကျင်စေဘို့ရန်) အခြေခံ လုံလောက်ပြီးဖြစ်ဘို့ အရေးကြီးပေသည်။

မေးဘွယ်။ ။ကျွန်နေရာဝယ် "ဘာသာခြားတို့ သာသနာပြုရာ၌ ငွေကို အရင်းခံ၍ ပြုကြသကဲ့သို့ ဗုဒ္ဓသာသနာပြုရာ၌လည်း (ဗုဒ္ဓမြတ်စွာက ငွေကို လက်မခံဘို့ရန် အတင်းအကြပ် သိက္ခာပုဒ်ပညတ်၍ တားမြစ်စေကာမူ) ငွေကို အရင်းခံမှသာ (ရဟန်းတော်များ၌ ငွေရှိမှသာ) အထမြောက်ရာသည် မဟုတ်ပါလော"ဟု မေးဘွယ်ရှိ၏။ ကျောင်းကံရရှိရေး, ဆွမ်း သင်္ကန်း စသော ပစ္စည်း ၄-ပါး ရရှိရေး၌ ငွေမရှိလျှင် မဖြစ်သည်ကား မှန်၏။ သို့သော် ထိုငွေကိုကား ရဟန်းတော်ထံ (ကိုယ်ပိုင်) ရှိစေမှုထက် တတ်သိ နားလည်သော ဒကာတို့ထံမှာ၊ သို့မဟုတ် အသင်းအပင်း ထံမှာ ရှိစေ၍ ထိုမှတဆင့် ပစ္စည်း ၄-ပါးကို ထောက်ပံ့မှုသာလျှင် ဝိနည်းတော်နှင့်ရင်း၊ လောက ဖြစ်ပျက်တတ်ပုံနှင့်ရင်း အပြစ်ကင်း၍ သန့်ရှင်းသော သာသနာပြုနည်း, တိုးတက်အောင် သာသနာပြုနည်းဟု ဆိုရပေမည်။ ငွေကို လက်ကိုင်ထား၍ သာသနာပြုခြင်းကား မူရင်းကပင် ဗုဒ္ဓမြတ်စွာ၏ အမိန့်အာဏာ သာသနာတော်ကို ပုန်ကန်တွန်းလှန်လိုက်ခြင်းပင် ဖြစ်သောကြောင့် မည်သည့် နည်းနှင့်မျှ သာသနာပြု-ဟု မဆိုထိုက်ချေ။ ထို့ကြောင့် အနာဂတ် သာသနာရေးအတွက် လက်ရှိ သာသနာ့ဒါယကာအလောင်းတို့ သာသနာပြုနည်းကို ခရီးမလွှန်ခင် ကြိုတင်၍ လေ့လာသင့်ကြပေသည်။

(ဂ) "စက္ခုန္ဒြေ သောတိန္ဒြေ စသော ဣန္ဒြေ ၆-ပါးကို စောင့်စည်းခြင်း"ဟူသော တတိယအဆင့်ကား ဝိနည်းတော်ကို စောင့်စည်းရှိသေမှု အဆင့်မှ ကြီးမြင့် တိုးတက်လာသောအဆင့် ဖြစ်၏။ မှန်၏- ဝိနည်း သိက္ခာပုဒ်များကို စောင့်စည်းမှုသည် ကိုယ်နှင့်နှုတ်ကို အပြစ်မရှိအောင် ထိန်းသိမ်းမှုဖြစ်၏။ စက္ခုစသော ဣန္ဒြေ ၆-ပါးကို စောင့်စည်းမှုကား စိတ်ကို ချုပ်တည်းထားမှုဖြစ်၏။ ထို့ကြောင့် ကိုယ်နှုတ်ကိုမျှ မစောင့်ထိန်းနိုင်သူသည် စိတ်ကို အဘယ်မှာ ထိန်းနိုင်တော့မည်နည်း။

သို့ဖြစ်၍ စက္ကူစသော ဣန္ဒြေစောင့်မှုသို့ တိုးတက်သွားဘိုရာ အခြေခံ ဝိနည်းစောင့်မှုကို ဂရုစိုက်၍ပြုကြမှသာ အနာဂတ်ခေတ်၌ လူအများ၏ လေးစားမှုကို ခံကြရပေမည်။ သို့မဟုတ်လျှင် ဝိနည်းသိက္ခာပုဒ်တော်ကို မစောင့်စည်းမှုကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ အဆင့်အတန်းသည် အလို အလျောက် ကျဆင်းသွားတော့လတ္တံ့။

(ဃ) "သွားမှု ရပ်မှုစသော ကိစ္စဟူသမျှ၌ သတိသမ္ပဇဉ် အမြဲယှဉ်ခြင်း"ဟူသော စတုတ္ထအဆင့်အတန်းသည် ကမ္မဋ္ဌာန်း အားထုတ်သော ယောဂီပုဂ္ဂိုလ်မှ ပြုရမည့်ကိစ္စ မဟုတ်။ ပိဋကတ်ကို သင်ယူ ပို့ချသော ပရိယတ်ဝန်ဆောင် ပုဂ္ဂိုလ်များလည်း ပြုရမည့်ကိစ္စပင် ဖြစ်ပေသည်။ထို သတိသမ္ပဇဉ် အမြဲယှဉ်မှုကို စေ့ငုစုံလင် ဆင်ခြင်သောအခါ သာသနာရေး ဆိုင်ရာဝယ်—

သားကြီးရှင်ဖြစ် လှူဒါန်းကြပုံ၊

ကိုရင့်သိက္ခာကို မထိန်းသိမ်းနိုင်သေးသောကလေးကို ရှင်ပြုပေးကြပုံ၊

အလွန်စည်ကားသော မြို့ပြဒေသ နေရာဌာန၌ ကျောင်းတိုက်တည်ကြပုံ၊

နေမည့်ပုဂ္ဂိုလ် မရှိဘဲလျက် ကျောင်းကြီး ကျောင်းငယ် ထပ်တလဲလဲ ဆောက်လုပ်လှူဒါန်းကြပုံ၊

ရွှေကျောင်း ပြောင်ပြောင် ဝမ်းခေါင်ခေါင် ဖြစ်နေရပုံ၊

စာပေသင်ကြားရာ၌ အချိန်ဖင့်သလောက် အသိဉာဏ် မရင့်ပုံ၊

ပါဠိဘာသာကို အချိန် ကြာမြင့်စွာ သင်ကြား နေပါလျက် ပါဠိလို မပြောတတ် မရေးတတ်ပုံ၊

ပိဋကတ် တတ်ကျွမ်းသော ပုဂ္ဂိုလ်ဟု ဆိုပါလျက် ပိဋကတ်တော်မှ အဆီအနှစ်ကို ကိုယ်တိုင်လည်း မသုံးစွဲရ, သူတပါးကိုလည်း ဟောပြောပြသ မဝေငှနိုင်ပုံ၊

ဆရာသမား ကျောင်းထိုင်ပုဂ္ဂိုလ် မထေရ်ကြီးများ မကျန်းမမာ ဖြစ်နေစဉ် ဆေးဝါး ဓာတ်စာ သတိမရကြပါဘဲ ဘုန်းကြီးပျံ၌ ဈာပနကျမှ ငွေကုန် လှူပန်းခံကြပုံ၊

တသက်လုံး ရဟန်းသိက္ခာနှင့် နေလာပါလျက်ပျံတော်မူခါနီးမှ တမလွန် အရေးကို မြော်တွေး ကြောက်ရွံ့ကြပုံ၊

ဤသို့ စသော သာသနာတော်ရေး ဆိုင်ရာ အလုံးစုံဝယ် အကုန်အစင် သတိနှင့် ဥာဏ်ယှဉ်ပါမူ မည်သည့်ဝါဒ မည်သည့်ဘာသာခြား သာသနာမျှ ဤ ဗုဒ္ဓသာသနာတော်ကို ရှုံ့ချပြစ်တင်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် သတိသမ္ပဇဉ် ဥာဏ်ယှဉ်မှုဟူသော အဆင့်အတန်းသည် ရဟန်းတော်တိုင်းသာမက သာသနာပြုမည့် ဒကာများပင် ဆင်ခြင် လေ့လာရမည့် ကိစ္စတရပ်ပင် ဖြစ်ပေသည်။

(င)''ပစ္စည်း ၄-ပါး အပိုအမိုမထားဘဲ ရသမျှနှင့် မျှတ တင်းတိမ် တတ်ပုံ'' ဟူသော ပဥ္စမ အဆင့်အတန်းလည်း ယောဂီပုဂ္ဂိုလ်များ သာမက, ပရိယတ်ဝန်ဆောင် ပုဂ္ဂိုလ်များလည်း လိုက်နာ ကျင့်သုံး ရမည့် ကိုယ်ကျင့်တရပ်ပင် ဖြစ်၏။ ဗုဒ္ဓ မြတ်စွာသည် ''မတ္တညုူ= အတိုင်းအရှည် ပမာဏကို သိရမည်''ဟု အမြဲဩဝါဒပေးတော်မူ၏။ ထိုသို့ပမာဏကို သိရာ၌ ပစ္စည်းလေးပါးနှင့်စပ်၍ မိမိနှင့် သင့်-မသင့် ကိုလည်း နှိုင်းချိန်တတ်ဘို့ အရေးကြီး၏။ ဒါယကာ ဒါယိကာမ တို့က ''အလိုရှိရာ တောင်းခံတော်မူပါ''ဟု ဖိတ်မံထားစေကာမူ ထို သူတို့၏ စီးပွါး ဥစ္စာ အခြေအနေကိုလည်း နားလည်ဘို့ အရေးကြီး ၏။ စီးပွါး ဥစ္စာ တိုးတက်နေခိုက် ဖြစ်စေကာမူ မိမိ အပေါ်မှာ တကယ်သဒ္ဓါ-မသဒ္ဓါကိုလည်း နားလည်ဘို့ အရေးကြီး၏။ တကယ် ပင် သဒ္ဓါရှိစေကာမူ မိမိမှာ မရှိလျှင် မဖြစ်လောက်အောင် အသုံး ကျ-မကျကိုလည်း စဉ်းစားသင့်သေး၏။ ဤ အားလုံးသော ပမာဏ ကို သိပြီးမှသာ ဆွမ်း သင်္ကန်း ကျောင်းစသော ပစ္စည်းများကို ခံယူ စေလိုတော် မူသည်။

ဤအတိုင်းသာ ကျင့်သုံးကြမည်ဆိုလျှင် သာသနာတော်ဝယ် ပိုလျှံနေ သော ပစ္စည်းများကို တွေ့ရတော့မည် မဟုတ်ချေ။ ရွှေကျောင်း ပြောင်ပြောင် ဝမ်းခေါင်ခေါင်လည်း ရှိတော့မည် မဟုတ်ပေ။ အပို အလျှံ မထားဘဲ သုံးစွဲလောက်ရုံသာ ထား၍ ဆိုင်ရာကိစ္စ၌ကြိုး စားနေတော်မူကြသော သံဃာတော်များကို စိတ်ကောင်းရှိသူမှန်လျှင်

မည်သည့် ဘာသာဝင်မျှ မျက်မုန်း ကျိုးကြလိမ့်မည်လည်း မထင်။ ထိုကဲ့သို့ ဗုဒ္ဓအမိန့်တော်အရ အတိုင်းအရှည် ပမာဏကို မသိကြ, ရသမျှနှင့် ရောင့်ရဲ တင်းတိမ်မှုကိုလည်း ဂရုမပြုကြဘဲ ခမ်းနားကြီးကျယ် ထယ်ထယ်ဝါဝါနှင့် အရာရာမှာ လူကုန်တန်များလို သုံးစွဲစားသောက် နေထိုင်ကြပါမူကား ဗုဒ္ဓရှင်တော်မြတ်လည်း ကျေနပ်တော်မမူ။ နောင်လာမည့် လူတို့၏ ပြုစုရှိခိုးမှုကိုလည်း ခံယူကာမကြာမီ ဗုဒ္ဓသာသနာတော် အရှိန်သည် မှေးမှိန်ဘို့သာ ဖြစ်ရပါတော့မည်။

၃။ ဗုဒ္ဓမြတ်စွာသည် သီလပြည့်စုံမှုမှ စ၍ ရသမျှနှင့် မျှတရောင့်ရဲနေပုံကို ပြတော်မူပြီးနောက် ထို ရဟန်း၏ ကမ္မဋ္ဌာန်းအားထုတ်ဘို့ရာ ဆိတ်ငြိမ်သော ကျောင်းများကို ပြတော်မူ၏။ ဆိတ်ငြိမ်သောနေရာသည် စိတ်တည်ကြည်မှု သမာဓိကို တိုးပွါးစေ၏။ တည်ကြည်သော သမာဓိသည် အသိဉာဏ်ကို တိုးပွါးစေ၏။ သို့ဖြစ်လျှင် စာပေသင်ကြားမှု ပရိယတ်အလုပ်သည်လည်း အသိဉာဏ် တိုးပွါးအောင် ကြိုးစားရသော အလုပ်ဖြစ်ရကား ထိုဉာဏ်၏ အခြေခံဖြစ်သော သမာဓိရဘို့ရာ အနာဂတ် စာသင်တိုက်ဟူသမျှ မြို့ရွာနှင့် ဝေးကွာ၍ ဆိတ်ငြိမ်သော နေရာ၌ တည်ထောင်သင့်ကြောင်း မှတ်ချက်တခု ယူထားသင့်ကြပေသည်။ ကမ္မဋ္ဌာန်းတိုက်များ အတွက်မှာကား ဗုဒ္ဓကိုယ်တော်တိုင်ပင် တိတ်ဆိတ်သော နေရာများကို ညွှန်ပြတော်မူပြီး ဖြစ်လေသည်။

(၄) ထိုသို့ ကမ္မဋ္ဌာန်းကျောင်း နေရာများကို ညွှန်ပြတော်မူပြီးနောက် ထိုရဟန်း၏ နီဝရဏ ၅-ပါးမှ စိတ်ကိုသုတ်သင်ပုံ, လောကီစျာန်ရပုံ, ရဟန္တာဖြစ်ပုံ ဤအလုံးစုံ ပြတော်မူကာ သာမညဖလ=ရဟန်းပြုရခြင်း၏ အကျိုးကို ဟောပြတော်မူလေရာ အဇာတသတ်မင်းလည်း အကြိမ်ကြိမ်သာဓုခေါ်လျက် နှစ်သက်ဝမ်းမြောက်စွာ ဗုဒ္ဓသာသနာတော်ကို ပုထုဇဉ်ဘဝတွင် နိုင်းယှဉ်ဘွယ်မရအောင် ကြည်ညိုသွားလေသည်။

၅။ ဤ သာမညဖလသုတ္တန် မြန်မာပြန်ကို ဖတ်ရှုရသော ဆရာတော်သံဃာတော်များနှင့် သာသနာပြုလိုသော ဒါယကာ ဒါယိကာမ

တို့လည်း ဗုဒ္ဓသာသနာတော်ကို မိရိုးဘလာ ပြုစုကိုးကွယ်နေရုံမျှဖြင့် အားရတင်းတိမ်၍ မနေကြဘဲ "မနုဿတ္တဒုလ္လဘ" ဟု အသိအမှတ်ပြုကာ လွန်စွာ ရခဲလှသော ဤလူ့ဘဝတွင် သာ၍ ကြုံကြိုက်ခဲသော သာသနာတော်ကို ကြုံကြိုက်ရကျိုး နပ်လေအောင် ကောင်းသည်ထက် ကောင်းသော သာသနာတော်ကို တည်ထောင်နိုင်ကြပါစေ။

ထိုသို့တိုက်တွန်းသင့်ပါသည်။ ဘုန်းကြီးတို့တစုသည် ယခုလို ဘဝ၌ စိတ်ကောင်းနှလုံးကောင်း ထား၍ သာသနာတော်ကို ပြုစု ချီးမြှောက်ထောက်ပံ့နိုင်ကြပါလျှင် သာသနာ ပြုစုရသော ဥာဏ် ဝီရိယနှင့် ယှဉ်သော ကုသိုလ်ဇောစေတနာတွေသည် ယခု ဘဝမှာ ဖြစ်စေ၊ ဒုတိယဘဝမှ စ၍ဖြစ်စေ မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်လောက်အောင် ကေန် အထောက်အပံ့ကြီး ဖြစ်နိုင်ပါပေသည်။ ထို့ကြောင့်--

ပက္ခိနံ ဒွေယမာနံဝ၊ ဥဏ္ဏာတောနတ အာဂတံ။
သာသနံ ပဂ္ဂဏှေယျာထ၊ သာဓူဟိ သမမန္တိယ။

ပက္ခိနံ၊ ငှက်အပေါင်းတို့၏။ ဒွေယမာနံဝ၊ နိမ့်တုံ မြင့်တုံ ပျံသွားပုံကဲ့သို့။ ဥဏ္ဏာတောနတအာဂတံ၊ ပြုပြင်သူမျှား ရှိ-မဲ့ အားကြောင့် ထက်ဖျားတိုင်တင့် မြင့်တုံ နိမ့်တုံ အဖုံဖုံ အဆက်ဆက် ဖြစ်ပျက်၍လာခဲ့ရသော။ သာသနံ၊ ယခုခေတ်တွင် မပြုပြင်သော် အစဉ်နိမ့်ကျ ဖြစ်ပုံရသည့် မြန်မာ့တိုင်းပျော် သာသနာတော်ကြီးကို။ သာဓူဟိ၊ သာသနာဝန် အားသွန်ကြိုးပမ်း ထမ်းဘို့ရည်ရော် ဆရာတော်တို့နှင့်။ သမမန္တိယ၊ ရက် လ ရှည်ကြာ ညီတညာဖြင့် ကြည်စွာသဘော စောကြော စိုင်းပြင်တိုင်ပင်ဆွေးနွေးပြီး၍။ ပဂ္ဂဏှေယျာထ၊ စွမ်းအားရှိသလောက် အားကုန်ထောက်သဖြင့် မြှောက်ပင့်လိုက်ကြပါကုန်လော့။

## သာမညဖလသုတ် မြန်မာပြန်ပြီး၏။

# နှစ်သက်ရွှင်လန်းနိုင်ပါစေ

ဆရာတော်၏ ကျမ်းစာများကို နိုင်ငံတော်နှင့် သာသနာတော်တွင် အရှည်သဖြင့် အကျိုးပြု တည်တံ့နိုင်အောင် နာယကဆရာတော်များ၏ ညွှန်ကြားချက်အရ ကျမ်းစာအုပ်များ အဆင့်အတန်းမြင့်၍ အရှည် ခိုင်ခံ့နိုင်အောင် စာရွက်ကောင်းများဖြင့်သာရိုက်နှိပ်၍ အားလုံးရိုက်နှိပ် သမျှ ကျမ်းစာ များကိုလည်း သိချုပ် ချုပ်၍သာ ဖြန့်ချီမည် ဖြစ်ပါသည်။

စာရွက်ကောင်းခြင်း, သိချုပ် - ချုပ်ရခြင်းတို့ကြောင့် ကျမ်းစာများ စရိတ်မှာ သာမန်စာအုပ်များထက် ဈေးပိုကျပါသည်။ သို့သော် ယခုခေတ် သာမန်စာအုပ် ဈေးများထက် သက်သာသောဈေးနှုန်းဖြင့် ရောင်းနိုင် အောင် စီစဉ်ကြပါသည်။

ကျမ်းစာများမှာ ထုတ်ဝေသောအခါ အချိန်မကြာမြင့်မီ ကုန်သွား တတ်ပါသဖြင့် ဝယ်မရ၍ ဈေးနှုန်းများနေသော ကျမ်းစာများကို ဦးစားပေး၍ အမြန်ရိုက်နှိပ်နေပါသည်။

ယခု ဝါခေါင်လမှစ၍ တအုပ်ပြီးတအုပ် ထွက်ပေါ်လာပါလိမ့်မည်။

**"တစုံ" "တယောက်"၊ ချမ်းသာရောက်ဘို့၊**<br>
**ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး။**<br>
**ငါတို့ဆရာ၊ ထေရ်မဟာ၏၊**<br>
**ဘာသာကျမ်းများ၊ စဉ်ပြန့်ပွါး၍၊**<br>
**မြတ်ဖျား(ဘုရား) သာသနာ၊ ခွန့်ရှည်ကြာလျက်၊**<br>
**မြန်မာကောင်းကျိုး၊ အစဉ်တိုးအောင်၊**<br>
**အားကြိုးမာန်တက်၊ တို့ဆောင်ရွက်သည်၊**<br>
**နှစ်သက်ရွှင်လန်း နိုင်ပါစေ။**

၁။ အနာဂတ် သာသနာတော်အတွက် ဗုဒ္ဓဘာသာ သင်ခန်းစာ (ထွက်ပြီ)၊ ၂။ ရတနာ့ဂုဏ်ရည် အထူးထုတ် (ထွက်ပြီ)၊ ၃။ ရုပ်ပုံ ရှင်ကျင့်ဝတ်၊ ၄။ ပါတိမောက်ဘာသာဋီကာ၊ ၅။ ဗုဒ္ဓါနုဿတိဘာဝနာ၊ ပြဟ္မဇာလသုတ်၊ သာမညဖလသုတ် မြန်မာပြန် ၃ - အုပ်တွဲ ထွက်ပြီ။ ၆။ သင်္ဂြိုဟ်ဘာသာဋီကာ၊ ၇။ အဌကထာ အခြေပြု၊ ၈။ ရူပသိဒ္ဓိ